www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



၁၉၇၉ ခုနှစ်၊ ဇူလိုင်လ၊ ၁၅ ရက်နေ့တွင် စတင်ထုတ်ဝေသည်

**ဝင်းငြိမ်း** စီစဉ်တည်းဖြတ်သည့်

# ချယ်ရီ

ရုပ်စုံမဂ္ဂဇင်း

အမှတ် ၃၃၀ ဧပြီ ၂၀၁၇

တာဝန်ခံစာတည်း

မျိုးမြင့်ညိမ်း

စာတည်း

လင်းနိုင်ဦး

အမှုဆောင်စာတည်း

မသီတာ

ရှေ့ပန်းချီ

ဇော်ဝင်း

(ငှက်ပျောသီး)

ဆန်နီညိမ်း

စေညွန့်ဝေ

မုတ်သုံ၊ ထင်ထွဋ်ဆင်း

မြင့်မောင်ကျော်

မျိုးမြင့်

လှမြင့်ဆွေ

လင်းဝဏ္ဏ

ဝင်းတင့်

ဒေါင်းနီ

စိုးအောင်

အောင်ကျော်

ဇော်သက်ကျော်

ထွန်းအိ

စိုးမောင်တာ

Win Ezudia

မျက်နှာဖုံးဓာတ်ပုံ

ကိုဝင်း(Studio K)

ဓာတ်ပုံ

ကိုဝင်း(Studio K)

လင်းနိုင်ဦး

ရှေ့ဆိုင်း နိုင်လင်းထွန်း၊ ကြိုးစိုးပိုင်

ရှေ့စာစီစာရိုက် စိမ်းလွန်း၊ မိုးမိုးမြင့်

ဆာမြင့် ကျော်ဆိုဝင်း

www.burmeseclassic.com

www.burmeseclassic.com




ရွှေမင်းသား၊ ရွှေမင်းသမီး

၄။ ခင်လေးမြင့်

အကောင်းမြင်တဲ့စိတ်နဲ့ပဲ

ဖြတ်သန်းတယ်

One Minute Interview

၁၂။ မနီးသူ

သားညီ

G-Fatt

ခင်ဝင့်ဝါ

ပွင့်သီရိဇော်

အင်တာဗျူး

၃၄။ လင်းနိုင်ဦး

မြန်ခြင်း၊ မမြန်ခြင်းဟာ

ကိုယ့်ရဲ့အလုပ်လုပ်ခြင်း

အပေါ်မှာပဲ မူတည်တယ်

၄၀။ မနီးသူ

မရပ်တန့်ဘဲ

ကြိုးစားချင်တယ်

ရွှေရုပ်ရှင်

၅၄။ လင်းနိုင်ဦး

ဝက်ဝက်ကွဲအောင်ပွင့်

၅၅။ မနီးသူ

လေဒီဒိန်းဂျားများနှင့်

တွေ့ဆုံခြင်း

ဖူးငုံပွင့်သစ်

၂၆။ မနီးသူ

Facebook ပေါ်ကတစ်ဆင့်

အိပ်မက်အကောင်အထည်

၃၀။ မနီးသူ

အရိုးထဲထိစွဲခဲ့တဲ့

ဂီတနဲ့ ချောငယ်

လူမှုဝန်းကျင်

၂၀။ လင်းနိုင်ဦး

ပိုင်းနှစ်ပိုင်း၊ စင်နှစ်စင်နဲ့

ပျော်ဖြေခဲ့တဲ့ နီနီခင်ဇော်

နိုင်ငံတကာစာမျက်နှာ

ဇာနည်ညီမ်း ၅၀။

အတွဲညီခဲ့တဲ့

သရုပ်ဆောင်နှစ်ဦးရဲ့

နောက်ဆုံး ဆုံစည်းမှု

ရာပြည့် ၆၀။

Mayte Garcia

ပြောတဲ့ အလွမ်းပုံပြင်

ရွှေဝတ္ထု

ကြူးနှစ် ၈၂။

ကျောနံ့ပါတ် ရှစ်

ခံပယ်ဖြူနေ ၉၆။

စိတ်အနှင် လေအလွင့်

မွန်းဗြူး ၁၂၂။

အချစ်လား...

အပြင်မထွက်ရ

ရေနေအေး ၁၂၀။

သေဆုံးခြင်း

ကြယ်ဖျွမ်း ၁၃၄။

တစ်ခါက သတို့သား

ယုယ ၁၄၀။

ဖြစ်ရပ်မှန်

စုံထောက်ဇာတ်လမ်း

ကိုကောင်းဒေဝါ ၁၄၄။

ကျော်သည်

ရစ်နွယ်တတ်ရိုး

ရက္ခမျိုးသည်

မောင်သစ်ကျိုး ၁၈၀။

ထစ်ချုန်းကြိုး

ယုမြင့်အောင် ၂၀၀။

ကောင်ကျယ်

ကောင်းကင်က လ

မြေပြင်က လ

ဇော်ဇော်အောင် ၂၀၆။

နှစ်ကိုယ်ခွဲလိပ်ပြာ

ရွှေနှလုံးသား

ပျပျမ်းနေ ၅၀။

လိပ်ပြာ ကပွဲ

ရေဒီယိုပြဇာတ်

၁၀၄။ နုနုရည်အင်းဝ

ငမိုးနှင့် အိုး

ရွှေဝတ္ထုရှည်စ/ဆုံး

၁၂၂။ နန်းဒေဝါမြင့်

စံချစ်သူ

၃၀၀။ နုနုမိုး...

တောင့်ကျဉ်းထဲက...

အနုစကြာ...


www.burmeseclassic.com

www.burmeseclassic.com

# ရွှေအမြုတေ

ရုပ်စုံမဂ္ဂဇင်း

အမှတ်၃၃၀၊ မေ၊ ၂၀၁၇

ဝင်းငြိမ်း စိစစ်တည်းဖြတ်သည်


ရွှေဝတ္ထုများကို
ပြန်လည်တူးဖော်ခြင်း
၁၁၂။ ရွှေဥဒေါင်း
မောင်သိန်းတင် မသိန်းရှင်

ဘာသာပြန်
အခန်းဆက်ဝတ္ထုရှည်
၂၃၀။ ပြေးဆေး-၂၊
ပင်လယ်နှင့် အဆိပ်

ရွှေအသစ်
........................ ၂၁၆။
........................ ၂၂၄။

အက်ဆေးအကြောင်း
အက်ဆေး
မောင်ရင့်မာ ၁၄၀။
(ကျောင်းကုန်း)

လရောင်ရွှန်းမြတဲ့
ညကလေးတွေ
ရသစာတမ်း
နေဝင်းမြင့် ၁၄၆။

ဒစ်စ်တော်ရှင်း(Distortion)
ရွှေသုတ
သင့်အေးမိုး ၅၆။

ဝမ်တိန်အသွားလမ်းကို
ခံစား၊ ဝေဖန်ခြင်း
မောင်သန်းဆွေ(ထားဝယ်) ၉၀။

ကုန်းဘောင်ဆက်မှ
ဟန်းတောင်းမြို့စားမင်းသမီး
မိဖုရားလေးပါးရှင်းတမ်း
ငြိမ်းမင်း ၁၆၂။

ရသစိုက်ပျိုးရေးစာတမ်း
ဦးအောင်မော(ကသာ) ၁၈၆။


ဇွစာရေး…


အယ်ဒီတာအဖွဲ့-တိုက်(၁၇)၊ အခန်း (၄-၀၁)၊
၅၂ လမ်း (အောက်ဘလောက်)၊ ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်။ ဖုန်း-၀၁-၂၉၀၁၅၀၁
E.mail: nyeinfamily@gmail.com
မျက်နှာဖုံးနှင့် မျက်နှာဖုံးဝင် ဝတ္ထုများ ပုံနှိပ်ခြင်း
ထုတ်ဝေသူ - ဒေါ်ချို(၁)…
E-mail : zabutalu@gmail.com
Available at : Wun Zinn




www.burmeseclassic.com







# အကောင်းမြင်တဲ့ စိတ်နဲ့ပဲ ဖြတ်သန်းတယ်

ခင်လေးမြင့်

ဓာတ်ပုံ- ကိုလင်း(Studio-K)

အနုပညာအလုပ် ဖြစ်တဲ့ သရုပ်ဆောင်နဲ့ ဂီတအလုပ်ကို မလုပ်ဘဲ နှင်းဆီအဖွဲ့နဲ့ အငြိမ့်ဖျော်ဖြေရေးတွေကိုပဲ လုပ်ဖြစ်နေရာကနေ **အုတ်ကြားမြက်ပေါက်** ရုပ်ရှင်ဓာတ်ကား ရိုက်ကူးရေးနဲ့ ရိုက်ကူးရေးတွေကို ထွန်းထွန်းက ပြန်လည်လုပ်ဆောင် ဖြစ်ခဲ့တာပါ။ ဓာတ်ကား ရိုက်ကူးရေးတွေ ပြန်လည်စတင်ဖြစ်တဲ့

**အုတ်ကြားမြက်ပေါက်** ရုပ်ရှင်ဓာတ်ကားနဲ့ အကောင်းဆုံး သရုပ်ဆောင်ဆုကို ရရှိခဲ့တာကလည်း ထွန်းထွန်းအတွက် အမှတ်တရ တစ်ခုလည်းဖြစ်ပါတယ်။ ၂၀၁၆-၂၀၁၇ ခုနှစ်တွေမှာ ရိုက်ကူးရေးတွေ ဆက်တိုက်လုပ်ဖြစ်လာတဲ့ ထွန်းထွန်းဆိုတဲ့ နာမည်ရှေ့မှာ အကယ်ဒမီဆိုတဲ့စာလုံးထပ်တိုးလာတဲ့ ထွန်းထွန်းကို မန္တလေးမှာလုပ်တဲ့ Back to Millenium ဖျော်ဖြေပွဲမသွားခင် တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။

**ထွန်းထွန်းဆိုတဲ့ နာမည်ရှေ့မှာ ဂုဏ်ပုဒ်တစ်ခု ထပ်တိုးသွားပြီဆိုတော့ ထပ်ပြီးကြိုးတင်ပြင်ဆင်ရမှာ ဘာတွေ ဖြစ်မလဲ။**

အကယ်ဒမီဆုကိုရတဲ့ အခါ အကယ်ဒမီဆိုတဲ့ ဂုဏ်ပုဒ်က ကျွန်တော့်ရှေ့မှာ ပါလာပြီ။ ဒီဟာနဲ့ပတ်သက်ပြီး ကျွန်တော့်မှာ တာဝန်ကြီးသွားပြီ။ တာဝန်ကတော့ နေ့တိုင်း ကြီးနေတာပါပဲ။ ပိုပြီး တာဝန်ကြီးသွားတာပေါ့။ အဲဒီတော့ ကြိုးစားရိုက်ကူးရမယ့် ဓာတ်ကားတွေ၊ အကယ်ဒမီ မရခင်က ဓာတ်ကားတွေလည်း ရုံတင်ရဦးမှာ။ ဘယ်လို ဖြစ်ဖြစ် အားလုံးအပေါ်မှာ အားထုတ်မှုအပြည့်နဲ့



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သေချာကြိုးစားထားတယ်။

**၂၀၁၅ ကနေ ၂၀၁၇ အခုအချိန်အထိ ထွန်းထွန်းအတွက် အပြောင်းအလဲများသော နှစ်တွေလို့ ပြောလို့ရမလား။**

ရပါတယ်။ အများကြီးပြောလို့ရပါတယ်။

**အဲဒီအပြောင်းအလဲတွေထဲကမှ ကောင်းသောပြောင်းလဲမှုနဲ့ ဆိုးသောပြောင်းလဲမှု ဘယ်ဘက်မှာ ပိုများတယ်လို့ပြောလို့ရမလဲ။**

ကောင်းသောပြောင်းလဲမှုပဲ များတာပါ။ ဆိုးတယ်ဆိုတာက ကျွန်တော်ကတော့ နိစ္စဓူဝ ကျွန်တော်ရွေးချယ်တဲ့ဘဝကို အကောင်းမြင်တဲ့စိတ်နဲ့ပဲ နိုးထတယ်။ အကောင်းမြင်တဲ့စိတ်နဲ့ပဲဖြတ်သန်းတယ်။ ဘယ်လိုပဲ အဆိုးတွေ ကြုံကြုံ အကောင်းမြင်တဲ့စိတ်နဲ့ပဲ ရအောင်နေတယ်။ တစ်ချိန်တုန်းက အဆိုးမြင်တဲ့ စိတ်တွေနဲ့ တစ်ယောက်တည်း ခွေခေါက်ခဲ့ဖူးတယ်။ အခုအချိန်မှာ၊ ဒီအသက်အရွယ်မှာ ရလာတဲ့ အခွင့်အရေးတိုင်းက အကောင်းဆုံးတွေချည်းပဲ။ အလုပ်အကိုင်တွေကို အကောင်းဆုံးဖြစ်အောင်လုပ်တယ်။ အခွင့်အရေးတွေကို အကောင်းဆုံးဖြစ်အောင် ယူတယ်။ အဲဒီတော့ အကောင်းပဲ မြင်တဲ့အတွက် ပြောင်းလဲမှုအားလုံးကလည်း ကျွန်တော့်အတွက် အကောင်းဆုံးတွေချည်းပဲ။



**လူတစ်ယောက်အတွက် အခွင့်အရေးက တစ်ကြိမ်ပဲလာနိုင်တယ်တဲ့၊ အဲဒီတစ်ကြိမ်ကို မိမိရရ ဆုပ်ကိုင်နိုင်ရမယ်လို့ ပြောကြတယ်။ ထွန်းထွန်းအတွက်ကရော။**

ကျွန်တော့်အတွက်ကတော့ လူတိုင်းပြောကြတာက ဘဝမှာ တစ်ခါအခွင့်အရေးရမယ်။ သိပ်ကောင်းရင် နှစ်ခါ၊ သုံးခါပေါ့။ ဆိုလိုချင်တာက ကျွန်တော့်အတွက်ကတော့ အရာအားလုံးက ကျွန်တော် တည်ဆောက်နေတဲ့ နေ့စဉ်ဘဝရဲ့ အစိတ်အပိုင်းတွေချည်းပဲ။ ကျွန်တော် တည်ဆောက်နေတဲ့ ဘဝတစ်ခုမှာ နေ့တိုင်းက အခွင့်အရေးတွေချည်းပဲ။ ကျွန်တော် ကြိုးစားခွင့်ရမယ့် Chance တွေချည်းပဲ။ မနက်နိုးလာပြီဆိုတာနဲ့ ဒီနေ့လုပ်ရမယ့် အလုပ်တွေကို ပြီးပြတ်အောင် လုပ်တယ်။ ကောင်းအောင် လုပ်တယ်။ အဲဒါတွေက ကျွန်တော့်ရဲ့ အခွင့်အရေးတွေချည်းပဲ။ အခွင့်အရေးတိုင်းကို နေ့တိုင်း ကြိုဆိုတယ်၊ လက်ခံတယ်။

**အခု အကယ်ဒမီရဲ့ 'အုတ်ကြားမြက်ပေါက်' ရုပ်ရှင်ဇာတ်ကားမှာ သရုပ်**



www.burmeseclassic.com

www.burmeseclassic.com

**ဆောင်ဖို့ နေမင်းက အတင်းခေါ်ခဲ့တာ။ အဲဒီအချိန်တွေက ထွန်းထွန်းရဲ့ စိတ်တွေကို လွှတ်ထားတဲ့အချိန်ဖြစ်တဲ့ အတွက် အလုပ်မလုပ်ခဲ့တဲ့ အချိန်တွေကို ပြန်ပြီး နှမြောတာမျိုးရှိဦးမလား။**

ကျွန်တော် မနှမြောပါဘူး။ မနှမြောဘူးဆိုတာက **ဘယ်လိုအကြောင်းတွေကြောင့် အချိန်တွေကို ကုန်ဆုံးစေခဲ့တာလို့ ပြောလို့ရမလဲ။**

အဓိက,ကတော့ မိသားစု တစ်ခုမှာ သားသမီးနဲ့မိဘ ပြဿနာလေးတွေက ရှိတတ်တယ်။ ကျွန်တော်လည်း လူထဲကလူဖြစ်တဲ့အတွက် မိဘနဲ့ ပြဿနာတွေ တက်ကြတယ်။ တွေရှိလို့ပေါ့။ မိသားစုနဲ့ ပြဿနာတွေတက်တယ်၊ အလုပ်ကို တောက်လျှောက် လုပ်လာတဲ့အချိန် ကျွန်တော့်မှာ နားရက်မရှိဘဲလုပ်တယ်။ အသက် ၂၅ နှစ် ၂၆ နှစ်မှာ ကျွန်တော် ထွက်ပေါက်ရှာတယ်။ ထွက်ပေါက်ရှာတာက ဘာလဲဆိုတော့ အိမ်နဲ့



ဆက်ရှိအချိန်မှာ ထပ်ပြီး မဟုတ်တာတွေလုပ်မိပြီး ပြန်းမိမှာကိုပဲ နှမြောတယ်။ အရင် ကုန်ခဲ့ပါတယ်ဆိုတဲ့ အချိန်တွေအတွက် နောင်တရခဲ့တာတွေလည်း မရှိဘူး။ နှမြောတာလည်း မရှိဘူး။ အားလုံး ကျေနပ်ပါတယ်။


**အဲဒီအချိန်တုန်းက** အမြင်မတူတာတွေပေါ့။ တချို့ကိစ္စတွေကျတော့လည်း မိသားစုကိစ္စဖြစ်တယ်။ မိဘနဲ့သားသမီးကိစ္စဖြစ်တဲ့အတွက်တော့ အကျယ်တဝင့် ရှင်းပြဖို့ခက်ခဲတယ်။ လောလောဆယ်မှာ တည်ငြိမ်ပြီး အလုပ်တွေ လုပ်ဖြစ်နေတာက အရင်က လှုပ်ခါယမ်းတဲ့ အတိတ်ကတောက်ကဆတ်လေးတွေဖြစ်တယ်။ ကျွန်တော်ကိုယ်တိုင် Study Hourနည်းလာတဲ့အတွက် အလုပ်ကို ပျင်းရိလာတာပါ။ အခု အဲဒီလိုအလုပ်ကို ထပ်လုပ်ရင်ရော အဲဒီလိုဖြစ်ဖို့ ရှိသေးလားဆိုတော့ မရှိတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ တစ်ချိန်က ဒီလိုမျိုး အလုပ်တွေကို ပင်ပင်ပန်းပန်းနဲ့လုပ်ပြီး ဘယ်လိုမျိုး Relax လုပ်ရမယ်ဆိုတာကို မသိလို့ ဒီလိုပြဿနာဖြစ်တာ။ ကိုယ့်ဘဝကို အမေတို့ လျှောက်လှမ်းခိုင်းခဲ့လို့ လျှောက်လှမ်းခဲ့ရတယ်။ အခုက ကိုယ့်ဘဝကိုယ်ကျောင်းရတယ်။ အဲဒီလို ကွာသွားတဲ့အတွက် ကျွန်တော့်ကိုယ်ကျွန်တော် ဒုက္ခရောက်အောင် မလုပ်တာသေချာတယ်။

**မိဘတွေက သားသမီးတွေကို ကောင်းတဲ့လမ်းကို လျှောက်စေချင်တာရှိပေမဲ့ ပြီးခဲ့တဲ့အချိန်က လူကြီးနဲ့လူငယ် အမြင် ဘယ်လိုတွေ ကွဲပြားခဲ့တာလို့ ပြောလို့ရမလဲ။**

မိဘကတော့ ဆင်စီးမြင်းရံတာကို လိုချင်တာပေါ့။ ဒါပေမဲ့ သားသမီးဖြစ်ချင်တာကို မိဘတွေက သိဖို့လိုတယ်။ ဥပမာ- ကျွန်တော် ၂၂ နှစ်လောက်ကတည်းက အိမ်ထောင်ပြုချင်တယ်လို့ ပြောဖူးတယ်။ တကယ် ယူဖြစ်တာ၊ မယူဖြစ်တာထက် အမေကလည်း အဲဒီအချိန်က စိတ်တွေပူပြီး တကယ်ယူမယ်ပဲထင်တယ်။ ကျွန်တော်ဆိုလိုတာက အရင်တုန်းက ရှုတင်ကို အမေက အမြဲလိုက်တယ်။ အခုအချိန်ဆိုရင် ဘယ်ရှုတင်ရောက်ရောက် အမေရောလို့ မေးကြတယ်။ အခုနောက်ပိုင်း အမေက လုံးဝမလိုက်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူ ယုံကြည်စိတ်ချသွားလို့။ ကိစ္စတစ်ခုကို ပြီးပြတ်အောင်၊ ပြီးမြောက်အောင် လုပ်နိုင်တဲ့အတွက် အမေက ကျွန်တော့်ကို လူကြီးတစ်ယောက်လို မြင်သွားအတွက်

www.burmeseclassic.com

ရော၊ အမေ့စိတ်ထဲမှာလည်း ငါ့သားက ကိစ္စတစ်ခုကို အောင်မြင်အောင် လုပ်နိုင်တယ်။ ငါမပါဘဲ သူ ဖြေရှင်းနိုင်တယ်လို့ ယုံကြည်သွားတဲ့အတွက် အမေက မလိုက်တော့တာ။ ကျွန်တော်က



တော့ အဲဒီလို ထင်တယ်။ ငယ်ငယ်တုန်းက ကျွန်တော် အဲဒီလိုမျိုး မလုပ်နိုင်သေးဘူး ထင်လို့ ကတောက်ကဆတ်ဖြစ်တာ။ ကျွန်တော်က အလုပ်ကို လုပ်ပြချင်တယ်။ အဲဒီလို အခြေအနေမျိုးတွေကို ကျော်ဖြတ်ခဲ့ရတာ။

**လွန်ခဲ့တဲ့ လေးနှစ်ကျော်က ဇာတ်ကားတွေ ဆက်တိုက် ရိုက်ဖြစ်တော့ ဇာတ်လမ်းကောင်းတွေကို သေသေချာချာ မရွေးချယ်နိုင်ဘူးလို့ ပြောလို့ရမလား။**

မရွေးချယ်နိုင်ဘူးဆိုတာထက် အကောင်းဆုံးဖြစ်အောင် ရွေးချယ်ခဲ့ပါတယ်။ ဒါပေမဲ့ စ,လုပ်ခါစလောက်ကလောက် ခွန်အားအပြည့် မထည့်နိုင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ Study Hour လိုတယ်။ ပြန်ပြီး လေ့လာ၊ မှတ်ယူ၊ လေ့ကျင့်ရမယ့်အချိန်၊ ပြန်ပြီး စုရမယ့်အချိန်လိုတယ်။ အဲဒီအချိန်တုန်းက ကျွန်တော့်မှာ လုံးဝ မရှိခဲ့ဘူး။ ပြီးခဲ့တဲ့ လေးနှစ်လုံး ၂၀၀၉၊ ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂ လေးနှစ်လုံးလုံး ဒီအလုပ်တွေ လုံးဝ မလုပ်ဘူး။ အငြိမ့်တစ်ခုပဲ က,တယ်။ ဒီကြားထဲမှာ ရုံကြီးကားတွေ၊ DVD တွေ လောက်ပဲရိုက်တယ်။ ဗီဒီယို လုံးဝ မရိုက်ဘူး။ အဲဒီအချိန်တွေမှာ လေ့လာဖြစ်တယ်။ လူတွေရဲ့ သဘော သဘာဝတွေကို နားလည်လာတယ်။ လောကကြီးကို နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်ပစ်တယ်။ အနိမ့်အမြင့်၊ အတက်အကျ အများကြီးကို ကျွန်တော် ခံစားရတယ်။ လူတွေရဲ့စိတ်သဘောသဘာဝကိုလည်း နားလည်လာတယ်။ ဘယ်သူ့ကိုမှလည်းအပြစ်မတင်ဘူး။ ကျွန်တော် အဲဒီအချိန်တွေကို အရမ်းကျေနပ်တယ်။

**အဲဒီအချိန်တုန်းက ကြိုက်တာ၊ မကြိုက်တာ၊ ကောင်းတာ၊ မကောင်းတာတွေကို အများဆုံး ဝေဖန်ခံရတော့ အခုအချိန်မှာ အဲဒါတွေကိုကြည့်ပြီး ပြန်ပြင်ဆင်လို့ရလား။**

အဓိက,ကတော့ ကိုယ့်စိတ်ထားတတ်ဖို့ပါပဲ။ ဥပမာ- အနီရောင်က အနီရောင်ပဲ၊ အမည်းရောင်က အမည်းရောင်ပဲ။ ကိုယ့်က အဲဒါတွေနဲ့ ပတ်သက်ချင်မှသာ သွားပတ်သက်လို့ရတာ။ ကိုယ့်ကို လာပတ်သက်ရင်လည်း ကိုယ့်ဘက်က ခွင့်ပြုမှသာ ဝင်ခွင့်ရှိတာ။ သူ့စည်း၊ ကိုယ့်စည်းပေါ့။ အဲဒီတော့ ကိုယ့်အပေါ် ကောင်းတဲ့သူပဲဖြစ်ဖြစ်၊ ဆိုးတဲ့သူပဲဖြစ်ဖြစ် ကိုယ့်အပေါ်ပဲ မူတည်တာပါ။ ကိုယ် ပါဝင်ပတ်သက်မှုအရ ကောင်းတာပဲဖြစ်ဖြစ်၊ ဆိုးတာပဲဖြစ်ဖြစ် ကျွန်တော့်အတွက် သင်ခန်းစာတွေချည်းပါပဲ။

**အခုမှာလည်း ထွန်းထွန်းက ထုတ်လုပ်ရေးတွေနဲ့ ဇာတ်ကားစာချုပ်ချုပ်ထားတာဆိုတော့ အရင်အချိန်ကလို ဇာတ်ကားတွေ ဆက်တိုက်ရိုက်နဲ့ ရွေးချယ်ခွင့်တွေ မရမှာစိုးတာတွေ ရှိကြတယ်။ အဲဒါတွေကိုရော ထွန်းထွန်းက ဘယ်လိုခွဲခြားလုပ်ဆောင်မလဲ။**

သေချာတာကတော့ တစ်လကိုတစ်ကား၊ များရင် နှစ်ကား ဒီလောက်ပါပဲ။ တစ်လမှာ ရက် ၃၀ ပဲရှိတာ။ တစ်ကားကို ရက် ၂၀ လောက်ရိုက်ချင်တာဆိုတော့ တစ်လကို တစ်ကား၊ နှစ်ကားက အလွန်ဆုံးပဲ။ အဲဒီလိုပဲ သွားမှာပါ။ ကြားထဲမှာလည်း ကျန်တဲ့အလုပ်တွေကို အချိန်ဟပြီး ချိန်ဆပြီးလုပ်သွားမှာပေါ့။ သေချာတာတစ်ခုကတော့ အရင်ကလို ကားရိုက်တွေ အများကြီး မလုပ်ဘူး။ ဥပမာ- အခုဆိုရင် စာချုပ်တိုက်တွေရှိတော့ သေချာတာက ဗီဒီယိုကားတွေရိုက်ဖို့ အဆင်မပြေဘူး။ အဲဒီတော့ ဗီဒီယိုကားတွေ မြင်ရမှာ မဟုတ်ဘူး။ ရုပ်ရှင်ကားကြီး ရိုက်ကူးရေးတွေနဲ့ပဲ အချိန်ကုန် သွားမယ်။ အရင်ကလို သတ်မှတ်ကြတာပဲဖြစ်ဖြစ်၊ ဝေဖန်



www.burmeseclassic.com

www.burmeseclassic.com



လူတွေရဲ့
သဘော
သဘာဝတွေကို
နားလည်လာတယ်
လောကကြီးကို
နဖူးတွေ့ ဒူးတွေ့
ရင်ဆိုင်ပစ်တယ်
အနိမ့်အမြင့်
အတက်အကျ
အများကြီးကို
ကျွန်တော်
ခံစားရတယ်
လူတွေရဲ့
စိတ်သဘော
သဘာဝကိုလည်း
နားလည်လာတယ်
ဘယ်သူ့ကိုမှလည်း
အပြစ်မတင်ဘူး
ကျွန်တော်
အဲဒီ
အချိန်တွေကို
အရမ်း
ကျေနပ်တယ်

ကြတာပဲဖြစ်ဖြစ် မှားခဲ့တဲ့ အမှားမျိုးသည် အလားသဏ္ဍာန် တူတဲ့ အမှားမျိုး ထပ်မှားမှာ မဟုတ်တဲ့အတွက် စိတ်မပူကြပါနဲ့လို့ ပြောချင်ပါတယ်။

**ကားရိုက်၊ သီချင်းဆိုနဲ့ အခြားအလုပ်ကိစ္စတွေကို ထွန်းထွန်းရဲ့ မေမေ အကူအညီမပါဘဲ ထွန်းထွန်းတစ်ယောက်တည်းကပဲ ဆုံးဖြတ်နေပြီလား။**

ကျွန်တော်ကိုယ်တိုင်ပဲ ဆုံးဖြတ်တယ်။ ၂၀၁၂ နောက်ပိုင်းမှာကတည်းက အရာအားလုံး ကျွန်တော်ကိုယ်တိုင်ပဲ ဆုံးဖြတ်တယ်။ အမေ့ကို အကြံဉာဏ်တောင်းတာတွေ၊ မေးတာတွေရှိမှ အမေက ပြောတယ်။ ကျန်တာတော့ ကျွန်တော်ကိုယ်တိုင်ပဲ ဆုံးဖြတ်တယ်။

**ထွန်းထွန်းကိုယ်တိုင်ကရော ကိုယ်တိုင် ဆုံးဖြတ်ခဲ့၊ လုပ်ဆောင်ခဲ့တာတွေက မှန်ကန်တယ်လို့ ပြောလို့ရမလား။**

ကိုယ်ဖြစ်ကိုယ်ခံ၊ ကိုယ်ကောင်းကိုယ်စံပေါ့။ အဲဒီတော့ ကျွန်တော်ကတော့ နိစ္စဓူဝ ဖြတ်သန်းနေတဲ့ Life ကတော့ ဘာမဆို အကောင်းဆုံး ရင်ဆိုင်တယ်။ အကောင်းဆုံး လုပ်တယ်။ မှားသွားရင်လည်း ခံပေါ့၊ ကောင်းရင်လည်း စံပေါ့။ အကောင်းဆုံး ပေးဆပ်တယ်။

**အရင်ကတည်းက လက်တွဲလာတဲ့ Examplez အဖွဲ့က အခုအချိန်မှာလည်း ပွဲတွေ ပြန်ဆိုဖြစ်နေတော့ စီးရီးထုတ်ဖို့ရော စီစဉ်ထားသေးလား။**

အဲဒါကတော့ ဟိုကော

www.burmeseclassic.com

www.burmeseclassic.com

ကွေ့သွားအောင်ပဲ။ ကျွန်တော်က တော့ အချိန်ပေးရင် ပေးလို့ရ တယ်။ ကျွန်တော် အချိန်ပေး တာကို မကျေနပ်တဲ့ ဒီလောက် ပဲ ရလားဆိုရင်တော့ ဖြစ်မှာ မဟုတ်ဘူး။ အကုန်လုံးက စုစုစည်းစည်းနဲ့ လုပ်မှဖြစ်မှာ။ တစ်ယောက်က ထ,ဖောက်ပြီ ဆိုရင် ဘယ်လိုမှ အဆင်မပြေ ဘူး။ တစ်ယောက်ကနားလည်၊ တစ်ယောက်ကနားမလည်ဆိုရင်တော့ ဖြစ်မှာ မဟုတ်ဘူး။ Examplez နဲ့ ပတ်သက်လာရင် ဘာမှ မရှိ ဘူးကွာဆိုတဲ့စိတ်ထား၊ မင်း မှာလည်း အလုပ်ရှိတယ်၊ ငါ့ မှာလည်း အလုပ်ရှိတယ် ဆို တာက အဆင်မပြေဘူး။ Examplez နဲ့ ပတ်သက်ရင် ဘာမှမရှိဘူး။ အိုကေ လုပ် မယ်၊ မင်းတို့ ဒီအချိန်မအား ဘူး။ ငါတို့ကတော့ ဒီအချိန် မအားဘူး။ နားလည်ပေးပါ ကွာဆိုပြီး အဲဒီလိုသွားမှ ရမှာ။ အဲဒီလိုမဟုတ်ဘဲ မင်း တို့အားတဲ့အချိန်၊ ငါအားတဲ့ အချိန်နဲ့ဆိုရင် အဲဒီအခွေက ဖြစ်လာမှာ မဟုတ်ဘူး။ အဲဒါ ကြောင့်လည်း အဲဒီအခွေက အခုအချိန်ထိ ဖြစ်မလာတာ။ သေချာတာတစ်ခုကတော့ ကျွန်တော့်ဘက်က လုံးဝ မဖြစ်ဘူး။ ကျန်တဲ့သုံး ယောက်ကတော့ မသိဘူး။



**တချို့က ထွန်းထွန်းက အရင်အချိန်မှာ ဇာတ်ကား တွေ ဆက်တိုက်ရိုက်ဖြစ်နေလို့ စီးရီးသစ် မထွက်ဖြစ်တာလို့ ဆိုကြတယ်။**

မဆိုင်ပါဘူး။ ဘယ်လို ပြောမလဲ။ Examplez မှာ ကျွန်တော်က ဦးဆောင်သူ လား၊ ဦးဆောင်သူဆိုရင် တော့ ကျွန်တော့်အမှားပေါ့။ Examplez မှာ ဦးဆောင်သူ ဘယ်သူမှ ဦးဆောင်သူမရှိ ဘူးဆိုတဲ့ သတ်မှတ်ချက်ရှိတဲ့ အတွက် ကျန်တဲ့သူတွေက ကျွန်တော်မရှိလည်း ဦးဆောင် ကြပေါ့။ ဒါပဲ ကျွန်တော်ပြော စရာရှိတယ်။

**အခု Show ပြန်ဆိုတော့ ရော တော်တော်လေး စုစည်း လိုက်ရတာလား။**

ဒါက တခြားသူလုပ် တဲ့ပွဲဖြစ်တဲ့အတွက် Organizer ရှိတဲ့အတွက် ကျွန်တော်တို့ စိတ်မပင်ပန်းရဘူး။ ကိုယ့် ဟာကိုယ်လုပ်တဲ့ဟာဆိုရင် တော့ စိတ်ပင်ပန်းရမယ်။

**အခွေ့ အတွက် Organizer တစ်ယောက် ယောက် ရှိမယ်ဆိုရင် Examplez အခွေ တစ်ခွေ**



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာနိုင်မယ်လို့ ပြောလို့ရမလား။

၅၀ ရာခိုင်နှုန်းလောက်တော့ ပြောလို့ရပါတယ်။

ဟိုးအရင်အချိန်တွေတုန်းက တွန်းအားတွေပေး၊ ခွန်အားတွေပေးခဲ့တဲ့ ပရိသတ်များ၊ Fans များကြောင့် နားခဲ့တဲ့ အချိန်တွေထဲကနေ ပြန်ထွက်လာပြီး ဇာတ်ကားတွေကို ထွန်းထွန်းက ရိုက်ကူးခဲ့တာဖြစ်ပါတယ်။ "ဒီအချိန်မှာ အကယ်ဒမီရခဲ့တာက ပရိသတ်တွေကြောင့် ကြိုးစားလို့ရခဲ့တဲ့ဆု၊ ပရိသတ်တွေကြောင့် ကြိုးစားခဲ့တဲ့အတွက် အသိုင်းအဝိုင်းကောင်း၊ လုပ်ဖော်ကိုင်ဖက်တွေရဲ့ ယုံကြည်မှုတွေ ပြန်ရတဲ့ဆုအဖြစ် သတ်မှတ်တယ်။ အဲဒီလိုပဲ ကျွန်တော့်အပေါ် မျှော်လင့်ထားပါ၊ ကျွန်တော် အများကြီး ကြိုးစားဦးမယ်" လို့ ထွန်းထွန်းက ဆိုပါတယ်။

ထွန်းထွန်းက အကယ်ဒမီပေးပွဲပြီး နောက်ရက် ဘန်ကောက်မှာ ဒါရိုက်တာစတီးလ်(ဒွေးမေတ္တာ)နဲ့ ရုပ်ရှင်ကားရဲ့ ဇာတ်ဝင်ခန်းအချို့တွေ သွားရောက်ရိုက်ကူးခဲ့တာပါ။ ဘန်ကောက်မှာ ရုပ်ရှင်ရိုက်ရင်း ရွှေအမြုတေမဂ္ဂဇင်း မျက်နှာဖုံးဓာတ်ပုံများကို ကိုလင်း(Studio-K) က ရိုက်ကူးပေးခဲ့တာပါ။ မရတဲ့အချိန်တို အတွင်းမှာ ရသလောက် အချိန်လုပြီး အကောင်းဆုံးဖြစ်အောင် ရိုက်ကူးပေးတဲ့ ထွန်းထွန်းနဲ့ ကိုလင်း(Studio-K)တို့ကို ကျေးဇူးအထူးတင်ရှိကြောင်း ဆိုပါရစေ။ ■

ခင်လေးမြင့်



www.burmeseclassic.com

www.burmeseclassic.com



# One Minute Interview

# ဟာသကြောက်တဲ့ ဒါရိုက်တာသားညီနဲ့ ဟာသ Mini Series

**မနိုးသူ**

ဒါရိုက်တာ သားညီက ယခုရက်ပိုင်းအတွင်းမှာပင် Media 7 အတွက် **ပက်ပက်စက်စက်ညို့** ရုပ်ရှင်ဇာတ်ကားကြီး ရိုက်ကူးပေးခဲ့ပြီးနောက် Online Mini Series အတွက်ပါ ရိုက်ကူးရန် လက်ခံ၍ စတင်ရိုက်ကူးနေပြီဖြစ်သည်။ ဒါရိုက်တာ သားညီအတွက် ပထမဆုံး Mini Series, Media 7 အတွက်လည်း ပထမဆုံး Online Series ဖြစ်သလို မြန်မာနိုင်ငံအနေနှင့်လည်း Online Page တွင် ပထမဆုံး ဖြန့်ချိမည့် Mini Series လည်းဖြစ်သည်။ ဒါရိုက်တာ သားညီအတွက် ပထမဆုံး အတွေ့အကြုံ ပထမဆုံး ကြိုးစားပြင်ဆင်မှုများကို အဓိကမေးဖြစ်ခဲ့သည်။

**သားညီအတွက် Series တွဲအတွက်ဆိုရင် ဒါက ပထမဆုံးပဲလား။**

ဟုတ်ကဲ့၊ ကျွန်တော့်အနေနဲ့ Mini Series က ဒါ ပထမဆုံးပါ။

**Online Mini Series ဖြစ်တဲ့အတွက် ဇာတ်ကားတွေ ရိုက်ကူးမှုနဲ့ယှဉ်ရင် ဘယ်လိုကွာခြားလဲ။ ဒါလေးက ပိုပြီး ပျံ့နှံ့မယ်လို့ရော ထင်လား။**

ရုပ်ရှင်ကတော့ ကြိုတင်ပြင်ဆင်ချိန်အများကြီး ရတာပေါ့နော်။ ဒါကတော့ ကျွန်တော်တို့ အားချင်း စီစဉ်ရတာလည်းပါတယ်။ ပြီးတော့ ကျွန်တော်တို့ စဉ်းစားထားတာက ဇာတ်လမ်းတစ်ပုဒ်၊ ဒါပေမဲ့ သူက သင်္ကြန်အမီ သင်္ကြန်ဇာတ်လမ်းနဲ့ စ,ချင်တယ်ဆိုတော့ ချက်ချင်း ပြန်ပြောင်းပစ်လိုက်တာ။ ဒီတော့ ပြင်ဆင်ချိန်က အရမ်းနည်းတယ်။ ဒါပေမဲ့ အဲဒီ ပြင်ဆင်ချိန် အနည်းလေးအတွင်းမှာပဲ ကျွန်တော်တို့ အတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် လုပ်ရမှာပေါ့။ ပြီးတော့ ဒါလေးက ပျံ့နှံ့လွယ်မယ်လို့ ထင်ပါတယ်။ Kelvin Kate ရဲ့ပရိသတ်အားကို ကျွန်တော်ယုံတယ်။ သူ့ပရိသတ်က အရမ်းများတယ်။ ပြီးတော့ ကျွန်တော့်ပရိသတ်ရှိမယ်။ နောက် Media 7 ကို အစဉ်တစိုက် အားပေးလာတဲ့ ပရိသတ်တွေရှိမယ်။ အားလုံးပေါင်းလိုက်ရင်တော့ အသစ်လေးတစ်ခု ဖန်တီးပေးလိုက်နိုင်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။

**ရိုက်ကူးရေးအနေနဲ့က တော့ ပုံမှန်ရိုက်ကူးရေးတွေလိုပဲ ရိုက်ရမယ်မလား။**

ကျွန်တော်တို့ ပုံမှန်ဗီဒီယိုတစ်ကား ရိုက်သလိုပဲ ရိုက်ကူးမှာပါ။ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်တို့ အနုပညာကြေးက အစ ဗီဒီယိုကားတစ်ကားလိုပဲ ယူတာပါ။ ရိုက်ရက်ကလည်း ၈ ရက်ပါပဲ။

**အခု လောလောဆယ် ဘယ်နှပိုင်းအတွက် စာချုပ်ချုပ်ထားလဲ။**

ကျွန်တော်နဲ့ အပိုင်း ၆၀ စာချုပ်ချုပ်ထားပါတယ်။ ဗီဒီယိုက ၄ ကားပေါ့။ ကျွန်တော်တို့အကုန်လုံး တိုင်ပင်ပြီး လုပ်ကြမှာပါ။ သူ့စိတ်ကြိုက်၊ ကိုယ့်စိတ်ကြိုက်ရယ်လို့ မဟုတ်ပါဘူး။ သူကလည်း သူလုပ်ချင်တာလေးကိုပြော၊ ကျွန်တော်ကလည်း ထပ်ဖြည့်ချင်တာလေးကိုပြောပေါ့။

**သရုပ်ဆောင် မဟုတ်တဲ့ အသစ်တစ်ယောက်ဆိုတော့ ပြင်ပေးရမှာပေါ့။**

သူ့ကိုလည်း သူလုပ်နေကျပုံစံ မဟုတ်တာတွေ လုပ်စေချင်တယ်။ ကျွန်တော်ကလည်း ရိုက်နေကျပုံစံမဟုတ်တာတွေ ရိုက်မယ်ပေါ့နော်။ ဒီတော့ အသစ်လေးတစ်ခုဖြစ်မယ်ထင်ပါတယ်။ ကျွန်တော်လည်း ရင်ခုန်ပါတယ်။

**ဟာသများမယ့် Series တွဲလို့ ကြားမိတယ်။**

ဟာသများမှာ မဟုတ်ဘူး။ အားလုံး ဟာသပဲ။

**အခုနောက်ပိုင်းက ပရိသတ်တောင်းဆိုမှုအရ ဟာသဇာတ်လမ်းတွေများလာတယ်။ အခု သားညီကလည်း Online မှာ ဟာသ Series နဲ့ ဖောက်မယ်ဆိုတော့ ဟာသအပေါ် အမြင်ရယ်၊ ဟာသဇာတ်ကား ရိုက်ကူးမှုအပေါ် Feeling ရယ် ပြောပြပါလား။**

တကယ်တမ်း ပြောရရင် ကျွန်တော် အမှန်အတိုင်း ဝန်ခံရရင် ဟာသကို အရမ်းကြောက်ပါတယ်။ လုံးဝမရိုက်တဲ့အထဲမှာပါ,ပါတယ်။ အတတ်နိုင်ဆုံး ကျွန်တော့်ကားတွေ ကြည့်လိုက်ရင် ဟာသကား အရမ်းနည်းပါတယ်။ ကျွန်တော် ကြောက်လည်း ကြောက်ပါတယ်။ ဟာသက အရမ်းခက်လို့ပါ။ လူတွေက ပေါတယ်လို့ ပြောနေတာ၊ တကယ်တော့ လူတွေကို ရယ်အောင်လုပ်ရတာ အခက်ဆုံးပါပဲ။ သရုပ်ဆောင်တွေအနေနဲ့လည်း လူတွေကို



www.burmeseclassic.com

www.burmeseclassic.com



ရယ်အောင်လုပ်ဖို့ ခက်ပါတယ်။ ငိုအောင်လုပ်ဖို့က လွယ်ပါတယ်။ ကျွန်တော် ဟာသကို တတ်နိုင်သမျှ ရှောင်ပါတယ်။ အခုတော့ ရှောင်လို့မရ တည့်တည့်တိုးပါပြီ။ ပြီးတော့ ကျွန်တော် ရိုက်နေကျ မဟုတ်တဲ့ ဟာသဇာတ်လမ်းဖြစ်တဲ့ အပြင် ရိုက်နေကျမဟုတ်တဲ့ Mini Series ဖြစ်တဲ့အတွက် ကျွန်တော့် အနေနဲ့ စိန်ခေါ်မှုက အရမ်းကြီးပါတယ်။ ကျွန်တော် ၃, ၄ ညလောက်တောင် အိပ်မပျော်ဘူး။ အခု လောလောဆယ် တော်တော်လေးလည်း ခေါင်းခြောက်တယ်ပေါ့နော်။ ဒါပေမဲ့ ဒီချာတိတ်နှစ်ယောက်ကို ကျွန်တော်ယုံတယ်။ Kelvin Kate ကိုရော၊ ဆူးခက်မင်းကိုရော ပေါင်းလိုက်ရင် ဟာသတစ်ခု ထွက်လာမယ်ဆိုတာ ယုံတယ်။ သူတို့ရဲ့ ဖန်တီးမှုက ၇၀% ပါမယ်။ ကျွန်တော့်ရဲ့ဖန်တီးမှု၊ မော်ဒီဖိုင်းလုပ်မှုက ၃၀% လောက်ပဲ ပါမှာပါ။

သားညီက ဟာသကား ရိုက်ကူးမှုတွင် အမှားအယွင်း တစ်ခုရှိသွားနိုင်ကြောင်း၊ ထို့အတွက် လိုအပ်ချက်များကို ထောက်ပြဝေဖန် ပေးကြစေလိုကြောင်း၊ ကောင်းသော အပြုသဘောဆောင်သော ဝေဖန်မှုအားလုံးကို ကြိုဆိုကြောင်း ပြောပြသည်။ ယခုအချိန်အထိ ကိုယ်တိုင်ရိုက်ကူး ဖန်တီးသမျှထဲတွင် **ရတနာပုံ** ဇာတ်ကားကို အကြိုက်ဆုံးဖြစ်နေသည်ဆိုသည့် သားညီကို 'အခုအချိန် ကိုသားကြီး (ဒွေး)သာရှိရင် သားညီ ဖန်တီးသမျှတွေကို ကြည့်ပြီး ဘာပြောမယ်လို့ ထင်လဲ'ဟု မေးရာ 'တော်တော်ညံ့တဲ့ ကောင်လို့ပြောမှာပေါ့'ဟု ရယ်ရင်းဖြေခဲ့ပါတယ်။

■ မန်းသူ



www.burmeseclassic.com

www.burmeseclassic.com



# One Minute Interview

## G-Fatt အမှတ်တရသီချင်းတွေ ထားခဲ့ချင်တယ်

မနိုးသူ

အောင်မြင်ကျော်ကြားလာသည့် အနုပညာရှင်နောက်တွင် သူ၏ အကြောင်းအရာ အားလုံးကို စိတ်ဝင်စားသည့် ပရိသတ်ကြီးရှိသည်။ ပရိသတ် စိတ်ဝင်စားနေသရွေ့ သူ၏ အကြောင်းအရာ၊ သတင်းများက ပရိသတ်ကြားထဲတွင် အမြဲ လှည့်ပတ်ရှင်သန်နေသည်။ ပရိသတ်အသိချင်ဆုံးထဲမှ အသိချင်ဆုံးအရာတစ်ခုက ထိုအနုပညာရှင်၏ အချစ်ရေးလည်းပါသည်။ G-Fatt က လက်ရှိအချစ်ဂယက်နှင့်အတူ ဒုတိယတစ်ကိုယ်တော် တေးစီးရီးပြင်ဆင်နေသည့်သတင်း 'ဂျင်' အမှတ်တံဆိပ်များ သတင်းနှင့် လုံးထွေးနေသည့် အနုပညာရှင်။ သူနှင့် စာနယ်ဇင်းပွဲတစ်ခုတွင် တွေ့မိသခိုက် 'သားရေ အချစ်ရေးလေး မပြောချင်ဘူးလား' ဟု မေးမိရာတွင် 'အချစ်ရေးက ကျွန်တော် တစ်ယောက်တည်းပါပဲဗျာ။ ကျွန်တော့် ပရိသတ်တွေ အားလုံးကို ကျွန်တော့် အချစ်ရေး တိတိကျကျဖြစ်တဲ့နေ့ကျရင် အားလုံးကို့ ပြောပြမှာဖြစ်ပါတယ်။ ကျွန်တော့်ကိုအထင်မလွဲကြစေဖို့ တောင်းပန်ပါတယ်' ဟု ဖြေသည်။ 'ဟိုနာမည်နဲ့လို့ ကြားနေလို့ပါ' ဟု ဆိုရာ G-Fatt က ရယ်လျက် 'မဟုတ်ပါဘူးဗျာ' ဟုဖြေသည်။ ဆက်မေးလို့မရသည့် အချစ်ရေးကို ဖယ်ရှင်း G-Fatt နှင့်ပြောဖြစ်သည့် အနုပညာအကြောင်းအရာများမှာ…။

**ပထမတစ်ကိုယ်တော် တေးစီးရီး 'ဂျင်'က ပေါက်ထားပေမဲ့ ဒုတိယတစ်ကိုယ်တော် တေးစီးရီးကို လည်း သူနဲ့ မတူအောင် လုပ်ရမှာပဲလေ။ ဒါကြောင့် ဒုတိယစီးရီးကို ဘယ်လို ဆန်းပြားတဲ့ စိတ်ကူးတွေနဲ့ စဉ်းစားလုပ်ဆောင်နေလဲ။**

ဒုတိယစီးရီးမှာက အကြောင်းအရာပိုင်းများတယ်။ 'ဂျင်' နဲ့ မတူတာကတော့ 'ဂျင်' ထဲမှာ ဖြစ်နေတဲ့ ဘဝအကြောင်းအရာတွေထက် အဲဒီထက်ပိုပြီးတော့ မတူကွဲထွက်တဲ့အရာတွေ ဖန်တီးထားတယ်။ 'ဂျင်'နဲ့တော့ တူမှာ မဟုတ်ဘူး။ အကုန်ကွဲမှာ။ ဖန်တီးတဲ့ ပုံစံရော၊ Music Style ပါကွဲမယ်။ ကျွန်တော် ပြောပြချင်တဲ့ အကြောင်းအရာတွေ ပိုများလာမယ်။ 'ဂျင်'တုန်းက လုပ်ခဲ့တဲ့ စိတ်နေစိတ်ထားခံစားချက်နဲ့ အခု ဒုတိယအခွေလုပ်တဲ့အချိန်၊ သီချင်းလုပ်တဲ့အချိန်မှာ ဖြစ်ရတဲ့ ခံစားချက် မတူတဲ့အတွက် သီချင်းတွေ ကွဲမှာပါ။ ၅၀% ကတော့ ပြီးနေပါပြီ။ ကျန်တဲ့ ၅၀%ကတော့ ကျွန်တော် သေသေချာချာလေးလုပ်နေတဲ့အတွက် နည်းနည်းလေး ကြန့်ကြာနေတယ်ပေါ့နော်။ သကြိန်အကျော်လောက် ပြီးအောင် ကြိုးစားပါ့မယ်။

***Single*** **လေးတွေ Shake ကလည်းပေါက်တဲ့ သီချင်းတစ်ပုဒ်ပဲ။ စိုင်းစိုင်းနဲ့တွဲပြီး အဲဒီလို သီချင်းမျိုး ဒုတိယအခွေမှာထပ်ပါနိုင်ဦးမလား။**

စိုင်းနဲ့ကတော့ သီချင်းသစ်လုပ်ဖို့အတွက် နှစ်ယောက်တိုင်ပင်ထားတာတော့ရှိတယ်။ ဒါပေမဲ့ ဘယ်လိုအကြောင်းအရာလုပ်ဖြစ်မလဲဆိုတာတော့ မသေချာသေးဘူး။ ဘန်နီပါမှာတော့ သေချာပြီ။ စိုင်းကတော့ သူလည်းအားမယ့်ရက်၊ ကျွန်တော်လည်း အားမယ့်ရက်ညှိပြီးလုပ်ဖြစ်မယ်။ ဒီ ဒုတိယအခွေမှာ Snareနဲ့လည်း လုပ်ချင်တယ်။ ဒီ Family ထဲက ညီအစ်ကိုတွေနဲ့လည်း လုပ်ချင်ပါတယ်။

**G-Fatt အခွေမှာ အတူတွဲဆိုမယ့် အဆိုတော်ကို ရွေးတာကရော ကိုယ့်စိတ်ကူးပဲလား။ ဘယ်သူတွေကရော ဝိုင်းစဉ်းစားပံ့ပိုးပေးလဲ။ Snareတို့၊ ဘန်နီတို့ကို ရွေးသလိုမျိုးပေါ့။**

အဓိက,ကတော့ ကျွန်တော့်အတွေးပါပဲ။ Snare ဆိုတာက ကျွန်တော်ငယ်ငယ်ကတည်းက သူတို့စင်ပေါ်မှာဆိုကြတဲ့အခါ ကျွန်တော်တို့က စင်အောက်မှာကွေးနေအောင်က,ကြရတဲ့သူတွေ။ စိုင်းဆိုတာကလည်း ငယ်ငယ်လေးကတည်းက ကက်ဆက်ထဲက နေဖွင့်ပြီး နားထောင်ခဲ့ရသူပါ။ တခြား Rapperတွေဆိုလည်း အဲဒီလိုပါပဲ။ ကျွန်တော့် စီနီယာတွေ အားလုံးပေါ့။ အဲဒီလိုလူတွေနဲ့ အလုပ်တွဲလုပ်ရတာ ကျွန်တော့်အတွက် အိပ်မက်တစ်ခုလိုပါပဲ။ တကယ်တော့ ကျွန်တော့် ဘဝမှာ အမှတ်တရ အဓိကထားခဲ့ချင်တာပါ။ ကျွန်တော့်အဖွဲ့တွေ၊ ကျွန်တော့်သူငယ်ချင်းတွေ၊ Under-ground, Old School, G-Fire တို့နဲ့လည်း အမှတ်တရသီချင်းတွေ ထားခဲ့ချင်ပါတယ်။ ကျွန်တော့် mood ကတော့ ကျွန်တော့်အသိုင်းအဝိုင်းလေးနဲ့ သီချင်းတွေ အများကြီးထားခဲ့ချင်တာပါ။



www.burmeseclassic.com

www.burmeseclassic.com



G-Fatt က 'ဂျင်' ဆိုတဲ့ အမှတ်တံဆိပ်နဲ့ အခု ပစ္စည်းတစ်ခု ထုတ်ဖြစ်တဲ့ စိတ်ကူးကရော။ ကိုယ့်နာမည် G-Fatt နဲ့ မထုတ်ဘဲနဲ့ စီးရီးနာမည်သုံးဖြစ်တာကိုပြောတာ။ ပြီးတော့ G-Fatt အနေနဲ့ ထပ်ထုတ်ဖို့ ရှိ၊ မရှိပေါ့။

'ဂျင်' ကို လုပ်ဖြစ်တဲ့ Feeling က ပထမဆုံး ထွက်ဖြစ်တဲ့ စီးရီးလည်းဖြစ်တယ်။ G-Fatt ရယ်လို့ ပိုပြီး ခိုင်မာသွားအောင် အုတ်မြစ်ချပေးတဲ့အခွေလည်းဖြစ်တယ်။ ပြီးတော့ 'ဂျင်' ဆိုတဲ့ mood ကို ကြိုက်လို့။ 'ဂျင်' ဆိုတာ ကျွန်တော်တို့ သူငယ်ချင်းတွေ နောက်နေကျပေါ့။ အခုထွက်မှာက 'ဂျင်'။ 'ဂျင်' ဆိုတာ ပေါက်ကိုပေါက်ရတဲ့အရာပေါ့။ အဲဒါလေးကို သဘောကျလို့။ အဲဒီ mood နဲ့ပဲ ဒီ 'ဂျင်' ကို အမှတ်တံဆိပ်ထားပြီး ထုတ်ဖြစ်တာပါ။ G-Fatt အနေနဲ့ ထပ်ထုတ်ဖို့ ရှိ မရှိက မသေချာသေးပါဘူး။ လုပ်ဖြစ်ရင် အသိပေးပါ့မယ်။

'ဂျင်' ဆိုတာက ကစားမယ့်သူက ကြိုးနဲ့ရစ်ပတ်ပြီး အဲဒီကြိုးကို ထိန်းကိုင်ပြီး ပေါက်ရတယ်။ အဲဒီလူရဲ့ ထိန်းကွပ်မှုအရ အဲဒီ 'ဂျင်' ရဲ့ အောင်မြင်စွာလည်မှု၊ လဲကျမှုတွေဖြစ်ရတယ်။ အခုဆိုရင် G-Fatt က ပထမဆုံး 'ဂျင်' ကိုတော့ အောင်မြင်စွာ ပေါက်နိုင်ခဲ့ပြီ။ နောက်ထပ်လာမယ့် 'ဂျင်' ရဲ့ နောက်ဆက်တွဲ အလှည့်တွေကို မတိမ်းမစောင်း၊ မလဲမပြို ဆက်လက် အောင်မြင်အောင် ဘယ်လိုကြိုးကိုင်သွားမလဲ။

ကောင်းလိုက်တာ။ ကျွန်တော်တောင် အဲဒီလို ဥပမာ မစဉ်းစားမိဘူး။ ဒီအရာလေး မယိုင်လဲသွားဖို့အတွက် အတတ်နိုင်ဆုံး ထိန်းမယ်ပေါ့နော်။ ကျွန်တော့်တစ်ယောက်တည်း မဟုတ်ဘဲနဲ့ ကျွန်တော့် ပရိသတ်ကြီးကလည်း ဝိုင်းဝန်းထိန်းပေးမယ်လို့ယုံကြည်ပါတယ်။ ကျွန်တော်ကတော့ ဆက်လက်လည်ပတ်ပြီး G-Fatt ဆိုတဲ့ နာမည်လေး ဆက်လက်တည်တံ့ဖို့အတွက် ထိန်းသွားမှာပါ။

G-Fatt က 'ဂျင်' ကို MTV အဖြစ် ထုတ်ရန် မသေချာတော့သော်လည်း ဒုတိယအခွေ ထွက်အပြီးတွင် သူ့စိတ်ကြိုက် သီချင်းများကို ရွေးချယ်ကာ နှစ်ခွေပေါင်း၍ ရိုက်ကူးရန် အစီအစဉ်ရှိသည်ဟု ဆိုသည်။ 'ကျွန်တော့်လိုမျိုး ဆင်ခြေဖုံးရပ်ကွက်ထဲက ချာတိတ်လေးတစ်ယောက်ကို စင်ပေါ်မှာ သီချင်းတွေဆိုတဲ့ နိုင်ငံကျော်အဆိုတော် G-Fatt ဖြစ်အောင် ထောက်ပံ့ပေးကြတဲ့အတွက် ပရိသတ်များတစ်ယောက်ချင်းစီ အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်တော့်ကို အားပေးတဲ့ပရိသတ်များရော၊ ဆက်လက် အားပေးဦးမယ့် ပရိသတ်များရော၊ အားပေးရာကနေ အာ မပေးတော့တဲ့ ပရိသတ်များရော၊ မုန်းသူ၊ ချစ်သူအားလုံးကို သဘောထားတူတူပဲ ဆက်ဆံမှာပါ။ အားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ' ဟုလည်း G-Fatt က ရွှေအမြုတေမှတစ်ဆင့် နှုတ်ဆက်ခဲ့သည်။ ■

မန်းသူ



www.burmeseclassic.com

www.burmeseclassic.com



# One Minute Interview

# အခုမှ အိပ်မက်မက်သလိုဖြစ်နေတဲ့ ခင်ဝင့်ဝါ

မန်းသူ

'ညီမအနေနဲ့ အဓိက,ကတော့ ကိုယ့်ကိုအားပေးတဲ့ ပရိသတ်တွေ တစ်ချက်ကြည့်တယ်။ ပြီးရင် ကိုယ့် Image ကို တစ်ချက်ကြည့်ရတယ်။ ညီမပရိသတ်တွေ လက်ခံနိုင်မယ့် ကာရိုက်တာမျိုးလည်း ဖြစ်ရမယ်၊ ကိုယ့်အတွက် လုပ်ကွက်လည်းရှိရမယ်။ ပြီးတော့ ညီမက Miss တစ်ယောက်ကနေ သရုပ်ဆောင်ဘက်ကို ကူးလာတာဖြစ်တဲ့အတွက် Miss ကို ထိခိုက်စေမယ့် ကာရိုက်တာမျိုးဆိုရင် ငြင်းပယ်တယ်။ အခုနောက်ပိုင်းကတော့ ဇာတ်ကားတွေကို စိစစ်ပြီး ရိုက်ကူးလာပါတယ်'ဟု ခင်ဝင့်ဝါက အနုပညာနှင့်ပတ်သက်ပြီး လုပ်ဆောင်နေမှုကို ပြောပြသည်။ ဆက်လက်ပြီး ပြောပြသည့် ခင်ဝင့်ဝါ၏ အနုပညာပုံရိပ် စကားများက…။

**ညီမအနေနဲ့ ဇာတ်ကားတွေ တော်တော်များများ ရိုက်ကူးပြီးထားတဲ့ အတွေ့အကြုံအရ ဒါရိုက်တာအပေါ် ရွေးချယ်မှုရှိလား။ ဒါရိုက်တာ အစွဲ ရှိလား။**

ဒါရိုက်တာအစွဲတော့ မရှိပါဘူး။ ဘာပဲဖြစ်ဖြစ် ဒါရိုက်တာစုံလေ ညီမပညာ ပိုစုံလေပေါ့နော်။ ပညာလည်း ပိုရတယ်။ တကယ့်ဝါရင့် ဒါရိုက်တာပဲဖြစ်ဖြစ်၊ လူငယ် ဒါရိုက်တာပဲဖြစ်ဖြစ် ဆုံချင်ပါတယ်။ ဒါရိုက်တာစုံအောင် ရိုက်ချင်ပါတယ်။ ဒါမှလည်း ကိုယ်မသိတဲ့၊ မတတ်တဲ့ ပညာတွေ ရမှာပါ။

**ဝါရင့်ဒါရိုက်တာ လူကြီးပိုင်းနဲ့တွေ့ရင် ရတဲ့ အတွေ့အကြုံနဲ့ လူငယ်ဒါရိုက်တာနဲ့ ဆုံရင်ရတဲ့အတွေ့အကြုံ ပြောပြပါလား။**

လူကြီးပိုင်း ဒါရိုက်တာနဲ့ဆိုရင်တော့ ဥပမာ- ဦးညီညီထွန်းလွင်နဲ့ ရိုက်တယ်ပေါ့နော်။ အဲဒီကျရင်လည်း ပညာရတယ်ပေါ့နော်။ အချိန်တိကျတယ်။ ပြီးတော့ ဆင်းနိုတစ်ခုမှာလုပ်ရတဲ့အိုက်တင်၊ အဓိကလေယူ လေသိမ်းပေါ့နော်။ စကားအပြောအဆို အတက်အကျ၊ အဖြတ်အတောက်၊ အနိမ့်အမြင့်တွေရတယ်။ ကိုယ်နားမလည် မကျွမ်းကျင်တာ တွေ့ရတယ်။

လူငယ်ဒါရိုက်တာတွေနဲ့ကျတော့ ကိုယ် မသိနားမလည်တာတွေကို လူငယ်အချင်းချင်း ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း မေးလို့ရတယ်။ လူငယ်အချင်းချင်းဆိုတော့ သူတို့လိုချင်တဲ့ ပွိုင့်ကိုလည်း ကိုယ်လုံးဝ နားလည်အောင် ပြောပြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဝါရင့်ဒါရိုက်တာနဲ့ လူငယ်ဒါရိုက်တာ နှစ်ဦးစလုံးဆီက မတူညီတဲ့ ပညာတွေတော့ ရပါတယ်။

**အခု အနုပညာရှင်အဖြစ် ဖြတ်သန်းလာတဲ့ ကာလတစ်လျှောက် အခုလက်ရှိ ခင်ဝင့်ဝါအထိပေါ့ ကိုယ့်ကိုယ်ကို ဘယ်လိုမြင်မိလဲ။**

ဒီလောကထဲ ၈,ဝင် ကတည်းက နှစ်တိုင်းမှာ ပြောင်းလဲလာတာပေါ့နော်။ တစ်နှစ်ကုန်သွားရင် နှစ်ဟောင်းမှာ ကိုယ်လိုအပ်သမျှကို နှစ်သစ်မှာ အကောင်းဆုံး ပြန်ကြိုးစားတယ်။ ၂၀၁၆ မှာ အားနည်းခဲ့တာ မှန်သမျှကို ၂၀၁၇ မှာ ပိုပြီး ကြိုးစားရမယ်ပေါ့နော်။ အဓိက,ကတော့ ၂၀၁၇ မှာ ညီမ အနုပညာအလုပ်တွေကို ဒီထက်ပိုပြီး ကြိုးစားသွားမယ်ပေါ့နော်။

**သရုပ်ဆောင် ခင်ဝင့်ဝါအနေနဲ့ ရပ်တည်ရတာ ခက်ခဲလား၊ လွယ်ကူလား၊ ကြမ်းတမ်းလား၊ ပျော်ရွှင်လား။**

ကိုယ်ဝါသနာပါတဲ့ အလုပ်ကို လုပ်ရတဲ့အတွက်တော့ ပျော်ရွှင်မိပါတယ်။ ခက်ခဲလားဆိုတော့ ဘယ်အလုပ်မဆိုကတော့ အခက်အခဲတွေ ရှိပါတယ်။

**ဒီအနုပညာဆိုတာ သင်ယူလို့ မကုန်ဘူးလို့ ပြောကြတယ်။ ညီမကရော အခုထိ ဘယ်လိုသင်ယူလေ့လာနေမှုတွေနဲ့ ရပ်တည်နေရလဲ။**

ညီမ အများကြီး လေ့လာရပါတယ်။ ဆင်းနိုပေါ်ရောက်ပြီဆိုရင် ကိုယ့်ရဲ့စီနီယာတွေဆိုရင် ဘယ်လို Mood သွင်းလဲ၊ အသေးစိတ်က အစပေါ့။ စီနီယာတွေ ဘယ်လို

www.burmeseclassic.com



လုပ်လဲ လေ့လာတယ်။
ကိုယ့်လိုအပ်ချက်တွေကို၊
အားနည်းချက်တွေကို
တတ်နိုင်သမျှ Perfect ဖြစ်အောင်
လေ့လာကြိုးစားရတယ်ပေါ့။
**Miss ခင်ဝင့်ဝါကနေ**
**သရုပ်ဆောင်**
**ခင်ဝင့်ဝါဖြစ်လာတာဟာ**
**ညီမရဲ့ အိပ်မက်တွေ**
**အကောင်အထည်**
**ပေါ်လာတာလား။**
အမှန်အတိုင်း ပြောရရင်
ငယ်ငယ်ကတည်းက အိပ်မက်
ကတော့ မင်းသမီးဖြစ်ရမယ်၊
Miss ဖြစ်ရမယ်လို့တော့
မဟုတ်ခဲ့ပါဘူး။ ဒါပေမဲ့
ခုလို ဖြစ်နေတဲ့အချိန်မှာ
ပြန်စဉ်းစားမိရင်၊ အခုလို အိပ်မက်
အရင်က တစ်ခါမှ မမက်ခဲ့ဖူးဘူး။
အဲဒီလိုဆိုတော့ ခုမှ
အိပ်မက်မက်သလိုဖြစ်နေ
တာပေါ့နော်။ အကုန်လုံးကလည်း
အံ့သြကြတယ်။ ဘာလို့ဆိုတော့
ညီမက ငယ်ငယ်က
မိန်းကလေးတစ်ယောက်လို
နူးနူးညံ့ညံ့၊ သိမ်သိမ်မွေ့မွေ့
မဟုတ်ခဲ့ဘူး။ ယောကျ်ားလေး
တစ်ယောက်လို ခုန်ပေါက်ပြီး
ဆော့တယ်ဆိုတော့
ခုလို မင်းသမီး၊ Miss ဖြစ်
လာလိမ့်မယ်လို့ ဘယ်သူမှ
မထင်ထားဘူးလေ။
ခုလို ဖြစ်လာတော့
ကိုယ့်ကိုယ်ကိုလည်း
အံ့အားသင့်တယ်။ အိပ်မက်
မက်နေသလိုပဲပေါ့။
လွှမ်းပိုင်ကိုယ်တိုင်
ထုတ်ဝေသူ၊ သရုပ်ဆောင်အဖြစ်
ပါဝင်ထားသည့် **ကိုယ်စောင့်နတ်**
ရုပ်ရှင်ဇာတ်ကားကြီးတွင်လည်း
ခင်ဝင့်ဝါကို
တွေ့ကြရမည်ဖြစ်သည်။
■ **မန်းသူ**



www.burmeseclassic.com

www.burmeseclassic.com



# One Minute Interview

အမျိုးသမီး လူငယ် ဒါရိုက်တာ ပွင့်သီရိဇော်က လူငယ် Fancy ဇာတ်ကားများစွာရိုက်ကူးနေသလို Lady Danger ရုပ်ရှင်ကားကြီးကဲ့သို့ အိမ်ထောင်ရေး ဇာတ်ကားများကိုလည်း လက်ရာစုံ ရိုက်ကူးနေသည်။ ထို့ပြင် ကိုယ့်တိုင်ရိုက်ချင်သည့် ဇာတ်လမ်းလေးများကို ကိုယ်တိုင် ထုတ်လုပ်ရိုက်မည့် စိတ်ကူးများရှိနေသည့် ဒါရိုက်တာမလေး ပွင့်သီရိဇော်နှင့်လည်း တွေ့ဖြစ်ခဲ့သည်။

**ဒီနှစ်ထဲမှာ ထူးထူးခြားခြား လုပ်ချင်တာလေးတွေ ရှိလား။ Plan ချထားတာမျိုး ရှိလား။**

စဉ်းစားထားတာလေး ကတော့ ပွင့် ပရိုဂျူဆာလုပ်မယ့် ကားလေးပေါ့နော်။ ကိုယ်တိုင်ထုတ်ရိုက်မယ့် ဟာလေးတွေ စီစဉ်ထားတာရှိတယ်။ ဇာတ်မရသေးလို့သာ Confirm မဖြစ်သေးတာပေါ့။ ရုပ်ရှင်ကားကြီးလည်း ရှိတယ်၊ ဗီဒီယိုတွေလည်း စီစဉ်ထား တာရှိတယ်။ ပြီးရင် ပွင့် ရိုက်ချင်တဲ့ ရိုမန့်တစ် ဇာတ်ရှိတယ်။ ကိုယ့်ဟာ ကိုယ်ပဲ ထုတ်ရိုက်မှာ။ အဲဒါ ဆိုရင် မြန်မာမှာ မြန်မာပရိသတ် သိပ်မမြင်ဖူးသေးတဲ့ ဟာမျိုးလေးပေါ့။ ရုပ်ရှင်ဆန်ဆန် ပြကွက်တွေ မဟုတ်ဘဲနဲ့ တကယ့် အလှုပ်လေးတွေနဲ့ ရိုက်ဖို့စဉ်းစားထားတာရှိပါတယ်။

**ဒါဆို တကယ့် ဖြစ်ရပ်မှန် ဇာတ်လမ်းလေးများလား။**

ဖြစ်ရပ်မှန်တော့ မဟုတ်ပါဘူး(ရယ်လျက်)။ ဇာတ်ညွှန်းဆရာကို ပြောပြီး ရေးခိုင်းထားတာပေါ့။ ပွင့်ကတော့ ဒီလို၊ ဒီလိုမျိုး လိုချင်တယ်လို့ ပြောတာကို သူက ရေးပေးတာပေါ့။

**ပွင့်က လူငယ်ဒါရိုက်တာအနေနဲ့ ဇာတ်ကားတစ်ကားရိုက်ရင် ဘယ်လိုစိတ်ကူးကို အခြေခံ ဖန်တီးလေ့ရှိလဲ။**

ပွင့် ဇာတ်ကားတွေမှာဆို တစ်ခါတလေကျရင် ဒီအတိုင်း ဇာတ်က သိပ်မထူးဆန်းရင်တောင် ပွင့် ရိုက်ချက်တွေကအစ စဉ်းစားလေ့ရှိတယ်။ လူငယ်ဆန်ဆန် ဘယ်လိုအမြင်လေးနဲ့ ပြရမလဲပေါ့နော်။ ဇာတ်လမ်းထဲမှာ စကားတွေကအစလေ။ စကားကြီး၊ စကားကျယ်တွေ မပြောချင်ဘူး။ တကယ့်အပြင်ကအတိုင်း ပေါ့ပေါ့ပါးပါးလေးပဲ ပြောချင်တယ်။ ဥပမာ-လူငယ်တွေအတွက် ဇာတ်ကားတွေလည်း ရိုက်ချင်သေးတယ်။ လူငယ်တွေ ဘယ်လိုကြိုးစားနေတယ်၊ သူတို့အတွက် ဘယ်နေရာကဏ္ဍတွေက လိုအပ်နေတယ်၊ ဘာတွေလုပ်ပေးနိုင်တယ် ဆိုတာမျိုးလေး ရိုက်ပြချင်တယ်ဆိုတဲ့ စိတ်ကူးလည်း ရှိတယ်။

**အခု ပွင့် ရိုက်ကူးခဲ့သမျှ အပေါ် ပရိသတ်ဘက်က ဘာတွေတုံ့ပြန်လာကြလဲ။ ပရိသတ်ရဲ့ လိုအပ်ချက်၊ တောင်းဆိုချက် ဘာတွေရှိလာလဲ။**

သူတို့ကတော့၊ ကြည့်တဲ့ပရိသတ်ကတော့ ကောင်းတယ်ပေါ့နော်။ ဒါပေမဲ့ အဲဒီမှာမှ ဇာတ်သိမ်းလေးဘာလေး လိုတယ်ဆိုတာမျိုး ပြောတာလည်း ရှိတာပေါ့နော်။ အဲဒီမှာမှ ပွင့်က သတိထား ပြန်ကြည့်တယ်။ ဟုတ်တယ်။ ငါလိုနေတာပဲ ဆိုရင် နောက်ကားမှာ ပြန်သတိထားရတာပေါ့။

**ပွင့်က ဇာတ်လမ်းအပြင် Location လည်း သတိထားတတ်တယ်နော်။ 'သူငယ်' မှာ သူများတွေ မရိုက်ဖူးတဲ့ နေရာတွေမှာ ရိုက်ခဲ့တယ်ဆို။**

ဟုတ်တယ်။ ပွင့် အတွက်ကလေ Location ဆို အပြင် Location တွေက ခက်ခဲတယ်။ ရန်ကုန်မှာက ရိုက်နေကျတွေဆိုတော့ သေချာ လိုက်ကြည့်မှပဲ ဖြစ်မယ်။ အပြင် ရှုခင်းအလှတွေနဲ့ စကားပြောခန်းရိုက်မယ်ဆို အဲဒါ ပွင့်အတွက် အခက်အခဲဆုံးပဲ။ ကော်ဖီဆိုင်တို့၊ ဘာတို့ မှာဆိုရင်တော့ ပွင့်က ရိုက်နေကျတွေမှာ မရိုက်ဘူး။ ကိုယ်တိုင် လိုက်ရှာ၊ ဖုန်းဆက်ပြီး

## ရုပ်ရှင်မှာဆန်းတဲ့ စိတ်ကူးလေးနဲ့ ဒါရိုက်တာ ပွင့်သီရိဇော်

မနိုးသူ



www.burmeseclassic.com

www.burmeseclassic.com



သချာလုပ်တယ်။
ဗီဒီယိုဆိုလည်း ဒီလိုပဲ
Location တွေတော့
သေချာရွေးပြီး ရိုက်ဖြစ်တယ်။
ဒါရိုက်တာ ပွင့်သီဂီဇော်က
'အခုလက်ရှိတော့ ပုံမှန်တော့
ရိုက်ရတယ်ပေါ့နော်။ ဒါပေမဲ့
ကိုယ့်စိတ်ကြိုက်
၁၀၀%ကြီးတော့ လုပ်လို့
မရဘူး။ တစ်ခါတလေ
လိုအပ်တာတွေ ပံ့ပိုးမှုပေါ့နော်။
အဘက်ဘက်ကပေါ့။
စက်မှုပိုင်း၊ ထုတ်ဝေသူပိုင်း
စသဖြင့် ပံ့ပိုးမှုတွေ
လိုအပ်တာပေါ့။
ဒါပေမဲ့လည်း အပြစ်
ပြောလို့တော့ မရဘူး။
သူတို့ လုပ်နေတာနဲ့
သူတို့ပြန်ရတာနဲ့
ဆိုရင်ပေါ့။ အဓိက
စိန်ခေါ်မှုဆိုရင်လည်း
ပွင့်တို့မှာက
နိုင်ငံတကာကနေ
သင်ကြားပေးလိုက်တာ
ဘာမှ မရှိဘူး။
ကျောထောက်
နောက်ခံပေါ့။
ပွင့်မှာရှိတာက
အတွေ့အကြုံ၊
အဖေက ပေးလိုက်တဲ့
ပညာပေါ့။ ပွင့့်
တကယ်ဖြစ်စေချင်တာ
ကတော့ ကျောင်းဆိုလည်း
နိုင်ငံတကာကနေ
အကြီးကြီးတွေ
ဒီမှာလာဖွင့်တာမျိုး
လိုချင်တယ်'ဟုလည်း
လူငယ်ဒါရိုက်တာအနေနှင့်
ရပ်တည်ချက်၊
စိန်ခေါ်မှုများကို
ပြောပြခဲ့သည်။
■
**မန်းသူ**

www.burmeseclassic.com

www.burmeseclassic.com



# ဝိုင်းနှစ်ဝိုင်း စင်နှစ်စင်နဲ့ ဖျော်ဖြေခဲ့တဲ့ နီနီခင်ဇော်

လင်းနိုင်ဦး

နီနီခင်ဇော်က သူ့ရဲ့ တစ်ကိုယ်တော် ဂီတဖျော်ဖြေပွဲကို ကျင်းပဖို့ စီစဉ်ထားတာ တော်တော်လေး ကြာခဲ့ပါပြီ။ ကြားထဲမှာ အကတိုက်ရင်း ခါးနာသွားတဲ့အတွက် ရက်ရွှေ့လိုက်ရပေမဲ့ အကောင်းဆုံး ပြင်ဆင်ပြီး ဧပြီလ ၁ ရက် ညက ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်မှာ RED Volution Show လို့ အမည်ပေးထားတဲ့ တေးဂီတဖျော်ဖြေပွဲကို တင်ဆက်ပေးခဲ့ပါတယ်။ နီနီခင်ဇော်ကို ချစ်ကြတဲ့ ပရိသတ်များသလို တကယ်လည်း ဆိုနိုင်၊ ဆိုတတ်တဲ့ အဆိုရှင်ကောင်းတစ်ဦးဖြစ်လို့ သူ့ကိုအားပေးတဲ့ ပရိသတ်တွေ အများကြီးပါပဲ။ နီနီခင်ဇော်ရဲ့ တစ်ကိုယ်တော်ဖျော်ဖြေပွဲက အများနဲ့မတူ ထူးခြားပြီး ပရိသတ်အကြိုက်တွေ့စေဖို့ Shwe Sin Event Creation နဲ့ အကောင်းဆုံး ပံ့ပိုးပေးခဲ့ကြပါတယ်။ နီနီခင်ဇော်က သူ့ရဲ့ Fan များကို စင်ရှေ့ တည့်တည့် ကြိုဂံ လျှောက်လမ်းအတွင်းမှာ အားပေးနိုင်ဖို့ စီစဉ်ပေးထားပြီး ရှေ့ဆုံးမှာ ခုနစ်သောင်း တန်းခုံတွေကစ,လို့ ငါးသောင်း တဖြည်းဖြည်း နိမ့်သွားကာ ကြားထဲမှာ စင်မြင့်တစ်ခု ထပ်မံ တည်ဆောက်ထားပါတယ်။ အဲဒီစင်ရဲ့ ရှေ့တည့်တည့် မှာတော့ ခုံတွေနဲ့စင်ပေါ်က ကြည့်ခွင့်ရဖို့ ထပ်မံ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com





စီစဉ်ပေးထားပါတယ်။ နီနီခင်ဇော်က အဖွင့်အစီအစဉ်မှာ အောက်ဆီဂျင် တေးဂီတအဖွဲ့တီးခတ်ပေးမှုနဲ့ Super RED သီချင်းနဲ့ စတင်ဖျော်ဖြေပေးလိုက်တယ်ဆိုရင်ပဲ ပရိသတ်များက သူတို့လက်တွေမှာ ကိုင်ဆောင်ထားတဲ့ နီယွန်ဘောလုံး အနီရောင်မီးချောင်းတွေနဲ့ ဝှေ့ယမ်းပြီး နှုတ်ဆက်ကာ အားရပါးရနဲ့ 'နီနီ နီနီ' လို့ အော်ဟစ်အားပေးခဲ့ကြပါတယ်။ နီနီခင်ဇော်ကလည်း သူ့ရဲ့ ပရိသတ်တွေအတွက် သီချင်းရော၊ အကအလှတွေရော၊ ဝတ်စုံတွေရော အချိန်မီ ပြင်ဆင်ထားတဲ့အတွက် တစ်မူထူးခြားလို့ နေပါတယ်။ အပိုင်းလေးပိုင်းခွဲပြီး ဖျော်ဖြေတင်ဆက်တဲ့ အစီအစဉ်မှာ ပထမပိုင်းသီဆိုဖျော်ဖြေ



www.burmeseclassic.com

www.burmeseclassic.com



ခမ်းစားလို့အပြီးမှာ ဟိုးနောက်ဆုံးက စင်မြင့်နဲ့ ခုံတွေခင်းထားတဲ့ အရှေ့မှာရှိတဲ့ နောက်ထပ်စတိတ်တစ်ခုကို အဖွဲ့သားတွေနဲ့ သွား ရောက်ပြီး ဖျော်ဖြေသွားတဲ့အတွက် ဟိုးနောက်ဆုံး စင်မြင့်ပေါ် က ပရိသတ်တွေ အနှဆင်ပြေပြီး အနီးကပ် အားပေးခွင့်ရခဲ့ပါ တယ်။ အဲဒီအချိန်မှာ ရှေ့က ပရိသတ်တွေကလည်း နောက်ကို ပြန်လှည့်ပြီး အားပေးကြသလို တချို့လည်း စင်ဘေးမှာ ဝိုင်းပြီး ကပ်လျက် အားပေးခဲ့ကြပါတယ်။

ဒုတိယပိုင်းပြီးလို့ ရှေ့က စင်မြင့်ကို တတိယပိုင်း ဖျော်ဖြေ ဖို့သွားမယ့်အချိန်မှာ ပရိသတ်တွေက ဒီမှာပဲဆက်လက်ဖျော်ဖြေ ပေးဖို့ တောင်းဆိုနေကြတဲ့အတွက် နောက်ထပ် သီချင်းနှစ်ပုဒ် ဆယ်မံ ဖျော်ဖြေပြီးမှ စတိတ်စင်အကြီးပေါ်ကို တစ်ကျော့ပြန် သွားရောက်ခဲ့ပါတယ်။ တတိယပိုင်းအစီအစဉ်မှာတော့ ဂီတမှူး မီရာမိုရ် ဦးဆောင်တဲ့ ဂီတကဗျာအဖွဲ့ သားများ တီးခတ်ပေးမှုနဲ့ သီချင်းတွေ ဆက်လက်သီဆိုပေးခဲ့ပြီး ဂီတကဗျာနဲ့ ဖျော်ဖြေ တဲ့အစီအစဉ်မှာ ဟာမိုနီကိုလည်း ဂီတကဗျာအဖွဲ့သားများက မြိုင်မြိုင်ဆိုင်ဆိုင် သီဆိုပံ့ပိုးပေးခဲ့ကြလို့ နီနီခင်ဇော်ရဲ့ အောင်မြင်တဲ့ သီချင်းတွေက ရုပ်လုံးကြွခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ စင်မြင့် အပြင်အဆင်ကိုလည်း LED ကို အနောက်ဘက်မှာပဲ ဆင်ထား တာ မဟုတ်ဘဲ ဘေးနှစ်ဖက်နှစ်ချက်မှာပါ သီချင်းနဲ့ လိုက်ဖက် တဲ့အရုပ်တွေ ပံ့ပိုးပေးထားလို့ သီချင်းတွေကို ပိုပြီး ပုံဖော်နိုင် ခဲ့ပါတယ်။ ဒါကြောင့်မို့လို့ အားပေးတဲ့ ပရိသတ်တွေကလည်း သူတို့ချစ်တဲ့ အဆိုတော် နီနီခင်ဇော်က တကယ်ဆိုနိုင်၊ ဆို






www.burmeseclassic.com

www.burmeseclassic.com











www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့ အဆိုတော်ဆိုတာ ပိုပြီး ပေါ်လွင်လာတယ်လို့ ဂုဏ်ယူဝင့်ကြွားစွာ ပြောခဲ့ကြပါတယ်။

တောက်လျှောက် တစ်ပိုင်းနဲ့တစ်ပိုင်း ပုံစံမတူအောင် ဝတ်စုံကိုလည်း တစ်မျိုးပြီးတစ်မျိုး ဝတ်ဆင်ကာ အကောင်းဆုံး ဖျော်ဖြေတင်ဆက်မှုနဲ့ သူ့ရဲ့ ပထမဦးဆုံးတစ်ကိုယ်တော် ဖျော်ဖြေပွဲကို တစ်မူထူးခြားစွာနဲ့ အကောင်းဆုံး တင်ဆက်နိုင်ခဲ့ပါတယ်။ စတုတ္ထပိုင်း အစီအစဉ်ကို စတင်တဲ့အခါ အောက်ဆီဂျင်တေးဂီတအဖွဲ့က ပြန်လည်တီးခတ်ပေးခဲ့ပြီး သီချင်းငါးပုဒ် ထပ်မံသီဆိုဖျော်ဖြေပေးခဲ့ပါတယ်။ သီချင်းတချို့မှာ အကအဖွဲ့တွေရဲ့ ပံ့ပိုးမှုတွေနဲ့ နီနီခင်ဇော် ကိုယ်တိုင်လည်း သီချင်းဆိုရင်း ကပြပေးခဲ့ပြီး တချို့သီချင်းတွေမှာတော့ အကမပါဘဲ အကောင်းဆုံးသီဆို ဖျော်ဖြေပေးနိုင်ခဲ့ပါတယ်။ နီနီခင်ဇော်ရဲ့ RED Volution လို့ အမည်ပေးထားတဲ့ တစ်ကိုယ်တော် ဖျော်ဖြေပွဲက Tempo မကျသွားဘဲ တဖြည်းဖြည်းချင်း Tempo ဆွဲတင်သွားကာ ဖျော်ဖြေမှုနောက် ပရိသတ်တွေ လိုက်ပါစီးမျောနိုင်အောင် အကောင်းဆုံး ဖျော်ဖြေတင်ဆင်ပေးနိုင်ခဲ့ပါတယ်။

စတိတ်စင်နှစ်ခု၊ တီးဝိုင်းနှစ်ဝိုင်းနဲ့ ဖျော်ဖြေခဲ့တဲ့ နီနီခင်ဇော်ရဲ့ပွဲက အောင်မြင်မှုများစွာ ရခဲ့တဲ့ပွဲဖြစ်ခဲ့တာကြောင့် နီနီခင်ဇော်ရဲ့ ဂီတသမိုင်းမှတ်တိုင်ကို လှလှပပ စိုက်ထူနိုင်ခဲ့တယ်လို့ ပြောရမှာဖြစ်ပါတယ်။


■ လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com

'ကျွန်တော့် ဝါသနာက
သရုပ်ဆောင်လေ။ ဒါပေမဲ့
အပြင်လောကအနေနဲ့ ဒီအနု
ပညာလောကထဲသွားဖို့က
မဖြစ်နိုင်ဘူး။ ဒီတော့ ကျွန်တော်
စဉ်းစားတယ်။ Social Network တွေ
ခေတ်စားလာတဲ့အချိန်မှာ ကျွန်တော်
လုပ်ကြည့်တယ်။ တဖြည်းဖြည်းနဲ့
လူသိလာတယ်။ အဲဒီမှာ ကျွန်တော့်
အိပ်မက်တွေလည်း တဖြည်းဖြည်းနဲ့
အကောင်အထည်ပေါ်လာတယ်'ဟု
ပြောကြားသူ ကယ်လ်ဗင်က Facebook မှ
တစ်ဆင့် သူ၏အနုပညာများကို တတ်စွမ်း
သမျှ ချပြရင်း Like များစွာ၊ ပရိသတ်
များစွာရရှိပြီး Media-7 မှ Online Mini
Series အတွက် ကမ်းလှမ်း ခေါ်ယူခြင်းခံရသူ





# Facebook ကတစ်ဆင့် အိပ်မက်
# အကောင်အထည်ဖော်ခွင့်ရသူ

မနိုးသူ



www.burmeseclassic.com


www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သရုပ်ဆောင် ဖူးငုံဖွင့်သစ် ကယ်လ်ဗင်၏ လူငယ်ပီပီ၊ လူငယ်စိတ်ကူးနှင့် လွတ်လပ်သည့် အနုပညာလှုပ်ရှားမှုများကို အကဲခတ်ကြည့်မိရာတွင်…။

**အိပ်မက်တွေ အွန်လိုင်းကတစ်ဆင့် အကောင်အထည်ပေါ်လာတယ်ဆိုတော့ နဂိုကတည်းက ဒီလိုအွန်လိုင်းကတင်ရင် ဖြစ်လာနိုင်တယ်ဆိုတဲ့ မျှော်လင့်ချက်တော့ ရှိခဲ့တယ်ပေါ့။**

မျှော်လင့်ချက်ရှိခဲ့ပါတယ်။ ကျွန်တော် မျှော်လင့်ချက်ကြောင့်ပဲ ကြိုးစားနေတာပါ။

**အွန်လိုင်းမှာက ကိုယ့် Idea နဲ့ကိုယ် တင်တာထက်စာရင် အခုက အနုပညာရှင်**



**တွေနဲ့ဆိုတော့ တာဝန်ပိုကြီးလာပြီပေါ့။**

တာဝန်ကတော့ ပိုကြီးပါတယ်။ ကိုယ့်ထက် စီနီယာကျတဲ့သူတွေဆိုတော့ ကိုယ့်ဘက်က ပြင်ဆင်ရတာတွေ တာဝန်တော့ ကြီးပါတယ်။ ကျွန်တော်တင်တဲ့ ကိုယ်ပိုင်ဗီဒီယိုဖိုင်တွေက ကိုယ့်ဟာကိုယ် ကြိုက်သလိုလုပ်လို့ရတယ်။ ဒီဒိုင်ယာလော့ခ် မပြောချင်ရင် နောက်ဒိုင်ယာလော့ခ် ပြောလို့ရတယ်။ ဒီမှာကျတော့ အဖွဲ့နဲ့ဆိုတော့ ဘောင်ထဲကနေ လုပ်ရမှာဆိုတော့ အခက်အခဲတော့ ရှိပါတယ်။

**အရင် ကိုယ်ပိုင်တင်တဲ့ ဗီဒီယိုအတွက် ဇာတ်လမ်းတွေ ဘယ်လိုစဉ်းစားရလဲ။ ကိုယ်ပိုင် Idea ပဲလား၊ ဘယ်သူတွေကရော ဝိုင်းကူခဲ့ကြလဲ။**

အများအားဖြင့် တော့ ကျွန်တော့် Idea ပါပဲ။ ဘေးက Supporting တွေလည်း ရှိပါတယ်။ သူတို့က ဝိုင်းစဉ်းစား အကြံပေးကြတယ်။ အားလုံး ဝိုင်းစဉ်းစား အကြံပေးပြီးမှ Video ကောင်းလေးတစ်ခု ဖြစ်လာတာပါ။ ပြီးတော့ ကျွန်တော်တင်ရင်လည်း Quality ပဲ တင်တာလေ။ ကျွန်တော်ကိုယ်တိုင်ကြိုက်မှကို တင်တာပါ။ မကြိုက်ရင် ချက်ချင်း ဖျက်ပစ်တယ်။

**အဲဒီစိတ်ကူးကို ဘယ်အချိန်ကစပြီး တကယ်လုပ်ဖြစ်တာ ဘယ်အချိန်ကလဲ။ ကိုယ့်ရင်ထဲက အနုပညာကို ဘယ်အချိန်က စ,သိတာလဲ။**

၂၀၁၅ ခုနှစ် ဒီဇင်ဘာလက စ,လုပ်ခဲ့တယ်။ အရှေ့

www.burmeseclassic.com

ပိုင်းမှာတော့ စဉ်းစားစီစဉ်၊ ကြိုတင်လုပ်ခဲ့တာပါ။ ကျွန်တော့်မှာ မျိုးရိုးလည်းမရှိပါဘူး။ ဆယ်တန်းပြီးကတည်းက ဒီအနုပညာ စ,လုပ်ဖို့ ဆုံးဖြတ်ခဲ့ပေမဲ့ အခွင့်အရေး မရှိခဲ့ဘူး။ နောက်ပိုင်း Social Network တွေ ပေါ်လာမှ၊ ခေတ်စားလာမှ ကျွန်တော့် ဆန္ဒတွေ ပြည့်ခဲ့တာပါ။

**တင်ခဲ့တဲ့ ဗီဒီယိုဖိုင် ဇာတ်လမ်းတွေ၊ ဖန်တီးမှုတွေအတွက် သင်တန်းမတက်ဖူးဘူးဆိုတော့ ဘယ်အရာတွေကနေ သင်ယူလေ့လာခဲ့လဲ။**

အဓိက,ကတော့ ဘဝအတွေ့အကြုံပေါ့။ ကျွန်တော့်ရှေ့မှာဖြစ်နေတာတွေကို ကြည့်တယ်။ ဒါလေးကို ဒီလိုဟာသဖောက်ရင်း ဒါလေးကိုတော့ ပညာပေးပုံစံနဲ့ သွားမယ်စသဖြင့် လုပ်ခဲ့တာပေါ့။

**အခု Media 7 က လာကမ်းလှမ်းတော့ ချက်ချင်းလက်ခံဖြစ်တာလား၊ စာချုပ်ချုပ်ဖြစ်တဲ့ပုံစံက...။**

ကျွန်တော်ကြည့်တယ်၊ ကျွန်တော်ကြိုက်တယ်၊ လက်ခံလိုက်တယ်။ အဓိက,ကတော့ နံပါတ်တစ် ကျွန်တော်စဉ်းစားတာက ကျွန်တော်ကြိုက်တယ်ဆိုတာထက် ကျွန်တော့် ပရိသတ်ကြိုက်ထိမ့်မယ်လို့ မျှော်လင့်တယ်။ ဒီဟာက အကောင်းဆုံးများဖြစ်သွားမလားပေါ့။ အဓိက,ကတော့ လူတွေက စိတ်ညစ်ရတာများတဲ့အပေါ်မှာ ကျွန်တော့် ဗီဒီယို ကြည့်ပြီး ပျော်သွားရမယ်။ ကျွန်တော် ဒီစိတ်တစ်ခုတည်းနဲ့ပါပဲ။ ဒါလေးကလည်း အပျော်ပဲသွားမှာဆိုတော့ ကျွန်တော် လက်ခံလိုက်တာပါ။

**အခုက တစ်နှစ်စာချုပ်နဲ့ Online Mini Series အတွက်ဆိုတော့ ဇာတ်လမ်းတွေများမယ်။ ဟာသပဲလား။ ဘယ်လို ဇာတ်ရုပ်တွေ၊ ဇာတ်လမ်းတွေလို့ သိရပြီလား။**

ကျွန်တော် ဟာသချည်းပဲ သီးသန့်သွားဖို့ ဆုံးဖြတ်ထားတယ်။ ဒါပေမဲ့ ကိုမြင့်မြတ်နဲ့ တစ်ကားတော့ ပါတယ်။ အဲဒါက ဟာသချည်းပဲ မဟုတ်ဘဲနဲ့ ဒရာမာလည်းပါမယ်။ အဲဒါကတော့ ရုပ်သံလိုင်းက ပြမှာပါ။

**ကယ်လ်ဗင်ရဲ့ အဓိက ရည်ရွယ်ချက်က ပရိသတ်ကို ပျော်စေချင်တဲ့ ဟာသသရုပ်ဆောင်ပဲ ဖြစ်ချင်တာလား။ အခု လုပ်ခွင့်ရပြီဆိုတော့ ဘယ်လိုသရုပ်ဆောင် ဖြစ်ချင်သေးလဲ။**

ကျွန်တော် ဟာသသရုပ်ဆောင်ပဲ ကြိုက်တာပါ။ အဓိက,ကတော့ လူတွေ ပျော်သွားရမယ်။ အတည်ကြီးတွေ မရိုက်ဘူးတော့ မဟုတ်ပါဘူး၊ ရိုက်မယ်။ ဒါပေမဲ့ ဟာသဘက်ကို ပိုအားသန်တယ်ပေါ့။ လူတွေက စိတ်ညစ်ရတာများနေတယ်။ ခုချိန်မှာ ပိုဆိုးတယ်။ ကျွန်တော့် ဗီဒီယိုကို ကြည့်လိုက် ပျော်စေရမယ်။ ကျွန်တော့် ရုပ်ရှင်ကိုကြည့်လိုက် ပျော်စေရမယ်။ ဒီတော့ ကျွန်တော် ဟာသပဲလုပ်ဖြစ်ဖို့ များတယ်။ ၁၀၀ ရာခိုင်နှုန်းပေါ့။

**အခုဆိုရင် အဖွဲ့နဲ့၊ စာချုပ်နဲ့ ဖြစ်လာပြီဆိုတော့ Idea တွေရော ပြောပြခွင့်ရှိဦးမလား။ ကိုယ်ပိုင်ဇာတ်လမ်း ထပ်ထွက်လာဦးမှာလား။**

ရတယ်။ ပြောလို့ရတယ်။ ကျွန်တော်တို့က TeamWork နဲ့ လုပ်မှာဆိုတော့ ကောင်းတာတွေ ညှိကြမယ်။ ကိုသားညီဆိုတာကလည်း ကိုယ့်ထက်အများကြီး ဆရာကျတဲ့သူပါ။ စီနီယာလည်း ဖြစ်တယ်။ ကျွန်တော်တို့ အကောင်းဆုံး ကြိုးစားကြမှာပါ။

ကယ်လ်ဗင်က မိမိကို ဆက်လက်အားပေးကြစေချင်ကြောင်း၊ အသစ်တွေအများကြီး လုပ်ပြီးမှာဖြစ်ကြောင်း၊ အားပေးမှုအတွက်လည်း ကျေးဇူးတင်ကြောင်း၊ ထပ်ပြီးလည်း အားပေးပါဟုလည်း ပြောပြခဲ့သည်။ ပထမဆုံး Online Mini Series အနေနှင့် ၇ မိနစ်စာ သင်္ကြန်ဇာတ်လမ်းတွဲ ရိုက်ကူးပြီးစီးပြီဖြစ်ပြီး Online မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

■ **မန်းသူ**





www.burmeseclassic.com

www.burmeseclassic.com



# အရိုးထဲထိစွဲခဲ့တဲ့ ဂီတနဲ့ ချောငယ်

**မနီးသူ**

*'စိတ်ကူးလေးပါပဲ၊ အိပ်မက်လေးပါပဲ၊ မကြာခင် လွင့်ပျောက်သွားမယ့် အတွေးငယ်လေးရယ်...'* ဆိုသည့် သီချင်းက ပရိသတ်အရွယ်စုံ၊ ကလေး၊ လူကြီးမရွေး နှုတ်ဖျားထက် ရောက်ခဲ့သည့် သီချင်းတစ်ပုဒ်။ ရေးသူကလည်း ပရိသတ်အသိအမှတ် ပြုထားသည့် တေးရေး၊ တေးဆို ဝန၊ သီဆိုသူက ချောငယ်။ ပထမဆုံး တစ်ကိုယ်တော် တေးစီးရီးတွင် စီးရီး Title လည်းဖြစ်သည့် *စိတ်ကူးလေးပါပဲ* နှင့် ပရိသတ် ရင်းနှီးပြီးဖြစ်သည့် ချောငယ်က ဒုတိယတေးစီးရီးပင် ထပ်မံထွက်ရှိနိုင်ခဲ့ပြီ ဖြစ်သည်။

'ညီမက ငယ်ငယ် ကတည်းက ဂီတကို ဝါသနာ ပါတယ်။ အရိုးထဲထိစွဲအောင် ကို ဝါသနာပါတယ်ဆိုတော့ ဒီဟာကိုပဲ လုပ်မယ်ဆိုတဲ့စိတ်နဲ့ ဒီလောကထဲကို ဝင်လာခဲ့တာပါ' ဆိုသည့် ချောငယ်နှင့် ဖူးငုံပွင့်သစ် ကဏ္ဍအတွက် တွေ့ဖြစ်ခဲ့ကြသည်။

**အနုပညာတွေက ခုခေတ်မှာ မျိုးစုံရှိကြတော့ ညီမက ဘယ်အနုပညာ**

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

**စတင်ခဲ့လဲ။**
**ဂီတကိုရော ဘယ်အချိန်က**
**စလုပ်ဖြစ်တာလဲ။**
ညီမက ဂီတနဲ့ပဲ စ,ဝင်
လာတာပါ။ ၂၀၁၂ ခုနှစ်က
စ,ခဲ့တာပါ။
***စိတ်ကူးလေးပါပဲ* က**
**ပထမဆုံးအခွေဖန်တီးမှုပဲလား။**
**အရှေ့ပိုင်းမှာရော**
**တစ်ကိုယ်တော်မဟုတ်တဲ့**
**အဖွဲ့အခွေတွေများ**
**လုပ်ဖူးသေးလား။**
**ပြိုင်ပွဲတွေရော**
**ပြိုင်ခဲ့သေးလား။**
ဟုတ်ကဲ့။
*စိတ်ကူးလေးပါပဲက*
ပထမဆုံး အခွေပါပဲ။
ဒါပေမဲ့ ညီမက
နယ်မှာတော့ ပြိုင်ပွဲတွေ
ဝင်ပြိုင်ဖူးတယ်။
ရန်ကုန်ရောက်မှတော့
ဒီအခွေက ပထမဆုံးပါပဲ။
**ဂီတအတွက် အသံ၊**
**တူရိယာပိုင်းသင်တန်းတက်**
**တာမျိုးရှိလား။ ဘယ်လို**
**လေ့လာဆည်းပူးလဲ။**
ချောငယ် သင်တန်းတော့
မတက်ဖူးပါဘူး။ ဒါပေမဲ့
ချောငယ်က နယ်မှာ
ခရစ်ယာန် အသိုင်းအဝိုင်းနဲ့
နေရတာများတယ်လေ။
ညီမကတော့
ဗုဒ္ဓဘာသာပါ။
ခရစ်ယာန်တွေက ဂီတနဲ့
လုံးဝမစိမ်းကြဘူးလေ။
သူတို့နဲ့သွားရင်းလာရင်းနဲ့
သူတို့ ဘယ်လိုတွေ
ဆိုကြတယ်၊ ဘယ်လို
တီးကြလဲဆိုတာတွေက
ချောငယ်အတွက်
သင်ယူမှုအတွက်
အထောက်အကူဖြစ်ပါ
တယ်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com

TV Channel တွေကလာတဲ့ အဆိုပြိုင်ပွဲတွေမှာ တချို့ဒိုင်တွေရဲ့ Comment တွေဆို ညီမတို့ မှတ်သားထားရတာ ရှိပါတယ်။ သီးသန့်သင်တန်းတော့ မတက်ခဲ့ပါဘူး။

**ပထမဆုံး အတွေ့အကြုံဆိုတာမှာ ခက်ခဲမှု၊ စိန်ခေါ်မှု၊ ဆုံးရှုံးမှုတွေ ရှိခဲ့မှာပဲလေ။**

အခက်အခဲဆိုတာကတော့ အထူးအထွေ ပြောစရာ မရှိပါဘူး။ ဒါပေမဲ့ ညီမက ပထမဆုံးအခွေမှာ ဘာမှ နားလည်ခဲ့ဘူး။ ဆိုလိုတာက ဒီလောကနဲ့ အစိမ်းသက်သက်ကြီးလေ။ ဒီတော့ အခက်အခဲဆိုတာတွေကို တွေ့ရပြီးအများကြီးရှိတယ်။ ဖြစ်ချင်စိတ်တစ်ခုတည်းနဲ့လုပ်ခဲ့ရတာပါ။

**ညီမက သီချင်းတွေမှာ ကိုယ်တိုင်ပါဝင် သရုပ်ဆောင်တာတွေ့ရတယ်။ သရုပ်ဆောင်ရေး အစီအစဉ်ရှိလား။**

အစီအစဉ်တော့ မရှိပါဘူး။ ဒါပေမဲ့ သူငယ်ချင်းအခွေတွေမှာဆို ဝင်သရုပ်ဆောင်ပေးဖြစ်တယ်။ သရုပ်ဆောင်လိုင်းသက်သက်ကြီးတော့ မလုပ်ဖြစ်ပါဘူး။

**ချောငယ်က ဘယ်လိုအဆိုရှင်မျိုး ဖြစ်ချင်တာလဲ။**

ညီမကတော့ ဖြစ်နိုင်ရင်တော့ အရာရာပြီးပြည့်စုံပြီး အောင်မြင်တာတော့ အကောင်းဆုံးပေါ့နော်။ ဒါပေမဲ့ အားလုံးကတော့ လူတိုင်းက အရာရာ မပြည့်စုံနိုင်ဘူး။ ညီမက အရာရာပြည့်စုံ အောင်မြင်သူဖြစ်ချင်ပေမဲ့ ဘုရားပေးသလောက်ပါပဲ။ အစွမ်းရှိသလောက်ပါ ဒါပေမဲ့ ညီမ အစွမ်းအစ ရှိသလောက်တော့ ကြိုးစားပါတယ်ရှင့်။

**ချောငယ်ကို စိတ်ကူးလေးပါပဲနဲ့ ပိုသိလား။ ဘယ်လိုအနေနဲ့ သိကြတာများလဲ။**

ပြောရမယ်ဆိုရင်တော့ အရင်တုန်းကဆိုရင်တော့ *စိတ်ကူးလေးပါပဲ* နဲ့ ပိုသိတယ်။ အခုနောက်ပိုင်းမှာတော့ ကိုယ့်ကို မြင်တာနဲ့ 'ချောငယ်'လို့ ပိုသိလာကြပြီ။

**ချောငယ်နဲ့ *စိတ်ကူးလေးပါပဲ* ကို ကွဲပြားလာပြီဆိုတဲ့သဘောပေါ့။**

ဟုတ်ပါတယ်။

**ရှေ့ဆက်ပြီး ဖြတ်သန်းသွားမယ့်ပုံစံ…။**

ခုချိန်မှာ ကိုယ်က အခွေလေးတစ်ခွေ ထွက်ထားရုံနဲ့တော့ အဆိုတော်လို့တော့ ပြောလို့မရပါဘူး။ ကိုယ့်ရဲ့ အောင်မြင်မှုဆိုတာ ရှိသေးတယ်။ ညီမရဲ့ ဒီအခွေအောင်မြင်မှုက ညီမကို အဆိုတော်တစ်ယောက်ဖြစ်အောင်လောက်ထိတော့ မရရှိသေးဘူးပေါ့နော်။ ဒါပေမဲ့ ညီမကို လူသိတယ်။ ချောငယ်ဆိုတာကို လူသိတယ်။ *စိတ်ကူးလေးပါပဲ* ကို လူသိတယ်။ ဒီလောက်ပါပဲ။ ဒီထက်ပိုအောင်မြင်အောင်လို့ အများကြီး ကြိုးစားရမှာပါရှင့်။

ချောငယ်က ဒုတိယ တစ်ကိုယ်တော် တေးစီးရီးကိုလည်း အကောင်းဆုံး ပြင်ဆင်ဖန်တီးခဲ့ပြီး သီချင်းများကို စိတ်တိုင်းမကျမချင်း အထပ်ထပ် သီဆိုအသံသွင်းခဲ့ကြောင်း၊ တချို့ သီချင်းများဆိုလျှင် တစ်လခန့် ကြာမြင့်ခဲ့ကြောင်း ဆိုပါသည်။ ■


**မန်းသူ**





www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com




# မြန်ခြင်း၊ မမြန်ခြင်းဟာ ကိုယ့်ရဲ့ အလုပ်လုပ်ခြင်းပေါ်မှာပဲ မူတည်တယ်

**လင်းနိုင်ဦး**

အောင်မြင်မှုရနေတဲ့ ဒါရိုက်တာ ပြည်ဟိန်းသီဟက ကွယ်လွန်သွားပြီဖြစ်တဲ့ ဒါရိုက်တာ ဘိတ်ကလာတဲ့ ငံပြာရည်ရဲ့မြေးဖြစ်ပြီး ဒါရိုက်တာ သီဟကျော်စိုးရဲ့ တူအရင်း ဖြစ်ပါတယ်။ ပြည်ဟိန်းသီဟကို Celebrity ရုပ်ရှင် ထုတ်လုပ်ရေးအတွက် ရိုက်ကူးပေးသွားမယ့် **ရွာခံအုတ်ကြီး** ရုပ်ရှင် ဇာတ်ကား ကန်တော့ပွဲပေး အခမ်းအနားမှာ သူ့ရဲ့ အနုပညာခံယူချက်နဲ့ လှုပ်ရှားသွားမယ့် အနုပညာ အစီအစဉ်များနဲ့ ပတ်သက်ပြီး မေးကြည့် ဖြစ်ခဲ့ပါတယ်။

**ကိုပြည်ဟိန်းသီဟရေ ရွာခံအုတ်ကြီး ရိုက်ဖြစ်တာလေး အရင်ဆုံးပြောပြပါဦး။**

**ရွာခံအုတ်ကြီး** ဆိုတာက ငယ်ငယ်လေးကတည်းက ဒီရွာမှာပဲမွေးတယ်။ ဒီရွာမှာပဲ ကြီးပြင်းတယ်။ ကျွန်တော်တို့တစ်ခုခုဖြစ်ရင် ပြောတတ်တာတွေရှိတယ်လေ။ ငါက ဒီရွာခံ သူရိုက်ဖြစ်တယ် ပြောသလိုမျိုး ပြေတီဦးကလည်း ငါက ဒီရွာခံ အုတ်ကြီး၊ ဒီရွာမှာ မွေးလာတဲ့ကောင်ဆိုတဲ့ Theme လေးကို ယူထားတာပါ။

**ပြည်ဟိန်းသီဟက ရုပ်ရှင်လောကကို ဘယ်နှခုနှစ်က ဘယ်လိုနဲ့ စရောက်ခဲ့တာလဲ။**

ဗီဒီယိုအနေနဲ့ ဝင်ရောက်လာတာတော့ ကျွန်တော့် အသက် ၁၆၊ ၁၇ နှစ် လောက်ကပါ။ ရုပ်ရှင်ဒါရိုက်တာအနေနဲ့ ဝင်လာတာကတော့ ၂၀၁၄ က စ,တာပါ။ ကြားထဲမှာ လှုပ်ရှားခဲ့တာတွေ အများကြီးရှိပါတယ်။

**၂၀၁၄ ကနေ ၂၀၁၇ အတွင်း ရုပ်ရှင် ဘယ်နှကားလောက် ရိုက်ပြီးသွားပြီလဲ။**

ကားပေါင်း ၃၀ ကျော်သွားပါပြီ။ ရုံတင်ပြီးတာတော့ ၃ ကားပဲ ရှိပါသေးတယ်။ **ဘောစိ၊ မင်းလည်းဘိုကေ ငါလည်းဘိုကေ** နဲ့ **ကြီးကြီးကျယ်ကျယ်**ပါ။

**ကိုပြည်ဟိန်းသီဟက မြန်မြန်ပြီးအောင် ရိုက်နိုင်တာ ဝေဖန်စရာဖြစ်နေတယ်နော်။**

အနီးစပ်ဆုံး ပြောပြရမယ်ဆိုရင် မနေ့ကပဲ MRTV-4 က အန်ကယ် ဦးဝင်းမော်က မေးသေးတယ်။ MRTV-4အတွက် ဇာတ်လမ်းတွဲ ရိုက်လိုက်တာ သူတို့ခွဲပေးထားတဲ့ ပုံမှန်ရိုက်ရက်ထက် ၈ ရက်စောပြီး ရိုက်ပြီးသွားတယ်။ စောပြီးသွားတော့ ဦးဝင်းမော်က ကျွန်တော့်ကို လှမ်းမေးတယ်။ ကိုပြည်ဟိန်းသီဟ ကွန်ဂရက်ကျူလေးရှင်းပါတဲ့။ ချောင်းသာမှာ ၈ ရက်စာ Crew တစ်ခုလုံး ငှားထားရတာ စောပြီးသွားတဲ့အတွက် ၈ ရက်စာ စောပြီးအောင် ဘယ်လိုရိုက်ခဲ့သလဲတဲ့။ ကျွန်တော် ဒီနေ့ Meeting မှာ အလျဉ်းသင့်ရင် ချပြချင်လို့ပါတဲ့။ ကျွန်တော်က ပြောလိုက်တယ်။ အန်ကယ် ဦးဝင်းမော် ကျွန်တော်တို့ ကားတစ်ကားရိုက်တဲ့နေရာမှာ အမြန်ပြီးသွားတယ်ဆိုတာက အလုပ်လုပ်တဲ့ အပေါ်မှာ မူတည်ပါတယ်။ ချောင်းသာမှာ




www.burmeseclassic.com

www.burmeseclassic.com

ရိုက်တဲ့အခါ မနက် ၆ နာရီ အကုန်အိပ်ရာ ထ,ကြ တယ်။ လုပ်စရာရှိတာ လုပ်ပြီးရင် ၇ နာရီခွဲပြီး မနက်စာ စားပြီး ဆင်း(န)ပေါ် ဝင်တယ်။ ၈ နာရီဆိုရင် စ,ရိုက်ပါပြီ။ ညနေ ၆ နာရီအထိ ဆင်ထားတဲ့ ဆင်း(န)အတိုင်း အပြည့်ရိုက်တယ်။ ကြားထဲမှာ ထမင်းစားချိန် နားတာပဲ ရှိတယ်။ စကားပြောနေတာတို့၊ တခြား ဗာဟီရကိစ္စတို့ ဘာမှ မရှိဘူး။ ရိုက်ကူးရေး တစ်ခုမှာပဲ အားထည့်ထားတာ အဓိကပါ။ နောက်တစ်ခါ ရိုက်ကူးရေးအဖွဲ့တွေကို ကျွန်တော် စည်းရုံးထားတယ်။

MRTV- 4 က Crew တွေကလည်း ချောင်းသာမှာ ဖြစ်တဲ့အတွက် ညနေ ၄ နာရီခွဲ ၅ နာရီထိုးရင် ရေကူးချင်တယ်၊ ဘောလုံးကန်ချင်တယ်။ အဲဒါကြောင့် သူတို့ကို မနက်ပိုင်းမှာ ငါ ၃ ဆင်း(န) ပြတ်အောင်ရိုက်မယ်။ မင်းတို့ မခိုမကပ်ဘဲ အလုပ်လုပ်ပြီးတော့ ၃ ဆင်း(န) ပြီးအောင် ရိုက်နိုင်ခဲ့ရင် ညနေ ရေကူးဖို့၊ ဘောလုံး ကန်ဖို့ အနားပေးမယ်။ ၃ ဆင်း(န)မပြီးရင်တော့ မင်းတို့ ဘယ်သူမှ မဆော့ရဘူး။ ပြီးအောင်တော့ ရိုက်ရမယ်ဆိုတော့ အကုန်လုံးက ထရော်လီတွေ ဝိုင်းရွှေ့ကြ၊ ခိုနေတာတို့၊ ဖုန်းစ်ဘွတ်ခ်သုံးနေတာတို့ လုံးဝ မရှိဘူး။ သူတို့ ရေကူးလို့၊ ဘောလုံးကန်လို့ပြီးသွားပြန်ရင် ည ၆ နာရီလောက်က စပြီး ၉ နာရီလောက်ထိ ဆက်ရိုက်ကြတယ်။

ပြောရမယ်ဆိုရင် မြန်ခြင်း၊ မမြန်ခြင်းသည် အလုပ်လုပ်တာနဲ့ပဲ ဆိုင်တယ်။ ဥပမာ ရုပ်ရှင်ကားတစ်ကားကို ရက် ၂၀၊ ၂၅ လောက်နဲ့ ရိုက်မယ်။ ဆင်း(န)ပေါ် ရောက်တာက ၁၁ နာရီလောက်မှဖြစ်ပြီး တော်ကီတွေ ပွားနေမယ်၊ စားနေမယ်၊ သောက်နေမယ်ဆိုရင် အချိန်ဖြုန်းတာနဲ့ ရက် ၂၀ နဲ့ ပြီးနိုင်ဖို့ မလွယ်ဘူး။ ဒါကြောင့် မြန်ခြင်း၊ မမြန်ခြင်းဟာ ကိုယ့်ရဲ့ အလုပ်လုပ်ခြင်းနဲ့ပဲ မူတည်တယ်။ တစ်ခုအားသာတာက ဟာသကားဖြစ်တဲ့အတွက် ဟာသကားရိုက်တဲ့သူတွေကို မေးကြည့်ပါ။ ဟာသကားက မြန်ကိုမြန်တာ။ ဘာဖြစ်လို့လဲဆိုတော့ ဟာသကားမှာ Camera Work ကို သိပ်ဦးစားပေးစရာ မရှိဘူး။ ဒရာမာကားတွေမှာ ကြာတယ်ဆိုတာက ဇာတ်သဘောအရကို ကြာတာပါ။ ဇာတ်သဘောအရ Lighting ချိန်ရတာရှိမယ်။ Camera Work ရှိမယ်။ ကရိန်း၊ ထရော်လီဆင်ရတာရှိမယ်။ ဟာသကျတော့ ကင်မရာ Creation ကို သိပ်အသားပေးစရာမလို ဘူး။ ဟာသပလော့ကိုပဲ ဦးစားပေး





www.burmeseclassic.com

www.burmeseclassic.com

ရလို့ မြန်တာလည်း ပါတယ်။ ကျွန်တော်ရိုက်တဲ့ **ထာဝရ မေမေ** ဒရာမာကားဆိုရင် ၁၅ ရက်ကျော်ကြာတယ်။ ဒရာမာဖြစ်လို့ သရုပ်ဆောင်တွေ ငိုဖို့တန် ပို ချိန်းပေးရတယ်။ ကျွန်တော်က မျက်ရည်ကို တိုက်ရိုက်တန်းကျစေချင်တယ်။ မျက်ရည်ထည့်တာ မလိုချင်ဘူး။ ဒီ့အတွက် အချိန်ပေးရတယ်။ ဒါတောင် ကိုခန့်တို့၊ ကြေးစိုးတို့မို့ တော်သေးတာ။ ဟာသက ဇာတ်ပေါ်မူတည်ပြီးတော့လည်း မြန်တာပါပါတယ်။

**မြန်လို့ ပိုပြီးရိုက်နေရတာလား။ မြန်တဲ့အတွက် သရုပ်ဆောင်တွေရော၊ ပရိဂျူဆာတွေရော ကြိုက်တာလား။**

မြန်လို့ရယ်လို့ မဟုတ်ပါဘူး။ ထုတ်လုပ်ရေးတွေနဲ့ ကားပြောဖြစ်တဲ့အခါ ကားတစ်ကားအတွက် ရက်ဘယ်လောက်ယူမလဲတဲ့။ ကျွန်တော် အဲဒီလိုတော့ ကန့်သတ်ချက်မရှိဘူး။ ဒီကားကို ရိုက်တဲ့အချိန်ကတည်းက အကောင်းဆုံး ဖန်တီးမယ်။ လုံးရိုက်ပြီးသွားတဲ့နေ့ ပြီးပြီပေါ့လို့ သတ်မှတ်ရမယ်။ သွားမယ်ဆိုရင်တော့ ၁၀ ရက်၊ ၁၂ ဂျူတီ၊ နိုက်ဆင်း(န)ပါ ပါမယ်ဆိုရင်တော့ ဂျူတီလောက် ယူလိုက် ကားတစ်ကားအတိုင်း နဲ့ လုံလောက်တယ်။ ဖြစ်လို့လဲဆိုတော့ ရုံမှာပြ လည်း ၂ နာရီ ၁၅ ထက် လို့မရဘူး။ ကျွန်တော် တာက ကျွန်တော်ရိုက် ကားတွေမှာ ဆင်း(န) ၄၀ ဖန်တီးတယ်။ ဒါကတော့ ကျွန်တော့်ရဲ့ Idea, ကျွန်တော့်ရဲ့အတွေးပါ။ တစ်နေ့ကို ကျွန်တော် လေးဆင်း(န)ပဲ ရိုက်တယ်။ လောလည်းမလောဘူး။ အမြန်လည်း မရိုက်ဘူး။

တစ်နေ့ လေးဆင်း(န)စာ အလုပ်လုပ်တဲ့သူအတွက် လုံလောက်တယ်။ ပရိုဂျူဆာအတွက်လည်း ကိုက်တယ်။ သရုပ်ဆောင် အတွက်လည်း ကိုက်တယ်။ လေးဆင်း(န)ကို ညနေ ၃ နာရီမှာ ပြီးသွားရင် အဲဒီနေ့အတွက် ကျွန်တော် ဆက်မရိုက်ဘူး။ သရုပ်ဆောင်တွေရော၊ စက်အဖွဲ့တွေရော အနားပေးလိုက်တယ်။ တစ်နေ့ လေးဆင်း(န) နဲ့ ဆယ်ဂျူတီ ရိုက်သွားမယ်ဆိုရင် ဆင်း(န) လေးဆယ် ပြီးတယ်။ တစ်ဆင်း(န)မှာ သုံးမိနစ်နဲ့ လေးမိနစ်ကြား တင်ပြမှုကို ပြမယ်ဆိုရင် ဆင်း(န)လေးဆယ်နဲ့ လုံလောက်တယ်။ အဲဒီလို Plan ချပြီး စနစ်နဲ့ လုပ်တဲ့အတွက် ကျွန်တော့် ကားသည် ကောင်းလည်းကောင်းတယ်။ ပုံမှန် ဒီနေ့ဒီရက်ဆိုရင် ပြီးတယ်။ နယ်မှာ သွားရိုက်လို့ ပြန်မယ့်သူအတွက်လည်း အချိန်ပေးရတယ်။ နောက်ကားရိုက်ဖို့အတွက်လည်း ဘယ်နေ့မှာ ပြီးမယ်၊ နောက်တစ်ကား ဘယ်နေ့လက်ခံလို့ရတယ် တစ်ခါတည်း ပြောထားပေးတယ်။ နောက်ကားကူးရမှာဖြစ်လို့ လောလောလောလော ရိုက်စရာလည်း မလိုဘူး။ စ,ရိုက်ကတည်းက ဘယ်ရက်ဘယ်ရက်ပြီးမယ်။ ပြန်ဖို့ ကားလက်မှတ်ကအစ၊ ဟိုတယ်စရိတ်ကအစ တစ်ခါတည်း တွက်ချက်ပေးပြီးသား။ **ရွာခံအုပ်ကြီး** သွားရိုက်ဖို့အတွက်ကိုလည်း မသွားခင်ကတည်းက ဘယ်ရက်စ၊ ထွက်မယ်။ ဘယ်သူက ဘယ်မှာနေမယ်။ ဘယ်သူ့ကို ကားငှားပေးရမယ်။ ဘယ်သူက ကိုယ့်ကားနဲ့ကိုယ်လာမယ်။ ဘယ်သူ့ကို ဆီဖိုးပေးရမယ် စသဖြင့် မန်နေဂျာလုပ်ရမယ့်ဟာတွေကို အကုန်လုပ်ပေးထားတယ်။ အဲဒီလို လုပ်ပေးထားတဲ့အတွက် စနစ်လည်းကျတယ်။ မြန်လည်း မြန်တယ်။ Team Work လည်းရှိတယ်။ ဇာတ်သဘောအရ ဒီကားမှာ သရုပ်ဆောင်တွေ အများကြီးပါမှာဖြစ်ပေမဲ့ ဒီလူ့ကို ဒီရက်ခေါ်၊ ဟိုလူ့ကိုတော့ ဘယ်ရက်မှခေါ် ဒီလူမပါဘူးဆိုရင် ပြန်လွှတ်ပြီး ဘယ်ရက်မှာ ပြန်ခေါ်မလဲ။ နယ်မှာဖြစ်လို့ တည်းခိုခန်း စီစဉ်ပေးရမယ်။ ထမင်းစရိတ် စီစဉ်ပေးရမယ်။ အဲဒီအတွက် ကုမ္ပဏီက ကုန်ကျစရိတ်တွေ အများကြီးတက်နိုင်တယ်။ အဲဒါကြောင့် ဇာတ်လမ်းအခန်းစဉ်ဆွဲကတည်းက အပိုင်းဆွဲတယ်။ **ရွာခံအုပ်ကြီး** မှာ ပါမယ့် ဖိုက်စတားအဖွဲ့ဆိုရင် ကျွန်တော်တို့ စ,ရိုက်ပြီး ၅ ရက်နေ့မှ ပါမယ်။ ဒါကြောင့် သူတို့ငါးယောက်ကို ခေါ်မယ်ဆိုရင် သူတို့ ငါးယောက်တင်မဟုတ်ဘဲ နောက်က မိသားစု သို့မဟုတ် အကူငါးယောက်နဲ့ပေါင်းလိုက်ရင် ဆယ်ယောက်ဖြစ်သွားမယ်။ သူတို့ငါးယောက်အတွက် ကျွန်တော် ဟိုတယ် ငါးခန်း စီစဉ်ပေးထားရမယ်။ လူဆယ်ယောက်စာ ထမင်းကျွေးရမယ်။ အဲဒါကြောင့် ကုမ္ပဏီသည် သူတို့မပါဘဲနဲ့ ရိုက်ကွင်းပေါ်မှာ သူတို့ငါးယောက်ကို ခေါ်ထားရမယ်ဆိုရင် ကုမ္ပဏီအတွက်လည်း မကိုက်ဘူး။ ဒါကြောင့် စ,ရိုက်ပြီး ၅ ရက်မြောက်နေ့မှာ ဖိုက်စတားတက်လာမယ်။ ဘယ်အခန်း၊ ဘယ်အခန်း သူတို့ပါတာရိုက်ပြီးရင် ဘယ်ရက်ပြန်မယ်။ အဲဒီလို အစီအစဉ်ဆွဲထားရင် မြန်လည်း မြန်တယ်။ ကုန်ကျစရိတ်လည်း မများဘူး။ ရှိသမျှ သရုပ်ဆောင်တွေကို ပါပါ မပါပါ ရိုက်ကွင်းပေါ်ခေါ်ထားမယ်ဆိုရင်၊ နောက်တစ်ခုက ဒီနေ့ ဘာရိုက်မယ်။ ဘယ်နှဆင်းရိုက်မယ် မသတ်မှတ်ထားဘဲ ဟိုဆွဲရိုက်၊ ဒီဆွဲရိုက် လုပ်မယ်ဆိုရင်တော့ အဆင်ပြေမှာ မဟုတ်ဘူး။ အဲဒါကြာမှာပဲ။

**တချို့ကျတော့ ရှိပါတယ်။ ဘယ်သူ့ကိုမှ ရည်ရွယ်တာတော့ မဟုတ်ဘူး။ ရိုက်ပြီးတဲ့အချိန်မှာ ၃ နာရီခွဲ၊ ၄ နာရီစာဖြစ်နေတာ ဘာကြောင့်လို့ ပြောမလဲ။**

ကျွန်တော့်အနေနဲ့ သုံးသပ်မယ်ဆိုရင် အစီအစဉ်တကျနဲ့ Plan ချပြီး လုပ်စေချင်တယ်။ ကျွန်တော်လည်း ကြားပါတယ်။ ကားဆက်ပြီးတဲ့အချိန်မှာ ငါ့ကားက ရှည်နေလို့ ဘာဖြတ်ရမှန်းမသိဘူး ဖြစ်နေတယ်တဲ့။ ကျွန်တော်ပြောချင်တာက စောစောစီးစီးကတည်းက မတွက်ဘူးလား။ ၂ နာရီ ၁၅ လောက်ပဲ ပြရမယ့်ဟာကို ဘာလို့ အ


www.burmeseclassic.com

www.burmeseclassic.com

ကြီး ရိုက်ထားရတာလဲ။ ဒါနဲ့ပတ်သက်ပြီး ပြောမယ်ဆိုရင် ကျွန်တော့်အဘိုး ဘိတ်ကလာတဲ့ ငံပြာရည်က သင်ပေးထားပါတယ်။ ကျွန်တော်က ဇာတ်လမ်းကိုယ်တိုင်ရေးတဲ့သူဖြစ်တဲ့အတွက်ကြောင့် ဇာတ်ညွှန်းရေးရင်လည်း အချိန်မှတ်ပြီးရေးတယ်။ ဒီတစ်ဆင်း(န)သည် အချိန်ဘယ်လောက်ရှိလဲ။ ၂ နာရီ ၁၅ အတွက် ဆင်း(န)ပေါင်း ဘယ်လောက် ရှိရမယ်။ တစ်ခါတည်းတွက်ထားတယ်။ ရှည်လို့ ပြန်ဖြတ်ရတာ ကျွန်တော့်ကားထဲမှာ တစ်ကားမှ မရှိဘူး။ ကွက်တိနီးပါးပဲ။ ၂ နာရီ ၁၈၊ အလွန်ဆုံး ၂ နာရီ ၂၀ ပဲ။

**ပြီးခဲ့တဲ့ ရက်ပိုင်းတုန်းက ဖေ့စ်ဘွတ်ခ် မသုံးတော့ဘူး။ ရိုက်ဖြစ်တာတွေကို မတင်တော့ဘူးဆိုပြီး ဘာလို့ ရေးထားတာလဲ။**

အဲဒါကတော့ ဆင်ဆာပါ။ နောက်ပိုင်း ကျွန်တော့်ကားတွေ ဆင်ဆာထိလာတာ များတယ်။ ကျွန်တော်ကြားတာကတော့ တိုက်ခိုက်မှုလည်း ဖြစ်ရင်ဖြစ်မှာပေါ့။ ဒီကောင့်ကားတွေ ရုံပေါ်မတက်နိုင်ရေး ကျပ်ပေးလိုက်ဦး၊ လုပ်ပေးလိုက်ဦးဆိုပြီး အချင်းချင်းလော့်နေတာတွေ ရှိတယ်။ ရှင်းရှင်းပြောရင် လော့်တဲ့သူကလည်း လော့်တယ်။ ဖြတ်တဲ့သူကလည်း ဖြတ်တယ်။ ဖြတ်တဲ့ အကြောင်းအရာက ဘာလဲဆိုရင် ဘာမှလည်း ဟုတ်တိပတ်တိမဟုတ်ဘူး။ ကားတစ်ကားမှာဆိုရင် ဇာတ်ဝင်ခန်းတစ်ခန်းမှာ ထွန်းထွန်းက ရွှေသမီး အလာကို လှေကားအောက်မှာ ထိုင်စောင့်နေတယ်။ ရွှေသမီးက မေးတယ်။ 'ဟဲ့ တာတီး နင် ဘာလုပ်နေတာလဲ' ဆိုတော့ ထွန်းထွန်းက 'နင်လာတာကို စောင့်နေတာ' တဲ့။ 'နင်ကလည်းဟယ် စောင့်နေတာက အောက်ကြီးမှာဟယ်' လို့ ပြောတယ်။ လှေကားအောက်မှာ စောင့်တာဖြစ်လို့ 'နင်ကလည်းဟယ် စောင့်နေတာက အောက်ကြီးမှာဟယ်' ကို ဖြတ်ခိုင်းတယ်။ သူတို့ ဘာ သတ်မှတ်နေလို့လဲ မသိဘူး။ ကျွန်တော့်ဟာကျွန်တော် ပြန်ကြည့်ပြီး ငါ ဘာမှားသွားလို့လဲပေါ့။ ကျွန်တော် ထင်တာက ကျပ်နေတဲ့သူ ရှိလို့လား၊ အပြစ်တွေ လိုက်ရှာနေတယ်လို့ ထင်တယ်။ ဇာတ်ကို မကြည့်နိုင်ဘဲ အလုံးတွေကိုပဲ လိုက်ရှာပြီး ကြက်ဥလေးကိုင်ထားတာကိုပဲ ဥလေးကိုင်ထားတာ ချစ်စရာလေး ပြောတာကို ကြက်ဥကိုင်လို့ ပြောတာ ဥလို့ မြင်တာနဲ့ ဖြတ်။ အဲဒီလိုနဲ့ ၂၅ ချက် ဆင်ဆာဖြတ်တော့ ကျွန်တော်တို့ ဖန်တီးတဲ့နေရာမှာ အခက်အခဲတွေ ရှိလာတယ်။ ကားဒရိုင်ဘာက ခရီးသွားရင်း လမ်းဘေးမှာ မအောင့်နိုင်လို့ ရှူးရှူးသွားတယ်ပေါ့။ ဒါကို ကျွန်တော်တို့ နောက်ကပဲ ရိုက်ပြတယ်။ ဒါပေမဲ့ သူ့ဘေးနားမှာက သရဲအခြောက်မကြီး ရှိနေတယ်။ ဒါကို သူမြင်မှာ မဟုတ်ဘူးလေ။ သူ့ဟာသူ သေးထိုင်ပေါက်နေတာကို ဘေးက သရဲမက အယ်မလေးတော့လို့ လုပ်လိုက်တဲ့ ဟာသကို သေးပေါက်တာရိုင်းတယ်၊ ဖြတ်ပေးပါတဲ့။ အဲဒီလို များလာတဲ့အခါကျတော့ ကျွန်တော်လည်း လူပဲ ပေါက်ကွဲတာပေါ့။ ပထမတော့ စိတ်တိုပြီး ဆန္ဒပြဖို့လောက်အထိ စိတ်ကူးတယ်။ ဗိုလ်မှူး သိန်းထွန်းအောင်တို့ရော၊ အန်ကယ်လေးတို့ရော၊ ကိုအုန်းဝင်းတို့ကပါ ဖုန်းလှမ်းဆက်ပြီး ပြောတယ်။ ကောင်လေးရယ် မလုပ်ပါနဲ့။ ဘာဖြစ်လို့လဲဆိုတော့ မင်းလည်း နာမည်ရနေတဲ့အချိန်မှာ ဒါလေးက တစ်ယောက်ကိုတစ်ယောက် ဟဲဗီးကစ်ရမှာမှ မဟုတ်ဘဲ ညှိနိုင်းလို့ အဆင်ပြေမယ့်ဟာပါတဲ့။ ဒါဆိုရင်လည်း အမြန်ဆုံး ဖြေရှင်းပေးပါလို့ ပြောလိုက်တယ်။ အချက် ၂၅ ချက်ကို ဘယ်သူဖြတ်တာလဲဆိုတော့ Member ဝင်တွေတဲ့။ အဲဒီတော့ ဘယ်သူ့ကို ကျွန်တော် သွားပြောရမှန်း မသိတော့ဘူး။ ပြောပြရမယ့်လူ သိတယ်ဆိုရင် ဒါကတော့ ဟာသလေးပဲ ဘယ်လိုလေး ရိုက်ထားတယ်။ ဒါလေးကိုတော့ ဒီလိုခွင့်ပြုပေးဖို့ တောင်းဆိုချင်တာပေါ့။ ဒါပေမဲ့ Member, Memberနဲ့ ဘာလုပ်ရမှန်းမသိဘူး။ လူကြီးတစ်ယောက်ကတော့ လှမ်းပြောပါတယ်။ ကောင်လေးမင်း တော်တော်အောင်မြင်တယ်။ အောင်မြင်တာမှ လူသောက်မြင်ကတ်လောက်အောင် အောင်မြင်တယ်။ အဲဒါကြောင့် အတိုက်အခိုက်တွေက မင်းကို ကျပ်နေတာတဲ့။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကားဆိုရင် ဆင်ဆာတောင်မှ တော်တော်နဲ့ မကြည့်ဘူးလို့ သိရတယ်။ စဉ်းစားကြည့်လေ။ ၁၆ ချက် ဖြတ်ပါဆိုပြီး ပြောလာလို့ ဖြတ်ပေးပြီးတဲ့နောက်မှာ နောက်ထပ် ၄ ချက် ထပ်ဖြတ်တယ်။ ကျွန်တော် ပြောချင်တာက တစ်ခါတည်း အချက် ၂၀ တန်းဖြတ်ပါလား။ ကာလာပြန်လှန်ရတယ်။ DCPပြန်လုပ်ရတယ်။ Mixing ပြန်ဆွဲရတယ်။ အဲဒါတွေ အများကြီးလုပ်ရတာလေ။ ပြင်ပြီးလို့ တင်လိုက်ရင်လည်း ချက်ချင်း ပြန်မကြည့်ပေးဘူး။ ပြန်စောင့်ရတယ်။ ပြန်ကြည့်ပြီး ၄ ချက် ထပ်ဖြတ်ဦးဆိုတော့ ကျွန်တော့်ကားက ရုံပေါ်မတက်တော့ဘူး။ ကျွန်တော် ပြောချင်တာက ကျွန်တော့်ကား ရုံပေါ်မှာ မများစေချင်ဘူးဆိုရင်လည်း ရိုက်ကူးခွင့်ပါ ချမပေးနဲ့တော့။ ကျွန်တော်ကလည်း ဥပဒေဘောင်အထဲကပဲ ရိုက်ကူးခွင့် တင်တယ်။ ကိုယ့်ဟာကိုယ် ရိုက်တယ်။ ပရိုဂျူဆာ အဆင်ပြေလို့ ရိုက်ရတာများလာတော့ အတိုက်အခိုက်တော့ ရှိမှာပဲ။ အဲဒီလို တိုက်ခိုက်တာတွေ များလာတဲ့အတွက် ကျွန်တော့် ဖေ့စ်ဘွတ်ခ်အကောင့်ကို လော့ခ်ချပြီး ပိတ်လိုက်ပြီ။ ကိုယ် ဘာရိုက်နေတယ်၊ ကိုယ် ဘယ်သရုပ်ဆောင်နဲ့ ရိုက်နေတယ်၊ ဘယ်မှာသွားရိုက်နေတယ် ဘာမှမတင်တော့ဘူး။ ကိုယ့်အလုပ်ပဲ ကိုယ်လုပ်တော့မယ်။ ကျွန်တော်လုပ်နေတာသည် ကျွန်တော့်အဘိုးအတွက်၊ ကျွန်တော့်အဘိုးရဲ့ အနုပညာအမွေ ဆက်ချင်လို့ပါ။ ကားရိုက်မှ ထမင်းစားရ



www.burmeseclassic.com

www.burmeseclassic.com



မယ့် လူတန်းစားလည်း မဟုတ်ဘူး။ အဘိုးရဲ့မျိုးဆက် အနုပညာကို ထိန်းသိမ်းချင်တဲ့အတွက်ကြောင့် ဒီအလုပ်ကို ဆက်လုပ်နေတာပါ။ ဝေဖန်တာကို ကျွန်တော် မကြောက်ဘူး။ တိုက်ခိုက်တာများလာတော့ စိတ်ကုန်လာတယ်။ ဘယ်လောက်အထိ တိုက်ခိုက်သလဲဆိုရင် ကျွန်တော် ရိုက်ဖို့ ချိတ်ထားတဲ့ သရုပ်ဆောင်ကို အတင်း မရရအောင် လိုက်ချိတ်တယ်။ ဒါကြောင့် ကိုခင်လှိုင်၊ ကိုဒိန်းဒေါင်၊ မဂွမ်းဆိုရင် ဧပြီလကနေ ဩဂုတ်လအထိ ၅ လစာ ယူထားတယ်။ ဒါ ကျွန်တော် ရိုက်နိုင်လို့ ယူထားတာလေ။ အဲဒီတော့ ဘာပြောလဲဆိုတော့ ပြည်ဟိန်းသီဟက သရုပ်ဆောင်တွေပါ အပိုင်စီးသွားတယ်တဲ့။ သူဦးရင် သူချိတ်လေ။ ၉ ကားစာ ယူထားတယ်။ ကိုယ့်ကားအတွက် ကိုယ်လိုချင်လို့ ချိတ်ထားတာလေ။ အဲဒီရက်တွေထဲမှာ ပျက်သွားရင် သူတို့စရိတ် ကျွန်တော် ပြန်ပေးမယ်။ အခုကားတွေအတွက်လည်း တစ်ခါတည်း ရှေ့ပေးပြီးသား။ သဘောတရားကတော့ ဒီကားမှာ ဒီသရုပ်ဆောင်နဲ့ အံဝင်ခွင်ကျဖြစ်နေတယ်။ ဇာတ်ကောင်နဲ့ အဆင်ပြေရင် လူတိုင်း ချိတ်ကြမှာပဲ။ လိုချင်တယ်ဆိုရင် ကျွန်တော့်ထက် ဦးအောင်ချိတ်ပေါ့။ ပြီးခဲ့တဲ့ကားကဆိုရင် ဓွမ်း မပါဘူး။ မပါဘူးဆိုတာလည်း မရလို့ပါ။ အဲဒါကြောင့် ကျွန်တော့်ကို မေးကြတယ်။ ဒီကားမှာ ဘာလို့ တက္ကသိုလ်ဂွမ်းပုံ မပါတာလဲတဲ့။ တက္ကသိုလ်ဂွမ်းပုံနဲ့လည်း ရာသက်ပန်ရိုက်သွားမယ်လို့ စာချုပ်ချုပ်ထားတာ မဟုတ်ဘူးလေ။ ဒါပေမဲ့ ကျွန်တော့်ထက် ဦးတဲ့သူ ချိတ်သွားလို့ ကျွန်တော် မရတာပါ။ ဒါကြောင့် ကျွန်တော် သုံးချင်တဲ့ သရုပ်ဆောင်တွေကို ၅ လစာ တစ်ခါတည်း ချိတ်ထားတယ်။

**အောင်မြင်လာတာက အတိုက်အခိုက်များဖို့ ဖြစ်လာတာလား။**

မှန်ပါတယ်။ ရှင်းရှင်းပြောရရင် အောင်မြင်လေ တိုက်ခိုက်လေ ဆိုတော့ အောင်မြင်ရမှာတောင် ကြောက်ကြောက်လာတယ်။ အဲဒါကြောင့်လည်း ဖေ့စ်ဘွတ်ခ် မသုံးတော့တာပါ။ ကျွန်တော့်လောက် မရိုက်ရတဲ့သူလည်းရှိတယ်။ ဒါကြောင့် ကျွန်တော်က ဘယ်နေ့ ဘာရိုက်မယ်၊ ဘယ်မှာရိုက်နေပါတယ် တင်နေတော့ လူ့ရဲ့ အတ္တစိတ်နဲ့ မနာလိုတာလည်း ရှိမှာပေါ့။ ဒါကြောင့် ကျွန်တော့်ဖေ့စ်ဘွတ်ခ်ကို လော့ခ်ချလိုက်တယ်။ ပရိသတ်ကိုလည်း နှုတ်ဆက်လိုက်တယ်။ ဒီအကောင့်ကို ကျွန်တော် မသုံးတော့ဘူး။ နောက်ထပ်ရိုက်ရမယ့်ကားတွေလည်း အများကြီး ရှိတယ်။ ဘယ်သူတွေပါမယ်ဆိုတာလည်း မပြောတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကားမှာ ပါမယ့်သူကို ရှေ့ကားက အချိန်ဆွဲပြီး ကွက်တိမလွှတ်ပေးတာမျိုးလည်း ရှိတယ်။ မေးလိုက်ဒီကားပြီးရင် ဘယ်ကား ရိုက်မှာလဲ၊ ဒါရိုက်တာ ပြည်ဟိန်းသီဟနဲ့ဆိုရင် မလွှတ်တော့ဘူး။ ပါပါ,မပါပါ ဆင်း(န်)ပေါ် ထိုင်ခိုင်းထားတယ်။ တစ်ဆင်း(န်)ပဲကျန်လည်း မဖြတ်ပေးဘူး၊ နောက်ကား ပြည်ဟိန်းသီဟ ဖြစ်နေလို့။ ဒါတွေလည်း ကျွန်တော် ကြားတယ်။ သရုပ်ဆောင်ကို မေးတယ်။ ပြင်ဦးလွင်ကို ဒီနေ့ဒီရက် လာပါဆို ဘာလို့ မလာတာလဲမေးလိုက်ရင် ဒါရိုက်တာပေါ့တဲ့။ နောက်ကား ပြည်ဟိန်းသီဟလို့ ပြောလိုက်တဲ့အတွက် မရိုက်တော့ဘူး ထိုင်ခိုင်းထားတယ်။ တစ်ဆင်း(န်)ပဲကျန်ပေမဲ့ မလွှတ်တော့ဘူးတဲ့။ ကျွန်တော်၊ ကျွန်မတို့မှာ နောက်ကား ဘယ်သူနဲ့ ရိုက်မလဲလို့မေးရင် ဖြေဖို့တောင် ခက်နေပြီတဲ့-လို့ ဖြေကြားပေးခဲ့ပါတယ်။


■

လင်းနိုင်ဦး



www.burmeseclassic.com

www.burmeseclassic.com




'ဘယ်လောက်အထိ ကျွန်တော် လုပ်နိုင်ဦးမလဲ မသိသေးဘူး။ ကျွန်တော်ကတော့ လုပ်ခွင့်ရသလောက်၊ ပရိသတ် အားပေးသလောက်၊ ပြီးတော့ ကျွန်တော် ကျန်းမာသန်စွမ်းနေသရွေ့ အသက် ၇၀၊ ၈၀ အထိ ကျွန်တော် ဆိုချင်ပါသေးတယ်' ဟုဆိုသူက စိုင်းစိုင်းခမ်းလှိုင်ဖြစ်ပါတယ်။ စိုင်းစိုင်းက မွေးနေ့တွင် ကိုယ်ချစ်သည့် ပရိသတ်နှင့်အတူ အမြဲပျော်ရွှင်စွာ ဆင်နွှဲလေ့ရှိပြီး Birthday Show ကိုလည်း နှစ်စဉ် ကြီးကျယ်ခမ်းနား အောင်မြင်စွာ ကျင်းပနိုင်သူ အနုပညာရှင်လည်း ဖြစ်သည်။ စိုင်းစိုင်းပါဝင်သည့် ဖျော်ဖြေပွဲတိုင်း အောင်မြင်သည်ဆိုသော်လည်း စိုင်းစိုင်းခမ်းလှိုင် ဆိုသည့် ခေါင်းစဉ်ဖြင့် နှစ်စဉ်ကျင်းပသည့် Birthday Show အောင်မြင်မှုက



www.burmeseclassic.com

www.burmeseclassic.com



# မရပ်တန့်ဘဲ ကြိုးစားချင်တယ်

မန်းသူ

www.burmeseclassic.com

www.burmeseclassic.com



ပိုမိုသာ လွန်စွာ...။

ထို့ပြင် SAI အမှတ်တံဆိပ်ဖြင့် နှုတ်ခမ်းနီများကို နှုတ်ခမ်းနီမလေးများ အသည်းစွဲစေပြီး နောက် ထပ်မံမိတ်ဆက်ဖြန့်ချိလိုက်သည်က Eye Shadow. ထိုစိုင်းစိုင်းနှင့် တွေ့ဆုံမိသည့်ခဏတွင်...။

**စိုင်းစိုင်းက တခြား Show တွေလည်း အများကြီးလုပ်တော့ အခုလို Birthday Show နဲ့ အခြား Show တွေမှာ ခံစားမှု ဘယ်လိုကွာခြားသွားလဲ။ ဘယ်လို ကွဲပြားမှုတွေ ရှိသွားလဲ။**

ဂီတဖျော်ဖြေမှုကတော့ ကျွန်တော့် ခံစားချက်က အတူတူပါပဲ။ မွေးနေ့ Show ပဲဖြစ်ဖြစ်၊ အခြား Show ပဲဖြစ်ဖြစ် ဒါဟာ ကျွန်တော့် ပရိသတ်တွေကို အားသွန်ခွန်စိုက် ဖျော်ဖြေတာပါပဲခင်ဗျာ။ အခြား Artist တွေနဲ့၊ ဥပမာ-စိုင်းစိုင်းတစ်ယောက်တည်း Show မဟုတ်ဘဲနဲ့ အခြားအဆိုတော်တွေနဲ့ ဆိုတယ်။ ငယ်ငယ်တုန်းကဆို ကျွန်တော် ဦးညီထွဋ်ပွဲမှာ ဆိုတယ်။ ကိုအဲလက်စ်တို့၊ ကိုစည်သူတို့နဲ့ဆိုတယ်။ ဒါမျိုးကျတော့ တစ်ပွဲလုံးက ကိုယ်တစ်ယောက်တည်း မဟုတ်ဘဲနဲ့ တာဝန်ကလည်း ခွဲဝေယူရတဲ့အတွက် Pressure လည်း ခွဲဝေယူရတဲ့အတွက် Stress လည်း နည်းပါတယ်။

ဒီ One Man Show လိုမျိုး။ ဒါပေမဲ့ ကျွန်တော်က One Man Show လို တော့ တစ်ယောက်တည်း လုပ်လေ့မရှိပါဘူး။ ကျွန်တော့် သူငယ်ချင်းတွေနဲ့ပဲ အတူ အမြဲတွဲဆိုတာ များပါတယ်။ Sai Sai ဆိုတာကလည်း ကျွန်တော်တို့ရဲ့ ဂီတအမှတ်အသားတစ်ခုလို ဖြစ်နေတာပေါ့လေ။ Sai Sai Show ဆိုရင် စိုင်းစိုင်း သူငယ်ချင်းများစွာ အကုန်ပါဝင်မယ်ဆိုတဲ့သဘော ဖြစ်တာပေါ့။ ဘာပဲဖြစ်ဖြစ် ဒီ ကျွန်တော်တို့ရဲ့ Logo တစ်ခုတည်း၊ ဒီ Sai Sai နာမည်တစ်ခုတည်းနဲ့ ကျင်းပရတဲ့ ပွဲတွေဆိုရင်တော့ ပိုပြီး Pressure များပါတယ်။

ဒီတော့ ဘာကွာသွားသလဲဆိုတော့ မွေးနေ့ဆိုရင်ကို လူတိုင်း သူ့သူ ကိုယ်ကိုယ် ပျော်ကြတာပါပဲ။ နောက်တစ်ခုကလည်း မွေးနေ့ဆိုရင်တော့လည်း သူငယ်ချင်းတွေက သိပ်အလိုလိုက်တာဗျ။ သိလား။ ဘယ်သူမဆိုပါပဲ။ ဒီနေ့တော့ ငါ့မွေးနေ့၊ မင်းတို့ ငါ့ကို ဘာလုပ်လုပ် ခွင့်လွှတ်ရမယ်။ ဒါမျိုးတွေရှိတယ်ဆိုတော့လေ။ ကျွန်တော့်မွေးနေ့ကတော့ သူငယ်ချင်းတွေတင် မကဘဲနဲ့ ဂီတဖျော်ဖြေပွဲတစ်ခုလည်း ဟုတ်တယ်။ သူငယ်ချင်းတွေရော၊ ကျွန်တော့်ကိုချစ်တဲ့ ပရိသတ်တွေ အများကြီးနဲ့ရော အားလုံး တစုတဝေးတည်း ပျော်ရွှင်ရတဲ့ မွေးနေ့ပါတီကြီး တစ်ခုလည်း ဖြစ်ပါတယ်။

**ငယ်ငယ်က မွေးနေ့တွေမှာလည်း စိုင်းစိုင်း ပျော်ရွှင်မှု ခံစားခဲ့ရမှာပါပဲ။ ဒါပေမဲ့ အဆိုတော်ဖြစ်ပြီး ဒီ Show ပွဲတွေနဲ့ မွေးနေ့မှာ ပျော်ရွှင်မှုထက်ပိုတဲ့ ခံစားမှု ပြောင်းလဲသွားမှာပေါ့။**

ငယ်ငယ်တုန်းကလည်း ကိုယ့်မွေးနေ့ဆိုရင်တော့ အဖေ၊ အမေတို့ ဂျီကျတာပေါ့။ [illegible]ဆောင်တွေ



www.burmeseclassic.com

www.burmeseclassic.com

ပေး၊ မုန့်တွေစားကြနဲ့ ပျော်ရတာပေါ့။ အဲဒီနေ့က ကိုယ့်ရဲ့ Special နေ့ဖြစ်တာကိုး။ ဒါပေမဲ့ အဆိုတော်ဖြစ်လာပြီးတဲ့နောက်ပိုင်း ကျွန်တော် နှစ်စဉ်နှစ်တိုင်းကို Birthday Show ကျင်းပခဲ့တာဖြစ်ပါတယ်။ ကြားထဲမှာ တစ်နှစ်ပဲ April 10 ဆိုပြီးတော့ လုပ်ဖူးတယ်။ ဒါပေမဲ့ အဲဒီနေ့ကလည်း ကျွန်တော့်မွေးနေ့ပါပဲ။ ဆိုတော့ နောက်ပိုင်းမှာတော့ ဒီလို ပရိသတ်အများကြီးနဲ့ လုပ်ရတာကို ကျွန်တော် အကျင့်ပါနေပါပြီ။

**စိုင်းစိုင်း မွေးနေ့တိုင်းမှာ Show အပြင် အမြဲလုပ်ဖြစ်တာက…။ ပြီးတော့ အခုထိ မွေးနေ့မှာ လုပ်ချင်ပေမဲ့ မလုပ်ရသေးတဲ့အရာမျိုးရော ရှိဦးမလား။**

အရင်တုန်းကတော့ မွေးနေ့ဆိုရင် မနက်စောစော ဘုရားတက်တယ်။ ကောင်းမှုကုသိုလ်တွေလုပ်တယ်။ သူငယ်ချင်းတွေကို မုန့်ကျွေးတယ်။ ဒါပေမဲ့ အခု ပွဲတွေလုပ်နေတဲ့အချိန်မှာတော့ မနက်စောစော ကျွန်တော် ဘုရားမသွားနိုင်တော့ဘူး။ ညပွဲဆိုဖို့အတွက် နည်းနည်း Fit ဖြစ်အောင် နေရတာမျိုးရှိတယ်။ နောက်ပိုင်းမှာလည်း မွေးနေ့တွေမှာ Show လုပ်တယ်။ လက်မှတ်ရောင်းတဲ့ပွဲတွေလည်း ဖြစ်တဲ့အတွက် ဒီကလက်မှတ်ရောင်းလို့ရတဲ့ ငွေတွေတချို့နဲ့ ကျွန်တော့် ကိုယ်ပိုင်ငွေတချို့ပေါင်းပြီး Sai Saiနဲ့ ပရိသတ်များဆိုပြီးတော့ ကျွန်တော်တို့ သင်္ကြန်ပြီးရင်တော့ တစ်နေရာရာမှာ လှူဒါန်းတာလုပ်ပါတယ်။ ဒါဟာလည်း ကျွန်တော်တို့ရဲ့ ကုသိုလ်တစ်ခု၊ အလှူတစ်ခု ဖြစ်ပါတယ်။

**Sai Sai Birthday Show တွေက စတင်ကျင်းပခဲ့ချိန်ကနေ အခုအချိန်အထိ စိုင်းစိုင်း ပရိသတ်တွေနဲ့ တစ်သားတည်း ဖြစ်နေတုန်းပဲ။ ပရိသတ်တွေကလည်း နှစ်စဉ်မျှော်လင့်နေတုန်းပဲ။ အဲဒါ ဘာကြောင့်ဆိုတာကို စိုင်းစိုင်းရဲ့ ကိုယ်ပိုင်ယုံကြည်ချက် ပြောပြပါလား။**

ကျွန်တော်နဲ့ ကျွန်တော့် ပရိသတ်တွေကြားမှာရှိတဲ့ အပြန်အလှန် သံယောဇဉ်လည်းရှိပါတယ်။ ကျွန်တော့် အနေနဲ့ကလည်း မရပ်တန့်ဘဲနဲ့ ကြိုးစားချင်တယ်။ ဆက်ပြီးတော့လည်း ကြိုးစားနေမှာဖြစ်တယ်။ ပြီးတော့ နှစ်ပေါင်းများစွာ ကျွန်တော့်ကို အားပေးခဲ့ကြတာဖြစ်တဲ့အတွက် ပရိသတ်က ကျွန်တော့်ကိုချစ်တာလည်း ပါတယ်။ ကျွန်တော့်ကို ခွင့်လွှတ်တာလည်း ပါနိုင်ပါလိမ့်ဦးမယ်။ ပြီးတော့ တခြားအကြောင်းအရာတွေလည်း အများကြီး ပါနိုင်ပါဦးမယ်။ ရှုတ်တရက် အဖြေရ နည်းနည်းကျပ်တာပေါ့ဗျာ။

'ကျွန်တော့်အနေနဲ့ကတော့ ဘယ်လပဲမွေးမွေး။ ၃၆၅ ရက်ထဲမှာ ဘယ်လပဲမွေးမွေးပါ။ အားလုံးကတော့ ကိုယ့်မွေးနေ့ရက်လေးကို ချစ်မြတ်နိုးကြမှာပါပဲ။ ကျွန်တော်ကျတော့လည်း မြန်မာနှစ်သစ်ကူးရေ့လေးမှာ ကျွန်တော့်ကို မွေးတဲ့အတွက်၊ အားလုံးဟာစိတ်တွေ ရွှင်လန်းနေတဲ့အချိန်မျိုးလေး ဖြစ်တဲ့အတွက်တော့ ဒါဟာ ကျွန်တော့်အတွက် ကံကောင်းခြင်းတစ်ခုလို့မြင်ပါတယ်' ဟုလည်း စိုင်းစိုင်းက ဆိုပါတယ်။

စိုင်းစိုင်းခမ်းလှိုင်က SAI SAI အမှတ်တံဆိပ်ဖြင့် ပင် Eye Shadow Ballet နှစ်မျိုးနှင့် Eye Liner ကို ဧပြီလ ၂ ရက်က ထပ်မံဖြန့်ချိလိုက်ပြီဖြစ်ပြီး Gold Dark နှင့် Study Eye နှစ်မျိုးကို မိတ်ဆက်လိုက်ခြင်း ဖြစ်သည်။ ■

**မန်းသူ**




www.burmeseclassic.com

www.burmeseclassic.com




ဒါရိုက်တာ ကျော်ဇောလင်းတို့ လုပ်ချလိုက်ပြန်ပြီလို့ ပြောရမလိုပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ပိုပို ရုပ်ရှင်ထုတ်လုပ်ရေးအတွက် သူရိုက်ကူးတဲ့ ရုပ်ရှင်ဇာတ်ကားနာမည်ကို **ဝက်ဝက်ကွဲအောင်ပွင့်လို့** နာမည်ပေးထားတဲ့ အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ **ဝက်ဝက်ကွဲအောင်ပွင့်လို့** ဘာကြောင့် နာမည်ပေးရတာလဲ လို့ မေးကြည့်တဲ့အခါ ဒါရိုက်တာ ကျော်ဇောလင်းက 'မသေခင်မှာ စိတ်ချမ်းသာအောင်နေတတ်ဖို့အတွက် စိတ်တစ်ခုကို အပုန်းပဲဖြစ်ဖြစ်၊ အပွင့်ပဲဖြစ်ဖြစ်၊ မိန်းကလေးအစစ်ပဲဖြစ်ဖြစ်၊ ယောကျ်ားလေးအစစ်ပဲဖြစ်ဖြစ် စိတ်တစ်ခုကို ပွင့်ပွင့်လင်းလင်းနဲ့ ပေါ်ပေါ်ပါးပါးနေလိုက်တာဟာ မသေခင်နေရတာ တန်ပါတယ်။ လူဖြစ်ရကျိုးနပ်တယ်လို့လည်း ပြောလို့ရတာပေါ့။ အဲဒါကြောင့် စိတ်ကို လွတ်လပ်ပေါ့ပါးစွာနဲ့ ပွင့်ရင်လည်း ဝက်ဝက်ကွဲအောင်သာ ပွင့်လိုက်ဆိုတဲ့ အဓိပ္ပာယ်နဲ့ ဒီနာမည်လေးပေးဖြစ်တာပါ' လို့ ပြောပြခဲ့ပါတယ်။

**ဝက်ဝက်ကွဲအောင်ပွင့်** မှာ ပါဝင်သရုပ်ဆောင်ထားကြတဲ့ သရုပ်ဆောင်များက ရန်အောင်၊ ဝတ်မှုံရွှေရည်၊ ယွန်းရွှေရည်၊ ထွန်းလွင်အောင်၊ ဥက္ကာမင်းမောင်၊ Waiလျှံ၊ မင်းဇေတို့နဲ့ အထူးသရုပ်သည် သရုပ်ဆောင်များအဖြစ် ပြေတီဦး၊ စိုးမြတ်သူဇာ၊ မိုးပြည့်ပြည့်မောင်၊ စန္ဒီမြင့်လွင်၊ နန်းခင်ဇေယျာ၊

www.burmeseclassic.com


www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





အရိုင်း၊ ငှက်ပျောကြော်၊ ညောင်ညောင်၊ ရဲလေးမတို့ ပါဝင်သရုပ်ဆောင်ပေးထားကြပါတယ်။ ဒီဇာတ်ကားမှာ ရန့်အောင်က ဖက်ရှင်ဒီဇိုင်နာ၊ အရိုင်းက ကနားစီး နတ်ကတော်၊ ငှက်ပျောကြော်က Beauty Salon ပိုင်ရှင်၊ ထွန်းလွင်အောင်က ဖက်ရှင်ဒီဇိုင်နာ၊ ဥက္ကာမင်းမောင်က မော်ဒယ်လ်အေဂျင်စီပိုင်ရှင်၊ Waiလျှံနဲ့ မင်းဇေက အလှဖန်တီးရှင် မိတ်ကပ်ပညာရှင်များအဖြစ် သရုပ်ဆောင်ထားကြပြီး ဝတ်မှုံရွှေရည်က ရှယ်လီ(ရန့်အောင်) ရဲ့ညီမ ပင်ကီ(ကီကီ)အဖြစ် သရုပ်ဆောင်ပေးထားကြပြီး ပြေတီဦးက အထည်ချုပ်လုပ်ငန်း ပိုင်ရှင်ရဲ့သား ဖြိုးထက်အောင်အဖြစ် သရုပ်ဆောင်ပေးထားတယ်လို့ သိရပါတယ်။ ဝတ်မှုံရွှေရည်ကို ဝက်ဝက်ကွဲအောင်ပွင့်မှာ မိန်းကလေးပုံစံနဲ့မဟုတ်ဘဲ မိန်းမလျာပုံစံနဲ့ တွေ့ရ ဖြစ်ပါတယ်။ မိန်းမလ သရုပ်ဆော စေတာ ပတ်သက် ဒါရိုက်တာ

www.burmeseclassic.com

www.burmeseclassic.com

ကျော်ဇောလင်းက ကိုရန်လေးက
သူညီမဖြစ်တဲ့ ဝတ်မှုံရွှေရည်ကို
ကိုယ်လုံးဝတုတ်နဲ့ အကုန်လုံး
အတုတွေထည့်ပြီး
ဝတုတ်တုတ် မိန်းမလျာပုံစံ
ဆင်ထားတယ်။ ဘာလို့
ခိုသွင်းတာလဲဆိုရင် မိန်းမလျာ
ပုံစံဆိုရင် စိတ်ချရလို့ပါ။
အမှန်ကတော့ ရန်အောင်က
သူ သူငယ်ထောင်ထားတာ
သူညီမအစစ်ဆီ ပါသွားမှာ
စိုးလို့ပါ။ သူငယ်တွေကလည်း
သူ့ဆက်စာရင် သူ့ညီမကို
ပြီးစိတ်ဝင်စားမှာလေ။
ကြောင့် ကာကွယ်ရေးတွေ
လုပ်ပေးထားတာပါ။
မိန်းကလေးတစ်ယောက်ကို
ဘယ်လိုပဲ ကာကွယ်ပြီး
မိန်းမလျာပုံစံ ဘယ်လိုပဲ
လုပ်ပေးထားလုပ်ပေးထား
အချိန်တန်ရင်တော့ မိန်းကလေး
သဘာဝ၊ မိန်းကလေး
စိတ်ဆန္ဒအတိုင်း သီးချိန်တန်သီး၊
ပွင့်ချိန်တန်ပွင့် ဖြစ်လာမှာပဲ
လေ။ ရှယ်လီဆိုတဲ့
ကိုရန့်အောင်ဆီကို မိခင်ရဲ့
အထည်ချုပ်လုပ်ငန်းနဲ့ပတ်သက်ပြီး
ခိုင်းအပ်ဖို့ရောက်လာတဲ့
ဖြိုးထက်အောင်(ခ) ပြေတီဦးကို
ကိုရန့်အောင်က သူ့ရဲ့ တပည့်
မိန်းမလျာတွေအကုန်လုံးနဲ့
မိတ်ဆက်ပေးတဲ့အချိန်မှာ
အစစ်မဖြစ်တဲ့ ညီမကိုတော့
ချန်ထားတယ်။ ဖြိုးထက်အောင်
ကလည်း ပင်ကီကို လှည့်ကြည့်
လိုက်တဲ့အချိန်မှာ တစ်မျိုးကြီး
ခံစားလိုက်ရတယ်။
သူခံစားတာက မိန်းမလျာ
တစ်ယောက်ကို သူဘာဖြစ်လို့
ခံစားမိတာလဲ။ သူ့စိတ်ထဲလည်း
ဝေဝါဖြစ်သွားတယ်။
နောက်ပိုင်းလည်း ဒီမျက်လုံးကို
ပြန်ပြန်မြင်ချင်နေတယ်။





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ခေါင်းစားဘဲနဲ့လည်း သူ့ရဲ့ အရုံထဲကို ရောက်ရောက်လာတယ်။ ထည့်မထားပေမဲ့လည်း ရင်ဘတ်ထဲမှာ မိန်းမလျာလေးက ရှိရှိနေတယ်။ ကြာတော့ ဖြိုးထက်အောင်က သူ့ကိုယ်သူတောင် သေကာဖြစ်လာတယ်။ မိန်းမလျာလေးကို သွားကြိုက်နေတော့ သူ့ကိုယ်သူတောင် မိန်းမလျာစိတ်ပေါက်နေပြီလား ဆိုပြီး လန့်သွားတယ်။ မိန်းမလျာဖြစ်နေတဲ့ ပင်ကီကလည်း ဖြိုးထက်အောင်ကို စိတ်ဝင်စားသွားတယ်။ အဲဒီလိုနဲ့ နီးစပ်မှုတွေ ရသွားပြီး မိန်းကလေးအစစ် ဖြစ်တယ်ဆိုတာ သိသွားတဲ့ အချိန်မှာပဲ ဖြိုးထက်အောင်ကလည်း သူမှားဘူး။ သူ ယောကျ်ားစင်စစ်ဖြစ်တယ်ဆိုတာ သိသွားတယ်'လို့ ပြောပြခဲ့ပါတယ်။

ဝက်ဝက်ကွဲအောင်ပွင့်မှာ ရန်အောင်ကို ဝတ်စုံဒီဇိုင်နာတစ်ယောက်အနေနဲ့ မြင်တွေ့ခွင့်ရမှာဖြစ်လို့ မိတ်ကပ်ကိုမာက ဝတ်စုံ၊ ဆံပင်၊ အလှအပအားလုံးကို ကိုယ်တိုင်တာဝန်ယူပြီး ခါတိုင်းတွေ့နေကျပုံစံမျိုးနဲ့ မဟုတ်ဘဲ တစ်မူထူးခြားအောင် တွေ့ရဖို့ အစအဆုံး တာဝန်ယူပေးထားပါတယ်။ ဝတ်မှုံရွှေရည်ကိုလည်း မမြင်ဖူးတဲ့ မိန်းမလျာပုံစံနဲ့ တွေ့ရမှာဖြစ်ပြီး မင်းသားတော်တော်များများနဲ့ ဇာတ်ပို့ဇာတ်ရံတွေကိုပါ မိန်းမလျာပုံစံနဲ့ ဘယ်လို ဖန်တီးပေးထားပြီး ဝက်ဝက်ကွဲအောင် ပွင့်ကြမယ်ဆိုတာ ရုံတင်တဲ့အခါ မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ဟာသနဲ့ ရိုက်ကူးပေးထားတဲ့ ဒီဇာတ်ကားရဲ့ ဇာတ်ဝင်ခန်းဆင်း(န)တွေမှာတောင် သရုပ်ဆောင်ရင်း အားရပါးရ ရယ်နေကြရတာဖြစ်လို့ ရုံတင်တဲ့အခါ ပရိသတ်လည်း ရယ်မောခံစားရမယ့် ဇာတ်ကားဖြစ်တယ်လို့ သိရပါတယ်။

■ လင်းနိုင်ဦး







www.burmeseclassic.com

www.burmeseclassic.com



ဒေးဗစ်နဲ့ ပေါလ်တို့ကို
၁၉၇၅ ခုနှစ်က
Starsky & Hutch
ရိုက်ကွင်းပေါ်မှာ
တွေ့ရစဉ်

# အတွဲညီခဲ့တဲ့ သရုပ်ဆောင်နှစ်ဦးရဲ့ နောက်ဆုံးဆုံစည်းမှု

ဇာနည်ညီမိုး

ခေတ်ဟောင်းရုပ်ရှင်များကာလမှာ Starsky & Hutch ရုပ်ရှင်ကားများနဲ့ တစ်ကမ္ဘာလုံးက ပရိသတ်များရဲ့ အသည်းကျော်ဖြစ်ခဲ့ဖူးတဲ့ သရုပ်ဆောင်နှစ်ဦးတို့ နောက်ဆုံး ဆုံစည်းမှုအဖြစ် အင်္ဂလန်နိုင်ငံမှာ ဆုံစည်းကြပါတယ်။ ဒေးဗစ်ဆိုးလ်က အသက်ရှူခက်ခဲတဲ့ ပြဿနာကြောင့် မကြာမီကာလမှာ သူချစ်တဲ့ ရုပ်ရှင်လောကနဲ့ ကမ္ဘာလောကကြီးကို စွန့်ခွာရတော့မှာ ဖြစ်ပါတယ်။ အသက် ၇၃ နှစ်အရွယ် ရှိပြီး အင်္ဂလန်နိုင်ငံမှာ နေထိုင်နေတဲ့ ဒေးဗစ်ဆိုးလ်က Starsky & Hutch ရုပ်ရှင်ကားများမှာ Hutch အဖြစ် သရုပ်ဆောင်ခဲ့ပြီး ၁၉၇၀ ခုနှစ်များ အတွင်းက အောင်မြင်ကျော်ကြားတဲ့ ဇာတ်လမ်းတွဲများမှာ သရုပ်ဆောင်ခဲ့သူ ဖြစ်ပါတယ်။ သူက ကိုယ်အလေးချိန် ၂၆၂ ပေါင်အထိ ရှိနေပြီး လမ်းလျှောက်ဖို့ အခက်အခဲရှိတဲ့အပြင်



ဒေးဗစ်နဲ့ ပဉ္စမမြောက်ဇနီး
ဟယ်လင်တို့ဟာ
၂၀၁၀ ပြည့်နှစ်မှာ
လက်ထပ်
ခဲ့ကြပါတယ်



www.burmeseclassic.com


www.burmeseclassic.com



...စ်ကို ဘီးတပ်ကုလားထိုင်ပေါ်မှာ
...ခြေပြီး ပေါလ်က တွန်းပေးနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဒေးဗစ်၊ ပေါလ်နဲ့ အန်တိုနီယိုတို့ သုံးယောက်
**Starsky & Hutch** ရုပ်ရှင်ကားတစ်ခု အထူးပွဲမှာ တွေ့ရစဉ်

အမေရိကန်ပြည်ထောင်စုသို့ လေယာဉ်နဲ့သွားဖို့လည်း အခက်အခဲရှိသူ ဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုသို့ သွားနိုင်မှသာ သူနဲ့အတူ သရုပ်ဆောင်ခဲ့ကြသူများနဲ့ ဆုံစည်းနိုင်မှာ ဖြစ်ပါတယ်။

'ကျွန်တော့် ကျန်းမာရေးအခြေအနေအရ အဆုတ် အထူးကုဆရာဝန်များက ဟောလီဝုဒ်ကို လေယာဉ် ၁၁ နာရီကျော် စီးသွားရမယ်ဆိုရင် မဖြစ်နိုင်ဘူးလို့ ဆိုကြတာကြောင့် ကျွန်တော် တကယ်ဝမ်းနည်းရတယ်'လို့ ဒေးဗစ်က ဆိုပါတယ်။

ဒေးဗစ်နဲ့ ရင်းနှီးတဲ့ မိတ်ဆွေတစ်ဦးအဆိုရအရ 'ဒေးဗစ်က ကျန်းမာရေး အခြေအနေ တော်တော်ဆိုးနေပြီ။ ကိုယ်အလေးချိန် မတရားများနေတဲ့ အပြင် တခြားကျန်းမာရေးပြဿနာတွေလည်း ရှိတယ်။ အထူးသဖြင့် အသက်ရှူရခက်တဲ့ ပြဿနာနဲ့ လမ်းမလျှောက်နိုင်တဲ့ ပြဿနာပဲ'လို့ ဆိုပါတယ်။

ဒါကြောင့် သူနဲ့ အတွဲညီခဲ့ပြီး Starsky အဖြစ် သရုပ်ဆောင်ခဲ့တဲ့ ပေါလ် မိုက်ကယ်လ်ဂလေဆာ (အသက် ၇၄) နှစ်က ဒေးဗစ်ကို တွေ့ဆုံဖို့အတွက် အင်္ဂလန်နိုင်ငံသို့ ရောက်ရှိလာခဲ့ပါတယ်။ သတင်းရင်းမြစ်တစ်ဦးအဆိုအရ ပေါလ်က သူနဲ့ အတွဲညီခဲ့တဲ့ ဒေးဗစ်ကို နောက်ဆုံးအနေနဲ့ လာရောက်တွေ့ဆုံခဲ့ခြင်းဖြစ်တယ်လို့ ဆိုပါတယ်။ သူငယ်ချင်းနှစ်ဦး ပြန်လည်ဆုံစည်းကြရာမှာ ဒေးဗစ်ကို ဘီးတပ်ကုလားထိုင်ပေါ်မှာ ထိုင်စေပြီး ပေါလ်က တွန်းကာ သူတို့နှစ်ဦး နာမည်ကြီးခဲ့တဲ့ **Strited Tomato** ရုပ်ရှင်ဇာတ်ကားမှ ပြကွက်များ ခင်းကျင်းပြသထားတဲ့ လစ်ဗာပူးမြို့မှ Comic Con ပြတိုက်ကို သွားရောက်





www.burmeseclassic.com

www.burmeseclassic.com

ခဲ့ကြပါတယ်။ သူတို့နှစ်ယောက်နဲ့ အတူ ပါဝင်သရုပ်ဆောင်ခဲ့ဖူးတဲ့ အန်တိုနီယိုဖားဂတ်စ် (အသက် ၇၀)လည်း လိုက်ပါလာခဲ့ပါတယ်။ သူတို့သုံးယောက်ရဲ့ ဇာတ်လမ်းတွဲများဟာ ၁၉၇၅ မှ ၁၉၇၉ ခုနှစ် အထိ အောင်ပွဲခံခဲ့ဖူးပါတယ်။ ပဋ္ဌမမြောက် ဇနီးသည် ဟယ်လင်နဲ့ လက်ထပ်ထားတဲ့ ဒေးဗစ်က ပရိသတ်ကို ပြောကြားရာမှာ 'ကျွန်တော်တို့ သူငယ်ချင်းသုံးယောက် အခုအချိန်ထိ ရင်းရင်းနှီးနှီးရှိနေကြတာကိုပဲ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်'လို့ ဆိုပါတယ်။ အရပ် ခြောက်ပေ တစ်လက်မ ရှိတဲ့ ဒေးဗစ်ကို ဆရာဝန်များက လေယာဉ်မစီးဖို့ တားမြစ်ထားကြပါတယ်။ အသက်အရွယ်ကြီးရင့်ပြီး ကိုယ်အလေးချိန် မတန်တဆများနေတဲ့ ဒေးဗစ်လို ပုဂ္ဂိုလ်မျိုးဟာ လေယာဉ်ပေါ်မှာ အချိန်အကြာကြီးထိုင်ပြီး စီးမယ်ဆိုရင် သွေးကြောများ ပိတ်သွားနိုင်တာကြောင့် ဆရာဝန်များက တားမြစ်ထားခြင်း ဖြစ်ပါတယ်။ တုတ်ကောက်နဲ့ ဘီးတပ်ကုလားထိုင် အဆင်သင့်ထားရှိရပေမဲ့ ဒေးဗစ်ကတော့ သူ ကျန်းမာပါတယ်လို့ ပြောနေဆဲ ဖြစ်ပါတယ်။ ဒါပေမဲ့ သူ့ကျန်းမာရေးကို သိရှိနေတဲ့ မိတ်ဆွေများကတော့ ဒီသုံးယောက်ရဲ့ ဆုံစည်းမှုဟာ နောက်ဆုံးအကြိမ် ဖြစ်လိမ့်မယ်လို့ သုံးသပ်နေကြပါပြီ။ ဒါကြောင့် ဒေးဗစ်နဲ့ ပေါလ်တို့က တတ်နိုင်သမျှ အချိန်ကြာကြာ အတူနေကြပြီး နောက်ဆုံး နှုတ်ဆက်ခြင်းအနေနဲ့ နေသွားကြဖို့ ရည်ရွယ်ထားဟန် ရှိပါတယ်။

■ **ဇာနည်ညီမိမ်း**

***Ref: Globe, April 10, 2017.***





www.burmeseclassic.com

www.burmeseclassic.com



# လေဒီဒိန်းဂျားများ နှင့် တွေ့ဆုံခြင်း


မနီးသူ

အမျိုးသမီးသရုပ်ဆောင် အင်အားကောင်းကောင်းနှင့် အမျိုးသမီး ဒါရိုက်တာ ရိုက်ကူးပြီး အမျိုးသမီး ထုတ်ဝေသူ(စည်တော်ကြီး)မှ ဖြန့်ချိမည့် **လေဒီဒိန်းဂျား** ဇာတ်ကားကြီးတွင် ခန့်စည်သူ၊ ထွန်းအိန္ဒြာဗို၊ ပိုင်ဖြိုးသု၊ မုန်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြပါသည်။ အမျိုးသမီးများ၏ဘဝတွင် ဖြစ်တတ်သည့် အိမ်ထောင်ရှင် အမျိုးသမီးများတွင်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြုံရတာတ်သည့်အကြောင်းအရာများကို သရုပ်ဖော်ရိုက်ကူးထားခြင်းဖြစ်သည်။ **လေဒီဒိန်းဂျား** ကို လူငယ်အမျိုးသမီး ဒါရိုက်တာ ပွင့်သီဂီဇော်က ရိုက်ကူးခြင်းဖြစ်သည်။ 'မအူဝဲဆိုရင် နယ်ကနေ အလုပ်လုပ်ရမယ်ဆိုပြီး တက်လာတယ်။ ကာရာအိုကေရောက်မှ ဖျက်ဆီးခံရတာ၊ နှိပ်စက်ခံရတာတွေ ဖြစ်တယ်။ အဲဒီကနေမှ သူ ထွက်ပြေးတယ်။ အပြင်မှာလည်း ဖြစ်တတ်တဲ့ဟာလေးတွေပေါ့။

မခိုင်ကြီးဆိုရင်လည်း ဒီဘ
ခေတ်မှာ ဖြစ်တတ်တာဖေ
ပေါ့။ အိမ်ထောင်ရ
ယောကျ်ားက အငယ်အနှော
ထားရာကနေ ဖြစ်တတ်တ
အကြောင်းအရာပေါ့။ သူ့ဒုက္
က အဲဒါ။ ပိုင်ဖြိုးသုကကျ
တော့ ကလပ်မှာ အမျိုးသား
တစ်ယောက်က ခေါ်သွားပြီး
ဆေးခတ်ခံရတယ်။ ဟိုတယ်
ခေါ်သွားခံရတယ်ပေါ့။ အဓိ
က၊ကတော့ အမျိုးသမီးထု
မှာ အိမ်ထောင်ပြုတယ်ဆိုတာ
ကွဲကွာဖို့ မဟုတ်ပါဘူး။





www.burmeseclassic.com

www.burmeseclassic.com

ထောင်ရှင်မ ဖြစ်ရတယ် တာ အိမ်တွင်းမှုလုပ်ဖို့ ခုတည်း မဟုတ်ဘူးပေါ့။ အရာရာ စီမံခန့်ခွဲရတာ။ တို့ခေါင်းပေါ်ရောက်တာ ကြီးပဲပေါ့။ ပြီးရင် တို့ စဉ်းစားတာတွေက ယောကျ်ားရဲ့သိက္ခာ၊ သူတို့ရဲ့ က္ခာ အမျိုးစုံ စဉ်းစားတယ် ။ ပွင့်က အဲဒါလေးတွေ အစိကပြချင်တာပေါ့'ဟု ရိုက်တာ ပွင့်သီဂီဇော်က သည်။

အိမ်ထောင်ရှင်မဟုတ်သည့် လူငယ်အမျိုးသမီး ဒါရိုက်တာဖြစ်သော်လည်း ထုတ်ဝေသူများက လာအပ်ကတည်းက ယခုလို ဇာတ်ကိုပင် လာအပ်ပြီး အမျိုးသမီး ဒါရိုက်တာနှင့်ပင် ရိုက်ချင်သည်ဆိုသည့်အတွက် ရိုက်ဖြစ်ကြောင်း၊ ဇာတ်လမ်းကို ဖတ်ကြည့်ရာတွင်လည်း ကြိုက်သည့်အတွက် ရိုက်ဖြစ်ကြောင်း ပွင့်သီဂီဇော်က ပြောပြခဲ့သည်။

ဇာတ်ကားတွင် တစ်ဦးတည်းသော အမျိုးသားသရုပ်ဆောင် ခန့်စည်သူက 'အမျိုးသမီးတွေရဲ့ ခံစားချက်၊ အိမ်ထောင်ရှင် အမျိုးသမီးတွေရဲ့ ခံစားချက်ကို စကားတွေ မပြောဘဲ အရုပ်နဲ့ တင်ပြတဲ့ ဇာတ်ကားပေါ့။ အမျိုးသမီးဒါရိုက်တာ၊ အမျိုးသမီး ထုတ်ဝေသူ၊ အမျိုးသမီး သရုပ်ဆောင်အင်အားကောင်းထဲမှာ ကိုယ်က Sampleအနေနဲ့ပါ ရတာပေါ့။ အိမ်ထောင်ရှင်ယောကျ်ား၊ အပျော်ရှာတတ်တဲ့ယောကျ်ား တစ်ယောက် ဘဝမှာ ဖြစ်သွားတတ်တဲ့ အနေအထားမျိုးလေးတွေကို တင်ပြပေးတာပေါ့။


အိမ်ထောင်တစ်ခု မကွဲခင်မှာ၊ ကွဲခါနီးမှာ ထိန်းသိမ်းရမယ်။ ဘယ်လိုပြန်ပြီး ကိုယ့်ဘက်ပါအောင် ဆွဲဆောင်ရမလဲဆိုတာကို မက်ဆေ့ချ်ပေးထားတာပါတယ်။ ပြောရမယ်ဆို ကိုယ်တို့ လူမျိုးက သွေးနည်းနည်းဆူလွယ်တယ်။ လင်မယားနှစ်ယောက် ပြဿနာတက်ပြီဆို ကလေးချီပြီး ကွဲမယ်၊ ကွာမယ်၊





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





ဆင်းမယ်ဆိုပြီး ဆင်းသွားကြတယ်။ တအင် သွေးပူပြီးတော့ပေါ့။ အဲဒါကျတော့ နောက်လူကောင်းစားဖို့ ဖြစ်သွားတာပေါ့'ဟု ပြောပြသည်။ အိန္ဒြာကျော်ဇင်ကလည်း ယခုကားနှင့် ပတ်သက်ပြီး 'အဓိက ပေးချင်တဲ့ မက်ဆေ့ချ်ကတော့ ယောကျ်ားတွေက အိမ်ထောင်ကျပြီးတဲ့အခါမှာ ဖောက်ပြန်ကြတဲ့ အပေါ်မှာ Lesson ပြန်အပေးခံရတာပေါ့။ အုဝဲကလည်း ဒီဇာတ်ကားမှာ အဲဒီလိုလူတွေကို Lesson လိုက်ပေးတဲ့ Character ပေါ့။ အဲဒီလိုတွေ လုပ်ကြဖို့ပေါ့။ ပြီးတော့ အိမ်ထောင်ရှိတဲ့ အမျိုးသားကိုလည်း ကြိုက်ကြတဲ့ မိန်းကလေးတွေကိုလည်း Lesson ပေါ့'ဟု ပြောပြခဲ့သည်။ ထွန်းအိန္ဒြာဗိုက ပြောပြရာတွင် 'အိမ်ထောင်ရှင်မတွေအတွက် ပြောဖို့ ညာပေးဇာတ် မဟုတ်ပါဘူး။ ဒါဖျော်ဖြေရေး သက်သက် ဇာတ်ပါပဲ။ ကျွန်မကတော့ ဒီဇာတ်ရုပ်အနေနဲ့က ပျော့ညံ့တဲ့ အမျိုးသမီးတစ်ယောက်၊ ယောကျ်ားက ချမ်းသာတယ်၊ အောင်မြင်တယ်။ သူ့ရဲ့ပွေရှုပ်မှုတွေကို ခါးစည်းခံရတဲ့ အမျိုးသမီးတစ်ယောက်။ အဲဒါကို ဘေးကနေ အမျိုးသမီး အချင်းချင်း ကိုယ်ချင်းစာပြီး ကူညီပေးသူက အုဝဲပေါ့။ အဲဒီသဘောပါပဲ။ အပြင်မှာ ဖြစ်တတ်တဲ့ ဇာတ်လမ်း တစ်ခုကို ဆင်ပြီး ရိုက်တဲ့ သဘောပါပဲ'ဟု ပြောပြသည်။ အိမ်ထောင်ရှင်မဟုတ်သည့် လူငယ်အမျိုးသမီး သရုပ်ဆောင် ပိုင်ဖြိုးသုကလည်း မိမိအားကျသည့် စီနီယာ အစ်မများနှင့် သရုပ်ဆောင်ခွင့် ရသည့်အတွက်၊ တွဲဖက်သရုပ်ဆောင်ရသည့်အတွက် မိမိအနေနှင့် အမှတ်တရအဖြစ်ဆုံးကားဟု ဆိုပါသည်။

■ မန်းသူ



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# Mayte Garcia ပြောတဲ့ အလွမ်းပုံပြင်

ရာပြည့်

ကွယ်လွန်သူ အဆိုတော် Prince ရဲ့ ဇနီးဟောင်း Mayte Garcia ဟာ ‘တကယ်လို့များ’ ဆိုတဲ့ မေးခွန်းမျိုးတွေနဲ့ ကိုယ့်စိတ်ကို ညှဉ်းပန်းနေတတ်သူ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီကနေ့မှာတော့ Mayte Garcia ဟာ ၂၀၁၆ ခုနှစ်၊ ဧပြီလတုန်းက Fentanyl အမည်ရ အကိုက်အခဲပျောက်ဆေး အလွန်အကျွံသုံးစွဲမှုကြောင့် ကွယ်လွန်သွားခဲ့ရတဲ့ နာမည်ကျော် ရော့ခ်ဂီတသမား Prince နဲ့ သူ့ရဲ့ အတိတ်ဇာတ်ကြောင်းတွေကို ပြန်ပြောင်း ပြောပြနေရင်း မျက်လုံးအိမ်ထဲမှာ မျက်ရည်တွေ ပြည့်လျှံလာနေပါတယ်။


‘သူ့အိမ်ရှေ့တံခါးကို ကျွန်မ သွားခေါက်လို့ ရချင်နေမိတယ်’ လို့ အသက် ၄၃ နှစ်အရွယ် ရှိပြီဖြစ်တဲ့ Garcia ကပြောပြပါတယ်။ Prince ရဲ့ သတင်းကို သူငယ်ချင်းတွေဆီက ကြားသိလိုက်ရချင်းမှာပဲ သူ့ခင်ပွန်းဟောင်း သေဆုံးမှုနဲ့ပတ်သက်ပြီး ‘တစ်ခုခုတော့ မှားနေပြီ’ လို့ သူက ပြောခဲ့တာဖြစ်ပါတယ်။ ‘အဲဒီအတွေးတွေနဲ့ပဲ ကျွန်မ နပန်းလုံးနေရတယ်။ ဒီကိစ္စမှာ ကျွန်မ ဝင်ပါသင့်သလား၊ မပါသင့်ဘူးလား တွေးနေမိတာ နောက်ဆုံးနေ့အထိပါပဲ’။

တစ်ချိန်က ထူးခြားတဲ့ အရည်အချင်းရှိတဲ့ ဆယ်ကျော်သက် ကချေသည်မလေး Garcia ဟာ သူ့ရဲ့ခင်ပွန်းဟောင်း ကွယ်လွန်သွားပြီးတဲ့နောက်မှာကတည်းက **The Most Beautiful: My Life With Prince** အမည်ရ စာအုပ်ရေးသားရင်းနဲ့ပဲ အချိန်တွေ ကုန်ဆုံးစေခဲ့ပါတယ်။ ဒီစာအုပ်ဟာ သူ့ရဲ့ အချစ်ဦးကို ချစ်ခြင်းနဲ့ ဂါရဝပြုလိုက်တဲ့ စာအုပ်ဖြစ်တယ်လို့ Garcia က ရေးသားဖော်ပြခဲ့ပါတယ်။ သူတို့နှစ်ဦးရဲ့လေးနှစ်တာ အိမ်ထောင်သက်တမ်းဟာ ၂၀၀၀ ပြည့်နှစ်မှာ အဆုံးသတ်ခဲ့ရတယ်လို့ Garcia က ပြောပြပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့နှစ်ဦးရဲ့မွေးကင်းစ သားလေး Amiir ကွယ်လွန်သွားခဲ့တာကို အကြောင်းပြုပြီး နှစ်ယောက်ကြားမှာ တင်းမာမှုတွေရှိလာခဲ့တာကြောင့် ‘အဲဒီကိစ္စအပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com




သူ ဘယ်တော့မှ နားလည်မပေးနိုင်ဘူး ထင်ပါတယ်' Garcia က ပြောပြလာတာပါ။ အခုတော့ ငါးနှစ်အရွယ် မွေးစား သမီးလေး Gia ရဲ့ အမေဆိုလည်းဟုတ်၊ အဖေဆိုလည်းဟုတ်တဲ့ Garcia က သူ့မှာ Sclerosis လို့ ခေါ်တဲ့ ခန္ဓာကိုယ် တစ်သျှူးတွေ မာခဲကုန်တဲ့ရောဂါ ရှိနေတယ်ဆိုတာ မကြာသေးခင်ကမှ သိခဲ့ရပါတယ်။ ('သူတို့က အစောကြီးကတည်းက သိထားတာ' လို့လည်း သူကဆိုပါတယ်။) Garcia က ရှော့ခ်စတားတစ်ယောက်နဲ့ အတူနေခဲ့ရတဲ့အချိန်ကာလတွေကို မြတ်မြတ်နိုးနိုးနဲ့ ပြန်ပြောင်းပြောပြနေတာပါ။ 'Prince ဟာ သူများနဲ့မတူတဲ့ လူတစ်ယောက်ဖြစ်တယ်ဆိုတာ ကိုယ့်ကိုယ်ကို ယုံကြည်ထားပါတယ်'။ Garcia က ဆက်ပြောပြပါတယ်။ 'သူဟာ တကယ့်အဆိုတော် Prince ပဲလို့ ကျွန်မယုံကြည်ခဲ့မယ်ဆိုရင် ပရိသတ်ဘက်လှည့်ပြီး အားရပါးရ အော်မိလောက်ပါတယ်'။ ဒီဘက်ရက်ပိုင်းတွေမှာတော့ သူက ဗိုက်သားလှုပ်အကနည်းပြလုပ်နေပြီး မိခင်တစ်ယောက်ဘဝမှာလည်း ပျော်မွေ့နေတတ်ပါပြီ။ (အံ့သြစရာ တကယ်ကောင်းတဲ့ ဘဝပါ' လို့ သူက ဆိုပါတယ်။) ဒါပေမဲ့ သူဟာ သူ့ခင်ပွန်းဟောင်းရဲ့ နေရာမှာ အစားထိုးဖို့ လူတစ်ယောက်ရှာရဦးမှာပါ။ 'သူလိုလူမျိုး မရှိပါဘူး'။ Garcia က ပြုံးပြုံးပဲ ပြောတယ်။ 'ကျွန်မရဲ့ဘောင်းဘီကို ယူဝတ်၊ အိုင်းလိုင်နာတွေ၊ မက်စ်ကာရာ မျက်တောင်ကော့ဆေးတွေ ယူသုံးပြီး ကျွန်မထက်သာအောင် ရှော့ခ်ကို နိုင်နင်းသူမျိုး သူကလွဲလို့ တခြား ဘယ်သူမှ မရှိနိုင်ပါဘူး'။ သူရေးထားတဲ့ စာအုပ်ကိုတွေ့ရင် Prince က ဘာပြောမယ်ထင်လဲလို့ မေးတဲ့အခါမှာ Garcia က 'ဘာမှ ပြောမယ် မထင်ပါဘူး' လို့ ဖြေပါတယ်။ ❑

တစ်နေ့မှာ ခင်ပွန်းသည်ဖြစ်လာမယ့် ဂီတဂုရုကြီးနဲ့ ပထမဆုံး ဆုံတွေ့ခဲ့စဉ်မှာ Garcia က အသက် ၁၆ နှစ်အရွယ်ပဲရှိသေးပြီး ဗိုက်သားလှုပ်အကချေသည်



www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက်အဖြစ်နဲ့ အောင်မြင်ကျော်ကြားနေပြီ ဖြစ်ပါတယ်။ ၁၉၉၀ ခုနှစ်အတွင်းမှာ ကျင်းပခဲ့တဲ့ Prince ရဲ့ ဂီတဖျော်ဖြေပွဲတစ်ရပ်မှာ Garcia က စင်မြင့်နဲ့ တော်တော် နီးနီးကပ်ကပ် နေရာယူထားခဲ့တယ်။ စင်မြင့်ပေါ်က Prince ဟာ သူ့ကိုပဲ စူးစိုက်ကြည့်နေတာကို Garcia အမှတ်ရနေသေးတယ်။ Prince က လျှာထုတ်ပြတာလည်း သူ မှတ်မိတယ်။ နောက်တစ်လလောက်နေတော့ ခင်ဖြစ်သူရဲ့ တိုက်တွန်းချက်အရ သူရဲ့ ကိုယ်သားလှုပ်အက ဗီဒီယိုတိပ်ခွေတစ်ခွေကို Garcia က Prince ဆီ သွားပေးလိုက်တယ်။ ဂျာမနီမှာ Prince လာဖျော်ဖြေတဲ့ ပွဲစဉ်တစ်ရပ်မှာ သွားပေးခဲ့တာဖြစ်ပြီး အဲဒီအချိန်က Garcia တို့ မိသားစုတစ်ခုလုံး ဂျာမနီမှာ နေနေကြတာပါ။ Prince က Garcia ကို စင်မြင့်နောက်လာခဲ့ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။

'Prince က သူ့အဝတ်လဲခန်းရဲ့ အပြင်ဘက်မှာ ဘူးသီးခြောက်လေးတစ်ခုကို စည်းချက်ကျ လှုပ်ယမ်းနေတယ်။ ဖြောင့်စင်းနေတဲ့ ဆံပင်မှာ လှိုင်းလေးတွေထ,နေတယ်။ မျက်တောင်တော့ကြီးတွေကလည်း မတရားကိုလှနေတာ။ သူ့ကိုယ်ပေါ်မှာလည်း ဈေးအကြီးဆုံး ဆိုတဲ့ Sephora ရေမွှေးနံ့တွေ ရနေတယ်။ သူက အိုင်းလိုင်နာတွေလည်း ခြယ်ထားတယ်။ ဒေါက်မြင့်ဖိနပ်ကြီးတွေလည်းစီးတယ်။ အမျိုးသမီးသုံးရေမွှေးတွေလည်း ဆွတ်တယ်ဆိုပေမဲ့ သူ့ရဲ့ကိုယ်ရံတော် သက်တော်စောင့်တွေ ထက်တောင် ယောကျာ်းပီသအောင် နေတတ်သူပါ'။

'မင်း တိပ်ခွေ ကိုယ် သဘောကျတယ်'လို့ သူက ပြောလာခဲ့တာပါ။ 'မင်း တကယ်ရော ဆယ့်ခြောက်နှစ်ပြည့်တာ ရဲ့လား'၊ 'ဟုတ်ပါတယ်'၊ 'ကောင်းပြီလေ၊ ကိုယ် မင်းနဲ့ စကားထပ်ပြောကြည့်ချင်သေးတယ်။ မင်းအမေ့နံပါတ်ပေးလို့ရမလား'။ နှစ်ယောက်သား တွေ့ဆုံချိန်က စက္ကန့်လေးဆယ်ပဲကြာတယ်။ ဒါပေမဲ့ အချိန်ကာလဆိုတဲ့




ကျွန်မတို့
နှစ်ယောက်ကြားမှာ
ဖိုမ ဆက်ဆံရေး
မရှိခဲ့ပါဘူး
တစ်ခါတလေမှာ
အဲဒီလိုမျိုးအတွေးတွေ
သူ့စိတ်ထဲ
ဝင်လာတတ်တယ်
ဆိုတာကို
သူ မငြင်းပေမဲ့
အသက်
ဆယ့်ခြောက်နှစ် အရွယ်
မိန်းကလေး
တစ်ယောက်အပေါ်
အခွင့်အရေးယူဖို့ရာ
သူက အရမ်းကို
စဉ်းစား ဆင်ခြင်ဉာဏ်နဲ့
ပြည့်စုံတဲ့
လူကောင်းတစ်ယောက်
ဖြစ်နေတယ်




ကန့်သတ်ချက်ရဲ့ အပြင်ဘက်ကို ကျွန်မတို့ လှမ်းထွက်သွားခဲ့သလိုပဲလို့ Garcia က ပြောပြပါတယ်။

အဲဒီညနေခင်းပိုင်းမှာ သူက Garcia ကို သူ့ဟိုတယ်အခန်းဆီ လာတွေ့ဖို့နဲ့ နောက်ထပ် အကတိပ်ခွေတွေ ထပ်ယူလာဖို့ပြောလာတယ်။ ဟိုတယ်အခန်းကြမ်းပြင်ပေါ် နှစ်ယောက်အတူ ထိုင်ပြီး ဗီဒီယိုကြည့်ကြတယ်။ အဲဒီနောက်မှာ အဲဒီအချိန်က အသက် ၃၂ နှစ်ရှိနေပြီဖြစ်တဲ့ Prince က Garcia ကို ကမ္ဘာအနှံ့ ရောက်လေရာအရပ်ကနေ စာတွေမှန်မှန်ရေးပို့၊ ညဥ့်နက်တိုင်ကျရင် တယ်လီဖုန်းဆက်နဲ့ ဖြစ်လာတော့တာပါပဲ။

'ကျွန်မတို့နှစ်ယောက်ကြားမှာ ဖိုမဆက်ဆံရေး မရှိခဲ့ပါဘူး။ တစ်ခါတလေမှာ အဲဒီလိုမျိုး အတွေးတွေ သူ့စိတ်ထဲဝင်လာတတ်တယ်ဆိုတာကို သူ မငြင်းပေမဲ့ အသက်ဆယ့်ခြောက်နှစ်အရွယ်မိန်းကလေးတစ်ယောက်အပေါ် အခွင့်အရေးယူဖို့ရာ သူက အရမ်းကို စဉ်းစားဆင်ခြင်ဉာဏ်နဲ့ ပြည့်စုံတဲ့ လူကောင်းတစ်ယောက်ဖြစ်နေတယ်'။

သိပ်မကြာခင်မှာပဲ Garcia ကို Paisley Park ဆီ လာခဲ့ဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။

Prince ရဲ့ နေအိမ်ကို ဆေးပြန်သုတ်တယ်။ ဆေးသုတ်တာကတော့ ပုံမှန်သုတ်နေကျအတိုင်း သုတ်တာပါ။ ပြီးတော့ ကားအသစ်တစ်စီး ရောက်လာတယ်။ BMW ကားအသစ်ကို မှာကတည်းက အိမ်ရဲ့ ဆေးရောင်နဲ့ လိုက်ဖက်တဲ့ အရောင်မှုတ်ပေးဖို့ စိတ်ကြိုက်မှာထားတာ။ အရာရာဟာ သူ့စိတ်ကြိုက်အတိုင်းပဲဖြစ်ရတာ။ ပထမ တစ်နှစ်၊ နှစ်နှစ်လောက်အတွင်းမှာပါ။ ပြီးတဲ့နောက်မှာ အရာအားလုံး၊ သူ့ရဲ့ တစ်ဘဝတာလုံး အပြောင်းအလဲတစ်ရပ်ဖြစ်ခဲ့ရတယ်။ အဲဒါက ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာလရဲ့ နောက်ဆုံးသီတင်းပတ်မှာပါ။

'ပထမဆုံး သွားတွေ့တဲ့အချိန်မှာ သူ့အခန်းထဲကို သွားခဲ့ကြတယ်။ သူ



www.burmeseclassic.com

www.burmeseclassic.com

အခန်းက ပြတင်းပေါက် လုံးဝ မရှိတော့ နေ့ခင်းကြောင်တောင်မှာတောင် ညလို မှောင်နေပါတယ်။ ထူထဲတဲ့ ကော်ဇောတွေ၊ ကန့်လန့်ကာကြီးတွေ၊ လျှပ်စစ်မီးအိမ်လှလှလေးတွေနဲ့ ခမ်းခမ်းနားနား ပြင်ဆင်ထားတဲ့ သူ့ရဲ့အခန်းဟာ အာရပ်ပုံပြင်ထဲက ဂျင်နီရဲ့ ခိုလှုံရာနေရာ ကျနေတာပဲ။ ရေချိုးခန်းထဲမှာတော့ သွားတိုက်ဆေးတို့၊ ပါးစပ်ဆေးတဲ့ အရည်တို့ စတဲ့ သုံးရိုးသုံးစဉ် ပစ္စည်းတွေပဲ ထားထားတာ တွေ့လို့ စိတ်ထဲမှာ ထူးထူးဆန်းဆန်း သက်သာရာရသွားသလိုပါပဲ"။

Garcia က သူ့အတွက် ဗိုက်သားလှုပ်အက ကပြတယ်။ ပြီးတော့ သီးခြား အိပ်ခန်းတစ်ခုမှာ စောစောပဲ အိပ်ရာဝင်ခဲ့ပါတယ်။

မနက်ကျတော့ သူက ပန်ကိတ်မုန့်တွေ ဖုတ်ပေးထားတယ်။

Garcia အထက်တန်းကျောင်း အောင်ပြီးသွားတော့ သူ့မိဘတွေက Prince ဆီမှာ နောက်ခံကချေသည် အလုပ်ခိုင်းတယ်။ နောက်ဆိုရင် သူက Garcia ရဲ့ တရားဝင်အုပ်ထိန်းသူဖြစ်လာရတော့မှာလေ။ Garcia အသက် ၁၈ နှစ်ပြည့်တာနဲ့ Paisley Park နေအိမ်ဆီ ရွှေ့လာခဲ့ဖို့ Prince က တောင်းဆိုခဲ့တာပါ။ Prince က သူ့ရဲ့ အဖွဲ့သားတွေအားလုံးကို အဝတ်အစားဝတ်ဆင်ရာမှာ စည်းကမ်းတင်းတင်းကျပ်ကျပ်နဲ့ ထိန်းကွပ်တယ်။

"အားလပ်ရက်တစ်နေ့မှာ အစမ်းဇာတ်တိုက်လေ့ကျင့်တဲ့ နေရာကို ကျွန်မက အားကစားလုပ်ရင် ဝတ်တဲ့ ဘောင်းဘီပွပွဝတ်ပြီး ရောက်သွားခဲ့တာ Prince က ကျွန်မကို ဘောင်းဘီအလဲ ခိုင်းပါတယ်။ သူ့ကိုယ်သူ လှလှပ မဝတ်မဆင်ရဘဲနဲ့လည်း အိမ်ပြင်ကို ဘယ်တော့မှ ထွက်လေ့မရှိဘူး။ ဒီ အကြောင်း သိထားတော့ Minneapolis Star Tribune သတင်းစာမှာ သူ့သတင်း ဖတ်မိတဲ့အချိန်မှာ ကျွန်မ ကျောရိုးထဲက တောင် စိမ့်ပြီး တဆတ်ဆတ်တုန်ခဲ့ရ တယ်။ သတင်းမှာပါတာက Paisley Park နေအိမ်က ဓာတ်လှေကားထဲမှာ လဲကျသေဆုံးနေတဲ့ သူ့ကို တွေ့ရတဲ့ အကြောင်းပါ။ "Prince က အနက် ရောင် ဘောင်းဘီနဲ့ အင်္ကျီကို ဝတ်ဆင် ထားပြီး အင်္ကျီရော ဘောင်းဘီပါ နောက်ပြန်ဝတ်ထားတာ တွေ့ရတဲ့အပြင် သူ့ရဲ့ ခြေအိတ်ကလည်း အတွင်းအပြင် ပြောင်းပြန်ဖြစ်နေတာ တွေ့ရတယ်" လို့ သတင်းစာမှာ ရေးထားခဲ့တာကြောင့်ပါ။

သူ့မှာ တခြားမိန်းကလေးသူငယ် ချင်းတွေ ရှိပေမဲ့ ပွဲပြီးတိုင်း Garcia နဲ့ အတူ သူ့အခန်းထဲမှာ ထိုင်ပြီး မိုးလင်း ပေါက် စကားပြောကြလေ့ရှိပါတယ်။ Garcia ကို အစွဲကြီးစွဲနေပေမဲ့ Prince ရဲ့ တောင်းဆိုမှုတွေက အဝတ်အစား အကြောင်းလောက်တင် မကပါဘူး။ တစ်နေ့မှာ Garcia က ကိုယ်အလေးချိန် ပေါင်နည်းနည်းထပ်တိုးလာတာ သူ သိသွားတော့ Garcia ရဲ့ မိတ်ကပ်သမား စားပွဲပေါ်က ခရင်မ်အချိုပါတဲ့ မုန့်တွေ မြင်ပြီး မေးလာတယ်။

"ဒါတွေ မင်းဟာလား"

"ကျွန်မ စားတာမဟုတ်ဘူး" လို့ ကျွန်မ ပြန်ဖြေလိုက်တယ်။ သူက အပြင် ထွက်သွားတယ်။ မိနစ်နှစ်ဆယ်လောက် နေတော့ ငွေစာရင်းကိုင်တစ်ယောက် အခန်းထဲဝင်လာပြီး ပြောတယ်။ "စိတ် မကောင်းပါဘူး။ ဒီသီတင်းပတ်အတွက် ရှင့်လုပ်ခကို ကျွန်မ ဖြတ်ရပါလိမ့်မယ်" လို့ ဆိုတယ်။

"Prince ကို အခုနေအခါမှာ ကျွန်



www.burmeseclassic.com



ရှုန်းနေပြီဆိုတာ နောက်ပိုင်းမှာ တွေးမိလာပါတယ်'။

Garcia အသက် ၁၉ နှစ်အရွယ်မှာ Prince က တရားဝင်ကြေညာလာပြီ။

'သူက ကျွန်မနားနားကပ်ပြီး ပြောလာတာ။ 'အချိန်ကျပြီ ထင်တယ် Garcia' လို့ သူက ဆိုလာတယ်'။

'ဘာအတွက်လဲ'

'မင်း ကလေးမရအောင် လုပ်ထားဖို့ လိုမယ်လေ'

နောက် သီတင်းတစ်ပတ်သာသာ လောက်မှာ ကျွန်မရဲ့ နေ့စဉ်မှတ်တမ်းထဲမှာ ထင်ထင်ရှားရှား စာလုံးတွေနဲ့ ရေးချလိုက်တယ်။ '၁၉၉၃ ခု၊ ဖေဖော်ဝါရီလ ၉ ရက်နေ့၊ အပျိုမဟုတ်တော့တဲ့နေ့' လို့ပေါ့။ မျက်စိတစ်ဖက်မှိတ်ပြပြီး ပြုံးနေတဲ့ သူ့ရဲ့မျက်နှာကို ကျွန်မ ရလိုက်ပါတယ်။

နယ်လှည့်ဖျော်ဖြေပွဲ ထွက်ရတာဟာ သူတို့နှစ်ယောက်လုံးအတွက် တကယ့်ကို ပင်ပင်ပန်းပန်းရှိလှတယ်။ ဒါပေမဲ့ Prince က ဘယ်တော့မှ သူ့ရဲ့ နာကျင်ခံစားမှုတွေအကြောင်း ပြောလေ့မရှိပါဘူး။ တစ်နေ့မှာတော့ Prince က သူ့ကို ခေါ်ပြောလာခဲ့တယ်။

'နောက်မှ သူ့ကို တွေ့ရချိန်မှာ သူက အားအင်ချည့်နဲ့ပြီး ပြုံလဲတော့မလို ဖြစ်နေတာ သိရတယ်'

'ရှင် နေကောင်းရဲ့လား'

'ဟုတ်တယ်၊ ကိုယ်နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နေလို့မကောင်းဘူး'

'Prince မူးယစ်ဆေးဝါးသုံးတာ ကျွန်မ တစ်ခါမှ မမြင်ဖူးပါဘူး။ သူက မမြင်စေချင်တာနေမှာပေါ့။ တွေ့ရင် ကျွန်မ ဘယ်လိုပြောလာမယ်ဆိုတာ သူက သိနေပြီးသားဆိုတာ သေချာတယ်လေ။ သူ့မှာ လက်ထဲ အမြဲကိုင်ထားတတ်တဲ့ အနက်ရောင်အိတ်တစ်လုံး ရှိတယ်။ ဒါပေမဲ့ အထဲမှာ ပါတာတွေက သကြား လုံးတို့၊ ဗီတာမင်ဆေးပြားတို့၊ မိတ်ကပ်ဘူးတို့နဲ့ သမ္မာကျမ်းစာအုပ်တစ်အုပ်ပါပဲ။ ဒါပေမဲ့ တစ်ခါတလေ သူ စိတ်အနှောင့်အယှက်ဖြစ်ရတဲ့အခါမျိုးမှာ သူနေမကောင်းကြောင်း၊ ခေါင်းတစ်ခြမ်းကိုက်နေကြောင်းတွေ ကျွန်မကို သူ ပြောပြတတ်ပါတယ်။ အခုနေမှ ပြန်စဉ်းစား ကြည့်လိုက်တော့ ဒါဟာ တစ်ခုခုပဲလို့ ကျွန်မ သိလာရတယ်'။

သူတို့နှစ်ယောက်ဟာ ၁၉၉၆ ခုနှစ်ရဲ့ ဗယ်လင်တိုင်းနေ့မှာ လက်ထပ်ခဲ့ကြပါတယ်။ နှစ်ယောက်လုံး ရင်ခုန်ခံစားနေခဲ့ကြရပြီး သီတင်းပတ်အတော်ကြာတဲ့နောက်မှာ Garcia ကိုယ်ဝန်ဆောင်ရပါပြီ။ ကလေးနာမည်ကို အာရဗီဘာသာစကားနဲ့ မင်းသား(Prince)လို့ အဓိပ္ပာယ်ရတဲ့ Amiir လို့ မှည့်ခေါ်ဖို့ ရွေးချယ်ခဲ့ကြတယ်။ ဒါပေမဲ့ Prince အတွက် အဆိုးမိုးမှောင်ကျမယ့် အရိပ်အယောင်တွေပြလာခဲ့ပြီ။ တစ်ကြိမ်မှာ သူ သတိလစ်သွားတဲ့အထိ ဖြစ်ခဲ့ရပြီး ဗိုက်ထဲက အနီရောင်ဝိုင်တွေ၊ အက်စ်ပရင်ဆေးတွေ အန်ခဲ့တယ်လို့ သူက ပြောပြခဲ့ပါတယ်။ Garcia ရဲ့ ကိုယ်ဝန်အနေအထားကလည်း ချောချောမွေ့မွေ့မရှိဘူး။ တစ်ကြိမ်မှာ သွေးတွေဆင်းပြီး ဆေးရုံတက်ခဲ့ရတယ်။ သူ့ဆရာဝန်က မျိုးရိုးဗီဇ ပုံမှန်မဖြစ်တာတွေနဲ့ ပတ်သက်တဲ့ စစ်ဆေးမှုလုပ်ဖို့ အကြံပေးလာတယ်။

'တစ်ခါတလေမှာ ခန္ဓာကိုယ်က သန္ဓေသားကို အကြောင်းတစ်ခုခုကြောင့် ညစ်ထုတ်ဖို့ ကြိုးစားလာတာ'။ သားအိမ်ထဲက အရည်နမူနာကို အပ်နဲ့စုပ်ယူပြီး သန္ဓေသားအခြေအနေကို စစ်ဆေးတဲ့နည်းလမ်းဟာ အင်မတန် အန္တရာယ်များပြီး ကိုယ်ဝန်ပျက်ကျတဲ့အထိ ဖြစ်နိုင်ကြောင်း Garcia က ရှင်းပြခဲ့တယ်။ 'ကျွန်မယောက်ျားက အဲဒီနည်းနဲ့ တို့လုပ်မှာ မဟုတ်ဘူး'လို့ ဆိုပါတယ်'

'အိမ်ကိုသူရောက်လာရင် ဒူးထောက်ပြီး ဘုရားသခင်ဆီမှာ ဆုတောင်းတယ်။ ကျွန်မကိုလည်း သူနဲ့အတူ ဆုတောင်းခိုင်းပါတယ်။ 'ကျေးဇူးပြုပြီး ဒီကလေးကို ဘုရားသခင် ကောင်းချီးပေးတော်မူပါ'လို့ သူက ဆုတောင်းတာ။ ဒီကလေးငယ်ကို ဘေးအန္တရာယ်ကျရောက်ခွင့်ပြုမှာ မဟုတ်ဘူးဆိုတာ သိပါတယ်။ အဲဒီအချိန်ကစပြီး ကျွန်မတို့ နေ့တိုင်း ဆုတောင်းတဲ့အလုပ်ကို လုပ်ပါတယ်'

၁၉၉၆ ခုနှစ် အောက်တိုဘာလ ၁၆ ရက်နေ့မှာ Garcia က ရင်သွေးလေးကို ဗိုက်ခွဲပြီး မွေးဖွားပေးခဲ့ပါတယ်။

'ကျွန်မယောက်ျား မျက်နှာပေါ်က ပျော်ရွှင်မှုကို ဘယ်လိုပြောပြရမယ်မှန်းတောင် မသိတော့ပါဘူး၊ အရမ်းကို ပျော်နေတာပါ။

'အဲဒီနောက် ဆရာဝန်တွေက ကလေးကို မီးရောင်ပြင်းပြင်းတွေအောက်မှာ ထား,ထားကြတယ်။ အပျော်လွန်နေတဲ့ ကျွန်မယောကျ်ားမျက်နှာက တကယ့်ထိတ်လန့်မှုအသွင် ပြောင်းသွား





www.burmeseclassic.com

www.burmeseclassic.com

ခဲ့ရတယ်။

'Pfeiffer Syndrome အဆင့် ၂ ဆိုတာက မျိုးရိုးဗီဇဆိုင်ရာ ပုံမှန်မဟုတ်တဲ့ ရောဂါတစ်မျိုးပါ။ ကလေးကို ပုံပျက်ပန်းပျက်ဖြစ်စေတတ်ပြီး Cloverleaf Skull ဆိုတာမျိုး ဖြစ်သွားရင် မျက်လုံးတွေက အပြင်ဘက်ကို ထွက်လာတဲ့အထိ ဖြစ်တတ်ပါတယ်။ စအိုပေါက် ပါမလာတာတို့၊ အူမကြီးနဲ့ အစာဟောင်းအိမ်မှာ အသက်အန္တရာယ် ခြိမ်းခြောက်နိုင်တဲ့ မူမမှန်မှုတွေ ပါလာတာမျိုးလည်း ရှိတတ်ပါတယ်။ ဒီအကြောင်းတွေကို ကျွန်မ နောက်မှ သိလာတာပါ။ ပထမဆုံးအကြိမ်အဖြစ် ကိုယ်တိုင် မြင်တွေ့ခဲ့ရတဲ့ အချိန်မှာတုန်းက ကျွန်မ နားမလည်နိုင်ခဲ့ဘူးလေ။

'ကလေး ဘာဖြစ်လို့ မငိုတာလဲလို့ သူ မေးနေတဲ့အသံကို ကျွန်မ ကြားရတယ်။ ဆေးဝန်ထမ်းတွေလည်း အထိတ်တလန့်ဖြစ်ပြီး ကလေးကို ဝိုင်းဝန်း စစ်ဆေးကြတယ်။ ကလေးကို ကျွန်မတို့ဆီ ယူလာတယ်။ ကလေးက လေကို အငမ်းမရ ရှူနေရတာ။ မျက်ခွံ ပါမလာလို့ မျက်တောင်မခတ်နိုင်ဘူး။ သူ့မျက်လုံးတွေက ကြောက်စရာဖြစ်နေပြီး ခြောက်သွေ့နေတယ်။ သူ့ရဲ့ လက်သေးသေးလေးကို ကျွန်မလက်နဲ့ကိုင်ပြီး 'မာမာ သားလေးကိုချစ်တယ်၊ မာမာ ဒီမှာရှိပါတယ်' လို့ ထပ်ကာထပ်ကာ ပြောနေမိတယ်'

အဲဒီနေ့ နောက်ရက်တွေမှာ Amiir ကို စစ်ဆေးမှုတွေ အထပ်ထပ်လုပ်ခဲ့ရတယ်။

'ဆေးဝန်ထမ်းတွေက ကလေးရဲ့ မျက်လုံးကို ပိတ်ချုပ်လိုက်တယ်။ အစာကျွေးဖို့ ပိုက်ထည့်ရတယ်။ နေ့တိုင်း နေ့တိုင်း ပြဿနာအသစ် တစ်ခု တစ်ခု တွေ့ရတယ်။ ခြောက်ရက်လောက်နေတော့ ကလေးက အသက်ကို မနည်း လုရှူနေရပြီ။ ဆရာဝန်ကို ကျွန်မ မေးကြည့်ပါတယ်။ 'သူ ဒီကနေ ထွက်မသွားနိုင်လောက်ပါဘူးနော်' လို့ ပြောခဲ့တာပါ'

'ဆရာဝန်က ကလေးရဲ့ လည်ပင်းထဲမှာ ပိုက်တစ်ချောင်း အမြဲတပ်ထားရင်ထား၊ မထားရင် သူ့ကို လက်လွှတ်လိုက်ရလိမ့်မယ်လို့ ပြောလာတယ်။ ကလေးကို လက်လွှတ်လိုက်ဖို့ ကျွန်မတို့တွေ ဆုံးဖြတ်ခဲ့ကြပါတယ်။ ဆရာဝန် ဆက်ရှင်းပြလေ ကျွန်မ ရူးချင်လေပါပဲ။ 'ရှင်တို့ ကလေးကို နှိပ်စက်နေကြတာ' လို့ အော်ပစ်ခဲ့မိတယ်။

'ကျွန်မ ယောက်ျားက ကျွန်မကို စိတ်အေးအေးထားဖို့ ကြိုးစားဖျောင်းဖျတယ်။ ကျွန်မတို့နှစ်ယောက် ကြောက်စရာကောင်းတဲ့နေရာမှာ အတူတူရပ်ပြီး ဆုံးဖြတ်ခဲ့တာပါ။ 'သူ့ကို တို့တွေ လက်လွှတ်လိုက်ရတော့မယ်' လို့ ပြောခဲ့ကြတာပါ။

'သားလေးရဲ့ အရိုးပြာအိုးကို အိမ်ပြန်ယူလာခဲ့တယ်။ Amiir ရဲ့ အရိုးပြာအိုးနဲ့အတူ ခုတင်ပေါ်မှာ ဘယ်လောက်ကြာကြာ နေခဲ့မိတယ်ဆိုတာတောင် ကျွန်မ မသိဘူး။ နောက်တစ်ရက် ဒါမှမဟုတ် နောက်တစ်ပတ်လည်း ဖြစ်ရင်ဖြစ်မယ်။ ကျွန်မယောက်ျား ရောက်လာပြီး ပြောလာတယ်။ 'ကိုယ် ဒီမှာ မနေနိုင်ဘူး၊ သွားမှာဖြစ်မယ်' တဲ့။ အဲဒီနေ့တွေဟာ အမှောင်ထုထဲမှာပဲ ကုန်ဆုံးသွားခဲ့ရပါတယ်'

Amiir ဆုံးပြီး သိပ်မကြာခင်မှာဘဲ Prince က Garcia ကိုပြောလာတယ်။

'ဒီနေ့ Paisley ကို Oprah လာလိမ့်မယ်'

'ကျွန်မ နေမကောင်းဘူးလို့သာ ပြောလိုက်ပါ။ ကျွန်မ မတွေ့နိုင်သေးဘူးလို့ ပြောပေးပါ'

'မင်း သူ့ကို တွေ့ဖို့လိုတယ်'

'သူက ကျွန်မကို ဆွဲထုတယ်။ ကျွန်မက ရှိုက်ငိုနေမိတယ်။ လူတွေဝင်လာတယ်။ ကျွန်မ မျက်နှာကို မိတ်ကပ်ထူထူ လိမ်းခြယ်ပေးကြတယ်။

'ကျွန်မယောက်ျားက Oprah ကို Paiseley Park နေအိမ် လာလည်ဖို့ ခေါ်ထားတာ။ Oprah ရဲ့ အလုပ်က ရှင်းရှင်းလေးပါ။ သူလာတာက ကလေးဆုံးသွားပြီလား၊ လူတွေပြောနေကြသလို ရုပ်ပျက်ဆင်းပျက်ဖြစ်နေလား၊ သိရအောင် လာတာပါ။

'ကျွန်မ ဆေးရုံတက်နေတဲ့အတောအတွင်း သူက Paiseley Park နေအိမ်မှာ ခေတ်မီပစ္စည်းကိရိယာ အစုံအလင်တပ်ဆင်ထားတဲ့ ကလေးထိန်းခန်းနဲ့ ကစားဖို့အခန်းကို ပြင်ဆင်နေတာ။ အဲဒီအကြောင်းတွေ ကျွန်မ ဘာမှ မသိခဲ့ရပါဘူး။ သူက ကျွန်မကို အံ့အားသင့်သွားစေချင်ခဲ့တာလေ။ Oprah က အဲဒီအခန်းကို ကျွန်မထက် အရင် မြင်ခဲ့ရတာ။ Oprah ကို သူဘာဖြစ်လို့ ဒီအထိ ခေါ်လာရတာလဲဆိုတာ ကျွန်မ နားမလည်နိုင်အောင်ပါပဲ။ သူတို့က ကစားစရာ အရုပ်တွေနဲ့ ရောင်စုံဗိမာန်အလယ်မှာ မတ်တတ်ရပ်နေကြတယ်။ ကလေးတစ်ယောက်ပြုစု စောင့်ရှောက်ဖို့ လိုအပ်တဲ့ ပစ္စည်းမှန်သမျှ အကုန်ရှိတယ်။ မရှိတာက ကလေးပါပဲ'

'မွေးလာတဲ့ ကလေးက ကျန်းမာရေး မကောင်းဘူးလို့ ကောလာဟလသတင်းတွေ ထွက်နေတယ်နော်' လို့ Oprah က ပြောလာတယ်။ 'ဘာမှမဖြစ်ပါဘူး၊ အားလုံး ကောင်းပါတယ်' လို့ သူက ဝင်ဖြေလိုက်တယ်။ 'ခင်ဗျားကြားခဲ့တာတွေ အမှတ်ထားမနေပါနဲ့' လို့လည်း ဆိုလိုက်သေးတယ်။ 'ကျွန်မကတော့ ဆိုဖာခုံပေါ်မှာ ဘဲလေးကချေသည့်မတစ်ယောက်ရဲ့ အပြုံးမျိုးနဲ့ ထိုင်နေရတာပေါ့။ 'Amiir အကြောင်း မင်း ဘာမှ မပြောနဲ့' လို့ သူက မှာထားတာလေ'

Amiir ကို ဆုံးရှုံးရတာဟာ သူတို့ အိမ်ထောင်ရေး အဆုံးသတ်ဖို့ နိဒါန်းပါပဲ။ Garcia က ကိုယ့်ကိုယ်ကို သေကြောင်း ကြံဖို့အထိ စဉ်းစားမိခဲ့ရသလို Prince လည်းပဲ အလုပ်ထဲမှာပဲ သူ့ကိုယ်သူ နှစ်ထားလိုက်တော့တယ်။

'ကိုယ့်ကိုယ်ကို သေကြောင်းကြံဖို့အထိ တွေးမိတဲ့အတွေးကို လက်တွေ့လုပ်ဖို့ရာ ဘယ်လောက်အထိ နီးနီးကပ်ကပ် ဖြစ်ခဲ့တယ်ဆိုတာ သူ့ကို ကျွန်မ ပြောမပြခဲ့ပါဘူး။ ဒါပေမဲ့ ဒါကို သူသိ



www.burmeseclassic.com

www.burmeseclassic.com

တယ်လို့ ကျွန်မ ထင်လာမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မသောက်တဲ့ ...n အကိုက်အခဲပျောက်ဆေးတွေ ...က်ပျောက်နေတတ်လို့ပဲ။ ကျွန်မ ...ထင်တော့ ဒီဆေးတွေနဲ့ ကျွန်မ ကိုယ့် ...ယ်ကို ဒုက္ခပေးမှာစိုးလို့ သူ ဝှက်ထား ...ပဲဖြစ်မယ်။ ဖြစ်ခဲ့တာတွေ ပြန်စဉ်း ...းကြည့်တော့လည်း ဘယ်လိုတွေး ...ကြည့်ရမယ်ဆိုတာ ကျွန်မ မသိပါဘူး'

၁၉၉၇ ခုနှစ်မှာ Garcia က ...ာက်တစ်ကြိမ် ကိုယ်ဝန်ဆောင်ပါ ...ယ်။ ဒါပေမဲ့ ကိုယ်ဝန်က ကြာကြာ ...ဘူး။ သားအိမ်ခြစ်ဖို့ လိုတယ်လို့ ...ကြံပေးကြတယ်။ Jehovah's ...tnesses အသင်းတော်ကို ကိုးကွယ်ရာ ...ာသာအဖြစ် နောက်ဆုံးမှာ သက်ဝင် ...ယုံကြည်ထားတဲ့ Prince က ဒါကို ...က်မခံခဲ့ပါဘူး။ ...ဲဒီအသင်းတော်ရဲ့ ...ဆုံးအမတွေကို သူက လေ့လာသင်ယူ ...ီး ဆေးပညာကို ဆန့်ကျင်လာတယ်။ ...ပေမဲ့ Garcia က ရှေ့ဆက်တိုးခဲ့တယ်။ ...ာက်တစ်နှစ်မှာ Prince က သူ့ရဲ့ ...လူအတန်းတွေမှာ အကြံပေးအဖြစ် ...ဆောင်ရွက်ပေးလေ့ရှိတဲ့ Manuela ...olini ဆိုတဲ့ မိန်းကလေးနဲ့ တွဲလာ ...ယ်။ ဘာသာရေးယုံကြည်ချက်တွေ ...င်းထန်လာပြီး သူ့ဘဝရဲ့ အစောပိုင်း ...ာလတွေကို ဘုရားသခင်က နှစ်မြို့ ...ာ်မှုခြင်း မရှိကြောင်း၊ Amiir ကွယ် ...န်မှုဟာ သူ ပြန်လည်ပေးဆပ်ရတာ ...တွေရဲ့ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း ...ချင်းတစ်ပုဒ်မှာ ထည့်ရေးခဲ့တယ်။

ဒါပေမဲ့ Garcia နဲ့အိမ်ထောင်ရေး ... ပြတ်စဲဖို့ကတော့ သူကိုယ်တိုင်ရဲ့ ...ောင်းဆိုမှုပါပဲ။ ၂၀၀၀ ပြည့်နှစ် ...တွင်းမှာ အိမ်ထောင်ကွာရှင်းပြတ်စဲပြီး ...နောက် Prince က Garcia နဲ့ပတ်သက် ...မှန်သမျှ မီးရှို့ဖျက်ဆီးပစ်ဖို့ သူ့ရဲ့ ...က်ထောက်ဖြစ်သူကို ခိုင်းစေခဲ့ တယ်။ ...နဲ့ ပတ်သက်တာတွေ အားလုံးကို ...ည်း ဖျက်ဆီးစေခဲ့ပါတယ်။ ၂၀၀၁ ... နှစ်သစ်ကူးအကြို ညမှာ Prince နဲ့ ...nuela တို့လက်ထပ်လိုက်ကြတယ်။

'နောက်ဆုံးမှာတော့ ကျွန်မတို့နှစ်ယောက် လက်ပြန်တွဲနိုင်ကြမှာပဲလို့ အထင်ရောက်ခဲ့မိတဲ့အကြောင်း ကျွန်မ ဝန်ခံ ပြောကြားချင်စိတ်တော့ မရှိဘူး'


၂၀၀၆ ခုနှစ် နိုဝင်ဘာလမှာ Garcia က သူ့ကို ခွင့်လွှတ်ဖို့ အဆင်သင့်ဖြစ်နေပြီလို့ စာရေးပေးပို့ခဲ့တယ်။ Prince က သူ့ရဲ့ Las Vegas ပွဲစဉ်ကို လာကြည့်ဖို့ ဖိတ်ခေါ်ခဲ့တယ်။

'စင်မြင့်ထက်မှာ ဖျော်ဖြေနေရင်းကနေ အောက်ကို သူ ဆင်းလာတယ်။ ကျွန်မထိုင်နေတဲ့ နေရာရောက်တော့ ကျွန်မလက်ကို ကိုင်ပြီး သူ့ဘက် ဆွဲယူပွေ့ဖက်လာတယ်။ အခန်းထဲမှာ မီးတွေ ထိန်လင်းနေပြီး ဂီတသံတွေကလည်း ကျယ်ကျယ်လောင်လောင်၊ ထောင်နဲ့ချီပြီးရှိတဲ့ ပရိသတ်တွေရဲ့ မျက်လုံးအစုံတွေ ဝိုင်းကြည့်နေတဲ့ကြားမှာပဲ ကျွန်မက မျက်လုံးတွေကို မှေးစင်းထားလိုက်တယ်။ သူ့ရဲ့လက်က ကြွက်သားစိုင်တွေနဲ့ လက်ဖျံရိုးတွေ ထိနေတဲ့ အရသာကို ကျွန်မ ခံစားနေလိုက်တယ်။ အခုအချိန် အခိုက်အတန့်လေးမှာတော့ သူဟာ ကျွန်မချစ်ခဲ့ရတဲ့ လူပါပဲ'။ ■

ရာပြည့်

***Reference: Our Tragic Love Story***
***by Johnny Dodd,***
***People Magazine.***

***photographs by Cheyenne Ellis.***





www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တိုက်ဆိုင်မှုတစ်ခုသာ ဖြစ်လိမ့်မည်။ သည့်အတွက် သူမကို အပြစ်ဆိုရန် အကြောင်း မရှိပါ။ တစ်ယောက် အမည်ပင် တစ်ယောက် မသိသော လူနှစ်ဦးအတွက် စကားပြောရန် အခွင့်အရေးလည်း ရှိမနေခဲ့ပါ။ သူမသည် အဝါရောင် သစ်ရွက်လေးတစ်ရွက်။ နွေဦးလေပြည်တွင် လှုပ်ခတ်လွင့်မျောနေသော အဝါရောင်သစ်ရွက်များထဲမှ အဝါရောင်သစ်ရွက်လေး တစ်ရွက်။ အဝါရောင် သစ်ရွက်လေး၏ ရွက်ကြောများသည် လှပစွာ တွန့်ကွေး ယှက်ဖြာလျက်ရှိသည်။ အဝါရောင် သစ်ရွက်လေး ပေါ်တွင် အနီစက်လေး တစ်စက်။ ဟုတ်သည်၊ အနီစက်လေးတစ်စက်။ အခြား အဝါရောင် သစ်ရွက်များနှင့် မတူသော ထိုအဝါရောင် သစ်ရွက်လေး၏ ထူးခြားသော ကိုယ်ပိုင် သင်္ကေတတစ်ခုဆိုရင်လည်း

သကြိန်မဏ္ဍပ် တစ်ခု၏ ညပိုင်း အစီအစဉ်တစ်ခုဖြစ်သော ယိမ်းအကများဖြင့် ဖျော်ဖြေမှုတွင် သူမကို မြင်လိုက်ရခြင်းသည် သူ့အတွက် ထူးခြားသော အခိုက်အတန့် တစ်ခု ဖြစ်သည်။ ထိုနေ့သည် သကြိန်အကြတ်နေ့ ဖြစ်ပါသည်။ သည်မတိုင်မီက သူမကို မမြင်ဖူးခဲ့ပါ။ သကြိန်ယိမ်းလာကြည့်သူ ပရိသတ်များထဲမှ တစ်ယောက်ဖြစ်သော သူ့ကို သူမ သတိထားမိဖို့ ဆိုတာကတော့ ဖြစ်နိုင်ခြေ နည်းလွန်းသော



အမှတ် ၃၃၀၊ မေ၊ ၂၀၁၇



www.burmeseclassic.com

www.burmeseclassic.com

မမှားပါ။

အကယ်၍ စောစောက သကြၤန်ယိမ်းအဖွဲ့မှ ကောင်မလေးများ သူ့အနားမှ ဖြတ်မသွားခဲ့လျှင်၊ ထိုယိမ်းအဖွဲ့မှ မှဲ့နီလေးနှင့် သူမအား သူ သတိမထားမိခဲ့လျှင်၊ ပြီးတော့ သူသာ စင်နှင့်အနီးဆုံးနေရာမှာ ရှိမနေခဲ့လျှင် အဝါရောင် သစ်ရွက်လေးပေါ်မှ အနီစက်လေးကိုမြင်ခွင့်ရပါဦးမလား။ စောစောက သူ့ကို စင်နှင့်အနီးဆုံးရောက်အောင် တွန်းပို့ခဲ့သော နောက်မှလူများကို အနည်းငယ်စိတ်ကွက်ခဲ့ပေမဲ့ ယခုတော့ သူတို့ကို ကျေးဇူးတင်ရတော့မည်။ အဝါရောင်သစ်ရွက်လေးသည်*သူမ၊ သူမ သည် အဝါရောင်သစ်ရွက်လေး။ သူမ၏ နှုတ်ခမ်းထက်တွင် မှဲ့နီလေးတစ်ခု ရှိနေခဲ့သည်။ ထိုမှဲ့နီလေးသည် သူမ၏ ယဉ်သောအလှတွင် ပျော်ဝင်မိသူတိုင်း ရိုးမသွားအောင် လှို့ဝှက်သော ထပ်ဆင့်အလှတစ်ခု ကိန်းဝပ်နေစေပြန်သည်။

ဝိုင်းစက်သော မျက်ဝန်း၊ ဖြောင့်စင်းသော နှာတံ၊ ပန်းနုရောင် နှုတ်ခမ်း၊ ကော့ညွတ်သောမျက်တောင်၊ သေးမျှင်သော မျက်ခုံးမွေး စသည်တို့သည် သူမ၏ မျက်နှာပေါ်တွင် လှပစွာဖြစ်တည်နေသည်။ သူမ၏ပါးနှစ်ဖက်သည် မီးရောင်အောက်တွင် နှင်းဆီရောင်သန်းနေသည်။ ပါးအို့နီ လိမ်းခြယ်ထားခြင်းလား၊ ဒါမှမဟုတ် သဘာဝအတိုင်း နှင်းဆီရောင်သန်းနေခြင်းလား။ အို…ကိုယ့်လက်ဖဝါးဖြင့် ထိတွေ့စမ်းချင်ရဲ့။ ထိုတစ်ခဏ၌ သူသည် ရင်ထဲမှာ ရှိန်းမြလို့က်ဖိုသွားသည်။

သူ့ကျောပြင်တွင် နူးညံ့သော အတွေ့အထိတစ်ခုကို ခံစားလိုက်ရသည်။

'ဆောရီးပဲ ချာတိတ်ရာ'

ကြိုးတစ်ချောင်းတပ် အနက်ရောင်လက်ပြတ်အင်္ကျီနှင့် ပေါင်လယ်သာသာစကတ်အတို တွဲဖက်ဝတ်ဆင်ထားသော၊ ဆွဲဆောင်မှုရှိသော မမတစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုမမက သူ့ကို ပြုံးပြနေသည်။ သူမ ပခုံးပေါ်တွင် လက်တစ်ဖက်။ သူမကို ဖက်ထားသော ငနဲ၏ အခြေအနေက သိပ်ဟန်ပုံမပေါ်။ သူ့ပုံစံက ခပ်ထွေထွေ။ အင်းသည်ပုံစံနဲ့ ခင်ဗျားချစ်သူကို ကာကွယ်မှာလား၊ ဒါမှမဟုတ် ခင်ဗျားချစ်သူက ခင်ဗျားကို ကာကွယ်ရမှာလား။

*'မြနန္ဒာ×××ရေသီသြိ ရစ်ကာသန်းတော့ ရွှေမန်းတောင်ရိပ် အတူတူခိုမယ် ပျိုဖြူတွေရယ်×××'*

စင်ပေါ်မှ အဆိုတော်က *မန်းတောင်ရိပ်ခို* သီချင်းကိုပြန်ကျော့၍သီဆိုနေသည်။

ရွှေမန်းတောင်ရိပ် သွားမည့် ပျိုဖြူတွေကို စင်ပေါ်မှ အဝါရောင်သစ်ရွက်လေးလို ဝတ်စားဆင်ယင်မှုမျိုး တွေ့ရလျှင် ကောင်းမှာပဲဟု သူ တွေးနေမိသည်။ သူလောဘကြီးသွားပြီလား။ စိမ်းပြာရောင် နောက်ခံပေါ်တွင် အဝါရောင်သစ်ရွက်လေးများပါသော အင်္ကျီလက်ရှည်နှင့် ထဘီတွဲဖက်ဝတ်ဆင်ထားသော သူမကို မြင်နေရခြင်းသည် ယနေ့ခေတ်မှာ ကွယ်ပျောက်စပြုနေသော အလှတရားတစ်ခုကို ပြန်တွေ့နေရသလိုပါပဲ။

သူ့အတွေးကို သူငယ်ချင်းများသိလျှင် လှောင်လိမ့်မည်။ ခေတ်လွန်ဆန်းပြားသော၊ လုံခြုံမှုကင်းမဲ့သော ဝတ်စားဆင်ယင်မှုမျိုးရှိသူ မိန်းကလေးများကို ကြည့်မရတတ်သော သူ့ကို သူငယ်ချင်းများက လှောင်ခေါ်သော အမည်တစ်ခုရှိသည်။ အဘိုးကြီးအိုပေါက်စလေးတဲ့။ သူ စိတ်မဆိုးသလို ပြန်ချေပခြင်းလည်း မရှိခဲ့ပါ။ လူတစ်ကိုယ် အကြိုက်တစ်မျိုးပဲလေ။

အဝါရောင်သစ်ရွက်လေးသည် လိပ်ပြာလေးတစ်ကောင် ဖြစ်သွားပြန်သည်။ ဟုတ်သည်။ သူမ၏ သွယ်ပျောင်းသော လက်များသည် ဒိုးသံမြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် မြူးကြွသော သကြၤန်တေးသွားနှင့် လိုက်ဖက်ညီ သော က, ကွက်များကို ဖန်တီးပုံဖော်လျက်ရှိသည်။ သူမ၏လက်များသည် လိပ်ပြာတစ်ကောင်၏တောင်ပံများလိုပါပဲ။ သူမ၏ ခန္ဓာကိုယ်သည် တောင်ပံတစ်စုံ၏ ခေါင်းဆောင်ရာနောက်သို့ နူးညံ့သိမ်မွေ့စွာ၊ လှပလွန်းလှစွာလိုက်ပါလျက်ရှိသည်။ ထိုလိပ်ပြာလေးဘေးတွင် အခြားလိပ်ပြာလေးများ ရှိနေသော်လည်း ထိုလိပ်ပြာလေးက ပို၍ အရှိန်အဝါကြီးမားစွာ တောက်ပဝင့်စားလွန်းသည်။

မင်းဟာ ကိုယ့်ရဲ့ လိပ်ပြာလေး…

မင်းဟာ ကိုယ့်ရဲ့ အဝါရောင် သစ်ရွက်လေး…

ကိုယ်က မင်းကို သိနေပေမဲ့…

မင်းက ကိုယ့်ကို မသိနိုင်ဘူးနော်…။

ရောင်စုံလူများသည် စင်ရှေ့တွင်ပြည့်သိပ်နေသည်။ အချို့လည်း စည်းချက်အတိုင်း လိုက်က,တော့ မလိုခြေလက်များ လှုပ်ယမ်းစ,ပြုလာသည်။ ဒိုးသံသည် သကြၤန်တေးသွားတွင် မြိုင်ဆိုင် သွက်လက်စွာ သိသိသာသာ ရှန်းကြွနေသည်။ ထို့ပြင် လူမမြင်နိုင်သော အနက်ရှိုင်းဆုံး တစ်နေရာမှာ အိပ်မောကျနေသော အုံ့ပုန်းစိတ်ကို ပုတ်နှိုးနိုင်သော အစွမ်းသတ္တိမျိုးလည်း ရှိလေသည်။

ပလက်ဖောင်းပေါ် တွင် ဈေးသည်များ၊ လူများ ကြိတ်ကြိတ်တိုးလျက်။ လူငွေ့ကြောင့် ပူလောင်အိုက်စပ်သလို ဖြစ်လာဆဲ ညလေပြည်ကြောင့် အနည်းငယ်သက်သာရရသည်။ ဆည်းဆာချိန်တွင် ဖုံးလွှမ်းခဲ့သော အလင်းနုတို့ပါးလျလာသည်။ ထိုအခါ ညအရောင်သည် သိသာစွာ ခပ်ရင့်ရင့် ဖြစ်လာသည်။ လျှပ်စစ် မီးရောင်ရှိသော နေရာအချို့မှတစ်ပါး နေရာအများစုကတော့ အနက်ရောင်ရင့်ရင့် ဖုံးလွှမ်းလျက်ရှိသည်။

နံ့ထဲမှ ကြာ၏ သန့်စင်မှုမျိုး၊ အမှောင်ထဲမှ အလင်း၏ တောက်ပမှုမျိုး၊ မှိတ်တုတ် လင်းလက် ငွေကြယ်ပွင့်လေးများထဲမှ ကြယ်တစ်ပွင့်၏ အလင်းလက်ဆုံး တောက်ပမှုမျိုး၊ ပူပြင်းလောင်မြိုက်သော သဲကန္တာရတစ်ခုထဲမှ စမ်းရေအိုင်တစ်ခု၏ အေးမြမှုမျိုး အရာအားလုံးသည် တန်ခူးလတွင် ပွင့်လေ့ရှိသော ပိတောက်ပန်းများလို စနစ်တကျ ဖူးပွင့်လာခဲ့သည်။ စင်ပေါ်မှ ကနေသူများထံ ထိုးထားသော



www.burmeseclassic.com

www.burmeseclassic.com

ဆလိုက်မီးရောင်အောက်တွင် သူမမှတစ်ပါး အခြား က,နေသူများ အားလုံးသည် သူ၏ မြင်လွှာမှ တဖြည်းဖြည်း ဝေဝါး ပျောက်ကွယ်သွားသည်။

လိပ်ပြာလေး။ လိပ်ပြာလေးကိုပဲ သူ မြင်နေရသည်။ လိပ်ပြာလေးနှင့် သူ့ကြားတွင် ဆက်သွယ်မှုမရှိ။ လိပ်ပြာလေးကို ဘယ်လိုဆက်သွယ်နိုင်မလဲ။ သို့မဟုတ် ဘယ်သူက သူနဲ့လိပ်ပြာလေးကို ဆက်သွယ်ပေးလိမ့်မလဲ။ လိပ်ပြာလေးက သူ့ကို စတင် ဆက်သွယ်လာလိမ့်မည်ဟု မျှော်လင့်နိုင်မလား။

❑

သင်္ကြန်အတက်နေ့။

စင်ပေါ်တွင် က,နေသူများသည် သူ့အမြင်အာရုံတွင် မြွေများအဖြစ် ပြောင်းလဲသွားသည်။ က,နေသူများအတွက် ဖွင့်ပေးထားသော သီချင်းများသည် ဆန်းပြားစွာ မြူးကြွနေသည်။ သီချင်း၏ မြူးကြွသော တေးသွားတွင် မြွေများ ကျုံ့လွန့်နေသလို၊ ရစ်ခွေသွားသလို ခန္ဓာကိုယ်များလိုက်ပါ ပြောင်းလဲနေဆဲ။ သူတို့၏ အကြည့်များသည် မြွေတစ်ကောင်က သူ့ သားကောင်ကို ကြည့်သလို ညို့မှုမ်းစားလိုသော အကြည့်များအဖြစ် ပြောင်းလဲသွားတော့သည်။

စင်ပေါ်မှာ က,နေသော မိန်းကလေးများသည် မြွေတွေလား၊ သို့မဟုတ် စင်အောက်က ယောကျ်ားများသည် သားကောင်တွေလား။ သူ ခပြောတတ်ပါ။ စပီကာမှ ထွက်ပေါ်နေသော သီချင်းစာသားများသည် အင်္ဂလိပ်စာသားများဖြစ်သည်။

ဤနေရာသည် က,နေသူများအတွက်၊ ပရိသတ်အတွက် သီချင်းစာသားသည် လည်းကောင်း၊ သီချင်းသည် လည်းကောင်း၊ သီဆိုနေသူသည်လည်းကောင်း အဓိကမကျပါ။ သူတို့အတွက် လိုအပ်နေတာက မြူးကြွသော တေးသွားထဲမှာ စိတ်တွေကို လွှင့်မျောပစ်လိုက်ဖို့ပါပဲ။ မိမိစိတ်ကို တိမ်တစ်စလို လွှင့်မျောလိုက်ရန် အခြေအနေနှင့် အချိန်အခါက အခွင့်ပေးလိုက်ခြင်းဟု သူတို့ ယူဆထားဟန်ရှိသည်။

သည်အတွက် သူတို့ ယူဆောင်လိုက်သော အရာများနှင့် သူတို့ ချန်ရစ်ခဲ့သော အရာများ၏ တန်ဖိုးများ တူညီပါရဲ့လား။ သို့မဟုတ် တန်ဖိုးမတူညီသော အရာများကို ချိန်ညှိရန် ကြိုးစားနေသော သူသည် ဤနေရာကို မှားယွင်းစွာ ရောက်ရှိလာသူ မဖြစ်နိုင်ဘူးလား။

လိုအပ်သည်ထက် ပိုအားနာတတ်သော သူ့အကျင့်က သူ့စိတ်ခံစားမှုတစ်ခုကို လှောင်ပြောင်ရန် အချိန်တစ်ခုကို စောင့်ဆိုင်းနေခြင်း ဖြစ်ကောင်း ဖြစ်နိုင်သည်။ လက်ရှိ အခြေအနေ စတင် မြစ်ဖျားခံရာတစ်ခုဖြစ်ခဲ့သော သူငယ်ချင်းများ၏ တောင်းဆိုမှုကို လိုက်လျောခဲ့ခြင်းက သူ၏ မိုက်မဲမှုပါပဲ။ ဘယ်လိုပင်ဖြစ်စေ ဤနေရာတွင် သူရှိနေခြင်းသည် ငြင်းမရသော အမှန်တရားတစ်ခုပင် ဖြစ်၏။

ရန်ကုန်မြို့ထဲသို့ ရေပက်ခံထွက်ကြရင်း Sexy Dance များဖြင့် ဖျော်ဖြေနေသော မဏ္ဍပ်ရှေ့ရောက်ချိန်မှာ သူငယ်ချင်းများက ကားကို ရှေ့တစ်လမ်းကျော်က အဆင်ပြေသော တစ်နေရာတွင် ရပ်ထားရန် ဒရိုင်ဘာကို မှာလိုက်ပြီး အားလုံး ဆင်းနေခဲ့ရန် စီစဉ်ကြသည်။ သူက ဒရိုင်ဘာနှင့်အတူ လိုက်သွားချင်သော ဆန္ဒကို ပြောပြသော်လည်း သူငယ်ချင်းများက လက်မခံကြပါ။ သူတို့နှင့်အတူ ပူးပေါင်းပါဝင်ပါ၊ ညပိုင်း ယိမ်းအကများကို သွားကြည့်လျှင် သူတို့လည်း လိုက်ပါမည်တဲ့လေ။ ယိမ်းအကများကြည့်ရန် စိတ်ဝင်စားမှု အားနည်းသူများကသည်လို လိုက်လိုက်လျောလျော ပြောလာတော့လည်း သူ မငြင်းနိုင်တော့ပါ။

ကတ္တရာလမ်းမပေါ်တွင် ရေများအိုင်လျက်ရှိသည်။ မဏ္ဍပ်ပေါ်မှ ရေကစားကြသူများသည် ရေပက်ခံထွက်ကြသူများကို ရေပိုက်များဖြင့် အဆက်မပြတ် ရေပက်လျက်ရှိသောကြောင့် ဖြစ်သည်။ လမ်းမပေါ်မှ ရေများသည် မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းလျက်ရှိနေဆဲ ထွက်ပေါက်များရှိရာဆီ တစ်ပြိုင်တည်း ပျံ့နှံ့စီးဆင်းလျက် ရှိပါသည်။ နိမ့်ရာမှ ရေများကတော့ မြင့်ရာသို့ ပြန်မစီးဆင်းနိုင်တော့ပေ။ ယခု သူနှင့်အတူရှိနေသော ပရိသတ်သည် မနေ့ညက သူနှင့်အတူရှိခဲ့သော ပရိသတ်နှင့် စိတ်တိမ်းညွတ်ရာ တူညီကြလား၊ ပြီးတော့ အားပေးသူ အရေအတွက် ပိုများလား၊ ပိုနည်းလား တွက်ဆရန် ခွန်အားများ ပျောက်ဆုံးနေသည်။

စင်ပေါ်မှ မိန်းကလေးများသည် Sexy ဖြစ်သော ဝတ်စုံများ ဝတ်ဆင်ထားကြသည်။ ထင်ရှားစွာ မဖော်ပြသင့်သော ခန္ဓာကိုယ် အစိတ်အပိုင်းများကလည်း ထိုဝတ်စုံများကြောင့် လိုအပ်သည်ထက် ပိုပြီး ပေါ်လွင်ထင်ရှားနေသည်။ သူတို့၏ အကတွင် ခေါင်း၊ ခါး၊ ခြေ၊ လက်စသည့် ခန္ဓာကိုယ် အစိတ်အပိုင်းများထက် မဖော်ပြသင့်သော အစိတ်အပိုင်းများကို ပိုဦးစားပေးသောအခါ ယောကျ်ားလေး ပရိသတ်အားပေးသံများ ဆူညံလာသည်။ ရဲတင်းရိုင်းပျသော ဝေဖန်သံ၊ မှတ်ချက်ချသံများလည်းညံစီလာပါတော့သည်။ နောက်မှ ပရိသတ်များ၏ တွန်းတိုက်မှုကြောင့်၊ သူငယ်ချင်းများ၏ ပခုံးဖက် ဆွဲခေါ်မှုကြောင့် သူလည်း စင်နှင့်ပိုနီးကပ်လာခဲ့သည်။

'ဝိုး...ရွှေရောင်ဆံပင်နဲ့ ကောင်မလေးက တော်တော် လန်းတယ်ကွ'

သူငယ်ချင်းတစ်ယောက် စကားကြောင့် သူ၏ ပျံ့လွင့်နေသော အာရုံများကို စုစည်းကာ စင်ပေါ်သို့ အကြည့်ပို့လိုက်သည်။ စင်ပေါ်တွင် ရွှေရောင်လိပ်ပြာလေးတစ်ကောင်။ တောင်ပံများ တဖျပ်ဖျပ်ခတ်လိုက်၊ လှပစွာ ဝဲပျံလိုက်နဲ့။ လိပ်ပြာလေး ဘေးမှာတော့ ညို့ငင်ဖမ်းစားတတ်သော မြွေများ။ မြွေများသည် တွန့်လိမ်ကောက်ကွေးလျက်။

လိပ်ပြာလေးက ဘာကြောင့် မြွေတွေကြားထဲ ရောက်လာရတာလဲ၊ ဘယ်သူက ခေါ်လို့လဲ။ လိပ်ပြာ

www.burmeseclassic.com

လေး ကိုယ်ပိုင်ဆုံးဖြတ်ချက်ကြောင့် ရောက်လာခြင်းလား။ သည်လိုဆို လိပ်ပြာလေး၏ ရွေးချယ်မှုပေါ့။ ဟင့်အင်း၊ အဲသည်လို မဖြစ်နိုင်ပါဘူး။ သူ မသိနိုင်သော အမှန်တရားက ဘာလဲ။

လိပ်ပြာလေး၏မျက်ဝန်းများကို ဖျတ်ခနဲ မြင်တွေ့ရခိုက်မှာ သူ့စိတ်ထဲမှာ ရင်းနှီးကျွမ်းဝင်မှုတစ်ခုကို ခံစားလိုက်ရသည်။ သည်လိပ်ပြာလေး၏ မျက်ဝန်းများကို သူ တစ်နေရာရာမှာ တွေ့ခဲ့ဖူးသလိုလို။ ဘုရားရေ၊ သူ့လိပ်ပြာလေး မဖြစ်ပါစေနဲ့။ မဖြစ်နိုင်ပါဘူး။ ဟုတ်တယ်၊ လုံးဝ မဖြစ်နိုင်ဘူး။ သူ့လိပ်ပြာလေး ဆံပင်က အနက်ရောင်၊ ယခု စင်ပေါ်တွင် က,နေသော လိပ်ပြာလေး ဆံပင်က ရွှေရောင်။ ဝိုင်းစက်သော မျက်ဝန်း၊ ဖြောင့်စင်းသော နှာတံ၊ ပန်းနုရောင် နှုတ်ခမ်း၊ ကော့ညွတ်သော မျက်တောင်၊ သေးမျှင်သော မျက်ခုံးမွေး။ ချောက်ချားစရာကောင်းသော အံ့သြမှုမျိုး၊ မကွဲပြားသော တူညီမှုမျိုး၊ တူညီသော အရာတစ်ခုတွင် အပေါ်ယံ အသွင်အပြင် ပြောင်းလဲသွားခြင်း။ ဟင့်အင်း၊ သူ အမြင်မှားတာဖြစ်မှာပါ။ မဟုတ်သေးပါဘူး။ လူတစ်ယောက်သည် အမြင်မှားသော အရာများကို တစ်ကြိမ်သာ မြင်နိုင်သည် မဟုတ်လား။ တစ်ကြိမ်ထက်ပိုပြီး မမြင်နိုင်ဘူး မဟုတ်လား။ သို့သော် သူမကို နောက်တစ်ကြိမ် သေချာစွာ ထပ်ကြည့်သည့် အခါမှာလည်း သူ့လိပ်ပြာလေး ပိုင်ဆိုင်သော သွင်ပြင်များကို သူမထံမှာ တွေ့နေရသည်။ သူမမှာ မှဲ့နီလေး ရှိ၊ မရှိ ဆိုတာကိုတော့ သူ သေချာစွာ မပြောနိုင်။

သူ ကြည့်နေစဉ်မှာပဲ လိပ်ပြာလေးသည် လိပ်ပြာလေး မဟုတ်တော့ပါ။ သူမဘေးတွင် ကလျက်ရှိသော မြွေများလိုပဲ သူမလည်း မြွေတစ်ကောင် ဖြစ်သွားပါတော့သည်။ ထိုအခါ လိပ်ပြာတစ်ကောင်၏ ဟန်များ ပျောက်ဆုံးသွားပါတော့သည်။ အဲသည်နေရာမှာ အစားထိုး ဝင်ရောက်လာတာကတော့ မြွေတစ်ကောင်၏ ဟန်များပင် ဖြစ်ပါတော့သည်။ လိပ်ပြာလေး၏ ဝိုင်းစက်သော မျက်ဝန်းတွင် မနေ့ညက မြင်ခဲ့ရသော အဖြူရောင်များ ဖျော့တော့ မှေးမှိန်ကာ အစိုးအငွေ့ ထွက်လာတော့မလို အပူရောင်ကဲသော အနီရင့်ရောင် လွှမ်းမိုးလာချိန်မှာ သူ့ရင်ထဲမှာ ငိုချင်ပြင်းပြစိတ်တစ်ဝက်၊ မကျေနပ်စိတ်တစ်ဝက်ဖြင့် ပြည့်သိပ်မွန်းကျပ်လာပါတော့သည်။

အခြားတစ်ယောက်အား ရင်ဖွင့်ပြောပြဖို့ မဖြစ်နိုင်သော သူ့ခံစားမှုသည် ထွက်ပေါက် မရှိသော သတ္တဝါတစ်ကောင်လို သူ့ရင်ထဲမှာ လှည့်ပတ်ပြေးကန်လျက် ရှိနေဆဲ အခိုက်အတန့်လည်း ဖြစ်ပေသည်။ ထိုအချိန်တွင် မြွေတစ်ကောင်အဖြစ် ပြောင်းလဲသွားသော လိပ်ပြာလေး၏ မျက်ဝန်းအစုံတွင် မြွေတစ်ကောင်၏သားကောင်ကို ဖမ်းစားလိုသည့် ညို့ဓာတ်များ အပြည့်အဝ နေရာယူလျက် ရှိနေပြီဖြစ်သလို သူမ၏ခန္ဓာကိုယ်သည် မြွေတစ်ကောင်လို တွန့်လိမ် ကောက်ကွေးသော အကကို ပုံဖော်လျက် ရှိနေပြီ။

သူ့မျက်ဝန်းထဲတွင်တော့ စိမ်းပြာရောင် နောက်ခံပေါ်တွင် အဝါရောင်သစ်ရွက်လေးများပါသော အင်္ကျီလက်ရှည်နှင့် ထဘီတွဲဖက်ဝတ်ဆင်ထားသော သူမ၊ ဒိုးသံမြိုင်မြိုင်ဆိုင်ဆိုင်ဖြင့် မြူးကြွသော သကြ်န်တေးသွားနှင့် လိုက်ဖက်ညီသော က,ကွက်များကို ဖန်တီးပုံဖော်လျက်ရှိသော သူမ၊ တောင်ပံတစ်စုံ၏ ခေါ်ဆောင်ရာ နောက်သို့ နူးညံ့သိမ်မွေ့စွာ၊ လှပလွန့်လူးစွာ လိုက်ပါလျက်ရှိသော သူမကိုပဲ မြင်ယောင်နေပါသည်။

သူမ၏ ညို့အားပြင်းသော အကတွင် ပျော်ဝင်နစ်မျောနေမည့် ယောကျာ်းများ၏မျက်ဝန်းများတွင် မည်သည့်အရောင်များ တောက်ပပြည့်လျှံနေမလဲ သူ မသိလို၊ မကြည့်လိုပါ။ ထို့ကြောင့် သူငယ်ချင်းများကိုပင် အသိမပေးတော့ဘဲ စတိတ်စင်ကို ကျောခိုင်းလိုက်ပါသည်။ သို့သော် လူတိုးနေရ၍ တော်တော်နှင့် ထွက်မရ။

သီချင်းနောက်တစ်ပုဒ် ပြောင်းသွားပါသည်။ သူ စတိတ်စင်ဘေး ရောက်မှန်းမသိ ရောက်သွားသည်။ သူ့ရှေ့နားမှာတော့ ကားတစ်စင်း။ ကောင်မလေး သုံးယောက် ကားဆီ လမ်းလျှောက်လာကြသည်။ သူတို့ထဲမှ တစ်ယောက်က သူမ။ သူမ၏ နှုတ်ခမ်းထက်တွင်တော့ မှဲ့နီလေး။ သူ့ မျက်ဝန်းများ ပြာဝေသွားသည်။ ရေမစိုသေးသော ရွှေရောင်ဆံနွယ်များက လေတွင် လွင့်ဝဲလျက်။ အဲသည်အချိန်ခဏမှာ တိုက်တိုက်ဆိုင်ဆိုင် သူမ၏ မျက်ဝန်းများက သူ့ဆီ လွင့်မျောလာခဲ့သည်။ ခဏလေးပါပဲ။

ထိုမျက်ဝန်းများတွင် စောစောက သူမ စင်ပေါ်မှနေ အမည်မသိ ယောကျာ်းများစွာကိုကြည့်ခဲ့သလို အပူရောင်ကဲမနေ။ အနီရောင် လုံးဝ ရှိမနေပါ။ မနေ့ညက သူ မြင်ခဲ့ရသော အဖြူရောင်ကိုသာ တွေ့ရသည်။ ထို့နောက် သူမက သူ့ဆီ ပို့လွှတ်ထားသော မျက်ဝန်းတစ်စုံအား ဖျတ်ခနဲ ရုပ်သိမ်းသွားပါသည်။

သူမ၏ သာမန်ဆံပင်များထက် ပိုထူထဲသော အနည်းငယ် ပွရောင်းသော ရွှေရောင်ဆံပင်များသည် ဆံပင်တုတစ်ခု ဖြစ်လိမ့်မည်ဟု သူ ထင်သည်။ ယနေ့ခေတ် မိန်းကလေးများသည် ဆံပင်တုများကို ဖက်ရှင်တစ်ခုလို တပ်ကြသည် မဟုတ်လား။ သူမ၏ ရွှေရောင်ဆံပင်တုအောက်တွင် ဆံပင်အစစ်ရှိသည်ဆိုလျှင် ထိုဆံပင်၏ အရောင်သည် မနေ့ညက သူ မြင်ခဲ့ရသော လိပ်ပြာလေး၏ ဆံပင်လို အနက်ရောင်လား သို့မဟုတ် ဆေးဆိုးထားသော အခြားအရောင်လား ဆိုတာကိုတော့ သူ ဘယ်တော့မှ သိခွင့်ရလိမ့်မည် မဟုတ်ပါ။ ပြီးတော့ သူမကိုဖြစ်စေ၊ လိပ်ပြာလေးကိုဖြစ်စေ၊ မှဲ့နီလေးကိုဖြစ်စေ မေ့ပစ်လိုက်ဖို့ ဆိုတာကလည်း လွယ်ကူသည့် ...တစ်ခု မဟုတ်ပါ။ ■

**ရဲစွမ်းဆေ**



www.burmeseclassic.com

www.burmeseclassic.com



ကိုငြိမ်း(မန္တလေး)၊ အဏ္ဏဝါစိုးမိုး၊
တင်မြင့်ဦး(သံတွဲ)၊ ခင်ခင်ထူး၊
ယဉ်ယဉ်နု(မန္တလေး)၊ ဒေါင်းနေမင်း၊
သန်းထွန်းဇော်၊ ဦးဆွေ(ဒဿနိက)၊
ငိုင်ကြည်ဝင်း၊ ဆူးငှက်၊ ညီဘွား၊ ဂံထွန်းသစ်၊
ဝင်းဝင်းမြင့်(နန်းတော်ရှေ့)၊ (အင်းဝ)၊
နွေသင်နိုင်၊ လဲ့ဝင်း ၊
ကိုဆေး(ပစိဖိတ်ကမ်းခြေ)၊ စိန်ဥမယ်၊
လင်းသော်ဝေ၊ နန္ဒာစိုး(ဆင်ဖြူကျွန်း)၊ မြမြ၊
ကျော်ညိုလွင်(ကျောက်ဆည်)၊
လွန်းထားထား(ဆေးတက္ကသိုလ်)၊
တွာလ်ခင်းမာန်၊ နတ်မှူး၊
မောင်ရင့်မာ(ကျောင်းကုန်း)၊ မီမို၊ ဇင်သန့်၊
မာန်(တောင်လုံးပြန်)၊ မဝင့်(မြစ်ငယ်)၊
ဆေယောင်၊ လုမိုးသစ်(ကျောက်ဆည်)၊ ငြိမ့်သဲ၊
အဖြူရောင်(ရွှေ)၊ မောင်လွင်မွန်(ကသာ)၊
ချောအိမာန်(မန္တလေး)၊ မောင်ကြည်မွန်၊
ငယ်ဦး(မိုးကုတ်)၊ ညိုထွန်းလူ၊ မနင်းဖွေး၊
ောင်၊ မြေလတ်မောင်မြင့်သူ၊ မအိ၊ မေမောင်၊
ပန်းရေကျိုး(မိုးကုတ်)၊ မိုးထက်စံ(IR)၊
ကိုလေးမြတ်၊ မောင်ဝဏ္ဏ၊
ကျော်ခန့်လူ၊ ထက်မြက်သူ(ပမ္မဝတီ)၊
ငိုနိုင်၊ မောင်စံဝင်း(ပန်းမော်)၊ ထက်ငြိမ်းဝေ၊
နိုင်မြင့်၊ မောင်ဖုကျားနွယ်(ပြည်)၊ သုမောင်၊
င်းဝငြိမ်း၊ မင်းတင်ထွဏ်း၊ သာလွန်ကျော်၊
ခါး(ကလေး)၊ သွင်ဆန်းမောင်၊ ကြူးနစ်၊
ကိုရွှေအောင်သင်း၊ အေးမွန်၊ ခင်ဆွေဦး၊
ထက်မြက်၊ ဆွန်အဲလူ၊ ရွှေရင်နှစ်(မြို့သာ)၊
မြရှက်၊ မိုးကျော်ဇင်၊ သံပျင်ဦး၊

၂၀၀၆ ခုနှစ်မှ စတင်ပြီး ရွှေအမြုတေမဂ္ဂဇင်းမှာ ဖော်ပြခဲ့တဲ့ ဝတ္ထုများကို စာရေးဆရာတစ်ဦးလျှင် တစ်ပုဒ်ကျ ရွေးချယ်ပြီး "အမှတ်တရရွှေ" ဆိုတဲ့ ခေါင်းစဉ်နဲ့ ဖော်ပြခဲ့တာ ၆၀ ကအစ အခုဆိုရင် ၇၁ ကို ရောက်ခဲ့ပါပြီ။ ဒီစာအုပ်မှာ စာရေးဆရာ ၇၁ ဦးတို့ရဲ့ဝတ္ထုတို ၇၁ ပုဒ်ကို ရွေးချယ်ဖော်ပြပေးထားပါတယ်။ ဝတ္ထုတိုစုစည်းမှုလုပ်ရတိုင်း ထိထိခိုက်ခိုက် ခံစားရတာကတော့ စာရေးဆရာတော်တော်များများ စာမရေးဖြစ်ကြတော့တာပါပဲ။ စာရေးတယ်ဆိုတာ ဝါသနာအလျောက်သာဖြစ်ပြီး အသက်မွေးဝမ်းကျောင်းအနေနဲ့ လုပ်ကိုင်စားသောက်လို့ မရနိုင်ဘူးဆိုတာ ကျွန်တော် ဝန်ခံပါတယ်။ ဒါပေမဲ့ ဖျော်ဖြေရေးတွေများပြီး ရသစာပေ တိမ်ကောလာတဲ့ခေတ်မှာ ကျွန်တော်ကတော့ စာရေးဆရာများကို ဝါသနာအရပဲဖြစ်စေ စာပေတွေကို ဖန်တီးစေချင်ပါတယ်။ ဒီလိုဖန်တီးမှုလည်း မြန်မာစာပေမှာ ရသစာပေ ကွယ်ပျောက်တော့မယ့်အရေးကနေ လွတ်ကင်းနိုင်မှာပါ။

■
**ဝင်းငြိမ်း**

ထွက်ပြီ

ဖြန့်ချိရေး

NDSP

Yangon Book Plaza, ၅ လွှာ၊ သံရေး၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com




# ဝမ်တိန်အသွားလမ်းကို

## ခံစား၊ ဝေဖန်ခြင်း

**သင့်အေးရိပ်**



၁။

၂၀၁၇၊ မတ်လထုတ်၊ ရွှေအမြုတေမဂ္ဂဇင်းမှာပါလာတဲ့ ဆရာ ညဏ်သစ်ရဲ့ **ဝမ်တိန်အသွားလမ်းမှသည်** ဆိုတဲ့ စာပေ ဝေဖန်ရေး ဆောင်းပါးကို ဖတ်လိုက်ရပါတယ်။ အဲဒါဟာ ဘာသာပြန်သူ 'ဝင့်ပြုံးမြင့်'က **ဝမ်တိန်အသွားလမ်း** အမည်နဲ့ မြန်မာပြန်လိုက်တဲ့ မူရင်းစာရေးဆရာမ WENDY LAW-YONE ရဲ့ **THE ROAD TO WANTING** ဆိုတဲ့ စာအုပ်ကို ခံစားဝေဖန်တဲ့ ဆောင်းပါး ဖြစ်ပါတယ်။ ဆရာမ ဝင့်ပြုံးမြင့် ဘာသာပြန်တဲ့ စာအုပ်တွေကို အခုမှ စဖတ်ဖူးတာပါဆိုတဲ့ ဆရာ ညဏ်သစ်က သူ့ဆောင်းပါးထဲမှာ 'ဘာသာပြန်သူဟာ အမှားပေါင်း ၂၀၀ လောက် မှားထားတယ်'လို့ ဆိုပါတယ်။ အဲဒီဆောင်းပါးကို ဖတ်မိတော့မှ ဆရာမ ဝင့်ပြုံးမြင့်ရဲ့ ဘာသာပြန်စာအုပ်သစ် ထွက်ရှိကြောင်း ကြားရုံကြား၊ မြင်ရုံမြင်ပြီး မဖတ်ရသေးတာကို သတိရသွားတာကတစ်ကြောင်း၊ အမှား ၂၀၀ လောက် ပါနေတယ်ဆိုလို့ 'ဟ…ဘယ်လို ဖြစ်တာပါလိမ့်' ဆိုပြီး စာအုပ်ဆိုင်မှာ အပြေးအလွှား သွားဝယ်ပြီး စိတ်ဝင်တစား ဖတ်မိတာကတစ်ကြောင်း၊ အဲ့ဒီလို အကြောင်းတွေ တိုက်ဆိုင်ပြီးနောက်မှာ အခုဆောင်းပါးကို တန်ပြန်ရေးမိခြင်း ဖြစ်ပါတယ်။ ❑

၂။

**ဝမ်တိန်အသွားလမ်း** စာအုပ်ရဲ့ မူရင်းစာရေးဆရာမ WENDY LAW-YONE က **THE ROAD TO WANTING** ကို နိုင်ငံခြားဘာသာနဲ့ တိုင်းတစ်ပါးမှာထုတ်ဝေခဲ့ပေမဲ့ တကယ်တော့ ဒီစာအုပ်ဟာ မြန်မာနိုင်ငံနဲ့ မစိမ်းသောအကြောင်းအရာတွေနဲ့ ဖန်တီးထားတဲ့ စာအုပ်ပါ။ ဒါ့အပြင် မူရင်းစာရေးဆရာမ WENDY LAW-YONE ဆိုတာကိုက မြန်မာ့စာနယ်ဇင်းလောကမှာ ထင်ရှားခဲ့တဲ့ 'နေးရှင်းသတင်းစာတည်ထောင်သူ ဦးလောရုံ'ရဲ့သမီး ဖြစ်ပါတယ်။ WENDY LAW-YONE ဟာ ၁၉၆၂ ခုနှစ်၊ စစ်တပ်အာဏာသိမ်းပြီးနောက်ပိုင်းမှာ ဖခင်ဖြစ်သူ အထိန်းသိမ်းခံခဲ့ရပြီး၊ ပြည်ပကို ပြောင်းရွှေ့အခြေချခဲ့ရသော၊ နိုင်ငံတကာစာအုပ်၊ စာပေလောကထဲ ထိုးဖောက်ဝင်ရောက်ကာ 'တန်း'ဝင်ခဲ့သော မြန်မာနိုင်ငံဖွား စာရေးဆရာမဖြစ်ကြောင်း အားလုံးအသိပါ။

ဝမ်တိန် အသွားလမ်းဟာ မြန်မာနိုင်ငံနဲ့ မစိမ်းတဲ့ အကြောင်းအရာလို့ ဘာကြောင့် ဆိုထိုက်ပါသလဲ။ စာအုပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com

နာပါဝင်တဲ့ ဇာတ်ကောင်အမျိုးသမီးလေး ကိုယ်တိုင်က မြန်မာနိုင်ငံတွင်းရှိ ဝေးလံခေါင်ခိုက်သောဒေသမှ အီကော၊ မြောင်၊ ... လီဆူး၊ ခနဲ့…စတဲ့ လူမျိုးစု တွေထဲကမှ 'လု'ဆိုတဲ့ သေးငယ်သော လူမျိုးစုကလေးထဲက ဖြစ်ပါတယ်။ အဲဒီ လူမျိုးစုကလေးရဲ့ဒေသမှာ စစ်ဘေး၊ အငတ်ဘေး အကျပ်ရိုက်မှု ဒဏ်တွေကို 'လု'တို့ ကျောကော့အောင် ခံကြရပြီး အဝရပ်တည်ရေးအတွက် ရှိသမျှ ထုခွဲရောင်းထုတ်ရတဲ့အပြင် နောက်ဆုံး ကိုယ့်သားသမီးတွေကိုတောင် အိမ်စေဖြစ်ဖြစ်၊ အာဖြစ်ဖြစ်ဆိုပြီး ရောင်းစားနေကြရချိန်။

မွေးရပ်မြေကနေ ဖယ်ခွာလာရပြီး နောက်မှာ အိမ်စေဖြစ်လိုက်၊ ပြေးလိုက် လွှားလိုက်နဲ့ ဘဝကို ခက်ခဲစွာ ရပ်တည်ရတဲ့ မိန်းကလေးငယ်ဟာ အပျိုဖော်ဝင်ပြီးခါစမှာပဲ မတော်လောဘသားတစ်ယောက်ကြောင့် ထိုင်းနိုင်ငံထဲကို ရောင်းစားခံလိုက်ရပါတယ်။ ထိုင်းနိုင်ငံရဲ့ ပြည့်တန်ဆာလုပ်ငန်းရုံ(ဆရာမဝင့်ပြုံးမြင့်က 'ဆောင်ကြာမြိုင်' လို့ ဘာသာပြန်တဲ့)ထဲကို သေိနားမလည်မှုကြောင့် ရောက်ခဲ့၊ တတ်စွမ်းသမျှအားနဲ့ ငြင်းဆန်သော်လည်း အားမတန်လေတော့ မာန်လျှော့ပေရော့။

ပြည့်တန်ဆာ အလုပ်ရုံအတွင်းမှာ နှိပ်စက်ခံ၊ အသွေးအသား အမြတ်ထုတ် ခံရတဲ့အပြင် အာဏာပိုင်တွေရဲ့ ဖမ်းဆီးခံရ၊ ဒုက္ခသည်စခန်းကိုရောက်ရ၊ အဲ့ဒီနောက် အပျော်မယားအဖြစ် ငွေနဲ့ ဝယ်ယူသိမ်းခံရ၊ နောက်ဆုံးမှာတော့ အပျော်မယားကို အလိုမရှိတော့သူရဲ့ နှင်ထုတ်မှုကြောင့် ဘယ်ဆီဘယ်ဝယ် မှတ်မိရန် ခက်ခဲသော မွေးရပ်မြေ မြန်မာနိုင်ငံ၊ ငယ်စဉ်အတိတ်ထဲက အရိပ်ဒေသဆီကို ရော်ရီရမ်းကာ ပျံသန်းရတဲ့ မြန်မာနိုင်ငံဖွား တိုင်းရင်းသူကလေးရဲ့အဖြစ် အပျက်တစ်ခုကို ရေးဖွဲ့ထားတာပါ။

ဒီအဖြစ်အပျက်ကို မူရင်းစာရေး ဆရာမက မြန်မာနိုင်ငံတွင်းရှိ ဒေသဆိုင်ရာ၊ ထုံးတမ်းဓလေ့ဆိုင်ရာ အချက်အလက်၊ အခေါ်အဝေါ်တွေ အများကြီး ထည့်ရေးထားပါတယ်။

ဒီစာအုပ်ကို ဖတ်ပြီးချိန်မှာ 'ရသ ဝတ္ထုဆိုတာတွေကို ဖတ်ရင် ရသကိုပဲ ခံစားရလိမ့်မယ်လို့ တွေးထားမိရင် အဲဒီအတွေးမှားယွင်းကြောင်း ဒီစာအုပ်က သက်သေပြနေသလိုပဲ' လို့ တွေးမိပါတယ်။

ဒီစာအုပ်ဟာ ရသအပြင် အပိုအဆစ်အနေနဲ့ ဗဟုသုတရဖွယ်၊ အတုယူဖွယ်၊ သင်ခန်းစာယူဖွယ်တွေကိုပါ မြန်မာနိုင်ငံအတွက် ထည့်ပေးထားတဲ့ စာအုပ်လို့ ဆိုရမှာပါ။ အထူးသဖြင့် ဝေးလံခေါင်ခိုက်တဲ့ မြန်မာနိုင်ငံ အစွန်အဖျားတွေဆီက အသိပညာမဲ့ရှာသော တိုင်းရင်းသူ ပျိုမေကလေးတွေအတွက် ဖတ်ကြည့်ပြီး 'မှတ်'၊ 'သိ'ထားသင့်တဲ့ စာအုပ်လို့တောင် ဆိုရမလိုပါပဲ။

❑

၃။

စာအုပ်အကြောင်းကို ကျွန်တော် နည်းနည်းတို့ထိညွှန်းဆို အပြီးမှာ ဘာသာပြန်သူရဲ့ ကဏ္ဍ၊ ဘာသာပြန်လက်ရာ အပိုင်းကိုလည်း ပြောစရာနည်းနည်း ရှိပါတယ်။

ဆရာမ ဝင့်ပြုံးမြင့် ဘာသာပြန်တဲ့ စာအုပ်တော်တော်များများကို ကျွန်တော် ဖတ်ဖူးပါတယ်။ ဖတ်ဖူးသမျှ အတွေ့အကြုံအရပြောရရင် ဆရာမ ဝင့်ပြုံးမြင့်ဟာ အင်္ဂလိပ်ဘာသာမှသည် မြန်မာဘာသာဆီကို အင်မတန် ကျစ်နေအောင် အားထုတ်ဖန်တီးတတ်တာကို တွေ့ရပါတယ်။ ဝမ်တိန်အသွားလမ်းမှာလည်း ထိုနည်းလည်းကောင်းပါပဲ။ စာပိုဒ်တွေရဲ့ ကျစ်လျစ်နေတဲ့ ပုံသဏ္ဍာန်ကို သတိမပြုမိဘဲ မနေနိုင်ပါဘူး။ ဝါကျတွေကိုလည်း အတိုအပြတ်တွေ ခပ်များများ သုံးစွဲလေ့ရှိတာ သတိပြုမိပါတယ်။

ဥပမာ (စာမျက်နှာ ၁၅၄) '…သူမသည် ထိုင်းမိဖုရား။ တောက်ပနေသော အပြုံး၊ အရောင်စိုနေသော ကေသာ၊ ရတနာစီခြယ်ထားသော စိမ်းပြာရောင် ပိုးထည်… သီရိကျက်သရေနှင့် ပြည့်စုံသော မိဖုရား သီရိခေတ်။ သူမသည် ထိုင်းမိဖုရား ဆိုတာရဲ့ နောက်မှာ 'ဖြစ်သည်'တို့၊ 'ဖြစ်၏'တို့ ဆက်မရေး၊ ဝါကျကို တုံးတိတိဖြတ်ချခဲ့ပြီး ဖြုန်းခနဲ နောက်ဝါကျတစ်ကြောင်း ဆက်ရေးပါတယ်။ အဲဒီလို ဝါကျ အတိုအတိတွေ ခပ်များများ သုံးတတ်တာ သတိထားမိကြောင်း ပြောလိုရင်းဖြစ်ပါတယ်။

နောက်ထပ် သတိပြုမိတာကတော့ အင်္ဂလိပ်စကားလုံးကို မြန်မာစကားလုံးနဲ့ ဖလှယ်လိုက်တဲ့နေရာမှာ ဆရာမဝင့်ပြုံးမြင့် ရွေးချယ်သုံးစွဲလိုက်တဲ့ မြန်မာစကားလုံးတွေကိစ္စပါ။ ဆရာမ ဝင့်ပြုံးမြင့်စာအုပ်တွေထဲမှာ ရုတ်တရက်ဖတ်လိုက်ရင် အငြင်းပွားဖွယ်ရာလို့ ယူဆရတဲ့ စကားလုံးတွေ ပါလေ့ရှိပါတယ်။

ဥပမာ (စာမျက်နှာ ၂၅၉- ပထမ ဆုံးအပိုဒ်)မှာ… 'စတုဂံပုံ အာရုံခံတန်ဆောင်းကို ထောက်ပင့်ထားသော သစ်သား ယက်မများ ခြလည်းမစား၊ ဆွေးမြည့်သော လက္ခဏာလည်း မတွေ့ရ၊ နံရံနှင့် မျက်နှာကြက်ပေါ်မှ အစွယ်ပြူးပြူး ဘီလူးဂုမ္ဘာဏ်များကား ခရမ်းနှင့် အပြာ၊ ရွှေဝါနှင့် အနီမြန်းမြန်း ဆေးသားရောင် ကြိုးကြွနေဆဲ။ (မူရင်းစာသား "The timber beams supporting the rectangular hall show no sign of termite damage or decay.

And the grimacing demons up on the walls and ceilings are vivid and fresh with purple, red, blue and gold paint.")

အဲဒီစာပိုဒ်ကို ကြည့်ပါ။ စကားလုံးတွေက ကျစ်နေတဲ့အပြင် နောက်ဆုံးမှာ ပါနေတဲ့ 'ဆေးသားရောင် ကြိုးကြွနေဆဲ' ဆိုတာမှာ 'ကြိုးကြွ'ကို ကျွန်တော်တို့ ပြောစရာ ရှိပါတယ်။ 'ကြွကြွရွရွ ရှိနေဆဲ'၊ ဒါမှမဟုတ် 'ကြွတက်နေဆဲ' စသည်ဖြင့် သုံးမယ်ဆိုရင်ရမယ်ထင်ပါတယ်။ ဒါပေမဲ့ 'ကြိုးကြွ'လို့ သုံးထားပါတယ်။ အဲဒီလိုစာလုံးတွေ ပါနေတာကြောင့်

www.burmeseclassic.com

ဖတ်ရင်းနဲ့ ဖတ်ရတာ စာထောင့် သလိုလိုဖြစ်ပေမဲ့ မြန်မာဘာသာစကား အထားအသိုကို ဆန်းသစ်တီထွင်လိုစိတ်နဲ့ အားထုတ်ထားတယ်လို့ ယူဆပါတယ်။

ကျွန်တော့်အနေနဲ့ဆိုရင်တော့ ကြိုဆိုပါတယ်။ မြန်မာစာ၊ စကားကို အရှိအတိုင်း တန်ဖိုးထားသင့်တာကို ထိန်းသိမ်းပြီး တန်ဖိုးဂရုထားရမယ့်အပြင်၊ ဆန်းသစ်တဲ့ စကားလုံးအသုံးအစွဲ၊ အထားအသိုတွေကိုလည်း တီထွင်ဖန်တီးသင့်ပါတယ်။

အဲ့ဒီနောက် ဆရာမဝင့်ပြုံးမြင့်ရဲ့ ဘာသာပြန်ပုံကြောင့်ပဲ မူရင်းက ဘယ်လိုမို့လို့ သူက ဒီလို ဘာသာပြန်ထားတာပါလဲဆိုပြီး စပ်စုချင်စိတ် ဖြစ်မိပါတယ်။ အဲဒါကြောင့်လည်း မူရင်းကို ရှာဖတ်ရပါတော့တယ်။ စာပေမိတ်ဆွေတစ်ဦးရဲ့ အကူအညီကြောင့် မူရင်းနဲ့ ဘာသာပြန်ကို တိုက်တိုက်ရယ်မှ ဆိုင်ပြီး ဖတ်လိုက်ပါတော့တယ်။ မူရင်းနဲ့ တိုက်ပြီး အင်မတန် ဖတ်ကြည့်သင့်တဲ့ စာအုပ်လို့ ဆိုပါရစေ။

နောက်ထပ်လည်း အဲဒီလို အငြင်းပွားဖွယ်ရာ စကားလုံးတွေ ဟိုနား ဒီနားတွေမှာ ထပ်သုံးထားတာ ရှိပါသေးတယ်။ ဆောင်းပါး တအား ရှည်လျားသွားမှာစိုးတာကြောင့် တစ်ခု၊ နှစ်ခုပဲ ထပ်မံ ထုတ်ပြပါတော့မယ်။

စာမျက်နှာ ၃၄၃ ရဲ့ နောက်ဆုံးစာကြောင်းမှာ *'နယ်သတ်လိုင်းကို ကျော်သည်'* လို့ ရေးထားပါတယ်။ သူသူကိုယ်ကိုယ်တွေက *'နယ်ခြားစည်း'* လို့ ဘာသာပြန်မှာဖြစ်ပေမဲ့ ဆရာမ ဝင့်ပြုံးမြင့်ကတော့ *'နယ်သတ်လိုင်း'* လို့ သုံးထားပါတယ်။

နောက်တစ်ခုကတော့ စာမျက်နှာ ၁၈၀ မှာ 'မင်ဖူးသည် ရေထွက်မတတ်လာနေ…' လို့ ရေးထားပါတယ်။ 'ချောင်းပေါက်မတတ်' ဆိုတဲ့ မြန်မာစကားအသုံးကို ရှောင်ပြီး 'ရေထွက်မတတ်' လို့ သုံးထားတာကို ရှုစားပါ။ ❑

၄။

ဆရာ ဉာဏ်က ဒီစာအုပ်မှာ အမှား ၂၀၀ ကျော် ရှိတယ်လို့ ပြောတော့ အထူးသဖြင့် ဆရာ ဉာဏ် ထောက်ပြတဲ့ စကားလုံးတွေကို ကျွန်တော် ပိုပြီး ဂရုတစိုက် ဖတ်ကြည့်မိပါတယ်။

စာမျက်နှာ ၆ မှာ- Ledge ကို ဆရာမ ဝင့်ပြုံးမြင့် ဘာသာပြန်တာ မှားတယ် ကျွန်တော်လည်း ထင်ပါတယ်။ ဘောင်လည်းမဟုတ်၊ ခုံလည်း မဟုတ်တဲ့ ပြတင်းအောက်က ငေါနေတဲ့ ဟာကို ဘာလို့ခေါ်ရမှန်း မသိတာနဲ့ ပြတင်းမင်းတုပ်လို့ ခပ်လွယ်လွယ် ရေးခဲ့ပုံရပါတယ်။

စာမျက်နှာ ၁၄ မှာ- မူရင်း *He is known as Prince of Yunnan* ကို *'ယူနန်မင်းသားလို့ နာမည်ကြီးတယ်'* ဘာသာပြန်တာကို မှားတယ်လိုတော့ ကျွန်တော်ဖြင့် တယ်,မထင်။

စာမျက်နှာ ၄၃- Gas station ဆိုတာ US အခေါ်နဲ့ဆိုရင် ဓာတ်ဆီဆိုင်ပါ။ UK ဆိုရင် ဂက်စ်ဆိုင်လို့ မှတ်သားဖူးပါတယ်။ Gas station ကို ဂက်စ်ဆိုင်လို့ ဘာသာပြန်သည်ဖြစ်စေ၊ ဆီဆိုင်လို့ ဘာသာပြန်သည်ဖြစ်စေ ဒါဟာ ပြောပလောက်တဲ့ အချွတ်အချော် မဟုတ်ဘူးလို့ ကျွန်တော်ယူဆပါတယ်။

စာမျက်နှာ ၄၉- Rafter ဆိုတာကို အဘိဓာန်ထဲ ပြန်ရှာတော့ ဒိုင်းလို့ တွေ့ပါတယ်။ ဆရာမ ဝင့်ပြုံးမြင့်က 'ခေါင်လျှောက်ပေါ်မှ တောက်တဲ့ကြီး' လို့ ဘာသာပြန်ထားပါတယ်။ ဓာတ်ကြောင်းနဲ့ လိုက်ဖက်ညီအောင် ဘာသာပြန်ရင်းနဲ့ မြန်မာမှု 'အပြုလွန်' သွားတယ် ထင်ပါတယ်။

စာမျက်နှာ ၇၀- Flies ဆိုတဲ့ စကားလုံးကို 'ပလူကောင်' ဆိုပြီး ပြန်ထားတဲ့ ကိစ္စကတော့ ပြင်လက်စ အချော မသတ်မိတဲ့ စာမျက်နှာကြီး မှားယွင်းပုံနှိပ်မိတာဖြစ်ကြောင်း ဆရာမ ဝင့်ပြုံးမြင့်ရော၊ ထုတ်ဝေသူ ဆရာ မြေမှုန်လွင် (ငါတို့စာပေ)ကပါ FB စာမျက်နှာမှာ ဝန်ခံသွားတာကို တွေ့လိုက်ပါတယ်။

စာမျက်နှာ ၈၀- မူရင်းစာသား *But to pray for the happiness of all beings - mosquito and worm and man alike- was this the most hopeless plea* ကို ဘာသာပြန်ထားတာက- *'သို့ရာတွင် ခြင်၊ လောက်လန်း၊ လူသား စသော ခပ်သိမ်းသတ္တဝါတို့၏ ချမ်းသာကိုယ်စိတ်မြဲဖို့ ဆိုသည်မှာ မျှော်လင့်ချက်လုံးဝ မရှိဆုံး အသနားခံမှု မဟုတ်ပေဘူးလော'* တဲ့။ လောက်လန်းနဲ့ တီကောင်လောက် လွဲတာလောက်လေးကတော့ စာဖွဲ့နေစရာကိုမလို။ ဘာသာပြန်သူကို လှုပ်လှုပ်ရှုရှုလေးတော့ လုပ်ခွင့် (လှုပ်ခွင့်) ပေးသင့်တယ်လို့ ထင်မိပါတယ်။

ကျွန်တော်သာဆိုရင်လည်း အဲဒီနေရာမှာ တီကောင်ထည့်မလား၊ လောက်လန်းထည့်မလားဆိုရင် ခြင်နဲ့တွဲလျက် အဆင်ပြေအောင် လောက်လန်းကိုပဲ ထည့်မိမယ် ထင်ပါတယ်။

စာမျက်နှာ (၉၉) မူရင်းက- *Next came the noodles: fat noodles, thin noodles, fried noodles, crisp noodles, noodles in broths and sauces- to say nothing of the dumplings, bite-sized shu-mai and loaf-sized bao, stuffed with greens and sweet beans, with shrimp and pork and sausage and beef. After that came the cakes: turnip cakes. sponge cakes, rice cakes, iced cakes, and moon cakes.*

ဘာသာပြန်ထားတာက- *ဆန်ပြုတ်ပြီးလျှင် ခေါက်ဆွဲ။ ခေါက်ဆွဲတုတ်တုတ်၊ ညှပ်ခေါက်ဆွဲ၊ ခေါက်ဆွဲတွန့်၊ ခေါက်ဆွဲကြော်၊ ခေါက်ဆွဲပြုတ်နှင့် အချိုများ။ အဆာသွပ်ပေါက်စီများကား ပြောစရာမလို။ တစ်ကိုက်စာ ရှုမိုင်၊ ပေါင်မုန့်လုံးအရွယ် ဘို၊ သတ်သတ်လွတ်ပေါက်စီ၊ ပဲပေါက်စီ၊ ပုစွန်၊ ဝက်သား၊ ဝက်အူချောင်းနှင့် အမဲသားပေါက်စီ။ ပြီးလျှင် မုန့်ပွဲ၊ မုန့်နီ၊ မုန့်ပွ၊ ဆန်ရေခဲစိမ်မုန့်နှင့်… လမုန့်။*

ကျွန်တော့်သဘော ပြောရရင်တော့

www.burmeseclassic.com

အဲဒီထဲမှာလည်း တကူးတက စာတစ်တန်၊ ပေတစ်ဖွဲ့ ပြောဆိုအော်ဟစ်နေရလောက်အောင် အမှား ဆိုးဆိုးရွားရွား မပါဘူးထင်ပါတယ်။

စာမျက်နှာ (၉၉) မူရင်း- *trays heaped with scrambled eggs, fried eggs, boiled eggs, egg pies and omelettes: with sausages the size of cat turds and glassy bacon strips steeped in grease;* ကို ဘာသာပြန်ထားတာက- '*လင်ပန်းများထဲတွင် ကြက်ဥ ဘဲဥများ၊ ဘဲဥကြော်၊ ဘဲဥပြုတ်၊ ဘဲဥမုန့်၊ ဘဲဥ မကျက်တကျက်ကြော်၊ ကြောင်မစင်တုံး ပမာဏရှိသော ဝက်အူချောင်းများ၊ အဆီတဝင်းဝင်း ဝက်ပေါင်သားများ*'။ အဲဒီမှာလည်း 'အနှာ'လုပ်ရလောက်တဲ့ 'ဖြုတ်ပေါင်ကြား' မတွေ့ပါ။

စာမျက်နှာ ၁၁၀ မှာ- Shore ကို ဆရာမ ဝင့်ပြုံးမြင့်က 'ကန်ခြေ'လို့ ဘာသာပြန် ထားတယ်။ Shore ကို အဘိဓာန်ထဲကြည့်ရင် ကမ်းခြေ၊ ကမ်းစပ်။ စာအုပ်ဇာတ်ကြောင်းထဲက ပုံပြင်ထဲမှာ- ရှင်ထွေးလေးက ကန်ကြီးထဲက လိပ်မကြီးဆီကို သွားတဲ့နေရာမှာ ရေးတာပါ။ ကန်ရဲ့ အခြေအစပ်၊ ကန်အခြေမို့ 'ကန်ခြေ'လို့ ရေးတာ သိသာပါတယ်။ ဘာလို့များ 'ကမ်းစပ်'လို့ အတိအကျ မသွေ့မသေ့ ဘာသာပြန်ရမှာတုံး၊ ဘာသာပြန်သူ သင့်တော်မယ်ထင်တဲ့ စကားလုံးကို ထည့်သွင်းဖန်တီးခွင့် ပြုသင့်တယ် မဟုတ်ဘူးလား။ ပြောပလောက်တာတွေ မဟုတ်တာကို တခုတ်တရနဲ့ အမှားတွေ၊ အမှားတွေ ဆိုပြီး အော်နေရင် နောက်များမှာ ဘာသာပြန်စာအုပ်တွေ ရေးကြ၊ ထုတ်ကြရမှာတောင် ခပ်လန့်လန့် ဖြစ်ကုန်မှာ စိုးရပါတယ်။

စာမျက်နှာ ၂၂၁- Moped ကို စက်တပ်စက်ဘီးလို့ ရေးရင်လည်းရသလို၊ မရေးဘဲ စက်တပ်ခြေနင်းဘီး ရေးတာ။ စက်တပ် အနေးယာဉ်လို့ ရေးလည်းရတာပဲ။ စက်တပ်ထားသည့် မော်တော်ဆိုင်ကယ်လို့ ရေးတော့ရော ဘာများ အကြီးအကျယ် မှားမလဲ။

စာမျက်နှာ ၂၇၅- အမွှေးနံ့သာ ခွက်နဲ့ အမွှေးတိုင်ခွက်ကိုတောင် တိမ်းစောင်းပြီး ဘာသာပြန်ခွင့်၊ အားထုတ်ခွင့် မပေးချင်တဲ့ ဆရာ ညဏ်ရဲ့ ဆောင်းပါးကိုဖတ်ပြီး ကျွန်တော် ပြုံးမိတဲ့နေရာ ဖြစ်ပါတယ်။

စာမျက်နှာ ၂၇၄- Spirit house ကို 'နတ်စင်'လို့ မရေးဘဲ ဗုဒ္ဓရုပ်ပွားတော် ထားတဲ့ အခန်းထဲမှာမို့ 'ဘုရားကျောင်းဆောင်'ပဲ ရေးလိုက်တာလို့ ထင်ပါတယ်။

Chain around his neck ကို 'လည်ပင်းချိန်းကြိုး'လို့ ဘာသာပြန်တာလည်း မမှားဘူးထင်ပါတယ်။ 'ဆွဲကြိုး' ဆိုပြီး ဘာသာပြန်မိမှ Necklace မဟုတ်တဲ့အတွက် တကယ့်အမှား ဖြစ်ပါလိမ့်မယ်။

Side arm ဆိုတာ သေနတ်၊ ဓားမြှောင် ဆိုပြီး အတိအကျ ပြောလို့ မရဘူးထင်ပါတယ်။ ခါးမှာထိုးထားတဲ့ သေနတ်၊ ဓားမြှောင်...အကုန်ပါနေတာကြောင့် 'အပိုဆောင်လက်နက်'လို့ ဘာသာပြန်ထားတာကိုလည်း မှားတယ်တော့ မထင်။

Checker ကို 'ချက်ကာထိုးတယ်' လို့ပဲ ပြန်ခဲ့တာ တွေ့ပါတယ်။ 'ကျားကစားတယ်'၊ 'ကျားထိုးတယ်'လို့ ဘာသာပြန်ရင် ပိုသင့်လျော်မှာကိုတော့ ကျွန်တော်လည်း သဘောတူပါတယ်။

Tea egg ဆိုတာ ဘဲဥပြုတ်ပြီးသား ဥကို အခွံခွာပြီး လက်ဖက်တို့ တခြား အရည်တို့ထဲမှာ ပြန်ပြုတ်တာကို ဆိုလိုတာ ဖြစ်မှာပါ။ Crescent roll ကို ဘာသာပြန်ရာမှာ လခြမ်းပုံစံလေး ဖြစ်နေတာနဲ့ 'လခြမ်းလိပ်'ရေးထားတာ ထင်ပါတယ်။ Iced cake ဆိုတာ အိုက်စကရင်၊ ရေခဲမုန့် မဟုတ်တာ သေချာပါတယ်။ ဒါကြောင့်ပဲ 'ရေခဲစိမ်မုန့်၊ ရေခဲကိတ်'လို့ ဘာသာပြန်ထားတာ ဘာများ ဆိုးနေလဲလို့ မေးချင်လာပါတယ်။

မူရင်းစာရေးသူက လူမျိုးစုတွေကို ရေးရာမှာ Lu လူမျိုး၊ Daru လူမျိုးဆိုပြီး စိတ်ကူးယဉ်ဖန်တီးမှု ပြုလိုက်တယ်ထင်ပါတယ်။ ဒါပေမဲ့ ဘာသာပြန်သူက Daru ကို ဓနုလူမျိုးလို့ အသံလှယ်ထားပါတယ်။ ဒီလို ဘာသာပြန်တာဟာ မြန်မာ့ရေမြေဒေသ နောက်ခံဝတ္ထုဖြစ်တဲ့အတွက် မြန်မာမှုပြုတဲ့အနေနဲ့ လိုက်လျောညီထွေဖြစ်အောင် ဓနုလို့ ရေးခဲ့ကြောင်းနဲ့ ဒီလိုမရေးခင်မှာ မူရင်းစာရေးသူ အန်တီဝင်ဒီကို အသိပေးပြီး၊ သဘောတူတဲ့အတွက် အဲဒီအတိုင်း သုံးလိုက်တာဖြစ်ကြောင်း ကျွန်တော် စုံစမ်းသိရှိရပါတယ်။

❑

၅။

မဖြစ်စလောက် အလွဲအချော်လေးတွေကို ဖြုတ်ပေါင်လေးဖြိုး 'အနှာ' ရယ်လို့ ရေးကြီးခွင်ကျယ်လုပ်ကြတဲ့ ကိစ္စကို တုံ့ပြန်တာ ဒီမှာတင်ရပ်ပါမယ်။ ဆရာ ညဏ်က **ဝမ်တိန်အသွားလမ်း** စာအုပ်ထဲကနေ သူ့စိတ်နဲ့ ဓာတ်မတည့်တဲ့ ပြစ်တင်ဖွယ်ရာတွေချည်း ရွေးပြောသွားတာ တွေ့ရပါတယ်။ အခု ကျွန်တော်ကတော့ **ဝမ်တိန်အသွားလမ်း** စာအုပ်ထဲမှာ ဆရာ ညဏ် ရှာမတွေ့သွားတဲ့ အသိအမှတ်ပြုဖွယ်ရာတွေကို ထုတ်နုတ်ပြပါရစေ။

စာပေဝေဖန်ရေးသမား တစ်ယောက်အနေနဲ့ စာအုပ်ထဲကနေ အပြစ်အနာအဆာတွေချည်း ရွေးထုတ်မပြသင့်ပါဘူး။ ဖန်တီးသူရဲ့ ကလောင်ကို အရောင်မှိန်ဖျော့သွားစေမယ့် အရေးအသားတွေနဲ့ တစ်ဖက်သတ် သတ်မှတ်ချက်ပြုတဲ့ အခွင့်အရေးကိုလည်း ယူမထားသင့်ဘူးလို့ ကျွန်တော် ယူဆပါတယ်။

ဝေဖန်ရေးသမားဟာ အနုပညာရှင်ရဲ့ အားထုတ်မှုလက်ရာ(အနုပညာပစ္စည်း)ကို 'ကောင်း/ဆိုး နှစ်တန်လုံး' ခွဲခြား၊ သတ်မှတ်ပြီး ကြောင်းကျိုး ညီညွတ်စွာ ဝေဖန်ပိုင်းခြားပြသင့်တယ်လို့ ကျွန်တော် ယူဆပါတယ်။ ကောင်းရင် ကောင်းတယ်၊ မကောင်းရင် မကောင်း

www.burmeseclassic.com

www.burmeseclassic.com

ဘူး။ သို့သော်···ကောင်းတာကို မျက်ကွယ်ပြုခြင်း၊ နည်းနည်း မကောင်းတာကို များများမကောင်းသယောင် တစ်ဖက်စွန်း နင်းပြီး ပြောဆိုဝေဖန်ခြင်း၊ သို့လောသို့လော ဆွေးနွေးစရာကို ကိုယ့်ဆန္ဒသဘောထားနဲ့ကိုယ် မကောင်းဘူးဆိုတဲ့အထဲ ပြီးစလွယ် ထိုးထည့်ခြင်းတွေ···မလုပ်သင့်ပါ။ ဝေဖန်ရေးသမားကောင်းတစ်ယောက် လိုက်နာစောင့်ထိန်းသင့်တဲ့ 'ဝေဖန်ရေးသမား ကျင့်ဝတ်တွေ' ကို မျက်ကွယ်မပြုသင့်ပါ။

ဒါ့အပြင် ဝေဖန်ရေးသမားတစ်ယောက်ဟာ (ဝေဖန်သူ)မိမိအကြိုက်ပေါ်မှာ အခြေခံပြီး အနုပညာသမားရဲ့ လက်ရာ(အနုပညာပစ္စည်း)ကို ကောင်းတယ်၊ ဆိုးတယ်··· တစ်ဖက်သတ် သတ်မှတ်ခွင့် မရှိသင့်ပါကြောင်းနဲ့၊ အရှိကို အရှိအတိုင်း ဓမ္မဓိဋ္ဌာန်ကျစွာ ဝေဖန်ချိန်ထိုးပြနိုင်ရမယ် ဖြစ်ပါကြောင်း။

❑

၆။

ဆရာမဝင့်ပြုံးမြင့်ရဲ့ ဘာသာပြန်လက်ရာ 'အနုပညာမြောက်တဲ့ စကားလုံးတွေ' ကို ကျွန်တော် ကောက်နုတ်ပြပြီး မူရင်းရေးသူကိုရော၊ ဘာသာပြန်သူကိုပါ အသိအမှတ်ပြုပါရစေ။

မူရင်း- *The inspiration comes to me from window itself, from watching the sunset through the pane. If I stare long enough, I can erase the sky with its reddish-gold tints and conjure in its place a reddish-gold sea. Soon the clouds start to form a whole new seascape: of large and small islands, breakers and beaches. A golden archipelago is what I see now, afloat on a fiery ocean.*

ဘာသာပြန်- *ပြတင်းမှန်တွင် မြင်သာလှော့ရှိနေခဲ့သော နေဝင်ရီးရီ။ ဆည်းဆာကို တမေ့တမော ကသိုဏ်းရှုပြီးလျှင် ကျွန်မစိတ်ကူးများက ပျံ့လက်ပြသည်။ ရွှေနီရောင်သန်းသော အာကာတပြင်သည် ပတ္တမြားရည်ဝင်သော အဏ္ဏဝါအဖြစ် အသွင်ပြောင်းသွားသည်။ တိမ်လိပ်တိမ်ခဲများ တိမ်ပန်းချီခြယ်ဖို့းလိုက်သောအခါ ကျွန်းကလေးများ၊ လှိုင်းကလေးများ၊ သောင်ခုံတန်းများ အချိုးအစား အမျိုးအပြား စုံတော့သလို။ သမုဒ္ဒပင်လယ်ပြင်ကြီးကား အလျှံတငြီးငြီး။ ထိုအခါ စိတ်၏ စက္ခုအာရုံထဲဝယ် ကျွန်းစုလေးတစ်ခုကတော့ သိင်္ဂါရွှေရည်သန်းတော့သကို။* (စာမျက်နှာ ၆)

❑

မူရင်း- *What woke me was a bright light, a clammy chill. A giant moon was by my side, sidling so close I could feel its breath on my skin. The cart driver was singing in a warbly voice. He sang about a frog, the great frog in the sky that opened its mouth once every few weeks to swallow the moon and darken the sky. The cartwheels made a shrieking music, keeping tune to his song. I searched the skies for signs of the frog, but all I could see was the moon by my side, the round and massive moon.*

ဘာသာပြန်- *ကျွန်မကို နိုးယူခဲ့သော အရာမှာ ချမ်းမြမြကမ္ဘလာနှင့် လမင်းသော်တာ။ အိုဘယ့်···လမှန်ဝိုင်းကား ရှိုးတိုးရှန့်တန့် မဝံ့မရဲနှင့် ကျွန်မဘေးနား နီးနီးကလေးတင်။ သူ့ ဝင်သက် ထွက်သက်ကိုပင် ကျွန်မ အရေပြားက သိနေခဲ့သည်။ နွားလှည်းရှင်သည် အသံနေအသံထားဖြင့် တေးသီကြွေးလျှက်။ သူ့တေးက ဖားမဖားတစ်ကောင် အကြောင်း။ မကြာခဏ ပါးစပ်ကြီး ဖြဲကာ စန္ဒာလကို မျိုရက်နိုင်သည်။ ကောင်းကင်အလုံး အမှောင်ဖုံးစေ။ ကျွီကျွီအီအီ လှည်းဝင်ရိုးလေး သူ့တေးနှင့် သံစဉ်ညီနေတော့ကာ ဖားကြီးကို အရိပ်အယောင် တွေ့ရလေမလား၊ မိုးပေါ်ကို မျှော်လိုက်ပြန်တော့ ဝိုင်းဝိုင်းစက်စက် ဖိုးလမင်းကြီးကသာ ကျွန်မဘေးနားမခွဲမခွာ။* (စာမျက်နှာ ၁၁၃)

❑

မူရင်း- *Everything around me was spinning. The boys had formed circles and were playing wicker-ball, keeping it aloft with their heads, knees and feet. The girls were playing with paper streamers, making circles in the air. High above the temple, the swaying bamboo poles were paying out their pennants-silver and gold, silver and gold- that wiggled and swam in the wind.*

ဘာသာပြန်- *ကျွန်မပတ်ပတ်လည် တစ်လောကလုံး ချာလည်ချာလည်။ နဖူး၊ ဒူး၊ ခြေ တမော့မော့နှင့် ခြင်းခတ်နေကြသော ခြင်းခတ်ဝိုင်းတွင်းမှ လုလင်ပျိုများ။ ပန်းစက္ကူကြိုးများ လူးကာလွန့်ကာ မြူးကနေသော လုံမပျိုများ။ ကျောင်းတော်၏ ခေါင်အထွတ်တွင် လေသိမ်းတိုင်းယိမ်းသည့် ဝါးလုံးတိုင်ရှည်။ ထိုတိုင်ရှည်ဝါးလုံးမှ တံခွန်လုံးကာ ငွေနှင့် ရွှေ၊ ရွှေနှင့်ငွေ လေကစားကာ ကြွားတလှုလှုဝေ။* (စာမျက်နှာ ၁၁၆)

❑

မူရင်း- *We played cards; we played checkers; we played tic-tac-toe. We busied ourselves with the rain; we stared at the rain; we listened to the rain, for keeping our bedding and clothing dry.*

ဘာသာပြန်- *ကျွန်မတို့ ဖဲရိုက်ကြသည်။ ချက်ကာ ကစားသည်။ တစ်တက်တိုး ဆော့သည်။ မိုးပရွှန်နှင့် အလုပ်တွေ ပုံလာကြသည်။ မိုးကို ကသိုဏ်းရှု၊ မိုးသံကို နာခံ၊ အိပ်စရာနေရာနှင့် အဝတ်အစားလေးများ ခြောက်သွေ့စေရေး တွေလီကာလီလေးများ ကြံကြံဖန်ဖန်ကြကာ မိုးကို မာယာဆင်။* (စာမျက်နှာ ၂၀၆)

❑

မူရင်း- *Yes, I see mountains now*



www.burmeseclassic.com

www.burmeseclassic.com

*rising up through the mist. I see limestone columns, and bridges fragile as fish bones strung across the chasms. I see the path I must take, up and down through the valleys, past burning fields and lush terraces, past farmers in their ditches, past women with their heavy loads on the way to their markets, and children harvesting the poppy fields that stain the hills crimson.*

*ဘာသာပြန်- ယခုပင် မြင်နေရပြီ။ မြူတွေကြား ထင်ယောင်မှား မှိုင်းဝေရီနေသော တောင်စဉ်တစ်လီ။ ထီးထီးမားမား ထုံးကျောက် တောင်ရိုးကြီးများ။ သီခေါင်နက်စောက် ချောက်ကမ်းပါးများပေါ် သွယ်တန်းပေးထားသော တံတားငါးရိုးလေးများ။ ကျွန်မသွားရမည့် လမ်းကလေးကလည်း အထင်းသား။ မီးသင်းလယ်ကွင်း၊ မြရည်လီမ်းလှေကားထစ်စိုက်ခင်း၊ ကန်သင်းရိုးပေါ်မှ လယ်ယာဦးကြီးများ၊ ဝန်စည်စလှယ် သယ်ကာပိုးကာ ဈေးဆီဆင်းသွားသော တောင်သူများ။ ထို့ပြင် ရိုးမတခွင် ကြက်သွေးရောင် လီမ်းကျံပေးလိုက်သော ဘိန်းခင်း။ ဘိန်းခင်းထဲ ဘိန်းခူးနေသော ကလေးများ၊ သူတို့အားလုံးကို ကျော်ဖြတ်ကာ တက်ချည် သက်ချည် သွားရသည့် မြောင်အလျှိုလျှို ကြားလမ်းလေးသည် ကျွန်မသွားရမည့်လမ်း။* (စာမျက်နှာ ၃၃၂)

❑

၇။

ဆရာ ဉာဏ်သစ်က 'ဆရာမ ဝင့်ပြုံးမြင့် ဘာသာပြန်တဲ့ **ဝမ်တိန်အသွားလမ်း** စာအုပ်ကို ဖတ်ရတာဟာ သားကောင်း ငါးကောင်းကို တော်သလို ဆော်သလို ချက်ထားတဲ့ ဟင်းတစ်ခွက် စားရသလိုပဲ' လို့ ဆိုပါတယ်။

ကျွန်တော်နဲ့ သူ သဘောထားချင်း လွတ်လပ်စွာ ကွဲလွဲပါမယ်။ သားကောင်း၊ ငါးကောင်းတွေဖြစ်တဲ့ နိုင်ငံခြားဘာသာနဲ့ စာအုပ်တွေ ကမ္ဘာ့စာပေလောကထဲမှာ အများကြီး ရှိနေပါတယ်။ အဲဒီထဲက အလျှဉ်းသင့်ရာကို ဘာသာပြန်သူတွေက ဟင်းတွေအဖြစ် ချက်ပြုတ်ကာ ကျွေးနေကြတယ် ဆိုပါစို့။ ချက်တဲ့သူကတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ချက်ကြတာပါပဲ။ ဟင်းကောင်းတစ်ခွက် ဖြစ်တယ်၊ မဖြစ်ဘူးဆိုတာကတော့ ချက်တဲ့သူအပေါ်မှာချည်း မူတည်နေတာ မဟုတ်ပါဘူး။ စားတဲ့သူရဲ့ 'လျှာရိုးရာ၊ လျှာလေ့နဲ့ မကြိုက်/အကြိုက် စိတ်ခံစားမှု' ပေါ်မှာလည်း မူတည်ပါသေးတယ်။ အငန်ကြိုက်တဲ့သူက ဆားပေါ့တဲ့ ဟင်းတစ်ခွက်ကို စားမိတဲ့အခါ 'စားရတာ အရသာမရှိဘူး' လို့ ဆိုမှာပါပဲ။ အနေတော်စားနေကျ သူများအတွက်တော့ ဆားမငန်တဲ့ ဟင်းတစ်ခွက်ဟာ အရသာ ရှိနေတာပါပဲ။

ဆိုတော့…ဘာသာပြန်စာအုပ်ဆိုရင် စာလုံးတစ်လုံးချင်းစီကို လုံးကောက်အတိုင်း အတိအကျ (အတိအကျရယ်မှ ပက်ပက်စက်စက် အတိအကျ) ဘာသာပြန်တာကိုမှ ဖတ်ချင်တဲ့သူအတွက်တော့… စကားလုံး အထားအသိုကို ဖန်တီးသူ စိတ်ကူးသင့်သလို ကွန့်ကာ ညွှန့်ကာ ရေးဖွဲ့ပြန်ဆိုထားတဲ့ ဒီစာအုပ်ကို 'စိတ်ခံတွင်း' မတွေ့တာ မဆန်းပါဘူး။

ကျွန်တော့်အနေနဲ့ ပြောရရင်တော့ **ဝမ်တိန်အသွားလမ်း** စာအုပ်ကို ဖတ်ရတာဟာ မှုရင်း သားကောင်း ငါးကောင်းရဲ့ အရသာအပြင် ချက်တဲ့သူရဲ့ ချက်ပုံအဆန်း ချက်နည်းတစ်ထွေကြောင့် တခြား အဆာပလာ အရသာတွေကိုပါ သိရှိခံစားနိုင်တဲ့ ဟင်းတစ်ခွက်လို့ ယူဆပါကြောင်းနဲ့၊ မြန်မာဘာသာပြန် စာပေလောကထဲမှ ဟင်းချက်သူတွေအနေနဲ့ အခုထက် လက်ရာ ပိုမိုကောင်းမွန်မယ့် ဟင်းအဖုံဖုံကို မပြတ်တမ်း ဆက်လက်ကာ ချက်ပြုတ်ကျွေးမွေးနိုင်ပါစေကြောင်း ဆန္ဒပြုလိုက်ပါတယ်။

*လေးစားစွာ…*

■

**သင့်အေးရိပ်**

ငှုပ်စုံမဂ္ဂဇင်း

**ဖြန့်ချိရေး**

စာပေ

အမှတ် ၁၃၃
လမ်း ၄၀
ကုန်သည်လမ်းနှင့်
မဟာဗန္ဓုလလမ်းကြား
ကျောက်တံတားမြို့နယ်
ရန်ကုန်မြို့
ဖုန်း
၀၁-၃၉၈၂၂၀



www.burmeseclassic.com



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တချို့လူကြီးတွေက အခွင့်ကြုံတဲ့အခါ လူငယ်တွေကို မေတ္တာရှေ့ထားပြီး (မျက်နှာမြင် ချစ်ခင်ပါစေ၊ အသံကြား သနားပါစေ)လို့ ဆုပေးလေ့(ဆုတောင်းပေးလေ့) ရှိကြပါတယ်။ အဲသည်ဆုပေးနည်းဟာ ရည်ရွယ်ချက်ကော၊ အဓိပ္ပာယ်ပါ အလွန်တရာကောင်းမွန်တယ်လို့ ကျွန်တော်ထင်ပါတယ်။ လူတစ်ယောက်ရဲ့ဘဝမှာ အဲသည်ဆုမျိုးနဲ့သာ ပြည့်စုံရင် ဘာကိုမှ ပူစရာမလိုတော့ဘူး။ လူ့ဘဝ လူ့အဖြစ်ကို ပျော်ရွှင်စိတ်ချစွာ ခံယူပြီး သက်ဆုံးတိုင် ပေါ့ပေါ့ပါးပါး အေးအေးညောင်းညောင်း သက်ရှင်နေထိုင်သွားရုံပဲ။ ဘာကြောင့်လဲဆိုရင် အဲသည်ဆုနဲ့ ပြည့်စုံတဲ့ ခင်ဗျားကို တစ်ကမ္ဘာလုံးက ချစ်ခင်ကြင်နာကြတော့မယ်လေ။ ခင်ဗျားမျက်နှာကို မမြင်ရဘူးထားဦး၊ ခင်ဗျားရဲ့အသံကြားရုံနဲ့ ကြားရသူရဲ့ နှလုံးသားမှာ မေတ္တာစေတ်တွေ စီးဝင်ဖုံးလွှမ်းသွားတော့မှာပဲ။ အဲသလို အချစ်ခံရတဲ့ လူတစ်ယောက်အတွက်ဆိုရင် ချစ်တဲ့သူဟာ တစ်သက်မကဘဲ ဆယ်သက်ဆယ်ကမ္ဘာ စွန့်လွှတ်ရဲမှာပဲလို့ ကျွန်တော်တော့ သေချာယုံတယ်။



ဆန့်ကျင်ဘက်ရှုထောင့်ကနေ စဉ်းစားကြဦးစို့ရဲ့။ လူတစ်ယောက်ကို ခင်ဗျား လုံးဝမသိ၊ လုံးဝမမြင်ဖူး၊ မကြားဖူးခဲ့ပေမဲ့ အမှတ်မထင် အဲသည် သူစိမ်းပြင်ပြင်ကို ခင်ဗျားတွေ့လိုက်ရတဲ့အခါ တွေ့တွေ့ချင်းမှာပဲ ဆယ်နှစ်ဆယ်မိုးမကအောင် တူးတူးခါးခါး နာနာကြည်းကြည်း မုန်းတီးလာခဲ့တဲ့သူကို မြင်ရသလို ခင်ဗျား အော်ဂလီဆန်သွားမယ်။ သွေးတွေပူလာမယ်။ တံတွေး၊ သလိပ်တွေ လည်ချောင်းထဲ ပြည့်လာခဲ့မယ်ဆိုရင်ရော ခင်ဗျား ဘာပြောမလဲ။

'ရှေးဘဝတုန်းက ရန်သူတွေဖြစ်ခဲ့လို့ အခုဘဝမှာ ပြန်ဆုံတော့ အမုန်းစိတ်တွေ အော်တိုမက်တစ် ပေါ်လာတာ။ ဘာသာရေး အသုံးအနှုန်းမျိုးနဲ့ဆိုရင်တော့ အတိတ်အကုသိုလ်ကံ အကျိုးဆက်ပဲ။ သူကလည်း ကိုယ့်ကို မေတ္တာမထားနိုင်ဘူး။ တွေ့တွေ့ချင်း ကိုယ်က မုန်းသလို ကိုယ့်ကို ပြန်မုန်းမှာပဲ' လို့ ခင်ဗျားဖြေရင်တော့အမှန်နဲ့ နီးစပ်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ရှေးဘဝအတိတ်ကာလတုန်းက အကုသိုလ်ကံအရှိန်အဟုန် ကြီးမားခဲ့မယ်ဆိုရင် အဲသည် အရှိန်အဟုန်က သေမသွား၊ ငြိမ်မသွား၊ တန့်မသွားဘဲ လက်ရှိ ပစ္စုပ္ပန်ကာလအထိ လိုက်လာတတ်တယ်လို့ ကျွန်တော် တစ်နေရာရာမှာ သေချာဖတ်ဖူးခဲ့တာတော့ အမှန်ပဲ။ အတိတ်ကာလကနေ အဆက်မပြတ်စီးဆင်းလာတဲ့ အမုန်းစေတ်စီးကြောင်းကို ခင်ဗျားရပ်မပစ်နိုင်ဘူး။ ခင်ဗျားဟာ တရားထိုင်၊ ပုတီးစိပ်တဲ့သူပဲ ဖြစ်ပါစေဦး အတိတ်ကံအကျိုးဆက်အဖြစ် အမုန်းစေတ်စီးကြောင်းက ခင်ဗျားရဲ့ ရင်နှလုံးထဲကို တိုးဝင်လာခဲ့မယ်ဆိုရင် ခင်ဗျား စိပ်ပုတီးကို လွှင့်ပစ်ပြီး တုတ်ဆွဲ၊ ဓားဆွဲလုပ်တော့မှာပဲ။

တစ်ခုတော့ရှိတယ်။ အဲသလို အတိတ်ကံရဲ့ အကျိုးဆက် အမုန်းတရားတွေ ဝင်လာတော့မယ့်အချိန် ခင်ဗျားရဲ့ စိတ်ဝိညာဉ်ကို လက်ရှိ ပစ္စုပ္ပန်က ကောင်းမှုကုသိုလ်ကံတရားတွေက ကြီးစိုးထားမယ်ဆိုရင်တော့ ခင်ဗျား ဒေါသကို ငြိမ်းသတ်နိုင်မယ်။ ပိုက်လုံးထဲက ရေဆိုးတွေကို ရေကောင်းရေသန့်နဲ့ တွန်းထုတ်သလိုမျိုး။ ခင်ဗျားရဲ့ စိတ်နှလုံးမှာ အပူအလောင်၊ အညစ်အကြေး၊ အညှိအမြေးတွေ ကင်းစင်သွားနိုင်တယ်။ ကျွန်တော် ပြောပြနေတာ ရှင်းပါတယ်နော်။

အခွင့်ကြုံတုန်း ပြောကောင်းကောင်းနဲ့ ထင်ရမြင်ရာတွေ ကျွန်တော် ပြောပြနေတာ နည်းနည်းများနေပြီ။ လေပိုလေလွှဲတွေ မှတ်ထုတ်နေတယ်လို့တော့ မထင်ပါနဲ့။ ပြောစရာ နည်းနည်းကလေးတော့ ကျန်သေးတယ်။ လက်စနဲ့ ဆက်ပြီး နားဆင်လိုက်ပါဦး။

ကျွန်တော် အမှန်အတိုင်းပြောမယ်။ ကျွန်တော်လေ ယိုးဒယား(ထိုင်း)တွေရဲ့ စကားပြောသံကို ကော သီချင်းဆိုသံတွေကိုပါ သိ ပြီး နားကလေးတယ်။ နား ထောင်လို့မရဘူးပေါ့။ အ သက်ညှာညှာပြောရင် နားဝင်ပီယံမဖြစ်ဘူးပေါ့။ တိ



www.burmeseclassic.com

www.burmeseclassic.com

ခွေတွေ၊ စီဒီပြားတွေထဲက ကြားရတဲ့အသံမျိုး၊ တီဗွီက ကြားရတဲ့အသံမျိုးတွေကို ပြောတာ။ ထိုင်းစကားသံ၊ ထိုင်းသီချင်းသံတွေကို ကြားရတဲ့အခါ တခြား ဘယ်အသံမျိုးနဲ့မှ မတူတဲ့၊ နှာအင်ဆိုးတဲ့ အသံထူးတစ်မျိုးကို ကြားရသလို ကျွန်တော် မအီမသာ ခံစားရတယ်။ ကျွန်တော့် နားစည်ကို တစ်ခုခုက လာကုတ်ခြစ်နေသလိုမျိုးပေါ့။ တစ်ချိန်က နာမည်ကျော်ခဲ့တဲ့ ထိုင်းအဆိုတော် 'ထုံချိုင်း' ဆိုလား၊ ဘယ်သူဆိုလားပဲ။ သူ့ရဲ့ အမ်တီဗွီတွေဘာတွေ ကျွန်တော်ကြည့်ဖူးတယ်။ ဘယ်လိုမှ ခံစားလို့မရခဲ့ဘူး။ မခံစားနိုင်ဘူးလို့ ပြောရမှာပဲ။ အထက်က ပြောခဲ့သလိုပါပဲ။ ထိုင်းစကားသံ၊ ထိုင်းသီချင်းသံတွေကို ကျွန်တော် အကြီးအကျယ် နားကလောတယ်။ ဒါကြောင့်မို့ ထိုင်းက လွှင့်ပေးတဲ့ ရုပ်သံလိုင်းတွေ ကျွန်တော် ဖွင့်မကြည့်ဘူး။ တစ်နေရာရာမှာ အမှတ်တမဲ့ ထိုင်းရုပ်သံလိုင်းဖွင့်ထားတဲ့ တီဗွီနဲ့ သွားတိုးရင်လည်း အမြန်ဆုံး ရှောင်ထွက်တယ်။ ကျွန်တော့်ကို မယဉ်ကျေးဘူးလို့ ထင်ကြရင်လည်း ရှိစေတော့။ မတတ်နိုင်ဘူး။ နားခုက္ခကို သည်းမခံနိုင်တာတော့ အမှန်ပဲ။

ထိုင်းကို ကျွန်တော် ရောက်ဖူးပါဘူး။ ထိုင်းနိုင်ငံကိုရောက်ဖူးတယ်ရှိအောင် အမဲ့ပို့ပေးပါ့မယ်။ စားစရိတ်သုံးစရိတ်တွေပါ ကျခံပေးပါ့မယ်လို့ ပြောလာတဲ့သူရှိရင် တောင် ဆောရီးပါပဲ။ ကန်တော့ဆွမ်းပါပဲ။ ထိုင်းတော်နဲ့ ပြန်လိုက်ဦးပါပဲ။ ကျွန်တော့် တစ်သက်တော့ ထိုင်းနိုင်ငံဘက်ကို ခြေဦးလှည့်မှာ မဟုတ်ဘူးဆိုတာ ယုံပါ။ တစ်ခုပြောဦးမယ်။ မိတ်ဆွေ တစ်ယောက်က 'ကောင်းလှချည့်ရဲ့၊ ရသမြောက်လှချည့်ရဲ့' လို့ ကြွေးကြော်ပြီး ကမ်းလာတဲ့ ရူပုဒေါ်အမာ မြန်မာပြန်တဲ့ ထိုင်းဝတ္ထုတိုများ စာအုပ်တွဲတွေကို တောင် ကျွန်တော် ငြင်းလိုက်တယ်။ 'ထိုင်းနဲ့ ပတ်သက်တာ ဘာမှ မကြိုက်ဘူးဗျာ' လို့လည်း ပြောလိုက်တယ်။ အကြောင်းပြချက်ကတော့ မပေးဘူး။ အကြောင်းပြချက် ပေးရအောင် ကျွန်တော့်မှာ ခိုင်မာပြည့်စုံတဲ့ အကြောင်းပြချက်မှ မရှိတာကိုး။ ကုန်ကုန် ပြောမယ်ဗျာ၊ ဝေါရှိ(တ)တွေ၊ လက်ကမ်းစာစောင်တွေမှာ တွေ့ရတတ်တဲ့ ထိုင်းမော်ဒယ်လ်ဂဲလ်တွေဆိုရင် ရုပ်ရည်အသွင်အပြင်ကော၊ အရပ်အမောင်းပါ တကယ့်ကို လှတာ။ တချို့ ခပ်သည်းသည်း နဲတွေက ပြောကြသေးတယ်။ 'မြန်မာမော်ဒယ်လ်တွေထက် အပုံကြီးသာ' သတဲ့။ သူ့ဟာသူ ဘယ်လောက်ချောလို့၊ ဘယ်လောက်ပဲလှလှ ကျွန်တော်ကတော့ မကြိုက်ဘူး၊ ကြည့်လည်းကြည့်မနေဘူး။

သည်နေရာမှာ ကျွန်တော် စဉ်းစားကြည့်လို့ရတဲ့ အဖြေကတော့… ကျွန်တော်ဟာ ရှေးဘဝတုန်းက ဘုရင့်နောင်(ဒါမှမဟုတ်)အလောင်းဘုရားတို့နဲ့အတူ ယိုးဒယားကို စစ်ချီခဲ့ဖူးလိမ့်မယ်။ အဲသည်အတိတ်ဘဝမှာ ထိုင်းတွေ အပေါ် နာကြည်းစရာဖြစ်ရပ် ကြုံခဲ့လိမ့်မယ်။ အတိတ်ကံအကျိုးဆက်က သည်ကနေ့အထိ သက်ရောက်နေတာပဲ။ သည်လိုမဟုတ်ရင်လည်း ရှေးအတိတ်တုန်းက ကျွန်တော်ဟာ မြန်မာမဟုတ်ခဲ့ဘဲ တခြားလူမျိုးထဲက တစ်ယောက်ယောက်ဖြစ်ခဲ့လိမ့်မယ်။ သူ့အပေါ် ထိုင်းတွေက အနိုင်ကျင့်ခဲ့လိမ့်မယ်။ ညှဉ်းပန်းနှိပ်စက်ခဲ့ကြလိမ့်မယ်။ သည်တော့ ယခုဘဝမှာ သူဟာ ထိုင်းနဲ့ပတ်သက်တာမှန်သမျှကို ပြင်းပြင်းထန်ထန် ဘေးကိုဖယ်ထုတ်နေခဲ့တယ်။ အဲသလိုမျိုးကော မဖြစ်နိုင်ဘူးတဲ့လား။ ကျွန်တော်တွေး မိတာ၊ ဝေခွဲဆန်းစစ်မိတာ၊ တွေးတောဝေခွဲဆန်းစစ်ရာက ကောက်ချက်ချဆွဲပြီး ယုံကြည်မိခဲ့တာတွေကို ပြောပြနေခြင်း ပါပဲ။ လက်ခံတာ၊ လက်မခံတာကတော့ ခင်ဗျားဘက်က အပိုင်းပဲလေ။ ကျွန်တော့်ကို ဥပါဒန်အစွဲအလမ်းတွေနဲ့ ရစ်ပတ်ရှုပ်ထွေးနေတဲ့ သတ္တဝါ တစ်ကောင်လို့ ထင်ချင်သပ၊ စွပ်စွဲချင်သပဆိုရင်လည်း ခင်ဗျားသဘော။

လောလောဆယ် အရေးကြီးတာကတော့ ဟောသည်မှာ ကြည့်လိုက်။ ကျွန်တော်တို့ အိမ်နဲ့ ကွန်ကရစ်လမ်းကလေးခြားပြီး မျက်စောင်းထိုး၊ မားလွှယ်ခုတ်ရှိနေတဲ့ ခြံဝင်းဆီကို ကြည့်လိုက်။ ခြံဝင်းထဲမှာ တစ်ထပ်တိုက်ပုကလေးတစ်လုံး ရှိတယ်။ တိုက်ပုကလေးရဲ့ မျက်နှာစာမှာတော့ ခြံစည်းရိုးကို ဖောက်ပြီး ဆောက်ထားတဲ့ လိပ်ပြာတောင်ပုံစံ ဗေဒါရောင်၊ အဖြူရောင်၊ အပြာရင့်ရောင်တို့နဲ့ ဆေးရောင်စုံ ခြယ်ထားတဲ့ အဆောက်အဦကလေးတစ်ခု တွေ့မယ်။ အဆောက်အဦကလေးမှာ ဆိုင်းဘုတ်ခပ်သေးသေးတစ်ခုရှိမယ်။ ထင်ထင်ရှားရှား စာလုံးတွေနဲ့ပါပဲ။ 'လမင်းအေး အမျိုးသမီးလှဝတ်စုံ' တဲ့။

ခေတ်မီ နာမည်ကောင်း ရထားတဲ့ အပ်ချုပ်ဆိုင်ကလေးပါ။ မမအေး။ ကျွန်တော့်ရဲ့ မမအေး ပိုင်တဲ့၊ ဦးစီးတဲ့ လုပ်ငန်းကလေးပါ။

မမအေးရဲ့ နာမည်ရင်းက ခင်လိမ္မာအေးတဲ့။ အသက်ကိုတော့ ကျွန်တော့် ခန့်မှန်းချက်အရ ၂၉/၃၀ လောက်လို့ ပြောရမှာပဲ။ ဒါပေမဲ့ မမအေးတို့ ကုသိုလ်ထူးပုံများ၊ အရွယ်တင်နုပျိုပုံများကတော့ ကြည့်လိုက်ရင် ၂၀/၂၁ နှစ်လောက်ပဲ မှတ်ရတယ်။ အသားကလည်း နို့နှစ်ရောင်လို ဖွေးအိလို့။ အရပ်အမောင်းကလည်းကောင်း၊ အလုံးအထည်ကလည်း ပြည့်၊ (စာရေးဆရာတွေ ရေးသလို ပြောရရင်)ရှိက်ဖိုကြီးငယ် အသွယ်သွယ်နဲ့ပါ။ ဘဲဥပုံ မျက်နှာကျကလည်း ၃၆၀ ဒီဂရီ လှည့်ပတ်ကြည့်ဦးတော့ ပြစ်မျိုးမှဲ့မထင်ပဲ။ ကိုယ့်အစွဲနဲ့ ကိုယ် မြှောက်ပြော၊ ချဲ့ပြော၊ ကားပြောနေတယ် မထင်နဲ့။ မယုံရင် လာကြည့်။

အပ်ချုပ်ဆိုင်နောက်ကျောက တိုက်ပုကလေးမှာ မမအေးရဲ့ မိဘနှစ်ပါး၊ ဖခင်ကြီးရဲ့ ညီမ အပျိုကြီးတစ်ယောက် နေကြတယ်။ မမအေးလည်း အတူတူနေတာပေါ့လေ။ မကြာခင်ကအထိတော့ မမအေးရဲ့ ညီမအငယ်



www.burmeseclassic.com

www.burmeseclassic.com

ပိန်ခြောက်ခြောက်၊ ရွှေကိုင်းမျက်မှန်နဲ့ ကောင်မလေးတစ်ယောက် ရှိသေးတယ်။ သူက ကဗျာဆရာမလို့ ပြောတာပဲ။ ဘယ်လိုကဗျာတွေ ကဗျက်တွေရေးသလဲတော့ မသိဘူး။ အဲသည် ကဗျာဆရာမက စစ်ဗိုလ်တစ်ယောက်နဲ့ အိမ်ထောင်ကျပြီး သျှောင်နောက် ဆံထုံးပါသွားတာ တစ်နှစ်လောက်တော့ ရှိပြီထင်တယ်။

သည်လမ်းထဲကို မမအေးတို့ မိသားစုနဲ့ ကျွန်တော်တို့ မိသားစု ပြိုင်တူလိုလို ပြောင်းလာပြီး အခြေချနေထိုင်ခဲ့ကြတာ ကြာပေါ့။ ကျွန်တော် ၉ နှစ်သားလောက်ကတည်းကဆိုတော့ ၁၃/၄ နှစ် ရှိပါပြီ။ မမအေးက ကျွန်တော့်ထက် ၇/၈ နှစ်လောက် ပိုပြီး အသက်ကြီးလိမ့်မယ်။ ဒါကြောင့် ကျွန်တော်က မမအေးလို့ ခေါ်နေတာ။

မမအေးရှေ့တင် ကျွန်တော် ကြီးပြင်းလာခဲ့၊ ဒသမတန်းကျခဲ့၊ ဆေးအမှုနဲ့ ထောင်ကျခဲ့။ အခုတော့ ယောင်ခြောက်ဆယ်ဘဝနဲ့ မမအေးကို တိတ်တခိုး အရူးအမူးမြတ်နိုးနေခဲ့တာပေါ့။ ကျွန်တော် ထောင်ကျကတည်းက ဆေးပြတ်သွားပါပြီ။ ဆေးလိပ်တောင် မသောက်တော့ပါဘူး။ အရက်ဆိုရင် ၁၀ မိုင်အကွာလောက်က ပတ်ရှောင်တဲ့ကောင်။ ထောင်ထဲက လက်ဆောင်ပေးလိုက်တဲ့ ရောဂါဘယတွေကြောင့် ကျွန်တော် ကျန်းမာရေးသိပ်မကောင်းတော့ အလုပ်မလုပ်နိုင်ဘူး။ မိဘတွေကလည်း

‘မျက်နှာမြင် ချစ်ခင်ပါစေ’ဆိုတဲ့ စကားက သည်နေရာမှာ ဆန့်ကျင်ဘက် အဓိပ္ပာယ်နဲ့ပေါ်လာပြီ သည်ကောင် မျက်ခုံးကောင်း မျက်လုံးကောင်းနဲ့ ရုပ်ချောတာကိုလည်း ကျွန်တော် ကြည့်မရဘူး သည်ကောင် ဗလ ကောင်းတာကိုလည်း ကြည့်မရဘူး သည်ကောင် ဆံပင်တိုတာကို လည်း ကျွန်တော် ကြည့်မရဘူး

အငယ်ဆုံးသားမို့ ကျွန်တော် ဘယ်ဘဝရောက်ရောက် ကြည်ဖြူလိုက်လျောပြီးသားပါ။

ဟိုတုန်းက မမအေးဟာ ဗိုလ်ချုပ်အောင်ဆန်းဈေးထဲက အမျိုးသမီးအပ်ချုပ်ဆိုင်တစ်ဆိုင်မှာ လက်ခစားချုပ်ခဲ့ရတာ။ ကျွန်တော် အမှတ်မမှားဘူးဆိုရင် မမအေးက ၁၅ နှစ်အရွယ်လောက်ကတည်းက စက်ချုပ်ပညာကျွမ်းနေပြီ။ ကျွန်တော် ထောင်က လွတ်လာတော့ မမအေးက သူတို့အိမ်ရှေ့မှာ ကိုယ်ပိုင်ဆိုင်ဖွင့်ပြီး လုပ်ငန်းရှင် ဖြစ်နေပြီ။ သူ့အနားမှာ ပညာသင်၊ လုပ်အားပေး တပည့်မကလေးတွေ ဝိုင်းဝိုင်းလည်နေတာပဲ။ ကျွန်တော်နဲ့ရွယ်တူ အချောအလှကလေးတွေ တစ်ပုံကြီးပေါ့။ အဲသည် အချောအလှလေးတွေက ကျွန်တော့်မျက်လုံးတွေထဲမှာ မလှကြပါဘူး။ အပြတ်ပြောရရင် တစ်ကမ္ဘာလုံးမှာ ကျွန်တော့်အတွက် ချောနေလှနေတာက မမအေးတစ်ယောက်ပဲ ရှိပါတယ်။ ပုံပြင်တွေ၊ ဒဏ္ဍာရီတွေထဲမှာ မိန်းမလှပေါင်းများစွာ ရှိပါတယ်။ ‘ထရွိုင်မြို့တော်က ဟယ်လင်’ ဆိုတဲ့ မင်းသမီးဟာ အလှမှာတော့ ပြိုင်ဘက်ကင်းပါပဲ။ ရုပ်ရှင်ထဲမှာ သရုပ်ဆောင်တဲ့ ဟယ်လင်ကိုယ်စားပြု မင်းသမီးကလည်း ထိပ်တန်းအလှပိုင်ရှင်ပါပဲ။ မမအေးဟာ ရုပ်ရှင်ထဲက ဟယ်လင်မင်းသမီးနဲ့ အတူတူပါ။

ကျွန်တော့် နေ့စဉ်အလုပ်က ရိုးရိုးကလေးပါပဲ။ အိပ်ရာထ,ပြီး တစ်ခုခုစားပြီးတာနဲ့ အိမ်ရှေ့က သစ်သားခုံတန်းလျားကလေးမှာ ထိုင်ပြီး မမအေးတို့ဆိုင်ဘက်ကို ငေးတာပဲ။ သူ့ဆိုင်က မနက် ၈ နာရီထိုးပြီးမှ ဖွင့်တာ။ မမအေးကို အဝေးက လှမ်းကြည့်နေရတာကိုက စိတ်ချမ်းသာပါတယ်။ ကျွန်တော် ထောင်ကလွတ်လာပြီးကတည်းက သူနဲ့ မျက်နှာချင်းမဆိုင်ဝံ့ပါဘူး။ ငယ်ငယ်တုန်းကဆိုရင် သူ့ညီမနဲ့ ကျွန်တော်နဲ့က ကျောင်းနေဖက်ဆိုတော့ မမအေးတို့အိမ်ဘက်ကို အသွားအလာ အဝင်အထွက် ရှိခဲ့တယ်။(ဗိုလ်ကတော်ဖြစ်သွားတဲ့ ခင်မူယာအေးကို ပြောတာပါ။)။ မမအေးက လူကြီးဆန်ပြီး ကျွန်တော်တို့နဲ့ အရောတဝင် မနေပါဘူး။ ကြုံတဲ့အခါ လူကြီးနေရာကနေ ဆုံးမစကားတောင် ပြောတတ်ပါသေးရဲ့။ ကျွန်တော် ဆေးအမှုမဖြစ်ခင်က မမအေးအနားမှာ ရစ်သီရစ်သီသွားလုပ်ခဲ့ပေမဲ့ သူက ကျွန်တော့်ကို ဂရုမစိုက်ပါဘူး။ တစ်ခါတလေ သူ့စိတ်အလိုမကျရင် ‘စကားပြောရင် ဆေးလိပ်စော်နံတဲ့ကောင်တွေ ငါ့နားမကပ်ကြနဲ့’လို့တောင် ဟောက်တတ်သေးတယ်။

အခု အခြေအနေကတော့ ပိုဆိုးသွားပြီ။ ကျွန်တော်က ဆေးလိပ်သောက်တတ်ရုံအပြင် ဆေးအမှုနဲ့ ထောင်ပါကျပြီး ထောင်ကထွက်လာတော့လည်း ဆံရှည်ဖားလျားနဲ့ ရှုနာရှိုက်ကုန်းကလေး ဖြစ်နေတယ်။ ခါးက ကုန်းသွားတော့ မမအေးကို မော့ကြည့်ရမလိုလို။ ကျွန်တော့် အသွင်အပြင်၊ ကိုယ်နေဟန်ထားက မသားမနား မခံ့မညားနဲ့။ ဒါကြောင့် အားအားရှိရင် ခုံတန်းလျားမှာ ထိုင်ပြီး မမအေးကို လှမ်းငေးနေမိတာပဲ။ တစ်ခါတလေ ညဘက် အိပ်မပျော်ရင်တောင် တံခါးပိတ်ထားတဲ့ မမအေးရဲ့ ဆိုင်ကလေးကို အကြာကြီး ငေးကြည့်တတ်တာ ကျွန်တော့်အကျင့်ပါ။

မမအေးတို့ဆိုင်က ညဦးပိုင်း ၇ နာရီလောက်မှ ပိတ်တတ်တယ်။ ညတာရှည်လို့ အစောကြီး နေရောင်ပျောက်တတ်တဲ့ ဆောင်းကာလတွေမှာဆိုရင်တော့ ညနေ ၆ နာရီလောက်ကတည်းက ပိတ်တာ။ ကျွန်တော်က ဆိုင်တံခါးတွေ လုံးဝပိတ်သွားတဲ့အထိ ထိုင်ကြည့်နေတတ်ပါ

www.burmeseclassic.com

တယ်။ ကျွန်တော်က မျက်လုံးလည်းမကောင်း၊ မျက်နှာကလည်း ပါဝါဒီဂရီ သိပ်မမှန်တော့ ညနေ ဆည်းဆာချိန်ဆိုရင် အဝေးမြင်ကွင်း သိပ်မရှင်းလှဘူး။ ဘယ်လိုမဆို မမအေးကို ဆိုင်ပိတ်ခါနီးဝိုးတဝါး မှုန်ပျပျ ရိပ်ခနဲ ဖျတ်ခနဲ လှမ်းတွေ့လိုက်ရရင်ပဲ ကျွန်တော် ရင်ချောင်သွားပြီ။

'မင်းတော့ အချစ်ရူးရူးနေပြီ' လို့ ကျွန်တော့်အစ်ကိုကြီးက ကျီစယ်သံနဲ့ ဝေဖန်ပါတယ်။ သူက ကြမ်းကြမ်းတမ်းတမ်း ရေတပ်က စက်ပြင်ရဲဘော်ကြီးပါ။ သိမ်မွေ့နူးညံ့ လွန်းတဲ့ အချစ်ရသအကြောင်း သူ နကန်းတစ်လုံးမသိနိုင်ပါဘူး။ ဒါကြောင့်လည်း ခုအရွယ်ထိ သူ မိန်းမမရဘဲ အယ်လ်ကိုဟောနဲ့ညားနေတာ။

'တစ်နေ့ တစ်နေ့ ဒီခုံမှာပဲ ထိုင်ပြီး စက်ဆိုင်ဘက်ငေးမနေနဲ့ကွ၊ အညောင်းမိပြီး ဒူလာစွဲနေဦးမယ်' လို့လည်း အစ်ကိုကြီးက စ,တတ်တယ်။

ဘယ်သူ ဘာပြောပြောပါ၊ မမအေးကို အဝေးကလှမ်းကြည့်နေရတာကို ကမမအေးကို ကျွန်တော့်ရင်ခွင်ထဲမှာ သိမ်းပွေ့ထားရသလိုနွေးနွေးထွေးထွေးရှိလှပါတယ်။ ရင်သိမ့်ခုန်ရပါတယ်။ မမအေးကို ကျွန်တော် တိုက်ရိုက် မျက်နှာချင်းဆိုင် စကားပြောခွင့်မရပေမဲ့ နေ့စဉ်နေ့တိုင်း ကျွန်တော့်စိတ်နှလုံးထဲက လှိုင်းတွေလွှတ်ပြီး မမအေးကို စကား အခွန်းပေါင်းများစွာ ဖွဲ့ကာနွဲ့ကာနဲ့ ကျွန်တော် လှမ်းပြောနေပါတယ်။ သူ့စိတ်ထဲမှာ ကြား၊ မကြားတော့ ကျွန်တော် မသိဘူး။ သိဖို့လည်းမလိုပါဘူး။ ကျွန်တော်ဆိုတဲ့ကောင်ဟာ သည်ကမ္ဘာပေါ်မှာ မမအေးကို ချစ်မြတ်နိုးဖို့ တစ်ခုတည်းနဲ့ အသက်ရှင်နေတယ်ဆို ကျွန်တော်တို့နှစ်ယောက်ရဲ့ ကိုယ်စောင့်နတ်တွေ ကိုယ်စီကိုယ်စီ သိတော်မူထားကြတယ်ဆိုရင် ကျွန်တော် ဖြေသိမ့်နိုင်ပါပြီ။

'အချစ်စစ် အချစ်မှန်တို့ရဲ့ လမ်းခရီးဟာ ဘယ်သောအခါမှ မဖြောင့်ဖြူး' ဆိုတဲ့ ဆိုရိုးစကားတစ်ခုကို ကျွန်တော် ကြားဖူးဖတ်ဖူးနေခဲ့တာ ကြာလှပြီ။ အဲသည်ခါးသီးသလောက် မှန်ကန်တတ်တဲ့ စကားကို မကြာခဏလည်း တွေ့ကြုံကြားသိနေရတယ်။ ကျွန်တော့်အစ်ကိုရေတပ်သား ယစ်ထုတ်ကြီးလည်း သူ့ဘက်က အချစ်စစ်အချစ်မှန် ပေးခဲ့ပေမဲ့ ပေးခဲ့သလောက်ရဲ့ တစ်ဝက်လောက်တောင် ပြန်မရလို့ အချစ်မရှာတော့ဘဲ ယမကာနဲ့ပျော်မွေ့နေမှန်း ကျွန်တော်သိတယ်။ ကျွန်တော်တို့ ဆွေမျိုးသားချင်းတွေထဲမှာလည်း ရုပ်ချော၊ ပညာတတ်ပါလျက် အချစ်စစ်အချစ်မှန်ဆိုတာက လှည့်စားသွားခဲ့လို့ အပျိုကြီး၊ လူပျိုကြီး လုပ်နေကြရရှာတဲ့ သူတွေ တစ်ပုံကြီး။ ခုတစ်ခါ ကျွန်တော့်အလှည့်မှတ်ပါရဲ့။

ကြည့်လေ။ ခုရက်ပိုင်းမှာ ကြားကားတစ်စီး ပေါ်လာလို့ ကျွန်တော် အကြီးအကျယ် စိတ်ကသိကအောက်ဖြစ်နေရပြီ။ ကြားကားဆိုတာ အလွယ်ပြောလိုက်တဲ့ ဗန်းစကားပါ။ အစဉ်အတိုင်း တန်းမစီဘဲ တန်းစီထားတဲ့သူတွေကြားမှာ ဝင်ပြီး ကြားဖြတ်နေရာယူတဲ့သူကို ခေါ်လိုက်တာ။ အဲသည် ကြားကားလို ကောင်မျိုးတွေကြောင့် ထောင်ထဲမှာ ကျွန်တော် မကြာမကြာ ပြဿနာတက်ခဲ့ရတယ်။ ထမင်းစားဖို့ တန်းစီနေကြတုန်း လူလည်လိုလို လူမိုက်လိုလို ကြားဖြတ်တဲ့ကောင်ဆိုရင် ကျွန်တော် ဘာမပြောညာ မပြောနဲ့ ပြေးထိုးတော့တာပဲ။

ကြက်သွေးရောင် ဘောလုံးအားကစား ဂျာစီအင်္ကျီကျောမှာ နံပါတ်ရှစ်ပါတဲ့ အင်္ကျီကို ဝတ်ထားတဲ့ ကောင်တစ်ယောက်က ညနေပိုင်း မမအေးတို့ ဆိုင်သိမ်းခါနီးမှာ မမအေးကို လာလာပြီး စကားပြောနေတာ ၄၊ ၅ ရက်ရှိပြီ။ ကြက်သွေးရောင်အောက်ခံမှာ အင်္ဂလိပ်ဂဏန်းရှစ် စာလုံးကြီးက ပြူးနေတော့ သည်ကောင် ဘယ်သူလဲဆိုတာ ကျွန်တော် သိလိုက်ပြီ။ အဖြူရောင် ရှစ်ဂဏန်းကြီးက ပူးနေတဲ့ မျက်လုံးကြီးနှစ်လုံးလိုလို ဘာလိုလိုနဲ့ ကျွန်တော့်ကို လှောင်သလိုလို၊ ပြောင်သလိုလို၊ ဖြဲခြောက်နေသလိုလို အသည်းယားစရာပဲ။ ရှစ်ဂဏန်းပေါ်မှာ သည်ကောင့်နာမည် အင်္ဂလိပ်စာတန်းလည်းပါတယ်။ နာမည်ကိုက အချိုးမကျ ဂိုက်မကျဘဲ မြင့်အောင်အောင်တဲ့။ 'မြင့်အောင်' နှစ်လုံးတည်းဆိုရင် ရိုးလို့ 'အောင်' တစ်လုံး ထပ်တိုးလိုက်တာလားတော့ မသိဘူး။ သည်ကောင်က မြို့နယ် ဘောလုံးလက်ရွေးစင်ပေါ့။

ရှေ့နားမှာ ကျွန်တော် ပြောပြခဲ့တဲ့ 'မျက်နှာမြင် ချစ်ခင်ပါစေ' ဆိုတဲ့ စကားက သည်နေရာမှာ ဆန့်ကျင်ဘက် အဓိပ္ပာယ်နဲ့ ပေါ်လာပြီ။ သည်ကောင် မျက်ခုံးကောင်း၊ မျက်လုံးကောင်းနဲ့ ရုပ်ချောတာကိုလည်း ကျွန်တော် ကြည့်မရဘူး။ သည်ကောင် ဗလကောင်းတာကိုလည်း ကြည့်မရဘူး။ သည်ကောင် ဆံပင်တိုတာကိုလည်း ကျွန်တော် ကြည့်မရဘူး။ သည်ကောင် သူ့ပေါင်ကကြွက်သားတွေ၊ ခြေသလုံးက ကြွက်သားတွေ တလှုပ်လှုပ်နဲ့ ပခုံးနှစ်ဖက်ယမ်းပြီး လမ်းလျှောက်တဲ့ ဟန်ကို ကျွန်တော် ကြည့်မရဆုံးပဲ။ သည်ကောင်က ကျွန်တော့်ထက် အသက်ကြီးပြီး မမအေးအောက်မှာ ၂/၃ နှစ်လောက်တော့ ငယ်လိမ့်မယ်။ မမအေးနဲ့ဆိုရင် လုံးတူဒေါက်တူလို့တောင် ထင်ရတယ်။

ထားပါ။ အဲသည်ကိစ္စတွေ ဘေးဖယ်ထားပါ။ သူ့ဟာသူ ရုပ်ပဲချောချော၊ ဗလပဲကောင်းကောင်း၊ မြို့နယ်လက်ရွေးစင်ပဲဖြစ်ဖြစ်(နောက်ဆုံး) ကမ္ဘာကျော် ဘောလုံးသမား စီရိုနယ်ဒိုလောက်ပဲ နာမည်ကြီးကြီး ကျွန်တော် ဂရုမစိုက်ဘူး။ သည်ကောင် ကျွန်တော့်ရှေ့မှာ လာပြီး လမ်းပိတ်ရပ်လိုက်တာကိုတော့ ကျွန်တော် ခွင့်မလွှတ်နိုင်ဘူး။ လုံးဝခွင့်မလွှတ်နိုင်ဘူး။ လုံးဝပဲ။ သည်ကောင်က ထောင်ထဲတုန်းက ထမင်းစားဖို့ တန်းစီကြတုန်း ရှေ့ကနေ

www.burmeseclassic.com

ကြားဖြတ်ဝင်တဲ့ကောင်တွေ ထက် အပြန်တစ်ရာမက အောင် ဆိုးဝါးလှတဲ့အကောင်။

ကျွန်တော်သာ မီး တောင်တစ်လုံးဖြစ်ခဲ့မယ် ဆိုရင် ပေါက်ကွဲခါနီး မီးခိုး တွေ အလိပ်လိုက်တက်နေ သလိုမျိုး အမုန်းမီးခိုးလိပ် တွေ မရပ်မနား ထွက်နေတော့ မှာပဲ။ ကျွန်တော့်ရင်ထဲမှာ ပူပြင်း ဆူလှိုက်နေတဲ့ အပူ အကြောင်း ပြောတတ် သလောက် ပြောပြရမယ် ဆိုရင်တော့ ကျွန်တော့် တစ်သက်တာမှာ မခံစားခဲ့ ဖူးသေးတဲ့ အပူမျိုးပဲ။ တစ်ခါ တစ်ခါတော့ 'မမအေးက မင်းရည်းစားလည်းမဟုတ်၊ မင်းအစ်မလည်းမဟုတ်၊ မင်းဆွေမျိုးလည်း မဟုတ်ဘဲ နဲ့ မင်းဆိုတဲ့ကောင် မီးခဲ ပေါ် ထိုင်မိတဲ့ မျောက်လိုဖြစ်နေ တာတော့ ဘာအဓိပ္ပာယ်မှ မရှိဘူး' လို့ မိမိကိုယ်မိမိ ကြိုး စားပြီး ဆုံးမကြည့်တယ်။ မရပါဘူး။ လက်ရှိအခြေ အနေမှာတော့ ဘယ်သူပဲ နားချချ မရနိုင်ပါဘူး။ ကျွန်တော်က စိတ်နှလုံးကို ဆုံးတုံးချပြီးသား။ မမအေး ကိုတော့ ကျွန်တော် လုံးဝ ကြည့်မရတဲ့ ကျောနံပါတ် ရှစ်နောက် အပါမခံနိုင်ဘူး။ ပါဖို့မပြောနဲ့၊ အယိမ်းတောင် မခံနိုင်ဘူး။ အခုလို ကျောနံ ပါတ်ရှစ်နဲ့ ပဝါတစ်ကမ်း၊ လက်တစ်လှမ်းဖြစ်နေတဲ့ အခြေအနေကို ကျွန်တော် ရပ်ပစ်ရပါတော့မယ်။

ကျွန်တော် စဉ်းစားပြင် ဆင်ချိန် သိပ်မယူပါဘူး။ တစ်ညနဲ့ တစ်မနက်ပါပဲ။ ထူးထူးခြားခြား ဖြစ်နေတာ

မမအေးကိုတော့ ကျွန်တော် လုံးဝ ကြည့်မရတဲ့ ကျောနံပါတ် ရှစ်နောက် အပါမခံနိုင်ဘူး ပါဖို့မပြောနဲ့ အယိမ်းတောင် မခံနိုင်ဘူး အခုလို ကျောနံပါတ်ရှစ်နဲ့ ပဝါတစ်ကမ်း လက်တစ်လှမ်း ဖြစ်နေတဲ့ အခြေအနေကို ကျွန်တော် ရပ်ပစ်ရပါတော့မယ်

က ကျွန်တော်ဟာ နဂိုနေ ခပ်ချည့်ချည့်ပေမဲ့ ခုချိန်မှာ ခွန်အားတွေ ပြည့်နေခဲ့တာပဲ။ တစ်ချိန်တည်းမှာပဲ ကိုယ့် ပါးစပ်၊ ကိုယ့်နှာခေါင်း၊ ကိုယ့်မျက်လုံးတွေထဲက အခိုး အငွေ့တွေ ပန်းထွက်နေတယ် လို့လည်း ခံစားရတယ်။ အော်ချင်ဟစ်ချင်၊ ဆဲဆိုကြိမ်း မောင်းချင်တဲ့ ဆန္ဒတွေကို မနည်းကြီး ချုပ်တည်းထား ဆီးနေရတာကလည်း မချိ မဆံ့ပါပဲ။

ရာသီဥတုအပြောင်း အလဲက ထင်ရှားပေမဲ့ ကျွန်တော် အမှတ်တမဲ့ ဖြစ် နေတယ်။ ဆောင်းဥတုကုန်ခါ နီးမှာ ညနေဘက်ကြီး နှင်း တွေမြူတွေက ဝေနေတယ်။ ဂျင်းဂျက်ကက်အပေါ်လေး ဝတ်ထားလို့ အအေးဓာတ်ကို ကျွန်တော် မသိနိုင်တော့ဘူး။

ကျွန်တော် အင်မတန် မုန်းတီးစက်ဆုပ်တဲ့ ကျော နံပါတ်ရှစ် ဖြူဖြူ ပြူးပြူး ကြီးက မမအေးတို့ ခြံဝမှာ ထွန်းထားတဲ့ လေးပေမီး ချောင်းအလင်းထဲမှာ ထင်း ထင်းကြီး။

'မမအေးအနားကို မကပ်နဲ့ကွ၊ မကပ်နဲ့ကွ။ မမအေးအနားမှာ ယင်ဖို တောင် သန်းလို့မရဘူးဆိုတာ မှတ်ထား'

ကိုယ့်အော်သံပဲ ကိုယ် ကြားပြီး တခြားအသံတွေကို တော့ ကျွန်တော် မကြားဖြစ် ဘူး။ ကျောနံပါတ်ရှစ်ကြီး တော့ အော်တောင်မအော်နိုင် ဘဲ လဲကျသွားပြီ။ ဗလ ကောင်းတဲ့ကောင်ဆိုတော့ ချက်ချင်းမလဲတာနဲ့ ကျွန် တော် သံကျွတ်ပိုက်လုံးအတို နဲ့ သုံးလေးချက်ဆင့်ရိုက်ပစ် လိုက်တာ။ ဟိုကောင်ကြီး မြေပြင်ပေါ်လဲကျမသွားခင် ကျွန်တော်က မှောင်ရိပ်တွေ ရှိရာဆီ ခြေကုန်သုတ်ပြေးခဲ့ တော့တာပဲ။

ကြိုတင်စိတ်ကူးထား တဲ့အတိုင်းနီးပါး ဖြစ်ခဲ့ပါ တယ်။ တက္ကစီတစ်စီး ဖမ်း တားပြီး မင်္ဂလာဒုံဘက်ကို လာခဲ့တယ်။ အဝေးပြေးကား ကို ချိန်းထားတဲ့မှတ်တိုင်က စောင့်တယ်။ နောက်တစ်နေ့ မိုးလင်းခါစမှာ ကျွန်တော် မကွေးတိုင်း တောင်ပိုင်း တစ် နေရာကိုရောက်ပြီး ကားပေါ် က ဆင်းခဲ့တယ်။ ကျေနပ် အားရမှုအရှိန်က မသေသေး ဘူး။ အဓိက ကျေနပ်မှုက တော့ မမအေးကြားအောင် 'မမအေးအနားကို မကပ်နဲ့ ကွ' လို့ အားရပါးရ အော်ခွင့် ရခဲ့လို့ပါ။

ကျွန်တော့် အစ်ကိုဝမ်း ကွဲတစ်ယောက်က သစ် ကုန်သည်လုပ်ရင်း ကားလမ်း နဲ့ ကပ်လျက် ဟောသည်ရွာ ကလေးက ရွာသူနဲ့ အိမ် ထောင်ကျပြီး သည်မှာ အခြေချကြီးပွားနေတာ။ ကျွန်တော် အလည်လာတယ် ဆိုလို့ ခြောက်သွေ့အထီးကျန် တဲ့ သူတို့မိသားစု ပျော်ရွှင် နေကြပါတယ်။ ကျွန်တော် လည်း ကြံဖန်ကြိုးစားပြီး အပျော်စိတ်ကို မွေးယူရတာ ပေါ့။ ဒါပေမဲ့ သည်အခြေ အနေမှာ ကျွန်တော် ဘယ်လို နည်းနဲ့ ပျော်နိုင်ပါ့မလဲ။

နေ့လယ်ခင်းကျတော့ အစ်ကိုဝမ်းကွဲဟာ မော်တော် ဆိုင်ကယ်ကြီး ဝူးခနဲမောင်း ပြီး အိမ်ပြန်လာတယ်။ ချွေး တွေကြားမှာ သူ့မျက်နှာကြီး ဟာ မည်းမှောင်နေတယ်။

'မင်းအစ်ကို အခု ကလေးပဲ ငါ့ဆီ ဖုန်းဆက် တယ်။ မင်း လူမှားပြီး ရိုက် ခဲ့တာတဲ့။ ဖအေက သားရဲ့ ဘောလုံးကန်အင်္ကျီကို ဝတ် ထားတာတဲ့။ အခု အဘိုးကြီး ဆေးရုံပေါ်မှာ။ မင်း ဆက် ပြေးမလား၊ အဖမ်းခံမလား။ အမြန်ဆုံး စဉ်းစားလိုက်ပေ ကွာ' လို့ အစ်ကိုဝမ်းကွဲက မောသံကြီးနဲ့ ပြောတယ်။


ဟုတ်တာပေါ့။ နော င်တမရခင် နောင်တရသင့်၊ မ သင့် စဉ်းစားဖို့ ကျွန်တော့်မှာ မွေးရာပါ အခွင့်အရေးရှိပြီး သားပါ။

ကြူးနှ



www.burmeseclassic.com


www.burmeseclassic.com





တန်ဖိုး-၃၀၀၀ကျပ်




တန်ဖိုး-၄၀၀၀ကျပ်




တန်ဖိုး-၄၀၀၀ကျပ်




တန်ဖိုး-၂၅၀၀ကျပ်

ထုတ်လုပ်ဖြန့်ချိရေး

**အလင်းသစ်စာပေတိုက်**

အမှတ် ၁၇/၁၉၊ အခန်း ၆၀၁၊ ၅၂ လမ်း၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၈၇ ၀၃၈၄၈၊ ၀၉ ၅၄ ၀၀၃၀၂


www.burmeseclassic.com

www.burmeseclassic.com

# ဟောင်းသန်းဆွေ (ထားဝယ်)

## ကုန်းဘောင်ဆက်မှ ပန်းတောင်းမြို့စားမင်းသမီး မိဖုရားလေးပါးရှင်းတမ်း


ကုန်းဘောင်ခေတ်မှ ကုန်းဘောင်ဆက်
ပန်းတောင်းမြို့စား မင်းသမီး
မိဖုရားလေးပါးသည် တစ်ပါးနှင့်တစ်ပါး
ထူးထူးခြားခြား ဆက်နွှယ်လျက်ရှိသည်ကို
တွေ့ရသည်။ ထိုမင်းသမီး၊ မိဖုရားလေးပါး
အသုံးကံကျေးခံရသော ပန်းတောင်းမြို့
ဆိုသည်က ပဲခူးတိုင်းအတွင်း ပြည်မြို့၏
တစ်ဖက်ကမ်း၌ရှိသော မြို့ငယ်လေး
တစ်မြို့ဖြစ်သည်။ ကုန်းဘောင်ခေတ်မတိုင်မီ
ရှေးခေတ်ကမူ ထိုမြို့ကို ရွှေတောင်ကြီးမြို့ဟု
ခေါ်သည်ဆို၏။ ပထမပန်းတောင်းမြို့စား
မိဖုရားမှာ ဗဒုံမင်း(ဘိုးတော်ဘုရား)၏
ဒုတိယမြောက်နန်း မိဖုရားဖြစ်သည်။
သို့ဖြစ်၍ သာယာဝတီမင်း၏ဘွားတော်၊
ပုဂံမင်းနှင့် မင်းတုန်းမင်းတို့၏
ဘွားတော် တော်သည်။ ဒုတိယ
ပန်းတောင်းမြို့စား မင်းသမီးသည်
သာယာဝတီမင်း(ရွှေဘိုမင်း)၏
နောင်တော် စစ်ကိုင်းမင်း
(ဘကြီးတော်)နှင့် ငယ်စဉ်ကတည်းက
လက်ဆက်ခံရပြီး ပစ်ပယ်ခံထားရသူ
ဖြစ်သည်။ သာယာဝတီမင်း
မင်းအဖြစ်ရောက်သောအခါ
မိဖုရားမြှောက်ခံရ၍ ပုဂံမင်းနှင့်
မင်းတုန်းမင်းတို့၏ မိထွေးတော်
ဖြစ်ခဲ့သည်။ တတိယပန်းတောင်း
မြို့စား မိဖုရားမှာ သာယာဝတီမင်း
(ရွှေဘိုမင်း)၏ မိဖုရားခေါင်ကြီးဖြစ်သည်။
သာယာဝတီမင်းသား မင်းအဖြစ်သို့
မရောက်မီကတည်းက လက်ဆက်ခဲ့သူဖြစ်၏။





www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

၁၈၄၀ ပြည့် နှစ် ဇူလိုင်လ ၃ ရက်တွင် ဘိသိက်ခံပြီး မိဖုရားခေါင်ကြီးဖြစ်ရ၍ ပန်းတောင်းမြို့ကို မြို့စားအရာရခဲ့သည်။ ထိုပန်းတောင်းမြို့စား(မိဖုရားခေါင်ကြီး)သည် ပန်းတောင်းမြို့စားမင်းသမီး မိဖုရားလေးပါးတွင် ကုသိုလ်ကံ အကောင်းဆုံးဖြစ်၏။ မိဖုရားခေါင်ကြီးအရာနှင့် သာယာချမ်းမြေ့စွာ စံစားခွင့်ရခဲ့သည်။ သူ၏သားတော် ပုဂံမင်းသားသည် ဘုရင်ဖြစ်လာသကဲ့သို့ သမီးတော်ကလည်း မင်းတုန်းမင်း၏ မိဖုရားခေါင်ကြီး (စကြာဒေဝီ)ဖြစ်လာသဖြင့် မင်းတုန်းမင်း၏ ယောက္ခမတော် တော်သည်။

စတုတ္ထ ပန်းတောင်းမင်းသမီးမှာ စစ်ကိုင်းမင်း(ဘကြီးတော်)နှင့် နန်းမတော် မယ်နုတို့၏ တစ်ပါးတည်းသော သမီးတော်ဖြစ်၏။ သူ့ကို ပန်းတောင်းမင်းသမီးဟု မခေါ်ကြချေ။ ပန်းတောင်းမင်းသမီးဟု လူသိလည်း နည်းသည်။ မင်းတုန်းမင်း၏ အလယ်နန်းမိဖုရားဖြစ်သည်။ ထို့ကြောင့် သာယာဝတီမင်း၏ ချွေးမတော်နှင့် ပုဂံမင်း၏ ခယ်မတော် တော်သည်။

ပထမပန်းတောင်းမြို့စား ဗဒုံမင်းတရားကြီး၏ ဒုတိယမြောက်နန်းမိဖုရားမှာ ရတနာသိင်္ခမြို့တောင်ဘက်၊ ခရီးတစ်တိုင်ကွာရှိ ဇီးတောရွာမှ အသည်မောင်မို၏သမီး ဖြစ်သည်။ ၁၁၂၇ ခုနှစ်တွင် ဖွားမြင်သည်။ စဉ့်ကူးမင်းလက်ထက်က တိုင်းတားမြို့ကို စားခဲ့ရသည်။ ၁၁၄၃ ခုနှစ်တွင် ဗဒုံမင်းရတနာပူရ အဝရွှေနန်းကို သိမ်းမြန်းတော်မူသောအခါ ကျောက်မော်မြို့(နောက်-စမ္ပာနဂိုရ်မြို့နှင့်ကင်း၊ နောက်-ပန်းတောင်းမြို့)များကို အသုံးခံကျွေးခံခဲ့ရပြီး မြောက်ဆောင်တော်မိဖုရား ဖြစ်လာသည်။ ၁၁၄၅ ခုနှစ်တွင် ရတနာမဟေသီဘွဲ့၊ ၁၁၄၆ ခုနှစ် တွင် ရတနာဒေဝီဘွဲ့၊ ၁၁၅၂ ခုနှစ်တွင် သီရိမဟာရတနာဒေဝီဘွဲ့မည် သမုတ်၍ ၁၁၇၃ ခုနှစ်တွက် မြောက်နန်းတင်တော်မူသဖြင့် ဗဒုံမင်းတရားကြီး၏ ဒုတိယမြောက်နန်း မိဖုရားဖြစ်လာသည်။ ဆင်ကျူးရွှေကူအတွင်း

**မင်းတုန်းမင်းတရား
နတ်ပြည်စံတော်
မူပြီးနောက်
သူ၏ သမီးတော်
သုံးပါးလုံးသည်
သီပေါမင်း၏
မိဖုရားများ ဖြစ်လာ၍
သူ၏
တန်ခိုးအာဏာသည်
ကြီးမြင့်လာသည်
သို့သော်
သမီးတော်
မိဖုရားခေါင်ကြီး
(စုဖုရားလတ်)နှင့်
မပြေလည်ပါ**

သုဓမ္မာဇရပ်နှင့် မဟာရံအတွင်း စံကျောင်းတော် ဒါယိကာမကြီးဖြစ်သည်။ ဗဒုံမင်းတရားကြီးနှင့် သားတော် မက္ခရာမင်းသား(ငယ်မည်မောင်ဖြိုး)၊ သားတော်လှိုင်မင်းသား (ငယ်မည် မောင်မျိုး)၊ သမီးတော် ကျောက်မော်မင်းသမီး(ငယ်မည် ရွှေနန်းမြင့်)ဟူ၍ သားတော်နှစ်ပါး၊ သမီးတော်တစ်ပါး ပေါင်းသုံးပါးထွန်းကားခဲ့သည်။

ဒုတိယပန်းတောင်းမင်းသမီးသည် ဗဒုံမင်း(ဘိုးတော်ဘုရား)နှင့် ပန်းတောင်းမြို့စား ဒုတိယမြောက်နန်းမိဖုရားတို့၏သားတော် မက္ခရာမင်းသားကြီး(မောင်ဖြိုး)နှင့် ကြည့်ညပ်မင်းသမီးတို့မှာ ၁၈၀၉ ခုနှစ်တွင် ဖွားမြင်ခဲ့သူဖြစ်သည်။ ဗဒုံမင်း(ဘိုးတော်ဘုရား)က သူ၏ မြေးတော် စစ်ကိုင်းမင်းသားကို အိမ်ရှေ့ဦးပရာဇာအရာ အပ်ခဲ့ရာမှ ပထမအိမ်ရှေ့မိဖုရား ကံတော်ကုန်သွား၍ ဗဒုံမင်း(ဘိုးတော်ဘုရား)သည် စစ်ကိုင်းမင်းသားကို ပန်းတောင်းမင်းသမီးကလေးနှင့် သက္ကရာဇ် ၁၁၇၇ ခုနှစ်၊ နယုန်လဆန်း ၇ ရက်နေ့တွင် ထပ်မံလက်ဆက်စေခဲ့ပါသည်။ ထိုစဉ်က ပန်းတောင်းမင်းသမီးကလေးမှာ အသက် ၇ နှစ်သာ ရှိသေး၏။ သက္ကရာဇ် ၁၁၈၁ နယုန်လဆန်း ၁၃ ရက်နေ့တွင် ဗဒုံမင်း (ဘိုးတော်ဘုရား) နတ်ပြည်စံလွန်တော်မူသွားသောအခါ စစ်ကိုင်းမင်းသားနန်းတက်သည်။

ထိုအခါက ပန်းတောင်းမင်းသမီးကလေးမှာ အသက် ၁၁ နှစ်သာ ရှိသေးသည်။ ဗဒုံမင်း(ဘိုးတော်ဘုရား)က 'ပန်းတောင်းကို တောင်ညာတင်ရမည်' ဟု ရာဇသံထားခဲ့သည့် အမိန့်တော်ရှိသော်လည်း ပန်းတောင်းမင်းသမီးကလေးမှာ မိဖုရားခေါင်ကြီးတို့၏ တာဝန်ဝတ္တရားကို ဆောင်ရွက်နိုင်စွမ်း မရှိသေးသည့်အရွယ် ဖြစ်သည်။

စစ်ကိုင်းမင်း၏ ညီတော်ရင်း သာယာဝတီမင်းသားကြီး(ယခင်က သရက်စားမင်းသား)၊ နှမတော် တောင်တွင်းကြီးမင်းသမီး၊ ဘထွေးတော်များဖြစ်ကြသော(ဗဒုံမင်း၏ သားတော်ကြီးများ)လည်း ရှိသေးသည်။ ထိုအချိန်၌ ဗဒုံမင်း၏ သားတော်ပေါင်း ၇၀၊ သမီးတော်ပေါင်း ၆၀ ကျော်၊ မြေးတော် မင်းသားပေါင်း ၁၀၀ ကျော်၊ မြေးတော် မင်းသမီးပေါင်း ၁၃၀၊ မြစ်တော် မင်းသားပေါင်း ၄၉ ပါး၊ မြစ်တော် မင်းသမီးပေါင်း ၁၇ ပါး၊ အရင်းအချာ မဟာဆွေမျိုးတော်ပေါင်း ၄၀၀ ကျော် ကျန်ခဲ့လေရာ ထိုသူတို့ကို ဦးစီးသည့် ဘထွေးတော်၊ မရီးတော် မင်းသား မင်းသမီးကြီးတို့နှင့် ညီတော် ညီမတော်၊ မင်းသား၊ မင်းကြီးတို့က ပန်းတောင်းမင်းသမီးကို သာ တောင်ညာ



www.burmeseclassic.com

www.burmeseclassic.com

တင်စေလိုသည်။ သို့ဖြစ်၍ စစ်ကိုင်းမင်း (ဘကြီးတော်)မှာ သွမယ်နုကို အိမ်ရှေ့မိဖုရားဘဝမှ နန်းမတော်တင်မရဘဲ အခက်အခဲ ဖြစ်နေရလေသည်။

ဘုရင်ဖြစ်လာသော စစ်ကိုင်းမင်း (ဘကြီးတော်)သည် ဘိုးတော်ဘုရား၏ ရာဇသံအတိုင်း နှမတော် ပန်းတောင်းမင်းသမီးကို တောင်ညာစံအဖြစ် ဘိသိက်သွန်းရန်မှာ အသက် ၁၁ နှစ် အရွယ်သာ ရှိသေးသဖြင့် တိုင်းပြည်ပြုစက် မိဖုရားခေါင်ကြီးတို့၏ တာဝန်ဝတ္တရားကို မည်သို့မျှ ဆောင်ရွက်နိုင်မည် မဟုတ်ဟု အကြောင်းပြ၍ လက်ရှိ အိမ်ရှေ့မိဖုရား(မယ်နု)ကိုသာ မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်ရန် ဖွတ် အမိန့်ချတော်မူသည်။ အတိုက်ခံမြောက်မြားစွာကြားမှာပင် ၁၁၈၁ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်နေ့တွင် မယ်နုကို မိဖုရားခေါင်ကြီးအဖြစ် တောင်နန်းတင်တော်မူသည်။ သို့ဖြင့် ပန်းတောင်းမင်းသမီးကလေးမှာ အပစ်ပယ်ခံရတော့သည်။

ပန်းတောင်းမင်းသမီးကလေး သာမက သူ၏ မယ်တော် ကြံ့ညှပ်မင်းသမီးတို့ကိုပါ အနိမ့်အကျထားတော်မူသည်။ စစ်ကိုင်းမင်း(ဘကြီးတော်)အရာချ၍ သာယာဝတီမင်း(ရွှေဘိုမင်း) လက်ထက်တော်ရောက်မှ ၁၂၀၀ ပြည့်နှစ်၌ ပန်းတောင်းမင်းသမီးကို သီရိဝိမလ္လာဘွဲ့အမည်နှင့် မိဖုရားလတ်တို့ အဆောင်အရွက် ပေးတော်မူသည်။ ဗဒုံမင်း(ဘိုးတော်ဘုရား)လက်ထက်တော်၌ အရေးတယူထားခဲ့သည့် ပန်းတောင်းမင်းသမီးကို(မိဖုရားခေါင်ကြီးအရာထားနှင့်ပင် စီမံခဲ့သည်ကို ဆိုလိုပါသည်) နောင် နန်းတက်သည့် သာယာဝတီမင်း လက်ထက်တော်တွင် မိဖုရားခေါင်ကြီး အရာကို မဆိုထားနှင့်၊ နန်းရဆောင်ရ မိဖုရားအရာပင် မထားဘဲ မိဖုရားလတ် အရာကိုသာ ပေးတော်မူခဲ့၍ သာယာဝတီမင်း ပြုမူတော်မူပုံမှာ အရေးထားရာ မရောက်၊ မကောင်းတတ်၍ ဝတ်ကျေတမ်းကျေ သူကောင်းပြုရာရောက်နေသည်ကို တွေ့ရသဖြင့် ပထမ ပန်းတောင်းမင်းသမီးကလေးသည် ဘဝတစ်လျှောက်လုံး ကံမကောင်းရှာပါ။

တတိယပန်းတောင်းမင်းသမီးသည် သာယာဝတီမင်း(ရွှေဘိုမင်း)၏ မိဖုရားခေါင်ကြီး ဖြစ်သည်ဆိုသည်ကို အထက်က ဖော်ပြခဲ့ပြီးပြီ။ မိဖုရားခေါင်ကြီးအဖြစ်နှင့် သီရိပဝရတိလောက မဟာရတနာပဒုမာဒေဝီဘွဲ့ ရခဲ့သည်။ မိဖုရားခေါင်ကြီးအရာရစဉ်က ပန်းတောင်းမြို့၊ ရွှေကျင်မြို့၊ တောင်ငူမြို့နှင့် တောင်ငူမြို့ ငွေခွန်တော်ဆက် ဟံသာဝတီမြို့ တစ်ဆယ့်နှစ်ရပ်အခွန်၊ ခန်းပတ်သညစ်ခြောက်ရွာငွေခွန်၊ ငပယင်း၊ အင်းတော်၊ ရှိမ်းမကားရွာ၊ မင်းရွာ၊ အိုရင်းရွာ၊ ရေကြည်ရွာများကို အသုံးခံကျွေးခံရသည်။

သာယာဝတီ(ရွှေဘိုမင်း)၏ မိဖုရားခေါင်ကြီး တတိယပန်းတောင်းမင်းသမီးသည် နတ်ရွာစံသောအခါ မန္တလေးနန်းမြို့တွင်း၌ သင်္ဂြိုဟ်ခြင်းခံရသည်။ သူ၏ သင်္ချိုင်းတော်မှာ ရွှေချကျွန်းပြာသာဒ်နှင့်ဖြစ်၏။ သင်္ချိုင်းတော်ပြာသာဒ်အတွင်း၌ ဂူမရှိပါ။ ကြေးပြားဖြင့် ကမ္ဘည်းထိုးထားသည်။ အထိမ်းအမှတ် ရည်စူး၍ ပြုလုပ်ထားသော သင်္ချိုင်းတော်သာ ဖြစ်သည်။ အင်္ဂလိပ်လို ထိုသင်္ချိုင်းမျိုးကို(CENOTAPH)ဟု ခေါ်သည် (မိဖုရား၏ အလောင်းတော်ကို မီးသင်္ဂြိုဟ်တော်မူပြီး အရိုးပြာကို ဧရာဝတီမြစ်တွင်ချကြောင်း၊ ကုန်းဘောင်ဆက် မဟာရာဇဝင်တော်ကြီးတွင်ပါသည်)။ သို့သော်လည်း မီးသင်္ဂြိုဟ်တော်မူသည့် နေရာတွင် အထိမ်းအမှတ် ရွှေချကျွန်း ပြာသဒ်တော်နှင့် သင်္ချိုင်းတော် ပြုလုပ်ထားခြင်း ဖြစ်သည်။ သီပေါမင်းတရား၏ မယ်တော် လောင်းရှည် မိဖုရား၏ သင်္ချိုင်းတော်ပြာသာဒ်နှင့်ယှဉ်လျက် ရှိပါသည်။

စတုတ္ထ ပန်းတောင်းမင်းသမီးမှာ စစ်ကိုင်းမင်း(ဘကြီးတော်)နှင့် နန်းမတော် မယ်နုတို့၏ တစ်ပါးတည်းသော သမီးတော်ဖြစ်သည်ဟု အထက်က ဆိုခဲ့သည်။ စစ်ကိုင်းမင်း(ဘကြီးတော်)နှင့် မိဖုရားခေါင်ကြီး နန်းမတော်မယ်နုတို့၏ တစ်ပါးတည်းသော သမီးတော်ကလေး သီရိတိလောကမြတ်စွာ(၄င်းဘွဲ့အမည်ရှိသော်လည်း သမီးတော် မယ်တော်တို့က သဲသဲ(သည်းသည်း)လှုပ်မကချစ်လှ၍ 'မယ်သဲ'ဟုသာ ခေါ်သည်)၏ နားထွင်း၊ ဆံထုံး ထုံး၊ တဘက်ဝတ်၊ ဒက်ဆင် မင်္ဂလာအခမ်းအနားကို မိကြီးတော် ကန္နီမြို့စား မင်းသမီး နားထွင်းမင်္ဂလာကဲ့သို့ ကျင်းပစေသည်။

**မှတ်ချက်**

(မိကြီးတော် ကန္နီမြို့စား မင်းသမီးဆိုသည်မှာ ဗဒုံမင်း(ဘိုးတော်ဘုရား)နှင့် မိဖုရားခေါင်ကြီးတို့၏ ပထမသမီးတော် ကန္နီမြို့စား ထိပ်ခေါင်မင်းသမီးကို ဆိုလိုပါသည်)

သက္ကရာဇ် ၁၁၉၅ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်(၁၈-၁-၁၈၃၄)နေ့ နံနက် ၁ ချက်တီးကျော် ၁ နာရီ၊ တစ်ပါဒ်အချိန် နားထွင်းမင်္ဂလာ ဆင်ယင်တော်မူသည်။ နားထွင်းပေးသူမှာ ထိုစဉ်က သက်တော် ၇၂ နှစ်ရှိနေပြီဖြစ်သော ဘွားတော် ကန္နီမြို့စားမင်းသမီးကိုယ်တိုင် ဖြစ်ပါသည်။ မြဝတီမင်းကြီး ဦးစက သီရိတိလောကမြတ်စွာ ပန်းတောင်းမြို့စား မင်းသမီးကလေးအတွက် 'စိန်ကြောင်နီလာ'ဘုန်းတော်ဘွဲ့ ပတ်ပျိုးကို ရေးသားစပ်သွန်းခဲ့ရသည်။

မင်းသမီးကလေးအား သီရိတိလောက မဟာရတနာဒေဝီဘွဲ့အမည် ပေးတော်မူသည်။ ပန်းတောင်းမြို့၊ သလဲတန်းလှေ၊ ရတနာကနားတော်၊ ပတ္တမြား၊ စိန်မြစီခြယ်သည့် ရွှေသားနန်းစွဲ ကွမ်းအုပ်နှင့် ကျွန်မိန်းမ လေးယောက်တို့ကို ခမည်းပေးတော်မူသည်။ အဖိုးများစွာထိုက်သော စိန်၊ မြ၊ ပတ္တမြား၊ အကွင်းအချည်၊ ရွှေထည်၊ ငွေထည်၊ ထည်မျိုးအုတ်မျိုးများနှင့် ကွမ်းကိုင်၊ ရေကိုင်၊ မှူးသာမက်သာ၊ လေးဆယ်တော် ငါးဆယ်တော် ကျွန်တော်မျိုး၊ သွေးသောက်လတ်ကျွန်တော်မျိုး၊ အဝေးမြို့ ကျေးရွာ ကျွန်တော်မျိုး ပညာ



www.burmeseclassic.com

www.burmeseclassic.com

သည်၊ အလုပ်သည်၊ အသုံးခံအကြွေးခံ၊ စစ်ကိုင်းမြို့၊ ဒီပဲယင်းမြို့၊ မိုးမိတ်မြို့၊ ပခမ်းကြီးမြို့၊ ဆေင့်ကူးမြို့၊ အင်္ဂပူမြို့၊ မြေထဲမြို့၊ ပန်းတောင်းမြို့၊ ကြံခင်းမြို့ များနှင့် ဆင်ပေါက်မ၊ နွား၊ ကျွဲ၊ လှေတော်၊ လယ်ယာကိုင်းကျွန်း၊ ဥယျာဉ်မြေ စသည်တို့ကို လက်ဖွဲ့တော်မူသည်။

**မှတ်ချက်** ။

(ကုန်းဘောင်ခေတ် ဘုရင့်သမီးတော်များ လက်ဖွဲ့မြို့ရွာရသည့်အထဲတွင် ဤမင်းသမီးလောက် မြို့ရွာများစွာ မည်သူမျှ အသနားမခံရဖူးပါ။ ထိုစဉ်ကတည်းကပင် ဆင်ပေါက် ၉ ကောင်၊ ဆင်ပေါက်မ ၁၀ ကောင် လက်ဖွဲ့တော်ရ၏။ ဤသည်လည်း အလွန်ထူးခြားချက်ဖြစ်သည်။ ဆင်ပေါက် အသနားတော်ခံရသည့် မင်းသမီးဟူ၍ အလွန်ရှားပါသည်။ နောင် မိဖုရားဘ၀တွင် မည်သည့် မိဖုရားမျှ အသနားမခံရဖူးသည့် ဆင်ဖြူတော်မကို အသနားခံရ၍ ဆင်ဖြူမရှင်ဘွဲ့ ခံရသည့် နိမိတ်ဟုပင် ယူဆမည်)

မင်းတုန်းမင်းတရားကြီး၏ မိဖုရားခေါင်ကြီး စကြာဒေဝီ နတ်ရွာစံသွားသောအခါ မြောက်နန်းမိဖုရားလည်း ရှိတော်မမူ၍ အလယ်နန်းမိဖုရားဖြစ်သူကသာ မိဖုရားခေါင်ကြီး ဖြစ်ရမည်ဖြစ်သော်လည်း ကျန်မိဖုရားများ၏ ကန့်ကွက်မှုကြောင့် မဖြစ်ခဲ့ရ၍ ကျေနပ်စေရန် ဆင်ဖြူမ သနားတော်မူ၍ 'ဆင်ဖြူမရှင်'ဘွဲ့ ခံစေတော်မူသည်။

မင်းတုန်းမင်းတရား နတ်ပြည်စံတော်မူပြီးနောက် သူ၏ သမီးတော်သုံးပါးလုံးသည် သီပေါမင်း၏ မိဖုရားများ ဖြစ်လာ၍ သူ၏ တန်ခိုးအာဏာသည် ကြီးမြင့်လာသည်။ သို့သော် သမီးတော် မိဖုရားခေါင်ကြီး(စုဖုရားလတ်)နှင့် မပြေလည်ပါ။ အရှင်နှစ်ပါး ပါတော်မူသောအခါ မန္တလေးတွင် ချန်ခဲ့ရန် အန္တရာယ်ရှိ၍ အတူပါတော်မူရပြီး သမီးတော်ကြီးနှင့်အတူ ထားဝယ်သို့ အပို့ခံရသည်။ ထားဝယ်တွင် သုံးနှစ်ခန့် စံရသော်လည်း ရှမ်းငနီ သူပုန်ထမှုဖြင့် အစွပ်စွဲခံရကာ ရတနာဂီရိသို့ အပို့ခံရ၏။ ရတနာဂီရိတွင်လည်း သမီးတော်နှင့် မပြေလည်ပါ။ သမီးတော်ကြီး မြန်မာနိုင်ငံသို့ ပြန်သွားပြီးနောက် ဗြိတိသျှအစိုးရက ဆင်ဖြူမရှင်ကို မြန်မာနိုင်ငံသို့ ပြန်ပို့ပေးပြီး ရန်ကုန်တွင် သမီးတော်ကြီးနှင့်အတူ နေစေသည်။ ရန်ကုန်တွင်ပင် ကံကုန်တော်မူသည်။ အလောင်းတော်ကို မန္တလေးသို့ သင်္ဘောဖြင့်သယ်၍ နန်းမြို့တွင်း မင်းတုန်းမင်းတရားကြီး၏ အုတ်နန်းပြာသာဒ်တော်အနီးတွင် သင်္ဂြိုဟ်ခြင်း ခံရသည်။

ပန်းတောင်းမြို့စား မင်းသမီး မိဖုရား လေးပါးလုံးတွင် ပထမနှင့် တတိယပန်း ပန်းတောင်းမြို့စားတို့မှာ မိဖုရားများသာ ဖြစ်ကြသည်။ စတုတ္ထ ပန်းတောင်းမင်းသမီးသည် ပန်းတောင်းမြို့စားဖြစ်သော်လည်း သူ့ကို ပန်းတောင်းမင်းသမီးဟု မခေါ်ကြ၍ ပန်းတောင်းမင်းသမီးဟု လူသိနည်းသည်။ ကံအလွန် ဆိုးရှာသော ဒုတိယ ပန်းတောင်းမင်းသမီးကလေးကိုသာ ပန်းတောင်းမြို့စား မင်းသမီးဟု လူသိများကြပါသည်။

■

**မောင်သန်းဆွေ၊ထားဝယ်**




**သင့်ရင်သွေးနာမည်ပေးမယ်ဆိုလျှင် "မူလပထမ"**

**ကွန်ပျူဗေဒသုခုမ**

**မှာ**

**အပ်နှံမှ စိတ်ချရမယ်။ ဖုန်းတစ်ချက်သာ ဆက်လိုက်ပါ။**

■ သင့်ရင်သွေးအတွက် ပညာထူးချွန်ထက်မြက်ပြီး ဘ၀တစ်လျှောက်လုံး ကံကောင်းတိုးတက်အောင်မြင်စေမည့် နာမည်လှလှ ရွေးချယ်စရာများစွာနှင့် ဟောစာတမ်း၊ နာမည်ပေးလမ်းညွှန် ဩဇက္ကဇာတာများကို ကွန်ပျူတာနှင့်ရွေးချယ်ပေးပြီး အိမ်အရောက်ဝန်ဆောင်မှုဖြင့် ပို့ပေးနေပါသည်။

■ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မိဘပေါင်းများစွာယုံကြည်စိတ်ချအားထားသလို သင်လည်းယုံကြည်စိတ်ချနိုင်ပါသည်။ (နယ်သို့ V.P.L စနစ်ဖြင့် စာတိုက်မှပို့ပေးသည်)

■ ၁၉၉၇ ခုနှစ်မှစတင်တည်ထောင်ခဲ့ပြီး ယနေ့တိုင် အောင်မြင်လျက်ရှိပါသည်။

**ဒေါက်တာတင်ဗိုလ်ဗိုလ်** (နာမက္ခရ ကျမ်းပြုပညာရှင်) ကိုယ်တိုင် နာမည်ပေးသည်။

**(နာမည်ပေးလုပ်ငန်းဆင်တူရိုးမှားများနှင့်မကြာခဏမှားယွင်းတတ်ပါ၍မိဘများသတိပြုကြပါ)**

အမှတ်-၄၆၊ အခန်း(၆)၊ နံ့သာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။


ဖုန်း-၀၁-၂၂၈၆၆၅၊၀၉-၇၃၁၇၇၇၃၁၊၀၉-၅၁၇၄၂၂၆

Website: www.baydathukhuma.com


www.burmeseclassic.com

www.burmeseclassic.com

လင်းလွန်းခင်စာပေ





၂၅၀၀ ကျပ်




၂၀၀၀ ကျပ်




၃၅၀၀ ကျပ်




၂၀၀၀ ကျပ်




၁၅၀၀ ကျပ်




၂၀၀၀ ကျပ်

ဖြန့်ချိရေး - လင်းလွန်းခင်စာပေ
ဖုန်း-၀၉ ၂၂၀ ၁၇၃၀၊ ၀၉ ၂၅၄ ၅၅၀ ၈၆၃၊ ၀၉ ၂၅၀ ၁၇၄ ၈၈၃။

ထွက်ပြီ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

မနက်စောစော
အိပ်ရာနိုးစ
အာရုံကြည်လင်စမှာပင်
မိခင်ဖြစ်ပြီဟု သူ့ကိုယ်သူ
အသေအချာ
စွဲမှတ်ယူလိုက်ရသည်။
ပထမတွင် အဝါနု
ရောင်ပြေပြေ ပြေးသော
အိပ်ရာခင်းစကို
တဆတ်ဆတ်
တုန်ယင်သည့် ညာလက်
ချောင်းလေးများနှင့်
ပွတ်သပ် စုံစမ်း၏။

အညိုရောင် သစ်ခက်လေး
ကျဲကျဲပက်ထားသည်မှအပ
မည်သည့် အစွန်း
အထင်းမျှ ရှိမနေ။
အိပ်ရာက နိုးထတိုင်း ဒီလို
ကြည့်မိခဲ့တာ
ဘယ်လောက်ကြာပြီလဲ။
သုံးရက်…ဒီမနက်ဆို
လေးရက်ပေါ့။
သုံးရက်မြောက်နေ့အထိ
မယုံရဲရဲ။ နည်းနည်းပါးပါး
နောက်ကျတာလည်း
ဖြစ်နိုင်တာပဲဟု
အခန့်မသင့်လျှင် တစ်ရက်၊

# စံပယ်ဖြူ မိတ်ဆွေနှင့် လေဒီကျူး



www.burmeseclassic.com

www.burmeseclassic.com

နှစ်ရက်လောက် နောက်ကျဖူး သူက တွေး၏။ ခုတော့ လေး ရက်မြောက်လေ။

အိပ်ရာခင်းဆီက ခွာလာသည့် လက်များသည် ပွရောင်းရောင်း ဆံနွယ်တို့ကို ပွတ်သပ်လိုက်သည်။ သားရေကွင်းပျော့ကို ဆွဲကာ စည်းနှောင်သည်။ အဆီပြန်သော မျက်နှာကို တစ်ချက်၊ နှစ်ချက် တို့ပွတ်သည်။ ဘေးသို့ ငဲ့ကြည့်သော် ခင်ပွန်းသည်မှာ မျက်လုံးစေ့ပိတ် အိပ်မောကျဆဲ။ အသက်ရှူသံမှန်မှန် ထွက်ပေါ်၍ အိပ်စက်ပျော်လျက်ရှိသည့် ထိုမျက်နှာမှာ အပူကင်းဟန် ထင်မှတ်ရ၏။ ခုနေများ နိုးလာလျှင်တော့ စေ့စေ့စူးစူးကြည့်သည့် သူ့ကို အံ့အားသင့်မည်။ နောက်တော့ ဘာကြည့်နေတာတုံး ဆိုကာ ရယ်မောလိမ့်မည်။ သေချာသလောက်ရှိသည့် သတင်းအကြောင်းများ ဖွင့်ပြောရ ကောင်းလေမလား။ ဖွင့်ပြောလျှင်ပြောချင်း ခံစားမှုမျိုးစုံ ဖြတ်ပြေးမည့် မျက်နှာကို မှန်းကြည့်သည်။

ရုပ်ရှင်များထဲကလိုတော့ ပေါးခနဲ ထ,အော်ကာ ရယ်မောကာ သူ့ကို ပွေ့ဖက်နမ်းရှုပ်လိမ့်မည်မဟုတ်တာ သေချာသလို ရှိနေပြန်သည်။ ဘယ်လိုများ ဖြစ်သွားမှာပါလိမ့်။ ပထမအံ့အားသင့်မည်။ နောက်တော့ သူ ပြုံးမည်ထင်သည်။ ဟန်မလုပ်တတ်သူမို့ 'သေချာပြီလား' ဟု ခပ်ရိုးရိုး မေးလိမ့်မည်။ ခေါင်းညိတ်ပြလိုက်ပြီဆိုပါစို့။ သူ့အပြုံး မှိန်သွားလေမလား။ သည်လောက်တော့ မဖြစ်နိုင်။ အနီးစပ်ဆုံးကတော့ 'ကောင်းတာ

ခင်ပွန်းသည်မှာ
မျက်လုံးစေ့ပိတ်
အိပ်မောကျဆဲ
အသက်ရှူသံ
မှန်မှန်
ထွက်ပေါ်၍
အိပ်စက်ပျော်လျက်
ရှိသည့်
ထိုမျက်နှာမှာ
အပူကင်းဟန်
ထင်မှတ်ရ၏
ခုနေများ
နိုးလာလျှင်တော့
စေ့စေ့စူးစူး
ကြည့်သည့်
သူ့ကို
အံ့အားသင့်မည်

ပေါ့ကွာ' ဟု မရေမရာ စကားဆိုလိမ့်မည်။ ပြုံးမြဲပြုံးလိမ့်မည်ထင်သည်။ ခေါင်းကိုလည်း ဖွဖွသပ်ချင်သပ်လာမှာပေါ့။

ခင်ပွန်းသည် တစ်ချက်လူးလွန့်တော့ သူ ဆတ်ခနဲ တုန်သွားသည်။ သူ့မျက်နှာပေါ်က အမျိုးအမည် တပ်ရခက်သော ခံစားရိပ်များကို ခုနေများ နိုးလာပြီး တွေ့တော့မလား။ မမြင်သာ ပုန်းခိုသည့် အဖြေကို စောင့်ရစဉ် တုန်းကတည်းက သူ့စိတ်မှာ အရိပ်စုံလှသည်။ အပျော်စိတ်သည် လေးပင်ခြင်းကို ရံလျက် ဖြစ်တည်၏။ ပြီးပြည့်စုံသော ကျေနပ်ဝမ်းမြောက်ခြင်းလည်း မမည်။ တင်းပြည့်ကျပ်ပြည့် စိတ်ပျက်ခြင်းလည်းမဟုတ်။ ဘယ်လိုပြောရပါ့။ ကြိုချိန်မတန်သေးသော ဧည့်သည်က အိမ်ဧည့်ခန်းဆီ ဆိုက်ဆိုက် ရောက်လာသလိုလို့ ဆိုရမလား။

ရံခါတော့လည်း ဟုတ်လိမ့်နိုး ရင်ခုန်တက်ကြွနေပြန်သည်။ ဒုတိယမြောက်ရက်တုန်းက ထင်ပါရဲ့။ ရေချိုးခန်းထဲမှာ ဝမ်းဗိုက်လေး ငုံ့ကြည့်လျက် ပြုံးတုံ့တုံ့ပြုနေဖူးသည်။ ခဏနေလျှင် မျက်ဝန်းများ ငေးမှုန်မှိုင်းရီကာ ရေကို အတောမသတ် သတိလက်လွတ်ပင် လောင်းမိသည်။ နောက်တော့လည်း ဝမ်းထဲ ခိုအောင်းစ ပြုနေလောက်မည့် ကလေးငယ်ကို အားနာကာ စိတ်နောက်ကျိခဲ့ရသည့် ရေချိုးခန်းကို အမြန် ခွာလာ၏။ ဧည့်ခန်းမှာ သီချင်းကျယ်ကျယ်ဖွင့်ကာ လိုက်ညည်းသည်။ သီချင်းတစ်ပုဒ်ဆုံးလျှင် နံရံကိုမှီလျက် ငိုင်တွေခဲ့ဖူးသည်။

တတိယမြောက်ရက် ကျပြန်တော့လည်း ထိုနည်းလည်းကောင်း စိတ်ရောင်စုံ။ မဟုတ်ပါဘူးဟု ကိုယ့်ကိုယ်ကို အတန်တန် အားပေး၏။ ဟုတ်များနေရင်ကောဟု ကိုယ့်ဘာသာ ပြန်မေးသည်။ ညက ကောင်းစွာပင် အိပ်မပျော်။ နံနက်ဦးကို စောင့်ခဲ့သည်။ ဟော...ခုတော့ အဖြေဟာ ထင်းထင်းပေါ်သလောက် ရှိခဲ့ပြီလေ။

သူသည် ခင်ပွန်း၏ စေ့စေ့ပိတ်ပိတ် မျက်လုံးအစုံကို ငေးကာ အမှတ်မထင် ပင့်သက်ရှိုက်ချလိုက်သည်။ အခန်းတွင်း ဟိုဟိုဒီဒီ အကြည့်ရွှေ့တော့ စိတ်ထွေပြားသော သူ့မျက်နှာမှုရာကို ဗီရိုမှန်တံခါးမှာ ရိပ်ခနဲ လှမ်းမြင်ရသည်။ ထိုမျက်နှာကိုပင် တွေတွေငေးကာ ခေါင်းကို ခါယမ်းလိုက်သည်။ မပြောတော့ပါဘူး၊ မပြောသေးပါဘူး။ လန်းဆန်းသော မျက်နှာရိပ်နှင့် အသင့်ဖြစ်ချိန်မှသာ ဖွင့်ပြောရလိမ့်မည်။ အိပ်ခန်းတွင်းက ထွက်ခွာ၍ မီးဖိုခန်း ရောက်လျှင်ရောက်ချင်း ဘေစင်အနီးက မှန်တံခါးချပ်များကို သူ ဆွဲဖွင့်သည်။ ပုဇွန်တောင်ချောင်းသည် နောက်ကျိသော အဆင်းကို ဆောင်ကာ တငြိမ့်ငြိမ့် စီးမြဲစီးလျက်။ စက်လှေတစ်စင်း ဆန်တက်သွားပုံကို မြင်ရသည်။ လတ်ဆတ်သော လေနုသည် သူ့မျက်နှာကို တို့ထိလျက်။ စိတ်သည် ခဏငယ်မျှသော အခိုက်တွင် တိမ်စင်လပမာ ကြည်လင်၏။

ကြည်စိတ်နှင့်ပင် ကိုယ်လက်သန့်စင်သည်။ ထမင်းတည်သည်။ ငါးကြင်းဆီပြန်တစ်ခွက်ချက်သည်။ ခင်ပွန်းနိုးသော် ကော်ဖီနှင့် ပေါင်မုန့်ပြင်ဆင်ပေးသည်။ ပုဆိုးအင်္ကျီ ထုတ်ပေးသည်။ ထမင်းဘူး မပြင်ရသေးပုံကို သတိရစိတ်နှင့် အိပ်ခန်းက အလောသုံးဆယ် ထွက်သော် ရေချိုးခန်းက ထွက်လာသူနှင့် နှာခေါင်းပေါက်သာသာ မီးဖိုခန်းဝမှာ ရင်ဆိုင်တိုးမိကြသည်။ သူ့ရယ်သံကြားရသည်။ ဆပ်ပြာရနံ့ သင်းမြမြ ကြည်ရမည့်အစား စိတ်မှာ တဒင်္ဂ ညို့ရပြန်သည်။ မလုံစိတ်လေလား။

ရယ်သံနှင့် အတူ နားရွက်ဖျားကို တစ်ချက် လှမ်း၍ တို့ထိလာတော့ 'အဝတ်လဲတော့ ပြီးရင်



www.burmeseclassic.com

www.burmeseclassic.com

နေက်စာ စားသွားဦး' ဟု ပြောနေကျလို သူပြောမိသည်။ ပြုံးနေကျလို ပြုံးမိသည်။ ဆောင်နေကျ မဟုတ်သော သူ့အမူအရာသစ်ကို ခင်ပွန်းက အကဲမဖမ်းနိုင်ခင်မှာပင် မီးဖိုအနီးသို့ ပြန်ရောက်လာသည်။

နံနက်ခင်းသည် လည်နေကျ သံသရာနှင့်ပင် သူ့ဝန်းကျင်မှာ ခရီးဆက်နေသည်။ အခန်းတွင်းက နှုတ်ဆက်ထွက်ခွာသံ၊ တံခါးပိတ်သံတို့၏ နောက်မှာ အခန်းသည် တိတ်ဆိတ် ငြိမ်သက်လာပြန်သည်။ ကော်ဖီသောက်ဦးမည် တွေးသော်လည်း မီးဖိုဆီမရောက်။ ညှော်ခန်းလယ်တွင် ငူငူသာ ရပ်နေမိသည်။ လက်တို့သည် အကြောင်းမဲ့ပင် တရွရွ ရှိလာပြန်သည်။ ဝမ်းသားပြင်ရှိရာဆီ ဖွဖွတို့ထိမိပြန်သည်။

'ကလေးရေ… ကလေးလေးရေ'

တစ်ကြိမ်ပင် ရွတ်ဆိုဖူးခြင်း မရှိခဲ့သော အမည်နာမသည် နှုတ်က ကျ၍လာလေပြီ။ စိတ်သည် လှုပ်လှုပ်ခတ်ခတ် ရှိလာ၏။ ဒူးအစုံသည် မြဲမြဲရပ်ခြင်းငှာ မစွမ်းသာ။ ခွေညွတ်ကျ၏။ ညှော်ခန်းကြမ်းပြင်ကို တွေတွေစိုက်ကြည့်သော်လည်း ကောင်းစွာမမြင်။ အမြင်သည် တစစ ဝေဝါး၏။ နောက် ရှိုက်ကာရှိုက်ကာ။

ကလေးလေးရေ၊ ကလေးအတွက် ပြီးပြည့်စုံတဲ့ ကမ္ဘာတစ်ခုတော့ဖြင့် မေမေ အနိုင်ဆင်းပေးချင်ပါရဲ့။ လောလောဆယ်တော့ မေမေ့ကမ္ဘာဟာ အလှချည်းမဟုတ်ဘူး။ မေမေ ကျင်လည်နေတဲ့ လောကဟာလည်း အလှချည်းသာ ကြီးစိုးတဲ့လောကမဟုတ်ဘူးကွယ့်။ မခေါ်သာတဲ့အဖြစ်၊ မခေါ်ရက်တဲ့အဖြစ်အတွက် ဝမ်းနည်းငိုကြွေးရတဲ့ မေမေ့ကို ကလေး ခွင့်လွှတ်လှည့်ပါ။

မျက်ရည်သည် ကြမ်းသို့ တပေါက်ပေါက်ကျ၏။ ကြမ်းက မျက်ရည်တို့ကို လက်နှင့် သုတ်မိပြန်သည်။ စားပွဲပုအနီးသို့ ဒယဉ့်တိုက်တိုးလာကာ ဗလာစာအုပ်တစ်အုပ်ကို ဆွဲချသည်။ အနာဂတ် ရင်သွေး၏ ရုပ်ပုံကို မှန်းဆမြင်ကာ ရင်ခုန်လှိုက်မောကာ သူရေးခြစ်ခဲ့ဖူးသည့် စာအုပ်လေး။ အိမ်ထောင်ဦး ချိုမြိန်ဦးကာလမို့ အပျော်စိတ်၊ ကြည်သာရွှင်ပျစိတ်နှင့် ရေးခဲ့သည်။ ခင်ပွန်း၏ လှပသော မျက်လုံး မျက်ခုံး၊ ပိရိသော နှုတ်ခမ်းဖွဲ့စည်းပုံကို သူ ရွေးခဲ့သည်။ နှာတံမှာ သူ့နှာတံဖြစ်သည်။ ဆံပင်ထူထဲပုံကတော့ အဖေတူ အမေတူပေါ့။ စိတ်နေစိတ်ထားကိုတော့ ပုံဆွဲမရသည်မို့ အတွေးနှင့်သာ ရေးခြစ်ရသည်။ ဖေဖေ့လို အခက်အခဲကို တွေးမကြောက် ရင်ဆိုင်ကျော်ဖြတ်နိုင်သော၊ ဘဝကို နေပျော်အောင် နေတတ်လေသော စရိုက်ကလေး ရှိရမည်။ သည်စရိုက်ကို တလက်လက်တောက်ပသည်အထိ ပြုံးရယ်တတ်သော မျက်လုံးလေးများနှင့် ဖော်ခဲ့သည်။ မေမေ့လို တစ်ပါးသူအပေါ် နားလည်မှုပေးရန် ကြိုးပမ်းတတ်သော စရိုက်ကိုတော့ ကွေးညွတ်ပြုံးသည့် နှုတ်ခမ်းလေးများ အားဖြင့် ရေးခဲ့သည်။ ကလေးရေ…။

ခုတော့ ခဲရုပ်ပုံထဲက ကလေးလေး ပြုံးနေပုံမှာ သူ့ရင်ကို ဆုပ်ခြေသည့်ပမာ။ ပုံကလေးကို လက်နှင့် တို့မိ၏။ ဝမ်းနည်းစိတ်သည် လက်ဖျားတွင် တည်လေသလို ခဲသားနှုတ်ခမ်းလေးများမှာ တန့်နေသည်။ အို··တစ်ခုခု ပြောလိုက်သလား၊ ကလေးတစ်ခုခု ပြောလိုက်သလား။ အမှန်တော့ နှုတ်အားဖြင့် မပြော။ မျက်လုံးအားဖြင့် ပြောတာဖြစ်မှာပဲ။ မေမေ့ဆီ လာပါရစေ…ဆိုလား။

သူသည် တစ်မနက်ခင်းလုံး ရုပ်ပုံကလေး ငေးကာ ပြတင်းက မြင်ရသည့် ကုက္ကိုပင်အား ငေးကာ မှိုင်တွေတွေ ရှိရသည်။ ထပ်၍တော့ မငိုမိ။ အားပါးတရ ငိုပြီးပြန်တော့ မျက်ရည်ကုန်သလို တန့်၍နေသည်။ ပျော်လေမလားဟု ဟာသဇာတ်ကား ကြည့်သည်။ တစ်ချက်ပင် မရယ်မိ။ သို့သော် တစ်ကားလုံးကို ဟိုကျော်သည်ကျော်နှင့် ဆုံးအောင်တော့ ကြည့်လိုက်သည်။ အစာအိမ်က အချက်ပြသော် မနက်စာနှင့် နေ့လယ်စာ ပေါင်းစားရသည်။

ပန်းကန်ဆေးရိက်မှာ ပုဇွန်တောင်ချောင်းကို ငေးမိပြန်လျှင် မြန်မာနိုင်ငံမြောက်ပိုင်းက ထရံကာအိမ်ကလေးကို သူ အမှတ်ရလေသည်။ သားသမီး သုံးဦးစလုံးကို လိုလားဝမ်းမြောက်စွာ မွေးမြူခဲ့ပုံပေါ်သည့် အမေ့ကို ပြေးမြင်သည်။ သူ့ကို မမွေးခင်မှာကျား၊ မ အမည်နှစ်ခုလောက် ကြိုတင်ရွေးနှင့်ကာ ပျော်ရွှင်နေခဲ့သည်ဆိုသော အဖေ့ကိုလည်း ပြေးမြင်သည်။ သူ့ကျတော့ ဘာကများ ပြောင်းလဲစေခဲ့သနည်း။ ကလေး မယူသေးဘူးလားဟု တစ်လောက အမေ မေးခဲ့သည်။ သူသည် ခဏမျှ အမ်းကာ နောက်မှ သတိဝင်သလို ရယ်မောမိသည်။

'ယူမှာပါ အမေရဲ့၊ ဒီနှစ်ထဲပဲ ယူမလားလို့ စဉ်းစားနေတာ'

'ယူမှာဖြင့်လည်း ယူ သမီးရဲ့၊ သမီးအသက်က ငယ်တော့တာ မဟုတ်ဘူး၊ တော်ကြာ အသက်ကြီးလာရင် မွေးရဖွားရ ခက်တယ်ကော။ မိဘနဲ့ သားသမီးနဲ့ အသက်သိပ်ကွာရင်လည်း မကောင်းဘူး' ဟု အမေက ဆိုပြန်သည်။

သူသည် စက္ကန့်ပိုင်းလောက် ဆုတ်ဆိုင်းနေပြီးမှ–

'မွေးတာတော့ ဟုတ်ပါရဲ့ အမေ၊ ကလေးတစ်ယောက် မွေးရင် မွေးတဲ့အချိန်ကစပြီး တောက်လျှောက် အကုန်တွေချည်းပဲတဲ့။ လောလောဆယ် ဝင်ငွေကလည်း သိပ်ရှိတာမဟုတ်ဘူး၊ အိုးပိုင်အိမ်ပိုင် မဟုတ်တာ အမေသိသားနဲ့'

'ရော် သူ့ဘာသာ ဖြစ်သွားမှပ'

ရှာမှာတော့ ဟုတ်မှာပေါ့ အမေရယ်··။

ရန်ကုန် လူနေမှုနှင့် အမေသည် အကျွမ်းတဝင် မရှိချေ။ တစ်နှစ်တစ်ခါ အခန့်မသင့်လျှင် အိမ်ရှာ အိမ်ပြောင်း လုပ်ကြရသော၊ ပွဲစားတို့ လှည့်ကွက်မှာ အခါခါ စိတ်ညစ်ကြရသော အိမ်ငှားဘဝကို အမေ မသိ။ မွေးဖွား



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုများ ဖြစ်သွားမှာပါလိမ့် ပထမ အံ့အားသင့်မည် နောက်တော့ သူ ပြုံးမည်ထင်သည် ဟန်မလုပ်တတ်သူမို့ 'သေချာပြီလား'ဟု ခပ်ရိုးရိုး မေးလိမ့်မည် ခေါင်းညိတ်ပြလိုက်ပြီ ဆိုပါစို့။ သူ့အပြုံး မှိန်သွားလေမလား သည်လောက်တော့ မဖြစ်နိုင် အနီးစပ်ဆုံးကတော့ 'ကောင်းတာပေါ့ကွာ' ဟု မရေမရာ စကားဆိုလိမ့်မည်

စရိတ် သက်သာလိုသော်လည်း လူသက်သာခြင်းနှင့် ဝန်ဆောင်မှုကိုသာ သိန်းဆယ်ချီပေးလျက် ဦးစားပေးရွေးချယ်ရသည့် မွေးခါနီးဖွားခါနီး မိခင်လောင်းဘဝကို အမေ မသိ။ အလုပ်တစ်ဖက်နှင့်မို့ မနိုင်လျှင် ကလေးထိန်းရှာရဦးမှာ၊ ထိုကလေးထိန်းသည်လည်း ရှာမှာလို စိတ်ချလက်ချ ရှိရသူမျိုး ရဖို့ခက်တာ အမေ မသိ။ ဟော‥ ငွေလမ်းခင်းမတတ် ပြုစုယုယလို့ ကျောင်းနေရွယ်လေးရောက်လာပြီဆိုပါစို့။ ခေတ်နှင့်အမီ ပြေးသော ကျူရှင်စရိတ်၊ ကျောင်းနှင့် အထွေထွေ စရိတ်က နောက်က လိုက်လာမည်။ အများသူငှာ ကလေးများလို အင်္ဂလိပ်စာ၊ စကားအရာမှာ နောက်ကျမကျန်စေဖို့ ကျောင်းပြင်ပပညာလမ်းနောက်လည်း ကောက်ကောက်ပါ လိုက်ရဦးမည်။

ပြီးတော့…ပြီးတော့ သည်လို ဒုတိယဘုရားသခင်နှင့် ဆက်နွယ်ရာ အရေးအရာများထက် အင်မတန် နက်မှောင်ပွေလီသော လောကဝက်ပါနှင့် ကလေးလေးကို ထိတွေ့ပေးရမှာ သူ ပို၍ ကြောက်နေရကြောင်း အမေ နားလည်အောင် ဘယ်လိုရှင်းပြရမည်နည်း။ အမေ မပြောနှင့်။ ခင်ပွန်းသည် နားလည်ဖို့ရာရော ဘယ်သို့ဘယ်ပုံ ရှင်းပြရမည်နည်း။ သူ့အပူကို သူပဲ နားလည်လိမ့်မည်။

သူသည် ထိုတစ်ရက်တုန်းက အမေ့ကို စကားလုံးများစွာ သုံး၍ ရှင်းမပြနိုင်ခဲ့ချေ။ 'ယူမှာပါ အမေရယ်' ဟုသာ ကတိပေးခဲ့ရသည်။ ခုခေတ် အိမ်ထောင်ရေးဆိုတာ ဘာညာ အစရှိသဖြင့် ကလေးမရှိသေးသော သမီးလုပ်သူအတွက် အမေ စိုးထိတ်နေပုံကို ရိပ်မိကာ ဆိတ်ဆိတ်နေခဲ့ရသည်။ အမေကတော့ ထုံးစံအတိုင်းပါပဲ။ 'ဖြစ်သွားမှာပါ သမီးရယ်' ဆိုခဲ့ပေသည်။

တငြိမ့်ငြိမ့်စီးသော ချောင်းရေပြင်ကို ငေးလျက် လွင့်ပါးသည့်စိတ်အား ဆွဲခေါ်ယူငင်လိုက်သည်မှာ ဖုန်းမက်ဆေ့ချ် ဝင်သံဖြစ်သည်။ တယ်လီနောကဖြစ်မှာပဲ။ ဖုန်းရှိရာဆီ တစ်ချက်မျှသာ လှမ်းကြည့်ကာ ရေစစ်လက်စ ပန်းကန်တို့ကို အဝတ်ခြောက်နှင့်သုတ်ပြီး ပန်းကန်စင်မှာ စီတင်လိုက်သည်။ အနောက်ပေါက်တံခါးကို ဖွင့်သည်။ တံခါးဖွင့်လျှင်ဖွင့်ချင်း ဆီးမြင်ရသော အရေးပေါ်လှေကားဆိုတာသည် တိုက်ခန်းနေ အိမ်ရှင်မများအတွက် အဝတ်လှန်းသာရန် ပြင်ပေးထားသည့် နေရာပမာမို့ သူလည်း အလွတ်မခံလှန်းစမြဲ။ ဘယ်လောက်ပင် ခေတ်မီမီတွေးခေါ်စေကာမူ သူ့ထဘီ၊ ဘောင်းဘီ စသည်ကိုတော့ အိမ့်အနောက်ဘက် လှန်းမြဲ လှန်းမိတာဟာ ငယ်ဘဝ ပုံသွင်းခံရခြင်း၏ အကျိုးဆက်ဖြစ်လိမ့်မည်။ မိန်းကလေးဆိုတာဟု အစချီသော ဆုံးမစကားများစွာကို 'ဟုတ်ကဲ့' လုပ်ခဲ့ဖူးသည် မဟုတ်လား။ ကလေးလေး အလှည့်ကျရင်ရော။

ကလေးလေးသာ မိန်းကလေးဖြစ်ခဲ့လျှင် ဘယ်လို ရှိမည်နည်း။ သူ့လို အူကြောင်ကြောင်နိုင်တတ်သူ ဖြစ်လာမလား။ ခင်ပွန်းလို များ ပျော်ပျော်နေတတ်သူ ဖြစ်လာလေမလား။ ကလေးလေး၏ ရယ်မောရွှင်ပျသည့် မျက်နှာကို မြင်ယောင်တော့ အဝတ်ရုပ်ရင်းကပင် ပြုံးလိုက်မိသည်။ အသားက လေး မဖြူမညိုနှင့် ချစ်စရာ ကလေးလေး ဖြစ်လိမ့်မည်။ အိမ်ထဲမှာ တတောက်တောက် ပြေးလွှားနေလိမ့်မည်။ ရယ်မောသံ၊ မေးခွန်းမေးသံတွေလည်း ညံနေမှာပေါ့။ မေးခွန်းမေးသမျှ ဖြေလိုက်မည် စိတ်ကူး၏။

ကလေးလေး၏ ရှင်သန်နုသစ်သော ကိုယ်ပိုင်စိတ်အတွေးကို ပိတ်လှောင်သော ပေတံစံချိန်များနှင့် တိုင်းတာပုံသွင်းမည်မဟုတ်။ ထိန်းကွပ်ရုံသာ ဘေးကရံမည်။ ကလေးလေးသည် လွတ်လပ်ရွှင်ပျ ကြီးပြင်းလာစေရမည်။ အချိန်တန်၍ ကလေးကို ကျောင်းပို့လိုက်ရသည့်အခါရော‥။ ပထမတော့ မိခင်နှင့် အခွဲခက်သည့်အခါ ငိုယိုလိမ့်မည်။ နောက်တော့ ကျောင်းပျော်သွားမှာပါပဲ။ သူငယ်ချင်းများလည်း ရှိလာလိမ့်မည်။ အတန်းများ တစ်တန်းပြီးတစ်တန်း တက်သွားလိမ့်မည်။ ကျောင်းနှင့် ကျူရှင်နှင့် ကူးလူးရတာ ပင်ပန်းပြီဟု ကလေးလေး ညည်းလျှင် ဒါသည် မဖြစ်မနေ ဖြတ်သန်းရသော ပညာရေးပုံစံခွက်မို့ နှစ်သိမ့်ရလိမ့်မည်။ သူကတော့ ကျောင်းဖွင့်ရက်တိုင်း ကလေးလေး ကျောင်းကားပေါ်က ဆင်းလာချိန်ကို စောင့်ရမှာပါပဲ။ ကလေးလေး ပြန်ရောက်လာမှသာ သက်ပြင်းချရလိမ့်မည်။ သည်တလောကြားသိရသည့် သတင်းများသည် မွေးမလာသေးသော သမီးမိန်းကလေးအတွက် ပူစရာတည်း။

လူအချို့အချို့သည် ဘာကြောင့်များ တိရစ္ဆာန်သာသာ တွေးတောပြုမူတတ်သနည်း သူ စဉ်းစားမရချေ။ တစ်ဘဝသာ နေထိုင်လျက် ပြည်ဖုံးကား ချရုံနှင့် သံသရာ မရှိလေဘဲ အရာရာ ပြီးဆုံးပြီ ထင်မှတ်ကြသလား။ ကလေးသူငယ်တို့၏ သနားချစ်စဖွယ်သော မျက်နှာကလေးများကို မမြင်တတ်ကြဘူးလား။ ထိုသော ယုတ်မာရက်စက်သူများနှင့်သာ ကလေးလေး တွေ့ခဲ့မှ

www.burmeseclassic.com

www.burmeseclassic.com

ဖြင့်…ဘုရား…။

သူသည် မျက်လုံးအစုံကို ဖျတ်ခနဲ မှိတ်ချလိုက်သည်။ ကလေးလေးရယ် မေမေ့ဆီ မလာပါနဲ့။ ညစ်ထေးထေးလူတွေ ပေါများလာတဲ့ ခေတ်ထဲက မေမေ့ဆီ မလာပါနဲ့။ လေပြည်အတိုးကို သိမှတ်ရင်း ပူထူသွားသော စိတ်ကို သူ ပြန်ထိန်း၏။ တစ်ယောက်တည်းမဟုတ်။ ခေတ်ကျပ်ထဲမှာ သူ တစ်ယောက်တည်းမဟုတ်။ သက်ပြင်းရှိုက်ချကာ မျက်လုံးပြန်ဖွင့်သည်။ အဝတ်ခြောက်တို့ကို ထွေးပွေ့ကာ အိမ်ထဲရောက်လာပြန်သည်။

နေ့ခင်းနေသည့် အိမ်၏ ဘေးဘက်နံရံများသို့ ထိုးဖြာကျလျက်ရှိပြီ။ ဘေးဘက်မှာ မြေလွတ်ဟင်းလင်းမို့ နေ့ခင်းဆို အခန်းက ပူလှသည်။ ပြတင်းကို ကျော်ကာ တိုးဝင်သော နေရောင်သည် ကြမ်းပေါ် ရိပ်ဖြာလျက်။ ရှည်မျောမျော အရိပ်ကွက်များကို နင်းဖြတ်ကာ ဝရန်တာသို့ ထွက်လာသည်။ ဝရန်တာမှာ လှန်းထားသော ခင်ပွန်း၏ အဝတ်များကို ရုပ်ယူသည်။ ပြီးလျှင် အိမ်အတွင်း ချက်ချင်းမဝင်။ ဝရန်တာကို တစ်ရံတစ်ဆစ်မျှ မမြင်ဖူးသလို ငေးနေသည်။

သည် ဝရန်တာဆီ ရောက်လေတိုင်း နာနာကျင်ကျင် ရယ်မောချင်မြဲဖြစ်ရသလို ခုလည်း ရယ်ချင်လာပြန်သည်။ အရင့်အရင်တုန်းကတော့ဖြင့် အိမ်တစ်အိမ်မှာ ဝရန်တာလောက် စွဲလမ်းရသော နေရာမရှိ။ တိုက်ခန်းလေး တစ်ခန်းသာ ပိုင်လျှင် ဝရန်တာမှာ သစ်ပင်အမျိုးမျိုး စိုက်ကာ အလှဆင်မည် စိတ်ကူးထားသည်။ ကြက်သွန်မြိတ်လိုမျိုး မီးဖိုချောင်သုံး အပင်လေးများလည်း စိုက်မည် တွေးထားသည်။ ဝရန်တာကို သံပန်းထည့်မဟုတ်။ သံပန်းမှ မပါလျှင် မလုံခြုံသော မြို့ပြပေမို့ ပထမ ပြတင်းကိုသာ သံပန်းထည့်မည်။ ရင်သွေးလေးများ ရလာလျှင်တော့ ဝရန်တာ သံပန်းထည့်ကောင်းထည့်မှာပေါ့။ အထူးသဖြင့် ဝရန်တာကို အဝတ်လှန်းစင်နှင့် တွဲမမြင်လိုတာမို့ အဝတ်လုံးဝ မလှန်းဟု တွေးခဲ့ဖူးတာ ခုတော့ ရယ်စရာတည်း။ ကိုယ့်အခန်းမှ မဟုတ်တာလေဟု ဖြေလျှော့တွေးကာ အဝတ်ပဲ လှိမ့်လှန်းနေရသည်။

သူသည် အဝတ်တို့ကို သင်ဖြူးဖျာပေါ် ပုံချလိုက်သည်။ ညနေမှ မီးပူတိုက်မည်။ ခုတော့ဖြင့် စာလေး ဖတ်လျှင် ကောင်းမည်ထင်သည်။ ခေါင်းက ဟာလာ၊ ရင်ကဟင်းလင်း မဟုတ်လား။ စာအုပ်စင်မှာတော့ သူ နှစ်နှစ်လိုလို စုဆောင်းခဲ့သော စာအုပ်များ ရှိလေသည်။ ပြီးတော့ သူ ကိုယ်တိုင်ရေးသည့် စာအုပ်လေး သုံး၊ လေးအုပ် ရှိသည်။

သူ့စာအုပ်များသည် ရသစာကို အရသာခံ ဖတ်သူ အနည်းစုမှအပ လူမကြိုက်လှချေ။ နောက်တစ်ခါ ပျော်စရာလေးတွေ ရေးပါလား၊ စာတွေက သိပ်လေးတာပဲဟု မိတ်ဆွေတစ်ဦးက ဆိုလျှင် မချိပြုံးသာ ပြုံးနေရသည်။ စိတ်ဓာတ်တက်ကြွ ပျော်ရွှင်စရာ မရေးတတ်တာ၊ မရေးချင်ရာ စာမျိုးဆို တစ်လုံးပင် မရေးသီလိုတာ သူ့အားနည်းချက်ပေပဲ။ ငွေအတွက် ဘယ်တော့မှ မရေးဟု တွေးခဲ့သူထံ ငွေဆိုတာလည်း ပေါပေါများများရောက်မလာ။ တစ်ယောက်တည်း ဘဝတုန်းကတော့ ခေတ်စာရေစီးမှာ လူးလူးလှိမ့်လှိမ့် မျောပါခဲ့သား။ အိမ်ထောင်ဘဝဦးမှာလည်း အဆင်ပြေနေသား။ သို့သော် သံယောဇဉ်ပိုများ ရှိလာလျှင်တော့ ဘယ်လိုရှိဦးမည်နည်း။ တကယ်မရေးချင်ပါဘဲ ဟိုငှဲ့သည်ငှဲ့နှင့်များ ဖျစ်ညှစ်၍ စာရေးရလျှင် သူ့နှလုံးအိမ် နာကျင်ကိုက်ခဲရလိမ့်မည်။ ကလေးလေးရေ…မေမေ့မှာ ကြိုမောလှပါရဲ့။

စိတ်ပဲ ထင်လို့များလား။ ဝမ်းထဲက တစစ်စစ် နာသလိုထင်၏။ စာအုပ်စင်ကို အားပြုရပ်ကာ မျက်လုံးစုံမှိတ်ထားသည်။ ခဏချင်းမှာပင် အနာသက်သာလာပြန်သည်။ ဘာဖြစ်သနည်း။ ခန္ဓာက နာသလား၊ စိတ်ကပဲ နာလေသလား။ သူသည် စာတစ်အုပ်ပင် လက်ထဲ မဆောင်ဘဲ စာအုပ်စင်အနီးက ခွာလာသည်။

ဝရန်တာသို့ လျှောက်ပြန်ကာ တွေတွေ ရပ်ငေးနေသည်။ ကုက္ကိုရွက်လေးများ ယိမ်းလှုပ်ပုံ၊ ရွက်ကြွေလေးများ ရှပ်တိုက်ပြေးလွှားပုံ၊ သစ်ပင်ရိပ်က ခုံဟောင်းများပေါ်မှာ အမျိုးသမီး သုံး၊ လေးဦး ခေါင်းချင်းဆိုင်ကာ ကိန်းဂဏန်းအဖြေရှာ အဖြေတိုက်နေကြပုံ၊ လမ်းထောင့်က အဝတ်လျှော်သည် အဒေါ်ကြီး ဆောင့်ကြောင့်ထိုင်ကာ အဝတ်လျှော်နေပုံ။ ညညဆိုလျှင် အသက်နှစ်ဆယ်ဝန်းကျင် လူငယ်များ လျှာလေးအာလေး သံများနှင့် အော်ဟစ်စကားဆိုရာ ရေကန်ဝန်းကျင်တွင် ကျောင်းမနေအရွယ် ကလေးတစ်သိုက်ရယ်မော ဆော့ကစားလျက်ရှိသည်။ သည်တစ်နေ့တော့ ရပ်ကွက်သည် လော်စပီကာသံ ဆိတ်လျက်။ သူ နှစ်လိုသော တိတ်ဆိတ်ခြင်းသည် ဟောဒီနေရာမှာတော့ ကြုံရခဲသော အခြေအနေမျိုးဖြစ်သည်။ ရံခါတော့ အော်ဟစ်ဆဲဆိုသံ၊ အကူအညီတောင်းခံငိုယိုသံ၊ လမ်းပေါ်အထိ ဝုန်းဒိုင်းကြဲ ပြေးလွှားကြ၊ လိုက်ကြသည်အထိ ဖြစ်တတ်သော ရန်ပွဲများ၏ အသံမျိုးကိုပင် လှိုင်လှိုင် ကြားနိုင်သေးသည်။ ယခုတိုင် သူနှင့် အသားမကျသေးသော ဝန်းကျင်။

'ကလေးတွေကို ဒီလိုနေရာမှာ ကြီးမလာစေချင်ဘူး မောင်ရယ်၊ ဒါပေမဲ့ ငါတို့ဒီက ထပ်ပြောင်းနိုင်လည်း ဒီလိုနေရာတွေပဲ ရောက်ဦးမှာပဲထင်တယ်၊ အလကား အုတ်အရောရော ကျောက်အရောရော ဖြစ်တော့မှာပဲ'ဟု ခင်ပွန်းကို သူ ပြောခဲ့ဖူးတာ သတိရသည်။

ခင်ပွန်း၏ အုံ့အားသင့် ရယ်မောသော မျက်ဝန်းများကို ခုပင် အမှတ်ရလေသည်။

'နင်ကလည်း မရှိသေးတဲ့ ကလေးတောင် ကြိုပူတာပဲ'

'ကြိုတွေးရတာပဲ မောင်ရဲ့၊ မပြည့်စုံတဲ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com

**ခင်ပွန်း၏ စေ့စေ့ပိတ်ပိတ် မျက်လုံးအစုံကို ငေးကာ အမှတ်မထင် ပင့်သက် ရှိုက်ချလိုက်သည့် အခန်းတွင်း ဟိုဟိုဒီဒီ အကြည့်ရွှေ့တော့ စိတ်တွေပြားသော သူ့မျက်နှာမူရာကို ဗီရိုမှန်တံခါးမှာ ရိပ်ခနဲ လှမ်းမြင်ရသည့် ထိုမျက်နှာကိုပင် တွေတွေငေးကာ ခေါင်းကို ခါယမ်းလိုက်သည်**

ငါ ဘယ်ကလေးမှ မခေါ်ချင်ဘူး။ ကွက်လပ်တွေ၊ လိုအပ်ချက်တွေ အများကြီးနဲ့ မွေးလာ။ ပြီးတော့ တစ်လျှောက်လုံးလည်း ကြောင့်ကြောင့်ကြကြ ကြီးပြင်းလာစေဦးမယ်ဆိုရင်တော့ အဲဒီကလေးတွေဟာ ငါတို့ကို မိဘရယ်လို့ကို ကျေးဇူးတင်နေဖို့ကို မကောင်းဘူး၊ သက်သက်ခေါ် ဒုက္ခပေးတာပဲ'ဟု အဆက်အစပ်မရှိလှသော စကားများကို ဆက်တိုက်ပင် ဆိုမိသည်။

'ဒါဖြင့် ငါတို့က ဘယ်တော့မှ မိဘမဖြစ်တော့ဘူးလား'

ကလေးချစ်တတ်သော ခင်ပွန်းကို ငေးကာ သူ သက်ပြင်းချ၏။

'တစ်နေ့ပေါ့ လေကလေးလေးအတွက် ကြိုပြင်ပြီးတဲ့နေ့ပေါ့၊ အနည်းဆုံးတော့ ငါတို့နေခဲ့ရတဲ့ ခေတ်ထက် သူ့ခေတ်က လှစေရမယ်'

ဒါပေမဲ့ ဒီနေ့ မဟုတ်သေးဘူး၊ ခုမဟုတ်သေးဘူး။ သူသည် ခေါင်းတစ်ချက် ခါယမ်းကာ အတွေးစကို ဖျောက်ပစ်လိုက်သည်။

ဟော . . . ရေကန်ထောင့်က ဘာသံပါလိမ့်။ လှမ်းကြည့်လျှင် ထိုရေကန်ထောင့် အိမ်ရှေ့လမ်းပေါ်မှာ ဂျာနယ်တစ်စောင် လက်ကကိုင်လျက်ရပ်နေသော အမျိုးသားတစ်ဦးသည် အိမ်အတွင်းဘက်ဆီ စကားခပ်ကျယ်ကျယ်ဆိုနေတာ တွေ့ရလေသည်။ လေဆိပ်က အမှုဟာ နောက်ကွယ်က တရားခံတွေ မိတော့မယ်ဆိုလားပဲ။

'မိလည်း မိမှပဲ၊ အတော် လုပ်ရက်တဲ့ကောင်တွေ'

အိမ်အတွင်းက စကားသံကိုအကြားမှာ သူသည် မျက်လုံးအစုံကို ဖျတ်ခနဲ မှိတ်လိုက်သည်။ သွေးအစအန များကို ခုပင် မြင်ရသည့်သဖွယ် မူးရိပ်ရိပ် ဖြစ်လာသည်။ အယူအဆမတူတိုင်း သတ်ရလျှင် လောကတွင် လူပင် ကျန်မည်မဟုတ်။ ယုံကြည်ရာမတူသော အလုတရားများ ကွဲပြားရုံးစုနိုင်စွမ်းပုံကို ဘာကြောင့်များ မမြင်ကြလေသနည်း။ အမှန်တကယ် မြင်ပါလျက် တစ်စုံတစ်ရာသော စေ့ဆော်အားကြောင့် မမြင်ယောင် ပြုခဲ့ကြသလား။ ကလေးလေးရေ၊ မေမေတို့လောကဟာ ရှုပ်ထွေးပွေလီလှပါတယ်။ ယုံကြည်ရာမှာ အသွေးအရောင် မရှိပေမဲ့ ယုံကြည်သူတွေမှာတော့ အသွေးအရောင် ရှိပါတယ်။ အဲဒီအသွေးအရောင်တွေကြားမှာ မေမေ့ကလေးလေးကို ဘယ်လို ကြီးပြင်းစေရပါ့မလဲ။

သူသည် ရှေ့အိမ်ဝင်း၏ အုတ်တံတိုင်း စည်းရိုးကို အမှတ်မထင် ငေးနေပြန်သည်။ စည်းရိုးသည် တဖြည်းဖြည်း မြင့်လာ၏။ အုတ်သားအပေါ်မှာ သံဆူးချွန်များပင် ခွေဝိုက်ပြီးပြီ။ သည်လိုဆိုတော့ စိတ်လုံခြုံသွားရောလား။ အကြောက်တရား၊ စိတ်မလုံခြုံမှုနှင့်ပဲ နေသားကျနေရော့သလား။ တကယ့်တကယ် တော့လည်း ကိုယ်ပိုင်ဝင်းခြံ ရှင်မပြောနှင့်၊ လက်တစ်ဝါးစာလောက်ပင် မြေမပိုင်သူမှာ ညညဆို တံခါးချက်ကျ မကျ အခါခါစစ်ကာ အခါများစွာ ချောက်ချောက်ချားချား ရှိရသည်။ လမ်းထောင့်သစ်ပင်ရိပ်ကို အမှိုက်ပစ် သွားရလျှင်ပင် ဘာကြောင့်ရယ်မသိ စိတ်က မလုံခြုံ။ ညဦးဘက် တစ်ယောက်တည်း ပြန်လာရလျှင် စိတ်က မလုံခြုံ။ ရန်ကုန်သည် ရန်မကုန်သေး။ အကြောက်တရားသည် ဓဂ်သော လက်တံများကို ယိမ်းကာ ယိမ်းကာ အမှောင်ရိပ်က စွဲမြဲခြောက်လှန့်သည့်ပမာ။

'ပိုက်ဆံလေး လေး၊ ငါးထောင်အတွက်လည်း လူသတ်တာပဲတဲ့။ ဘုရား ဘုရား'ဟု သတင်းစာဖတ်ကာ ဘုရားတ,ကာ ခင်ပွန်းသည် အိမ်ပြန်မရောက်မချင်း သူ့မှာ စိတ်လွတ်ကိုယ်လွတ် သက်ပြင်း မချသာဘဲ စောင့်စားခဲ့ဖူးပြီ။ နောက်နောင်များဆို ကလေးလေးတို့ အိမ်အပြန်ကိုလည်း ပူပန်စောင့်စားရလိမ့်မည်။ သမီးလည်း သမီးမိန်းကလေးမို့၊ သားလည်း သားယောကျ်ားလေးမို့ မောစရာပူစရာ စိတ်ရောင်စုံဟာ သေးက ဝန်းပတ် ရှိနေဦးမှာပဲ။ အို . . .။

တွေဝေစိတ်မောခြင်းကို ခေါင်းတွင်တွင် ခါယမ်းနှင့် အဆုံးသတ်ကာ ကိုယ်မပိုင်သော်လည်း တစ်ခဏ ခိုနားရသည့် အခန်းကျဉ်းလေးထဲ သူ ပြန်ဝင်လာသည်။ တံခါးမကြီးကို ပိတ်လိုက်၏။

သို့သော် အပူငွေ့များစွာသည် ဖွင့်ထားသော ပြတင်းများက တိုးဝင်နေသလို သူ ထင်လာသည်။ ထိုအပူသည် ခန္ဓာကို ရစ်ပတ်၏။ နောက်တော့ ဝမ်းဗိုက်ကို တို့ထိသလို ဝမ်းၵ္ဍ တရိပ်ရိပ်ပူ၏။ လေတိုးလျက်က မွန်းကျပ်ပိတ်လှောင်ခြင်းကို ခံစားသိသည်။ ဟိုတွေးဒီတွေးနှင့် စိတ်ဝေ့လည်ကာ ချွေးစေးပြန်စ ပြုလာသည်။ စိတ်လွှတ်၍ အားခနဲ ကျုံးအော်မိတော့မလို ဖြစ်ပြီးခါမှ အိပ်ခန်းသို့ အပြေးဝင်လာသည်။ စိတ်တုံးတုံးချနှုတ်ခမ်းကို တင်းတင်းခိုင်ခိုင်စေ့ကာ ဗီရိုအံဆွဲထဲက ဆေးဘူးတစ်ဘူးကို ရှာဖွေနှိုက်ယူလိုက်သည်။ . . . မသောက်သုံးရ၊ သောက်တော့ ဘာဖြစ်တုံး။ ဆေးလုံးများကို လက်အတွင်း သွန်ချသည်။ အလုံးရေ ရေတွက်လိုက်သည်။ နောက်တစ်တ်၊ နှစ်ပတ်လောက်ဆို သူ့ဝမ်းမှာ

www.burmeseclassic.com

www.burmeseclassic.com

ကလေးလေး ရှိတော့မည်မဟုတ်။ ကြားဖူးနားဝများနှင့် အားတက်လာပြန်သည်။ ဒီတစ်ကြိမ်ပါပဲ၊ နောက်တစ်ကြိမ် မေမေ ဒီလိုမလုပ်ပါဘူး။ တုန်ယင်ယင် ရွှေသော မျက်ဝန်းများသည် နံရံထက်က မင်္ဂလာဆောင်နှံပုံတူပန်းချီမှာ တန့်နေသည်။

ပျော်ရွှင်လို့ကံမေ့သော သူ့နှုတ်ခမ်းများ၊ မျက်လုံးများသည် လောက၏ ကြည်နူးဖွယ်ရာ အစိတ်အပိုင်းများကိုသာ ရှာတွေ့တော့မလို။ ရဲစိတ်သည် သူ့သွေးများထဲ နွေးထွေးစွာလှည့်ပတ်စီးဆင်းနေခဲ့ဖူးသည်။ ခုတော့ဖြင့် ဘဝယ်လေးတစ်ခု တွယ်ကပ်လာချိန်မှာ သူ ဘာကိုများ တွေးကြောက်ရပါလိမ့်။ သူသည် ခေါင်းကို ဆတ်ခနဲ ခါယမ်းလိုက်သည်။ သူ့အတွက်တော့ဖြင့် မကြောက်ပါ။ ကလေးလေးအတွက်သာလေ။

ရေတစ်ဖန်ခွက် ယူမည်။ ဆေးသောက်ရမည်။ ဘယ်နှရက် ဆက်သောက်ရမှာပါလိမ့်။ ကလေးလေးဟာ ရက်စက်တတ်သော မိခင်အတွက် ဝမ်းနည်းနေမလား။ အို…ဒီအချိန်ဆို သေးသေးကွေးကွေး ဘာမှလည်း သိနိုင်ဦးမှာမဟုတ်။

'ကမ္ဘာမြေပေါ် ရှင်သန်ခွင့်ပေး မေမေ၊ လူဖြစ်ခွင့်ပေး မေမေ'

သီချင်းသံသည် အဝေးမှ အပြေးဝင်ကာ သူ့ရင်ကို ဝှန်းခနဲ ဆောင့်သည်။ လူက ယိုင်ခနဲဖြစ်သည်။ အယောင်ယောင် အမှားမှားပင် ဆေးလုံးများကို လွှတ်ချလိုက်၏။ တကယ်တမ်း နားစွင့်တော့လည်း သီချင်းသံကို ဘယ်မှာမှ မကြားရပါဘဲ။ ပြန့်ကျဲနေသော ဆေးလုံးများကို သူငေးနေသည်။ တော်ပြီ… ကံပဲ…ကံပါပဲ။

သူသည် ပန်းသောစိတ်၊ နွမ်းသော ခန္ဓာနှင့်ပင် အိပ်ရာထက် ပုံကျသည်။ တစ်ခဏ လူးလွန့်သည်။ နောက်တော့ မျက်လုံးများ စေ့ပိတ်ကာ အိပ်မောကျသွားသည်။ ဖျတ်ခနဲ လန့်နိုးတော့ ဘယ်နှနာရီရှိပြီမသိ။ ဘယ်လောက်ကြာကြာ အိပ်မောကျခဲ့မှန်းလည်း မသိချေ။ လူးလဲထထိုင်မိပြီးမှ အကျင့်ပါနေသော လက်များက အိပ်ရာခင်းပေါ်ရောက်သည်။ လက်သည် တရွေ့ရွေ့ လှုပ်နေရာက တန့်သွားသည်။

မျက်လုံးအစုံသည် ထိုတစ်နေရာမှာ စိုက်လျက်။ ရင်သည် တစ်ခဏချင်းပင် ဟာဆင်းသွားသည်။ မဟုတ်ဘူး‥မဟုတ်ဘူးဟု အတွင်းစိတ်က အကြိမ်ကြိမ် ငြင်းဆန်အော်ဟစ်ကာ မီးခလုတ်ဆီ လက်လှမ်းလိုက်သည်။ ချောက်ခနဲ မြည်သံ၊ လင်းပွင့်သော မြင်ကွင်း၊ အဝါနုရောင် အိပ်ရာခင်းပေါ်က အနီ။

သူသည် အနီကို ကြောင်ငေးနေသည်။ ငြင်းဆန်တား မြစ်လိုခဲ့သော တစ်စုံတစ်ရာသည် သူ့ထံ ရောက်လာမည်မဟုတ်။ ကလေးလေးသည် သူ့ထံ ရောက်လာဦးမည်မဟုတ်။

သူသည် လွှတ်လပ်ပေါ့ပါးဟန် အားပါးတရ ရယ်မောမည်ပြင်လိုက်သည်။ သို့သော်လည်း ဘယ်ကဘယ်လို ပေါ်ပေါက်မှန်းမသိသော မျက်ရည်တို့သာ ပါးပြင်ပေါ် တလိမ့်လိမ့် စီး၍လာလေသည်။

■

စံပယ်ဖြူနု

Dictionary for All

သာလွန်

အင်္ဂလိပ် - မြန်မာ

အဘိဓာန်

THALUN Bookstore Yangon

သာလွန်စာအုပ်တိုက်

၃၆၉၊ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်ဗိုလ်ဆွန်ပက်လမ်းထောင့်၊ပန်းပဲတန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း - ၂၄၂၄၁၈၊ ၂၄၉၂၀၈

အမှတ်(၃၇၇/၃၇၉)ဗိုလ်ဆွန်ပက်လမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့။ ဖုန်း- ၂၄၀၁၅၃၊ ၂၄၂၀၃၇၊ ၃၇၂၂၉

၁၆၅/၂ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့်၄၅လမ်းထောင့် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၂၉၉၂၂၇



www.burmeseclassic.com

www.burmeseclassic.com

ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၃၀၊ မေ၊ ၂၀၁၇

ရေဒီယိုပြဇာတ်

(ယခင်လမှ အဆက်…)

ဒုတိယပိုင်း
(EPISODE-2)

ငမိုးနဲ့အိုး

ကရည် ခင်းဝ

ပါဝင်သူများ
၁။ ငမိုး
၂။ မြမူ
၃။ ဒေါ်တင်နု
၄။ ဦးသာတင့်
၅။ ဒေါ်တာဆုပ်
၆။ ဒေါ်စိန်တုတ်
၇။ ဦးဝိရိယ
၈။ ဖိုးမောင်
၉။ ဦးသန်းကြီး(ရဲ)
၁၀။ ဒေါ်ဖူးညို-သံချောင်း၏အသွား
နေရာ -အလယ်စုရွာ။
အချိန် -၂၀၁၀ ခုနှစ်

**အခန်း (၁)**

တိတ်ဆိတ်နေသောည။ ပုရစ်သံ၊ ဖီးကွက်သံ။ ညဆယ့်တစ်နာရီ ကင်းသံချောင်းခေါက်သံ ၁၁ ချက်တီတီပေါ်လာ။

**ဒေါ်စိန်တုတ်။** ။ (စူးစူးဝါးဝါးအသံဖြင့်အော်) လာကြပါဦးတော့၊ ကယ်ကြပါဦး၊ လူ…လူ၊ သူခိုး၊ သူခိုး၊ လာကြပါဦး။

**(အဝေးမှ ကျား/မ အသံများ)**

သူခိုးဟေ့…သူခိုး၊ သူခိုး၊ လိုက်ဟ၊ လိုက်ဟ။

**ဒေါ်တာဆုပ်။** ။ (အထိတ်တလန့်ဖြင့်) ကိုသာတင့်၊ ကိုသာတင့် သူခိုးတဲ့၊ သူခိုး။ အမယ်လေး..ကယ်ကြပါဦး။


**ဦးသာတင့်။** ။ ဟ…မတာဆုပ်၊ အသံတွေက ရွာလယ်က လာတာဟ။ မင်းက ဒီကနေဘာ ကယ်ကြပါဦးလဲ။ ပေးစမ်း၊ ငါ့ကို ဓားပေးစမ်း။

**ဒေါ်တာဆုပ်။** ။ အို…ဘာဓားလဲ။ ဒီအသက်အရွယ်ကြီးနဲ့ ဘာကိစ္စ ဓားကြီးတကိုင်ကိုင် လုပ်ရမှာလဲ။ သူခိုးက တော့်ကို အရင်လုပ်သွားမှ ဟုတ်ပေ့ဖြစ်နေမယ်။ အိမ်ပေါ်က မဆင်းနဲ့။ (အသံမြှင့်ပြီးအော်) သူခိုး၊ သူခိုး ကယ်ကြပါဦး။

**ဦးသာတင့်။** ။ ဟ…ကောင်လေးတွေ၊ ကင်းသမားတွေ ဘယ်မတုံးဟ။ သူခိုးကို ရအောင်ဖမ်းကြဟေ့။

**ဖိုးမောင်။** ။ (ပြန်အော်) ကျုပ်တို့ရှိတယ်ဗျို့ ဘကြီးသာတင့်။ ဘာလို့ အိမ်ပေါ်ကနေ တအား အော်နေတာလဲ။ သူခိုးကဖြင့် ဘယ်ရောက်သွားမှန်းတောင် မသိဘူး။

**ဦးသာတင့်။** ။ ဟေ့ကောင် ဖိုးမောင်၊ ချုံပုတ်တွေထဲ ဘတ်ဂွနဲ့ ပစ်ရှာစမ်း။ ကွာ…ငါတို့ငယ်ငယ်တုန်းကဆို ဒီလို





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သူခိုးမျိုး အရိုးတခြား၊ အသားတခြားဖြစ်နေပြီ။ ပေးစမ်း မတဆုပ်၊ ငါ့ဓား ပေးစမ်းပါဆို။ ကောင်လေးတွေ ငါလာပြီ ဟေ့။

**ဖိုးမောင်။** ။ သူခိုးက ဒေါ်စိန်တုတ်တို့အိမ် ကပ်တာ တဲ့ဗျို့ ဘကြီးသာတင့်။ ဒေါ်စိန်တုတ်ကြီးတော့ လန့်ပြီး တက် သွားတာ စကားမေးတောင် မရဘူးတဲ့။

**ဒေါ်တဆုပ်။** ။ ကိုသာတင့် နေဦးတော့၊ ကျုပ်ကို စောင့် ဦး။ ကျုပ်လည်း လိုက်မယ်။

**ဦးသာတင့်။** ။ ဟာ…မင်းကလည်း နေရာတကာ၊ မိုး မလင်းသေးဘူးဟ၊ မှောင်မည်းနေတာ။ မမြင်မကန်းနဲ့ ဘာ လိုက်လုပ်မှာလဲ။

**ဒေါ်တဆုပ်။** ။ မြင်ပါတယ်တော်၊ မိစိန်တုတ် ဘာများ ဖြစ်သွားတုံးလို့ မေးချင်စမ်းချင်လို့ပါ။

**ဖိုးမောင်။** ။ လာ…လာ ဘွားတဆုပ်၊ ကျုပ်မှာ ဒုတ်မီးပါတယ်။ ကျုပ်ကို တွဲလိုက်ခဲ့။

**ဒေါ်တဆုပ်။** ။ အေးအေး၊ အေးအေး။ ဘုရား၊ ဘုရား။

**(အခန်းပြောင်း တီးလုံး)**

❑

**အခန်း (၂)**

**ဒေါ်စိန်တုတ်အိမ်။** ။ လူသံသူသံများ၊ စကားပြောသံများ။

**ဒေါ်တင်နု။** ။ နေသာရဲ့လား စိန်တုတ်၊ ခေါင်းမူးသေး လား။ မှိန်းနေ၊ မှိန်းနေ။ ဟော…ဘသာတင့်တို့၊ ဘွားတဆုပ် တို့ ပေါက်လာကြတယ်ဟေ့။

**ဒေါ်စိန်တုတ်။** ။ (အသံပျော့ပျော့ဖြင့်) အိမ်ပေါ်ခေါ်လိုက်ပါ အစ်မတင်နုရယ်။

**ဒေါ်တင်နု။** ။ အရိုးလေး မတဆုပ်တို့ အပေါ်တက်ခဲ့ကြ၊ လူမမာက…အဲ…ဟုတ်ပေါင်၊ စိန်တုတ်က ဒီမှာ။

**ဦးသာတင့်။** ။ အေး…အေး…မတင်နု။ ညည်းလည်း ရောက်နေတာကိုး။

**ဒေါ်တင်နု။** ။ သြော်…ကိုယ့်ရွာထဲ ဒါလေးတွေရှိတာ၊ စီခနဲဆို ဝိုင်းရတာပေါ့ ဦးလေးသာတင့်ရယ်။

(မြမူ ပျာယီးပျာယာခေါ်ရင်း တက်လာ)

**မြမူ။** ။ အမေ…အမေ

**ဒေါ်တင်နု။** ။ ဟဲ့…ဘာလဲ မြမူရဲ့၊ အလန့်တကြား။

**မြမူ။** ။ (လက်ထဲက မာလကာရွက်တစ်ဆုပ်ကို ပစ်ချလိုက်ရင်း)

ရော့အမေ မာလကာရွက်။ ကျုပ် တက်ခူးလာ တာ။ အရီးလေး စိန်တုတ်ကို ရှူခိုင်းလိုက်။ မှောင်ကြီးထဲ တက်ရတာ၊ ကိုက်တာ ခါချဉ်တွေက…။

**ဒေါ်တင်နု။** ။ အေးအေး…ရော့ စိန်တုတ်၊ မာလကာရွက် လေး ခြေပြီးရှူ။ ခေါင်းကြည်တယ်အေ့။

**ဒေါ်တဆုပ်။** ။ ဟုတ်တယ်၊ ဟုတ်တယ်။ မာလကာရွက် က အမူးအမော်ပြေတယ်။ ဟဲ့…ဒါနဲ့ သူခိုးက မမိလိုက်ဘူး လား။ ဘာတွေ ပါသွားသေးတုံး။ ဘယ်သူဘယ်ဝါဆိုတာ မမြင်လိုက်ဘူးလား။

**ဒေါ်စိန်တုတ်။** ။ ဘာမှတော့ မပါ၊ပါဘူး။ သူခိုးက တံခါး ကို လာတွန်းတာ။ ကျုပ်က အသံကြားတာနဲ့ အော်အော် တက်တက်၊ တက်သွားတာပဲ ဘွားတဆုပ်ရေ့…။ ကြောက် လိုက်တာ မပြောပါနဲ့တော့။

**ဘွားတဆုပ်။** ။ ဟဲ့…နေဦး၊ ညည်းကြားတဲ့အသံက တံခါးကို ခဲနဲ့ပေါက်တဲ့အသံလား။

**ဒေါ်စိန်တုတ်။** ။ မဟုတ်ဘူး၊ တံခါးကို တွန်းတဲ့အသံ၊ အမယ်လေး…တံခါးကို ခဲနဲ့ပေါက်တဲ့အသံသာဆို ကျုပ် အသက် တစ်ခါတည်း ထွက်သွားမှာ။

**ဒေါ်တဆုပ်။** ။ နေစမ်းပါဦးအေ့၊ လူရိပ်လူယောင်ရော မြင် လိုက်ရလား၊ အရပ်က ရှည်သလား၊ ပုသလား၊ ဂိုက်ဆိုက်က ဘယ်လိုလဲ။ တံခါးလာတွန်းတော့ ညည်းက အိပ်ပျော်နေတာ လား၊ နိုးနေတာလား။

**ဒေါ်တင်နု။** ။ အမယ်လေး အရီးလေးရယ်၊ အဲဒါတွေက ရဲ ဦးသန်းကြီးအလုပ်ပါ၊ ဦးသန်း ကြီး မေးရမှာတွေပါ။

**ဒေါ်တဆုပ်။** ။ ဟဲ့… ဒီလို ဟာမျိုး ရဲမှ မေးတတ်တာ မဟုတ်ပါဘူးအေ့ တင်နုရဲ့။ မိစိန်တုတ် ညည်းစဉ်းစားစမ်း။ ခုတလော ညည်း မသင်္ကာတဲ့ လူများရှိလား။ ညည်းနဲ့ ကတောက်ကဆတ်ဖြစ်ထားတဲ့ သူတို့…ဘာတို့…။

**ဒေါ်စိန်တုတ်။** ။ မသိပါဘူး ဘွားတဆုပ်ရယ်။ အင်း… အဲ… တစ်ခုတော့ရှိတယ်၊ ဟို…။

**ဘွားတဆုပ်။** ။ ဘာလဲ မိစိန်တုတ်၊ ပြောလေ။

**ဒေါ်တင်နု။** ။ ဒီမှာ ဒီမှာ၊ အရီးလေးတဆုပ်ရော၊ စိန်တုတ် ရော ပြောရဦးမယ်။ ဒီသူခိုးကပ်မှုမှာ ကျုပ်သမက် ငမိုးကို တော့ စိတ်နဲ့တောင် မပြစ်မှားလိုက်ကြပါနဲ့တော်။

**ဒေါ်တဆုပ်+ ဒေါ်စိန်တုတ်။** ။ အလိုတော်။

(ခပ်လှမ်းလှမ်းမှ မြမူအသံ)

> ဦးပဉ္စင်းကလည်း ဦးပဉ္စင်းအသံက
> မိုက်မလိုတဲ့ အသံဘုရာ့
> မနက် ဆွမ်းခံသွားတုန်းကတောင်
> ရွာထဲက ပြောလိုက်သေးတယ်
> နယ်လုံးကျွတ် အသံမစဲ ပဋ္ဌာန်းရွတ်ပွဲတုန်းက
> ဦးပဉ္စင်းအသံက အပီဆုံး၊ အကြည်ဆုံးတဲ့ဘုရာ့



www.burmeseclassic.com

www.burmeseclassic.com

**မြမူ။** ။ ဟုတ်တယ်၊ ဟုတ်တယ်။ ကျုပ်ယောက်ျား အိမ်မှာ မရှိဘူးနော်။ ယုန်ထင်ကြောင်ထင်တော့ ထင်မယ်မကြံ ကြနဲ့။ ကိုင်မိုး အိမ်ပြန်မလာတာ တစ်ပတ်လောက်တောင် ရှိတော့မယ်။

**ခေါစိန်တုတ်။** ။ ဟဲ့၊ ငါတို့ကတော့ ငါ့အိမ်ကပ်တာ ငမိုးလို့ စွပ်စွဲနေလို့လားအေ့ မြမူရဲ့။

**မြမူ။** ။ သိနိုင်ဘူးလေ၊ ဘွားတဆုပ် မေးနေတာ တွေက စောင်းသလို၊ ချိတ်သလိုတွေ။

**ခေါ်တဆုပ်။** ။ ဟဲ့ တင်နု၊ ညည်းသမီးပြောစမ်း။ ဘာလဲ ငါက ရိုးရိုးမေးတာ။ ညည်းတို့ဘာသာ မလုံတဲ့အိုး တုတ်မိုးရုံနဲ့ ထွဲနေတာ။

**မြမူ။** ။ ကျုပ်တို့ကတော့ မလုံတဲ့အိုး မဟုတ်ဘူး၊ လုံတယ်။ ကျုပ်ယောက်ျား ငမိုးအကြောင်း ကျုပ်အသိဆုံး။ နှာမည်ပျက်ကလေးရှိတာနဲ့ လက်ညှိုးမထိုးချင်ကြနဲ့။ အရက် သမား၊ ဘိန်းသမားတွေလည်း အိမ်ကပ်ချင်ကပ်မှာပဲ။

**ဦးသာတင့်။** ။ ဟာ…တော်ကြစမ်းကွာ။ မိန်းမတွေ များ လာရင် စကားတွေများလာတာပဲ။ နင့်အမေလွှားတဲ့မှ။

**ဖိုးမောင်။** ။ ကဲ…အရီးလေးစိန်တုတ်၊ သူခိုးဝင်တဲ့ ခြံ ဧည်းရိုးပေါက်လည်း ကျုပ်တို့ ပြန်ဖာပြီးပြီ၊ သိလား။ သိပ် လည်း ကြောက်မနေပါနဲ့။ ကျုပ်တို့ ကင်းသမားတွေလည်း ရှိပါတယ်။ ကိုင်း…ပြန်ပြီနော။

**ခေါစိန်တုတ်။** ။ အေးအေး… ဖိုးမောင်ရေ၊ ငါ့မယ် ရေနွေး ကြမ်းလေးတောင် မတိုက်နိုင်၊ ဧည့်ဝတ်မကျေပါဘူးကွယ်။

**(အခန်းပြောင်း တီးလုံး)**

❑

**အခန်း (၃)**

**နေ့လယ်ခင်း။** ။ ဘုန်းကြီးကျောင်း၊ အသံချဲ့စက်မှ ဓမ္မ တေးများဖွင့်နေ။

ဦးသာတင့် ဘုန်းကြီးကျောင်းဝမှာ ရပ် သည်နှင့် ခွေးများထိုးဟောင်။

**ဦးသာတင့်။** ။ ဟ…ဟ၊ လုပ်ကြပါဦးဟ၊ ဒီခွေးတွေ က…။ ဦးပဥ္စင်း ဦးပဥ္စင်းဘုရား၊ ခွေးကြည့်ပါဦးဘုရား။

**ဖိုးမောင်။** ။ လာပြီ၊ လာပြီ။ ဟဲ့ခွေးတွေ သွား၊ ဟာ… ဒကာကြီး၊ ဘကြီးသာတင့်။

**ဦးသာတင့်။** ။ (သင်္ကန်းဝတ်နှင့် ဖိုးမောင်ကို အံ့အားသင့် လျက်) ဟာ…ဖိုးမောင်၊ အဲ…ဦးပဥ္စင်း ဖိုးမောင်၊ ဟုတ် ပေါင်…ကိုရင်ကြီး။ နို့ နေပါဦး၊ မင်းက ဘယ်တုန်းက သင်္ကန်းဆီးလိုက်တာလဲ။

**ဖိုးမောင်။** ။ တမြန်နေ့ကပါပဲ ဒကာကြီးရာ။ အမေက ဝတ်ခိုင်းလို့ဗျ။

**ဦးသာတင့်။** ။ အေး…သာစု တစ်ခွန်းတော့ ခေါ်မယော့။ …အမေ ဘာကြောင့် ဝတ်ခိုင်းတယ်ဆိုတာလည်း သိတယ်။ …ရင်တို့တွေက သိပ်တော့ ဂိုက်မကျဘူး။ ကိုရင်တို့မှာ ခက်နေ တာ အရက်ပဲ။ တပည့်တော်သားလည်း တူတူပဲ။ အရက်က ဖျက်နေတာ။ လန်ဒန်အပ်၊ သံချေးတက်နေတာ။ အရက်အလွန် အကျွံသောက်၊ အရက်သောက်လွန်ရင် ဒုလ္လဘဝတ်၊ သင်္ကန်း ဆီး။ တစ်လလောက်နေ အရက်ပြတ်တော့ လူထွက်၊ ပြီးရင် အရက်ပြန်သောက်။ ဒါပဲ ကိုရင်တို့အလုပ်က…။

**ဖိုးမောင်။** ။ ဟာဗျာ ဒကာကြီးကလည်း သောက်တာ သောက်ပေမဲ့ ရပ်ရေးရွာရေးတော့ ကျုပ်တို့ ခေါင်းမရှောင် ပါဘူးဗျာ၊ လုပ်ပါတယ်။

**ဦးသာတင့်။** ။ ဟုတ်ပါတယ်။ ဒါပေမဲ့ ခက်နေတာက အဲဒီ အရက်ပဲ။ ကဲ…ခု…ကိုရင်ကော ဘယ်နဝါဆိုမှာလဲ။

**ဖိုးမောင်။** ။ ဟာ…အဲလောက်ကြီးတော့ မဟုတ်ပါ ဘူး။ အဲ…အဲ…သင်္ကန်းမယားမချင်းပေါ့ ဒကာကြီးရာ။

**ဦးသာတင့်။** ။ အေး…ကြားဖူးမလားတော့ မပြောတတ် ဘူးကွာ။ ရဟန်းစားရသော ဆွမ်းတစ်နပ်တို့၊ မစားရသော ဆွမ်းတစ်နပ်တို့၊ ဆွမ်းတစ်နပ်တန်ဖိုး သိပေါ့ ကိုရင်ကြီးရာ။

**ဖိုးမောင်။** ။ ဒီမနက် ဒကာကြီးတို့အိမ်က ဘွားတဆုပ် ဝက်သားဟင်း လောင်းလိုက်တယ်ဗျ။

**ဦးသာတင့်။** ။ အဲဒါ တပည့်တော်တို့ အဘိုးကြီး၊ အဘွား ကြီးရဲ့ စားဦးစားဖျားကို လောင်းလိုက်တာ ကိုရင်ရဲ့။ သင်္ကန်း ကို ကြည်ညိုလို့၊ အဲဒါမှတ်ထား။

**ဦးဝိရိယ။** ။ (ကျောင်းပေါ်မှ လှမ်းအော်)

ဒကာကြီး ကျောင်းပေါ်တက်ခဲ့လေ၊ ကိုရင် ကြီးကလည်း ဒီခေါ်ခဲ့မှပေါ့။

**ဦးသာတင့်။** ။ တင်ပါ့ဘုရား၊ တင်ပါ့။(ကျောင်းပေါ်သွား ရင်းပြော) ကိုရင်တို့ကျောင်းမှာ ရပ်ဝေးအလှူတွေ ဘာတွေရှိ လား။ အသံချဲ့စက် ဖွင့်နေလို့။

**ဖိုးမောင်။** ။ မရှိပါဘူး။ အလကား ဖွင့်နေတာပါ။ ဒီ အသံချဲ့စက်က ဦးပဥ္စင်း ဦးဝိရိယပိုင် စက်လေ။ ရွှေဘိုဘက်က သူ့အမျိုး လှူသွားတာတဲ့။

**ဦးသာတင့်။** ။ တယ်ဟုတ်ပါလားဟ။

**ဦးဝိရိယ။** ။ လာ…လာ…ဒကာကြီး၊ လာ။

**ဦးသာတင့်။** ။ ကိုယ်တော့်စက်က တယ်ပြီးမြည်၊ တယ် ပြီး ပီသကိုးဘုရာ့။ နည်းနည်းလျှော့ပါဦး။ စကားပြောလို့ မကောင်းဘူး ဘုရာ့။

**ဦးဝိရိယ။** ။ (သဘောကျလျက်)ဟဲဟဲ…စက်က အသစ်မို့လို့ပါ ဒကာကြီးရ။ ကဲ…စကားပြောရအောင် ကျုပ် ပိတ်လိုက်ပါ့မယ်(စက်ပိတ်သွား)။ ဒီမှာ ဒကာကြီး၊ ကျုပ် တရားဟောမယ့် မိုက်လည်း ကြည့်ပါဦး။ ကျုပ်စိတ်ကြိုက် ရွေးဝယ်ထားတာ။

**ဖိုးမောင်။** ။ ဦးပဥ္စင်းကလည်း ဦးပဥ္စင်းအသံက မိုက် မလိုတဲ့ အသံဘုရာ့။ မနက် ဆွမ်းခံသွားတုန်းကတောင် ရွာထိ က ပြောလိုက်သေးတယ်။ နယ်လုံးကျွတ် အသံမစဲ ပဋ္ဌာန်း ရွတ်ပွဲတုန်းက ဦးပဥ္စင်းအသံက အပီဆုံး၊ အကြည်ဆုံးတဲ့ဘုရာ့။



www.burmeseclassic.com

www.burmeseclassic.com

(ခပ်မြှောက်မြှောက်လေးပြော)

**ဦးဝိရိယ။** ။ ဟုတ်ကဲ့လားဟ၊ အဲဒီတုန်းက ငါ့အလှည့်ကျတာ သန်းခေါင်ကျော်ကြီးဟ၊ ငါ့ဖြင့် ဘယ်သူ့မှ နားမထောင်နိုင်ဘူး အောက်မေ့တာ··ဟဲဟဲ···။

**ဖိုးမောင်။** ။ ဦးပဥ္စင်း တရားနာပရိသတ်တွေကတော့ စောင့်နားထောင်တာပေါ့ဘုရာ့။

**ဦးသာတင့်။** ။ အင်း···အင်း ကောင်းတယ်ကွာ၊ ဟိုစာဆိုနဲ့တော့ ကိုက်နေတာပဲ။

(**အနောက်၊ အလှန့် တီးလုံးဝင်**)

**ဦးဝိရိယ။** ။ ဘယ်စာဆိုတုံး ဒကာကြီးရဲ့။

**ဦးသာတင့်။** ။ သြော်···ဟိုဒင်း···အင်းဝခေတ်က စာဆိုရှင်မဟာသီလဝံသ ပြောပါတယ်။ '*ရွှေတောင်မားမား၊ ရွှေလိပ်တွားသကဲ့သို့*'တဲ့။ ရွှေတောင်ကြီးပေါ်ကို ရွှေလိပ်က တရွေ့ရွေ့တက်တဲ့နေရာမှာ လိပ်ရင်ဘတ်နဲ့ တောင်ကြီးနဲ့ မကွာသလိုပဲတဲ့။ ရှင်မဟာသီလဝံသက ဘယ်စာကိုပဲဆိုဆို၊ ဘယ်တရားကို ရေးရေး ဘုရားဟော အဘိဓမ္မာကနေ ခွဲထွက်သွားခြင်း၊ ကွာသွားခြင်း မရှိဘူးတဲ့ ကိုယ်တော်ရဲ့။

**ဦးဝိရိယ။** ။ ကောင်းလိုက်တဲ့ ဥပမာဗျာ၊ ကျုပ် မှတ်ထားဦးမှ။ *ရွှေတောင်မားမား၊ ရွှေလိပ်တွားသကဲ့သို့* ဟုတ်လား။

**ဦးသာတင့်။** ။ ဟုတ်ပါ့ကိုယ်တော်ရေ့၊ ဟုတ်ပါ့။ ဓမ္မကထိကဖြစ်အောင် မအိပ်မနေသာ ကြိုးစားပေတော့။

(ထိုစဉ် ဆားပုလင်း (ရဲ)ဦးသန်းကြီး ကျောင်းပေါ်ရောက်လာ)

**ဦးသန်းကြီး။** ။ ဦးပဥ္စင်းဘုရာ့။

**ဦးဝိရိယ။** ။ ဟော···ဒကာသန်း။

ရက်စက်လိုက်တာ အမေရယ်။ တစ်အိမ်လုံးမှာ ဟင်းချက်စရာဆိုလို့ ဒါလေးပဲရှိတာ။ အမေက ယူသွားတော့ ကလေးတွေကို ကျုပ်က ဘာချက်ကျွေးရမှာတုံး။ (ဒေါသဖြင့်) ဟင်း ဒီနေ့တော့ သောက်ကလေးတွေ ဆာလို့ ငိုမယ်မကြံနဲ့ အကုန် ရိုက်သတ်ပစ်မယ် ဒီနေ့ နင်တို့ ထမင်းစားရလိမ့်မယ် မထင်နဲ့

**ဦးသာတင့်။** ။ ဟောဗျာ၊ ဆရာသန်းတို့လို ရဲများကျတော့လည်း ကျောင်းက ခွေးတွေက သိတယ်ထင်တယ်၊ ခွေးဟောင်သံကို မကြားလိုက်ရဘူး။

**ဦးသန်းကြီး။** ။ မဟုတ်ပါဘူး ဘကြီးသာတင့်ရ၊ ဟောင်ပါတယ်။ ဘကြီးတို့ စကားကောင်းနေလို့ပါ။

**ဦးဝိရိယ။** ။ ဘာကိစ္စများ အထူးရှိလို့လဲ ဒကာကြီးပြောပါဦး။

**ဦးသန်းကြီး။** ။ အထူးကတော့ မနေ့ညက စစ်ကိုင်းဘက်က ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ သူခိုးဝင်တာ ဘုန်းကြီးနဲ့မိတော့ ဘုန်းကြီးခေါင်း ရိုက်ခွဲသွားတာ ဆေးရုံတင်ထားရတယ်တဲ့ ဘုရား။

**ဦးသာတင့်။** ။ ဟား···ခေတ်ပျက်ပဟော့၊ ခေတ်ပျက်ဟ။ ဘုန်းကြီးရဟန်းတောင် ရိုက်ရဲကုန်ကြပါပကော။

**ဖိုးမောင်။** ။ (ရုတ်တရက် သတိရသလိုပြော)

ဒကာကြီး၊ ဘကြီးသာတင့်။ ဟို ကိုငမိုး ကိုငမိုး။

**ဦးသာတင့်။** ။ ဟေ ကိုရင်ဖိုးမောင် ဘာလဲ။ အေး···အေး···ဟုတ်တယ် ဟုတ်တယ်။ ဒီကောင် ငမိုး ရွာမှာမရှိဘူး။ ဒီကောင် ပျောက်နေတာကြာပြီ၊ ငမိုး ပျောက်နေတာကြာပြီ။

(**အခန်းပြောင်း တီးလုံး**)

❑

**အခန်း (၄)**

**နံနက်ခင်း ဒေါ်စိန်တုတ်အိမ်။** ။ ကြက်များအစာကောက်သံ၊ တွန်သံ။ တဖြန်းဖြန်း တောင်ပံခတ်သံ၊ ဒန်ဇလုံမှောက်ကျသံ။

**ဒေါ်စိန်တုတ်။** ။ ဟဲ့···ဟဲ့···ကြက်တွေ···ရှေး···ရှေး···၊ ကုန်ပါပြီ ဒီကြက်တွေနဲ့တော့။ ဆွမ်းတော်တွေ အကုန်မှောက်ကုန်ပြီ။ လာခဲ့စမ်း၊ ခဲတွေ ဘယ်ရောက်ကုန်ပါလိမ့်။ နင်တို့အတွက် ငါစုထားတာ၊ လာခဲ့···လာခဲ့···ကဲ။

(ခဲနဲ့ထုလိုက်၊ ကြက်များအော်သံ၊ လန့်ဖျပ်ပျံသံများ)

(ဘုန်းကြီးကျောင်းသားအသံ ပေါ်လာ)

'ဆွမ်းတော်ခင်ဗျ'

**ဖိုးမောင်။** ။ ဟာ···ဒကာမကြီး ဒေါ်စိန်တုတ်ရေ···၊ ဘယ်လိုဖြစ်တာလဲ ဒကာမကြီး ခဲက ကျုပ်ခေါင်းနဲ့ သီသီလေးပဲ လိုတော့တယ်။

**ဒေါ်စိန်တုတ်။** ။ ကန်တော့၊ ကန်တော့ ကိုရင်ဖိုးမောင်ရေ၊ ဟိုဘေးအိမ်က ကြက်တွေ သောင်းကျန်းလွန်းလို့။ ဆွမ်းတော် ဇလုံပေါ်တောင် တက်ယက်တာဘုရာ့ ဘယ်လောက်ထုထု ဒီကြက်တွေက မမှတ်ဘူး။

**ဖိုးမောင်။** ။ တိရစ္ဆာန်ကိုး ဒကာမကြီးရဲ့၊ ဘယ်နားလည်ပါ့မလဲ။ (အနည်းငယ် အသံတိုး၍) ဒါနဲ့ ဒကာမကြီး···။

**ဒေါ်စိန်တုတ်။** ။ ဘုရား။

**ဖိုးမောင်။** ။ ရွာထဲမှာ ကိုငမိုး၊ ဒကာငမိုးကို မြင်လား ပြန်ရောက်ပြီလား။

**ဒေါ်စိန်တုတ်။** ။ ငမိုးလား၊ တပည့်တော်တော့ မြင်သေးဘူး ဘုရာ့။

**ဖိုးမောင်။** ။ ဟုတ်လား၊ ဒါဆိုပြန်မရောက်သေးဘူးပေါ့။

**ဒေါ်စိန်တုတ်။** ။ တပည့်တော်ကတော့ ပြန်မရောက်လေကြိုက်လေပဲ။ ငမိုးကို တစ်ရက်မမြင်ရရင် တစ်ရက် စိတ်ချမ်း

www.burmeseclassic.com

www.burmeseclassic.com

သာတယ်။ ငမိုးများ ရွာကို ပြန်မလာတော့ဘူးဆိုရင် မန္တလေးဘက် အငြိမ့်ငှားပြီး အငြိမ့်တောင် ခံလိုက်ချင်သေး ဘုရား။ ထိုရင်ကြီးက ဘာလို့ မေးတာတုံး ဒီအကောင်ကို။

**ဦးမောင်။** ။ သြော် ဒကာမကြီးကလည်း သူ့အကြောင်းသတင်းကြားလို့။ ရွာထဲလည်း လျှောက်မပြောနဲ့ဦး(အသံနှိမ့်ပြော)။

**ဒေါ်စိန်တုတ်။** ။ ဘာ···ငမိုးအကြောင်း ဟုတ်လား။ ဘာသတင်းလဲ ငမိုးသတင်း။ ပြောပါဦး၊ ပြောပါဦး ဘုရား၊ ပြောပါဦး။

(အခန်းပြောင်း တီးလုံး)

❑

**အခန်း (၅)**

**ရွာလယ်လမ်းမ။** ။ မနက်ဆယ်နာရီခန့်။ စက်ဘီးဘဲလ်တီးသံ။ လှည်းမောင်းသံ၊ နွားငေါက်သံများ။

မြမူ ခပ်သုတ်သုတ်လျှောက်နေ။ ဒေါ်စိန်တုတ်လှမ်းခေါ်။

**ဒေါ်စိန်တုတ်။** ။ ဟဲ့···ဟဲ့၊ ဟိုရှေ့ကဟာ မြမူမဟုတ်လား။ မြမူ၊ ဟဲ့မြမူ။

**မြမူ။** ။ (လှည့်ကြည့်)သြော်···အရီးလေးစိန်တုတ်။

**ဒေါ်စိန်တုတ်။** ။ ညည်းက ဘယ်က ပြန်လာတာလဲ။

**မြမူ။** ။ သြော်···ဟိုဘက်ရွာက ကြွေးတောင်းပြီး ပြန်လာတာ၊ အရီးလေးက ဝတ်ကောင်းစားလှတွေနဲ့ ဘယ်သွားလို့လဲ။

**ဒေါ်စိန်တုတ်။** ။ ဟုတ်ပါဘူးအေ၊ စစ်ကိုင်းဈေးက ပြန်လာတာပါ။ မုန့်လေးဝယ်လာလို့ ဘုန်းကြီးကျောင်း သွားကပ်မလို့။ ဟဲ့···ဒါနဲ့ မြမူ၊ ညည်းယောကျ်ား ငမိုးပြန်လာပလား၊ ငါမမြင်လို့။

**မြမူ။** ။ (ငေါ့တော့တော့ဖြင့်) မမြင်ရင် မရှိလို့ပေါ့ အရီးလေးရယ်။

**ဒေါ်စိန်တုတ်။** ။ ဟဲ့···ငါက အကောင်းမေးတာ။ ငါ စစ်ကိုင်းဈေးထဲက ကြားခဲ့လို့။ ကျောက်တစ်လုံးဘက်မှာဆိုလား သူခိုးတစ်ယောက်မိတာ လူတွေက ဝိုင်းရိုက်ပြီး လက်လွန်သွားတော့ အလောင်းကို ရေထဲမျှောပစ်···။

**မြမူ။** ။ (ဒေါသဖြင့် ဖြတ်ပြော) အဲဒါ ကျုပ်ယောကျ်ားနဲ့ ဘာဆိုင်လဲ။ အရီးလေး စကားပြောတာ ကြည့်ပြော။ အနှောင့်မလွှတ်၊ အသွားမလွှတ်နဲ့။

**ဒေါ်စိန်တုတ်။** ။ အမယ်လေး၊ ငါကြားခဲ့တာ ငါပြောတာပါအေ။ ညည်းက ငါ့ကို နှုတ်သီးနဲ့ ချွတ်မပေါက်ပါနဲ့။

**မြမူ။** ။ (ငိုသံပါနှင့်) သိပါတယ်၊ သိပါတယ်။ ငမိုးသေရင် တစ်ရွာလုံးက ဝမ်းသာကြမယ်ဆိုတာ သိပါတယ်။ (ရှိုက်ငိုလျက်)ဝမ်းသာကြပါ ဝမ်းသာကြပါ···အီး···ဟီး···ဟီး။

(အော်ငိုရင်း ထွက်သွား)

❑

**အခန်း (၆)**

ရွာလယ်လက်ဖက်ရည်ဆိုင်ဘက်မှ ဒေါ်တင်နု နှစ်လုံးထိုးပြီး ပြန်လျှောက်လာ။ ရွာအသံဗလံများ။

**ဒေါ်တင်နု။** ။ (တစ်ယောက်တည်း ရေရွတ်လာ)

အင်း···၊ ကတုံးပေါ်ထိပ်ကွက်၊ ကြောင်အိပျက်။ မေတ္တာပွားများ၊ မြွေနဂါး၊ စောင့်ရှောက်ခြံရံလာလတ္တံ့···၊ ဟင်းဟင်း၊ ကောက်ချင်တဲ့အတိတ်ကောက်၊ ဒီနေ့က ငါ့မွေးဂဏန်း ထွက်ကိုထွက်မှာ၊ ဒီနေ့···။

**သံချောင်း။** ။ (လှမ်းခေါ်) ဘွားတင်နု၊ ဘွားတင်နု။

**ဒေါ်တင်နု။** ။ (စိတ်တိုသွား) ဘာတုံး၊ ဒီကောင်လေး အာရုံပျက်လိုက်တာ။

**သံချောင်း။** ။ ဘွားတင်နု သမီးလေ၊ မမြမူကြီး ငိုနေတယ်ဗျ။

**ဒေါ်တင်နု။** ။ (ပျာသွားလျက်) ဘာ၊ ဘာ။ ဘယ်မှာငိုနေတာလဲ။

**သံချောင်း။** ။ ရွာလမ်းမပေါ်မှာဗျ။ (ပြေးထွက်သွား)

**ဒေါ်တင်နု။** ။ (လှမ်းအော်) ဟဲ့ကောင်လေး သံချောင်း ဟုတ်ကဲ့လားဟဲ့၊ မဟုတ်ရင်တော့လား နင်တော့···။ ပြက်ချော်ချော်နဲ့ဟာနော်။ ဒီကောင်လေးဟာ···။

(အခန်းပြောင်း တီးလုံး)

❑

**အခန်း (၇)**

**ငမိုး၊ မြမူတို့အိမ်။** ။ တစ်အိမ်လုံး ငြိမ်သက်နေ။

ဒေါ်တင်နု စိုးရိမ်မကင်းဖြင့် အိမ်ထဲဝင်လာ။

**ဒေါ်တင်နု။** ။ ဟဲ့ မြမူ၊ မြမူ။ တစ်အိမ်လုံး ငြိမ်ချက်သားကောင်းလှချည့်လား။ ကလေးတွေလည်းမရှိ။ ဟဲ့ မြမူ၊ မြမူ။

(ရုတ်တရက် ကျယ်လောင်သော ဟောက်သံထွက်လာ)

**ဒေါ်တင်နု။** ။ (လန့်အော်) အောင်မယ်လေး၊ ဘုရားတွေကြွကုန်ပြီ။ (ဟောက်သံ ဆက်ပေါ်လာ)

**ဒေါ်တင်နု။** ။ ဟဲ့ ဒါဘယ်သူလဲ၊ ဟင် ငမိုး။

(အလှန့်တီးလုံး)

ငမိုး၊ ဟဲ့ ထစမ်း၊ နင် ဘယ်တုန်းက ပြန်ရောက်နေတာလဲ။ မြမူရော···။

**ငမိုး။** ။ (အိပ်ချင်မူးတူးဖြင့်) အင်···ဘာလဲဗျာ၊ ကျုပ် အိပ်ရေးပျက်လာလို့။ ကျုပ် ပြန်လာတော့ မြမူမရှိဘူး။

**ဒေါ်တင်နု။** ။ ဟဲ့ အလုပ်အကိုင်လေးရော အဆင်ပြေလာရဲ့လား။

**ငမိုး။** ။ (အိပ်ချင်သံဖြင့်) မပြေလို့ စိတ်ညစ်ညစ်နဲ့ ထိုးအိပ်နေတာပေါ့ဗျာ။

**ဒေါ်တင်နု။** ။ မြမူဆိုတဲ့ ကောင်မကလည်း ဘယ်သဝေထိုးနေမှန်း မသိဘူး။ ကြက်သွန်လေး နှစ်ဥလောက်နဲ့၊ ခရမ်းချဉ်သီးလေးတစ်လုံးနှစ်လုံးလောက် ဈေးမလို့။ ဟဲ့···ငမိုး။

**ငမိုး။** ။ ကိုယ့်ဘာသာ မီးဖိုချောင်ထဲ ရှာယူသွားဗျာ။(အိပ်ချင်သံနှင့်)

**ဒေါ်တင်နု။** ။ အေး အေး။ (မီးဖိုဘက်ဆီမှ လှမ်းပြောသံ)

www.burmeseclassic.com

ဟဲ့၊ မီးဖိုချောင်တစ်ခုလုံးမှာ ကြက်သွန်နီ နှစ်ဥနဲ့ ခရမ်းချဉ်သီး တစ်လုံးပဲရှိတယ်။ ဒါပဲ ယူသွားတော့မယ်။

(ငမိုးဟောက်သံ ပြန်ပေါ်လာ)

**ဒေါ်တင်နု။** ။ (ရေရွတ်ရင်း အိမ်ပြင်ပြန်ထွက်လာ)

ဒီကောင်မဟာ ငါ့သမီးလို့ ပြောရမှာတောင် ရှက်တယ်။ ဘယ်လောက်သင်သင် အိမ်ထောင်မှုကို မနိုင်ဘူး။ ကိုယ့်မှာ ကလေး မွေးငယ်တွေနဲ့ ပြည့်ပြည့်စုံစုံ ဝယ်ထားတာ မဟုတ်ဘူး။

(မြမူ မျက်စိမျက်နှာမကောင်းဖြင့် ရောက်လာ)

**မြမူ။** ။ ဟင်… အမေ။

**ဒေါ်တင်နု။** ။ ဟဲ့ မြမူ၊ ဘယ်သွားနေတာလဲ။ ကြက်သွန်နဲ့ ခရမ်းချဉ်သီး မရှိလို့ ညည်းဆီလာချေးတာ။

**မြမူ။** ။ (ဒေါ်တင်နုလက်ထဲမှ ကြက်သွန်၊ ခရမ်းချဉ်သီးကိုမြင်၊ စိတ်တိုသွား)ရက်စက်လိုက်တာ အမေရယ်။ တစ်အိမ်လုံးမှာ ဟင်းချက်စရာဆိုလို့ ဒါလေးပဲရှိတာ။ အမေက ယူသွားတော့ ကလေးတွေကို ကျုပ်က ဘာချက်ကျွေးရမှာတုံး။ (ဒေါသဖြင့်) ဟင်း ဒီနေ့တော့ သောက်ကလေးတွေ ဆာလို့ ငိုမယ်မကြံနဲ့ အကုန် ရိုက်သတ်ပစ်မယ်။ ဒီနေ့ နင်တို့ ထမင်း စားရလိမ့်မယ် မထင်နဲ့။ နက်ဖြန်လည်း စားရလိမ့်မယ်မထင်နဲ့။(ငိုသံပါလာ)

**ဒေါ်တင်နု။** ။ ညည်းအေ၊ ပြောလိုက်မှဖြင့် အညွန့်တုံး၊ အစတုံးစကား တစ်ခါတည်း…။

**မြမူ။** ။ (ငိုချလိုက်) အီး ဟီး ဟီး၊ ပိုက်ဆံကလည်း တစ်ပြားမှမရှိ၊ စားစရာလည်းမရှိ၊ ယောကျ်ားကလည်း ဘယ်သောင်တင်လို့ ဘယ်ကမ်းဆိုက်မှန်းမသိ ဟီး။

**ဒေါ်တင်နု။** ။ အမယ်လေး ငိုမနေပါနဲ့၊ ညည်းလင် အိမ်ပေါ်မှာ ပြန်ရောက်နေပြီ။ စက်တော်ခေါ်နေတယ်။

**မြမူ။** ။ ဟင်၊ ဟုတ်လား။

(အိမ်ထဲ ဝင်ပြေး)

ကိုငမိုး၊ ကိုငမိုး။

(ငမိုးဟောက်သံ ပေါ်လာ)

အမယ်လေး၊ တော့်မှာတော့ အပူအပင်မရှိ အိပ် နိုင်တယ်နော်။ ကိုငမိုး၊ ကိုငမိုး။

**ငမိုး။** ။ (လန့်နိုးသွား) ဟင် ဟင် ဘာလဲ၊ လန့်သွားတာပဲဟာ နင်ကလည်း။

**မြမူ။** ။ လန့်ရင်လဲသေလိုက်။ သားမယားတွေကျ အငတ်ထားပြီး ရှင်က ဘယ်သွားအလေလိုက်နေလဲ။ လုပ်လိုက်ရင် ဒီလိုချည်းပဲ။

**ငမိုး။** ။ တော်စမ်းကွာ၊ နားပူလိုက်တာ။ ဒီမှာ အလုပ်အကိုင်က ဘာမှ အဆင်မပြေရတဲ့ကြားထဲ။

**မြမူ။** ။ ဟင်…အဆင်မပြေရင် ကျုပ်တို့က ဘာနဲ့ သွားစားကြမှာတုံး။ တော့်ကလေးတွေကို အငတ်ထားမှာလား။

**ငမိုး။** ။ နားငြီးတာဟာ၊ ပါးစပ်ပိတ်စမ်း။ သွား… ဟိုအိမ်ထောင့်က ပိုက်ကွန် သွားယူစမ်း၊ သွား…။

**မြမူ။** ။ ဘာ…၊ ဟိုရှေးပဝေသဏီက ငါးဖမ်းတဲ့ ပိုက်စုတ်ကို ရှင်က ဘာလုပ်ဦးမလို့လဲ။ သွားရောင်းလို့ ဘယ် သူက ဝယ်မှာတုံး။

**ငမိုး။** ။ ဟာ…ဒီကောင်မ စကားများလိုက်တာ ပေးဆို ပေးစမ်း။ ရောင်းမလို့ မဟုတ်ဘူးဟ၊ မြစ်ထဲသွားပြီး ဟင်းစားရှာမလို့ဟ။ ပိုက်သွားပစ်မလို့။

**မြမူ။** ။ ဟားဟား၊ ဟားဟား ရယ်ချင်တယ် တော်။ ကိုငမိုးရယ်၊ ရှင်ဘယ်တုန်းက ကွန်ပစ်ဖူးလို့လဲ။

**ငမိုး။** ။ ဟ၊ ငါလည်း မြစ်နားကမ်းနားသားပါ။ ကွန်ပစ်တာလောက်ကတော့ ပစ်တတ်ပါတယ်။ ပေးစမ်းဟာ ကြာတယ်။

**မြမူ။** ။ ရော့၊ ရော့။ ဒီလောက်တောင်ရှိတာ ငါး အကြီးကြီးတွေချည်း အချိန်တစ်ဆယ်လောက်ရအောင်ပစ်ခဲ့ သွား…။

**(တီးလုံး) (ရေနှင့်ပတ်သက်သော ဝေလာတီးလုံး)**

❑

**အခန်း (၈)**

**ရွာလမ်းမ။** ။ ရွာအသံဗလံများ။ ငမိုး ပိုက်ထမ်း၍ လမ်း လျှောက်လာ။

**ဖိုးမောင်။** ။ ဟာ…ကိုငမိုး၊ ခင်ဗျား ပြန်ရောက်နေ ပလား။ ပိုက်ကြီးထမ်းပြီး ဘယ်တုံးဗျ။

**ငမိုး။** ။ ဟေ့ကောင် ဖိုးမောင်၊ ကတုံးကြီးနဲ့ပါလားဟ

**ဖိုးမောင်။** ။ (ရှက်ရယ်ရယ်လျက်) ဟဲဟဲ၊ ဒုလ္လဘဝတ် ထားတာဗျ။

**ငမိုး။** ။ ဟင်၊ မင်းဒုလ္လဘကလည်း မြန်လှချည် လား။ ငါ မန္တလေးသွားနေတာမှ တစ်ပတ်လောက်ပဲရှိတာ

**ဖိုးမောင်။** ။ အိမ်မှာက ကျုပ်မရှိလို့ မဖြစ်ဘူးဗျ။ သာသနာ့ဘောင်မှာတော့ ပျော်ပါတယ်။ နေပါဦး၊ ခင်ဗျား ပိုက်ကြီးနဲ့ ဘယ်တုံး။

**ငမိုး။** ။ မြစ်ထဲမှာ ဟင်းစားလေးဘာလေး ရှာရေး ပါကွာ။

**ဖိုးမောင်။** ။ ဟာ…ခင်ဗျားကလည်းဗျာ၊ လပြည့်နေ့ ကြီးကျမှဗျာ။

**ငမိုး။** ။ တတ်နိုင်ဘူးကွာ၊ သွားလိုက်ဦးမယ်။

**ဖိုးမောင်။** ။ သွား…သွား။

(အနားမှ ဒေါ်ဖူးညို ဖြတ်သွား)

**ဖိုးမောင်။** ။ ဟာ…အရီးဖူးညို ဘယ်တုံးဗျ။

**ဒေါ်ဖူးညို။** ။ ဘုန်းကြီးကျောင်းပေါ့ဟဲ့။ ကောင်လေး တွေ အခါကြီးရက်ကြီးနော်၊ ကောင်းကောင်းနေကြ။

**ငမိုး။** ။ (အသံနှိမ့်၍)

ဟေ့ကောင်ဖိုးမောင် အဘွားကြီးက ငါ့ စောင်းပြောသွားတာကွ။



www.burmeseclassic.com

www.burmeseclassic.com

ဖိုးမောင်။ ။ (အသံနိမ့်၍) ဟာ ဒီဘွားတော်ကြီးတွေက ဒီလိုချည်းပဲ။ ကိုယ့်ဟာကိုယ် သွားမှာသာသွား။

ငမိုး။ ။ အေး အေး။

(တီးလုံးတို)

မြစ်ဆိပ်တွင် ဘကြီးသာတင့် ရေချိုးရင်း ရပ်၍ ရေသတ္တဝါများကို မေတ္တာပို့နေ။

ဦးသာတင့်။ ။ (မေတ္တာသုတ်ရွတ်သံ)

ယဿာနုဘာဝတော ယက္ခာ၊ နေဝ ဒဿေန္တိ ဘီသနံ၊ ယမှိ စေဝါနုယုဉ္ဇန္တော…။

ငမိုး။ ။ (ရေစပ်မှ လှမ်းနှုတ်ဆက်)

ဘကြီးသာတင့်၊ ရေချိုးနေတာလား။

ဦးသာတင့်။ ။ ဟ…ငမိုးပါလား။ အောင်မယ် ငမိုးတို့ကတော့ အလုပ်ကောင်း အကိုင်ကောင်း လုပ်တော့မယ်နဲ့တူတယ်ဟေ့။ အောက်နားသွားကွာ၊ ငါဒီမှာ ရေသတ္တဝါတွေအတွက် မေတ္တာသုတ်ရွတ်နေတာကွ။ အခါကြီးရက်ကြီးကွာ မင်းနှယ်။

ငမိုး။ ။ ဟုတ်ကဲ့ ဘကြီး၊ ဟုတ်ကဲ့။ (အင်း ဒီအဘိုးကြီးနဲ့မှတွေ့တတ်တယ်။ သူနဲ့ဝေးရာသွားမှ (Thought Voice))

ငမိုး။ ။ အင်း ဒီနေရာလေးမဆိုးဘူး။ ကဲလာလေ့ကွာ။

(ပိုက် ရေထဲကျသံ)(ဝေလာတီးလုံး စ,ဝင်)

(ပိုက်ဆွဲယူရင်း)

ဖြည်းဖြည်း၊ ဖြည်းဖြည်း၊ ပါ,ပါဟ ငါးကြီးကြီးလေး။ ပါ,ပါဟ၊ ဟင် တစ်ကောင်မှလည်းမပါဘူး။ ဟူး…။ ပိုက်ကစုတ်လို့များ ငါးက ထွက်သွားတာလား။ ငါကလည်း မကျွမ်း။ မသေဝံ့လို့ စွန့်ရတာ၊ စားချင်လွန်းလို့ စွန့်ရတာ။ ကဲ နောက်တစ်ခါ စွန့်သေးတာပေါ့ကွာ။ လာလေရော့ ပိုက်စုတ်ကလေးရေ့။ (ပိုက် ရေထဲကျသံ)

ကိုင်း…ဒီတစ်ခါ ပိဿာစီး ငါးကြီးကြီးလေး၊ သားစာ မယားစာလေး ပါ,ပါစေဗျာ၊ လာခဲ့။ ဖြည်းဖြည်းဆွဲမှဟ၊ ဖြည်းဖြည်း။ အောင်မယ်လေးဗျ၊ နာလိုက်တာ။ ခြေထောက် ပုလင်းကွဲစူးပြီထင်တယ်။ ငါးမရဘဲ အနာရအောင် အား။ နေဦး၊ စမ်းကြည့်ဦးမှ။ လုံးတုံးတုံးနဲ့ ဘာတုံးဟ။ အမယ်လေး လိပ်လား၊ မြွေလား၊ ဘာကြီးလဲ။(Thought Voice)

(နေဦး၊ ဒီနေရာဟာ ရှေးတုန်းက ချမ်းသာတဲ့သူတွေနေတာတဲ့။ ဟိုတစ်လောက ကမ်းပါးတွေပြိုပြီးကတည်းက ရေချိုးတဲ့လူတွေ လက်စွပ်တွေ၊ ဆွဲကြိုးပြတ်တွေတွေ့နဲ့ တံငါသည်တစ်ယောက်ဆို ရွှေဒင်္ဂါးတွေနဲ့ အပြည့် အိုးလေးရတာတဲ့…)

ဟုတ်ပြီ၊ ခြေထောက်အောက်က လုံးတုံးတုံးကို ရေငုပ်ဖော်မှ…၊ လာခဲ့။(ရေငုပ်သံ၊ ပြန်ပေါ်လာသံ)

ဟူး…(ရေများ ထွေးထုတ်သံ) ဖူး၊ ဖူး၊ ဖူး။ ဟာ… အိုးလေးတစ်လုံး။ အလေးကြီးပဲဟ၊ ဘာတွေပါလိမ့်။ ဟင် ဒါ ဒါ ရွှေ၊ ရွှေအိုး၊ ရွှေအိုးပဲဖြစ်မယ်။ ငါ ငါ ရွှေအိုးရပြီ၊ ရွှေအိုး။ မြမှုရေ နင့်ယောကျ်ားသူခိုး ရွှေအိုးရပြီဟေ့။

(Episode (2) ပြီး)

*(ဆက်လက်ဖော်ပြပါမည်)*

■

**နုနုရည်အင်းဝ**


ရန်ကုန် ဆရာမြင့် (ခ) ဆရာသြဘာ



နက္ခတ္တဗေဒ၊ လက္ခဏာအထူးကျွမ်းကျင်ပညာရှင်

မေးကြည့်လျှင် ပြေးကြည့်သလို မှန်ရမည်။

အမှတ် (၄၈)၊ ဆူးလေဘုရားအဝိုင်း၊ မြို့တော်ခန်းမအနီး၊ ရန်ကုန်မြို့။

Ph : 09 420034597

www.burmeseclassic.com



# မောင်သိန်းတင် မသိန်းရှင်

# ရွှေဥဒေါင်း


223057

ကျောင်းဒကာ ဦးဖော့၊ ကျောင်းအမ ဒေါ်သော့၊ သမီး ခင်ပွန်းတို့သည် မိမိတို့၏ အိမ်နီးချင်းပွဲစားကြီး ဦးဘမောင် ပွဲကတော်ကြီး ဒေါ်သာယာတို့နှင့် ငယ်စဉ်ကပင် ရပ်ဆွေရပ်မျိုး ဖြစ်ကြသည့်အလျောက် ဘုရားသွားဖော် ကျောင်းတက်ဖော် ရေစက်အတူ ကြည်ဖြူလေးမြတ်စွာနှင့် တစ်ဦး၏ကိုယ် တစ်ဦး အထူးဆောင်ရွက်လျက် အရာရာတိုင်း၌ပင် တိုင်ပင် နှီးနှောလေ့ရှိကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အမှတ် ၃၃၀၊ မေ၊ ၂၀၁၇

ရုပ်စုံမဂ္ဂဇင်း

## ရွှေဝတ္ထုများကို ပြန်လည်တူးဖော်ခြင်း

*စာရေးဆရာကြီး ရွှေဥဒေါင်း ရေးသားပြီး ၁၉၁၇ ခုနှစ်၊ မတ်လထုတ် သူရိယမဂ္ဂဇင်းတွင် ဖော်ပြပါရှိခဲ့သည့် 'မောင်သိန်းတင် မသိန်းရှင်' ဝတ္ထုမှာ မြန်မာဝတ္ထုတိုသမိုင်းတွင် ပထမဦးဆုံး ဝတ္ထုတိုအဖြစ် မြန်မာစာပေလောက,က မှတ်တမ်းတင်ထားပါသည်။ မြန်မာဝတ္ထုတို နှစ် ၁၀၀ ပြည့် အချိန်ကာလမှာ ဆရာကြီး ရွှေဥဒေါင်း၏ 'မောင်သိန်းတင် မသိန်းရှင်' ဝတ္ထုကို ပြန်လည်ဖော်ပြလိုက်ပါသည်။*

ကျောင်းဒကာကြီး ဦးဖော့၌ မောင်သိန်းတင်အမည်ရှိသော သားတစ်ယောက်ရှိလေရာ ပွဲစားကြီးလင်မယား၌လည်း မသိန်းခင်၊ မသိန်းရှင်ဟု သမီးနှစ်ယောက်ရှိလေ၏။ သမီးအကြီး မသိန်းခင်မှာ ဘီအေ(B.A)အောင်ပြီး၍ အငယ် မသိန်းရှင်မှာမူ အပျိုပေါက်ကလေးပင် ရှိသေးလေ၏။ မောင်သိန်းတင်နှင့် မသိန်းရှင်တို့မှာ ငယ်စဉ်ကပင် ကစားဖော် ကစားဖက်ဖြစ်ကြ၍ တစ်ဦးနှင့်တစ်ဦး မောင်နှမအရင်းအချာကဲ့သို့ ချစ်ခင်စုံမက်လျက်ရှိခဲ့ကြရာ မောင်သိန်းတင်မှာ လူပျိုကလေးဖြစ်၍ မသိန်းရှင်မှာလည်း ရှက်ကြောက်တတ်သည့်အရွယ်သို့ပင် ရောက်သော်လည်း ၎င်းတို့နှစ်ဦးမှာ ငယ်စဉ်ကကဲ့သို့ပင် ခေါ်ခေါ်ပြောပြော အရောတဝင် နေထိုင်ကြလေ၏။ အမိအဖတို့လည်း နှစ်သက်ကြဟန် လက္ခဏာနှင့် တားမြစ်ပိတ်ပင်ခြင်းမရှိဘဲ အမှတ်တမဲ့သာလျှင် နေကြလေ၏။ မောင်သိန်းတင်မှာ အင်္ဂလိပ်စာ ၉ တန်းတွင် သင်ကြားလျက်ရှိရာ အဖ

www.burmeseclassic.com

ကျောင်းဒကာကြီးသည် ၄င်းအား ပညာတိုးပွားစေခြင်းငှာ မောင်ဘလှိုင်ရှိရာ ပွဲစားကြီး၏အိမ်သို့ နားမလည်သောအရာ ရှိလျှင် အလွယ်တကူ မေးမြန်းနိုင်ရန် ညတိုင်းသွား၍ စာကျက်စေလေ၏။

တစ်နေ့သ၌ မောင်သိန်းတင်သည် စာအုပ်များကိုပိုက်လျက် ပွဲစားကြီး၏ အိမ်သို့သွားရာ မောင်ဘလှိုင်နှင့်မသိန်းခင်တို့သည် အရိပ်ပြပွဲသို့ သွားရန်ပြင်ဆင်လျက်ရှိနေကြသဖြင့် မောင်သိန်းတင်အားလည်း မိမိတို့နှင့် အတူလိုက်ရန် တိုက်တွန်းကြသော်လည်း မောင်သိန်းတင်မှာ စာမေးပွဲနီးပြီဖြစ်၍ မလိုက်လိုကြောင်းနှင့် တောင်းပန်ပြီးလျှင် မိမိစာဖတ်နေကျဖြစ်သော စားပွဲတွင် စာဖတ်နေလေ၏။ ပွဲစားကြီး လင်မယားလည်း မှန်အိမ်များကို လက်ဆွဲလျက် ကျောင်းဒကာကြီးတို့နှင့်အတူ ဘုရားဝတ်တက်ရန် သွားကြလေ၏။ မောင်သိန်းတင်လည်း စားပွဲတွင် တစ်ယောက်တည်း စာဖတ်လျက်နေရာမှ ခြေသံကြားသဖြင့် လှည့်၍ကြည့်လိုက်ရာ မသိန်းရှင်သည် လက်ဖက်ရည်တစ်ခွက်ကို ကိုင်လျက်လာသည်ကို မြင်လျှင်-

'အလို··· မသိန်းရှင်၊ ရုပ်ရှင်ပွဲကို မလိုက်ဘူးလား'

'ခေါင်းနည်းနည်းကိုက်လို့ မလိုက်ဘူး မောင်သိန်းတင်ရေ့၊ ကဲ စာဖတ်လို့ တော်တော်မောပြီထင်တယ်။ လက်ဖက်ရည်တစ်ခွက် သောက်လိုက်ပါဦး'

ဟုပြော၍ လက်ဖက်ရည်ခွက်ကို မောင်သိန်းတင်၏ ရှေ့တွင်ချပြီးလျှင် အနီးရှိ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လျက် နေလေ၏။ မောင်သိန်းတင်လည်း လက်ဖက်ရည်ခွက်ကို ယူသောက်၍ ကျေးဇူးတင်စကားပြောပြီးလျှင် စာဖတ်မည်ပြုပြန်ရာ မသိန်းရှင်သည် ထိုင်ရာမှ မထသေးဘဲ 'အင်္ဂလိပ်စာများ အင်မတန်ခက်သလား' ဟုမေးလျှင်-

'လူမျိုးကွဲစာ သင်ရတယ်ဆိုတာ နည်းနည်းတော့ ခက်တာပေါ့ မသိန်းရှင်၊ မြန်မာစာလောက်တော့ ဘယ်လွယ်မလဲ'

'နည်းနည်းတတ်ချင်ပါတယ်၊ သင်ပေးပါလား။ ကိုကိုက သင်မယ်ဆိုပြီး သင်လည်းမပေးဘူး'

'ကိုကိုက သင်မပေးရင် ဒီက သင်ပေးပါမယ်၊ စာမေးပွဲပြီးတော့ သင်လည်း သင်အားပါလိမ့်မယ်'

'တစ်နေ့က ဈေးကပြန်လာတော့ ကောင်ကလေးတစ်ကောင်က မိုင်ဆွီးတားဆိုလား ဘာဆိုလား ပြောတာကြားလိုက်တယ်။ ဒါ ဘာဆိုသလဲ ပြောစမ်းပါ မောင်သိန်းတင်ရဲ့'

ဟု အကယ်မသိသော မျက်နှာထားနှင့်မေးလျှင် မောင်သိန်းတင်လည်း စာဖတ်လိုလှသဖြင့် စကားမရှည်လိုသောကြောင့် 'နောက်တော့ သင်ပေးပါမယ်၊ အခု ခဏဆိုင်းလိုက်ပါဦး' ဟု ပြောသဖြင့် မသိန်းရှင်သည် ထိုင်ရာမှထ၍ ပြတင်းပေါက်မှ မျှော်ကြည့်လိုက်လေလျှင် အပျိုကလေးတချို့တို့နှင့် ကလေးတို့သည် ရွှေလသာလှသည်နှင့် ထုပ်ဆီးတမ်းကစားလျက် နေကြသည်ကိုမြင်သဖြင့် 'ဒီမှာ ကြည့်လှည့်စမ်း မောင်သိန်းတင်၊ ပျော်စရာကောင်းလိုက်တာ။ ထုပ်ဆီးတမ်းများ မကစားရတာ ကြာလှပြီ။ ခဏလောက်ဆင်းပြီး ကစားရရင် မကောင်းဘူးလား' ဟု ခေါ်၍ ပြောလျှင် မောင်သိန်းတင်လည်း ထိုင်ရာမှထလာ၍ 'ခေါင်းကိုက်တဲ့ လူကလည်း ထုပ်ဆီးတမ်းတော့ ကစားနိုင်ရောလား၊ မလုပ်ပါနဲ့ မသိန်းရှင်ရယ်။ စာမေးပွဲက နီးလှပြီ၊ စာကျက်စရာတွေကလည်း များသေးတယ်' ဟု ပြော၍ ပြတင်းပေါက်မှ နှစ်ယောက်သားခါးထောက်လျက် ကြည့်နေကြလေ၏။ မောင်သိန်းတင်က-

'ခေါင်းကြောင်းစီးတဲ့ဟာက ဘယ်သူလဲ မသိန်းရှင်ရဲ့'

'ဟိုဘက်အိမ်က မမြမေကလေးလေ'

'သြော် သူ့အသားကလေးက လရောင်မှာတော့ တယ်ပြီးလှပါကလား၊ ချစ်စရာကလေးပဲနော်။ ဒါ့ကြောင့် မော်လမြိုင်သူများ လှတယ်ပြောကြတာထင်ပါရဲ့' ဟုပြောလျှင် မသိန်းရှင်လည်း အနည်းငယ် မျက်နှာမသာဘဲ···

'မော်လမြိုင်သူ ဘယ်လိုပဲလှပေမဲ့ တစ်နေ့က ဦးကျော်ဒွန်းသမီး နားထွင်းမင်္ဂလာတုန်းက နားရုံဖိတ်လို့ သွားကြတာ မောင်သိန်းတင် မြင်လိုက်တယ် မဟုတ်လား'

'သြော် မြင်လိုက်တယ်၊ သည်အရပ်က လေးယောက် ဖိတ်တယ် ထင်ပါရဲ့။ မိန်းမချောကလေးတွေချည်းပါပေပဲဗျာ၊ တယ်ချော တယ်လှ'

ဟုပြောလျှင် မသိန်းရှင်သည် မောင်သိန်းတင်၏ မျက်နှာကို စေ့စေ့ကြည့်လျက်-

'သည်လေးယောက်ထဲက ဘယ်သူက အချောဆုံးထင်သလဲ မောင်သိန်းတင်ရဲ့'

'နေပါဦး··· ဘယ်သူများ သာလိမ့်မည်၊ မမြမေကလေးရယ်၊ မလှရင်ရယ်၊ မလှတင်ရယ်၊ ပြီးတော့ကော'

'ပြီးတော့ ဒီကရယ်···'

'သြော် မသိန်းရှင်ရယ်လား၊ အင်း လေးယောက်စလုံးပဲ ကြည့်လို့ ကောင်းကြပါပေတယ်၊ တစ်မျိုးစီပါပဲ'

'တစ်မျိုးစီတော့ ဟုတ်ပါပြီ မောင်သိန်းတင်ရဲ့ သေသေ

တစ်နေ့သ၌ မောင်သိန်းတင်သည် စာအုပ်များကိုပိုက်လျက် ပွဲစားကြီး၏ အိမ်သို့သွားရာ မောင်ဘလှိုင်နှင့်မသိန်းခင်တို့သည် အရိပ်ပြပွဲသို့ သွားရန်ပြင်ဆင်လျက်ရှိနေကြသဖြင့် မောင်သိန်းတင်အားလည်း မိမိတို့နှင့် အတူလိုက်ရန် တိုက်တွန်း ကြသော်လည်း မောင်သိန်းတင်မှာ စာမေးပွဲနီးပြီဖြစ်၍ မလိုက်လိုကြောင်းနှင့် တောင်းပန်ပြီးလျှင် မိမိစာဖတ်နေကျဖြစ်သော စားပွဲတွင် စာဖတ်နေလေ၏



www.burmeseclassic.com

www.burmeseclassic.com

ချာချာ ပြန်စဉ်းစားကြည့်ပါဦး၊ ဘယ်သူက သာပြီးကြည့်လို့ကောင်းသလဲ'

'အင်း... မလှရင်ကတော့ နည်းနည်း အသားကလေးညိုတယ်၊ မလှတင်ကတော့လည်း အရပ်က နည်းနည်းရှည်တယ်'

'မမြမေကကော'

'မမြမေကတော့ မဆိုစလောက်ကလေး အရပ်ပုတယ်'

ဟုပြောပြီးလျှင် မသိန်းရှင်အား ခြေဆုံးခေါင်းဆုံး ကြည့်လျက် နေရာမှ-

'မသိန်းရှင်ကတော့ အပြစ်ရှာစရာ ကြည့်လို့မမြင်ပေဘူးဗျာ'ဟု ပြုံးလျက် ပြောလိုက်ရာ-

'ခုတင်ကတော့ မမြမေကလေးက လှတယ်ဆို'

'လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံးတဲ့၊ မော်လမြိုင်သူ ဘယ်လိုပင် လှပေမဲ့ သည်က ရွှေမန်းသူတော့ ဘယ်မီနိုင်မလဲ'

ဟု ပြောင်သလိုလို မျက်နှာထားနှင့်ပြောလိုက်သောအခါ မသိန်းရှင်သည် မိမိမေးမိသည်ကို အရှက်ရ၍ မျက်နှာပူပူနှင့် ဦးခေါင်းကို အောက်ချလျက်နေလေ၏။

မောင်သိန်းတင်လည်း မိမိပြောမိသည့်စကားအဓိပ္ပာယ်ကို စေ့စေ့ပြန်၍ စဉ်းစားမိလျှင် အနည်းငယ်မျက်နှာပူသည်နှင့် ပြတင်းပေါက်မှ အိမ်သို့ လှမ်း၍ကြည့်လိုက်ရာ 'မုန့်ဖက်ထုပ်၊ မုန့်ဖက်ထုပ်'ဟု ဟစ်၍ရောင်းနေသော မုန့်သည်ကြီးကိုမြင်လျှင် 'မုန့်ဖက်ထုပ်က ကောင်းပုံပေါ်သည်'ဟု အရှက်ပြေပြောပြီးလျှင် မုန့်သည်ကြီးကို အိမ်ပေါ်သို့ခေါ်၍ မုန့်အနည်းငယ်ဝယ်ယူစားသောက်ကြလျှင် မုန့်သည်မိန်းမကြီးလည်း ၄င်းတို့နှစ်ဦးကို သေချာစွာကြည့်လျက် 'တယ်ပြီး ရေ့သွားနောက်လိုက် ညီပါပေတယ်တော်၊ ကြည့်လို့မငြီးပါပေဘူး။ ယခု မုန့်ဖက်ထုပ်ဝယ်စားရတဲ့အကျိုး၊ တစ်ယောက်အပေါ်၌ တစ်ယောက် မုန့်ကဲ့သို့ ချိုပြီးလျှင် အိုအောင်မင်းအောင် ပေါင်းရပါစေ'ဟု ဆုတောင်းပြီးလျှင် မုန့်ဗန်းကိုပင့်၍ အိမ်ပေါ်မှ ဆင်းသွားလေ၏။ မသိန်းရှင်လည်း မုန့်သည်အဒေါ်ကြီး အထင်လွဲ၍ ပြောသွားသည်ကို ကြားသဖြင့် များစွာ မျက်နှာထားခက်လျက်ရှိရသည့်အတွက် မောင်သိန်းတင်က 'အဒေါ်ကြီးက ဘယ့်နှယ်များ အောက်မေ့သွားပါလိမ့်မည်၊ ကြားလိုက်တယ်မဟုတ်လား မသိန်းရှင်၊ အဒေါ်ကြီး ပြောတာ ဘယ့်နှယ်သဘောရသလဲ'ဟု ခပ်ပြုံးပြုံး မျက်နှာထားဖြင့် မေးလိုက်လျှင် မသိန်းရှင်သည် မောင်သိန်းတင်၏မျက်နှာကို မော်ကြည့်ပြီးလျှင် လက်ဖက်ရည်ပန်းကန်ကိုယူ၍ ထ,သွားလေ၏။

မောင်သိန်းတင်၊ မသိန်းရှင်တို့သည် ငယ်စဉ်မှစ၍ တစ်မိဝမ်းတွင်း အတူဆင်းကြသည့် မောင်ရင်းနှမသဘော အရောတဝင် ခေါ်ငင်ပေါင်းသင်းလျက် လာခဲ့ကြရာ ထိုနေ့မှသည် တစ်ဦးကိုတစ်ဦး မခေါ်ဝံ့ မပြောဝံ့၊ တစ်ဦးရှိရာတစ်ဦး မလာဝံ့ကြဘဲ အမူကွဲပြားလျက် ရှိကြကုန်၏။ ထိုသို့ပင်ရှိကြသော်လည်း တစ်ဦးကိုတစ်ဦး ရေးကထက် နှစ်ဆထမ်းပိုး မြတ်နိုး ချစ်ခင်မမြင်လျှင် မနေနိုင်ခမန်း ရှိကြသည်အဖြစ်ကို နှစ်ဦးလုံးပင် သိရှိကြလေ၏။

ဤသို့ ၂ လကျော် ၃ လခန့်ရှိခဲ့လေရာ မောင်သိန်းတင်မှာ ၉ တန်းစာမေးပွဲတွင် ဝင်ရောက်ဖြေဆိုပြီးဖြစ်သဖြင့် မောင်သိန်းတင်၏ အမိအဖတို့မှာလည်း သားအား ပညာဆက်လက်သင်ကြားရန် မတတ်နိုင်မှု၍ ရွှေဘိုမြို့ အရေးပိုင်မင်းရုံးတွင် စာရေးအလုပ်တစ်ခု လစ်လပ်သည်နှင့် မောင်သိန်းတင်အား လျှောက်ထားစေရာ မောင်သိန်းတင်လည်း ၄င်းအလုပ်ကို ရရှိလေ၏။ ၄င်းအကြောင်းကို မသိန်းရှင်တို့၏အဖ ပွဲစားကြီးကြားသိလေလျှင် များစွာ ပြစ်တင်ပြောဆို၍ မောင်သိန်းတင်ကို ရန်ကုန်ကောလိပ်ကျောင်းတွင် ပညာသင်ကြားနိုင်စေရန် မိမိကပင် စရိတ်ကြေးငွေ စိုက်ထုတ်ချေးငှားပါမည်ဟု ကျောင်းဒကာကြီးအား အတန်တန်ပြောဆိုပါသော်လည်း ကျောင်းဒကာကြီးမှာ သားတစ်ယောက်တည်းဖြစ်သည့်ပြင် မိမိ၌လည်း အိုမင်းမစွမ်းရှိသည်ဖြစ်၍ ကျောထောက်နောက်ခံ ဆိုဘိသကဲ့သို့ရစေခြင်းငှာ မိမိတို့မသေမီအတွင်း သားနှင့်ကြာရှည်စွာ ခွဲခွာ၍ မနေလိုကြောင်းနှင့် ပြောဆို၍ ပွဲစားကြီးအားလည်း မိတ်ဆွေတို့ ဝတ္တရားရှိသည့်အတိုင်း စောင်မကြည့်ရှုပေသည်ကို များစွာ ကျေးဇူးတင်စကားပြောပြီးလျှင် သားအမိ သားအဖ သုံးယောက်တို့သည် ရွှေဘိုသို့သွားရန် ပြင်ဆင်ကြလေ၏။

မောင်သိန်းတင်လည်း ညှိုးငယ်သောမျက်နှာဖြင့် ပွဲစားကြီးအိမ်သို့ သွားရောက်၊ အသီးသီးတို့အား ထိုက်သည့်အားလျော်စွာ ဝမ်းနည်းကြောင်း ပြောဆိုပြီးလျှင် မသိန်းရှင်ကို မမြင်ရသေးသည်နှင့် ခပ်ဆိုင်းဆိုင်းလုပ်၍နေရာ မသိန်းခင်လည်း မောင်သိန်းတင်၏ မျက်နှာထားကို ရိပ်မိသဖြင့် ညီမအငယ်ရှိရာသို့ တက်သွားပြီး တစ်အောင့်ကြာလျှင် ပြန်ဆင်းလာ၍ နှမ မသိန်းရှင်မှာ ခေါင်းကိုက်၍နေသဖြင့် ဆင်းမလာနိုင်ကြောင်းကို ပြောလေလျှင် မောင်သိန်းတင်လည်း မသာယာသော မျက်နှာဖြင့် ပြန်ခဲ့ရလေ၏။ အိမ်ပြင်သို့ရောက်လျှင် မသိန်းရှင်အား မမြင်ရလျှင် မနေနိုင်မှု၍ အိမ်ဘက်သို့လှည့်ပြီးလျှင် ပြတင်းပေါက်သို့ကြည့်လိုက်ရာ မသိန်းရှင်လည်း တံခါးကြားမှ ချောင်း၍ ကြည့်နေသည်ဖြစ်သောကြောင့် မျက်နှာကို မမြင်ရဘဲ အင်္ကျီစကလေးကိုသာ မြင်လိုက်ရသဖြင့် မောင်သိန်းတင်လည်း သက်ပြင်းချပြီးလျှင် အမိအဖတို့နှင့်အတူ မီးရထားဘူတာရုံသို့ သွားရလေ၏။

ရွှေဘိုသို့ ရောက်ကြလျှင် ကျောင်းဒကာကြီး လင်မယားတို့သည် မောင်သိန်းတင်ကို မိတ်ဆွေတစ်ယောက်အိမ်တွင် အပ်နှံ၍ မိမိတို့မှာ မန္တလေး၌ ကိစ္စအနည်းငယ်ဆောင်ရွက်ရန် ရှိသေးသည်နှင့် ရုတ်တရက် မရွှေ့ပြောင်းနိုင်သေးသဖြင့် မန္တလေးသို့ ပြန်ကြလေ၏။

မောင်သိန်းတင်လည်း ရွှေဘိုသို့ရောက်၍ အလုပ်အကိုင် ဝင်ရောက် လုပ်ကိုင်ရသော်လည်း အလုပ်၌ များစွာ စိတ်မပါသည်နှင့် အမှားမှားအယွင်းယွင်း၊ အချွတ်ချွတ် အချော်ချော်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပြီးလျှင် အထက်လူကြီးတို့၏ ငြိုငြင်ခြင်းကို ခံရလေ၏။ တစ်နေ့သ၌ မောင်သိန်းတင်သည် မိမိနှင့် ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်နှင့် တွေ့ဆုံမိရာ ကျောင်းသားတို့ဘာဝ မိမိတို့ကျောင်းနေစဉ်အခါက အဖြစ်အပျက်များကို ပြန်လည် ပြောဆိုကြပြီးနောက် ၎င်းသူငယ်ချင်းသည် မောင်သိန်းတင်အား မိမိအိမ်သို့ အလည်လိုက်ရန် တိုက်တွန်းပြီးလျှင် မိမိနှင့် အတူခေါ်၍ သွားလေ၏။ ၎င်းသူငယ်ချင်းများမှာ ရွှေဘိုသား ဇာတိဖြစ်သဖြင့် မိမိ၏အမိအဖတို့နှင့် အတူနေထိုင်လျက်ရှိရာ ထိုအခါ၌ အထက်အရပ်များတွင် အင်္ဂလိပ်ပညာတတ်များ လည်း ရှားသေးသည်ဖြစ်သောကြောင့် ၎င်း၏အမိအဖတို့သည် မောင်သိန်းတင်အား ယခုအခါ ဘီအေများကို ဧည့်ခံဘိသကဲ့သို့ အရေးတယူ ပျူပျူငှာငှာ ဧည့်ခံ၍ စကားပြောပြီးလျှင် အမိအဖ တို့နှင့် ဝေးကွာ၍ နေရသည်အတွင်း ၎င်းတို့အား အမိအဖကဲ့သို့ အားကိုးပြီးလျှင် တိုင်ပင်ရန် ရှိကလည်း တိုင်ပင်၍ အားမငယ် ရန် အကြောင်းပြောလေ၏။ မောင်သိန်းတင်လည်း ဝတ္တရားရှိ သည့်အတိုင်း မိမိအားလည်း သားကလေး၊ တူကလေးကဲ့သို့ အောက်မေ့ပြီးလျှင် ရုံးကိစ္စမှစ၍ လူငယ်နှင့်လျော်သော အခြား ကိစ္စတို့၌လည်း ကြည့်ရှုခိုင်းစေပါက ဝမ်းမြောက်စွာ ဆောင် ရွက်ပါမည်အကြောင်းကို ပြောလျှင် မောင်ဘစိန်၏အမိအဖတို့ လည်း မိမိတို့၏အိမ်သို့ မောင်ဘစိန်မရှိသော်လည်း ဝင်ထွက် လည်ပတ်ရန် ပြောဆိုကြလေ၏။

မောင်သိန်းတင်လည်း ရောက်ခါစဖြစ်သည်နှင့် အသိ အကျွမ်း နည်းပါးသည်အခိုက် မောင်ဘစိန်တို့၏အမိအဖတို့က ဤကဲ့သို့ လိုလားကြပေသည်ကို ကျေးဇူးတင်ဖွယ်ရှိပေသဖြင့် ညနေ ရုံးမှပြန်၍ ထမင်းစားပြီးလျှင် မောင်ဘစိန်၏ အိမ်သို့ သွားရောက်၍ စကားစမြည် ပြောဆိုနေကြပြီးလျှင် အိပ်ချိန်ကျ ရောက်မှ ပြန်ခဲ့လေ၏။ ဤသို့ ညစဉ်သွားရောက်၍ စကား အကျွမ်းတဝင် တိုင်ပင်နှီးနှောနေကြသည်မှာ ၁၅ ရက်ခန့်ရှိလေ လျှင် ပထမတွေ့စဉ်အခါ၌ လောကဝတ်စကားဖြင့်သာလျှင် ချစ်ခင်အားကိုးပါဟု ပြောဆိုလိုက်သည်မှာ ယခုအခါ၌မူကား အကယ်ပင် လူကြီးကလည်း လူကြီးအလျောက်၊ လူငယ်က လည်း လူငယ်အလိုက် များစွာချစ်ခင် ကြင်ကြင်နာနာ ရှိကြ ကုန်၏။ မောင်ဘစိန်၌ အရပ်အရည်နှင့်ပြည့်စုံ၍ ရွှေဘိုမြို့ပေါ် တွင် 'ထိပ်ကျ'သည်ဟု ခေါ်လောက်ပေသော ၁၈ နှစ်အရွယ် အစ်မတစ်ယောက်ရှိလေ၏။ မောင်သိန်းတင်သည် အိမ်သို့ အလည်လာရောက်သည့်အခါ မသင်းကြည်လည်း အမိအဖတို့ နှင့်အတူ ထိုင်၍ စကားစမြည် ရောနှောပြောဆိုလေ့ရှိကုန်၏။ မောင်သိန်းတင်လည်း မိမိကျောင်း၌ သင်ကြားဖူးခဲ့သော ကမ္ဘာမြေကြီး၏ အခြေအနေမှစ၍ ပထဝီတွင်ပါရှိသော လူ အမျိုးမျိုး၊ တိရစ္ဆာန်အမျိုးမျိုးနှင့်တကွ အင်္ဂလိပ်ရာဇဝင်၊ အိန္ဒိယ ရာဇဝင်တို့ကို နားထောင်၍ မငြီးရအောင် ကူးပြောင်းလဲလှယ် ပြောဆိုလေလျှင် မောင်ဘစိန်၏ အမိအဖတို့နှင့်တကွ မသင်း ကြည်တို့သည် လွန်စွာ နှစ်ခြိုက်အရေးစိုက်ပြီးလျှင် သဘော ကြိုက်တွေ့၍နေကြကုန်၏။ မောင်သိန်းတင်လည်း မိမိပြော ဟောသည့်အရာတို့ကို မှတ်သားလိုသော လက္ခဏာနှင့် နားစိုက် လျက်နေကြသည်ကိုသိလျှင် မန္တလေးသားဇာတိ လူကြီး လူကောင်း၏ သားသမီးဖြစ်သည့်အလျောက် စကားအရာ၌ လိမ္မာချေင်ရှိသည်နှင့် လူကြီးကြိုက်တစ်သွယ်၊ လူငယ်ကြိုက် ကလည်းတစ်မျိုး အကျိုးနှင့်အကြောင်း အဆိုးနှင့် အကောင်း တို့ကို ကွဲကွဲပြားပြား ခြားခြားနားနား ကြည်လင်ပြတ်သားသော အသံဖြင့် မရပ်မနားဘဲ ပြောဆိုလေလျှင် မသင်းကြည်သည် ဤမျှလောက် ဗဟုသုတပညာနှင့် ပြည့်စုံ၍ စကားချိုသာပီယ ဝါစာဖြစ်အောင် ပြောဆိုတတ်သူကို တစ်ကြိမ်တစ်ခါမျှ မတွေ့စ ဖူးဟု အောက်မေ့သည်နှင့် မောင်သိန်းတင်၏ မျက်နှာကို စေ့စေ့ကြည့်လျက် မှတ်သားနာယူလေ့ရှိကုန်၏။ တစ်ခါတစ်ရံ မောင်သိန်းတင်သည် ရုံးဆင်းမိုးချုပ်သဖြင့် အိမ်သို့ မလာ ရောက်နိုင်ရှိသည့်အခါ မသင်းကြည်သည် မသာမယာသော မျက်နှာဖြင့် မိမိ၏အခန်းတွင်းသို့ စောစောစီးစီးဝင်၍ အိပ်လေ ၏။

ဤသို့ တစ်လကိုးသီတင်းမျှ ကုန်လွန်၍သွားလေလျှင် တစ်နေ့သ၌ မောင်သိန်းတင်၏ အမိအဖတို့သည် ရွှေဘိုသို့ လာရောက်ကြလေ၏။ မောင်သိန်းတင်လည်း အမိအဖတို့ရှိစဉ် အခါ အိမ်မှထွက်ခွာ၍ အခြားအရပ်သို့ လည်ပတ်သည်ကို အမိအဖတို့ မသိစေလိုသဖြင့် မသင်းကြည်တို့၏ အိမ်သို့ မသွား ရောက်ဘဲနေခဲ့ရာ ခုနစ်ရက်တစ်ပတ်ခန့် ရှိလေလျှင် မသင်း ကြည်မှာ တစ်နေ့တခြား ညှိုးနွမ်းလျက် အစားအသောက် ဆုတ်ယုတ်၍ တွေဝေထိုင်းမှိုင်းသော အမူအရာနှင့်သာ နေလေ ၏။ အမိဖြစ်သူလည်း သမီး၏အမူအရာကို သင်္ကာမကင်းရှိ သည်နှင့် သမီးအခန်းသို့ဝင်၍ ယုယချစ်ခင်သော မိခင်ဖြစ် သည့်အလျောက် သမီးအား ချော့မော့မေးမြန်းလေလျှင် မသင်းကြည်သည် မျက်ရည်ဝိုင်းလျက် ဘာမျှမဖြစ်ကြောင်း ပြောဆိုသော်လည်း မိခင်သည် ပျိုရာမှ အိုခဲ့သည်ဖြစ်သော ကြောင့် အနည်းငယ် ရိပ်မိလေသဖြင့် ဖွင့်၍မေးလိုက်လေ၏။ မသင်းကြည်လည်း မိခင်ပင်ဖြစ်သော်လည်း လွန်စွာမှရှက်ဖွယ် ကောင်းသည့် အရာမျိုးဖြစ်သဖြင့် မိခင်ထင်သည့်အတိုင်း မှန်ကြောင်းကို ဖွင့်၍မပြောဘဲ မိခင်၏လည်ပင်းကို ဖက်လျက် ဦးခေါင်းကိုအောက်ချ၍ ရှိုက်ကြီးတငင်နှင့် ငိုလေ၏။ မိခင် လည်း သမီးအား ပြစ်တင်စကားများစွာ မပြောဆိုဘဲ သမီး အကြိုက်ကို အလိုက်သင့်ချော့မော့၍ ပျော့ပျောင်းသိမ်မွေ့သော အမူအရာဖြင့် မိခင်ပီပီ ပြောဆိုပြီးလျှင် သမီးအခန်းမှ ထွက် လာပြီးနောက် ခင်ပွန်းဖြစ်သူနှင့် တစ်နာရီမျှ တီးတိုးတိုင်ပင်ကြ လေ၏။

နောက်တစ်နေ့ညနေ၌ မောင်သိန်းတင်သည် ရုံးမှပြန် လာ၍ အမိအဖတို့နှင့် စကားစမြည်ပြောဆိုနေကြစဉ် မသင်း ကြည်တို့၏ အိမ်မှ အစေခံတစ်ယောက်သည် အိမ်ပေါ်သို့ တက်လာ၍ မောင်သိန်းတင်အား အိမ်သို့ အလည်ကြွရန်



www.burmeseclassic.com

www.burmeseclassic.com

ပင့်ဖိတ်၍ ပြန်သွားလေ၏။ မောင်သိန်းတင်လည်း မရောက်သည်မှာ ကြာပြီဖြစ်၍ မည်သည့်အကြောင်းရှိလေသနည်းဟု အမိအဖထံ ခွင့်ပန်ပြီးလျှင် လိုက်သွားလေ၏။ အိမ်သို့ရောက်လျှင် မသင်းကြည်၏ အမိအဖတို့သည် ရှေးကထက်ပင် ခရီးဦးကြိုပြုကြပြီးလျှင် နေရာထိုင်ခင်းပေး၍ ၁၅ မိနစ်ခန့် စကားပြောဆိုနေကြရာမှာ မသင်းကြည်တစ်ယောက်ကို မမြင်ကြောင်း မေးလျှင် အမိအဖတို့သည် တစ်ဦး၏မျက်နှာကို တစ်ဦးကြည့်ပြီးမှ မသင်းကြည်တစ်ယောက် နေမကောင်းသဖြင့် အိပ်ရာသို့ စောစောဝင်၍ အိပ်နေကြောင်း ပြောလေ၏။ မောင်သိန်းတင်လည်း အိမ်ရှင်တို့၏ မျက်နှာထားသည် ခါတိုင်းနှင့်မတူ၊ အမူကွဲပြားခြားနားရလေခြင်းမှာ မည်သည့်အတွက်ကြောင့် ဖြစ်လေသနည်းဟု ဆင်ခြင်တွေးတောလျက် စကားမပြောဘဲရှိလေလျှင် ယောကျ်ားဖြစ်သူသည် ဇနီး၏မျက်နှာကို ကြည့်ပြီးလျှင် ထိုင်ရာမှ ထ,သွားလေ၏။ မသင်းကြည်၏ မိခင်လည်း ကွမ်းအစ်ကို တွန်း၍ တည်သည်ဟန်နှင့် အနီးသို့ ချဉ်းကပ်၍ ထိုင်ပြီးလျှင် မောင်သိန်းတင်၏ မိဘအခြေအနေတို့ကို တီးခေါက်၍ ကြည့်လေ၏။ မောင်သိန်းတင်လည်း မိမိ၏အဖမှာ အရွယ်ကောင်းစဉ်အခါက အလုပ်ကြီးအကိုင်ကြီး လုပ်ကိုင်ခဲ့ဖူးသော်လည်း ယခုမှာ အရွယ်ကြီးရင့်နားချိန် သင့်ပြီဖြစ်၍ ဘုရားသွား ကျောင်းတက် ဝတ်မပျက်နေထိုင်ကြောင်း ပြောလေ၏။ ၎င်းနောက် မောင်သိန်းတင်၏ အသက်နှင့်တကွ နေ့နံတို့ကို မေးမြန်းပြီးလျှင် မိမိတို့၏ အခြေအနေ အမျိုးအဆွေမှစ၍ ကြေးငွေအင်အား ရွှေသားက မည်ရွေ့မည်မျှ၊ အိမ်ခြံကျွဲနွား စပါးလယ်မြေက ကေပေါင်း မည်ရွေ့မည်မျှရှိကြောင်းတို့ကို ပြောဆိုပြီးလျှင် ကာလ၌ ယောကျ်ားကောင်းဟူ၍လည်း အလွန်နည်းပါး၊ မိန်းမကောင်းဟူ၍လည်း အလွန်ရှားကြောင်းနှင့် သမီး မသင်းကြည်လည်း မိဘ၏ဝတ္တရားကို များစွာကျေပွန် လွန်စွာသိတတ်သော မိန်းကလေးတစ်ယောက်ဖြစ်ကြောင်း ပြောဆိုလေ၏။

မောင်သိန်းတင်လည်း ပထမ၌ မည်သည့်အဓိပ္ပာယ်နှင့် စုံစမ်းမေးမြန်းနေသည်ကိုမရိပ်မိဘဲ ရှိရာမှ သမီးဖြစ်သူသည် လိမ္မာရေးခြား အကင်းပါး၍ စကားချေငံခြင်း စသော ဂုဏ်ဒြပ်တို့နှင့် ပြည့်စုံကြောင်း ချီးမွမ်းပြောဆိုသည်ကို ကြားရလေလျှင် ဆိုလိုသည့်အဓိပ္ပာယ်ကို ရိပ်မိလေသဖြင့် အလွန်တရာ ကရုဏာရှိသော မျက်နှာထားဖြင့် မပြောတန်သည့်စကားကို မိန်းကလေးမိခင်အား မပြောစေလိုမှု၍ ယောကျ်ားကောင်းရှားသည်အတွက် မိမိသည် တစ်ယောက်အပါအဝင်ဖြစ်သည်ဟု သဘောပေါက်ပေးသည်ကို အထူးပင်ဝမ်းမြောက်ပါကြောင်း၊ မသင်းကြည်သည်လည်း တည်ကြည်သောဣန္ဒြေနှင့် အသရေရှိသော အမိအဖတို့၏ သမီးတစ်ယောက်ဖြစ်ကြောင်းကို ပြောမပြမီကပင် အကဲခတ်မိပါကြောင်း၊ ယခုကဲ့သို့ အရုပ်အရည်နှင့်တကွ ကောင်းဖခင်သမီးပီပီ တည်တည်တံ့တံ့ အမျိုးလည်းသန့်သော မိန်းကလေးဆို၍ နှစ်ဦးသာလျှင် တွေ့ဖူးပါကြောင်း၊ တစ်ဦးမှာ မိမိ မန္တလေးမှာ နေစဉ်အခါက မောင်နှမအရင်းအချာကဲ့သို့ တစ်ဦးနှင့်တစ်ဦး အထူးကြင်နာမေတ္တာသက်ဝင်ချစ်ခင်စုံမက် နှစ်သက်ခဲ့ကြသည်မှာ နှစ်လရှည်ကြာပြီဖြစ်၍ နှစ်ဦးနှစ်ဝလုံး၏ အမိအဖတို့ကလည်း မိမိတို့နှစ်ဦးအား သဘောတူမျှ စိတ်ကကြံရွယ်လျက် ရှိနေကြဟန် လက္ခဏာရှိကြောင်းများကို ဝါကြွားလိုသော ဆန္ဒရှိသည့် မျက်နှာထားမပါစေဘဲ မိမိ၏အဒေါ်အရင်းအား အကြောင်းမျိုးစုံ ပြန်ကြားဘိသကဲ့သို့ တိုင်ပင်သလို ပြောဆိုလေ၏။

မသင်းကြည်၏ မိခင်လည်း မိမိသမီးအတွက် များစွာစိတ်နှလုံး မသာမယာဖြစ်ရှာသော်လည်း မိမိမှာ မိန်းကလေးရှင်ဖြစ်လျက် စကားခင်း၍ ပေးရသည်ကို မောင်သိန်းတင်သည် လူလိမ္မာကလေးတို့၏ သဘောပီပီ ထုယောင်အ,ယောင်လည်း မဆောင်၊ ဘေးတိုက်လည်း မကျစေအောင် စကားဖြင့်နောက်ဆုတ်မှန်းမသိ ဆုတ်၍သွားတတ်ပေသည်ကို ဝမ်းတွင်း၌ များစွာကျေးဇူးတင်မိလေ၏။ ဖခင်လုပ်သူ ထွက်၍လာလျှင် မောင်သိန်းတင်သည် ယခင်က စကားစပ်ကိုရပ်၍ အခြားစကားများကိုသာ ရယ်မောပြောဆိုပြီးလျှင် ဦးနှင့်အဒေါ်အား အခွင့်ပန်၍ အိမ်သို့ပြန်ခဲ့လေ၏။

မောင်သိန်းတင်၏မိဘတို့သည် နောက်နေ့နံနက်၌ မန္တလေးသို့ ပြန်သွားကြသော်လည်း မောင်သိန်းတင်သည် မသင်းကြည်တို့၏အိမ်သို့ ရှေးကကဲ့သို့ ဝင်ထွက်သွားရန် မသင့်မလျော်ဟု အောက်မေ့ပြီးလျှင် ရုံးမှ ပြန်သော်လည်း အိမ်၌သာလျှင် စာဖတ်၍နေလေ၏။

မောင်သိန်းတင်သည် မသင်းကြည်တို့၏အိမ်မှ ပြန်လာ၍ ၁၀ ရက် ခန့်ရှိရာ တစ်ညနေ မောင်သိန်းတင်သည် စားပွဲတွင်ထိုင်၍ မသိန်းရှင်ထံ သို့ပေးရန် စာတစ်စောင်ကို စီကုံးလျက်နေစဉ် ယခင်က တစ်ကြိမ်လာဖူးသော မသင်းကြည်တို့၏ အိမ်မှအစေခံသည် အိမ်ပေါ်သို့တက်လာ၍ အိမ်သို့ ခေတ္တလာရောက်ရန် အကြောင်းနှင့် စေခိုင်းလိုက်ကြောင်း ပြောလေလျှင် မည်သည့်အကြောင်း ရှိလေသနည်းဟု မေးမြန်းရာ မသင်းကြည်သည် အသည်းအသန်ဖြစ်၍နေကြောင်းနှင့် ပြောလေ၏။ မောင်သိန်းတင်လည်း မိန်းကလေးအား များစွာကရုဏာရှိလှသည်နှင့် ရေးနေသောစာကို ပိတ်ပြီးလျှင် ပျာယီးပျာယာနှင့် လိုက်လာရာ အိမ်ဦးခန်းတွင် အဖဖြစ်သူနှင့် တွေ့လေ၏။ မချမ်းသာသောမျက်နှာကိုမြင်လျှင် မောင်သိန်းတင်သည် စောစောက ကြိုတင်၍ မသိရခြင်းကြောင့် ဝမ်းနည်းပါကြောင်း၊ အစေခံ ပြောသလောက်လည်း ဟုတ်မည်မထင်၊ နေမကောင်းထိုင်မသာ ဖြစ်သည်ဟုသာလျှင် မျှော်လင့်ပါကြောင်းနှင့် ပြောလျှင် ဖခင်ဖြစ်သူသည် ဦးခေါင်းကို ယမ်းလျက် စကားတစ်ခွန်းမျှမပြောဘဲ မျက်ရည်ကိုသာလျှင် သုတ်လျက်နေလေ၏။ မောင်သိန်းတင်လည်း ဖခင်၏ ယူကျုံးမရ သောကမီးတောက်လောင်လျက်ရှိသော မျက်နှာထားကို မြင်သဖြင့် ထပ်၍ စကားမပြောဝံ့ဘဲ အပူမာတ် ရိုက်ပြီးလျှင် ငြိမ်ဝပ်စွာနေလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ ၅ မိနစ်ခန့်ကြာလတ်သော် ဖခင်ဖြစ်သူသည် မျက်ရည်များကို တစ်ဖန် သိမ်းဆည်းပြန်၍ မောင်သိန်းတင်အားလည်း အနီးသို့တိုး၍ ထိုင်စေပြီးလျှင်…

'ဦးတော့ ဘယ်လိုများ အပူကြီးပူလိုက်တယ်ဆိုတာ ပြောလို့ ပြနိုင်စရာတောင် မရှိပါဘူးမောင်ရယ်၊ သည်သမီးဟာ အစစအရာရာ အင်မတန် လိမ္မာရေးခြားရှိလွန်းလို့ ငယ်ငယ်ကတည်းက အလုံးစုံ ယုံကြည်ပြီး ငွေခန်း ကြေးခန်းမှစ၍ အရာရာ မျက်နှာလွှဲရတဲ့ သမီးကလေးပါ မောင်ရယ်။ လိမ္မာလိုက်တာများကလည်းလေ ငေါက်လို့တောင် ဆုံးမရတယ် မရှိဖူးဘူး။ မျက်နှာပြလိုက်တာနဲ့ တစ်ခါတည်း သိပြီးဖြစ်နေပြီ။ မိဘ မျက်နှာကဲများလည်း ဘယ်လောက်သိတတ်တယ် ပြောစရာ မရှိဘူး။ သြော် မသင်းကြည်ရေ… ငါ့သမီး မနေရတော့ဘူးနော်။ ငွေနဲ့များ အသက်ဝယ်လို့ရရင် ရှိတဲ့စည်းစိမ်အကုန်ပေးပြီး အဖေရော၊ အမေရော ကျွန်ခံလိုက်ပါသေးရဲ့ သမီးရယ်။ ဆရာဝန်များကလည်း သည်ရောဂါလောက်ကမှ မတတ်နိုင်ကြဘူးနော်။ သည်အရပ်ထဲမှာ သူများတကာလည်း ကျောက်ပေါက်ကြပါရဲ့။ ကျုပ်သမီးမတော့ စိတ္တဇရောဂါနဲ့ ယှဉ်ပြီးဖြစ်လို့မို့ ဆရာဝန်များက ကျောက်ရောဂါကလည်း သည်လောက်အတွက် မရှိ၊ စိတ်မကောင်းတဲ့ ရောဂါနဲ့ယှဉ်တဲ့ အတွက် သာပြီး ဆိုးတယ်လို့ ပြောကြတယ် မောင်ရယ်၊ မောင့်နယ် ရွှေဘိုကိုလာမှ လာပါပေတယ် မောင်ရယ်၊ သည့်ပြင် မြို့များ အလုပ်ရှားလို့လား'ဟု ပြောဆဲတွင် ခုနစ်နှစ် အရွယ် မိန်းကလေးတစ်ယောက်သည် ဖခင်အနီးသို့ လာ၍…

'ဖေဖေ မမ ဘာဖြစ်လို့တုံး၊ ကျွန်မ မကြည့်ရဘူးလား'

ဟု မေးလျှင် ဖခင်သည် ကလေးကို ကောက်ချီ၍ နမ်းရှုပ်ပြီးမှ မျက်နှာကို စေ့စေ့ကြည့်ပြီးလျှင်…

'ဒင်းကလေးတော့ ရှိသေးတယ်။ မျက်နှာပုံချင်းကလည်း ခပ်ဆင်ဆင်ပဲ။ သို့သော် အကင်းပါးပုံ၊ မိဘစကားနားထောင်ပုံများတော့ မတူနိုင်ဘူးထင်တယ် သမီးရယ်။ တကယ်တူပါဦးတော့ ဒင်းတို့ကတော့ ကောင်းစားမှ ပေါ်လာကြတဲ့ဟာတွေ၊ ဟိုဟာကလေးက ကောင်းအတူ ဆိုးအတူ၊ ဆင်းရဲဖော် ကောင်းစားဖက်၊ ကံတူ အကျိုးပေးလည်းဖြစ်တယ်။ ရှေးဟိုတုန်းက အမိအဖများ နွမ်းပါးလို့ တောင်သူလုပ်ရတုန်းကလည်း ထမင်းထုပ်ကလေး မနိုင့်တနိုင်နဲ့ လယ်တောလာပြီး ထမင်းပို့၊ အဖ လယ်ထွန်ရာက မောမောပန်းပန်း သစ်ပင်အောက် ထမင်းထုပ်ဖြေပြီး စားတော့ အနားက ထိုင်ပြီး ခေါင်းခုကလေးနဲ့ ကျောကချွေးများ သုတ်ပေးရင်း သည်ဟင်းရွက်ကလေးက ကျွန်မခူးတာ အဖေရဲ့။ သည်ငရုတ်သီးကလေးက ကျွန်မ ထောင်းခဲ့တာ အဖေရဲ့နဲ့ တွတ်တီးတွတ်တာ ပြောဖော် ရလိုက်တာလေ။ အဖေက ငါ့သမီး ငရုတ်သီးထောင်းနဲ့ ဟင်းရွက် ပြုတ်ကလေးက ကောင်းလွန်းလို့ အဖေ တယ်ထမင်းစားမြိန်တယ်လို့ ပြောလိုက်ရင်ပဲ ဝမ်းသာရှာလွန်းလို့လေ။ နက်ဖြန်ကျ သည့်ထက်များများ ခူးခဲ့ဦးမယ် အဖေရဲ့

တဲ့။ အဖေလုပ်တဲ့လူကကော ဟင်းရွက်ပြုတ်နဲ့ပေမဲ့ သမီးဟင်းရွက်ပြုတ်မို့ တကယ်ကို စားလို့မြိန်သဗျ။ သမီး အကြောင်းများတော့ ပြောလို့မဆုံးနိုင်ပါဘူး မောင်ရယ်'

ဟု ပြောရင်း မျက်ရည်များကို တစ်ဖန်သုတ်ပြီးလျှင် ကလေးကို အောက်သို့ချလိုက်ပြီးမှ…

'ကျုပ်သမီး တကယ် ကံဆိုးတယ် မောင်ရယ်၊ လိမ္မာတဲ့သမီးမို့ ထင်ပါရဲ့ အသက်မရှည်ရှာဘူး။ ကဲ ဒါနဲ့ မောင့်ပြောရဦးမယ်။ ဆရာဝန်ကြီးက ခုတင်က ပြောသွားတယ်။ နက်ဖြန်မိုးမလင်းမီဘဲ အသက်ပျောက်လိမ့်မတဲ့ ပြောသွားလို့ ဦးက သမီးဘာများ ပြောချင်သလဲမေးတော့ ဖေဖေတော့ မပြောဝံ့ဘူး၊ မေမေမှ ပြောချင်သတဲ့။ ဒါနဲ့ သူ့အမေ ခေါ်ပေးတော့ သူ့ကိုယ်သူ မနေရဘူးဆိုတာ သိပါတယ်တဲ့။ ဒါ့ကြောင့် မသေခင် မောင်နဲ့ တစ်ခါလောက် တွေ့ပါရစေတဲ့။ ကဲ… လာ၊ ဟိုအခန်းပါပဲ။ ဝင်သာ သွားပေတော့'

ဟု လက်ညှိုးညွှန်၍ ပြလိုက်လျှင် မောင်သိန်းတင်လည်း အိပ်မက် မက်နေရာမှ နိုး၍ လွတ်လိုက်ဘိသကဲ့သို့ ကယောင်ကတမ်းနှင့် ထ,သွားလေ၏။

အခန်းတွင်းသို့ ရောက်လျှင် နေလည်းဝင်ပြီဖြစ်၍ အခန်းတွင်း၌လည်း မီးမရှိသဖြင့် မှောင်လျက်နေသည်ကို မြင်လျှင် မောင်သိန်းတင်သည် ခြေသံမကြားအောင် ဖြည်းညင်းစွာ နင်း၍ လက်ဖြင့်စမ်းလျက်သွားရာ ခုတင်တစ်ခုကို ကိုင်မိလေ၏။ ၄င်းနောက် ရှိုက်၍ ငိုနေသည့် အသံကို ကြားလေလျှင်…

'မငိုပါနဲ့ မေမေရယ်၊ ကျွန်မအတွက်တော့ မပူကြပါနဲ့။ ကျွန်မ မွေးကတည်းက စပြီး အမိအဖစကားကိုလည်း ဘယ်အခါမဆို နားထောင်ခဲ့ပါတယ်။ မကောင်းမှု ဒုစရိုက်ဆိုရင်လည်း မုသားတောင် မပြောဖူးဘူး။ ဥပုသ်သီတင်းလည်း ဆောက်တည်ခဲ့တယ်။ သည်တော့ ကျွန်မ အမှန် ကောင်းရာရောက်မှာပဲ။ မေမေတို့ ဖေဖေတို့ ကျွန်မအတွက် ဘာမှ စိတ်မပူကြပါနဲ့'

ဟု အသံယဲ့ယဲ့ဖြင့် ပြောသည်ကို ကြားလျှင် မောင်သိန်းတင်လည်း အမိအဖကို မဆိုထားနှင့် ငါပင်လျှင် နှမြောလိုက်ပါဘိ၏ဟု အောက်မေ့လေ၏။ မိခင်ဖြစ်သူလည်း မောင်သိန်းတင် ဝင်လာသည်ကိုသိ၍ ခုတင်နံဘေးတွင် ထိုင်နေရာမှ ထ,သွားပြီးလျှင် အခန်းပေါက်တွင် ရပ်လျက်နေလေ၏။ မောင်သိန်းတင်လည်း အမိထ,သွားသော နေရာတွင် ဝင်၍ ထိုင်ရာ မသင်းကြည်သည် လက်ဖြင့် စမ်းသပ်၍ …

'ဘယ်သူလဲ၊ မေမေလည်း မဟုတ်ပါဘူး။ ဖေဖေလား'

ဟု မေးရာ 'မောင်သိန်းတင်'ဟု ပြန်ပြောလိုက်လေ၏။

'သြော် ကိုသိန်းတင်လား'ဟု ပြော၍ အတန်ကြာ စကားမပြောဘဲ ဆိုင်းနေပြီးလျှင်…

'ကျွန်မဘဝက တယ်ပြီး သီလနည်းခဲ့တယ် ကိုသိန်းတင်ရယ်၊ အခုတော့ဖြင့် သီလနည်းတာလည်း ခပ်ကောင်းကောင်းပဲ ထင်ပါရဲ့လေ။ နေတယ်လို့လည်း အကျိုးမရှိပါဘူး။ ဒါနဲ့



www.burmeseclassic.com

www.burmeseclassic.com

ရှင့်မန္တလေးက မိန်းကလေးနာမည်က ဘယ်သူတဲ့'

'မသိန်းရှင်တဲ့'

'သြော်... မောင်သိန်းတင်-မသိန်းရှင်၊ နာမည်ချင်းက ဖြင့် တယ်လိုက်ပါပေတယ်ရှင်။ လူချင်းဖြင့် မဆိုနိုင်ပေဘူး။ မသိန်းရှင်က ချောရင်ဖြင့် လိုက်မှာပေါ့။ ချောရဲ့မဟုတ်လား'

'သနားကမားရှိတယ်လို့ အများကဖြင့် ပြောကြပါတယ်'

'ကျွန်မ ကြည့်စမ်းချင်တယ်ရှင်၊ သည်မိန်းကလေး အင်မတန် လှမှာပဲနော်။ သူများတကာတော့ မနာလိုဝန်တိုဖြစ်တတ်တယ် မဟုတ်လား။ ကျွန်မမှာတော့ မနာလိုလို့လည်း အလကားပါပဲရှင်။ တကယ်လို့ နေရသည်တိုင်အောင် ဝန်တိုတဲ့စိတ် မရှိတတ်ပါဘူးရှင်။ နာမည်ကလေး ကြားရတာနဲ့ပဲ အင်မတန် ချစ်ပြီး ကိုသိန်းတင် မေတ္တာရှိတဲ့ မိန်းကလေးဆိုတာနဲ့ ကျွန်မက လည်း မေတ္တာရှိပါတယ်ရှင်။ တစ်ခါလောက် မြင်ချင်လိုက်တာနော်'

'တစ်နေ့တော့ မြင်ရပါလိမ့်မယ် မသင်းကြည်ရယ်၊ ဟိုကလည်း မသင်းကြည်မြင်ရင် ချစ်ခင်မှာပါပဲ။ ကျွန်တော် သိပါတယ်'

ဟုပြောလျှင် မသင်းကြည်သည် ပြန်၍မပြောဘဲနေရာမှ ရှိုက်၍လာသည်ကို မောင်သိန်းတင်ကြားလျှင်-

'ဘာဖြစ်သလဲ မသင်းကြည်၊ မနေသာလို့လား'

'ကျွန်မအကြောင်း ရှင်က မသိရှာသေးဘူးနော်၊ ကျွန်မ သေရတော့မယ် ကိုသိန်းတင်ရဲ့။ မနေရဘူး၊ နေရသည်တိုင် အောင်လည်း ကျွန်မ မသိန်းရှင်ကို မမြင်နိုင်တော့ဘူး။ လက် ပေးစမ်း ကိုသိန်းတင်၊ သည်မှာ ကဲ သိပြီလား'

ဟုပြောလျှင် မောင်သိန်းတင်သည် တစ်ကိုယ်လုံး တုန်လှုပ်၍သွားလေ၏။ (တုန်လှုပ်ခြင်းအကြောင်းမှာ မသင်းကြည်သည် မောင်သိန်းတင်၏လက်ကို ယူ၍ မိမိ၏မျက်နှာကို စမ်း၍ကြည့်စေလျှင် တစ်မျက်နှာလုံး အမာရွတ်ပြီးလျက် ရှိသည်ကို စမ်းမိရသည့်ပြင် မျက်လုံးရှိရာကို စမ်းမိသောအခါ၌ လည်း မျက်ခွံတို့သည် မျက်စိအိမ်ခံမရှိသဖြင့် ပျော့လျက်ဝင် သွားသည်ကို စမ်းမိခြင်းကြောင့် ဖြစ်လေသည်။) မောင်သိန်း တင် တုန်လှုပ်သည်ကို မသင်းကြည် သိလျှင်-

'ကြောက်သလားရှင့်၊ ကြောက်စရာမရှိပါဘူး၊ ဆရာဝန် ကြီးက ပြောသွားပါတယ်။ သည်အနေရောက်မှတော့ မကူး တတ်ဘူးဆိုလို့ ကျွန်မ ကိုသိန်းတင်ကို အခေါ်ခိုင်းလိုက်ပါ တယ်။ အခု ကိုသိန်းတင် ရောက်လာတော့လည်း ကြည့်ချင်လို့ မှ မမြင်နိုင်တော့ဘူး ကိုသိန်းတင်ရေ့'

ဟု ပြောပြန်လျှင် မောင်သိန်းတင်လည်း ကူးမည်ကြောက် ၍ တုန်လှုပ်သည်မဟုတ်ကြောင်း၊ အကယ်၍ပင် ကူးတတ် စေကာမူ မသင်းကြည်က တွေ့လို၍ အခေါ်ခိုင်းသည်ကို တစ်သက်မျှမက ၁၀ သက်ပင် ဆက်၍သေသော်လည်း ရဲဝံ့စွာ လာမည်ဖြစ်ကြောင်းတို့ကို ငိုသံပါနှင့် ပြောလေလျှင်-

'ကိုသိန်းတင်က သေဝံ့ပေမဲ့ ကျွန်မကလည်း အသေမခံ နိုင်ဘူး။ မသိန်းရှင်ကလည်း အသေမခံနိုင်ပေဘူးရှင့်။ နောက် မသိန်းရှင်နဲ့ တွေ့တဲ့အခါ သည်က ကံဆိုးမ မသင်းကြည်က လေးက လင်နဲ့မယား ချစ်ချစ်ခင်ခင်နဲ့ အိုအောင်မင်းအောင် ပေါင်းရပါစေလို့ မသေခင် ဆုတောင်းသွားတဲ့ အကြောင်းများ လည်း ပြောလိုက်ပါရှင့် နော်'

ဟုပြောလျှင် မောင်သိန်းတင်သည် တစ်သက်တွင် ဤမျှ လောက် ဝမ်းမနည်းဖူးသလောက် ချုပ်တည်းဖြေဆည်၍ မရနိုင် လောက်အောင် ဝမ်းနည်းပြီးလျှင် ရှိုက်ကြီးငင်ကြီးနှင့် ငိုမိလေ၏။

'မငိုပါနဲ့ ကိုသိန်းတင်၊ ကျွန်မအကြောင်းနဲ့ ကျွန်မ၊ သူ့ ကုသိုလ်နဲ့သူ ဖြစ်ရတာမဟုတ်လား။ ကျွန်မဖြင့် ဒီလိုဖြစ်လို့ တယ်ကြီးဝမ်းမနည်းလှပေဘူးရှင့်။ ဖြေမရတာတစ်ခုတည်းရှိ တယ်။ အခု သည်အခန်းဟာ မှောင်ပြီး နေတယ်မဟုတ်လား။ ဒါ ဘာပြုလို့ တမင်မှောင်အောင်လုပ်ထားသလဲ သိလား။ ကျွန်မမျက်နှာကို ရှင် စမ်းကြည့်တယ်မဟုတ်လား။ ခုတင်က ဘယ့်နှယ်နေသလဲ တွေးမိရဲ့မဟုတ်လား။ မျက်နှာကလည်း ကျောက်ပေါက်နာတွေနဲ့၊ မျက်လုံးကလည်း ဟောက်တောက် ကန်း၊ ဆံပင်တွေကလည်း မရှိ၊ အင်မတန် ရုပ်ပျက်ဆင်းပျက် ဖြစ်ရတယ်ရှင့်။ သည်တော့ သည်ကဲ့သို့ ရုပ်ပျက်ဆင်းပျက်ဖြစ် နေတာကို ကိုသိန်းတင်မြင်မှာ ကျွန်မ ရှက်လို့ အခန်းကို တမင်မှောင်ချပြီးထားတယ်။ သည်ဟာ ဘယ့်နှယ်စိတ်လည်း ကျွန်မ မပြောနိုင်ဘူးရှင့်။ တော်တော်ကြာပဲ သေရတော့မယ်။ သေရမယ့်ဆဲဆဲမှာတောင် ကိုသိန်းတင် မြင်မှာ ရှက်ရသေး တယ်။ သည်ဟာတစ်ခုပဲ ကျွန်မ စိတ်ကို ကျွန်မ မနိုင်တယ်။ ကဲ... ကဲ၊ မေမေတို့ ဖေဖေတို့ကိုလည်း ကျွန်မ နှုတ်ဆက်ရဦး မယ်။ ပြန်ပေဦးတော့ရှင့်၊ အခုတင်က ကျွန်မမှာတာ မမေ့နဲ့နော်၊ ပြောဖြစ်အောင် ပြောလိုက်ပါ။ ကဲ မေမေ့အရင် တစ်ဆိတ်လွှတ် လိုက်ပါရှင်'

ဟုပြောလျှင် မောင်သိန်းတင်လည်း ခုတင်နံဘေးတွင်ရပ် လျက် ရုတ်တရက် ထွက်၍မသွားနိုင်သေးဘဲ သနားလွန်းမက သနားပြီးလျှင် မည်သည့်စိတ်ရသည်မသိ၊ မျက်ရည်စက်လက် နှင့် မသင်းကြည်၏ နဖူးကလေးကို လက်ဖြင့်စမ်း၍ နမ်းရှုပ်ပြီး အခန်းပြင်သို့ ထွက်သွားလေ၏။

နက်ဖြန်နံနက် ရုံးတက်ချိန်ရောက်လျှင် မောင်သိန်းတင် သည် ရုံးသို့ တစ်ခါတည်း မသွားနိုင်သေးဘဲ မသင်းကြည်တို့ ၏ အိမ်အနီးမှရပ်လျက် အကဲခတ်နေရာ တစ်အိမ်လုံး ကျွက် ကျွက်ညံ ငိုကြွေးမြည်တမ်းနေကြသည်ကို ကြားသဖြင့် သက်ပြင်းချပြီးလျှင် ရုံးသို့သွားလေ၏။ ရုံးသို့ရောက်လျှင် အလုပ်လုပ်ရန် များစွာစိတ်မပါဘဲ စာရွက်တို့ကိုသာ လှန်လျက် နေစဉ် ကြေးနန်းစာပို့ကုလားသည် သံကြိုးတစ်စောင်ကို ကိုင် လာပြီးလျှင်-

'မောင်သိန်းတင် ဆပ်'

ဟု မေး၍ မောင်သိန်းတင်အား ပေးလေ၏။ မောင်သိန်း တင်လည်း မည်သူ့ထံမှ ကြေးနန်းဖြစ်သနည်းဟု တွေးတော



www.burmeseclassic.com

www.burmeseclassic.com

လျက် ဖွင့်၍ကြည့်ရာ 'အမြန်လာပါ၊ ယနေ့မရောက်လျှင် မြင်ရတော့မည်မဟုတ်' ဟု ပါရှိသော မသိန်းရှင်၏ထံမှ ကြေးနန်းဖြစ်သည်ကို တွေ့မြင်ရလေ၏။ မောင်သိန်းတင်သည် ကြေးနန်းစာကို အိတ်ထဲသို့ထည့်ပြီးလျှင် စာရေးကြီး လုပ်သူလည်း ရုံးသို့မရောက်သေးသည်နှင့် ဝရန်တာတွင် လမ်းလျှောက်လျက် စောင့်နေရာ ရထားအချိန်နီးလှပြီဖြစ်၍ မြင်းရထားတစ်စီးကို ခေါ်ပြီးလျှင် စာရေးကြီးအိမ်သို့သွားလေ၏။ အိမ်သို့ရောက်လျှင် စာရေးကြီးက အလုပ်ဝင်စအခါဖြစ်သဖြင့် အခွင့်မပေးနိုင်ကြောင်း ပြောလျှင် မောင်သိန်းတင်လည်း 'အခွင့်မပေးနိုင်ရင် ခင်ဗျားအလုပ်နဲ့ ခင်ဗျား နေရစ်တော့' ဟုပြော၍ မြင်းရထားပေါ်သို့ တက်သွားလေ၏။ ၎င်းနောက် 'စတေရှင်ကိုကျောင်း' ဟု ကုလားကိုပြောပြီးလျှင် မြင်းရထားပေါ်တွင် အနည်းနည်းအဖုံဖုံ ဆင်ခြင်တွေးတောလျက် မည်သည့်အကြောင်းကြောင့် ဤမျှလောက် အရေးတကြီးရိုက်ကြားရလေသည်ကို စဉ်းစားလာရင်း မြင်းရထားလည်း ရပ်လေ၏။ မောင်သိန်းတင်လည်း မြင်းရထားမှ ခုန်ဆင်းပြီးလျှင် လက်မှတ်ယူမည်ဟု ကြည့်လိုက်ရာ ဘူတာရုံမဟုတ်၊ ဆေးရုံသို့ရောက်လာကြောင်း သိရလေ၏။ ဘူတာရုံသို့ မောင်းရန် ပြောသည်ကို အဘယ်ကြောင့် ဆေးရုံသို့မောင်း၍ လာရသနည်းဟု ကုလားအား ဆဲရေးကြိမ်းမောင်း၍ ဘူတာရုံသို့ အမြန်မောင်းရန်ပြောပြီးလျှင် နာရီကို ကြည့်လိုက်ရာ ၁၁ နာရီထိုးရန် ၁၀ မိနစ်သာလိုကြောင်း တွေ့ရလေ၏။ ရွှေဘိုမှ မန္တလေးသို့သွားသော နောက်ဆုံးရထားသည် ၁၁ နာရီတိတိတွင် ထွက်သည်ဖြစ်၍ မီမှမီပါဦးမည်လားဟု အောက်မေ့လျက် ကုလားကိုလည်း ဆဲရေးတိုင်းထွာပြီးလျှင် မြင်းကို ကဆုန်မောင်းစေ၏။ ဘူတာရုံသို့ရောက်လျှင် မောင်သိန်းတင်သည် မြင်းရထားပေါ်မှဆင်းပြေး၍ တဖြည်းဖြည်း ထွက်နေသော ရထားပေါ်သို့ မီးရထားတွဲကို ဖမ်း၍တက်မည်ပြုရာ မြင်းရထားကုလားက အခမရသေးသည်နှင့် ဆွဲ၍ထားသောကြောင့် မတက်နိုင်ဘဲ မီးရထားလည်း ထွက်သွားလေ၏။ မောင်သိန်းတင်လည်း မြင်းရထားကုလားအပေါ်၌ များစွာ အမျက်ဒေါသထွက်သဖြင့် လည်ကို အစ်ပြီးလျှင် ထိုးမည်ပြုရာ ပုလိပ်တို့က တောင်းပန်သဖြင့် မထိုးလိုက်ရဘဲ ဆွေ့ဆွေ့ခုန်၍ ကျန်ရစ်လေ၏။

နောက်တစ်နေ့၌ မောင်သိန်းတင်သည် နံနက်အစောရထားကို မီစေရန် သန်းခေါင်ကျော်ကပင် ဘူတာရုံသို့သွား၍ စောင့်ပြီးလျှင် နံနက် ၄ နာရီရထားနှင့် လိုက်ပါသွားလေ၏။ (မီးရထားသည် ပေါက်ကုံဘူတာနှင့် ဝက်လက်ဘူတာအကြားသို့ ရောက်လျှင် လမ်းချော်၍ကျသဖြင့် ရထားတစ်စင်းလုံး မှောက်ပြီး များစွာခရီးကြန့်ကြာသည့်အကြောင်းများကို ၎င်းနှစ်သတင်းစာတို့တွင် ပါရှိလေသည်။) မောင်သိန်းတင်မှာ ဒဏ်ရာအနာတရ ထိခိုက်ခြင်းမရှိသော်လည်း ရောက်လိုလှသည့်အရပ်ကို မရောက်နိုင်ဘဲ နှောင့်နှေးခြင်းဖြစ်ရလေသည့်အတွက် လွန်စွာ စိတ်နှလုံးမချမ်းသာဘဲ အခြားခရီးသည်တို့နှင့်အတူ စောင့်ဆိုင်း၍ မနေမူ၍ စစ်ကိုင်းသို့ရောက်အောင် ခြေကျင်လျှောက်မည်အကြံနှင့် ထွက်လာခဲ့လေ၏။ ပေါက်ကုံဘူတာအလွန်တွင် စစ်ကိုင်းမှ သံကြိုးရရှိသဖြင့် ခရီးသည်တို့ကို တင်ယူရန် အမြန်လာသော ရထားနှင့် တွေ့လျှင် မောင်သိန်းတင်မှာ ပေါက်ကုံ ဘူတာနှင့် အတန်ကွာနေပြီဖြစ်၍ ပြန်၍လည်း မသွားနိုင်ဘဲ ခက်ခဘူတာတွင် တွေ့ဆုံကောင်းပါ၏ဟု အမြန်လျှောက်လျက် လာခဲ့လေ၏။ ခက်ခဘူတာနှင့် တစ်မိုင်ခန့်အကွာတွင် မိမိတွေ့လိုက်သောရထားသည် မိမိနှင့်အတူလာသူခရီးသည်တို့ကို တင်ဆောင်၍ ပြန်လာသည်ကို တွေ့ပြန်လျှင် ကဆုန်ချ၍ အမီလိုက်ပါသော်လည်း ခရီးကလည်းပန်း၊ စိတ်ကလည်း မချမ်းသာသည်ဖြစ်၍ အနည်းငယ်ပြေးမိလျှင် မောပန်းသည်နှင့် တဖြည်းဖြည်းသာလျှင် လာခဲ့ရလေ၏။ ခက်ခဘူတာ အလံတိုင်သို့ရောက်လျှင် မီးရထားလည်း ထွက်ရန် အလံပြနေပြီးဖြစ်၍ ရထားကို ရပ်ဆိုင်းရန် ဟစ်အော်၍ ပြေးသွားပါသော်လည်း မိမိနှင့် ပေ ၅၀ ကွာလောက်တွင် ရထားလည်း ထွက်သွားလေ၏။

၎င်းတစ်ကြိမ် မီးရထားနှင့်လွဲပြန်လျှင် မောင်သိန်းတင်မှာ မိမိကိုယ်ကို မြေပေါ်သို့သာ လှဲ၍ငိုလိုက်ချင်သော်လည်း မတင့်တယ်သဖြင့်သာ စိတ်ကို ချုပ်တည်း၍ ဘူတာရုံဝရန်တာကို မှီလျက် ထိုင်နေရပြန်လေ၏။ မောင်သိန်းတင်၏စိတ်၌ ငါသည် ဤမျှလောက် ဒုက္ခခံပါလျက်နှင့် တစ်ကြိမ်မှနှစ်ကြိမ် အလွဲလွဲအချော်ချော် ဖြစ်ရခြင်းအကြောင်းမှာ မသိန်းရှင်နှင့်လွဲစေဖို့ အတိတ်နိမိတ်ပေတည်းဟု အောက်မေ့လျက် အားကို လျှော့မည်ဟု ကြံဆဲတွင်မှ ယောကျ်ားတို့မည်သည် လုံ့လဝီရိယကို မလျှော့ကောင်းဟု အားတင်းပြီးလျှင် သွားရင်းပင် ခြေတို၍ သွားသော်လည်း မန္တလေးသို့ ယနေ့မရောက်လျှင် မနေဟု ဆက်လက် သွားပြန်လေ၏။

မီးရထားပျက်သောနေရာနှင့် စစ်ကိုင်းမြို့မှာ မိုင်ပေါင်း ၂၀ ကျော်ခန့် ဝေးကွာလေ၏။ မောင်သိန်းတင်မှာ နားချည်တစ်လှည့်၊ သွားသည်တစ်ဖုံ၊ ကဆုန်ပြေး၍လည်းတစ်မျိုးနှင့် လာခဲ့ရာ ညနေ ၅ နာရီအချိန်ခန့်တွင် စစ်ကိုင်းဘူတာရုံသို့ ရောက်လေ၏။ ရွှေကြက်ယက်ဘက်သို့ ကူးတို့ဖြင့် ကူးသော်လည်း ရထားမရှိကြသဖြင့် မန္တလေးဆိပ်ကမ်းသို့အရောက် သမ္ဗန်ငှားပြီးလျှင် သမ္ဗန်သမားကိုလည်း ကြေးငွေအပိုပေး၍ မရပ်မနားဘဲ ခတ်စေရာ ၈ နာရီခွဲအချိန်တွင် ဂေါဝိန်ဆိပ်သို့ ဆိုက်လေ၏။ ဓာတ်ရထား ပေါ်သို့တက်မိလျှင် လူလေးငါးဦးတို့ ပြောနေကြသည်မှာ-

တစ်ဦးသောသူက 'ကျွန်တော်တို့အရပ်နားက မိန်းကလေး တစ်ယောက်အကြောင်း ကြားပြီးပြီလား'

အခြားတစ်ဦးက 'မကြားရသေးဘူး ဘာဖြစ်လို့လဲ'

ပထမလူက 'ပွဲစားဦးဘမောင် သမီးကလေးပေါ့ဗျာ ရုတ်တရက် သေသွားရှာသတဲ့'

ဟုပြောလျှင် မောင်သိန်းတင်သည် လုံ့နှင့်ချီလိုက်



www.burmeseclassic.com

www.burmeseclassic.com

သကဲ့သို့ ထိုင်ရာမှ ခုန်ထ၍ ပြောနေသူအနီးသို့ ရွှေ့ထိုင်ပြီးလျှင်-

'ပြောစမ်းပါဦးခင်ဗျာ၊ ဘယ်သူလဲ၊ ဘယ်ပွဲစားလဲ၊ သမီးနာမည်က ဘယ်သူလဲ'

ဟုမေးလျှင် ပထမပြောနေသူက 'အလို… ကိုသိန်းတင်လား၊ ခင်ဗျားတို့ အိမ်နီးချင်းပေါ့ဗျာ။ ခင်ဗျားမသိသေးဘူး။ သြော်… ခင်ဗျားက ရွှေဘိုသွားနေတာကိုး။ ဘယ်တော့က ရောက်သလဲ'

'ကဲပါဗျာ၊ ခုတင်ကအကြောင်း ပြောစမ်းပါဦး'

'သြော်… မသိန်းရှင်ကလေးလား၊ ဒီလိုဗျ၊ ပွဲကတော် ဒေါ်သာယာရဲ့မောင် တစ်ဝမ်းကွဲတစ်ယောက်က ပျဉ်းမနားက လာလည်ပြီး ပွဲစားကြီးအိမ်မှာပဲ တည်းတာကိုးဗျ။ သူ့မှာလည်း သားကလေးတစ်ယောက် ပါလာတယ်။ ပိုက်ဆံကလေးကလည်း တော်တော်ရှိတယ်ထင်ပါရဲ့။ ဒါနဲ့ လေးငါးရက်လောက်ရှိတော့ မောင်နှမနှစ်ယောက် တိုင်ပင်ကြတာပေါ့လေ။ ဆွေချင်းခြံတော့လုံ၊ မျိုးချင်းထပ်တော့ မြတ်တယ်လို့ သဘောရပြီး မောင်နှမချင်း လက်ဆက်မယ်လို့ ကြံကြတာပေါ့။ ခင်ဗျားတို့ ဘတော်ကြီးများတောင် တိုင်ပင်သေးတယ်ဆိုတာပဲ။ ကောင်ကလေးမိဘများက ငွေ ၃,၀၀၀ ကျပ် တင်ရမတဲ့။ စီမံနေကြတဲ့အတောအတွင်း အမေလုပ်တဲ့ဟာကတော့ သမီးဆိုတာ သူပြီးရင်ပြီးတယ်လို့ လုံးလုံးတောင် မတိုင်ပင်ဘူးဆိုထင်ပါရဲ့။ ဒါနဲ့ သမီးက ရိပ်မိလို့ သဘောမကျတဲ့အကြောင်း ပြောတော့ ကောင်ကလေးက ဘာမျှဆိုစရာမရှိတဲ့အပြင် ဆွေမျိုးချင်းလည်းဖြစ်တဲ့အတွက် ငြင်းပယ်ဖို့မရှိတဲ့အကြောင်း ပြောပြီး ဖိတ်စာတွေဘာတွေရိုက်၊ ခန်းဝင်ပစ္စည်းတွေ ဘာတွေဝယ်၊ ဒီကနေ့ည တောင်းဖို့ရမ်းဖို့ပေါ့။ မိန်းကလေးက ဒီကနေ့ညနေ ၆ နာရီလောက်မှာပဲ ရုတ်တရက် သေသွားရှာတယ်တဲ့။ တစ်ရပ်လုံး ကျွက်ကျွက်ဆူလို့'

ဟု ပြောလျှင်'သေရှာပြီလားဗျာ'ဟု မောင်သိန်းတင်က မေးရာ-

'ကျွန်တော်ကြားတုန်းကတော့ မသေရှာသေးဘူး၊ ဆရာဝန်တွေ ဘာတွေ ဝိုင်းနေတာပဲ။ သို့သော် ရမယ်လို့တော့ မထင်ပါဘူးဗျာ၊ ဒါမျိုး တယ်ခက်တာပဲ'

ဟုပြောသည်ကို မောင်သိန်းတင်ကြားလျှင် ဓာတ်ရထားကိုပင် နှေးသည်ဟု အောက်မေ့၍ ခရီးပန်းလာသည်ကိုမှ သတိမရဘဲ ဆင်း၍သာလျှင် ပြေးလိုက်ချင်၏။

ဓာတ်ရထားမှဆင်းလျှင် မောင်သိန်းတင်သည် မသိန်းရှင်၏ အိမ်သို့ တစ်ဟုန်ထိုး ပြေးသွားပြီးလျှင် အိမ်ရှေ့မှ အကဲခတ်လျက်နေရာ တစ်အိမ်လုံး ဆိတ်ငြိမ်စွာရှိသဖြင့် အနည်းငယ်အားတက်၍ အနီးသို့ ချဉ်းကပ်ပြီးလျှင် အိမ်ပေါ်မှဆင်းလာသူ အဒေါ်ကြီးတစ်ယောက်အား မေးမြန်းစုံစမ်းရာ အဒေါ်ကြီးက 'အလို မောင်သိန်းတင်လား'ဟုပြော၍ လက်ပြပြီးလျှင် အိမ်ပေါ်သို့ တက်သွားပြန်လေ၏။ အတန်ငယ်ကြာလျှင် မသိန်းခင်လည်း အိမ်ပေါ်မှ ဆင်းလာ၍ မောင်သိန်းတင်၏ လက်ကိုဆွဲပြီးလျှင် 'မောင့်ကို ခဏခဏမေးနေသည်'ဟုပြော၍ အိမ်ပေါ်သို့ တွန်းတင်လိုက်လေ၏။ မောင်သိန်းတင်လည်း လှေကားကို နင်းရသည်မထင်ဘဲ အိမ်ပေါ်သို့တက်သွားလျှင် အမိအဖတို့သည် တစ်ထောင့်၌ မျက်နှာချင်းဆိုင် မှိုင်နေကြသည်။ ဦးဘမောင်နှင့် ဆရာဝန်ကြီးတို့လည်း တစ်ဦးနှင့်တစ်ဦး တီးတိုးတိုင်ပင်ကြလျက်ရှိသည်။ မောင်သိန်းတင်လည်း ခုတင်ပေါ်တွင် ပက်လက်ကလေး မောလျက်နေသည်ကိုမြင်လျှင် ဝမ်းတွင်း၌ရှိသော နှလုံးသားတို့သည် လည်ချောင်းသို့ အကုန်လာ၍ ဆို့ဘိသကဲ့သို့ အသက်ရှူမှားလျက် ခုတင်အနီးသို့သွား၍ ဒူးထောက်ပြီးလျှင် မသိန်းရှင်၏ မျက်နှာကိုစေ့စေ့ကြည့်နေလေ၏။ မသိန်းရှင်လည်း မျက်စိကိုမှိတ်နေရာမှ ရုတ်တရက် ဖွင့်ကြည့်ပြီးလျှင် အလွန်တရာ ဝမ်းသာအားရရှိသော မျက်နှာထားဖြင့် 'ခုမှလာသလား ကိုသိန်းတင်'ဟု သဲ့သဲ့ကလေးပြောပြီးလျှင် ရင်ကိုလက်ဖြင့်ဖိ၍ မျက်စိကို ပြန်မှိတ်သွားလေ၏။ ဆရာဝန်ကြီးလည်း သတိရလာသည်ကို မြင်သဖြင့် အနီးသို့လာပြီးလျှင် အတန်ကြာစိုက်ကြည့်နေရာ မသိန်းရှင်လည်း မလှုပ်ရှားဘဲနေလေလျှင် ဦးခေါင်းကိုခါ၍ အိမ်ပေါ်မှ ဆင်းသွားလေ၏။ မောင်သိန်းတင်လည်း အဘယ်ကြောင့် ကြာရှည်စွာ မလှုပ်ရှားဘဲ နေဘိသနည်းဟု လက်ကလေးကို ကိုင်လိုက်ရာ အေး၍နေသည်ကို စမ်းမိလျှင် ဝမ်းထဲမှ အစာလည်းမရှိ၊ ခရီးကလည်း ပန်းနေသည့်အတွင်း ချစ်လှစွာသော ရည်းစားသည် မျက်စိအောက်တွင် အသက်ပျောက်၍ သွားချေပြီတကားဟု သတိလစ်၍ လဲသွားလေ၏။

သတိရ၍ မျက်စိကိုဖွင့်ကြည့်သည့်အခါ အမိအဖတို့သည် အိပ်ရာကို တစ်ဖက်တစ်ချက်တွင် ထိုင်လျက် 'လူကလေး၊ လူကလေး'ဟု ခေါ်နေကြသည်ကို ကြားသဖြင့် ရုတ်တရက် အိပ်ရာမှ လူး၍ထပြီးလျှင် 'ဖေဖေတို့ မေမေတို့ ကျွန်တော် အိပ်မက် မက်လိုက်တာ မေမေရယ်။ သြော်… အစသတ်တော့ အကုန်လုံး အိပ်မက်ပါကလား။ ဟီး…ဟီး…ဟီး၊ ဟော ပြတင်းပေါက်က လက်ယပ်ခေါ်တာဘယ်သူလဲ၊ မသိန်းရှင် မဟုတ်လား၊ အဟုတ်သားပဲ။ လာမယ်ဟေ့ မသိန်းရှင်ရေ့၊ မောင်လာပြီ'ဟုပြော၍ ပြတင်းပေါက်ဆီသို့ အတင်း ရုန်းထွက်သွားပြီးလျှင် အိမ်ပေါ်မှ ခုန်ချလိုက်လေ၏။

(မောင်သိန်းတင်မှာ ယခုအခါ အနောက်ဘက် စစ်ကိုင်းတောင်ရိုး ဣန္ဒာသယချောင်တွင် ပဉ္စင်းအဖြစ်ဖြင့် သီတင်းသုံးနေရာ စကားစပ်မိကြသဖြင့် ရှေးဟောင်းနှောင်းဖြစ်များ ပြန်လှန်ပြောဆိုသည်နှင့် ကြားသိခဲ့ရသည့်အတွက် ၎င်းထံ အခွင့်လျှောက်တောင်းပြီးလျှင် ဤသတင်းစာတွင် ရေးသား ထည့်သွင်းခြင်းဖြစ်ပါကြောင်း။)

■

**ရွှေဥဒေါင်း**

*၁၉၁၇ ခုနှစ်၊ မတ်လ၊ သူရိယမဂ္ဂဇင်း*



www.burmeseclassic.com

www.burmeseclassic.com




ဒီမလေ့ကြီးကို
ဘယ်တုန်းက စ,ခဲ့တာလဲ။
ဘယ်သူက စ,ခဲ့တာလဲ။
ဘာရည်ရွယ်ချက်လဲ။
ကျိန်စာတိုက်ခဲ့တာလား။
သစ္စာဆိုခဲ့တာလား။
ဘယ်သူကမှ တိတိကျကျ
မပြောနိုင်ကြပေမဲ့
ဘိုးဘေးဘီဘင်
လက်ထက်ကနေ
အခုထိ အပျက်အစီးမခံ၊
မကျိုးပေါက်စေဘဲ
ဆက်လက်
လိုက်နာကျင့်သုံး
နေကြတာ အံ့တော့
အံ့သြစရာပဲ။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

တစ်ပြည်လုံးမှာလည်း ဒီစနစ်မျိုး ကျင့်သုံးနေတာ ဒီတစ်ရွာပဲ ရှိမယ်ထင်ပါရဲ့။

❑

'ဝင်းစိုး'က မြို့ကလေးရဲ့ အရှေ့လက်မှာနေတာ။ 'ချိုချို'က မြို့ကလေးရဲ့ မြောက်လက်မှာနေတာ။ သူတို့နှစ်ဦးစလုံး အပျံသင်စ အချစ်ငှက်ငယ်လေးတွေပီပီ အမြင့်ပျံကြည့်လိုက်၊ လေဟုန်စီးလိုက်၊ စမ်းရေသောက်လိုက်၊ တေးသီလိုက်နဲ့ လောကကြီးကို ရင်တဖိုဖိုနဲ့ လှေ့လာနေဆဲ မြို့ကလေးရဲ့ 'ရွှေစည်းခုံ'ဘုရားပွဲတော်ကြီးမှာ အချစ်ဝိညာဉ်လေးနှစ်လွှာ သမုဒယနှောင်ကြိုးမျှင်မှာ ရစ်ပတ်မိသွားကြတော့တယ်။

အချစ်ဆိုတာ တေးသံအားလုံးထက် ချိုတယ်။ အချစ်ဆိုတာ ဆောင်းတွင်းလေထက် အေးမြတယ်။ အချစ်ဆိုတာ နှောင်ကြိုးအမျိုးမျိုးထက် ခိုင်မြဲစွာ ချည်နှောင်တတ်တယ်။ အချစ်ဆိုတာ…။

အချစ်ဆိုတာ… သူ့ထက်ပိုတာ၊ ကဲတာ ဘာမှမရှိဘူးဆိုတာ ငှက်ကလေးတွေ သိသွားပြီ။ ဘုရားပွဲဆိုတာ တစ်နှစ်မှတစ်ခါရယ်။ တစ်စက္ကန့်လေးတောင် မခွဲချင်တဲ့ ခုလိုအချိန်မျိုးမှာ သူတို့နှစ်ဦးစလုံးအဖို့ ကြာလေ ဝေဒနာတိုးဖို့သာရှိတယ်။ လုံးဝ တစ်နှစ်ကြီး မစောင့်နိုင်ဘူး။ ဒီတော့ မြို့ကလေးမှာ တွေ့ဖို့ ချိန်းကြတယ်။ ချိုချိုက အိမ်ကထွက်ဖို့ ဈေးဝယ်တာ၊ အင်္ကျီအပ်တာ၊ ဆံပင်ကောက်တာ အကြောင်းပြတယ်။ ချိုချိုဆီက မီးစိမ်းပြ

> သီးချိန်တန်သီး
> ပွင့်ချိန်တန်ပွင့်
> ဆိုတာ
> အဘွား
> သဘောပေါက်တယ်
> ဒါပေမဲ့
> ပဝါပါး
> ကြက်သားထုပ်တော့
> စွန်းတတ်သတဲ့
> တစ်ရွာသား
> ရည်းစားလုပ်တော့
> လွှမ်းရသတဲ့
> ညည်း
> ကြားဖူးတယ်နော်

ရင် ဝင်းစိုးက သူ့အသိအိမ်က အရန်သင့်စောင့်တယ်။ သူတို့အဖို့ လောကကြီးမှာ နှစ်ယောက်တည်းရှိတယ်လို့ထင်တယ်။ ရေရှားတဲ့ သဲကန္တာရအလယ်မှာဖြစ်ပါစေ၊ ရေခဲတဲ့ ဓဝရက်တောင်ထိပ်လို့ထင်တယ်။

ဝင်းစိုးက ရှစ်တန်းနဲ့ကျောင်းထွက်ပြီး သူ့ဦးလေးရွာကထွက်တဲ့ လူစီးကုန်ကားကြီးမှာ ကားနောက်လိုက်လုပ်နေတာဆိုတော့ မြို့ကို ဥပုသ်ရက်ကလွဲလို့ နေ့တိုင်းလိုလိုရောက်တယ်။ မြို့ကို ကိုးနာရီလောက်ရောက်ပြီး ညနေသုံးနာရီလောက်မှ ပြန်ထွက်တာဆိုတော့ အချိန်အားတွေများတယ်။ ကားစပယ်ယာပီပီ အသိအကျွမ်းများသလို မြို့ကလေးကို ခါးစောင်းတင်ထားနိုင်တယ်။ ချိုချိုကတော့ လေးတန်းလောက်နဲ့ ကျောင်းထွက်ပြီး ရွာသူပီပီ နွားကျောင်း၊ ဆိတ်ကျောင်း၊ ပဲဆွတ်ရင်းနဲ့ အပျိုဖြစ်လာတာပါပဲ။

အုန်းသီးထဲကို အုန်းရည်အလိုလို ရောက်လာသလို ချိုချိုလည်း သူ့အလိုလို အပျိုရည်၊ အပျိုသွေးပြည့်လာတယ်။ အချစ်မှာ ဆရာ မလိုသလို သူတို့နှစ်ယောက်စလုံးမှာလည်း အချစ်သင်ခန်းစာတွေ အလိုလို တတ်မြောက်သွားကြတယ်။ အချစ်ပင်လယ်က အကျယ်ကြီးလေ။ သူတို့ ကမ်းမမြင် လမ်းမမြင် ကူးကြလေရဲ့။

❑

'ဟဲ့ ကောင်မ၊ လာစမ်း။ လူကဖြင့် နို့နံ့မစင်သေးဘူး၊ လင်ထောင်နေပြီဆို။ ပြောစမ်း၊ ပြောစမ်း။ ဘယ်သောင် ဘယ်ကမ်းဆိုက်နေသလဲ။ မီးနေခန်း ပြင်ရတော့မလား ဟင်း'

မြို့မှာ ချိုချိုတို့ ချစ်စခန်းဖွင့်နေတဲ့ သတင်းကို ဘွားအေကြီး သိသွားတဲ့အခါ ဒေါသတွေ ထိပ်တက်ပြီး ရွာသူပီပီ ပက်ပက်စက်စက် ဆူဆဲတယ်။

'ချိုချိုရွယ်တူ သူငယ်ချင်းတွေ လင်ယူသားမွေးနေကြတာ အဘွားလည်း သိသားနဲ့။ အခုမှ ချိုချိုက ရည်းစားလေး ထားတဲ့ဥစ္စာ'

သူ့အဘွားဆူကတည်းက မျက်ရည်ကျနေတဲ့ ချိုချိုက ငိုသံရှိုက်သံ ဗလုံးဗထွေးနဲ့…

'တစ်နေ့လာ သူများဆိတ် အငှားကျောင်း၊ သူများပဲခင်း အငှားလိုက်နဲ့ ပြောင်ပြောင်ရောင်ရောင်မရှိ။ ဘဝကြီး ပျင်းလွန်းလို့ အဖော်ရှာတဲ့ဥစ္စာ'လို့ ဆက်ပြောတယ်။

ဘွားအေကြီးခမျာ ဆင်းရဲနေတာကို မေ့လျော့နေရာက မြေးက ဆင်းရဲမှုခံစားချက်ကို ဖွင့်ပြောတာခံလိုက်ရတော့ ဒေါသထက် ကြေကွဲသွားရပြန်ပါရော။ ဘွားအေကြီးလည်း ရင်ထဲဆို့သွားရင်း ပခုံးပေါ်က တဘက်ကလေးနဲ့ မျက်ရည်သုတ်ရှာတယ်။ ဒေါသကို သိမ်းပြီး မြေးမလေးချိုချိုကို သူ့အနားမှာ ထိုင်ခိုင်းတယ်။

'မြေးလေးရယ်… သီးချိန်တန်သီး၊ ပွင့်ချိန်တန်ပွင့်ဆိုတာ အဘွား သဘောပေါက်တယ်။ ဒါပေမဲ့ ပဝါပါး ကြက်သားထုပ်တော့ စွန်းတတ်သတဲ့။ တစ်ရွာသား ရည်းစားလုပ်တော့ လွှမ်းရသတဲ့၊ ညည်း ကြားဖူးတယ်နော်'

ချိုချိုက ခေါင်းညိတ်တယ်။ သူလည်း မျက်ရည်ကို အထက်ဆင်စနဲ့ သုတ်တယ်။ စိတ်ထဲကတော့ တစ်ရွာသား ရည်းစားမလုပ်ဖို့ဆိုတဲ့ ဓာတ်ပြားဟောင်းကြီး လာပြန်ပြီလို့ အောက်မေ့နေတယ်။ သူငယ်ချင်းတွေကလည်း 'ကောင်မ၊ တစ်ရွာသားများ ယူမယ် စိတ်မကူးနဲ့နော်'ဆိုတဲ့စကား မကြာမကြာ ပြောကြသား။ 'ဘာဖြစ်လို့လဲ'လို့ ပြန်မေးရင်တော့ ရေရေရာရာ မဖြေနိုင်ကြဘူး။ အခု အဘွားက ဒီစကားကို စ,ပြန်ပြီ။

တစ်ရွာသား မယူဘူးဆိုတော့ ကိုယ့်ရွာသားကို ယူဆိုတဲ့သဘောပေါ့။ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ပါပြီ။ ကိုယ့်ရွာသားကို ယူဖို့ ရှာပေးကြလေ။ ဘယ်မှာများ လူပျိုလူလွတ် ကျန်သေးလို့လဲ။ သူ့ဟာနဲ့သူ ဘက်စီ။ နောက်ပြီး သူ့ပဲနတ်၊ ကိုယ်ပဲနတ်။ သူ့ဆိတ်ကျောင်း၊ ကိုယ်ဆိတ်ကျောင်းနဲ့ ဒီဘဝ ကောင်းစားစရာမမြင်။ နောက်ဆုံးတော့ အဲဒီလိုထွက်ပေါက်မရှိလို့ ထင်တာပါပဲ၊ ရွာထဲမှာ မယားပြိုင်တွေ များများလာတာ သတိထားမိတယ်လို့ ချိုချို အရှည်ကြီး တွေးနေမိတယ်။

အဘွားအနားမှာ ထိုင်နေရတာကြာပြီ။ အဘွားဆီက ဘာစကားမှ ထွက်မလာသေးဘူး။ အဘွားရဲ့ မျက်လုံးမှုန်မှေးမှေးတို့မှာ မျက်ရည်တို့ ဝေ့သီနေလေသလား၊ ပြောရမယ့် စကားအတွက် ရင်ဆို့ရှာလေသလား။ နောက်ဆုံးမှာတော့…

'ပြောမှသိမှာဆိုတော့ အဘွား ပြောပြပါတော့မယ် မြေးလေးရယ်'

သက်ပြင်းရှည်ကြီးချလိုက်ကာ 'ဒီလိုကလေးရဲ့…' လို့ အစချီပြီး လွမ်းမောဖွယ် အတိတ်ဇာတ်ကြောင်းကို ပြောပြတယ်။

'အဘွားမှာလည်း သမီးလေးတစ်ယောက်ရှိတယ်။ ဖတဆိုးလေးဆိုတော့ အလိုလိုက်ရတာပေါ့လေ။ အဲဒီ ငါ့သမီး မိအုန်းမြလည်း ထုံးစံအတိုင်း လေးတန်းအောင်တာနဲ့ ကျောင်းထွက် အိမ်လုပ်ငန်း၊ ယာလုပ်ငန်းလုပ်ရင်း အပျိုဖြစ်ကြတာပါပဲ။ အဲဒီမှာ ဒီရွာရဲ့ ဓလေ့က ရှိပြီးသားဆိုတော့ ကိုယ့်ရွာမိန်းကလေး တခြားရွာကို ပါမသွား

> ဘာတတ်နိုင်မလဲ
> ရွာ့ထုံးစံအတိုင်း
> တစ်ရွာသားယူတဲ့
> စုံတွဲဟာ
> ရွာအရိပ်ကို
> မနင်းရတော့ဘူး
> သာရေးရှိလို့
> မိစုံဖစုံ
> ကန်တော့ချင်လို့ပါ
> ဆိုလည်း ရွာထဲ
> အဝင်မခံဘူး
> နာရေးရှိလို့
> မျက်ရည်ပေါက်
> ကြီးငယ်ကျပြီး
> ပြောလည်း
> ရွာထဲ
> အဝင်မခံတော့ဘူး

ရင်ပြီးတာပဲ။ ရွာထဲ အချင်းချင်းကတော့ စိတ်ချကြတယ်။ ဖြစ်ရင်လည်း သိပ်ပြီး ရေးကြီးခွင်ကျယ် လုပ်နေကြတာမဟုတ်ဘူး။ အဲဒါကို မိအုန်းမြက ရွာလွန်ရွက်တိုက်ပြီး မြစ်ဝကို ဖောက်ထွက်တယ်။ ထွက်မယ့်ထွက်တော့ ဘယ်သူမှမထင်တဲ့ အပေါက်က ထွက်တာလေ။

'ဘယ်လိုလဲဆိုတော့ ရွာစဉ်လှည့်ပြီး 'သံတိုသံစ၊ ကြေးတိုကြေးစ၊ ပလတ်စတစ်ပစ္စည်းဟောင်းတွေဝယ်တယ်' ဆိုတဲ့ ပန်းထမ်းအဟောင်းဝယ်တဲ့ကောင်နဲ့ ချိတ်မိတယ်။ ဘယ်အချိန်၊ ဘယ်ကာလက ငြိနေကြတာလဲ အဘွားတော့ မသိပါဘူး။ အဲဒီကောင်လေးနောက်ကို

ပါသွားမှပဲ သိရသပ။ အဘွားက ရှေ့မှာ စားဖို့သောက်ဖို့ရှာတုန်း သင်းက ခြေပုန်းခုတ်သွားသလေ။ အဘွားမှာ ရင်ကွဲကျန်ခဲ့တာပဲ။ ဒါပေမဲ့ ဘာတတ်နိုင်မလဲ။ ရွာ့ထုံးစံအတိုင်း တစ်ရွာသားယူတဲ့စုံတွဲဟာ ရွာအရိပ်ကို မနင်းရတော့ဘူး။ သာရေးရှိလို့ မိစုံဖစုံ ကန်တော့ချင်လို့ပါဆိုလည်း ရွာထဲ အဝင်မခံဘူး။ နာရေးရှိလို့ မျက်ရည်ပေါက်ကြီးငယ်ကျပြီး ပြောလည်း ရွာထဲ အဝင်မခံတော့ဘူး။ ပြတ်သားကြတယ်။ ညီကြတယ်ဟေ့။

'အခုလည်း မိအုန်းမြကို အဘွား အများကြီးချစ်ခဲ့ပေမဲ့ ဒီတစ်သက် မျက်နှာချင်း ဆုံစရာ မရှိတော့ဘူးဆိုတာ သိထားလို့ အဘွား မေ့နိုင်အောင် ကြိုးစားရတာပေါ့။ ရင်ထဲမှာ ဆို့နင့်နေတာကြီးကတော့ တော်တော်နဲ့ ဘယ်ပျောက်နိုင်မလဲ။ အင်း…အဲဒီလို အဘွားမှာ ကိုယ့်ဒေဝနာကို ကိုယ်ကြိတ်မှိတ်ဖြေဖျောက်နေတုန်းမှာပဲ ဘဝရဲ့ အလှည့်အပြောင်းက ဖြစ်လာပြန်ရော။ အဲဒါကတော့ မိအုန်းမြတစ်ယောက် မွေးလုမွေးခင် ဗိုက်ကြီးတစ်ခွဲသားနဲ့ ရွာထိပ်က ဇရပ်မှာ ရောက်နေတယ်ဆိုတဲ့သတင်း အဘွား ကြားလိုက်ရတာပဲ။

'အဘွားက အမေလေ။ ကိုယ့်သမီးမျက်နှာလေးကို ပုံဖော်ပြီး လွမ်းနေရာက အခု ရွာအပြင်ဇရပ်မှာ ရောက်နေပြီဆိုတော့ ဝမ်းသာဝမ်းနည်းနဲ့ အပြေးသွားမိတော့တယ်။ အဲဒီဇရပ်ဆိုတာက တခြားရွာတွေက ဇရပ်ထက်တော့ သပ်

ရပ်မှု၊ သန့်ရှင်းမှုပိုတယ်ဟဲ့။ ဇရပ်က လူတစ်ထိုင်အလွတ် အမြင့်လေးကို အသားပြားတွေ ခင်းထား၊ မျက်နှာသုံးဖက်ကို ခါးပြတ်လေး ကာထားပေးသေးတယ်။ အဲဒီလို ကိုယ့်ရွာဇရပ်ကို သပ်သပ်ရပ်ရပ်ကလေး လုပ်ပေးတာကလည်း ဒီလို ရွာနှင်ဒဏ်ပေးခံထားရတဲ့ မိသားစုအချင်းချင်း တွေ့ဆုံနိုင်အောင်လို့ပေါ့။ ရွာထဲအထိတော့ ဝင်မလာနဲ့။ အဲဒီမှာ ပြောကြဆိုကြ ရှင်းကြ။

'အခုလည်း ဇရပ်ပေါ်မှာ သားအမိနှစ်ယောက် တွေ့ကြပါရဲ့။ သင်း(ဒင်း)မှာ အာဟာရ ပြတ်လပ်နေတဲ့ပုံ။ လူရုပ်မပေါ်တော့ဘူး။ တစ်ကိုယ်လုံးမှာ ဗိုက်ကပဲ ထည်နေတယ်။ သင်းရဲ့ယောကျ်ားလည်း ခွေးကိုက်ခံရတဲ့ ဒဏ်ရာက မန်းဝင်ပြီး ဆုံးပြီတဲ့။ အဲဒီနောက် ယောက္ခမနဲ့ အဆင်မပြေဖြစ်ရာက အိမ်က နှင်ချလိုက်လို့ အမေ့ဆီလာခဲ့တာ။ ဟောဒီဗိုက်မွေးပြီး ကျုပ်သေပျော်ပါပြီလို့ ပြောရှာတယ်။ ငါ့သမီးအရင်းအခေါ် အခုလို သေကောင်ပေါင်းလဲဖြစ်နေတာကြီးကို ငါ့အိမ်ခေါ်ပြီး ကောင်းကောင်းကျွေး၊ ကောင်းကောင်းပြုစုချင်လိုက်တာ။ မိဘစကားနားမထောင်ဘဲ ကိုယ့်လှေကိုယ်ထိုး ပဲခူးရောက်ရောက်ဆိုတဲ့ကောင်မ အခု တက်ကျိုး၊ ရွက်ကျိုးပြီး နောင်တတွေ တနင့်တပိုးနဲ့ ပြန်ရောက်လာတာလေ။

'ဒါပေမဲ့ ဘယ်သူမှ ဘာမှမတတ်နိုင်ဘူး။ ရွာဓလေ့ကို မသိလို့မဟုတ်ဘူး။ သိသိကြီးနဲ့ ဖောက်ဖျက်တာ



www.burmeseclassic.com

www.burmeseclassic.com

လေ။ ဒီတော့ ကြုံလာသမျှ ဒုက္ခကိုလည်း ငုတ်တုတ်ခံကြရုံပေါ့။ မိအုန်းမြဆုံးတဲ့ညကို အခုပြန်တွေးရင်း အခုသွေးပျက်ချင်တယ်။ ဇရပ်ပေါ်မှာ ငါတို့သားအမိနှစ်ယောက်တည်းအေ ဖယောင်းတိုင် မီးမှုန်မှုန်လေးအောက်မှာ သူ့ဗိုက်ထဲက ကလေးကို ရှိသမျှအားလေးနဲ့ ညှစ်မွေးနေရှာတာ။ အသံတောင် မထွက်နိုင်တော့ဘူး။ ကလေးအပြင်ရောက်လို့ ငိုသံလေးလည်း ထွက်လာရော သင်းလည်း အရုပ်ကြိုးပြတ် အသက်ပါ ထွက်သွားတာပဲ။ အဲဒီအမိုက်မကြီး မိအုန်းမြ ငါ့ကို ကျေးဇူးဆပ်သွားတာက နင်လေ၊ နင်ဟဲ့ ဟီးဟီး…။ မိအုန်းမြက နင့်အမေဟဲ့ မိချိုရဲ့။ အခု နင်ကလည်း ငါ့ကို ကျေးဇူးဆပ်ဦးမလို့လားဟဲ့…ဟီးဟီး…'

❑

ချိုချိုရဲ့အသွားက ဆွေးဆွေးမြည့်မြည့် ငိုရှာတယ်။ ကူညီဖေးမမယ့်သူ မရှိတဲ့ ဇရပ်ပေါ်က ကြေကွဲစရာ ညကလေးဟာ အသွားသေရာပါတော့မှာပါ။ ချိုချို ငယ်ဘဝကတည်းက ကြားခဲ့ဖူးတဲ့ ဒဏ္ဍာရီလိုလို၊ ပုံပြင်လိုလိုကိုလည်း အခုတော့ အသွားကိုယ်တိုင် မျက်ရည်နဲ့ သက်သေပြခဲ့ပြီမို့ အမေ့ကို သနားလိုက်ပါဘိ။ အများနဲ့မတူတဲ့ ဒီဓလေ့ထုံးစံကြီးကို ငါတို့ရွာက ဘာကြောင့် ကျင့်သုံးနေရသလဲ။ ဒါကြီး ကျင့်သုံးနေတော့ ရွာအတွက် ဘာအကျိုးကျေးဇူးတွေရှိသလဲ။ ဘာတွေ တိုးတက်မှုရှိသလဲ။ ချိုချိုမျက်စိထဲမှာ ဘာတိုးတက်မှုမျှ မမြင်။ ဟိုးအရင်

အများနဲ့မတူတဲ့ ဒီဓလေ့ထုံးစံကြီးကို ငါတို့ရွာက ဘာကြောင့် ကျင့်သုံးနေရသလဲ ဒါကြီးကျင့်သုံးနေတော့ ရွာအတွက် ဘာ အကျိုးကျေးဇူးတွေ ရှိသလဲ၊ ဘာတွေ တိုးတက်မှုရှိသလဲ ချိုချို မျက်စိထဲမှာ ဘာတိုးတက်မှုမျှ မမြင်။ ဟိုးအရင်က လိုပဲ မြေကြီးယက်ပြီး ရှာစားနေရတုန်း မသေထမင်း မသေဟင်းနဲ့ ဘဝတွေကို ဆွဲဆန့်နေရတုန်း

ကလိုပဲ မြေကြီးယက်ပြီး ရှာစားနေရတုန်း၊ မသေထမင်း၊ မသေဟင်းနဲ့ ဘဝတွေကို ဆွဲဆန့်နေရတုန်း။

အမေ သေရတာကိုလည်း ချိုချို မကျေနပ်။ အမှန်တကယ်ဆိုရင် သတို့သားရွာ၊ သတို့သမီးရွာ မစိမ်းကားဘဲ နှစ်ရွာတစ်ရွာ ကူးလူးဆက်ဆံနေကြရင် ဒီလောက်ကြီးအထိ ခြေလွန်လက်လွန်ဖြစ်ကြမယ်မထင်။ အခုတော့ အဖေသေတာကိုလည်း မသိလိုက်ကြ၊ အမေနဲ့ ယောက္ခမ အဆင်မပြေတာလည်းမကြားလိုက်ကြဘဲ သေခါနီး အမေဇရပ်ပေါ်ရောက်လာမှ အသွားသိရှာတယ်။ ဒီတော့လည်း ဘယ်သူကမှ ဆေးဖော်ကြောဖက်မလုပ်။ ကူညီပံ့ပိုးမှုလည်း မရှိ။ ဒါကြောင့်လည်း ပတ်ဝန်းကျင်ရွာတွေကပါ ဒီရွာဆိုရင် ခပ်ရွံ့ရွံ့ရှိကြတာ ထင်ပါရဲ့။ နောက်ဆုံးမတော့ အဘက်ဘက်က အောက်ကျနောက်ကျဖြစ်ကျန်ခဲ့တယ်။ ကြာတော့ သင်းတို့တစ်ရွာလုံး အစိုဓာတ်ရှိရာ တိုးရင်းတိုးရင်း သဲထဲနစ်မြုပ်သွားရှာတဲ့ 'သဲဖား'တွေလို အရေအရောင်ကင်းမဲ့လာကြပြီ။

ချိုချို ဒီရွာက ထွက်ဖြစ်အောင် ထွက်မယ်လို့ ဆုံးဖြတ်လိုက်တယ်။ ဝင်းစိုးရွာကိုလည်း မလိုက်ဘူး။ မြို့ပေါ်မှာ သင့်တော်တဲ့အိမ်ကလေးတစ်လုံး ရှာခိုင်းပြီး နေကြတယ်။ အသွားကိုလည်း မြို့ပေါ်ကို ခေါ်ထားမယ်။ ပုံးရည်ကြီးချက်၊ သဲဖားကြော်ကို အကောင်းလုပ်စားနေရတဲ့ အသွားကို ခေါက်ဆွဲကြော်၊ ဒံပေါက်၊ နတ်သုဒ္ဓါတွေ ကျွေးလိုက်ဦးမယ်လို့ စိတ်ကူးထဲမှာ အစီအစဉ်တွေ ဆွဲပစ်လိုက်တယ်။

'ကိုစိုးကလည်း အတူတူနေချင်ပြီ ပြောနေတာကြာပြီ။ အခြေအနေက မိသားဖသားပီပီ လာတောင်းလို့ရမှာမှ မဟုတ်တာ၊ ငါက ထွက်လိုက်ရုံပဲ'။ ချိုချိုက ဝင်းစိုးကိုတော့ ယုံတယ်။ ထဘီ၊ အင်္ကျီစ၊ ဖိနပ်၊ မိတ်ကပ်ဘူးနဲ့ ချိုချိုကို သူဝယ်ပေးထားတာတွေ နည်းရော့လား။ တွေ့ကြပြီးလို့ 'ပြန်တော့မယ်'ပြောရင် မျက်နှာက မကောင်းဘူး။ ဘယ်တော့မှ ရှောရှောရှူရှူ ပြန်ခွင့်မပေးဘူး။ 'အတူတူနေချင်ပြီ ချိုရယ်'ဆိုတာ အမြဲပြောတယ်။ ချိုချိုကသာ ဘွားအေကြီးတစ်ယောက်တည်း ထားခဲ့ရမှာ ငဲ့နေမိလို့ရယ်။ အခုတော့ ဘာမှဆိုင်းလို့ မရတော့ဘူး။ ဘယ်သူမှတားလို့မရတော့ဘူး။ သူ့မှာ အပျိုရည်အပျိုသွေး ပျက်ခဲ့ပြီဖြစ်သလို အခု ပန်းပျောက်ခဲ့ပါပြီကော။ ဒါဆိုရင် ငှက်မလေး အသိုက်ရှာချိန် ရောက်ခဲ့ပြီပေါ့။ ဟုတ်တယ်။ ချိုချိုတစ်ယောက် အသိုက်တစ်ခု သေသေချာချာ ရှာပေတော့မယ်။ ဒါကြောင့်လည်း သူ ဝင်းစိုးနောက်ကို လိုက်ဖို့ ပြတ်ပြတ်သားသား ဆုံးဖြတ်ခဲ့တယ်။ အသွားလည်း သိပြီးသားဆိုတော့ ဒီတစ်ခေါက် အသွားကို ဝင်းစိုးဆီသွားမလို့လို့ ဖြောင့်ဖြောင့်ပြောလိုက်တယ်။ ရွာကနေ မြို့ကိုသွားဖို့က တော့ ထုံးစံအတိုင်း 'အမောင်'ကိုပဲ သူ့ဆိုင်ကယ်နဲ့ ပို့ခိုင်းရမှာပေါ့။

'အမောင်'က ဆယ်တန်းကျပြီး ကျောင်းထွက်ထားတဲ့ကလေး။ 'ဓ'က တော့ မသေးဘူး။ မိန်းမယူပြီးပြီ။ အခုထိတော့ ပွဲစား လုပ်မလိုလို၊ နှစ်လုံး သုံးလုံးရောင်းမလိုလိုနဲ့ ဘာမှမလုပ် သေးဘဲ ဆိုင်ကယ်တစ်စီးနဲ့ ဝေ့တုန်း။ ချိုချိုနဲ့တော့ မောင်နှမဝမ်းကွဲ တော်တာပေါ့။ အရင်ခေါက်တွေ ချိုချို မြို့ သွားရင်လည်း သူပဲ လိုက် တာများတယ်။

'မချို ကားဂိတ် မဟုတ်လား'

သူတို့ဆိုင်ကယ် မြို့ ရောက်တော့ ဆယ်နာရီ လောက်ရှိပြီ။ ချိုချို 'အေး'လို့ စကား အမောင်လည်း ဈေးနား



www.burmeseclassic.com

www.burmeseclassic.com

ဝင်းစိုးတို့ရွာကားဆိုက်နေကျ ကားဂိတ်ကို မောင်းတယ်။ ဝင်းစိုးတို့ကား ရောက်နေပါပြီ။ ဒါပေမဲ့ ဝင်းစိုးကိုမေးတော့ 'သူ ဒီနေ့ မလိုက်ဘူး' တဲ့။ ပြဿနာက အရေးကြီးနေပါတယ်ဆိုမှ ကိုစိုးက ပါမလာတော့ ချိုချို ရင်မောသွားတယ်။ ဘာပဲဖြစ်ဖြစ် ပျော်စရာသတင်းလေးပြောပြီး ချစ်ဗိမာန်လေးတည်ဆောက်ဖို့ သူနဲ့တွေ့မှဖြစ်မှာမို့ ထွက်လာလက်စနဲ့ တစ်ခါတည်း တွေ့ချင်တယ်။ ဒါကြောင့် ဝင်းစိုးတို့ရွာကို ဆက်လိုက်ဖို့ ဆုံးဖြတ်ပြီး အမောင့်ကို တိုင်ပင်တော့လည်း အမောင်က အဲဒီရွာကို သူသိတယ်၊ 'လိုက်ပို့ ယ်' တဲ့။ သူတို့ဆိုင်ကယ်ခရီး ဆက်ကြပြန်တယ်။

'ဟဲ့…အမောင်၊ နင့် ောင်မလေး သူ့ရွာပြန်သွား ပြီဆို'

'အေးဟ၊ မိသန်းဆင့် အခြေက ခပ်ကြီးကြီးရယ်။ စ်ဆိတ်ရှိ ပြန်သွားချေရဲ့'

ဆိုင်ကယ်နောက်က ရဲ့ အမေးကို အမောင်က လိုကျတဲ့အသံနဲ့ ဖြေတယ် သူတို့ရွာက မိန်းကလေးတွေ တခြားရွာသားကို မယူ ယောကျ်ားလေးတွေ တော့ တခြားရွာသူတွေကို ခွင့်ရှိတယ်)။ အမောင်က အလုပ်ကောင်းကောင်း လို့ စကားများကြတာ၊ ကြတာကိုတော့ ထည့် ဘူး။ မိန်းမ အိမ်က သွားတာကို ခွေးကလေး၊ င်ကလေး ဆင်းသွား သူ့စကားသံက သံယော နည်းလွန်း၊ ပေါ့ပျက် နိုင်လွန်းတယ်။ ဆိုင်ကယ်ကို လမ်းမကြီးအတိုင်း ဆယ်မိုင်လောက် မောင်းပြီး ဓနိပင်ကန်လမ်းခွဲက ညာဘက်ထဲကို သဲလမ်းအတိုင်း ငါးမိုင်လောက် ဝင်ရသေးတယ်။

သူတို့နှစ်ယောက် ဝင်းစိုးတို့ရွာကိုရောက်သွားတယ်။ ဝင်းစိုးနဲ့လည်း ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ပါတယ်။ ချိုချိုတို့ အိမ်အပြင်က အသံပေးလိုက်လို့ ဝင်းစိုး ထွက်လာကတည်းက သူ့ပါးစပ်ကို လက်ညှိုးနဲ့ ကပ်ထောင်ပြပြီး အသံမထွက်ဖို့ ပြောတယ်။ ထဘီနီ ဆရာမကိုလည်း တွေ့ရတယ်။

'ငါ့မိန်းမ မွေးတော့မှာမို့ ဆူဆူညံညံ မလုပ်ပါနဲ့' တဲ့။ အသံမာမာ မျက်နှာထား ခပ်တင်းတင်းနဲ့ပြောတယ်။ ချိုချို မတ်တတ်မေ့နေတယ်။ လူကသာ တောင့်တောင့်ကြီးရပ်နေပေမဲ့ အသည်းနှလုံးတွေ ဆွေ့ဆွေ့ခုန်နေပုံပဲ။ မျက်ရည်တွေ တပေါက်ပေါက်ကျလာတယ်။

'စကားပြောရအောင် အပြင်ခဏလိုက်ခဲ့ကွာ'

အမောင်က ဝင်းစိုးကို ကပ်ခေါ်တယ်။

'ဟာကွာ၊ လိုက်လို့ ဘယ်ဖြစ်မလဲ။ ဒါ သေရေးရှင်ရေးကွ။ အရေးဆိုရင် ငါ ရှိမှဖြစ်မှာကွ'

ဝင်းစိုးက အကြောက်အကန်ငြင်းတယ်။ နောက်ကိုလည်း ဆုတ်သွားတယ်။ အမောင်က 'ဘယ်လိုလဲ' ဆိုတဲ့ သဘောနဲ့ ချိုချိုကိုကြည့်တယ်။ ချိုချို မျက်ရည်တွေကို ခပ်ကြမ်းကြမ်းသုတ်ပြီး ဝင်းစိုးဘက်ကို 'ထွီ' ခနဲ တံတွေးနဲ့ လှမ်းထွေးတယ်။ ဝင်းစိုးကို မသတီရှိရှာဟန်နဲ့ စိမ်းစိမ်းကားကားကြီးကြည့်ပြီး…

'နင် လူမဟုတ်ဘူး၊ ခွေး…ခွေး' လို့ ပျစ်ပျစ်နှစ်နှစ်ကြီး ဆဲပစ်လိုက်တယ်။

'လာ အမောင်ပြန်မယ်'

အခုတော့ ချိုချိုအသံက ငိုသံတွေပျောက်ပြီး ပြတ်သားမာကျောနေပါပြီ။ အမောင်ကလည်း ဝင်းစိုးကို မကျေမနပ် ခပ်မိုက်မိုက်ကြည့်ပြီး ဆိုင်ကယ်ကို ဆောင့်နင်းလိုက်တယ်။ အခံရခက်ပြီး စိတ်တွေ လှုပ်ရှားနေတဲ့ သူတို့အပြန်ခရီး သဲကြမ်းလမ်းကို သတိထားစီးရတယ်။ အမောင်ကလည်း ချိုချိုဘက်က ဒေါသတွေဖြစ်ခဲ့ရတာမို့ ဒေါသကို ထိန်းစီးနေရတယ်။ ချိုချို ငိုနေမယ်ဆိုတာလည်း သိတယ်။ ကားလမ်းမပေါ် ရောက်တော့ ချိုချိုက အမောင့်ကျောပေါ် မျက်နှာအပ်ရင်း တစ်လမ်းလုံး ငိုလိုက်လာတယ်။ ဆိုင်ကယ် မြို့ကလေးကို ပြန်ဝင်လာတော့ ချိုချိုက အငိုရပ်ပြီး…

'အမောင် ငါ ရွာမပြန်ချင်သေးဘူး။ နင် ငါနဲ့ တည်းခိုခန်းလိုက်ရဲလား' လို့ မေးတယ်။ အမောင်က ခပ်သွက်သွက်ပဲ 'အမောင်…မမကို သနားတယ်' လို့ ပြန်ဖြေရင်း ဆိုင်ကယ်ကို တည်းခိုခန်းတွေရှိတဲ့ လမ်းဘက် ချိုးချလိုက်တယ်။ နောက်ဆုံးမှာတော့ သူတို့ရွာကလေးမှာ ဆွေမျိုးသားချင်းစုံတွဲတစ်တွဲ တိုးသွားပြန်လေရဲ့။ ဘာပဲဖြစ်ဖြစ် သူတို့အဘွားကတော့ ကျေနပ်နေမယ် ထင်တာပါပဲ။ ■

**မှန်းရူး**

ရုပ်စုံမဂ္ဂဇင်း

**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅၀၁
**E-mail:**
**nyeinfamily@gmail.com**



www.burmeseclassic.com

www.burmeseclassic.com

၁။

ညကိုးနာရီထိုးပြီ။ ‘အမယ်လေး ဒီညတော့ အိပ်ရတော့မယ် မထင်ဘူး’ တဲ့။ လူနာဘေးကနေ ထွက်လာတဲ့ ဒေါက်တာမက သူ့ရဲ့ မုန်တိုင်းမိထားသလို ဆံပင်ကို တဗြဲဗြဲကုတ်၊ သူ့ခုံမှာ ယိမ်းယိမ်းထိုးထိုး ဝင်ထိုင်လိုက်ရင်း မလှမ်းမကမ်းက ဖတ်သီဖတ်သီ အလုပ်ရှုပ်နေတဲ့ အနီဝတ်သူနာပြုကို လှမ်းပြောလိုက်တယ်။ ဆရာမက မချိပြုံး ပြုံးတယ်။ ပြီးတော့ ‘ကျွန်မ မအိပ်ရတာ သုံးညရှိပြီ။ ညဂျူတီစကတည်းကပဲ’ လို့ နွမ်းလျလျ ပြန်ပြောရှာသည်။ အဲဒီနောက် ‘အစ်မလည်း ဝင်ပဲ၊ ကျွန်မလည်း ဝင်ပဲ၊ လူနာလည်း ဝင်ပဲ’ ဆိုတဲ့ စကားကို တိုတိတိုတောင်းဆိုပြီး သုတ်သီးသုတ်ပျာ ထွက်သွားပြန်ရော။ ဒေါက်တာမက ‘ဟုတ်တာပေါ့’ ဆိုတဲ့ပုံနဲ့ ခေါင်းကို တဆတ်ဆတ်ညိတ်ပြီး ကျန်ခဲ့တယ်။ သူတို့ သူနာပြုတွေဆိုတာက နေ့သမား၊ ညသမားလို့ ခွဲထားပြီး ညသမားက ညချည်းပဲ ဆက်တိုက်ဆင်းကြတာဆိုတော့ အိပ်ရေးက ရက်ဆက်ပျက်တယ်။ ဒေါက်တာမတွေလို နှစ်ဆယ့်လေးနာရီ ဂျူတီကို တစ်ယောက်တစ်လှည့်စီ သုံး,လေးရက်ခြား ယူကြရတာ မဟုတ်ဘူး။ ခေါင်းညိတ်နေရင်းပဲ ဒေါက်တာမက

# သေဆုံးခြင်း

ရေအေး





www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

'နေပါဦး၊ ညဂျူတီစ,ကတည်းက မအိပ်ရတာဆိုတော့ သူက ဂျူတီစဆင်း၊ ဟိုလူနာက စ,အဖောက်ပေါ့'လို့ ရက်တွက်မိတယ်။ 'သေချာတယ်၊ ဒင်း(သင်း) ရှုပ်တာပဲ။ ဒင်းကြောင့် လူရှုပ်မ'လို့ စိတ်ထဲ ရေရွတ်လိုက်တယ်။ ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့။ ဒါပေမဲ့ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ဒါက တစ်ယောက်ကို တစ်ယောက် စွပ်စွဲနေကျ ထုံးစံပဲ။ ဒီလိုနဲ့ ဒေါက်တာမက အဲဒီလို ဒင်းကြောင့်၊ ဒင်းကြောင့်လို့ စိတ်ထဲ သူနာပြုမကို တရားခံ ငြိုးနေရင်းပဲ ဟာစိဟာစိဖြစ်နေတဲ့ ဟိုလူနာဆီ စိတ်က ရောက်သွားပြန်ရော။

အဲဒီလူနာ အမောဖောက်နေတာ သုံးရက်ရှိပြီ။ ဒီလူနာဆောင်မှာ တစ်ပတ်ပြီး တစ်ပတ် ကြည့်နေကြတဲ့ ဆရာဝန်၊ ဆရာမတိုင်းက သေမှာပါလို့ လက်လျှော့ပြီးသား။ ဒေါက်တာမ ဒီမနက် ဂျူတီလာချိန်းတော့လည်း ညက သွားလောက်ပြီလို့ ထင်နေတာ။ 'ကျန်တာတွေက အကောင်းဟေ့၊ မိုးကျော်တစ်ယောက်ပဲ ဖောက်ဖောက်နေတာ။ ဘယ်အချိန်သွားတော့မလဲ တွေးပြီး အိပ်ကို မအိပ်ရဘူး။ ကဲ ငါတော့ လွတ်ပြီ။ ဒီနေ့ ကူးမယ်တော့ မထင်ဘူး။ သူငယ်ချင်းလေး ကံကောင်းပါစေ'လို့ သူ့သူငယ်ချင်း ဒေါက်တာမက ပြုံးစိစိနဲ့ကြိုတော့ သူမယ် 'ဟင်၊ မသွားသေးဘူးလား'လို့ စိတ်ပျက်လက်ပျက် ရေရွတ်မိတယ်။ 'အေး၊ ရှိတုန်း။ နင့်ကို စောင့်နေတာတဲ့'လို့

အဲဒီတုန်းကတော့ ဒေါက်တာမက အကယ်ဒမီရ မင်းသမီးအလားပဲ 'သေစရာလား ဒီလောက် ဆေးတွေ ကုနေတာ'ဆိုတဲ့ မျက်နှာပေးနဲ့လေ 'ရှင် သေတော့မယ်လို့ ဘယ်သူက ပြောတုံး'ဆိုတဲ့ စကားကို သွက်သွက်ကြီးကို ပြန်ပြောလိုက်တယ်

သူငယ်ချင်းက ခပ်ရွှင်ရွှင် ပြန်ပြောပေမဲ့ သူ့မှာ မပြုံးနိုင်ဘူး။ 'သေနာမ၊ ကိုယ့်ကိစ္စကို အပြတ်ရှင်းမသွားဘူး'လို့ ပွစိပွစိပြန်ဆဲလိုက်တယ်။ ဒါပေမဲ့ ခပ်ကြာကြာတော့လည်း စိတ်မညစ်နိုင်ပါဘူး။ တစ်ယောက်ပြီးတစ်ယောက် ရောက်လာတဲ့ ဆရာဝန်ကြီးတွေ၊ ဆရာဝန်လတ်တွေနဲ့ လိုက်ပြီး လူနာတွေကြည့်ရ၊ ပြီးတော့ မိုးဦးကျမှထွက်တဲ့ ပုရစ်ဖူးတွေလို အလျှိုလျှိုပေါက်လာတဲ့ သွေးစစ်တာတို့၊ ခါးရိုးဖောက်တာတို့၊ လူနာတွေကို ရောဂါအကြောင်း လိုက်ပြီး ရှင်းပြရတာတို့လို အလုပ်မျိုးတွေကြားမှာ ပြေးဟယ်၊ လွှားဟယ်နဲ့ လူက နွေရာသီ လေတိုက်တိုင်းလွင့်ရတဲ့ သစ်ရွက်ခြောက်လောက်မှ မငြိမ်နိုင်ဘူး။

'ဆရာမ၊ မိုးကျော်လေ'

အဲဒီကြားကာလမှာ လူနာရဲ့အမေက ဒေါက်တာမဆီကို မျက်နှာအညှိုးသားနဲ့ ရှစ်ခါရောက်တယ်။ အဲဒီအချိန်ပဲ သူကလည်း လူနာကို မေ့သလိုရှိနေရာက သတိရပြီး ကသုတ်ကရက် ပြေးကြည့်ရတာပဲ။ ပြီးရင် 'ဆရာမ ဟိုက်ဒရိုကော်တီဇုံးလေး ထိုးပေးပါဦး'၊ 'ဆရာမ သွေးအချိုဓာတ်လေး စစ်ပေးပါဦး'၊ 'ဆရာမ ဒိုပါမင်းကို ဆယ့်ငါးစက်တိုးလိုက်တော့'လို့ လိုအပ်တယ်ထင်တာလေးတွေ ထထ အော်ရတယ်။ တစ်ခါတလေတော့လည်း 'ဆရာ လူနာမိုးကျော်ကလေ'လို့ သူ့ထက်အကြီးကို ပြေးပြောရတယ်။ ပြီးရင် 'အဒေါ်သား အခြေအနေက အဒေါ်တို့ မြင်တဲ့အတိုင်းပဲနော်။ ကျွန်မတို့လည်း ထိုးစရာရှိတဲ့ ဆေးကို အကုန်ထိုးပေးတာပဲ။ ဆရာကြီးတွေလည်း ကြည့်တာပဲ။ ဒါပေမဲ့ . . .'လို့ လေကု ကုရသေးတယ်။ လာမခေါ်ပေမဲ့ ခဏတစ်ဖြုတ်အားရင်လည်း ပြေးကြည့်ရတယ်။ လူနာက ဘယ်အချိန်များ ထလျှောမလဲ မသိဘူးလေ။ အခုချက်ချင်းပဲ လား၊ နောက်ထပ် နာရီဝက်နေရင်လားနဲ့ ရင်တမမ ပြေးပြေးကြည့်ရတာ။

အခုတော့ ညရောက်ပြီ။ နေ့ခင်းတာဝန်ကျ ဆရာမနဲ့ ညတာဝန်ကျ ဆရာမတို့တောင် 'ဟယ် မိုးကျော်က ရှိသေးတာလား'လို့ တစ်ယောက်က မချိုမချဉ်မျက်နှာနဲ့ နောက်တစ်ယောက်က ငိုချင်သလို မျက်နှာနဲ့ တာဝန်ပြောင်းလိုက်ကြပြီ။ ညဆရာမက 'လူတစ်ယောက်သေဖို့ ခက်ခဲပင်ပန်းလိုက်တာနော်'တဲ့ ရေရွတ်တယ်။ တစ်နေ့လုံး တတောက်တောက်နဲ့ ပြေးနေရပြီး မကြာခင်ကမှ စ,ထိုင်ရတဲ့ ဒေါက်တာမက အဲဒီစကားကြားတော့ 'ဟုတ်ပ ဘာတွေကိုများ စိတ်စွဲပြီး ဒီလောက်ခံနေရပါလိမ့်'လို့ တွေးမိရော။ ဒါနဲ့ အိပ်ရတော့မယ် မထင်ဘူးလို့ အတွေး ရောက်ပြီး ဆရာမကို လှမ်း ပြောမိတာပဲ။ ဒေါက်တာမက 'လူနာကိုကြည့်ရတာ ဒီည တော့ သွားမှာ သေချာ သလောက်ပဲ'လို့ ဆက်တွေး တယ်။ စောစောပဲ သွား မလား၊ နောက်ကျပြီးပဲ သွား မလား နှစ်ခုထဲက တစ်ခု ဖို့ ရှိတာပဲ။ ဒါပေမဲ့ အ တောင် ညကိုးနာရီ ထိုးပြီ ဆိုတော့ အခုချက်ချင်းပဲ ကိ ပေါ်ဦး ဟိုလူကို လှမ်းခေါ် ဒီလူကို စကားပြောရ၊ တိုင် ပင်ကြ၊ ဆွေးနွေးကြ ကိစ္စ တွေနဲ့ အနည်းဆုံး ဆယ့် နာရီ၊ ဆယ့်နှစ်နာရီလောက် တော့ ထိုးမယ်။ ဒါတောင် လူနာက ချက်ချင်းသွားဦး ဒီပုံစံအတိုင်းဆိုရင် ချက် ကြီး သွားဖို့ကလည်း မ နိုင်သေးဘူး။ အချိန်မ



www.burmeseclassic.com

www.burmeseclassic.com

ခေါက်ခနဲဖြစ်နိုင်တဲ့ အခြေအနေပေမဲ့ ဒီလူနာကြည့်ရတာတော့ သက်ဆိုး ရှည်ဦးမယ့်ပုံစံ။ တောင်တောင်ဤဤ တွေးနေရင်းပဲ လွန်ခဲ့တဲ့ တစ်ပတ်လောက်က မိုးကျော်ရဲ့ ခုတင်မှာ ရောင်းဒ်နေတုန်း သူ့ကိုပြောလိုက်တဲ့ စကားကို ပြန်ကြားတယ်။

'ဆရာမ တကယ်လို့ ကျွန်တော် တစ်ခုခုဖြစ်ရင် သက်သောင့်သက်သာနဲ့ သွားနိုင်အောင် ကူညီပေးပါ'တဲ့။

အဲဒီတုန်းကတော့ ဒေါက်တာမက အကယ်ဒမီရမင်းသမီးအလားပဲ။ 'သေစရာလား၊ ဒီလောက်ဆေးတွေ ကုနေတာ'ဆိုတဲ့ မျက်နှာပေးနဲ့လေ။ 'ရှင် သေတော့မယ်လို့ ဘယ်သူကပြောတုံး' ဆိုတဲ့ စကားကို သွက်သွက်ကြီးကို ပြန်ပြောလိုက်တယ်။ ဆေးတွေကုနေရင်ကိုပဲ မသေတော့မယ့်ပုံစံ။ လူဆိုတာ သေမျိုးပေါ့ ဆိုတာကို လက်သင့်မခံချင်တဲ့ပုံစံလေ။ အမှန်တော့ ပြောနေကျမို့သာ ပါးစပ်က ထွက်သွားတာ။ သူ့စိတ်ထဲ ပြောလိုက်တဲ့စကား သူကိုယ်တိုင်တောင် မယုံဘူး။ မယုံလည်း ပြောရတာပါပဲ။ 'ဟုတ်ကဲ့ပါ၊ ရှင့်အတွက် အသက်သာဆုံးဖြစ်အောင် ကူညီပေးပါမယ်'လို့ ပြန်ပြောလို့လည်းမရ။ 'ဒါက မြန်မာနိုင်ငံရှင့်၊ ရှင်တောင်းဆိုတဲ့ ညင်သာစွာ အသက်သေဆုံးအောင် ကူညီပိုင်ခွင့် ဥပဒေက ဒီနိုင်ငံမှာ မရှိသေးဘူး'လို့ ပြန်ပြောလို့လည်း မကောင်းတော့ ဒီစကားပဲ ပြောစရာရှိတယ်။

'ကျွန်တော် မခံစားချင်တော့ဘူး'

> 'ကျွန်တော် မခံစားချင်တော့ဘူး'
> လူနာကလည်း
> ယုံပုံမရပါဘူး
> ကွဲထွက်ခါနီး
> အိုးကို
> ပုတ်လိုက်ရင်
> ထွက်လာတဲ့
> အက်တက်တက်
> စကားသံမျိုးနဲ့
> ဝေဒနာတွေ
> မခံစားချင်တော့
> ကြောင်းကိုပဲ
> ဒေါက်တာမကို
> ပြန်ပြောတယ်
> ဒီတောင်ကိုတော့
> မကျော်တော့ဘူး
> မကြာခင်
> သေရတော့မယ်
> ဆိုတာ
> သိနေတဲ့ပုံမျိုးပဲ

လူနာကလည်း ယုံပုံမရပါဘူး။ ကွဲထွက်ခါနီးအိုးကို ပုတ်လိုက်ရင် ထွက်လာတဲ့ အက်တက်တက် စကားသံမျိုးနဲ့ ဝေဒနာတွေ မခံစားချင်တော့ကြောင်းကိုပဲ ဒေါက်တာမကို ပြန်ပြောတယ်။ ဒီတောင်ကိုတော့ မကျော်တော့ဘူး။ မကြာခင် သေရတော့မယ်ဆိုတာ သိနေတဲ့ပုံမျိုးပဲ။

သိနေမှာပေါ့၊ ဒေါက်တာမ တွေးတယ်။ လွန်ခဲ့တဲ့ ငါးလ လူနာ ဆေးရုံကို ပထမဦးဆုံး ရောက်လာတာနဲ့ အခု အခြေအနေတွေက ဗျိုင်းနဲ့ကျီးရဲ့ အမွေးတွေလို တခြားစီဖြစ်ကုန်ပြီ။ အဲဒီတုန်းက လူနာဆိုတာ သူ့ရောဂါ ကင်ဆာမှန်း သိပေမဲ့ မျက်လုံးတွေက အရောင်တောက်နေတုန်း။ ကင် ဆာဆေးသွင်းမယ်၊ ဓာတ်ကင်မယ်၊ ငါးနှစ်တာ နေရဦးမယ့်ကာလမှာ လုပ်ချင်တာတွေ လုပ်သွားဦးမယ် ဆိုတဲ့ မျှော်လင့်ချက်တွေရှိတုန်း။ အဲဒီနောက်မှ ဆေးရုံမှာ ဆင်းချည်တက်ချည်၊ ကင်ဆာဆေးတွေ သွင်းတော့လည်း တဝေ့ဝေ့ထိုးအန်၊ ဓာတ်ကင်နေတဲ့ကြားက အနာက တဖြည်းဖြည်းကြီးလာ၊ လူကလည်း တဖြည်းဖြည်း ဖြုံဆုတ်လာလိုက်တာ နောက်ဆုံး စက္ကူဖြူတစ်ချပ်လိုပဲ။ သွေးတွေ တစ်လုံးပြီး တစ်လုံး သွင်းနေရင်းပဲ ကင်ဆာဆိုတာကြီးက ကိုက်စားသွားလိုက်တာ ကိုယ်ခန္ဓာက နေပူမိတဲ့ ရေခဲချောင်းလိုကို ရုတ်တရက် ပါးလုပ်သွားတော့တာ။ ငါးလအတွင်းမှာ အကူမပါရင် ဟိုဘက်ဒီဘက်တောင် မလှည့်နိုင်တော့တဲ့ဘဝ။ ဘတစ်ပြန် ကျားတစ်ပြန် အပြန်အလှန် လုံးထွေးသတ်ပုတ်ကြတာပေမဲ့ နောက်ဆုံးတော့ သေမင်းက နိုင်ခါနီးနေပြီဆိုတာ နည်းနည်းလေးပဲ စဉ်းစားဦး သိနိုင်ပြီကိုး။ လူနာလည်း ကိုယ့်အခြေအနေကိုယ် မသိဘယ်ရှိပါ့မလဲ။

'အားတင်းထားစမ်းပါဟယ်'။ ဒေါက်တာမက ပြန်ပြောလိုက်တယ်။ ပြန်သာပြောရပေမဲ့ သူသာ လူနာနေရာမှာဆိုရင်လည်း ဒီလိုဖြစ်မှာပဲလို့ ဒေါက်တာမ တွေးတယ်။ လူနာကို ဖျတ်ခနဲ ကြည့်လိုက်တာနဲ့တင် မျှော်လင့်ချက်မဲ့နေတဲ့ မျက်လုံးပြူးကျယ်ကျယ်၊ ကြည်လောင်လောင်ကို အရင်ဆုံး မြင်ရတယ်။ မျက်တွင်းက ဟောက်ပက်ပက်၊ နားရင်းနားထင်တွေက ကျနေပြီ။ ငေါ်ထွက်နေတဲ့ပါးရိုး၊ ခေါထွက်နေတဲ့သွား၊ မျက်နှာက မှောက်နဲ့သိပ်တူတယ်။ လက်တွေ၊ ခြေထောက်တွေကြည့်တော့ကော ဘာထူးသေးသလဲ။ ပါးလှပ်လှပ် အရေပြားအောက်မှာ အရိုးတစ်ချောင်းချင်းစီမှာ အထင်းသားနဲ့။ ရင်ဘတ်ကလေးတစ်ခုသာ နိမ့်ချည်မြင့်ချည် အသက်ရှူမနေတော့ဘူးဆိုရင် တကယ့် လူသေပဲ။ တကယ့်ကမ္ဘောဒ္ဓန်းရုပ်။ ငါးနှစ် ခံနိုင်တယ်ဆိုတဲ့ အခြေအနေက ငါးလအတွင်းမှာပဲ လုံးပါးပါးသွားပြီ။ ဘယ်လိုတွေးတွေး အားတက်စရာမရှိဘူး။ ဒါပေမဲ့ ဒါမပြော၊ ဘာပြန်ပြောရမလဲ။ နောက်ဆုံး ဒေါက်တာမတစ်ယောက် လုပ်စရာရှိတာ မြန်မြန်သွက်သွက်လုပ်ပြီး လူနာ နားကနေ ထွက်ပြေးခဲ့ရတယ်။ သေခါနီးနေတဲ့ သူအတွက် သူ့မှာ ပြောစရာစကား မရှိတော့ဘူးလေ။ ဖြစ်နိုင်ရင် ဟန်ဆောင်ပန်ဆောင်လည်း မပြောချင်တော့ဘူးလေ။ 'မအားဘူး၊ အလုပ်လုပ်ဦးမယ်'လို့ စကားစ ဖြတ်ပြီး ပြေးလာတဲ့ သူ့



www.burmeseclassic.com

www.burmeseclassic.com

ကျောကို လူနာငေးပြီး ကြည့်နေမှာသိသားပဲ။ သနားပေမဲ့ မတတ်နိုင်ဘူး။

ကဲ ထိုင်တာဖြင့် ဖင်မပူသေးဘူး။ ဟိုတွေးဒီတွေးနဲ့ပဲ ဆယ်နာရီက ထိုးပြန်ပြီ။ ဒေါက်တာမက ဟူးခနဲ သက်ပြင်းချ၊ သူ့ရှေ့ စာရေးခုံပေါ်က နားကြပ်ကိုကောက်ပြီး ထ,တယ်။ သူ ယိုင်တီယိုင်တိုင်နဲ့ လူနာဘေးဝင်သွားတော့ ဝိုင်းအုံနေတဲ့ လူအုပ်ကြီးက ရှဲပေးတယ်။ ခေါင်းရင်းမှာ သားရဲ့ နဖူးကိုပွတ်ပြီး ထိုင်နေတဲ့ လူနာ့အမေရဲ့ ပါးစပ်က လှုပ်တုတ် လှုပ်တုတ်နဲ့။ တရားစာ ရွတ်နေတယ် ထင်ပါရဲ့။ ဒေါက်တာမလည်း လူနာကို သွေးပေါင်ချိန်၊ နားကြပ်လေးနဲ့ ဟိုထောက်ဒီထောက်ပေါ့။ ဟန်ပြပါပဲ။ ဒီလောက်တောင် သေချာနေမှတော့ ဘာလုပ်လို့ ရဦးမှာလဲ။ လူနာရှင် စိတ်ကျေနပ်အောင်သာ ဒေါက်တာမခမျာ ထ,ထပြီး ကြည့်နေရတာ။ ဟိုစမ်း၊ ဒီစမ်းလို့ ပြီးတော့ ဒေါက်တာမ ဘာပြောရမှန်း မသိတာနဲ့ ခေါင်းကိုပဲ ယမ်းပြရပြန်တယ်။ ဒီတော့ ခေါင်းရင်းက လူနာ့အမေကတော့ အိခနဲ တစ်ချက်ရှိုက်ပြီး ငိုပြန်ရော။

❑

၂။

'ဆရာမ မိုးကျော် မျက်လုံးဖွင့်ကြည့်တယ်'တဲ့။ မိုက်ခနဲ အိပ်ပျော်သလိုဖြစ်သွားတဲ့ ဒေါက်တာမ နားထဲ အသံတိုးတိုးလေးကြားတော့ အိပ်မက်များမက်သလားပေါ့။ ရူးခနဲ မျက်လုံးထဲဝင်လာတဲ့ လျှပ်စစ်မီးအလင်း၊ ဘေးမှာက လှုပ်ရှားသလိုရပ်နေတဲ့

> သွေးတွေ
> တစ်လုံးပြီးတစ်လုံး
> သွင်းနေရင်းပဲ
> ကင်ဆာ
> ဆိုတာကြီးက
> ကိုက်စား
> သွားလိုက်တာ
> ကိုယ်ခန္ဓာက
> နေပူမိတဲ့
> ရေခဲချောင်းလိုကို
> ရတ်တရက်
> ပါးလှပ်
> သွားတော့တာ
> ငါးလအတွင်းမှာ
> အကူမပါရင်
> ဟိုဘက်
> ဒီဘက်တောင်
> မလှည့်နိုင်တော့တဲ့
> ဘဝ

လူနာ့အမေ။ ဒီနှစ်ခုနဲ့တင် အိပ်မက်မဟုတ်မှန်း သေချာနေတော့ ကပျာကသီ ထ,ကြည့်ရတယ်။ ဟုတ်တယ်။ မိုးကျော်ရဲ့ မျက်လုံးကလေး ပွင့်လို့။ ပြူးကြောင်ကြောင် မျက်လုံးတွေက မြင်ရရဲ့လား တော့ မသိဘူး။ မသေချင်သေးဘူး၊ သူ့ကို ကယ်ကြပါလို့ ပြောနေသလိုပဲ။ ဟုတ်ချင်မှလည်း ဟုတ်မယ်။ ဟိုတစ်ခါက ပြောဖူးတဲ့ သူ့ကို ညင်သာစွာ အသက်ထွက်အောင် လုပ်ပေးဖို့ တောင်းဆိုအသနားခံနေတာလည်း ဖြစ်ချင်ဖြစ်နိုင်တာပဲ။ အမှန်လူနာက သူ့မျက်စိကို ဖွင့်ကြည့်တာ ခဏလေးပဲ။ ဘေးက လူနာစောင့်လူအုပ်ကြီးနဲ့ ဒေါက်တာမတို့မှာသာ ငြိမ်နေတဲ့ရေကန်ထဲ ခဲလုံးပစ်ချသလို ဖြစ်နေတာ။ ဒေါက်တာမအတွက်ကတော့ ခေါင်းကိုက်နီးစရာပေါ့။

'မိုးကျော်၊ မိုးကျော် ဘယ်လိုနေသေးလဲ။ သက်သာသလား'။ လူနာကို မေးပေမဲ့ ပိတ်သွားတဲ့ မျက်လုံးတွေက ပြန်ပွင့်မလာပါဘူး။ ဒေါက်တာမ လူနာရင်ဘတ်ကို ထောက်ပြီး နားထောင်ရတယ်။ သွေးပေါင်တကျိုကျိုချိန်ရတယ်။ ပြီးတော့ သူနာပြုကို 'သွေးအချိုဓာတ် ဖောက်ပေးပါဦး'လို့ လှမ်းအော်ရတယ်။ အဲဒီနောက် ကင်ဆာရဲ့ ဒဏ်တွေကြောင့် ကိုယ်ခံအားမရှိတဲ့ လူနာကို ပိုးဝင်ပြီး သွေးဆိပ်ပျံ့တဲ့အကြောင်း ထပ်ရှင်းပြရပြန်ရော။ ကုလို့ ရသမျှ ဆေးတွေ ကုထားတဲ့ အကြောင်းလည်း မကြာမကြာ ထည့်ပြောရတာပေါ့။ လူနာ့အမေက ဒေါက်တာရဲ့လက်ကို ဆွဲဆွဲပြီး 'တတ်နိုင်သမျှကြိုးစားပေးပါ ဆရာမရယ်'လို့ ငိုတယ်။ ဒေါက်တာမ လူနာ့အမေငိုသံကို နားထောင်နေရင်းပဲ အသက်ရှူတွေ ကျပ်လာတယ်။ 'တတ်နိုင်သမျှ လုပ်ပေးနေတာပဲ'လို့ ပြန်ပြောလိုက်ပေမဲ့ အသံက မထွက်ချင် ထွက်ချင်ပဲ။ နောက်ဆုံး လူနာကိုကြည့်ပြီး 'အသက်ပြင်းလိုက်တာ'လို့ တွေးမိပြန်ရော။

ဟိုက်ခနဲ၊ ဟူးခနဲ တစ်ချက်တစ်ချက် ရှိုက်ပြီး အသက်ရှူနေတဲ့ လူနာကို ကြည့်ရတာ လဟာပြင်မှာ ထွန်းထားတဲ့ ဖယောင်းမီးတောက်ကလေးနဲ့ သိပ်တူတယ်။ လေတစ်ချက် အဝှေ့မှာ ပျောက်သွားပြီလို့ ထင်နေတုန်း ဝုတ်ခနဲ ပြန်ပြီးတောက်လာသလိုပဲ။ အသံတွေ တခွီးခွီးမြည်ပြီး ချိုင့်ဝင်သွားအောင် အသက်ရှူနေရတဲ့ ရင်ဘတ်က ပြန်မလှုပ်တော့မယ့်ပုံ ငြိမ်သက်သွားတယ်။ ဒါပေမဲ့ ခဏလောက်ဆိုရင်ပဲ အင့်ခနဲ ပြန်ထိုးတက်လာပြီး ရင်ဘတ်ကြီး ချိုင့်တဲ့အထိ အသက်ရှူပြန်ရော။ တကယ်ကို ပင်ပန်းဆင်းရဲခြင်းပဲ။

'သက်သောင့် သက်သာသာ သွားလိုက်ပါတော့'လို့ ဒေါက်တာမ စိတ်ထဲက [illegible]နေ ပြောမိတယ်။ အမှန်က[illegible] လူနာရဲ့ အနားကိုကပ်ပြီး ခ[illegible] ကျယ်ကျယ် ပြောလိုက်ချင်တယ်။ ဒါပေမဲ့ ဒါက မလုပ်သင့်ဘူး။ အခုလို တွေး[illegible] တာတောင် လွန်လှပြီ။ အ[illegible] နေ သူ့စိတ်ထဲက အတွေးတွေ ကိုသာ တခြားတစ်ယောက် ကြားရင်လည်း ဘယ်သူ[illegible] 'စေတနာပါအေ'လို့ လက်[illegible] နိုင်လိမ့်မယ် မထင်ဘူး[illegible] 'ဘုရားရေ၊ ဘယ်လိုဆရာဝန်မလဲ'လို့ ဒေါက်တာမ[illegible] ရွတ်ချတဲ့အကြည့်နဲ့ ဝိုင်းကြည့်ကြမလားပဲ။ ဒါ[illegible] မဟုတ် အကြင်နာတရား ကင်းမဲ့လိုက်တာ၊ နှလုံးသား မရှိလိုက်တာ၊ ဘုရားစူး ဆရာဝန်မတဲ့တော်။ လူနာကို [illegible] ခိုင်းနေသတဲ့ဆိုတဲ့ မျက်လုံးတွေနဲ့ အံ့သြဘနန်း ဝိုင်းကြည့်[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကြမှာ။ အဲဒီအခါကျရင် 'ကျွန်မသားကို ကယ်ပါဦး ဆရာမရယ်' လို့ ငိုမဲ့မဲ့ဖြစ်နေတဲ့ လူနာ့အမေကြီးက သူ့ကို အမုန်းဆုံးဖြစ်မယ်ထင်တာပဲ။

'ဆရာမ ဟိုက်ဒရိုကော်တီဇုံးလေး ငါးဆယ်လောက် ထပ်ထိုးပေးပါဦး'

သူနာပြုကို လှမ်းပြောလိုက်ပေမဲ့ ဆေးထိုးလည်း ပြန်ကောင်းလာလိမ့်မယ်လို့ ဒေါက်တာမ မထင်ပါဘူး။ အမှန်ပြောရရင် ဆေးလည်း ထပ်ပြီး မထိုးချင်တော့ဘူး။ သိကြားမင်း ဆင်းကုရင်တောင် ဒီရောဂါနဲ့ အထမမြောက်နိုင်တော့တာ သေချာနေတာပဲ။ ဒါပေမဲ့ ဆေးကတော့ ထိုးရမယ်။ ဒေါက်တာမရဲ့ အတွေ့အကြုံအရ သားလူနာကို ထိုးလိုက်တဲ့ ဆေးအာနိသင်က နောက်ဆုံးဆိုတဲ့ အချိန်တွေမှာ လူနာ့အမေဆီမှာ လာပြလိမ့်မယ်။ လူနာအသက်မရှိတော့ဘူးဆိုတာနဲ့ 'ကျွန်မတို့လည်း အသက်ကယ်ဆေးတွေ ထိုးတာပါပဲ၊ ကုစရာရှိတဲ့ဆေးတွေ ကုတာပါပဲ၊ ထိုးစရာရှိတာ အကုန်ထိုးတာပါပဲ။ ဒါပေမဲ့ အဒေါ်ရယ်' လို့ ဒေါက်တာမက စိတ်မသက်မသာစွာနဲ့ ပြောရမယ်။ ဒါမှ သားသေလို့ ဝမ်းနည်းနေတဲ့ အဒေါ်ကြီးခမျာ 'ဆေးတော့ ထိုးလိုက်ရ၊ ကုလိုက်ရသေးတာ' လို့ ဖြေသာနိုင်မှာ။ နောက်တစ်နည်းနဲ့ ပြောရမယ်ဆိုရင် 'ဒေါက်တာမ လာပြီး မကြည့်လို့၊ ဒေါက်တာမ ဆေးမထိုးပေးလို့ သေရတာ' လို့ ဒေါသမထွက်မှာ။

'အဒေါ့်ကို ကျွန်မ ရှင်းပြထားပါတယ်။ လူနာအခြေအနေက စိုးရိမ်ရတယ်ဆိုတာထက် လွန်နေပြီ။ ကျွန်မ အခု ဆေးထိုးပေးလိုက်ပြီ။ နောက်ထပ် ထိုးစရာဆေးလည်း မတတ်နိုင်တော့ဘူး။ ဆေးတွေပဲ ထပ်ကာထပ်ကာ ထိုးသင့်တာထက် ပိုထိုးနေရင်လည်း ကောင်းကျိုးထက် ဆိုးကျိုးပဲ ဖြစ်မှာ။ အခု အဒေါ်တို့ လူနာအနားမှာ တရားခွေ ဖွင့်ပေးထားပါ'

လူနာရှင်အုပ်စုကို လေပစ်နေရင်းပဲ သူပေးတဲ့ အကြံကို 'နားငြီးလိုက်တာ' ဆိုပြီး လူနာ စိတ်မဆိုးလောက်ကောင်းလို့ ဒေါက်တာမ တွေးမိတယ်။ နားငြီးခါမှ ငြီးရောပဲ။ ဒါကလည်း လူနာအတွက် မဟုတ်ရင်တောင်မှ လူနာစောင့်တွေအတွက်တော့ စိတ်သက်သာရစေမယ့် နည်းလမ်းတစ်ခုဆိုတော့ မတတ်နိုင်ဘူး။ အခုက လူနာထက် လူနာစောင့်တွေကို ကုရမယ့် အချိန် ရောက်နေပြီ။ ပြောစရာရှိတာတွေ ပြောပြီးလို့ ဖျတ်ခနဲ ပြန်အလှည့် လူနာရဲ့ မျက်လုံးထောင့်စွန်းမှာ စီးကျနေတဲ့ မျက်ရည်စီးကြောင်းကို ဒေါက်တာမ သတိထားမိတယ်။ ဆေးရုံ စ,တက်ကတည်းက လူရှေ့ မျက်ရည်မကျခဲ့တဲ့ မိုးကျော် နောက်ဆုံးတော့ ငိုရှာပြီ။

❑

၃။

'အစ်မ မိုးကျော် အသက်မရှိတော့ဘူးထင်တယ်' တဲ့။ တိုးတိုးလေး လာပြောတဲ့ သူနာပြုရဲ့ စကားမဆုံးခင်ဘဲ ဒေါက်တာမ ထိုင်နေတဲ့ဆီကနေ လူနာနေရာကို ဝရုန်းသုန်းကား ထ,ပြေးတယ်။ 'ကျွန်မသားလေးကို ကယ်ပါဦး' တဲ့။ လူနာ့အမေကြီးက ငိုသံကြီးနဲ့ ခြေမကိုင်မိ၊ လက်မကိုင်မိပုံစံ ဖြစ်နေတယ်။ ဒေါက်တာမက ရင်ဘတ်ကို နားကြပ်လေးတစ်ချက်ထောက်၊ မျက်လုံးလေး ဖြဲကြည့်တာနဲ့ တင် သိပြီ။ လူနာ အသက်မရှိတော့ဘူး။ ဘယ်အချိန်က သေသွားပါလိမ့်။ တွေးရင်း ဖျတ်ခနဲ ဘေးပတ်ပတ်လည်ကို ဝေ့ကြည့်တော့ မျှော်လင့်ချက် မကုန်သေးတဲ့ မျက်လုံးတွေက ဝိုင်းလို့။ အဲဒီနောက် ဒေါက်တာမ လူနာ့ရင်ဘတ်ကို တစ်ချက်ချင်း စ,ဖိတယ်။ 'အင်းဖျူးဘက် ယူခဲ့' လို့လည်း ပါးစပ်ကအော်တယ်။ 'အယ်ဒရီနယ်လင်းထိုး ဆရာမ' လို့လည်း အော်တယ်။ သူနာပြုက 'ထိုးဦးမှာလား၊ ထူးမှ မထူးတာ' ဆိုတဲ့ပုံစံ မျက်လုံးပြူးနဲ့ ပြန်ကြည့်ပေမဲ့ ကပျာကယာ ဆေးစုပ်ရှာတာကို မြင်ရတော့ 'မဆိုးဘူး။ ဒီဆရာမ အကင်းပါးသား' လို့ ဒေါက်တာမ တွေးမိသေးတယ်။ ညှစ်ဟယ်၊ ဖိဟယ် အလုပ်တွေ ဇယ်ဆက်သလို လုပ်နေပေမဲ့ ဒေါက်တာမ မျက်လုံးတွေက မငြိမ်ဘူး။ ဖျတ်ခနဲ ဘေးက ဝိုင်းကြည့်နေတဲ့ လူနာစောင့်တွေကို အကဲခတ်နေတယ်။ အတွေးတွေကလည်း မငြိမ်ဘူး။ သူ့စိတ်နဲ့ သူ့သဘောအရသာဆိုရင် သူနာပြုသဘောလိုပဲ ဖိတာ၊ နှိပ်တာ၊ ဆေးထိုးတာတွေ မလုပ်ချင်တော့ဘူးလို့လည်း တွေးရဲ့။ ဒီအချိန် သူလုပ်လက်စတွေကို ရပ်ပြီး လူနာဆုံးပြီလို့ ပြောလိုက်လို့ အဆင်ပြေလောက်ပြီလား။ လူနာရှင်တွေအနေနဲ့ ဒေါသတွေ၊ မောဟတွေ မဖြစ်ဘဲ ဒီသတင်းစကားကို လက်ခံနိုင်တဲ့ပုံ ပေါ်ပြီလား စသဖြင့် တွေးနေတာ။ လူနာရှင်တွေ စိတ်ကျေနပ်အောင်သာ ဖိပြနေရပေမဲ့ လူနာပြန်နိုးပြီး အသက်မရှင်လာနိုင်တာသိနေလို့ ထင်ပါရဲ့၊ ဒေါက်တာမခမျာ အခါတိုင်းထက် ပိုမောသလိုပဲ။

❑

၄။

အခုတော့ အားလုံးပြီးပြီ။ အလောင်းသယ်မယ့် တွန်းလှည်းက အသံတဂျိန်းဂျိန်းနဲ့ လာနေပြီ။ လူနာရှင်တွေကလည်း တအီအီ ငိုရင်း ပစ္စည်းတွေ သိမ်းနေကြပြီ။ ခဏလောက်ဆိုရင် အားလုံး ရှင်းသွားတော့မှာပဲ။ ရှင်းလည်း ရှင်းသင့်ပါပြီ။ အခုပဲ အချိန်က သုံးနာရီမတ်တင်း ရှိနေပြီ။ ရေးစရာရှိတာ ခပ်သွက်သွက် ရေးနေခြစ်နေရင်းပဲ 'အိပ်ရတော့မယ်၊ မအိပ်ခင် တစ်ခုခု အဆာပြေလေး စားရရင် ကောင်းသား' လို့ ဒေါက်တာမ တွေးတယ်။ လူနာကို ဖိလိုက်နှိပ်လိုက်ရတာနဲ့ ချွေးတွေထွက်ပြီး ဗိုက်ထဲ ဟာနေသလိုပဲ။ ဒါနဲ့ 'ဆရာမ ဘာစားစရာရှိလဲ' လို့ မေးလိုက်တော့ ဆရာမက 'ခေါက်ဆွဲခြောက်ထုပ်ရှိတယ်။ ရေနွေးလည်းရှိတယ်' လို့ ပြန်ဖြေတယ်။ အမယ်လေး ပျော်လိုက်တာဟဲ့၊ ဒေါက်တာမ ခပ်တိုးတိုး ရေရွတ်တယ်။ အကျယ်ကြီးလည်း မပြောရဲဘူး။ အရှေ့မှာ လူနာရှင်တွေက ငိုနေကြတုန်း။


■

**ရေအေး**



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက-၁
[illegible]
ပြောတာကတော့
ချိုနိုင် ငယ်ငယ်က
စုန်းပြုစားခံထားရလို့တဲ့။
ခြေစုန်း၊ ခေါင်းစုန်း၊
ကိုယ်စုန်း၊ မောက်ထုံးစုန်း၊
မောက်ပြားစုန်း၊
အိန္ဒြိယလိန်းစုန်း၊
ကလေမြောက်စုန်း ဆိုတဲ့
စုန်းခုနစ်မျိုးထဲက ရွာသူလို့
ခေါ်တဲ့ ခြေစုန်းက ချစ်လို့
ပြုစားထားတာတဲ့လေ။
ရွာကလေးမှာ နံနက်
အရုဏ်တက်ပြီဆိုတာနဲ့
ချိုနိုင်က ရွာတစ်ပတ်ပတ်
မြင်းစီးနေပြီ။
ခွေးတာရုန်းရုန်းနဲ့
ချိုနိုင် မြင်းစီးနေတဲ့
အသံကြားရမှ ရွာထဲက
ယန်းပဲသမားတွေ ယန်းပဲဖို
မီးထ,မွှေးကြတာ
နှစ်မှုဝပါပဲ။
ဒါကြောင့် အဲသည်
ယန်းပဲရွာကလေးမှာ
ချိုနိုင်က နှီးစက်ကလေး
တစ်လုံးဆိုရင်လည်း
မမှားပေဘူးပေါ့။
ပါးစပ်က တကျွတ်ကျွတ်နဲ့
မြင်းစော်ကြိုးသတ်ကာ
ရွာတစ်ပတ်ပတ်ပြီး ချိုနိုင်

## တစ်ခါက [illegible]

# ကြယ်ဆွမိုး

အိမ်ထဲပြန်ဝင်လာတော့
ချိုနိုင့်အမေက ချိုနိုင်စားဖို့
ထမင်းကြော်ကြော်နေပြီ။
မြင်းပေါ်က အသာအယာ



www.burmeseclassic.com

www.burmeseclassic.com

ဆင်းကာ ဇက်ကြိုးကိုဖြုတ်ပြီး ချည်နေကျ မြင်းချည်တိုင်မှာ နေသားတကျချည်နှောင်နေရင်း ချိုနိုင် ခေါင်းတစ်ချက် ယမ်းလိုက်တယ်။ ပြီးတော့ သူ့အမေကို...

'အမေ ဒီမြင်းကြီး မစီးချင်တော့ဘူး အိုနေပြီ၊ ကျုပ်ကို မြင်းလဲပေးတော့'

'အေးပါ ငါ့သားရယ်၊ မြင်းလည်း လဲပေးမယ်။ ဒါပေမဲ့ နောက်တစ်ခါ မြင်းစီးထွက်ရင် ဖိနပ်စီးသွားနော် မှောင်တိမှောင်မည်းနဲ့ ငါ့သား ဆူးစူးလိမ့်မယ်'

ချိုနိုင်ကတော့ သူ့အမေပြောတာကို နားလည်သလို၊ မလည်သလို ရီဝေဝေနဲ့ ကြည့်နေခဲ့ပြီး ကြော်ထားတဲ့ ထမင်းကြော်စားကာ ပြန်အိပ်သွားပါတော့တယ်။ မောမောပန်းပန်းနဲ့ ပြန်အိပ်နေရှာတဲ့ သူ့သားလေးကို ဒေါ်အေးခြုံ ကြည့်ပြီး သက်ပြင်းကို ခပ်ဖွဖွလေးချလိုက်တယ်။ အရွယ်ရောက်လာလေ သွားလေသူကိုထွန်းအောင်နဲ့ ပိုပြီးတူလာလေမို့ ရင်ထဲက ဝေဒနာတွေ ပြန်ထိုးဆွနေသလို ဒေါ်အေးခြုံ ခံစားနေရတယ်။ သည်အချိန် သူ့အဖေသာရှိရင် သားအတွက် စိတ်မကောင်းဖြစ်မိမှာ အမှန်ပါပဲ။ လူကသာ လူပျိုပေါက်ထွားထွားကြီးဖြစ်နေပေမဲ့ စိတ်က ကလေးစိတ်သာသာပဲဆိုတော့ ရွာထဲကလူတွေက အရူးလေးလို့ ပျစ်ပျစ်နှစ်နှစ်ခေါ်ကြတဲ့အခါတိုင်း သူ့လိုမှ ခံနိုင်ရည်ရှိပါ့မလားဆိုပြီး ဒေါ်အေးခြုံ တွေးမိတိုင်း မျက်ရည်တွေက အလိုလိုရစ်ဝိုင်းလာပြန်တယ်လေ။ စား၊ ဝတ် နေရေး

> 'ဝ'လုံးကလွဲရင်
> ဘာမှ
> ဆက်သင်လို့
> မရတဲ့သူက
> ဘာစာတွေများ
> ရေးထားပါလိမ့်
> ဆိုပြီး
> စာရွက်ကလေးကို
> ဖွင့်ဖတ်
> ကြည့်လိုက်တော့
> တစ်မျက်နှာအပြည့်
> ဝိုင်းစက်နေအောင်
> ရေးထားတဲ့
> 'ဝ'လုံးကလေးတွေ
> ရယ်လေ

အတွက်တော့ ဒေါ်အေးခြုံ မမှုပါဘူး။ ရွာကထွက်တဲ့ ခါး၊ တံစဉ်တွေကို ပန်းပဲဖိုတွေဆီက ပြန်ကာချေယူပြီး ပုလိပ်တို့၊ မြစ်ငယ်တို့၊ စဥ့်ကိုင်တို့နားက ရွာတွေမှာ တစ်ခေါက်သွားရောင်းပြီး ပြန်လာတယ်ဆိုရင်ပဲ သူတို့သားအမိနှစ်ယောက် တစ်ပတ်ဆယ်ရက်စားလို့မှ မကုန်တာ။ ချိုနိုင့်ကို ဖတဆိုးသားလေးမို့ တစ်မျိုး၊ လူစဥ်မမီတဲ့ သားလေးမို့ တစ်ဖုံ ဒေါ်အေးခြုံ အသနားတွေ ပိုပြီး မပြောရက်မဆိုရက်ဖြစ် နေရှာတယ်လေ။

အခုလည်း သူ့သား ပူဆာနေတဲ့ မြင်းအသစ်လုပ်ပေးဖို့ ကိုဖိုးငွေထန်းတဲက တောင်းယူလာတဲ့ ထန်းပလပ်အစိုလေးတစ်ချောင်းကို ဓားနဲ့ အချောသတ် ဖျင်ချနေတယ်။ ပြီးတော့ ထန်းပလပ်ပြားရဲ့ အဖျားဘက် တစ်ဖက်တစ်ချက်ကို တစ်ထွာသာသာလောက် ခပ်ရွေရွေလေး ဓားနဲ့ ထစ်ပြီး အောက်ဘက်ကိုချိုးလိုက်တော့ စောစောကထစ်ထားတဲ့ နေရာလေးနှစ်ခုက နားရွက်ထောင်ထောင်လေးနှစ်ခုလို ပေါ်လာတယ်။ ပြီးမှ ပလတ်စတစ်ကြိုးနဲ့ မြင်းဇက်ကြိုးတပ်သလို ချည်လိုက်တော့ သူ့သားလိုချင်တဲ့ အဿတိုရ်မြင်းတစ်စီးရပြီလေ။

ခုလို မြင်းအသစ်လုပ်ပေးလိုက်တဲ့ နေ့မျိုးဆို ချိုနိုင်က တစ်နေကုန် ခုန်ဆွခုန်ဆွနဲ့ ရွာထဲ မြင်းလျှောက်စီးတော့တာ။ ချိုနိုင့်နောက်ကနေ ကလေးတစ်သိုက် ဩသံပေးပြီး အော်ဟစ်ပြေးလိုက်ကြတဲ့ အခါ ရွာလယ်လှည်းလမ်းမ တစ်လျှောက် တလိမ့်လိမ့်ထ၊ ကျန်ခဲ့တဲ့ ဖုန်လုံးကြီးတွေဟာ ဖြင့် မြင်းရသူအဖို့ လွမ်းချင်စရာတောင် ကောင်းနေပါသေးတော့တယ်။

❑

**တစ်ခါက-၂**

ဟိုးခပ်ဝေးဝေးက ငယ်သံပါအောင် အော်ဟစ်လိုက်တဲ့ ရထားဥသြသံကြောင့်တော ဘူတာရုံကလေးမှာ စောင့်ဆိုင်းနေတဲ့ ရွာသူရွာသားတွေ ရုတ်ရုတ်သဲသဲဖြစ်သွားကြတယ်။ ကျောင်းအုပ်ဆရာကြီး ဦးသိန်းဟန်က လက်ထဲမှာ ကိုင်ထားတဲ့ အော်ဒါစာရွက်ကလေး ဖြန့်ကြည့်ပြီး 'တို့ရွာကိုရောက်လာမယ့် ဆရာမလေးနာမည်က ဒေါ်အေးမြဖြူတဲ့ဟေ့' လို့ အော်ပြောနေတယ်။ ရထားကြီးက ဘူတာရုံကလေးထဲ တအိအိဝင်လာတော့ ရွာသူရွာသားတွေက-

'ဆရာမ ဒေါ်အေးမြဖြူကို ကြိုဆိုပါတယ်'၊ 'ဆရာမ ဒေါ်အေးမြဖြူကို ကြိုဆိုပါတယ်'

တိုင်ပင်ထားတဲ့ အတိုင်း အော်ဟစ်ကြိုဆိုနေတဲ့အသံတွေက တောဘူတာရုံကလေးရဲ့ ဝန်းကျင်တစ်ခုလုံး ပွဲတင်ထပ်သွားပါတော့တယ်။

ချိုနိုင်တို့ရွာကို ကျောင်းဆရာမလေးအသစ် တစ်ယောက် ရောက်လာတာလေ။ လစ်လပ်နေတာကြာပြီဖြစ်တဲ့ ချိုနိုင်တို့ရွာ မူလတန်းကျောင်းကလေးရဲ့ ကွက်လပ်ကိုဖြည့်ဖို့ သည်ဆရာမလေးက ရောက်လာတာတဲ့။ အားကိုးမျှော်လင့် ချက်ကြီးစွာ ကြိုဆိုနေတဲ့သူတွေက ရွာလုံးကျွတ်နီးပါး။ ဒါပေမဲ့ ချိုနိုင် တစ်ယောက်တော့ မပါဘူး ပေါ့လေ။

❑

**တစ်ခါက-၃**

သီတင်းကျွတ်လပြည့် နေ့ဆို ချိုနိုင်တို့ရွာ ဘုရား... ပါ။ အခုကတည်းက အုပ်... တွေခွဲကန့်ထားမှ လပြည့်နေ့ ဘုရားပွဲရက်မှာ တခြားရွာက ဧည့်သည်တွေကို ဗိုလ်လုပွဲ... ဧည့်ခံနိုင်မှာလေ။ မနှစ်က ဗိုလ်လုပွဲမှာ အာဆင်နဲ့... အသင်းနဲ့ ကျော်ညီနောင်... အသင်းတွေ့တော့ ဧည့်သည်...



www.burmeseclassic.com

www.burmeseclassic.com

ပရိသတ်တွေ တော်တော်ပွဲကျခဲ့တယ်။ အာဆင်နယ်အသင်းက ဆယ့်တစ်ဂိုး ဂိုးမရှိရှုံးထားတဲ့ ရှုံးကြွေး သည်နှစ်ပြန်ဆပ်မယ်လို့ ကြုံးဝါးထားလေတော့ သည်နှစ်လည်း ဘောလုံးပွဲက မြိုင်ဆိုင်ဦးမှာပါပဲ။

လဆန်းတစ်ရက်နေ့ အုပ်စုတွေခွဲ ပွဲစဉ်ဇယားတွေ ဆွဲနေတဲ့အချိန်မှာ တဘက်ကလေးခေါင်းပေါ်တင်ကာ ဒေါ်အေးမြရောက်လာတော့ အားလုံးအံ့သြသွားကြတယ်။

'ဟဲ့ ပုက္ကတို့၊ ဝင်းတင့်တို့ ငါ့သားလေးက ဘောကန်ချင်လို့တဲ့၊ လူလိုရင် ခေါ်ကြပါဦးဟယ်'

ဒေါ်အေးမြ စကားကြားတော့ ဘောလုံးပွဲဖြစ်မြောက်ရေးတာဝန်ခံ ဝင်းတင့်က-

'ဟာဗျာ ဘယ်ဖြစ်မှာတုံး၊ ခင်ဗျားသား ရှူးရှူးပေါက်ပေါက်ကြီးကို။ ကလေးမဟုတ်၊ လူကြီးမဟုတ် မဖြစ်ပါဘူးဗျာ'

ဝင်းတင့် ပြောလိုက်တော့ ဒေါ်အေးမြ စိတ်ပျက်လက်ပျက်ဖြစ်သွားရှာတယ်။ ထန်းပလပ်မြင်းကလေးစီးပြီး ချိုနိုင်ရောက်လာတော့ သူ့သားလေးကို ဘယ်လိုနှစ်သိမ့်ရမှန်းမသိ ဖြစ်ရပြန်ရော။ ဒါကို ဗိုလ်မထားအသင်းခေါင်းဆောင် ကျော်ဘက စိတ်မကောင်းဖြစ်မိသွားကာ-

'ကဲဗျာ ကိုဝင်းတင့် ကျုပ်တို့အသင်းမှာ ထည့်လိုက်။ လူပြည့်နေလည်း အရန်အဖြစ်ထည့်လိုက်ဗျာ'

ဒီလိုနဲ့ ချိုနိုင်တစ်ယောက် ဗိုလ်မထားအသင်းရဲ့ တစ်ဦးတည်းသော အရန်လူဖြစ်သွားပါတော့တယ်။

❑

နောက်တစ်နေ့ ဘောလုံးပွဲ စ,ကန်ကြတော့ ချိုနိုင့်ကို နားလည်အောင် မနည်းရှင်းပြနေကြရတယ်။ အရန်ဆိုတာ စစချင်း ဝင်မကန်ရကြောင်း၊ တစ်ယောက်ယောက် အနာတရဖြစ်သွားမှသာ ဝင်ကန်ရမှာဖြစ်တဲ့အကြောင်း ဝိုင်းဝန်း ရှင်းပြနေကြရတာလည်း အလုပ်တစ်ခုပါပဲ။

ဗိုလ်မထားအသင်းနဲ့ တိမ်ပေါ်ကလူအသင်းတို့ ပွဲက စ,လေပြီ။ ဗိုလ်မထားအသင်းရဲ့ ဗဟိုခံစစ်မှူး ခင်းပေးလိုက်တဲ့ ဘောလုံးကို ညာတောင်ပံကစားသမား ရဲဝင်းက ဓားလွယ်ခုတ် ဘယ်ဝင်းဆီက ဖြတ်တင်ပေးလိုက်တယ်။ ဘီးကုပ်အစပ်လောက်မှာ ဝဲပျံလာတဲ့ ဘောလုံးကို တိုက်စစ်မှူး ညိုပြောင်က ခေါင်းနဲ့ခုန်ပြီးအတိုက်၊ တစ်ဖက်အသင်းနောက်ခံလူတစ်ယောက်က ညိုပြောင့်အောက်ကနေ ဖြတ်ပြေးသွားတယ်။ ညိုပြောင်ခမျာ ရင်ဘတ်နဲ့ မြေကြီးလက်ဝါးချင်းရိုက်လိုက်သလိုဖောင်းခနဲ။ အဲသည်နောက်မှာတော့ ညိုပြောင့်ကို ကွင်းအပြင် ထမ်းထုတ်လိုက်ရပါတော့တယ်။

ချိုနိုင် ကံကောင်းတာလား၊ ညိုပြောင်ပဲ ကံဆိုးတာလားတော့ မသိပါ။ ဗိုလ်မထားအသင်းရဲ့ တစ်ဦးတည်းသော အရန်လူ ချိုနိုင်ကတော့ ပွဲထွက်ခွင့်ရသွားပါတယ်။ ကွင်းအတွင်း ချိုနိုင်ဝင်လာတာမြင်တော့ နှစ်ဖက်အသင်းက ပရိသတ်တွေ လက်ခုပ်တီးပြီး သောင်းသောင်းဖြဖြ ကြိုဆိုကြတာဖြင့် ဘဝင်ညံ့သွားတယ်။

အဲသည်နေ့ ဘောလုံးပွဲက ဂိုးမရှိ သရေဖြစ်သွားပေမဲ့ ပရိသတ်တွေကတော့ တဝါးဝါး တဟားဟားနဲ့ ချိုနိုင့်ကို ပွဲကျခဲ့ကြတယ်လေ။

❑

ဘုရားပွဲလည်းပြီး၊ ကျောင်းတွေလည်း ပြန်ဖွင့်တော့ ချိုနိုင်တစ်ယောက် ယောင်ချာချာဖြစ်နေတယ်။ သူ့သူငယ်ချင်းတွေ ရှိရာ မူလတန်းကျောင်းရဲ့ အနားက လက်ပံပင်ကြီးအောက်မှာ ထန်းပလပ်မြင်းလေး ဘေးမှာချပြီး ကျောင်းဆင်းချိန်ကို ထိုင်စောင့်နေတယ်။ ကျောင်းထဲက ဆူဆူညံညံ အသံတွေကြားတော့ ချိုနိုင် စိတ်ဝင်စားသွားပြီး ကျောင်းဝင်းလေးရဲ့ ခြံစည်းရိုးအနားကို တိုးကပ်ကြည့်လိုက်တယ်။ သူ့သူငယ်ချင်း ဖိုးထူးတို့၊ သံချောင်းတို့ ခုန်ပေါက်ဆော့ကစားနေတာကို တွေ့ရတော့ သူ အံ့သြသွားတယ်။ ပြီးတော့ ကျွမ်းပြန်အောင် ဆော့ကစားနေတဲ့ သံချောင်းတို့အုပ်စုကို ဆရာမလေးတစ်ယောက်က ချိုချဉ်တွေလိုက်ဝေနေတာကို တွေ့ရပြန်တော့ သဘောအကျကြီးကျပြီး နှုတ်ခမ်းကိုတောင် လျှာနဲ့လေး၊ ငါးကြိမ်သပ်နေမိတယ်။ အစက အခုလို လက်ပံပင်အောက်ကနေ ထိုင်ကြည့်နေရင် ဖိုးထူးတို့၊ သံချောင်းတို့ကို ဆရာကြီး ဦးသိန်းဟန်ကဖြစ်ဖြစ်၊ ဆရာလေး ကိုနန်းဝင်းကဖြစ်ဖြစ် တဖုန်းဖုန်းဆော်နေတာကို တွေ့ရတော့ ကျောင်းဆိုတာ ကြောက်စရာသတ္တဝါတစ်ကောင်လို ချိုနိုင် ထင်ထားခဲ့တာလေ။

အိမ်ပြန်ရောက်တော့ ချိုနိုင်က-

'အမေ ကျုပ် ကျောင်းနေချင်တယ်'တဲ့။

ဒေါ်အေးမြ တော်တော်အံ့သြဘနန်းဖြစ်မိပေမဲ့ သူ့သားဖြစ်ချင်တာတွေကို မဖြစ်ဖြစ်အောင် လုပ်ပေးတတ်တဲ့ အမေဆိုတော့ သည်တစ်ခါလည်း ဒေါ်အေးမြ ဖြစ်အောင် လုပ်ပေးခဲ့ပြန်ပြီလေ။ ရွာကျောင်းအုပ်ဆရာကြီး ဦးသိန်းဟန်ကို အကျိုးအကြောင်းပြောအသနားခံ၊ ဆရာလေး ကိုနန်းဝင်းက ခွေရိပ်မျိုးရိပ်မကင်းသူဆိုတော့ အထူးပြောစရာမလို။ အသစ်ရောက်လာတဲ့ ဆရာမလေးကလည်း အင်မတန်သဘောကောင်းသူဖြစ်နေတော့ ချိုနိုင်တစ်ယောက် မနက်ဖြန်၊ သန်ဘက်ဆိုရင်တောင် ကျောင်းစတက်ရတော့မယ်လေ။

ချိုနိုင်နဲ့ ကျောင်းအသားကျသွားတာတော့ မြန်မြန်ဆန်ဆန်ပါပဲ။ ကျောင်းမှာရှိပြီးသား မိတ်ဟောင်းတွေရော၊ မိတ်သစ်တွေပါ ချိုနိုင်ရောက်လာတော့ အလွန်ပျော်နေကြပါတယ်။ ဆရာ၊ ဆရာမကလွဲရင် ချိုနိုင့်ကျောပြင်ပေါ် မစီးဖူးတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com

မရှိဘဲလေ။

'က ကလေးငယ် ချစ်စဖွယ်'လို့ ဆရာမလေးက တိုင်ပေးလိုက်တော့ သူငယ်တန်းကလေးတွေနဲ့အတူ ကျောင်းသားသစ် ချိုနိုင်ရော တပျော်တပါးလိုက်ဆိုနေတယ်။ 'ခ ခရေကုံး မလေးပြုံး'လို့ ဆရာမလေးက တိုင်ပေးလိုက်တဲ့အချိန်မှာတော့ ချိုနိုင်ဇာတိပြလာပြီ။ တခြားကျောင်းသားတွေက ဆရာမလေးတိုင်ပေးတဲ့အတိုင်း လိုက်ဆိုကြပေမဲ့ ချိုနိုင်ကတော့ 'ခ ခရေကုံး ဒေါ်ကြီးပြုံး'တဲ့။ ဆရာမလေးက ပြုံးစိစိနဲ့ 'ခ ခရေကုံး မလေးပြုံးလို့ ဆိုရတယ်လေ ချိုနိုင်'လို့ ပြောလိုက်တော့ ချိုနိုင်က 'ဟာဗျာ ဆရာမကလည်း ကျုပ်တို့အိမ်နားမှာ မလေးပြုံးမှ မရှိတာ ဒေါ်ကြီးပြုံးပဲ ရှိတာဗျ' လို့ ပြောလိုက်တော့ ကျောင်းသူကျောင်းသားတွေနဲ့ ဆရာမလေး တိုင်ပင်ထားသည့်အလား ဝါးခနဲ တစ်ပြိုင်နက်ရယ်မောလိုက်ကြပါတော့တယ်။

ချိုနိုင်ရောက်လာပြီး နောက်ပိုင်း အဲသည်ကျောင်းလေးမှာ ကျောင်းကြောက်လို့ ငိုယိုသံတွေအစား ရယ်မောသံလေးတွေ တလွင်လွင်နဲ့ ရှာချလေးတစ်လုံးလို ဖြစ်လို့နေပါတော့တယ်လေ။

❑

ဖြူနုသွယ်လျတဲ့ လက်ချောင်းလေးတွေက တုန်တုန်ယင်ယင်နဲ့ ခဲတံကိုင်ထားတဲ့ ခပ်ကြမ်းကြမ်း လက်ချောင်းတွေပေါ်ကို အုပ်မိုးဆုပ်ကိုင်လိုက်တယ်။ ပြီးတော့ ပြိုင်တူလက်ယာရစ် ဇွေ့ယမ်းလိုက်တော့ 'ဝ'လုံး ဝိုင်းဝိုင်းလေးတစ်လုံး ဖြစ်လာတယ်။

လေးခန်းဖွဲ့
နှလုံးအိမ်လေး
ထဲမှာ
ချိုနိုင့်ကို
လူသိရှင်ကြား
ထည့်မထား
နိုင်ပေမဲ့
အဲသည်
လေးခန်းဖွဲ့
နှလုံးအိမ်လေးရဲ့
ဘေးမှာ
အဝီလေးချ
သိမ်းဆည်း
လိုက်တယ်
ဆိုတာကိုတော့
သူတို့တွေ
နားလည်
လိုက်ကြပါတယ်

သည်လိုနဲ့ ဆရာမလေးက ချိုနိုင့်လက်ကလေးကို အုပ်မိုးဆုပ်ကိုင်ပြီး 'ဝ'လုံးကလေးတွေ အရေးသင်လိုက်၊ ဆရာမလေး အကူအညီမပါဘဲ ချိုနိုင်က ရေးလိုက်နဲ့ 'ဝ' အက္ခရာလေးတွေကို ချိုနိုင်စိတ်ဝင်စားတတ်လာပြီလေ။

အခုဆိုရင် ချိုနိုင်တစ်ယောက် 'ဝ'လုံးကလေးတွေကို အကူအညီမပါဘဲ ရေးတတ်လို့တောင် နေပါပြီ။ တစ်ခါတလေ ဆရာမလေးက ချိုနိုင့်လက်ကလေးကို အုပ်မိုးဆုပ်ကိုင်လိုက်တဲ့အခါတိုင်း ကြက်သီးမွေးညင်းလေးတွေ လက်ဖျံရိုးတစ်လျှောက်ဖျန်းသွားတာ ဘာကြောင့်လဲဆိုတာကိုတော့ ချိုနိုင် တွေးတတ်လိမ့်မယ် မထင်ပါဘူး။

နွေရာသီကျောင်းပိတ်တော့ ဆရာမလေး အေးမြဖြူက သူ့ဇာတိဖြစ်တဲ့ စစ်ကိုင်းမြို့ကို ပြန်သွားပါတယ်။ ဆရာမလေးပြန်တဲ့နေ့က ရွာခံလူတွေက ဒေသထွက်သီးနှံတွေ လက်ဆောင်ပေးကြတယ်။ ထူးထူးခြားခြား ချိုနိုင်ကတော့ ရထားထွက်ခါနီးမှ အပြေးလေးရောက်လာပြီး အင်္ကျီအိတ်ကပ်ထဲက ဝါကြင်ကြင်စာရွက်ခေါက်ကလေး တစ်ခု ထုတ်ပေးပြီး ချာခနဲလှည့်ပြန်ပြေးသွားတယ်။

ဆရာမလေးလည်း ကျောင်းစ,နေကတည်းက 'ဝ'လုံးကလွဲရင် ဘာမှဆက်သင်လို့မရတဲ့သူက ဘာစာတွေများ ရေးထားပါလိမ့်ဆိုပြီး စာရွက်ကလေးကို ဖွင့်ဖတ်ကြည့်လိုက်တော့ တစ်မျက်နှာအပြည့် ဝိုင်းစက်နေအောင် ရေးထားတဲ့ 'ဝ'လုံးကလေးတွေရယ်လေ။

❑

**တစ်ခါက-၄**

နောက်နှစ် ကျောင်းပြန်ဖွင့်တော့ ချိုနိုင် တော်တော်လေးပြောင်းလဲသွားတယ်။ သူစီးနေကျ ထန်းပလပ်မြင်းလေးလည်း ပါမလာတော့။ သံချောင်းတို့၊ ဖိုးထူးတို့နဲ့လည်း သိပ်ပြီးမကစားတော့ပေ။ အထူးခြားဆုံးက ဆရာမလေးအနား ယောက်ျားလေးတစ်ယောက်ယောက်ရှိနေရင် ချိုနိုင် အလိုလိုစိတ်တိုနေတတ်တာပါပဲ။ တစ်နေ့ အတန်းအားတဲ့အချိန် ဆရာမလေးအေးမြဖြူနဲ့ ဆရာလေးကိုနန်းဝင်းတို့နှစ်ယောက် နားနေဆောင်မှာ စကားပြောနေတုန်း ရုတ်တရက် ချိုနိုင်ရောက်လာပြီး ဆရာလေးရဲ့လက်ကို ဆွဲကိုက်ပြီး ထွက်ပြေးသွားတယ်။ သည်အကြောင်း ရွာကလူတွေသိသွားကြတော့ ကျောင်းသူကျောင်းသားတွေရဲ့ မိဘတွေကျောင်းကို ချက်ချင်းရောက်လာကြတယ်။ ကျောင်းအုပ်ဆရာကြီး ဦးသိန်းဟန်ကို မိဘတွေက သူတို့သားသမီးတွေကို စိတ်မချတော့ကြောင်း၊ ချိုနိုင် သည့်ထက်ပိုဆိုးလာရင် ပိုပြီးအန္တရာယ်များကြောင်းတွေ ပြောနေကြတယ်။ ဆရာမလေး အေးမြဖြူကတော့ အဝေးကို တွေတွေလေး ငေးမောကြည့်နေတယ်။ 'ဒီအရူးကို ကျောင်းမှာ လက်ခံထားတာကိုက မှားတာ'လို့ ပြောလိုက်တဲ့ ကျောင်းသားမိဘတစ်ဦးရဲ့ စကားကိုတော့ ဆရာမလေး အေးမြဖြူက ဘာကြောင့်မှန်းမသိ လွှတ်ခနဲ ပြန်ပြောမိတယ်။

'ချိုနိုင်က အရူးမဟုတ်ပါဘူး။ စိတ်အားချို့တဲ့နေတာပါ။ စိတ်အားချို့တဲ့တယ်ဆိုတာက အသက်ဆယ့်ရှစ်နှစ်မတိုင်မီကာလအတွင်းမှာ ဖြစ်တတ်တဲ့ ရောဂါပေါ့။ ဒီရောဂါဟာ မျိုးရိုးကြောင့်လည်းဖြစ်တတ်သလို ရောဂါတစ်ခုခုကြောင့်လည်း ဖြစ်တတ်တာပါပဲ။ ပြီးတော့ စိတ်မှာ အနာတရတစ်ခုခု ရခဲ့ရင်

www.burmeseclassic.com

www.burmeseclassic.com

လည်း အရွယ်နဲ့မျှတဲ့ စိတ်အား ပြည့်ပြည့်ဝဝ မဖွံ့ဖြိုးနိုင်ဘူးလေ။ ချိုနိုင်က အရူးမဟုတ်ပါဘူး။ စိတ်ဖွံ့ဖြိုးမှု ရပ်တန့်နေတာပါ'

ဆရာမလေးက ချိုနိုင်နဲ့ ပတ်သက်ပြီး လေ့လာထားသမျှ ပြောပြလိုက်တော့-

'အို ဘာပဲဖြစ်ဖြစ် စိတ်မမှန်တဲ့သူ ရှိနေတဲ့နေရာမှာ ကျုပ်တို့သားသမီးတွေကို ထားခဲ့ရမှာ စိတ်မချဘူး'

သည်လိုနဲ့ ကျောင်းဝင်အမှတ်မရှိတဲ့ ချိုနိုင့်ကို ကျောင်းထုတ်စရာလည်း မလိုပါဘူး။ ကျောင်းကိုမလာရဲအောင် ခြောက်လှန့်လိုက်ရုံပါပဲလေ။

❑

ရွာထဲကလူတွေ ချိုနိုင့်ကို ဘယ်လိုခြိမ်းခြောက်လိုက်တယ်တော့ မသိပါ။ ကျောင်းကိုသာမက ရွာထဲမှာပါ သိပ်မတွေ့ရတော့ပေ။ တချို့လူတွေပြောတာတော့ ဘူတာမှာတဲ့။

ရွာထဲမှာ ဖြစ်ပျက်သမျှ အကြောင်းတွေကို အဲသည်ရွာဘူတာက ဝန်ထမ်းတွေသိတာကတော့ အဆန်းမဟုတ်ပါဘူး။ လူတကာစုံတဲ့ ဘူတာရုံပဲလေ။ ချိုနိုင့်ရဲ့ အကြောင်းကိုသိပြီးဖြစ်တဲ့ အဲသည်ဘူတာရဲ့ ရုံပိုင်ကြီး၊ ရုံပိုင်လေးနဲ့ ဂျမဒါ နှစ်ယောက်ကတော့ ချိုနိုင် ဘူတာကိုရောက်လာတာကိုပဲ ပျော်နေကြတယ်။ ချိုနိုင်နဲ့ တွေ့တဲ့သူတိုင်း ရယ်မောခဲ့ကြရတာပဲ မဟုတ်လား။

တစ်ခါတလေ ချိုနိုင်က ဇလီဖားတုံးတွေပေါ် ခြေတစ်ချောင်းထောက်ပြီး ခုန်ဆွခုန်ဆွလုပ်နေတတ်သလို၊ တစ်ခါတလေတော့ ချိုနိုင်က သံလမ်းနှစ်ခုကြားက ကွန်ကရစ်ဇလီဖားတုံးတွေပေါ်မှာ 'ဝ' လုံးလေးတွေ ရေးနေတတ်တယ်။ အဲသည်လိုအခါမှာတော့ ဘူတာဝန်ထမ်းတွေ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ချိုနိုင့်အတွက် ကြေကွဲနေမိကြတယ်။

တစ်နေ့ မနက်အစောကြီး ချိုနိုင် ဘူတာကို ပြေးလာပြီး 'ဦးရုံပိုင်ကြီး၊ ဦးရုံပိုင်လေး၊ ဗျို့ ဦးဂျမဒါကြီး' ဆိုပြီး ဝန်းထမ်းလိုင်းခန်းတွေကို ထုရိုက်နေတယ်။ ချိုနိုင့်ခေါ်သံကြားတော့ ဘူတာဝန်ထမ်းတွေ အလန့်တကြား ထွက်လာကြတယ်။

'ဘာဖြစ်လာတာလဲ ချိုနိုင်'လို့ ဝိုင်းမေးလိုက်တော့ လက်မှာ ကိုင်လာတဲ့ အကောင်းစား ပလတ်စတစ်အိတ်ထုပ်လေးကို မြှောက်ပြရင်း ချိုနိုင်က-

'ဆရာမက ကျုပ်အတွက် သတို့သားဝတ်စုံ မနေ့ညက ပေးသွားတယ်'

တစ်လုံးချင်း ပြောလိုက်တဲ့ ချိုနိုင့်စကားအဆုံးမှာတော့ သူတို့တွေ အံ့သြမှင်တက်သွားကာ ငြိမ်သက်သွားကြတယ်။ ပြီးတော့မှ 'ဟေး ချိုနိုင်ကွ' ဆိုပြီး ဝိုင်းဖက်ထားလိုက်ကြတယ်။ သူတို့စိတ်ထဲမှာလည်း ရှိမန်တစ်ချစ်ဇာတ်လမ်းလေး ပြန်အသက်ဝင်လာပြီဆိုပြီး ဝမ်းသာနေကြတယ်။

ခဏနေတော့ ဒေါ်အေးခြုံ ရောက်လာတယ်။ ရုံပိုင်ကြီးက ဒေါ်အေးခြုံကို-

'ချိုနိုင်က သတို့သားဖြစ်တော့မှာဆို'

'ဟုတ်တယ်လေ ရုံပိုင်ကြီးရဲ့။ ဆရာမလေး အေးမြဖြူနဲ့ ဆရာလေး ကိုနန်းဝင်းတို့ မင်္ဂလာဆောင်မှာ ချိုနိုင့်ကို သတို့သားအရံလုပ်ဖို့ ဆရာမလေးကိုယ်တိုင်ပဲ ကမ်းလှမ်းတာတော့'

'ဟာဗျာ'

ရုံပိုင်ကြီးအသံက ကြေကွဲသံကြီးပါနေတယ်။ ချိုနိုင်ကတော့ ဂျမဒါလေးရဲ့ အိမ်ပေါ်မှာ အမရပူရက ထွက်တဲ့ ပိုးတွဲပုဆိုးနဲ့ သနပ်ခါးရောင် တိုက်ပုံအင်္ကျီကို အကျအနဝတ်ဆင်နေပြီ။ မှန်ရှေ့မှာ နှစ်ပတ်သုံးပတ် ကိုယ်ကိုလှည့်နေရင်း-

'သတို့သားအရံဆိုတာ ဘာလဲဟင်'

ချိုနိုင့်စကားကြောင့် သူတို့တွေ ငိုင်သွားကြသည်။ ဆရာမလေး အေးမြဖြူက သူရဲ့ အသိဉာဏ်နဲ့ ထိန်းချုပ်ထားတဲ့ လေးခန်းဖွဲ့ နှလုံးအိမ်လေးထဲမှာ ချိုနိုင့်ကို လူသိရှင်ကြား ထည့်မထားနိုင်ပေမဲ့ အဲသည် လေးခန်းဖွဲ့ နှလုံးအိမ်လေးရဲ့ ဘေးမှာ အဖီလေးချ သိမ်းဆည်းလိုက်တယ်ဆိုတာကိုတော့ သူတို့တွေ နားလည်လိုက်ကြပါတယ်။ ဒါပေမဲ့ ချိုနိုင့်ကို နားလည်အောင် ရှင်းပြရမယ့် စကားလုံးက အဆင်သင့်မှ မရှိတာပဲလေ။ တောဘူတာလေး ဝန်းကျင်တစ်ခုလုံးမှာ ရှိတဲ့ သက်ရှိသက်မဲ့ အရာအားလုံး ငြိမ်ဆိတ်ဆွံ့အနေတယ်လေ။

တိတ်ဆိတ်ဆွံ့အနေတဲ့မြင်ကွင်းကို ဂျမဒါမင်းအောင်က မကြည့်ရက်တော့ဘဲ-

'ဟိုလိုလေကွာ သတို့သားအရံဆိုတာ မနှစ်က ရွာဘုရားပွဲမှာ ဘောလုံးကန်ကြတုန်းက ဗိုလ်မထားအသင်းမှာ မင်း အရံပါသလိုမျိုး'

စကားလုံးတွေက ချိုနိုင်ရဲ့ ကျေနပ်ပြီး ကြည်နူးရောင်သန်းသွားတဲ့အပြုံးကို မြင်တော့ ရှေ့မဆက်နိုင်အောင် လွှင့်စဉ်ပျက်ပြယ်သွားတယ်။ ဂျမဒါမင်းအောင် ဆက်ပြီး မပြောရက်တော့ဘဲ သောက်လက်စဆေးပေါ့လိပ်ကို ပစ်ချလိုက်တယ်။ ပြီးတော့ တငွေ့ငွေ့တောက်လောင်နေတဲ့ ဆေးလိပ်တိုကို ဖိနပ်ဦးနဲ့ ဖိခြေနင်းပြီး ငြိမ်းသတ်လိုက်ပါတော့တယ်။

ဘယ်တော့မှ လူစားလဲခွင့်မရှိတဲ့အရန်အတွက် မျှော်လင့်ချက်တွေ ချိုနိုင့်ကို စွန့်နှစ်သွားမှာကိုတော့ သူ စိုးရိမ်မိလိုက်တယ်လေ။

❑

အခု အဲသည် ပန်းပဲရွာလေးရဲ့ နံနက်အရုဏ်တက်အချိန်တွေမှာ ထန်းပလပ်မြင်းစီးသံတွေ မကြားရတော့ပါဘူး။ ဒါပေမဲ့ အဲသည်ရွာနဲ့ အဲသည်ရွာရဲ့ ရွာနီးချုပ်စပ်က ရွာတွေမှာ မင်္ဂလာပွဲတွေရှိပြီဆိုရင် အမရပူရ ပိုးတွဲပုဆိုးကို သနပ်ခါးရောင် တိုက်ပုံအင်္ကျီနဲ့ တွဲဖက်ကာ အကျအန ဝတ်ဆင်ပြီး ရောက်ရောက်လာတတ်တာ ချိုနိုင်ပေါ့။ ■

**ကြယ်လဲ့ရိုး**

www.burmeseclassic.com

# တောက်ကျင်းခါ | ဈေးကျွန်း

## လရောင်ရွှန်းမြဲတဲ့ညတာလေးတွေ

*'ငွေလသာသော××× နွေညပြာ ပြာဆီ၊ မြူလွှာ×××မှုန်ရီ၊ သရဖီ××× သင်း၊ နှင်းက×××လွဲစီ၊ ဝါရွက်တို့××× ကြွေပြလေပြီ'*

ဆရာ တက္ကသိုလ်ဘုန်းနိုင် ကွယ် လွန်စဉ် ဆရာသည် သူချစ်သောသူတို့ နှင့် ခွဲခွာခဲ့ရသည့်အပြင် သူချစ်သော အရာများကိုလည်း စွန့်ခွာထားရစ်ခဲ့ရရှာ သည်-ဆိုသော အသီဖြင့် ဝမ်းနည်းခဲ့သူ များတွင် ကျွန်တော်လည်း တစ်ယောက် အပါအဝင် ဖြစ်ပါသည်။ ဆရာသည် တော၊ တောင်၊ ရေ၊ မြေ၊ လေညင်း၊ ဆီးနှင်း၊ တိမ်မင်၊ မြူခိုး၊ မိုးစက်၊ လရောင်နှင့် ဥတုရာသီတို့အား မည်မျှ ချစ်မက်သည်ကို ဆရာ၏ ဝတ္ထုကြီးများ တွင် တွေ့နိုင်ပါသည်။ သည်အထဲက မှ 'နွေညပြာနှင့်ငွေလဝါ'က ဆရာ့ကို တော်တော် ဖမ်းစားခဲ့ပုံရပါသည်။ ဆရာ ၏ နာမည်ကျော် ဝတ္ထုများတွင် လရောင် ကို ကဗျာနှင့်တစ်မျိုး၊ သီချင်းနှင့်တစ် သွယ်၊ စကားပြေနှင့်တစ်နည်း မညည်း စတမ်း သည်းအူကျွမ်းမျှ လှလှပပ ဖွဲ့ခဲ့ သည်ချည်း ဖြစ်ပါသည်။

**ကမ္ဘာ့ကုန်ကျယ်သရွေ့ဝယ်** - ဝတ္ထုကြီးကို ဖတ်နေဆဲတွင် ငွေလဝါဝါ နှင့် နွေညပြာပြာထဲက မကွေးကောလိပ်၊ ကန္တာရပင်ခြေမှ ကထိကကိုသက်ခိုင်၏ ဆွေးနွံ့နွံ့ တယောသံကိုပါ ကြားနေရ သည်ဟု အောက်မေ့ခံစားမိခဲ့ပါသည်။ ငယ်တုန်းကဆိုလျှင် လရောင်ထဲသို့ တယောတစ်လက်ဆွဲ၍ ထွက်ချင်စိတ် ပင် ပေါက်ခဲ့ဖူးပါသည်။

မြန်မာစာရေးဆရာတို့သည် လရောင်ကို တော်တော့်ကို စုံစုံမက်မက် ဖွဲ့ခဲ့ကြပါသည်။

**မြန်မာပြည်သား**- ဝတ္ထုကြီး၌ ကောင်းမြတ်၊ မြခက်နှင့် စံတုတ်ကြီးတို့ အပျိုလူပျိုတစ်သိုက် ပန်းပေးတမ်း စကားထာဝှက်သည့် ညောင်သာယာ ညချမ်းတွင် မြခက်၏ ဝဲလင်းဆောင်သို့ ငွေကွက်လေးတွေ ကြဲပက်နေသော လရောင်ကို ဆရာ ရန်ကုန်ဘဆွေ ရေးဖွဲ့ထားပုံက ပန်းအဆုပ်ဆုပ်ကို ခါးပုံစထဲ ထုပ်ပိုက်ပြီး ညောင်သာယာသို့ ပြေးသွားချင်စိတ်ပင် ပေါ်ခဲ့ဖူးပါသည်။ သည်ဘက်ခေတ်မှာ ခေတ်မီလှပါသည်ဟု ထင်မြင်ယူဆရသော ဆရာမ ဂျူးတစ်ယောက် ရှိသေးသည်။ **'မရှိမဖြစ်မိုး'**တွင် အဓိကဇာတ်ဆောင် မခင်မိုးမြင့်ကို အလွန်ထက်မြက်၍ ဉာဏ်ရည်မြင့်သော၊ အချစ်ကို စဉ်းငယ်မျှ မယုံကြည်နိုင်သော၊ မိန်းမချောတစ်ယောက်အဖြစ် ထုဆစ်ထားသည့် ရုတ်တရက် မီးပျက်သွားသဖြင့် လရောင် လှုပ်မြူးနေသော ညတစ်ညတွင် သူမကို တမ်းတမ်းစွဲ ချစ်နေသည့် မင်းထင်ကျော်၏ ရင်ခွင်ထဲသို့ မမျှော်မလင့် ရောက်သွားသည်။ ကော့ပျံသော မျက်တောင်များက လရောင်ဖြင့် ရွှန်းလက်နေသတဲ့။ လည်တိုင်သွေးကြောပေါ်ရှိ ဆွဲကြိုးမျှင်လေးက လှုပ်ခုန်နေသတဲ့။ ထိုညက နူးညံ့သော မျက်ဝန်းနှင့် ပွင့်အာနေသော နှုတ်ခမ်းတို့က




www.burmeseclassic.com

www.burmeseclassic.com



# အက်ဆေးအကြောင်း အက်ဆေး





www.burmeseclassic.com

www.burmeseclassic.com

မင်းထင်ကျော်၏ အနမ်းကို မငြင်းဆန်ခဲ့စေကာမူ နောက်တစ်မနက်တွင် မခင်မိုးမြင့်က ယင်းအဖြစ်အပျက်ကို တူးတူးခါးခါး ငြင်းဆန်၍ စာတိုလေးတစ်စောင် ရေးထားခဲ့သည်။

*'လရောင်ရဲ့ ဖြားယောင်းမှုကြောင့် အနီးကပ်ဆုံး ယောကျ်ားတစ်ယောက်အပေါ် စိတ်ကစားမိတဲ့အဖြစ်ကို အချစ်လို့ မထင်ပါနဲ့ ဦးမင်းထင်ကျော်'*တဲ့။ သြော်- တတ်လည်း တတ်နိုင်လိုက်ပါတဲ့ ဂျူး။

မည်သို့ဆိုစေ၊ သဘာဝက လက်ဆောင်နှင်းသော အလှတရားအစုစုတို့တွင် မြန်မာစာရေးဆရာများသည် လရောင်ကို အလွန်တရာ ညွတ်နူးတိမ်းမူးခဲ့သည်-ဟု ဆိုသော် ရနိုင်မည်ထင်ပါသည်။

❑

အေးအေးလူလူတွေး၍ ရေးတတ်သော အက်ဆေးဆရာများတွင် ဆရာမောင်ဆုရှင် ထိပ်ဆုံးက ပါမည်ထင်သည်။

ဆရာသည် မည်သည့်အကြောင်းအရာကိုပဲဖြစ်ဖြစ် လေအေးအေးနှင့် ရေးလေ့ရှိသည်။ ရှုခင်း၊ မြင်ကွင်းများနှင့် အမှတ်ရချက်များကို ဖော်ပြရာတွင် အာရုံခံစားမှု ပါးလျားသမျှ အတွေးစ, ကို ဆန့်လျား၍ ဖွဲ့လေ့ရှိသည်-ဟု ကျွန်တော်ထင်ပါသည်။

သုနန္ဒာအကြော်တဲ၊ သုနန္ဒာ ကမ်းခြေမှ ဓနိတော၊ ကန့်စွန်းခင်း၏ လောကအမြင်၊ စနေ တနင်္ဂနွေ ကမ္ဘာ-တို့တွင် စိတ်ချမ်းမြေ့ဖွယ် ရှုခင်း၊ မြင်ကွင်းတို့မှ တစ်ဆင့် အတွေးဆန့်ခဲ့သည်ကို တွေ့ရသည်။ သိပ္ပံပညာကို တိမ်းညွတ်သော ဆရာသည် ချစ်မက်ဖွယ် ညချမ်းများနှင့် လရောင်ကို မက်မက်စက်စက်ဖွဲ့သော အက်ဆေးဆရာတစ်ယောက် ဖြစ်နေခဲ့သည်မှာ အံ့သြစရာပဲ ဖြစ်ပါသည်။

*ကျွန်တော်တို့မှာ ရွာရိပ်ဝန်းကျင်ကို ခွာ၍ မြို့သို့ ရောက်ကတည်းက လရိပ်လရောင်တို့နှင့် ဝေးခဲ့သည်မှာ ကြာလေပြီ။ သို့သော် သုနန္ဒာကမ်းခြေ ရပ်ကွက်သစ်သို့ ရောက်လာသောအခါ လရိပ်လရောင်တို့နှင့် အကြောင်းအားလျော်စွာ ဆုံစည်းခွင့် ရပြန်လေသည်။*

ဆရာ၏ သုနန္ဒာကမ်းခြေမှာ မြောက်ဥက္ကလာ တိုးချဲ့ရပ်ကွက်သစ်တစ်ခုဖြစ်သည်။ မြို့ကြီးခေါင်ခေါင်၊ ရေညှိစွဲနေသည့် တိုက်နံရံများနှင့် တီဗွီတိုင်တွေ ထိုးထိုးထောင်ရှိသော နေရာမှ သုနန္ဒာကမ်းခြေရှိ အေးအေးလူလူ နားခိုရာ သိုက်မြုံဝပ်ကျင်းလေးသို့ ညဦးအခါ အိပ်တန်းပြန်ရသည်ကို သူ တော်တော်နှစ်လိုပုံရပါသည်။ ငမိုးရိပ်ချောင်းလေး၊ ဓနိတောလေး၊ ကန့်စွန်းခင်းနှင့် အုန်းပင်တန်းလေးတွေကို လေညင်းသုန်သည့် လရောင်ထဲ မြင်တွေ့ရသည်ကိုလည်း သူ တော်တော် ကြည်မွေ့ပုံရသည်။ *'အုန်းထန်းပေလက်၊ တမာရွက်တို့၊ ရွှေစက်ရွှေပြောက်၊ ရွှေရည်သောက်'*သည်ကို သူ တော်တော် စုံမက်ပုံရပါသည်။

*လရောင်ကို ကြယ်စင်တို့ရှိသော မိုးကောင်းကင် ခပ်လင်းလင်းမှ တိုက်ရိုက်ရှုမြင်ခဲ့ရသော်လည်း လနှင့် နှစ်နှင့်ချီ၍ အချိန်ကြာလာသောအခါ လရောင်ကို တိုက်ရိုက်ကြည့်မြင်ရခြင်း မဟုတ်ပြန်တော့။ ထိုသို့ မဟုတ်ခြင်းကပင်လျှင် ကဗျာဆန်၍ နေသည်ဟု ဆိုရမလို ဖြစ်ဖြစ်သည်။ အကြောင်းမှာ လရောင်ဆမ်းသော အုန်းလက်များအကြားမှ ရှုမြင်ရခြင်းဖြစ်သည်။ ကျွန်တော်တို့အဖို့ အုန်းပင် အုန်းလက်နှင့် လရောင်တို့သည် မျက်စိအမြင်တွင် ဘယ်နည်းဘယ်ပုံ ယှဉ်ရမှန်းမသိ။ အုန်းလက်ရွက်တံတို့အကြား လေအနှော့ ကစားသောကြောင့် ယိမ်းထိုးမှုတို့သည် လရောင်ကို ပြေးလွှား ရွေ့လျားစေလျက် တောက်ပရှန်းမြခြင်းကို အားပေးရာရောက်သည်ဟု ထင်မိသည်။*

ဆရာသည် ကဗျာ၊ ဝတ္ထုများကို ရေးလေ့ရှိသူ မဟုတ်ပါ။ လူမှုသိပ္ပံနှင့် လက်တွေ့နယ်တွင် ဘဝတစ်လျှောက်လုံး အာရုံကျခဲ့သူ ဖြစ်၍လားမသိ။ သူ့စာများ၌ စိတ်ခံစားမှုကို နင့်နင့်နဲနဲ ဖွဲ့ဆိုတာ မတွေ့ရသလောက်ပဲ ဖြစ်သည်။

စိတ်ခံစားမှုကို မလွှဲမရှောင်သာ ဖွဲ့... သည့်အခါ ရသစာရေးဆရာများကဲ့သို့ မဟုတ်ဘဲ ပါးပါးလျားလျားသာပဲ ဖွဲ့လေ့ရှိသည်။ ဣန္ဒြေကြီးသော ပါမောက္ခ တစ်ဦးက သူ၏ စာသင်ခန်းတွင် အချစ်... ကဗျာတစ်ပုဒ်ကို မရွံ့မရဲ ခံစားပြသည် နှင့် ရုံခါတူသည်-ဟု အောက်မေ့မိ... သည်။

သည်နေရာမှာ အုန်းပင် သုံး,လေး... ပင်ကို သူ စိုက်ခဲ့သည်။ ထိုစဉ်က လရောင်ကို မမျှော်ကိုးခဲ့။ အိမ်ရှေ့တာ... နံဘေး ရေမြောင်းကျယ်တွင် နေနားစရာလေးတစ်ကွက် ဖန်တီးလိုသောကြောင့် ဖြစ်သည်။ ရေမြေသင့်၍ အလျင်အမြန် ကြီးထွားလာပြီး ရေနီမြောင်းကို တံတား ဖြတ်ခင်းလိုက်သောအခါ အုန်းလက် ဖားဖားတို့က လက်ယှက်ထိုး ဖြစ်လာသည်။ တံတားပေါ်မှ ထိုင်ခုံတန်းကို တပိတစ်ပိုင်း မိုးလာသည်။ အုန်းလက်တို့သည် နေ့အခါ နေအရိပ်ကိုပေးပြီး ညအခါ လအရိပ်ကိုပေးသည်။

*သူတို့က လရောင်ကို ပြောက်တိ... ပြောက်ကျား ပေးခြင်းဖြစ်၍ နှစ်သက်... ဖွယ်တစ်မျိုး ဖြစ်သည်။ သို့ဖြင့်... လရောင်၏ အေးမြခြင်းကို မော်ကြည့်... ကာ လရိပ်ဝန်းကျင်ကို ဖွေရှာ၍ ခံစား... ကြည့်ရာမှ လရောင်ရိပ်နှင့် စိတ္တစေ... ဆက်သွယ်နေသည် ဆိုခြင်းကို အဆက်... အစပ်မရှိ တွေးမိရပြန်သည်။ အင်္ဂလိ... ဘာသာစကား၌ လူနာ(Lunar)ဟူသော... ဝေါဟာရသည် ကောင်းကင်က လ,... ဆိုလိုသည်။*

သည်တွင် သတိပြုမိတာလေး... တစ်ခုကို ပြောလိုပါသည်။စာရေးဆရာ... နှင့် စာဖတ်သူအကြားတွင် တစ်စုံတစ်... ခြားနေသလို ခိုးလိုးခုလု ခံစားမှုဖြ... သည်။ ပြောက်တိပြောက်ကျားလရောင်... ကို 'နှစ်သက်မိပါသည်'ဟု မဆိုတဲ 'နှ... သက်ဖွယ်တစ်မျိုး ဖြစ်သည်'ဟု ... သည်။ ခံစားမှုကို အရင်းအတိုင်းမဆ... သံခင်းတာမန်ခင်းဆန့်ဆန့် ဆင်ခြင်... 'ခု'ပေးလိုက်ခြင်း ဖြစ်သည်။ နှစ်သ... ဖွယ်တစ်မျိုးဖြစ်သည်ဟု ဆိုခြင်းကြော...



www.burmeseclassic.com

စာဖတ်သူက နှစ်သက်စဖွယ် မဟုတ်ဟု ယူဆလိုက ယူဆနိုင်သော အခွင့်အရေး ရှိသေးသည့်သဘော။ ငြင်းလိုက ငြင်း ပယ်နိုင်သည့်သဘော ဖြစ်ပါသည်။

တရားရုံးစီရင်ချက်များ၌ ယုံကြည်သည်-ဟု မဆိုဘဲ 'ယုံကြည်ရန် အကြောင်းရှိသည်'၊ မယုံကြည်-ဟု မဆိုဘဲ 'ယုံကြည် ရန်ခဲယဉ်းသည်' သို့မဟုတ် 'ယုတ္တိတန်သည်ဟု လက်ခံရန် ခဲယဉ်းသည်'ဆိုသည့် အရေးအသားမျိုး 'တွင်ကျယ်'ပါသည်။ ဤသို့သော အရေးအသားကို အလိုမကျသူတို့ ရှိနိုင်ပါသည်။ ကျွန်တော်ကတော့ သဘောကျသည်။ ပို၍တိကျသည်။ ယုံကြည်သည် ဆိုခြင်းနှင့် ယုံကြည်ရန်အကြောင်းရှိသည်-ဆိုခြင်း၊ မယုံကြည်ခြင်းနှင့် ယုံကြည်ရန် ခဲယဉ်းသည်-ဆိုခြင်းတို့အကြားတွင် အလွန်ပါးလျားသော ခြားနားမှု ရှိသောကြောင့် ဖြစ်ပါသည်။ ယုတ္တိဗေဒသမားတို့က ပို၍ရှင်းအောင် ပြောနိုင်မည်ထင်ပါသည်။

လေအေးအေးနှင့် တွေးတွေးဆဆ ရေးသော အက်ဆေးတစ်ပုဒ်တွင်မူ သည်အရေးအသားမျိုးကို ယဉ်ကျေးဖွယ်ရာမှုအနေဖြင့် ကျွန်တော် နှစ်သက်သည်။ *လရောင်နှင့် စိတ္တဇတို့ ဆက်သွယ်နေသည်ဆိုခြင်းကို အဆက်အစပ်ရှိ တွေးမိရပြန်သည်*-ဆိုခြင်းမှာ တမင်အဆက်အစပ်ပြုလိုက်ခြင်း ဖြစ်သည်ကို ပြောပြစရာမလိုတော့-ဟု ထင်ပါသည်။ ဆရာက'လ'ကို အင်္ဂလိပ်စကားလုံး(Lunar) အထိ ညင်ညင်သာသာ ကူးယှက်ပေးလိုက်ပါသည်။

*အင်္ဂလိပ်ဘာသာစကား၌ လူနာ (Lunar)ဟူသော ဝေါဟာရသည် ကောင်းကင်က လကို ဆိုလိုသည်။ ထိုစကား ဆက်နွှယ်၍ သူရူးကို(Lunatic)ဟူ၍ [illegible]နှုန်းသည်။ အကြောင်းမှာ လရောင်ကို သူရူးတို့ နှစ်သက်ကြသောကြောင့် ဤဝေါဟာရဖြစ်လာသည်ဟု ရှင်းလင်းချက်ရှိသည်။ မိမိက လရောင်ကို ကြိုက်သည်မှာ ဥမ္မတ္တက အခြေခံပေလောဟု ဆင်ခြင်၍ ကြည့်ရသည်။ ဟုတ်သည် ဆိုဦး ပုထုဇ္ဇနော ဥမ္မတ္တကော-ဟူသော ကျမ်းထွက်နှင့် ညီညွတ်နေပေသည်။*

*ဆရာက ကျမ်းထွက်နှင့် ညီသည်ဟု ဆိုသည်။ ကျွန်တော်က ဆရာမဂျူး၏ ဇာတ်ကောင် မခင်မိုးမြင့်၏ အကြောင်းပြချက်နှင့်လည်း ညီညွတ်နေသည်-ဟု တွေးလိုက်မိပါသည်။ လရောင်ရဲ့ ဖြားယောင်းမှုကြောင့် အနီးကပ်ဆုံး ယောက်ျားတစ်ယောက်အပေါ် စိတ်ကစားမိတဲ့အဖြစ်*-ဟု မခင်မိုးမြင့်က ဆိုခဲ့သည် မဟုတ်လော။ **'မရှိမဖြစ်မိုး'** ဝတ္ထုမှ မခင်မိုးမြင့်သည် လရောင်၏ ဖြားယောင်းမှုကြောင့် ခဏမျှ မိန်းမူးသွားခြင်းကို တစ်စိတ်တစ်ဒေသ လက်ခံရမည်ကဲ့သို့ ရှိသည်။ Lunatic-ဆိုသည် မဟုတ်လော။

လမင်းနှင့် လရောင်ကို ချစ်ခင်နှစ်လိုဖွယ် တင်စားချက်ဖြင့် စာပေဂီတ အသုံးအနှုန်းများသို့ စိမ့်ဝင်ပျံ့နှံ့ခဲ့ပုံ၊ လသာချိန်နှင့် နှင်းကျချိန်တွင် လှပခြင်းနှင့် အေးမြခြင်းဟူသော ရသနှစ်မျိုး ဆောင်ယူတတ်ပုံတို့ကို ဆရာက မမေ့မလျော့ ဖော်ပြခဲ့ပါသည်။ '*ရွှေလမှာ ယုန်ဝပ်လို့*' ကျေးလက်ရိုးရာ တေးချင်းအထိ စိတ်ကူးဖြန့်ကြက်ခဲ့ပါသည်။ ထို့နောက်-

'*လူတစ်ယောက်အတွက် ခြေလှမ်းကလေးတစ်လှမ်းသာ ဖြစ်သည်။ လူ့လောကအတွက်မှာ ခြေလှမ်းကြီးတစ်လှမ်းသာ ဖြစ်ပေသည်*'ဟု ဆင်ခြင်တုံတရားနှင့်ယှဉ်သော စကားကို ၁၉၆၉ ခုနှစ်က ပြောခဲ့သူတစ်ဦး ရှိသည်။ သို့နှင့် လ၏ မျက်နှာပြင်ပေါ်သို့ ပထမဆုံး ခြေချခဲ့သော အမေရိကန် အာကာသသူရဲ 'နီးလ်အမ်းစထရောင်း(န်)'ကို ပွဲထုတ်လေသည်။

နီးလ်အမ်းစထရောင်း၏ အတွေ့အကြုံက တော်တော့်ကို ကဗျာမဆန်ပါ။ လ၏ မျက်နှာပြင် မြေသားသည် ဖုန်အတိပြီးသော နေရာဖြစ်သည်၊ လပေါ်၌ လေတဟူးဟူးတိုက်နေပြီး ကိုယ်ကိုထိန်း၍ လမ်းလျှောက်လို့မရ၊ အသက်ဝဝရှူဖို့ အောက်ဆီဂျင်ပါသောလေမရှိ-ဟုဆိုခဲ့လေရာ ကိုယ်တိုင် လပေါ်ရောက်တော့မှ စိတ်ကူးဗိမာန်လေး လွင့်ပြယ်ရတော့မလိုရှိပါသည်။

ထို့ကြောင့် ခပ်လှမ်းလှမ်းမှနေ၍ *နှစ်သက်ရသည်က ဆွတ်ပျံ့ဖွယ် ရှိလိမ့်မည်ထင်သည်။ ထိုသို့ အထင်အမြင်ရသောအခါ လနှင့် အနေဝေးရခြင်းက ပင်လျှင် လ၏အရောင်အဆင်း၌ ယစ်မူးပျော်ပိုက်ခွင့်ကို ရရှိခြင်းဖြစ်သည်ဟု သဘောပေါက်ရပါသည်။ သို့ဖြင့် မိုင်ပေါင်း နှစ်သိန်းခွဲနီးပါး အရပ်မှာ ရှိသောလသည် ဤမြေသားတို့အတွက် အတင့်အတယ် စာဖွဲ့စရာ၊ တိုင်တည်၍ အဖော်ညှိစရာ ဖြစ်လျက်ရှိနေပေသည်။ သူ့ထံမှ မြေကမ္ဘာဆီသို့ ပြေးလာသော အလင်းဖိုတွန်များ တစ်စက္ကန့်လျှင် မိုင်ပေါင်း တစ်သိန်း ရှစ်သောင်းကျော်နှုန်းဖြင့် အုန်းလက်တို့အကြား ဝင်ရောက်လာမြဲဖြစ်သည်။*

ကျွန်တော်သည် အမေရိကန် အာကာသသူရဲ နီးလ်အမ်းစထရောင်းကို သနားသွားသည်။ သူ့ခမျာ ခြေတံရှည်ပြီး လ၏ မျက်နှာပြင်အထိ သက်စွန့်ဆံဖျား စွန့်စားသွားခဲ့ရသည်။ လမျက်နှာပြင်ပေါ်သို့ ရောက်ရှိပြီးနောက် ဖုန်ထူထူ မြေသားနှင့် အသက်ရှူစရာ အောက်ဆီဂျင်မျှ မရှိသော ကာယိကဒုက္ခကို ကိုယ်တိုင် ခံစားကြုံတွေ့ခဲ့ရသည်။ သို့ဖြစ်ရာ ညရေးရေးနှင့် လဖွေးဖွေးကို ခံစားလှုပ်မြူးဖို့ရာ သူ့နှလုံးသားက ညှံ့သက်နေမည် မဟုတ်တော့။ ဂျူး၏ မခင်မိုးမြင့်နှင့် တွေ့လျှင်ပင် လရောင်၏ ဖြားယောင်းမှုနှင့် မိန်းမူးလှုပ်ရှားစဖွယ် ခုန်နွှေးဖို့ ရင်ခွင်တစ်ခု၊ သူ့ရင်ဘတ်ကြီးတွင် ပေါ်ပေါက်လာနိုင်လိမ့်မည် မဟုတ်ပါလေတော့။

လှပသော ဤမြေကမ္ဘာနှင့် မိုင်ပေါင်း နှစ်သိန်းခွဲမျှ ကွာဝေးသည့် လ၏ မျက်နှာပြင်ပေါ်သို့ သူ ရောက်ရှိခဲ့ခြင်းသည် အောင်မြင်မှုလော၊ နစ်နာဆုံးရှုံးမှုလော-ဆိုသည်ကို မေးခွန်းထုတ်ရမည်ကဲ့သို့ ရှိသည်။ ထို့အတူ လ၏ မျက်နှာပြင်ပေါ်သို့ ကျွန်တော်တို့ မရောက်နိုင်ခဲ့

www.burmeseclassic.com

ခြင်းမှာ ကံကောင်းခြင်းလက်ဆောင်ပေလော-ဟု မိမိကိုယ်ကိုယ် ကျေနပ်လိုက်ရမည်ကဲ့သို့ ရှိပါသည်။

*ကျွန်တော်တို့မှာ နေမင်းကို ၃၆၅ ရက်လျှင် တစ်ကြိမ်ပြည့်အောင် တစ်နာရီလျှင် မိုင် ၆၇၀၀၀ နှုန်းဖြင့် လှည့်ပတ်နေရင်းက နေ့တစ်လှည့် ညတစ်လှည့်ဖြင့် လထွက်သော လသာညများ၌ လရောင်ကို ဆုံစည်းခွင့်ရခြင်းဖြစ်သည်။ ထိုအခါ ငယ်စဉ်ကပင် ရင်းနှီးခဲ့ ရသော မိတ်ဟောင်းငယ်ချစ်နှင့် ပြန်ဆုံရသည်ကဲ့သို့ ခံစားမိရလေသည်။*

❑

လရောင်နှင့် ဆုံစည်းခွင့်ကို ကယားပြည်နယ် ဘောလခဲမြို့တွင် နေထိုင်ခဲ့စဉ်က ကျွန်တော် ဖတ်ရခြင်းဖြစ်သည်။

ဆရာ့အက်ဆေးကို ဖတ်ခဲ့တုန်းက ညတစ်ခင်းနှင့် လမင်းဝါသည့် ကျွန်တော်တို့ရွာ၏ လက်ဖက်ရည်ကြမ်းဝိုင်းများကို လွမ်းမိသလိုရှိသည်။ လရောင်ဝင်းဝါသော ညများတွင် သူငယ်ချင်းတို့နှင့် တပျော်တပါး ခုန်ပေါက်ကစားနေပြီး လူကြီးတွေက ဆူပူမာန်မဲတော့မှ ခြေလက်မျှ မဆေးနိုင်တော့ဘဲ အိပ်ရာဝင်ခဲ့ရသည်ကို အောက်မေ့လွမ်းဆွတ်မိပါသည်။

ရွာကလေးများသည် လရောင်နှင့် စိုမြဝင်းပ၍ နေတတ်ပါသည်။ မြေလမ်း ဖုန်ဖုန်လေးပေါ်မှာ၊ အုန်းလက်ဖျားပေါ်မှာ၊ ဗာဒံရွက်များပေါ်မှာ၊ သက်ငယ်မိုးအိမ်များပေါ်မှာ၊ တလင်းပြင်နှင့် ရိုးပြတ်လယ်ကွင်းများပေါ်မှာ၊ ခနော်နီခနော်နဲ့ ယိုင်ရွဲ့ရွဲ့ မီးရထားလမ်းလေးပေါ်မှာ၊ ထုံးဖွေးဖွေးနှင့် ရွာဦးစေတီလေးပေါ်မှာ။

ဘောလခဲမြို့လေးသည် ကျွန်တော်တို့ ရွာကလေးသို့နှယ် စောစောအိပ်၍ တိုးတိတ် ဆိတ်ငြိမ်သွားတတ်ပါသည်။ ညဦးယံများ၌ အောင်ဇော်ငွေးတို့၏ ကွမ်းယာဆိုင်တွင် မြို့နယ် လျှပ်စစ်မှူး ကိုရဲဝင်းနှင့် ချက်(စ်)ထိုးပြီး လမ်းမီးတွေ မှိတ်သွားတော့မှ ကျွန်တော်၏ ဘုံခန်းဝါလေးရှိရာသို့ အေးအေးလူလူ လမ်းလျှောက်၍ ပြန်တတ်စမြဲ ဖြစ်ပါသည်။

တစ်ညသ၌- ကျွန်းပင်များနှင့် ထောက်ကြံ့ပင်များပေါ်သို့ လရောင်ဖြာကျနေပုံက မိုးတွေသည်းသည်း ဖွေရွာနေသလိုပဲ ဖြစ်သည်။ ကျွန်းရွက်ကြီးများသည် လရောင်နှင့် ရွှဲရွဲတောက်စိုလက်နေတော့သည်။ အို-လှလိုက်တာ။ ဘယ်လောက်များ နူးညံ့အေးမြလိုက်သလဲကွယ်။ သူ့ကို ဘာကြောင့်များ အကြာကြီး မေ့နေမိပါလိမ့်-ဟု နှမြောနေမိသည်။ လေတစ်ဖွေ့၌ ကိုဝင်းဦးတို့၏ ဆိုင်အလွန်မှ နွားချေးနံ့သင်းသင်းကို ရလိုက်သည်။ ဒါကလည်း ငါတို့ရွာလေးရဲ့ ရနံ့အတိုင်းပါပဲဟု ကြည်ဖြူနေမိပါသည်။

ဘုံခန်းဝါသို့ ရောက်သောအခါ ကျွန်တော်သည် အိပ်ရာခေါင်းရင်းရှိ ပြတင်းတံခါးကို ဖွင့်လှပ်လိုက်သည်။ ဦးမြတ်ကိုထွေးတို့၏ ရုံးဘက်မှ လေညင်းတစ်သုတ် ဖြတ်ခနဲ တိုက်ခတ်သွားသည်။ ရုတ်တရက် ပြတင်းဝမှ တိုးဝင်လာသည့် လရောင်ဝါသည် လေပြည်လှုပ်၍ လိုင်းအိလေးတွေ ရွှရွပြေးနေသော ခြင်ထောင်စကို ကလူကျီစယ်နေပြန်ချေတော့သည်။

မြို့ကြီးခေါင်ခေါင်က လူတွေတော်တော် သနားဖို့ကောင်းသည်။ သူတို့ခမျာ အစစ်ကို မရနိုင်ရှာကြ။အတုဖြင့်သာ ကျေနပ်ရရှာသည်။ ပန်းပွင့်အတု၊ သစ်သီးအတု၊ သစ်ပင်အတု၊ ရေအတု၊ လေအတု၊ မြေအတု၊ ဥယျာဉ်အတု။ ပြီးတော့ လရောင်အတု။ လရောင်ကို အတုပြုထားသည့် နီယွန်မီးရောင်ကိုသာပဲ အဖိုးအခပေးချေ၍ မဝ,မလင် သုံးစွဲရရှာသည်။

မြို့ဖြစ်စေ၊ တောဖြစ်စေ၊ လူအများစုအဖို့ရာ ဆင်းရဲတွင်းနက်ကြီးထဲ၌ ယက်ကန်ယက်ကန် ရုန်းနေရသဲဖြစ်ပါသည်။

ဘဝက အခွင့်ကောင်းပေးသူအချို့နှင့် မတော်မတရား လှည့်ဖြားခြိမ်းခြောက်၍ ကြွယ်ဝပြည့်စုံလျက်ရှိသူ လူအနည်းစုတို့မှတစ်ပါး မြို့ပြလူသား၏ နေ့စဉ်အသက်မွေးမှုဘဝသည် ပင်ပန်းကျပ်ခဲနေဆဲ ဖြစ်ပါသည်။ လေအပူ၊ နွေအပူ၊ ဘတ်စ်ကားအပူနှင့် ကတ္တရာအပူလှိုင်းတွေအကြား မောပန်းနွမ်းနယ်နေသည့် ခန္ဓာအိမ်သည် အိမ်ပြန်ချိန်ရောက်လေတိုင်း ခြေကုန်လက်ပန်းကျနေစမြဲ ဖြစ်ပါသည်။ မလင်းတစ်လှည့်၊ လင်းတစ်လှည့်၊ နီယွန်မီးရောင်ယဲ့ယဲ့ကို မျှော်ငံ့ကုန်ဆုံးရင်း လရောင်ဝင်းဝါသော ညများကို မေ့လျော့နေတတ်ပါသည်။ လရောင်နှင့်ဆုံစည်းဖို့ လွဲချော်နေတတ်ပါသည်။

လူသည် နွေပူပူ၊ ခြေပူပူနှင့် မရပ်မနား ခရီးသွားနေနိုင်မည် မဟုတ်ပါချေ။ သွားလျှင်လည်း ခရီးမရောက်နိုင်ပါချေ။ ကျွန်တော်တို့သည် မျှော်လင့်ခြင်းများဖြင့် ခရီးရှည်ကြီးတစ်ခုကို ဆက်၍ နှင်ရပါဦးမည်။ တားဆီးပိတ်ဆို့မှုများနှင့် မိုးမသောက်သော နေ့ရက်များမှ မလွန်မြောက်သေးမီ ကုန်ခန်းသွားသည့် အားအင်တွေကို ပြန်လည်ဖြည့်တင်းဖို့ လိုအပ်နေပါဦးမည်။ အိစက်ညက်ညော သည့် ဖဲမွေ့ရာနှင့် မွေးပျံ့အေးစိမ့်သည့် အခန်းကျယ်ကြီးတွင် မနေနားနိုင်သေး၊ အဖိုးစားနား တစ်စုံတစ်ရာပေးချေရခြင်း မရှိဘဲ ကမ္ဘာမြေက ညီတူညီမျှ လက်ဆောင် ပေးသည့် လရောင်ဖွေးဖွေး၌ တစ်ရေး မှိတ်၍ အိပ်စက်နားနေခွင့်ရှိကြောင်း သတိပြုမိစေလိုပါသည်။

မိတ်ဆွေ ခြေကုန်လက်ပန်းကျ... ပါသလား၊ မောနွမ်းသည့်အခါ သ... အိမ်တံခါးကို ကျေးဇူးပြု၍ ဖွင့်လှ... ကြည့်လိုက်ပါ။ လရောင်ရွှန်းမြသော ညတစ်ညက သင့်အား ကြိုလင့်နေ... သည်။ ကံကောင်းပါက လရောင်... ဖြားယောင်းမှုဖြင့် ကြည်မြူးရင်ခုန်ခွင်း... ပင် ရကောင်း ရနိုင်ပါသည်။ ■

**မောင်ရင့်မာ၊ကျောင်း...**

***ရည်ညွှန်း။*** *။ လရောင်နှင့် ...(မောင်ဆုရှင်)၂၀၀၄ ခု...*

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

# နေဝင်းမြင့်

## ဒစ်စ်တောရှင်း
## (DISTORTION)

၁။

၁၉၆၀ ခုနှစ်ထိုး ပြက္ခဒိန်
ခပ်ဝါးဝါးပေါ်က
ရုပ်ရှင်မင်းသမီး မေသစ်၏
သွားတက်ပေါ် အပြုံးသည်
လက်ဖက်ရည်ဆိုင်ထဲက
တိုင်တစ်တိုင်ပေါ်မှာ
ခပ်စောင်းစောင်း
ချိတ်လျက်ရှိသည်။ ဆိုင်ထဲမှာ
လွှမ်းလောက်စရာဆိုလို့
သည်ပြက္ခဒိန်တစ်ချပ်သာ
ရှားရှားပါးပါးရှိနေခြင်းဖြစ်၏။
ကျန်တာက တစ်ဝက်တစ်ပျက်
ပွင့်ကျနေသော ဂျုံမှုန့်အိတ်များ၊
မီးသွေးအိတ်ပေါက်များ၊ နှပ်ပြီးသား
အကြမ်းခြောက်အဖတ်များ၊
ဆိုင်ပတ်လည်က မြင်းချေးများသာ။
ဝိုင်းစက်စက် လက်ဖက်ရည်စားပွဲ
လေး,ငါးလုံးအပေါ်မှာတော့
ယင်ကောင်တွေ တဝုန်းဝုန်း။
နည်းနည်းလေး မြင့်သော
ယင်ဖမ်းစက္ကူပေါ်မှာလည်း
ယင်ကောင်တွေ မည်းမည်း
ထ,အောင် ရှိနေကြသည်။
ဈေးခွေး လေး,ငါးကောင်က
ဦးကျင်ဝှက် လက်ဖက်ရည်ဆိုင်ကို
နားခိုရာအဖြစ်
သဘောထားကြပုံပေါ်သည်။
ဝင်လိုက်ကြ၊ အိပ်လိုက်ကြ၊
ထွက်သွားလိုက်ကြ။
အဖေက ရွာရောက်ပြီဆိုသည်နှင့်
သည်လက်ဖက်ရည်ဆိုင်မှာပဲ
သောက်လေ့ရှိသည်။
ထိုင်တော့လည်း အထပ်လိုက်
ခေါက်ထားသော သံတံခါးဘေးက
စားပွဲမှာ ထိုင်လေ့ရှိသည်။
သည်စားပွဲက ဈေးလမ်းနှင့်
နီးသည်။ ဈေးဦးမပေါက်သေးသော
မြင်းရထား(မြင်းလှည်း)သမားတွေ
အလွယ်ဝင်ထိုင်နိုင်သည်။
ရှေးခုနှစ်တန်းဆိုသည့်
အတန်းပညာကို လူထူထူရှိလျှင်
ဂုဏ်ဖော်တတ်သော အဖေက
လက်ဖက်ရည်တစ်ခွက်
ပြားသုံးဆယ်ရင်းကာ
သည်စားပွဲမှာပဲ
လူစုတတ်တာလည်း ပါ,ပါသည်။
လက်ဖက်ရည်ဆိုင်ထိုင်ဖက်
အဖေ့မိတ်ဆွေ တချို့ကတော့
ပင်တိုင်ဖြစ်၏။ သျှောင်ကြီးဖွေ
ဆေးဆရာ ဦးသာမြ၊
လှည်းတိုက်စားသူ ဦးကုလား၊
တောင်သူ ဦးငွေ၊
စက်ပိုင် ကိုသာဖူးနှင့်

ရုပ်ပုံမဂ္ဂဇင်း
ရသစာတမ်း
အမှတ် ၃၃၀၊ မေ ၂၀၁၇



www.burmeseclassic.com

www.burmeseclassic.com

အုန်းငှက်ပျောကုန်သည် ဦးစိုးရတို့ဖြစ်သည်။

ကျွန်တော်က ရှစ်နှစ်သား။ အဖေ ရွာပြန်ရောက်ပြီဆိုသည်နှင့် သွားလေရာ ပါလေ့ရှိသည်ဖြစ်ရာ လက်ဖက်ရည်ဆိုင်မှာ အဖေနှင့်အတူ ထိုင်ခွင့်ရှိသည်။ အဖေက လက်ဖက်ရည်ခွက် အောက်ခံပန်းကန်ပြားထဲမှာ လက်ဖက်ရည် အနည်းငယ် လောင်းထည့်ပေးတတ်သည်။ ကျွန်တော့်ခွဲတမ်း။ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးကျင်ဗုက်ကတော့ အဖေလောလျှင် နိုင်ငံရေးတွေ ပြောတော့မှာကို သိထားသူဆိုတော့ တော်ရာမှာ သွားငိုက်လေ့ရှိ၏။

'သျှောင်ကြီးဖွေရဲ့ ပေါ့ပေါ့မမှတ်နဲ့။ သခင်နုကလည်း ဟုတ်လှတာမဟုတ်ဘူး။ လွတ်လပ်ရေးရတာ လေးဆယ့်ရှစ်ခု၊ ဆယ်နှစ်ကြာတော့ ငါးဆယ့်ရှစ်ခု။ မဆိုင်တဲ့လူ အာဏာအပ်တော့ ဟိုက အကြိုက်ပေါ့။ အခုက ခြောက်ဆယ်။ အာဏာက သူ့လက်ထဲ ပြန်ရောက်ပြန်ပြီ။ ဖဲသမားများ ဖဲသေလို့ မင်းတစ်လှည့် ထိုင်စမ်းကွာ ဆိုတာမျိုးပဲ'

အဖေ့စကားတွေကြောင့် လှည်းတိုက်စားသူ ဦးကုလားခများ ယင်ဖမ်းစက္ကူပေါ်က ယင်ကောင်တွေလို အဖမ်းခံရမှာစိုးသည့်နှယ် ဆိုင်အပြင်ကို လှမ်းကြည့်ရှာသည်။

'နို့ နေပါဦး၊ အခုက ဘယ့်နှယ်ဖြစ်နေလို့တုံး'

'ဘာဖြစ်ရမတုံး ဆေးဆရာရဲ့။ ခင်ဗျားမလဲ ဆီမန်းထုံးမန်း၊ မှက္ခရုမန်းလောက်နဲ့ ဆေးဆရာလုပ်နေတော့ ခက်ပေသားပဲ။ ကုလားအုတ်ဆိုတာ ဟောသလို မြင်းကို ဒစ်စ်တောရှင်းလုပ်ထားတာမျိုးဗျ။ ဒီမိုကရေစီမဟုတ် ဘာမဟုတ်'

ဆေးဆရာ ဦးသာမြက သူ့သျှောင်ကိုသာ တွင်တွင်ယမ်းလေ၏။ အုန်းငှက်ပျောကုန်သည် ဦးစိုးရက မင်းပြောင်းမင်းလဲမှာ အုန်းသီးငှက်ပျောသီး အခြေပြု နတ်ဈေးကွက်ကို ရိက်ခတ်မှာစိုးဘိသကဲ့သို့ နှုတ်က တစ်စုံတစ်ရာကို

တစ်တောရှင်းတာ
မဟုတ်ဘူးဗျ
ဒစ်စ်တောရှင်း
ဒစ်စ်တောရှင်း
ဒစ်စ်တောရှင်း
ဆိုတာ
ပုံဖျက်ထားတာ
နဂိုပုံ
မဟုတ်တာ
ဟုတ်ယောင်ဝိုးဝါး
ဖြစ်နေတာကို
ပြောတာ

တဖွဖွရွတ်နေသည်။ တောင်သူဦးငွေက သူ့စိတ်ထဲရှိတာ ပြောသည်။

'အေးလေ၊ တစ်တောရှင်းသွားတော့လည်း ပြီးတာပဲ'

'တစ်တောရှင်းတာ မဟုတ်ဘူးဗျ၊ ဒစ်စ်တောရှင်း၊ ဒစ်စ်တောရှင်း။ ဒစ်စ်တောရှင်းဆိုတာ ပုံဖျက်ထားတာ။ နဂိုပုံ မဟုတ်တာ။ ဟုတ်ယောင်ဝိုးဝါး ဖြစ်နေတာကို ပြောတာ'

ဤသို့အားဖြင့် အသက်ရှစ်နှစ်သားက အဖေပြောခဲ့သော ဒစ်စ်တောရှင်းဆိုသည့် ဝေါဟာရသည် ကျွန်တော့်ရင်ထဲ စွဲနေခဲ့သည်။ နောင်အခါ သည်အဖြစ်ကို သတိရတိုင်း အဖေ့မိတ်ဆွေတွေကြားမှာ အဖေကိုယ်တိုင် ဒစ်စ်တောရှင်း (Distortion) ဖြစ်နေတာများလားလို့လည်း တွေးမိနေတတ်ပါသည်။ ❑

၂။

Distortion ဆိုသည့် အင်္ဂလိပ်ဝေါဟာရကို အဘိဓာန်က ယိုင်ရွဲ့ခြင်း၊ ဖွဲ့စောင်းခြင်း၊ မူလပုံစံမကျခြင်း၊ ပုံပျက်ခြင်း၊ ပုံဖျက်ခြင်းလို့ အနက်ပေးသည်။ ပန်းချီဆရာတစ်ယောက်ကတော့ ပုံဖျက်ခြင်းအနုပညာ (Art of Distortion) အကြောင်း ပြောပြဖူးသည်။ ဒစ်စ်တောရှင်းနစ်ဇင်း (Distortionism) ဆိုတာလည်း ပါရဲ့။ သို့သော် ထိုပန်းချီဆရာသည် လူ့ခန္ဓာဗေဒအရာ၌ ကျွမ်းကျင်စွာကိုင်တွယ်နိုင်သော ပါရမီရှိမှ အချိုးဖျက်ခြင်း အနုပညာသည် 'သောဘဏ'ဖြစ်သည် ဆိုပြန်သည်ဖြစ်ရာ ကျွန်တော်သိပ်တော့ နားမလည်ပါ။

'ပန်းချီဆရာက အရှိပကတိသဘောကို ကောင်းကောင်းကြီးသိပြီးမှ သူ့စိတ်ထဲမှာ ထင်ယောင်မြင်ယောင်ရှိတာကို ထင်သာမြင်သာအောင်ရှိလာအောင် အချိုးဖျက်ပစ်လိုက်တာဗျ။ မဆွဲတတ်လို့ အချိုးပျက်နေတာမျိုးမဟုတ်ဘူး'

ရှင်းပြသော ပန်းချီဆရာကလည်း ဦးခေါင်းကြီးကြီး၊ ခါးလျားရှည်ရှည် ခြေဆံလက်ဆံ တိုပျပ်ပျပ်ဆိုတော့ သူလည်း 'ဒစ်စ်တောရှင်း'ဖြစ်နေသ... လို။ တစ်ခါက ခွဲစိတ်ကုဆရာဝန်တစ်ဦးသည် ဝါသနာအလျောက် အိမ်မှာ တိရစ္ဆာန်ကလေးတွေကို မွေးထား... သည်။ တစ်ရက်မှာတော့ သူ့ခြံထဲ... ငှက်ကျားတစ်ကောင်နှင့် ဝမ်းဘဲတ... ကောင်ကို လှမ်းကြည့်ရင်း တွေးသည်... ငှက်ကျားက ခြေထောက်တွေ ရှည်လွန်း... လှသည်။ ဝမ်းဘဲကတော့ ခြေထော... တွေ တိုသည်။ ခွဲစိတ်ဆရာဝန်က ... ကောင်စလုံးကို အချိုးမကျသလို ခံစား... ရာက နှစ်ကောင်စလုံးကို အချိုး... အောင် ခွဲစိတ်ဖို့ပြင်သည်။

ရှည်လွန်းလှသော ငှက်ကျား... ခြေနှစ်ချောင်းကို ဖြတ်သည်။ တို... လှသော ဝမ်းဘဲ၏ ခြေထောက်... လည်း ဖြတ်သည်။ ခြေနှစ်စုံကို ...



www.burmeseclassic.com

www.burmeseclassic.com

အောင် ခွဲစိတ်ပြီး ပြန်ဆက်ပေးသည်။ ခွဲစိတ်ဆရာဝန်က သူ့အောင်မြင်မှုကို ဂုဏ်ယူသည်ဖြစ်ရာ ငါသည် အချိုးမကျခြင်းကို အချိုးကျအောင် ဖန်ဆင်းနိုင်ခဲ့ပြီ။ အရတော်လေစွဟူသော စိတ်ဖြင့် ကျေနပ်နေလေသည်။ ဆရာဝန်က ငှက်ကျားကို မေးသည်။

'ဘယ့်နှယ်လဲ၊ အဆင်ပြေရဲ့လား'

'ဘယ်ပြေလိမ့်မလဲ ဆရာဝန်ကြီးရယ်၊ ကျုပ်တို့ ငှက်ကျားတွေရဲ့ သဘာဝက ရေနက်နက်ထဲ ခြေထောက်ရှည်ကြီးနှစ်ချောင်းနဲ့ တစွပ်စွပ်လျှောက်ရင်း ငါးကောက်ရတာပါ။ အခုတော့ ခြေတိုတိုနဲ့ အစာရှာဖို့ ခက်ပြီ'

ခွဲစိတ်ဆရာဝန်က ဝမ်းဘဲကို မေးပြန်သည်။

'ဘယ်လိုလဲ၊ မင့်ခြေထောက်တွေ ရှည်လာတော့ ပိုကောင်းသွားပြီ မဟုတ်လား'

'ဝေးပါသေးရဲ့၊ ကျုပ်တို့ ဘဲဆိုတာက ခြေတိုတိုမှာ ရေယက်ပြားပါလို့ တစ်နေရာက တစ်နေရာကို အသာယက်ကူးရင်း အစာရှာရတဲ့အမျိုးလေ။ အခုတော့ ခြေထောက်တွေရှည်လေတော့ ရေကူးဖို့ခက်ပြီ'

ငှက်ကျားနှင့် ဝမ်းဘဲတို့၏ အချိုးပျက်ခံရခြင်းသည် 'သောဘဏ'ဖြစ်ရာမရှိ။ ပုံပန်းပျက်ခြင်း(Deform)သာ အဖတ်တင်ရသည်။ သို့သော် ယုံရွဲ့ခြင်း၊ အချိုးဖျက်ခြင်းကိုပင် သာရပ္ပဖြစ်သည်ဟု သဘောထားသူတို့လည်း အခြားတစ်ဖက်က ရှိနိုင်သည်ဖြစ်ရာ သည်အတွက်တော့ ငြင်းခုံစရာမရှိပါ။

❑

၃။

ပြင်သစ်နိုင်ငံကို ရောက်စဉ်က ဒါလီ၏ ပန်းချီကားများကို ပြသထားသော ပန်းချီပြခန်းကို ရောက်ခဲ့ဖူးပါသည်။ ပါရီမြို့ဦး၏ အမှတ်လက္ခဏာဖြစ်သော မေပယ်လ်ရွက်တွေက ပန်းချီပြခန်းရှေ့မှာ တဝဲဝဲကြွေနေကြသည်။ တတ်တတ်ထိုး တယောကြီးသံက လွမ်းဆွေး ပန်းချီကားသုံးဆယ်ကို ပြသထားသည်ဖြစ်ရာ ခံစားသူတွေက တိတ်တိတ်ဆိတ်ဆိတ်။ ဒါလီ၏ စိတ်ကူးဆန်းကြယ်မှုသည် ပြပွဲလာတို့ကို မေ့မြောသွားစေလောက်ပါသည်။ တစ်နေရာမှာ ရေးထားသည်။ ဒါလီ၏ ပန်းချီကားတွေကို Erotic Subconcious Imagery အဖြစ် နားလည်ကြသတဲ့။ ဝိုးဝါးသိမှုဆိုင်ရာ နိမိတ်ပုံတွေ၊ သူ၏ ကမ္ဘာကျော်အရည်ပျော်နာရီကိုလည်း တွေ့ရသည်။ ပီကာဆို၏ ပန်းချီကားတွေလို မြင်နေကျအမြင်အာရုံတွေကိုကျော်ကာ Malformation ထင်ဟပ်မှုဖြစ်သည်။ နှစ်ဦးစလုံး သဘာဝယုတ္တိက ကန်ထွက်နေသော အဆန်းတကြယ် နည်းနာတွေသုံးကြတာချင်းတူသည်။ ပဋိလက်ဆန်ဆန် အသွင်ပြောင်းထားသော ပန်းချီကားတွေ။

တစ်ခါက အမေရိကန်ပြည်ထောင်စု၊ ရိုဒ်အိုင်းလင်းပြည်နယ်ရှိ ဟိုတယ်တစ်ခုတွင် စွယ်စုံအနုပညာရှင် ဆရာ ဦးဝင်းဖေနှင့် အတူတည်းခဲ့ဖူးသည်။ တစ်ခန်းတည်းမှာ ခုတင်နှစ်လုံးဆိုတော့ ကျွန်တော့်အတွက်တော့ သိချင်သမျှ မေးခွင့်ရခဲ့သည်။ မန္တလေးပန်တျာကျောင်း၊ ကဗျာ လွတ်သမိုင်း၊ ခေတ်သစ်ပန်းချီ၊ ရုပ်ရှင်နှင့်ဂီတ။ ကျွန်တော်မေးသမျှ ဆရာကလည်း ဖြေပါသည်။ မြန်မာခေတ်သစ်ပန်းချီနှင့် ပန်းချီဆရာတွေအကြောင်း ပြောကြရင်းက ပီကာဆိုနှင့် ဒါလီတို့အကြောင်း စကားရောက်သွားသည်။

'ဒါလီက ပြင်သစ်ရောက် စပိန်ဗျ။ ၁၉၀၄ ခုဖွား ဆစ်ဂမန်ဖရွိုက်ဒ်ရဲ့ စာတွေကို ၁၉၂၀ လောက်မှာ စဖတ်ရာက ဆာရီယယ်လစ် ပန်းချီအုပ်စုတွေနဲ့ သွားချိတ်တာ။ ထားပါတော့။ သူက လူဝီဘွန်နဲလ်နဲ့ပေါင်းပြီး ဆာရီယယ်လစ် ရုပ်ရှင်တစ်ကားရိုက်တယ်။ **Un Chien Andalou** ဆိုတဲ့ကား။ ၁၉၂၈ မှာ ရိုက်ထားတာ။ ၁၉၃၀ မှာ တစ်ကား ထပ်ရိုက်တယ်။ L 'Age d' or ဆိုတာ'

ဒါလီ၏ Surrealist Films ဆိုတာတွေကို ကြည့်ချင်နေမိသည်။

'ပီကာဆိုက ဒါလီထက်ကြီးတယ်။ ၁၈၈၁ ဖွား။ ပန်းချီပညာကို သူ့အဖေဆီက ရတယ်။ ဆယ့်သုံးနှစ်သားမှာ ပြပွဲလုပ်နေပြီ။ သူက ကျူဗစ်ဇင်သမား။ ပါစပက်တစ်တွေကို ရိုက်ချိုးပစ်လိုက်တာ။ တံလှပ်လို အရိပ်အယောင်တွေနဲ့ စိတ်ကို ဝိုးဝိုးဝါးဝါးဖြစ်ရတာမျိုးတွေနဲ့ ဖောက်ထွက်တာ'

စကားတွေ ကောင်းလိုက်ကြတာ ည နှစ်ချက်ထိုးပြီ။ ကျွန်တော်က မေးချင်သေးသော်လည်း ဆရာက မလှုပ်တော့ပြီ။ မတတ်နိုင်။ တွေ့တုန်းမေးရတာ မဟုတ်လား။

'ပန်းချီမှာ အချိုးဖျက်တယ်ဆိုတာ ဘာကိုပြောတာလဲ ဆရာ'

'အချိုးဖျက်တယ်ဆိုကတည်းက အချိုးမကျတာပေါ့ မောင်ရ။ မောင်ရင် မိုးလင်းခါနီးအထိ မေးခွန်းတွေ တွန်းမေးတာမျိုးပေါ့'

ဆရာ ဝေါက်တော့မှ ကျွန်တော်လည်း ရပ်ရတော့သည်။ ကျွန်တော်ကတော့ ဆက်တွေးနေမိသည်။ အနုပညာတစ်ရပ်တွင် အချိုးကျခြင်းသည် သာရပ္ပဖြစ်ခြင်း၊ ပေပြစ်ခြင်းကို ပြောတာများလား။

❑

၄။

တစ်ခါတစ်ပါး၌ ပုဂံပြည်တွင် အလောင်းစည်သူ မင်းပြု၏။ သားတော်သုံးပါးတွင် မင်းရှင်စောနှင့် နရသူတို့ ထင်ရှားသည်။ တစ်ခါသော် မင်းရှင်စောကို မျက်တော်မူသည်ဖြစ်၍ မင်းရှင်စောလည်း ထွန်တုံးပူတက်အရပ်တွင် နန်းပြိုင်ပြုလေသည်။ ညီတော် နရသူကား ရက်စက်သူ၊ ကောက်ကျစ်သူ၊ ရာဇပလ္လင်ကို အသာဝင်မင်းမ်းရှိသူဖြစ်ရာ ခမည်းတော်ကို ရွှေကူဘုရားသို့ ဘုရားဖူးပို့ရင်း အဝတ်နှင့်ဆို့ကာ သတ်လေသည်။ ခမည်းတော် ကံကုန်သည်ကြားလျှင် မင်းရှင်စောလည်း ဆင်လုံး မြင်းရင်းနှင့် ပုဂံကို စစ်ချီသည်။ နရသူလည်း နောင်တော် စစ်ထိုးအံ့သည်ကို ကြားသည်နှင့် ပုဂံသာသနာတွင် ထင်ရှားလှသော ပံသုကူမထေရ်ကို လွှတ်၍ ပြေငြိမ်းစေသည်။


www.burmeseclassic.com

www.burmeseclassic.com

'နောင်တော်ကြွလာလျှင် နန်းတင်ပါမည်ဘုရား၊ တစ်ဦးသာကြွလာတော်မူပါစေ။ ညီနောင်ချင်း စစ်ခင်းသော်ပြည်သူတို့သာ ဆင်းရဲရန်ရှိသည်ဖြစ်၍ အရှင်ဘုရားသာ ရန်မီးကိုငြိမ်းတော်မူပါ'

'နင်ဆိုတိုင်း မတည်လျှင် ငါ ရဟန်းတရားနှင့်မညီ ဖြစ်ရှာမည်'

'နောင်တော်ကို နန်းတင်ပါမည်ဘုရား၊ တပည့်တော် သစ္စာပြုပါ၏'

ပံသုကူမထေရ်လည်း မင်းရှင်စောထံ ကြွ၍ အသာတကြည်ခေါ်လေသည်။ ပုဂံသို့ဆိုက်လျှင် နရသူလည်း နောင်တော်ကို နန်းအပ်လေသည်။ မင်းရှင်စောလည်း နန်းရပြီ။ သို့သော် နန်းရသည့်ညမှာပင် နရသူက ပွဲတော်စာတွင် အဆိပ်ထည့်လေ၏။ မင်းရှင်စော ကံကုန်သည်ကြားလျှင် ပံသုကူမထေရ်လည်း နန်းတော်သို့ကြွ၍ နရသူကို မောင်းမဲတော်မူသည်။

'သင်ကား သစ္စာပျက်လှသည်။ မင်းပျက်တည်း၊ သံသရာကို နင်မကြောက်လေ၊ နန်းစည်းစိမ်ကို ရကာမျှဖြင့် မအို၊ မနာ၊ မသေပြီလော။ သင်ကား မင်းတကာတို့တွင် အပျက်ဆုံးတည်း'

ပံသုကူမထေရ်၏ မိန့်ဆိုချက်သည် ပြင်းထန်လှသည်။ 'မင်းပျက်' ဆိုသည်နှင့် သစ္စာယွင်းခြင်း၊ တရားပျက်ခြင်း၊ သိက္ခာမဲ့ခြင်း၊ သီလကျိုးခြင်း၊ မင်းကောင်းအမှုအရာကင်းခြင်း စသောသဘောတို့ ကပ်လျက်ပါရတော့သည်။ နန်းရဘုရင်စင်စစ်က စဉ်းလဲသော တိရစ္ဆာန်နှင့်မခြား စွပ်စွဲလိုက်သော ထိုးနှက်ချက်ဖြစ်သည်။

'ပံသုကူမထေရ်ရဲ့ စကားက ကြောက်စရာကောင်းတယ်။ သဘောက အီဂျစ်က ခြင်္သေ့ကိုယ်နဲ့ လူ့မျက်နှာတပ်ထားတဲ့ စဖင့်စ်လို၊ မနုဿီဟာများ၊ ခြင်္သေ့ကိုယ်နဲ့ လူ့မျက်နှာစွပ်ထားတာမျိုးလို လူယောင်ယောင်၊ တိရစ္ဆာန်ယောင်ယောင်လို့ ပြောတာပဲကွ။ ဒါ မက်တာမော်ဖိုးဆစ်ပဲ။ တစ်မျိုးပြောရင်တော့ ရှင်ဘုရင် ဒစ်စတောရှင်း ဖြစ်နေပြီလို့ ပြောလိုက်တာပဲကွ'

ပန်းချီဆရာက
အရှိပကတိ
သဘောကို
ကောင်းကောင်းကြီး
သိပြီးမှ
သူ့စိတ်ထဲမှာ
ထင်ယောင်မြင်ယောင်
ရှိတာကို
ထင်သာမြင်သာအောင်
ရှိလာအောင်
အချိုး
ဖျက်ပစ်လိုက်တာဗျ
မဆွဲတတ်လို့
အချိုးပျက်နေတာမျိုး
မဟုတ်ဘူး

နောင်အခါ နရသူလို့ ကြားလျှင် ကျွန်တော့်စိတ်ထဲမှာ အဖေ့စကားတွေကို ကြားယောင်နေမိတတ်ပါသည်။

❑

၅။

တစ်ခါတစ်ရံ စနစ်နှစ်မျိုးကို ထိပ်တိုက်တိုးရာက စနစ်နှစ်မျိုးစလုံး ဒစ်စ်တောရှင်း ဖြစ်ရတာမျိုးလည်း သမိုင်းမှာ မကြာခဏ တွေ့ရတတ်ပါသည်။ ခပ်နီးနီး ကုန်းဘောင်ခေတ်မှာပဲကြည့်ပါ။ မန္တလေးကျသည်မှ စ၍ ရေတွက်လျှင် ပဒေသရာဇ်စနစ် ကံကုန်ခြင်းသည်ပင် နှစ်ပေါင်း ၁၃၀ ကျော်ပြီ။ ပဒေသရာဇ်အုပ်ချုပ်ရေးသည် သမိုင်းတွင် ရှည်လျားလှသည်။ ပုဂံ၊ ပင်းယ၊ စစ်ကိုင်း၊ ဟံသာဝတီ၊ ညောင်ရမ်း၊ ဧဝ၊ အင်းဝ၊ ကုန်းဘောင်...။

နှစ်ပေါင်း ၉၀၀ လောက်ရှိလေမလား။ စင်စစ် သက်ဦးဆံပိုင်ဆိုသည့် ဝေါဟာရကပင် ထိတ်စရာ လန့်စရာ။ သက်ဦးဆံပိုင် ပဒေသရာဇ်အုပ်ချုပ်ရေးသည် လူနည်းစု အုပ်ချုပ်ရေးဖြစ်သည်။ အုပ်ချုပ်ရေးအဆင့်ဆင့်တွင် အဆင့်ကွဲသော်ငြားအနှစ်သာရ ပြောင်းခဲ့သည်မရှိ။ အုပ်ချုပ်ရေးအာဏာသည် ပလ္လင်ပေါ်က စီးဆင်းသည်။

သီပေါမင်းလက်ထက် ခမည်းတော် ကံကုန်ချိန် ၁၂၄၀ ပြည့်နှစ်ကပင် အုပ်ချုပ်ရေးစနစ်ကို ပြောင်းကြည့်သည်။ ၁၄ ဌာနအုပ်ချုပ်ရေး၊ ၉ ဌာနအုပ်ချုပ်ရေး၊ နောက်တော့ ၁၀ ဌာနအုပ်ချုပ်ရေး။ ဘယ်အုပ်ချုပ်ရေးမှ ကြာရှည်မခံ။ ကင်းဝန်မင်းကြီး၏ နိုင်ငံခြားခရီးအတွေ့အကြုံမှတ်တမ်းများသည် ရှင်ဘုရင်ကို အသာအယာပုတ်ခိုးနိုင်ခဲ့သည်။ ဤသို့အားဖြင့် တစ်ခါမှမရှိခဲ့ဖူးသော စည်းမျဉ်းခံဘုရင်စနစ်သည် နန်းတွင်းသို့ စိတ်မနဲ့သူတစ်ယောက်လို ဝင်လာခဲ့ခြင်းဖြစ်သည်။ တကယ်တော့ စည်းမျဉ်းခံဘုရင်စနစ်ကို သယ်ဆောင်လာသူရော လက်ခံမည့်သူပါ ကောင်းကောင်းနားလည်ကြတာမဟုတ်။ ရာဇဌာနီအုပ်ချုပ်ရေးတွင် ခန့်ပြီးသား မှူးမတ်တို့ကို အားနာစွာ ဆက်လက်ခန့်ထားရသဖြင့် လွှတ်ရုံး အဆင့်ဆင့်ကို ဖျက်သိမ်းခြင်းမရှိတာ လည်း စည်းမျဉ်းခံဘုရင်စနစ်ကို ဓါးခေါ်ချက်ဖြစ်ခဲ့သည်။ ယောအတွင်းဝန် ၏ ရာဇဓမ္မသင်္ဂဟကျမ်းကလည်း ဘုရင်ကို မဆုံးမနိုင်။ နောက်ဆုံးတော့ 'ကင်းနှင့်ယော' တို့သာ အရာကနုတ်သိမ်းခြင်းခံလိုက်ရတာ အဖတ်တင်သည်။

အုပ်ချုပ်ရေးစနစ်နှစ်ရပ် ထိပ်တိုက်တိုးသည့်အခါ ကုလားအုတ်လိုလို၊ မြင်းလိုလို အုပ်ချုပ်ရေးယန္တရားတစ်မျိုး ပေါ်လာတတ်သည်။ တချို့အုပ်ချုပ်ရေးစနစ်က Hardware, တချို့စနစ်က Software တစ်မျိုးနှင့်တစ်မျိုး မပျော်ဝင်နိုင်သောတော့ ကြွက်လိုလို၊ လင်းနို့လိုလို ဖြစ်လည်း Distortion တစ်မျိုးဖြစ်သည်။

❑

www.burmeseclassic.com

၆။

မနေ့တစ်နေ့က ဇာတိရွာကို ရောက်ခဲ့သည်။ အချိန်နည်းလေတော့ ရွာကိုနှံ့အောင်၊ စေ့အောင် မလည်နိုင်ခဲ့ပါ။ အမေ့သူငယ်ချင်း လူကြီးသူမအချို့ကို ကန်တော့ရင်း ရွာလမ်းတွေကို ဒေါင်းတစ်တွန် စွန်တစ်ဝဲစာလောက် တစ်ပတ်ပတ်ကြည့် ဖြစ်သည်။ ဈေးထိပ်က ညောင်ပင်သည်ပင် အိုလွန်းလှပြီ။ ကျွန်တော်တို့ ငယ်ငယ်က ဖားဖားဝေဝေရှိခဲ့သော ညောင်ပင်ကြီး၊ ခုတော့ ညောင်ရွက်သံ မရှဲနိုင်တော့ပြီ။ ရွာနွားတွေ၊ ဆိတ်တွေ၊ သိုးတွေ သိမ်းချိန်ဆိုတော့ ဖုန်တွေက အူအူထလျက်ရှိသည်။

နှမအိမ်ကို ပြန်ရောက်တော့ ညနေရီရီမှာ မျက်လုံးသီသီဖြင့် ကျေးဇူးရှင် အပ်ချုပ်စက်ကို ပုဆိုးစုတ်တစ်ထည်ဖြင့် အုပ်နေသည်။ နှမက ကျွန်တော့်ဒွေးလေး၏ သမီးဖြစ်သည်။ သူလည်း ခြောက်ဆယ် ကျော်ပြီ။ ဒွေးလေးက ကျွန်တော့် ကျေးဇူးရှင်ဖြစ်သည်။ ကျောင်းထားပေးသည်။ ရှင်ပြုပေးသည်။ သူ့သားများနှင့် မခြား စောင့်ရှောက်ခဲ့သူ။ ဒွေးလေး ရေချိုးနေပြီဆိုလျှင် ကျွန်တော်က ရေချိုးပြီး ဝတ်မည့် အင်္ကျီမှာ ရွှေနှင်းဆီကြယ်သီးတွေ တပ်နှင့်ရသည်။ ရွာမှာ ပန်းထိမ်ဆရာ လေးဦးရှိတော့ အရွယ်ရသည်အထိ ဒေါင်းဘယက် လေးကုံးအပ်ကာ ထည်လဲဆွဲခဲ့သူဖြစ်သည်။

စနစ်တစ်ရပ်အောက်မှာ ပြည်သူပိုင်သိမ်းတာ ကြုံလိုက်ရတော့ ဈေးထဲက စတိုးဆိုင်ကြီး အသိမ်းခံလိုက်ရသည်။ ထိုညနေက ဈေးပိုင်းတစ်ပိုင်းလုံး ခါးပြမွှေသလို အမွှေခံလိုက်ရတာကို မှတ်မိနေသည်။

'အမေရှိရင် ဝမ်းသာမှာ။ ပြည်သူပိုင်တွေသိမ်းပြီး မကြာပါဘူး အဖေရော၊ အမေရော ဆုံးတာပဲ။ တို့မောင်နှမတွေလည်း သက်ငယ်ပျစ် စားရတော့မလိုလို၊ မန်ကျည်းရွက်ခူး ရောင်းရတော့မလိုလို ဖြစ်ကုန်တာပဲ။ နင်မှတ်မိလား'

၁၉၆၀ ကျော်နှစ်များ။ ဒစ်စ်တောရှင်းဖြစ်ခဲ့သော ဆိုရှယ်လစ်ဇင်ကို မမှတ်မိဘဲ ရှိပါ့မလား။

'အခု ငါချုပ်နေတဲ့စက်က တို့ဆိုင်က သိမ်းသွားတဲ့စက်လေ။ သိမ်းတဲ့လူတွေဆီက နောက်မှ ပြန်ဝယ်လို့ ရလိုက်တာ'

မောင်နှမနှစ်ယောက် ထိုညက စကားတွေပြောဖြစ်ကြသည်။ ရှေးဟောင်းနှောင်းဖြစ်တွေထဲမှာ ကြေကွဲစရာတွေက ခပ်များများ။ မီးလင်းခါနီးမှ တစ်မှေးမှေးဖြစ်သည်။ မိုးလင်းတော့ ရွာ မုန့်ပျားသလက် နှမ်းဆီဆမ်းတစ်ချပ်စားသည်။ မြင်းလှည်းလာခေါ်တော့ နှမအိုက မြင်းလှည်းအနားထိ လိုက်လာသည်။ ကျွန်တော့်လက်ထဲ စိပ်ပုတီးတစ်ကုံး ထည့်ပေးသည်။

'ငါက နိဗ္ဗာန်ဆု မတောင်းဘူး။ တိုင်းပြည် ကောင်းပါစေပဲ ဆုတောင်းတယ်'

ရွာက ပြန်ရမည်ဆိုတော့ အဖေ့ကို သတိရသည်။ အဖေ့စကားတွေကို သတိရသည်။ ကျွန်တော် မြင်းလှည်းပေါ် တက်လိုက်တော့ မြင်းက ဆောင့်ထွက်သည်။ မြင်းက မြင်းပိန်။ ဒါပေမဲ့ မြင်းနှင့်မတူ၊ ကုလားအုတ်နှင့် တူနေလေသည်။ ■

**နေဝင်းမြင့်**


နမော ဗုဒ္ဓါယ သိဒ္ဓမ်

ဝဿာသူရိယ

သက်န်းတိုက်

ဖြန့်ရောင်းသင်္ကန်း–ဓဝယ်ပါ–ဓရောင်းပါ / သုံးပြီးသင်္ကန်း–ဓဝယ်ပါ–ဓရောင်းပါ / အနံ့ပြည့်၊ အလျားပြည့် အသစ်စက်စက်သင်္ကန်းမှ ရောင်းသည်။

မဆုမွန်

အမှတ်(၁၅)၊ ကွက်သစ်လမ်း၊ ကျိုတော်ရပ်ကွက်(ရေကျော်)၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

အမှတ်(၂၈၊ အေ)၊ မြေညီ၊ ဗဟိုရ်လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း (၀၁) ၂၀၂၇၄၆၊ ၀၉၄၂၀၀၂၇၃၁၆၊ ၀၉၉၇၆၂၃၂၂၆၉




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# နှင်းတောကိုရှက်

## စံချစ်သူ

အပူရှိန်က တဖြည်းဖြည်း မြင့်တက်လာပြီ။ နှင်းတို့ လမ်းမကြီးထိပ် ပြည်လမ်းမကြီးပေါ်တွင်တော့ ငုပန်းဝါဝါတို့ နေအပူရှိန်နှင့်အပြိုင် ဝါထိန်နေလေပြီ။ လေအတိုက် လျှပ်စစ်မီး ပန်းဆိုင်းတို့နှယ် ညီညာယိမ်းနွဲ့နေကြသည်။ ဒီအချိန်၊ ဒီရာသီမှာ နွေအပူဒဏ်ကို ခံနိုင်ဖို့ကော၊ ဘဝအပူဒဏ်ကို ခံနိုင်ဖို့အတွက်ပါ တစ်ခဏတာ ကွန်းခိုဖို့ရှာရမြဲ။ ငယ်ရွယ်တက်ကြွဆဲ လူငယ်တွေ အတွက်ကတော့ ရောက်လာတော့မယ့် သင်္ကြန်ပွဲတော်အတွက် ပြင်ရဆင်ရ၊ ရင်ခုန်ရနှင့် မအားကြ။ နှင်းတို့လို သက်လတ်ပိုင်း တို့အတွက်ကတော့ သင်္ကြန်ပွဲတော်သည် ရိုးရာပွဲတော်တစ်ခု အဖြစ် သမားရိုးကျ တွေးထင်ရုံထက် မခံစားရတော့။ သင်္ကြန်၏ ရင်ခုန်သံသည် အသက်တစ်နှစ်ပြီးတစ်နှစ် ကြီးလာသည်နှင့်အမျှ

အမှတ် ၃၃၀၊ မေ၊ ၂၀၁၇
ရုပ်စုံမဂ္ဂဇင်း
ဝတ္ထုရှည်၈/ဆုံး



www.burmeseclassic.com

www.burmeseclassic.com

နေးနေးလာသည်။ ရင်ခုန်သံသစ်တွေ ဖွေရှာစူးစမ်းဖို့ထက် ကျောင်းရက်ရှည်၊ ရုံးရက်ရှည်ပိတ်သည့် သင်္ကြန်ကာလတွင် 'စိတ်' ကို အနားပေးချင်သည်။ ကိုယ်ကို အနားပေးချင်သည်။ နောက် မျက်စိတွေ၊ နားတွေ၊ ပါးစပ်တွေကိုလည်း အနားပေးချင်သည်။ ပြောရမယ်ဆို လက်ရှိ ပတ်ဝန်းကျင်ကနေ ထွက်ပြေးပြီး ကိုယ့်ကို ဘယ်သူမှမသိသည့် အရပ်ဒေသလေးတစ်ခုတွင် တစ်ယောက်တည်း၊ ဒါမှမဟုတ် ကိုယ်နှင့်တစ်သဘောတည်းရှိသည့် အဖော်တစ်ယောက်နှင့်အတူ တိတ်တိတ်ကလေး နေချင်ပါသည်။

သည်လိုတွေးမိတော့ အဖော်ဆိုတာ ဘယ်လိုမျိုးပါလိမ့် စဉ်းစားမိသည်။

တစ်ယောက်၏ ဆန္ဒကို တစ်ယောက်က လိုက်လျောတာ အဖော်လား။

လူတစ်ဦးတစ်ယောက်မှာ ကိုယ်ယုံကြည်လက်ခံထားသည့် ယုံကြည်ချက်လေးတော့ ရှိကြသည်သာ။

ကိုယ်တန်ဖိုးထားသည့် စံသတ်မှတ်ချက်လေးတော့ ရှိကြသည်သာ။

အဲဒါလေးတော့ ဂရုတစိုက် အပြန်အလှန်လေးစားကြရင်း ကျန်သည့်သဘောထားလေးတွေကို လိုက်လျောကြလျှင် 'အဖော်' ဆိုတာ ဖြစ်နိုင်မလား။ အတူတူ ပူးပေါင်းနေထိုင်၍ ရနိုင်မလား။

နှင်းတို့ စီးလာသည့် ကားလေး ကျောင်းဝင်းထဲဝင်လာတော့ တံမြက်စည်းလှည်းနေသည့် ဘွားသီလရှင်တချို့ကော၊ သစ်ပင်ရိပ် ခပ်

**သင်္ကြန်၏
ရင်ခုန်သံသည်
အသက်
တစ်နှစ်ပြီးတစ်နှစ်
ကြီးလာသည်နှင့်
အမျှ
နေးနေးလာသည်
ရင်ခုန်သံသစ်တွေ
ဖွေရှာ
စူးစမ်းဖို့ထက်
ကျောင်းရက်ရှည်
ရုံးရက်ရှည်
ပိတ်သည့်
သင်္ကြန်
ကာလတွင်
'စိတ်'ကို
အနားပေးချင်သည်
ကိုယ်ကို
အနားပေးချင်သည်**

အုပ် အုပ်ကလေးတွေအောက် စင်္ကြံလျှောက်နေသည့် သံဃာတော်တချို့ပါ လှမ်းကြည့်သည်။ နောက် ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေကြသည်။ တစ်ခဏအတွင်း နေအပူရှိန်ကျသွားသည်။ လက်က နာရီကို အကြည့် ညနေ ၆ နာရီကျော်စပြုပြီ။ သိမ်အတွင်းမှာ သီတင်းသုံးနေသည့် ကျောင်းထိုင်ဆရာတော်ကြီးကို ကန်တော့ယူလာသည့် လှူဖွယ်ဝတ္ထုပစ္စည်းကိုကပ်ပြီး သင်္ကြန်ရက်ဒီက သီလရှင်ဇရပ်မှာ နေမယ့် အကြောင်း လျှောက်တော့ ကြိုပြီး သိနှင့်နေသည့် ဆရာတော်ကြီးက လိုအပ်တာရှိရင် ပြောပါဟု ခပ်အေးအေးဆိုသည်။ သိမ်ထဲက ပြန်ထွက်လာတော့ နေအတော်စောင်းပြီ။ မျက်နှာချင်းဆိုင်မှာရှိသည့် စေတီတော်လေး၏ ဆည်းလည်းသံကလွဲ၍ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်နေသည်။

အတူပါလာသည့် သူငယ်ချင်းမက ဘယ်လိုလဲ ဟူသော မျက်ဝန်းဖြင့် ကြည့်သည်။ ခရီးဆောင်အိတ်လေးကို အောက်ချလိုက်ပြီး မျက်နှာကို မော့ကာ လေကိုရှူသွင်းလိုက်လျက် သိပ်အေးချမ်းတာပဲဟု ဆိုမိသည်။ နှင်းတို့ကို လိုက်ပို့သည့် ကားလေးကို ဖုန်မှုန့်တွေအလိမ်းလိမ်းအောက် ခပ်ပျပျသာ မြင်ရတော့သည်။

တစ်ခုသော သီလရှင်ဇရပ်ရှေ့ နှစ်ယောက် ရပ်လိုက်ကြသည်။ လိုက်ပို့သည့်ကျောင်းသားလေးက ဒီဇရပ်ပဲဟုဆိုသည်။ အသက် ခြောက်ဆယ်ခန့်ရှိသည့် သီလရှင်ဆရာကြီးတစ်ပါးထွက်လာပြီး မစောခင်လွှတ်လိုက်တာ သမီးလေးတို့လားဟု အေးချမ်းစွာ ဆိုလေသည်။ ဒီနောက် ပါလာသည့် ခရီးဆောင်အိတ်ကလေးကို ချပြီး သီလရှင်အဘွားပေးသည့် နေရာလေးမှာ အိပ်ရာလေးတွေပြင်၊ အဘွား၏ ထမင်းစားပွဲအဝိုင်းလေးဘေး ခြင်းတောင်းလေးတွေ နေရာချနှင့် သိပ်မကြာခင်မှာပဲ ဒီဇရပ်လေးနှင့် အကျွမ်းတဝင်ဖြစ်သွားရသည်။

'သမီးလေးတို့နှစ်ယောက် လာမယ်ဆိုတာ မစောခင်က ကြိုပြီး အကြောင်းကြားထားပြီးသားပါ။ ဆရာတော်ဘုရားက လည်း ပြောတယ်။ မစောခင်ရဲ့ မိဘတွေက ဆရာတော်ရဲ့ ပဋ္ဌာန်းအမတွေလေ။ ဒီဇရပ်ကလည်း မစောခင်မိဘတွေ လှူထားတာ။ သမီးလေးတို့က သူ့အဆောင်ကဆို'

အဘွားရှေ့ ကိုယ်လေးတွေကျုံ့ပြီး နှင်းတို့ သူငယ်ချင်းနှစ်ယောက် ထိုင်နေကြသည်။ ကြယ်ပန်းလေးတွေဝေနေသည့် အဘွား ဘုရားစင်က အားလုံး၏ အထက်မှာ ရှိနေသည်။ ဘုရားစင်က ဖယောင်းတိုင်မီးနှင့် အဘွားနှင့် သူမတို့ကြားမှာရှိသည့် ဖယောင်းတိုင်မီးတို့က ဇရပ်လေးတစ်ခုလုံးအတွက် လုံလောက်နေသည်။ အမိုးနှင့်ထိနေသည့် ဇရပ်လေး၏ ပြတင်းပေါက်ကနေ အပြင်ကို ကြည့်မိတော့ ကျောင်းဝန်းတစ်ခုလုံး မှောင်မည်းနေသည်။ ဇရပ်လေးတွေကနေ ဖိတ်လျှံကျနေသည့် ပြောက်တိပြောက်ကျား အလင်းရောင်လေးတွေက လွဲလို့ပေါ့။ ဒီအချိန် ကောင်းကင်ကြီးကို ကြည့်လျှင် ကြယ်တွေအများကြီး တွေ့ရမှာပဲဆိုသည့် အတွေးတို့ အတင်းဖြတ်ရသည်။

'ဟုတ်ပါတယ် အဘွား၊ ကြီးကြီးစောရဲ့ အဆောင်ကပါ။ သင်္ကြန်ပိတ်ရက် တရားစခန်းမဝင်ဖြစ်ပေမဲ့ တရားအသိလေးနဲ့လည်း နေလို့ရမယ့် နေရာလေးမှာ ခဏလောက် နေချင်တယ်ဆိုတော့ ကြီးစောက ဒီကို လွှတ်လိုက်တာပါ။ ဩော်... အဘွားအတွက် ကြီးစောက လိုက်တာပါ'

ကြီးစောမှာနိုင်းသည်



www.burmeseclassic.com

www.burmeseclassic.com

လှူဖွယ်တွေနှင့် ဝတ္ထုငွေ။ နောက် သူတို့နှစ်ယောက်၏ လှူဖွယ်ပစ္စည်းတို့ကို အဘွား သီလရှင်ကြီးကို ကပ်သည်။ ဘဏ်မှာလုပ်သည့် သူငယ်ချင်းမက တစ်ရာတန်၊ နှစ်ရာတန် အကြွေလေးတွေ လဲလာတာမို့ အဘွားက သဘောကျနေသည်။ ဇရပ်လေးက ဆယ်ပေပတ်လည်ရှိသည်။ နောက်ဘက်က လှေကားနှင့် ဆင်းလိုက်တော့ ထမင်းဟင်းချက်သည့် မီးဖိုခန်းလေးရှိသည်။ အပြင်ဘက်ထွက်သည့် အပေါက်လည်းရှိသည်။ ဒီနောက် ခြေလက်ဆေးပြီး အဆာပြေစားဖို့ ထည့်လာသည့် ထမင်းဘူးပြားလေးကို ဖွင့်၍ ညစာ စားကြသည်။ အဘွားက သူ့မှာရှိသည့် ဟင်းလေးတွေ ထည့်ပေးသည်။

'နောက်ရက်တွေ အဘွားမချက်နဲ့တော့။ ဆရာတော်ဘုရားကိုလည်း သမီးတို့ ဒီမှာနေတဲ့ရက်ကို နေ့တိုင်း ဆွမ်းချိုင့်ပို့ပေးမယ်။ အဘွားအတွက်လည်း သမီးတို့ ချက်ပေးမယ်။ နောက် တခြားအလုပ်တွေလည်း ကူလုပ်ပေးမယ်'

အဘွားက ပြုံးကြည့်နေပါသည်။ ဘယ်လောက်ပဲ ငြင်းငြင်း အဘွားချက်သည့် ငါးဖန်းမငါးပိကောင်ကို ခရမ်းချဉ်သီးနှိုင်းချင်း၊ နံနံပင်ရွက်သီးစိမ်းအုပ်ဟင်းကို မလွန်ဆန်နိုင်။ ထမင်းစားအပြီး အဘွားက ထန်းလျက်ခဲလေးတွေ ချပေးသည်။ အဘွားအတွက် နှင်းက အအေးဖျော်သည်။ မြက်ပင်လေးတွေ အလယ်က အဘွား၏ ရေအိုးလေးက ရေခဲရေထက် အေးမြပါသည်။ ရေခဲလို သောက်ပြီးပူမနေ။ ရင်ထဲထိအောင် အေးဆင်းသွားသည်။

အဲဒါ သီလရှင်ဇရပ်လေးကို စ,ပြီး ရောက်သည့် ညဖြစ်ပါသည်။ အဲဒီညက နှင်းတို့ နှစ်ယောက်လုံး စိတ်အေးလက်အေး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားခဲ့ပါသည်။ ❑

နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည့်အသိထဲ ပန်းရနံ့တစ်မျိုး ရနေသည်။ နားစိုက်ထောင်လိုက်တော့ အသံတိုးတိုးလေးတွေ ကြားနေရသည်။ မျက်လုံးမဖွင့်သေးဘဲ အာရုံစုစည်းပြီး ဒါက တံမြက်စည်းလှည်းသံ၊ ဒါက မေတ္တာပို့သံ၊ ဒါက ရေလောင်းထည့်သံစသဖြင့် ခွဲခြားနေမိသည်။ ဓာခြင်ထောင်ထဲက လှမ်းအကြည့် အပြင်မှာ အရုဏ်တက်ပြီ။ နိုးနေပုံရသည့် သူငယ်ချင်းမက ထ,ထိုင်လျက် ငါလည်း စံပယ်ပန်းနံ့ရတယ်ဟု ဆိုသည်။ လူတစ်ရပ်လောက်ရှိသည့် စံပယ်ကုံးကြီးကို လက်ကကိုင်ပြီး သီလရှင်ကြီးတစ်ပါး ဇရပ်ရှေ့ ဖြတ်သွားသည်။ အဘွားဘုရားစင်ထက်မှာလည်း ရစ်ခွေထားသည့် စံပယ်ပန်းကုံးကြီးကို တွေ့သည်။ အိပ်ရာသိမ်းပြီး ဇရပ်ရှေ့က ရေစည်မှာ မျက်နှာသစ်သည်။ မျက်နှာအရင်သစ်၍ ပြီးသွားသည့် နှင်းက အဘွားနှင့်အတူ သစ်ရွက်ခြောက်လေးတွေကို သံချွန်နှင့် ထိုးကောက်ပြီး ဇရပ်နောက်ဘက်တွင် စုကာ မီးရှို့သည်။ ဟယ်…ဟိုမှာကြည့်လိုက်စမ်းဟု နှင်း တအံ့တဩ အော်လိုက်ပြီးမှ ဣန္ဒြေဆယ်လိုက်ရသည်။ မျက်စိရှေ့မှာ စံပယ်ပန်းခင်းကြီး။ နှင်းတို့နှစ်ယောက်နေသည့် ဇရပ်လေး၏ နောက်ဘက် တပ်စည်းရိုးက တိုးထွက်လိုက်ရင် တစ်ဖက်ခြံဝန်းထဲရောက်သည်။ တပ်စည်းရိုးဆိုပေမဲ့ ဝါးချုံတို့နှင့် အဖြစ်သဘော လုပ်ထားခြင်းဖြစ်သည်။ ဒီရိပ်သာ၏ တည်ဆောက်ပုံက ခြံ၏ အလယ်ဗဟိုတွင် ဘုန်းကြီးကျောင်း၊ သိမ်ကျောင်း၊ ဆွမ်းစားကျောင်း၊ နောက် သရက်ပင်တွေနှင့် စေတီလေး။ အဲဒါတွေနှင့် မျက်နှာချင်းဆိုင်တွင် သီလရှင်ဇရပ်လေးတွေက ကျောင်းခြံစည်းရိုးအတိုင်း ပတ်ပတ်လည်ရှိသည်။ သူမအထင် ဇရပ်လေးတွေ နှစ်ဆယ်၊ အစိတ်လောက်တော့ ရှိသည်။ သူတို့တွေ၏ နောက်တွင် စည်းရိုးပဲရှိတော့သည်။

'သမီးလေးတို့က စံပယ်ပန်း ကြိုက်လား။ ဒီမှာ စံပယ်တွေပေါတယ်။ ဘုရားကပ်ချင်ရင် ခေါင်းရင်းဇရပ်က ဘွားပါကို မှာလိုက်ရတယ်။ အဘွားတို့လည်း သူ့ပဲ မှာရတယ်။ သူက ဘုရားကို စံပယ်ပန်း နေ့တိုင်းကပ်တယ်။ စံပယ်ခြံကို သွားဝယ်တာ'

မီးပုံကို ရေနှင့်ဖျန်းပြီး ငြိမ်းနေသည့် အဘွားက ခပ်အေးအေးဆိုသည်။

အဲဒါ ဇရပ်လေးရောက်ပြီး ပထမဦးဆုံးနေ့၊ ဒုတိယမြောက်ညပါပဲ။

နောက်တော့လည်း ဇရပ်လေးနှင့် တစ်သားတည်းဖြစ်သွားသည်။ နံနက်လေးနာရီ အဘွားအိပ်ရာက ထ,လျှင် နှင်းတို့လည်းထ,သည်။ ရှေ့စည်ထဲကို အုတ်ကန်ထဲကရေ ခပ်ထည့်သည်။ နောက် တဲနီးချင်းက အဘွားတွေ အိုးထဲပါ ရေဖြည့်သည်။ အရုဏ်ဆွမ်းအတွက် အဘွားကို ကူလုပ်ကြသည်။ အရုဏ်ဆွမ်းပွဲပြင်ပြီး အဘွားက ဆွမ်းစားကျောင်းသွားဖို့ အဆင်သင့်ဖြစ်ချိန် နှင်းတို့နှစ်ယောက်က မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး ဘုရားကို အရုဏ်ဆွမ်းကပ်သည်။ ဘုရားဆွမ်းကပ်ပြီးချိန် သမီးလေးတို့ ဓာတ်မီးလေးယူခဲ့။ မှောင်သေးတယ်ဟု အဘွားကဆိုပြီး ဆွမ်းစားကျောင်းဆီ အဘွားနှင့် လိုက်ခဲ့ကြသည်။ နံနက်ခင်း၏ အေးစိမ့်စိမ့်လေနုအေးက ရင်ကို တစ်မျိုးလေး ခံစားရစေသည်။ စိတ်ကို နူးညံ့စေသည်။ အဲဒီအချိန် ရင်ထဲ စိုးမိုးနေသည်က မေတ္တာတရား။ တီတီတာတာ အော်နေသည့် ကျေးငှက်သံလေးတွေက နားစည်ထဲ တိုးဝင်လာသည်။ ဆွမ်းစားကျောင်းက ပြန်လာပြီး သစ်ရွက်တွေကို သံချွန်နှင့် ထိုးကောက်၍ ခြံစည်းရိုးထောင့်မှာ အမှိုက်တွေကို မီးပုံရှို့ပြီးချိန် ဘွားပါက စံပယ်ပန်းကုံးကြီးနှင့် ရောက်လာသည်။ ဘုရားပန်းကပ်သည်။ အဘွားအတွက် အရုဏ်ပြင်ဆင်ပေးတော့ အဘွားက ဆုတွေပေးသည်။ နောက် သူငယ်ချင်းနှစ်ယောက် နံနက်စာ စားသည်။

သမီးလေးတို့ ဈေးသွားချင်ရင် ကျောင်းအပြင်ဘက်မှာ ဆိုင်လေးတွေရှိတယ်ဟု အဘွားကဆိုသည်။ နောက်



www.burmeseclassic.com

www.burmeseclassic.com

> အချစ်ဆိုတာ တစ်ယောက်မှာ ရှိတာတွေ တစ်ယောက်က လက်ခံနိုင်ခြင်းလို့ မြနှင်းဆီ ခံယူပါသည် အဲဒီလိုပါပဲ အချစ်ဆိုတာ မှန်မြတ် သန့်စင်ခြင်းလို့လည်း အနက်ဖွင့်ပါသည် အဲဒါတွေ မပါဝင်ရင်တော့ လူ့ဘဝခရီးကို လျှောက်ဖို့ သိပ်ကို ခက်ခဲလိမ့်မယ်လို့ မြနှင်းဆီ ထင်မိပါသည်

ရက်တွေကျမှ သွားမယ် အဘွားဟု ပြောမိသည်။

'နေ့ခင်းနဲ့ ညနေ တရားထိုင်ချိန်ရှိတယ်။ သမီးတို့ နားချင်လည်း ဇရပ်မှာပဲနား။ တရားထိုင်ချင်ရင်လည်း သွားထိုင်လို့ရတယ်။ တရားစခန်းတော့ မဟုတ်ဘူး။ ကိုယ်မှတ်နေကျနည်းနဲ့ မှတ်လို့ရတယ်။ ညနေစောင်းရင် စေတီလေးမှာ ဘုရားမီးပူဇော်လို့ရတယ်။ ရင်ပြင်ကို သန့်ရှင်းရေးကုသိုလ်ယူရင်လည်းရတယ်'

'တရားလည်း ထိုင်မယ် အဘွား။ ဘုရားမီးလည်း ပူဇော်မယ်။ ဘုရားပန်းလည်း ကပ်မယ်။ တံမြက်စည်းလည်း လှည်းမယ်။ သမီးတို့မှာ ဖယောင်းတိုင်တွေ အများကြီးပါတယ်။ အား…ပျော်စရာကောင်းလိုက်တာ အဘွားရယ်'ဟု သူငယ်ချင်းမက ဆိုပါသည်။

နှင်းတို့အနား ဆည်းလည်းသံ တချွင်ချွင်လေးသာ ပျံ့လွင့်နေသည်။ စေတီလေး ပတ်လည်မှာ အရိပ်ရအပင်တွေရှိတာမို့ စေတီတော်ရင်ပြင်တစ်ခုလုံး လေတဖြူးဖြူးနှင့် အေးမြနေသည်။ အလင်းရောင်ရှိသေးတာကြောင့် ဆီမီးမပူဇော်သေးဘဲ ဘုရားရင်ပြင်ကို တံမြက်စည်းလှည်းသည်။ ဘုရားပန်းလဲသည်။ သူငယ်ချင်းက ဘုရားပန်းအိုးတွေကို သန့်ရှင်းရေးလုပ်သည်။ နေရောင်ကတော်တော်နှင့် မကျသေးသော်လည်း ကျသွားသည်နှင့် မှောင်တာမြန်သည်။ ခုလည်း ချက်ချင်း အမှောင်ရိပ်သန်းလာသည်။ ဂြိုဟ်တိုင်တွေအလိုက် ဆီမီးပူဇော်ပြီးချိန် စေတီလေးမှအပ ကျောင်းဝန်းတစ်ခုလုံး မှောင်နေပြီ။ ဒါပေမဲ့ ခဏအကြာ အမှောင်ထဲက အလင်းကို နှင်းတို့ ခံစားရသည်။ အရာဝတ္ထုတွေကိုလည်း ခပ်ဝါးဝါးလေး မြင်နေရသည်။ နှစ်ယောက်သား ဘုရားကန်တော့ပြီး ရင်ပြင်ဘေးက အုတ်ခုံလေးမှာ ထိုင်၍ ဆီမီးအငြိမ်းကို စောင့်သည်။ အဘွားက ဇရပ်ကို ပြန်သွားနှင့်ပြီ။ မီးအလင်းရောင်နှင့် သပ္ပာယ်လှသည့် စေတီလေးကို ဖူးမြော်ငေးကြည့်ရင်း နှစ်ယောက်စလုံး တိတ်နေသည်။ ပျံ့လွင့်လာသည့် ဆည်းလည်းသံလေးကလွဲ၍ ဘာသံမှ မကြားရ။ ဒါတခြားကမ္ဘာတစ်ခုလားနှင်းတွေးထင်မိသည်။ ဒီလို အေးငြိမ်းမှုကို ခံစားစေချင်သူတစ်ယောက်လည်း ရှိနေခဲ့သည်။ ဒါပေမဲ့ ပူလောင်ပြင်းပြသည့် မျက်ဝန်းတွေကို နှင်းကျော်လွှားနိုင်မည်မထင်။ နားမလည်သလိုကြည့်ပြီး ထူးဆန်းသလို တဟားဟားရယ်နေမည့်ပုံစံ၊ ဒါတွေကို တိုးပေါက်ဖို့ မလွယ်။ တဖြည်းဖြည်း ဝေးကွာလာသလို ခံစားခဲ့ရသည်။ အဲဒီ ဝေးကွာခြင်းကနေ တဖြည်းဖြည်း ငြိမ်သက်ခြင်း၊ အေးချမ်းခြင်းကို နှင်း ရယူလိုပါသည်။

ကြယ်တွေ ပြည့်နေသည့် ကောင်းကင်ကြီးကို နှင်း ငေးကြည့်နေမိသည်။

'ဒီကပြန်ရင် နှင် ဘယ်လိုလုပ်မှာလဲ'

သူငယ်ချင်းကို ဘာမှ ပြန်မဖြေဖြစ်ဘဲ ငြိမ်နေမိသည်။ နောက်မှ သက်ပြင်းချပြီး မျက်နှာကိုမော့၊ လေကို ရှူသွင်းလိုက်ရင်း…

'ငါ ကိုယ့်အလုပ်ကိုယ်ပဲ အာရုံစိုက်လုပ်တော့မယ်။ ဘာမှ မတွေးတော့ဘူး။ နောက် ဒီကရခဲ့တဲ့ အေးချမ်းမှုလေးကို မြဲနေအောင် လုပ်ချင်တယ်။ ကျန်တာတွေကတော့ သူ့သဘောသူဆောင်နေတာပဲ။ ငါ ဘာမှ စွက်ဖက်လို့ မရဘူး။

'တစ်ခုခုကို သဘောပေါက်နေတာတော့ ကြာပါပြီ။ ဒါပေမဲ့ သံယောဇဉ်က မပြတ်ဘူးဖြစ်နေတာ။ သူပြောင်းလဲသွားမလား၊ ပြောင်းလဲဖို့ လမ်းစလေးရှိပြီလား အဲလိုအတွေးနဲ့ မပြတ်ဘူးဖြစ်နေတာ။ နောက်တစ်ခုက ငါ့စိတ်ကို အေးချမ်းချင်တယ်။ ဘယ်လိုလမ်းညွှန်မှုက ငါ့စိတ်ကို အေးချမ်းစေမလဲ ဒါပါပဲ။ သူ့အပေါ်မှာ ဒေါသမဖြစ်ချင်ဘူး၊ မာနနဲ့ မပူလောင်ချင်ဘူး။ နောက်ဆုံး သူ့အပေါ် မေတ္တာစိတ်နဲ့ သူတိုးတက်အောင်မြင်နေတာကို ဝမ်းသာတဲ့ မုဒိတာစိတ် အဲဒီလောက်အထိ ငါ့စိတ်ပြောင်းလဲသွားချင်တယ်။ တကယ်တော့ ချစ်ရတာကော၊ မုန်းရတာကော တကယ် ပင်ပန်းတယ်။ ငါ မခံစားချင်တော့ဘူး။ အချစ်လည်း မခံချင်တော့ဘူး။ တစ်ယောက်ယောက်ကိုလည်း ချစ်မနေချင်တော့ဘူး။ စောင့်ရတဲ့ အလုပ်တွေလည်း မလုပ်ချင်တော့ဘူး။ ဘယ်လိုပြောလိုက်ရင် စိတ်အနှောင့်အယှက်ဖြစ်သွားမလဲ၊ အရိပ်အခြည်ကြည့်နေရတဲ့ ဘဝကိုလည်း စိတ်ပင်ပန်းနေပြီ။ ငါ ကိုယ့်ဘဝကိုယ် လွတ်လွတ်လပ်လပ် နေချင်ပြီ'

'နှင် လုပ်နိုင်တယ် မဟုတ်လား'

'ငါ ယုံကြည်ချက်ရှိပါတယ်'

❑

တကယ်တော့ ချစ်သူဖြစ်ပြီး မကြာခင် မြနှင်းဆီ သူ့အကြောင်း သိခဲ့ရသည်။ သူက သွက်လက်ဖျတ်လတ်သော လူလတ်ပိုင်းအရွယ်တစ်ဦးဖြစ်ပြီး သူ့အတိုင်းအတာအရ သူ့အဖွဲ့အစည်းမှာ အောင်မြင်နေသူ။ နိုင်ငံခြားကို သွားလာလှုပ်ရှားနေတာ။ ခုခေတ်မှာ မထူးဆန်း



www.burmeseclassic.com

www.burmeseclassic.com

တော့ပေမဲ့ သူဟာ မြနှင်းဆီနှင့် ဝေးကွာလွန်းတာ အဲဒီနေ့မှာမှ သိခဲ့ရသည်။ မွေးနေ့မွေးရက်ကို မြနှင်းဆီက သိပ်အလေးအနက်မထားတတ်ပေမဲ့ သူကတော့ အလေးအနက်ထားသည်။ ဒီတော့လည်း သူနှင့်ချစ်ပြီး မြနှင်းဆီ ဂရုစိုက်ခဲ့ရသည်။ တစ်နေရာရာမှာ တစ်ခုခုစားတာမျိုး၊ နောက်သူ အသုံးဝင်မည့်၊ နှစ်ခြိုက်သည့် ပစ္စည်းလေးတစ်ခုခုကို လက်ဆောင်ပေးတာမျိုး။ ဒါပေမဲ့ တစ်ခုသော မွေးနေ့ရက်ကတော့ မြနှင်းဆီ ထိတ်လန့်တုန်လှုပ်သွားရသည်။ သူနှင့်ချစ်ပြီး ၃ နှစ်မြောက် သူ့မွေးနေ့။ ဒီကိုမလာခင် လွန်ခဲ့သည့် ခြောက်လလောက်က ဖြစ်ပါသည်။

'မနက်ဖြန် ကိုယ့်မွေးနေ့ တစ်နေရာသွားရအောင်'

သူ့ဆီက မက်ဆေ့ချ်ရတော့ မြနှင်းဆီ ပြုံးလိုက်မိသည်။ မြနှင်းဆီလည်း သူ့ကို ပြောပြစရာရှိသည်။ ဒီနှစ်စာရေးစခန်းဝင်တော့ အတွေ့အကြုံလေးတစ်ခု သူ့ကို ပြောပြချင်သည်။ မြနှင်းဆီအတွက် ဒါသည် ပထမဆုံးအတွေ့အကြုံဖြစ်သည်။ စာရေးစခန်းဝင်မယ့်အကြောင်း သူ့ကိုပြောတော့ အံ့အားသင့်သွားသလို၊ ပြီးတော့ တပားပား ရယ်ရင်း သီလရှင်လည်း ဖြစ်သွားနိုင်းလို့ နောက်သည်။ ပြီးရောက်တော့ ဆယ်ကျော်သက်အရွယ်လေးတွေ အများကြီး တွေ့ရစဉ် သူ့ကို သတိရလို့ ပြုံးမိပါသည်။ အကြောင်းတွေ သူ့ကို မပြောပြရသေးပါဘူး။ နောက်နေ့လက်ဆောင်အဖြစ် အသံထွက်ပါသည့် ပန္နက်ခ်စာအုပ်လေးပေးရမည်။ သူဘုရားစာတစ်ခုမှ မရတာ သိထားသည်။ အဲဒီနေ့က ဗမာဝတ်စုံလေး ဝတ်ထားသည့် မြနှင်းဆီကို သူက လှတယ်ဟု ရွှန်းရွှန်းပပကြည့်၍ ဆိုသည်။ မြနှင်းဆီက အပြင်ထွက်လျှင် လုံချည် စကတ်အဝတ်များသည်။ နောက်ပိုင်း ဗမာချည်ထည်လေးတွေတော့ ဝတ်ဆင်လာသည်။

ကားမောင်းနေသည့် သူ့ဘက် လှည့်ကြည့်ပြီး ပြုံးပြမိတော့ သူက ဘာလဲလို့ ဆိုပါသည်။ မြနှင်းဆီ ခေါင်းကို ခါယမ်းပြီး နောက်မှပဲ ပြောလိုက်ရသည်။ ဟိုတယ်ဆိုင်းဘုတ်ချိတ်ထားသည့် ခြံဝင်းတစ်ခုအတွင်း ကားကို ချိုးဝင်လိုက်တော့ ဒီထဲမှာကျွေးမှာ ထင်တယ်လို့ တွေးပြီး ကားပေါ်က ဆင်းလိုက်သည်။ ခဏစောင့်ဆိုပြီး ကားကို မောင်းထွက်သွားတော့ ဘေးဘီကို တစ်ချက်ကြည့်လို့ ကျန်ရစ်သည်။ ကောင်တာမှာရပ်စကားအနည်းငယ်ပြောပြီး အနားရောက်လာသည့် သူ့ကို သီးသန့်ခန်းမှာလား၊ ပိုက်ဆံတွေအများကြီး ပေးရမှာပေါ့လို့ မြနှင်းဆီ အားနာသလို ပြောမိသည်။ သူက မြနှင်းဆီပခုံးကို ဖက်ပြီး နဖူးကိုငုံ့နမ်းလိုက်သည်။ မြနှင်းဆီက တစ်ကိုယ်လုံး လွင့်ခနဲ ဖြစ်သွားသလိုရှိသည်။ ရှက်ရွံ့စိတ်ဖြင့် မျက်စောင်းထိုးလိုက်ဆဲ သူက တံခါးကို တွန်းဖွင့်လိုက်သည်။ အခန်းထဲက အပြင်အဆင်ကိုအမြင် မြနှင်းဆီ တုံ့ခနဲ ဖြစ်သွားသည်။ မြနှင်းဆီ မျှော်လင့်ထားတာက စားသောက်ဖို့ စားပွဲဝိုင်းလေး။ အခုက ရပ်နေသည့် မြနှင်းဆီနောက်ကျောကနေ သိုင်းဖက်လို့ ဆွဲယူလိုက်စဉ် မြနှင်းဆီ နောက်ဆုတ်ရုန်းတော့ သူက နားမလည်သလို ကြည့်သည်။ ဒါ… ဒါဘာလဲ။ မြနှင်းဆီ ခုထိ သဘောမပေါက်နိုင်သေး။ ဒါပေမဲ့ မသိစိတ်ကြောင့်လား မသိ၊ တံခါးပိတ်တော့မည့် သူ့လက်ကို ဆောင့်ဆွဲလိုက်ရင်း မြနှင်းဆီ ပြေးထွက်ခဲ့သည်။

အံ့အားသင့်ပြီး ကျန်ခဲ့သည့် သူ့ကို ဘယ်လိုဖြစ်မလဲ မစဉ်းစားနိုင်တော့သလို စူးစမ်းသလို ကြည့်နေသည့် မျက်ဝန်းတွေကိုလည်း ဘယ်လို ကျော်ဖြတ်ခဲ့သလဲ မစဉ်းစားချင်တော့ပါ။ တက္ကစီပေါ်ရောက်တော့ ဖုန်းဝင်လာသည်။ နှုတ်ခမ်းကိုကိုက်၍ ဖုန်းကို ပိတ်ပစ်လိုက်သည်။ ခေါင်းကို နောက်ကိုမှီပြီး မျက်လုံးမှိတ်လိုက်စဉ် ပါးပြင်ပေါ်ကို မျက်ရည်တွေ ကျလာသည်။ ခုအခြေအနေက ဘာလဲ၊ ကိုယ့်အခြေအနေက ဘာဖြစ်သွားတာလဲ။ သူ့အတွက် ဒါဟာ သမားရိုးကျကိစ္စလား။ ငါက ပုံမှန်မဟုတ်တာလား။ မြနှင်းဆီက နားမလည်နိုင်တော့ပါ။

အဆောင်ပြန်ရောက်တော့ မြနှင်းဆီ အခန်းထဲက မထွက်တော့။ နောက်တစ်နေ့ နေမကောင်း၍ ခွင့်တင်ရသည်။ သူ့အကြောင်း မစဉ်းစားချင်သလို သူက မြနှင်းဆီ ချစ်ရတဲ့သူလားဆိုတာ ယုံကြည်ရန် ခက်ခဲနေသည်။ တီခနဲ မက်ဆေ့ချ်သံလေး ကြားတော့ မြနှင်းဆီ အလန့်တကြား ဖြစ်မိသည်။

*'နှင်း*

*ဟိုနေ့က အဖြစ်အပျက်ကို တောင်းပန်ပါတယ်။ ကိုယ်က အဲဒီက အပြန်မှာ လက်ထပ်ဖို့ ပြောဖို့ပါ။ နှင်းကို ခေတ်မီတဲ့သူလို့ ကိုယ်ယူဆခဲ့တာ။ ဘာပဲဖြစ်ဖြစ် ကိုယ်တို့ မတွေ့ဘဲနေလို့မှ မရတာ။ နှင်းတို့ အဆောင်နားက ဆိုင်ကို ရောက်နေတယ်။ နှင်း ခွင့်ယူထားတာ သိတယ်။ အခု ထွက်ခဲ့မလား'*

'နှင်းကို ခေတ်မီတဲ့သူလို့ ယူဆထားတာ'တဲ့။ နိုင်ငံတကာက ကွန့်ဖရန့်တွေ၊ ဆွေးနွေးပွဲတွေကို မြနှင်းဆီ တက်ဖူးပါသည်။ တစ်လ သင်တန်းတစ်ခုတွင် ဖိလစ်ပိုင်သူတစ်ယောက်နှင့်အတူ နေစဉ် တစ်ညမှာ ယောကျ်ားလေး အဖော်တစ်ယောက်ကို အခန်းထဲ ခေါ်လာသည်။ မြနှင်းဆီ လက်မခံကြောင်းနှင့် အတူနေသည့် အခန်းမို့ မြနှင်းဆီ ခွင့်မပြုဆိုတော့ အံ့အားတသင့် ကြည့်သည်။ မြနှင်းဆီ တခြားအခန်းက သူငယ်ချင်းဆီ သွားအိပ်သည်။ နောက်တစ်နေ့ ခေါင်းဆောင်လုပ်သူကို အကျိုးအကြောင်း ပြောပြတော့ ဖိလစ်ပိုင်သူက အပြင်ထွက်အိပ်သည်။ အမျိုးသားယောကျ်ားက သင်တန်းအတူတက်သည့်အထဲက ဖြစ်သည်။ အဲဒီကတည်းက မြနှင်းဆီ တွေးမိသည်။ အတူတကွ ပူးပေါင်းနေထိုင်နိုင်ဖို့ တစ်ယောက်၏ 'စံ'ကို တစ်ယောက်က လေးစားရမည်ဟု မြနှင်းဆီ ခံယူပါသည်။ အခု မြနှင်းဆီအဖြစ်ကကော



www.burmeseclassic.com

www.burmeseclassic.com

ဘာထူးသလဲဟု တွေးမိပါသည်။ တစ်နိုင်ငံတည်း အတူနေသည့် ချစ်သူအချင်းချင်း 'စံ'တွေ မတူကြ။ ဒါလေးကို ကျော်သွားလိုက်ရင်ကော မြနှင်းဆီခေါင်းကို ခါယမ်းမိသည်။ လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ နိုင်ငံတစ်ခုနှင့်တစ်ခု အတူတကွ အဆင်ပြေပြေ ပေါင်းသင်းဆက်ဆံနိုင်ခြင်းသည် အဲဒီလူမျိုး၊ အဲဒီနိုင်ငံ၏ အမြုတေကို ထိခိုက်ခြင်းမရှိအောင် ရှောင်ရှားနိုင်ခြင်းကြောင့် ဖြစ်ပါသည်။ ချစ်သူအချင်းချင်းလည်း ဒီလိုပါပဲဟု ယူဆမိသည်။

မြနှင်းဆီတို့ အမေက စာရေးဆရာမကြီး ဒေါ်ခင်နှင်းယု ပရိသတ်ဖြစ်သည်။ မြနှင်းဆီက ဒေါ်ခင်နှင်းယု စာအုပ်တွေကို ငယ်စဉ်ကတည်းက ဖတ်ခဲ့ရသည်။ မိန်းမတစ်ယောက်၏ ရပ်တည်မှုကို လေးစားသည်။ နောက် စာရေးဆရာမကြီး မလေးလုံ၊ သူ့စာတွေကိုလည်း ငယ်စဉ်ကတည်းက ဖတ်ခဲ့ရသည်။ မလေးလုံက ခရစ်ယာန် မြန်မာအမျိုးသမီး၊ ဆရာမကြီး၏ ရပ်ရည်ကို သဘောကျသလို သူ့၏ စာအရေးအသား ခံယူချက်ကိုလည်း လေးစားသည်။ နောက် ဆရာမကြီး ဒေါ်ခင်နှင်းယု ရေးခဲ့သည့် မြန်မာအမျိုးသမီး အစ္စလာမ်ဘာသာဝင်တစ်ဦး၏ အကြောင်း စသဖြင့် ငယ်စဉ်က မြနှင်းဆီ ဖတ်ခဲ့ရသည့် စာအုပ်တို့တွင် အမျိုးသမီးတို့သည် ကိုယ့်ဘဝကိုယ် တန်ဖိုးထား လေးစားကြသည်။ ဘယ်တော့မှ ပေါ့ပေါ့တန်တန် မနေ။ မေမေပြောခဲ့ဖူးသည့်

> 'ဒီမှာ...'
> မရည်ရွယ်ဘဲ
> လှုပ်ရှားသွားသည့်
> ကိုယ့်အပြုအမူကို
> နှင်းကိုယ်တိုင်
> အံ့အားသင့်မိသလို
> သူကလည်း ဆတ်ခနဲ
> နောက်ပြန်လှည့်၍
> နှင်းကို
> ငေးကြည့်နေသည်
> 'ဟိုလေ
> အပြန်ကားမောင်းရင်
> သတိထားလို့
> ပြောမလို့ပါ
> မှောင်နေပြီ'
> သူက
> နှစ်နှစ်ခြိုက်ခြိုက်
> ရယ်ပြီးလျက်
> သူငယ်ချင်းပါတယ်
> သူမောင်းတာ
> စိတ်မပူနဲ့ဟုဆိုသည်
> နှင်း
> ဆတ်ခနဲလှည့်၍
> ကျောခိုင်းလိုက်သည်

စကားတစ်ခွန်းကို မြနှင်းဆီ သတိရမိပါသည်။

*'ယောကျ်ားကို အိမ်ဦးနတ်လို့ သဘောထားပြီး လေးစားခဲ့တာဟာ ဘုရားဆိုတာ ယောကျ်ားကနေ ဆင်းသက်ခဲ့လို့ပဲ။ ဒါကြောင့် ယောကျ်ားတွေဟာ တည်ကြည်ရမယ်။ အိမ်ထောင်ကို ဦးဆောင်နိုင်ရမယ်။ အကျင့်သိက္ခာရှိရမယ်။ သမီးကြည့်ကြည့်လေ ဘယ်ခေတ်မှာမဆို အိမ်ထောင်ဦးစီး အဖေက အိမ်ထောင်ကို ဦးမဆောင်နိုင်ရင် သားသမီးတွေ ဖရိုဖရဲ ဖြစ်တာပဲ။ အိမ်ထောင်ဦးစီးအဖေက ကိုယ်ကျင့်တရား မကောင်းရင် သားသမီးတွေကို ဘယ်လိုမှ ဆုံးမနိုင်မှာ မဟုတ်ဘူး။ စနစ်ကောင်းတဲ့ နိုင်ငံတွေမှာတော့ ဒီပြဿနာကို တာဝန်ရှိတဲ့ အစိုးရက ကူညီဖြေရှင်းပေးလို့ မသိသာပေမဲ့ မေမေတို့လို နိုင်ငံငယ်လေးတွေမှာတော့ မပျက်စီးအောင် ကိုယ့်ဘာသာကိုယ်ပဲ ထိန်းရမယ်။ သက်ဆိုင်ရာ ဘာသာအယူဝါဒတွေနဲ့ ထိန်းရမယ်။ သမီးကို မေမေဖတ်ခိုင်းတဲ့ စာအုပ်ထဲမှာ ပါ,ပါတယ်။ မာသာထရီဆာလို လူတွေကိုကြည့်၊ တကယ်ကို သူတော်စင် အမျိုးသမီးကြီးတွေ။ သူတို့ရဲ့ သဘောထားခံယူချက်တွေ၊ အပြုအမူတွေဟာ ဘယ်လောက် အေးချမ်းဖြူစင်လိုက်လဲ။ လောကကြီးအပေါ်ထားတဲ့ သူတို့ရဲ့ ခံယူချက်ဟာ ဘယ်လောက် အဆိပ်အတောက် ကင်းလိုက်သလဲ'*

မြနှင်းဆီ ဆုံးသွားတဲ့ မေမေ့ကို ပြင်းပြင်းပြပြ သတိရမိပါသည်။

မြနှင်းဆီ သူ့ကို မကြည့်မိပါ။ သူက ခေါင်းကိုငုံ့လျက် တောင်းပန်ပါတယ် နှင်းဟု ခပ်တိုးတိုးဆိုသည်။ လောလောဆယ် ခံစားချက်မဲ့နေသူလို ဖြစ်နေသည့် မြနှင်းဆီ ဘာစကားမှ မပြောမိဘဲ ငြိမ်သက်နေမိသည်။ ကိုယ့်အဖြစ်ဟာ သိပ်ရယ်စရာကောင်းနေသလား။ ကိုယ်လုပ်နိုင်သည့် လူ့လောကအကျိုးကိုလည်း သယ်ပိုးရင်း၊ ကျင့်ဝတ်ကလေးတွေနှင့် နေရင်းလေ အဲလို မဖြစ်ဘူးလား။ မြနှင်းဆီ ဆယ်ကျော်သက်လောက်က ဆရာကြီး ဦးအောင်သင်း စာပေဟောပြောပွဲ အခွေနားမည်ကြီးခဲ့သည်။ အဲဒီထဲမှာ တိရစ္ဆာန်နဲ့ လူရဲ့ ကွာခြားချက်က အသိဉာဏ်နဲ့ ကျင့်ဝတ်ဟု သဘောပေါက်ခဲ့ရသည်။ တစ်ခုခု လုပ်တော့မယ်ဆိုရင် ဒါလုပ်သင့်ရဲ့လား စဉ်းစားခြင်း၊ တိရစ္ဆာန်လောကမှာမရှိ။ မလုပ်သင့်၊ မလုပ် ထိုက်တာဆို အသိဉာဏ်နှင့် ထိန်းချုပ်တာသည် လူနှင့် တိရစ္ဆာန်နှင့် ကွာခြားချက်ပင်။

အသွင်မတူ အိမ်သူ မဖြစ်ဆိုသည့် စကားကို သတိရမိပါသည်။

'ကျွန်မတို့ အချိန်ယူ မယ် ထင်ပါတယ်။ အချိန်ယူ နေတဲ့ ကာလအတွင်း ဘာ အနှောင်အဖွဲ့မှ မထားချင် ဘူး။ အဲဒီအတွင်း ပြတ်စဲသွား ပြီဆိုရင်လည်း အဲဒီအတိုင်းပဲ ပေါ့'

'နှင်း'

သူ့ဆီက အထိတ် တလန့် အသံထွက်လာသည်။

'ကိုယ့်အပြစ်ဟာ ဒီ လောက် ကြီးသလား နှင်း'

မြနှင်းဆီ ခေါင်းကို ဖြည်းညင်းစွာ ခါမိသည်။ မြနှင်းဆီ ရင်ထဲက ဒဏ်ရာ သိဖို့ သူနှင့်ကိုယ် အခြေခံ ချင်းကို မတူ၍ဟု မှတ်ထင် ပါသည်။

'အပြစ်လို့ မယူဆ ဘူး။ ခံယူချက်ချင်း မတူ ပါ။ သေချာတာက ကျွန်မရဲ့ အဖော်ဟာ အဲလိုမျိုးမဟုတ် ဘူး'

သူက ခေါင်းငုံ့၍ သ ပြင်းရှိုက်သည်။

'ဒီကိစ္စအတွက် စိတ် မှာ မထားပါနဲ့၊ ဘယ်သူ့မှာ အပြစ်မရှိပါဘူး။ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com

စက်ရုပ်ဖြစ်ရင် သိပ်ကောင်းမှာပဲလို့တော့ တွေးမိပါတယ်။ အဲဒါဆိုရင် ရှင်လိုချင်တဲ့ပုံစံအတိုင်း ဖြစ်မယ်ထင်တယ်။ ဒါမှမဟုတ် ရှင်လိုချင်တဲ့ပုံစံအတိုင်း ပေးနိုင်တဲ့ လူစက်ရုပ်မိန်းမတွေ အခုခေတ်မှာ ပေါပါတယ်'

'နှင်း၊ နှင်းပြောသလို ကိုယ်တို့ အချိန်ယူကြတာပေါ့။ တစ်ခုတော့ ယုံကြည်ပေးပါ။ နှင်းကို ကိုယ်တကယ် ချစ်ခဲ့တာပါ'

မြနှင်းဆီ ဖြည်းညင်းစွာ ထရပ်လိုက်သည်။ အချစ်ဆိုတာ တစ်ယောက်မှာရှိတာတွေ တစ်ယောက်က လက်ခံနိုင်ခြင်းလို့ မြနှင်းဆီ ခံယူပါသည်။ အဲဒီလိုပါပဲ အချစ်ဆိုတာ မွန်မြတ်သန့်စင်ခြင်းလို့လည်း အနက်ဖွင့်ပါသည်။ အဲဒါတွေ မပါဝင်ရင်တော့ လူ့ဘဝခရီးကိုလျှောက်ဖို့ သိပ်ကိုခက်ခဲလိမ့်မယ်လို့ မြနှင်းဆီ ထင်မိပါသည်။

အဆုံးမသတ်သေးဘူးဆိုပေမဲ့ မြနှင်းဆီ မျက်ရည်ကျချင်သည်။

အဲလို ပြောကြေးဆို မြနှင်းဆီလည်း တကယ် ချစ်ခဲ့တာပဲလေ။

❑

နေလယ်ခင်း တရားနှစ်ကြိမ်ထိုင်ပြီးချိန် သရက်ပင်တန်းတွေအောက်က ဖြတ်၍ နှင်းတို့ ဇရပ်လေးဆီ ပြန်လာကြသည်။ နှင်းတို့ ဇရပ်နှင့်ဘေးချင်းကပ်ဇရပ်က ဆရာလေးတစ်ပါးကို သူ့ဇရပ်ရှေ့မှာ ခွေးလေးတွေ အစာကျွေးနေတာ တွေ့သည်။ နှင်း ဒီမြင်ကွင်းကို အသာရပ်၍ ကြည့်နေမိသည်။ သူငယ်ချင်းမက လည်း ဆက်မသွားဘဲ ရပ်နေသည်။ နှင်းတို့ ကြည့်နေတာမြင်တော့ ဆရာလေးက ပြုံးပြလိုက်ရင်း ခွေးလေးတစ်ကောင်ခေါင်းကို ပွတ်ပြီး ဟိုနေ့က အရမ်းလန့်သွားလားဟု ဆိုသည်။ မနေ့က နှင်း ဇရပ်ပေါ်ကအဆင်း လှေကားလေးအောက်ကနေ လှမ်းဟောင်လိုက်စဉ် နှင်း အော်သံကြောင့် ဇရပ်နီးချင်းတွေအားလုံး အထိတ်တလန့်ဖြစ်ကြသည်။

'ရုတ်တရက်ဆိုတော့ လန့်သွားတာ ဆရာလေး။ သူ့ကြည့်ရတာလည်း ကိုက်ချင်လို့တော့ မဟုတ်ဘူးထင်တယ်'

'ဟုတ်တယ် ဒကာမလေး၊ သူက စ,လိုက်တာ။ အော်လိုက်တော့ သူလည်း လန့်သွားတယ်'

ဆရာလေးက သူ့ခွေးလေးခေါင်းကို ပွတ်သပ်နေရင်း 'ငနီ ဒီမမတွေကို မစ,ရဘူးနော်။ သွား··· နှုတ်ဆက်လိုက်ဦး'ဟု မိတ်ဖွဲ့ပေးနေသည်။ အစာစား၍ ပြီးသွားပြီဖြစ်သည့် ငနီက ငုတ်တုတ်ထိုင် နှင်းတို့နှစ်ယောက်ကို ကြည့်နေသည်။ စိမ်းသည့်အရိပ်အငွေ့တော့မရှိ။ ဆရာလေးကို နှုတ်ဆက်ပြီး နှင်းတို့ ဆက်လျှောက်လာစဉ် ငနီက စ,နေတာ၊ မကြောက်ကြနဲ့နော်ဆိုသည့် ဆရာလေးအသံကြောင့် နောက်လှည့်ကြည့်လိုက်မိတော့ ငနီက နှင်းတို့နှစ်ယောက်ဆီ ပြေးဝင်လာသည်။ ဆတ်ခနဲရပ်ပြီး ငနီကို မမိုတ်မသုန် ကြည့်နေမိသည်။ ငနီက နှင်းအနားရောက်တော့ အမြီးတနှံ့နှံ့ဖြင့် ခြေဖမိုးတွေကို လျှာနှင့် လျက်သည်။ နောက် ပတတ်ရပ်သည်။ သူငယ်ချင်းကိုလည်း အဲလိုလုပ်ပြန်သည်။ နှင်းတို့နှစ်ယောက် အသက်မရှူရဲ။ 'ငနီရယ် တော်လောက်ပါပြီ။ နင့်ပုံစံက ကြောက်စရာ၊ လန့်စရာ လာခဲ့'ဟု သူ့သခင်ဆရာလေးကခေါ်မှ ဆတ်ခနဲလှည့်လို့ ပြန်ပြေးသွားသည်။ နှင်းတို့နှစ်ယောက် ခုမှ အသက်ရှူရဲတော့သည်။ ဇရပ်ပေါ် မတက်ဖြစ်သေးဘဲ ရှေ့က ကွပ်ပျစ်လေးပေါ် ထိုင်လျက် ရေအိုးလေးထဲက ရေကိုသောက်ပြီး သောက်ရေအိုးကို ရေဖြည့်ဖို့လုပ်သည်။

'ဘယ်အရာမဆို နားလည်မှုရသွားရင်တော့ အဆင်ပြေသွားတာပဲ'

ကွပ်ပျစ်လေးပေါ် ထိုင်ပြီး နှင်းတွေးလိုက်မိသည်။

'ဆရာလေးက ငနီကို အတော်ချစ်တာတဲ့။ အိပ်တော့လည်း သူ့ဇရပ်ပေါ်မှာ အတူတူအိပ်တာ။ ထမင်းဆိုလည်း ငနီ့ညစာအတွက် ပိုချက်ရတယ်။ သံယောဇဉ်ဆိုတာ ကြောက်စရာတော့ ကောင်းသား'

သူငယ်ချင်းက ဆိုသည်။

'ဒါပေမဲ့ တိရစ္ဆာန်လေးတွေကို သံယောဇဉ်တွယ်တာ၊ လူတွေကို တွယ်တာတာထက်တော့ စိတ်ချမ်းသာမယ်၊ စိတ်လွတ်လပ်မယ်လို့ထင်တယ်'

နှင်း အဝေးကို ငေးကြည့်မိသည်။ သည်နေ့ဆို သင်္ကြန်အကြပ် ဒုတိယနေ့။ ဇရပ်လေးကိုရောက်တာ ငါးညမြောက်နေ့ ဖြစ်ပါသည်။ အမှန်အတိုင်း ဝန်ခံရလျှင် အေးချမ်းနေသည့် စိတ်လေးထဲကနေ မေ့ပျောက်လို့ မရတာလည်း ကိုယ့်ဘာသာအသိ။ အဲသည့်အထဲကနေ လက်ခံလို့မရနိုင်သလို ပြောင်းလဲသွားပြန်တာလည်း သည်စိတ်လေး။ သေချာတာက မမြင်နိုင်သည့် သံယောဇဉ်ကြိုး။

စေတီလေးက ဆည်းလည်းသံလေး နှင်းတို့နားထိ ပျံ့လွင့်လာသည်။

သရက်ပင်အုပ်အုပ်တွေကြားထဲ မသဲမကွဲမြင်နေရသည့် ဘုရားစိန်ဖူးတော်ကို အာရုံပြု ဖူးမြော်လိုက်ရင်း တွယ်ငြိနေသည့်စိတ်ကို ပြတ်တောက်ဖို့ရာ ဆုတောင်းရုံနှင့် မပြည့်နိုင်ဘူးဆိုတာလည်း တွေးမိလိုက်သည်။

❑

သမီးလေး ဖုန်းလာတယ်ပြောတယ်ဟု အဘွားသီလရှင်ကြီးကဆိုတော့ နှင်း အံ့ဩသွားသည်။ တကယ်တော့ နှင်းတို့ နှစ်ယောက်စလုံးသည် ရောက်သည့်ညကတည်းက ဖုန်းတွေ ပိတ်ထားခဲ့သည်။ နယ်က အိမ်ကိုတော့ အရေးအကြောင်းဆက်သွယ်ဖို့ ဘုန်းကြီးကျောင်းဖုန်းတော့ ပေးခဲ့သည်။ မစောရီဆီကလို့ ပြောတယ် သမီးလေးဆိုတော့ နှင်း ထိတ်ခနဲဖြစ်သွားသည်။ ဖုန်းက ဆရာတော်ဘုရား ကျောင်းပေါ်က လိုင်းဖုန်းဖြစ်သည်။ ဆရာတော်ကို ရှိခိုးပြီး နှင်း ဇဝေဇဝါဖြင့် ဖုန်းကို ကောက်ကိုင်လိုက်မိသည်။

'သမီးရေ၊ အနှောင့်အယှက်ဖြစ်မလားတော့ မသိဘူး။ သမီး သူငယ်ချင်းတစ်ယောက်က မနက်ဖြန် နိုင်ငံခြားထွက်မှာ။ အဲဒါ သမီးကို အရေးတကြီး တွေ့ချင်လို့

www.burmeseclassic.com

ဘုန်းကြီးကျောင်းလိပ်စာ တောင်းလို့ ပေးလိုက်တယ်။ အဆောင်ကို လိုက်လာဖူးတဲ့ သူငယ်လေးပဲ'

သူ နှင်းဆီကို ရောက်လာတော့ အတက်နေ့ညနေဘက် ဖြစ်ပါသည်။ မနက်ဖြန် နှစ်ဆန်း ၁ ရက်။ သရက်ပင်ရိပ်အောက်က စေတီလေးရင်ပြင်က ခုံတန်းလေးမှာ ဘာစကားမှမပြောဖြစ်ဘဲ အတန်ကြာ ငြိမ်သက်နေမိသည်။ လွင့်ပျံ့လာသည့် ဆည်းလည်းသံလေးသာ နှင်းတို့နှစ်ယောက်ကြား ရှိသည်။

'အင်မတန် အေးချမ်းတာပဲနော်'

ကျောင်းပရိဝုဏ်ဆီ ဝေ့ဝဲကြည့်ရင်း ဆိုသည်။ သူ့ကို တစ်ချက် လှမ်းကြည့်ရင်း ခေါင်းညိတ်ပြလိုက်မိသည်။

'ဒီနေရာမှာ ဒီလိုစကားတွေ ပြောရမှာ အားနာပါတယ် နှင်း။ ဒါပေမဲ့…'

သူ့အသံ တုံ့ခနဲ ရပ်သွားသည်။

'နှင်းပြောသလို ကိုယ်အချိန်ယူခဲ့ပါတယ်။ ဒီကြားထဲ နှင်းပြောတဲ့အတိုင်းလည်း မဆက်သွယ်ခဲ့ပါဘူး။ ကိုယ်မနက်ဖြန် မာစတာပရိုဂရမ်တစ်ခုနဲ့ ယူအက်စ်ကို သွားရမယ်။ သကြန်မတိုင်ခင်ကမှ ရက်အတိအကျ ထွက်လာတာ။ နှစ်နှစ်လောက်တော့ကြာမယ်။ ကိုယ့်ကို အဲလို မျက်ဝန်းတွေနဲ့ မကြည့်ပါနဲ့ နှင်း'

မြနှင်းဆီ ဘယ်လိုအကြည့်နဲ့ ကြည့်လိုက်မိတယ်ဆိုတာ ကိုယ်တိုင်လည်း မသိတော့ပါ။ မျက်ဝန်းထဲ မျက်ရည်တို့ ပြည့်တက်လာသည်။

'ဘယ်သူနဲ့မဆို အဲလိုနေတဲ့ကောင် မဟုတ်ဘူး'

သူ့အသံ ခပ်ထန်ထန်ကြောင့် နှင်း ရုတ်တရက်လန့်သွားသည်။ သူက အသံ ကို လျှော့ချလိုက်လျက် တောင်းပန်ပါတယ် နှင်းဟု ခပ်တိုးတိုး ဆိုသည်။ ဆတ်ခနဲကျလာသည့် မျက်ရည်စတို့ကြောင့် ခေါင်းငုံ့ချလိုက်မိသည်။ သည်အချိန်ရောက်မှတော့ မျက်ရည်လည်း မကျချင်တော့သလို အဲသည်မျက်ရည်တွေကိုလည်း သူ့ကို မမြင်စေချင်တော့ပါ။

'အခု ဒီကိုလိုက်လာတာလည်း နှင်းကို အတိအကျ တောင်းပန်ချင်လို့ပါ။ နှင်းကို မတောင်းပန်ဘဲ ကိုယ် သွားလို့မရဘူး'

'ဟုတ်ကဲ့၊ ကျွန်မလည်း ရှင့်ကို ခွင့်လွှတ်ပါတယ်လို့ မပြောရမချင်း နေလို့မရဘူး။ တကယ်တော့ ရှင်က တောင်းပန်ရလောက်တဲ့အပြစ် မဟုတ်သလို ကျွန်မက ခွင့်လွှတ်ရလောက်တဲ့အထိ ဇာချဲ့ရမယ့်အရာလည်း မဟုတ်ပါဘူး။ အရင်က ကျွန်မပြောခဲ့ဖူးသလို တန်ဖိုးထားတာချင်း မတူညီတာပါ။ ကျွန်မ ရှင့်အပေါ် ဘယ်လိုမှ သဘောမထားပါဘူး။ အဲဒါကို မေ့ပျောက်လိုက်ပြီး နေ့,နေကျအတိုင်းနေပါ။ ဒါမှ ကျွန်မလည်း စိတ်ချမ်းသာမယ်ထင်တယ်'

'နှင်း ကျေးဇူးတင်ပါတယ်။ အဲလိုပြောပေးတဲ့အတွက် နောက်…နှင်း'

သူက နှင်းကို စူးစမ်းကြည့်လျက် ကျွန်တော်တို့ ပြန်စ,လို့ ရမလားဟု ခပ်တိုးတိုး ဆိုသည်။ သူက တိုးတိုးဆိုပေမဲ့ နှင်းနားထဲ လှိုင်းထသွားသည်။

'ဟုတ်တယ် နှင်း၊ ကျွန်တော် နှင်းကို ပြန်ပြီး ချစ် ခွင့်တောင်းချင်ပါတယ်။ ကျွန်တော့်ကို အခု အဖြေမပေးပါနဲ့။ နှင်းလည်း စဉ်းစားပါ။ ကျွန်တော် ပြန်လာမှ အဖြေပေးပါ။ ဒီကြားထဲမှာ ကျွန်တော် ကိုယ့်ကိုယ်ကို သုံးသပ်ပြီးပါပြီ။ နှင်းကို ကျွန်တော် မစွန့်လွှတ်နိုင်ဘူး။ နှင်းကလွဲလို့ ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး။ နှင်းရဲ့အဖော် ဖြစ်ချင်ပါတယ်။

'နောက်တစ်ခုက နှင်းရဲ့ ရပ်တည်ချက်တွေ၊ သဘောထားတွေ ကျွန်တော် နားလည်ပါတယ်။ ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုတွေထဲမှာ လိုက်နာသင့်တဲ့ အရာတွေ အများကြီး ရှိနေတယ်ဆိုတာ ကျွန်တော် လက်ခံပါတယ်။ လိုက်နာရုံတွင် မဟုတ်ဘဲ ပြန့်ပွားအောင်လုပ်ရမယ့် အနေအထားတွေလည်း ရှိပါတယ်။ ဒီအတောအတွင်း ကျွန်တော် နက်နက်ရှိုင်းရှိုင်း စဉ်းစားခဲ့ပါတယ်။ ကျွန်တော် ပြန်လာရင် ဘုန်းကြီးကျောင်း ပညာရေးကို တိုးတက်အောင်လုပ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ နိုင်ငံရဲ့ အခြေခံပြည်သူတွေဟာ ဘုန်းတော်ကြီးကျောင်းတွေကိုပဲ အားကိုးနေရတာ မဟုတ်လား။ အဲလိုလုပ်နိုင်ဖို့ ကျွန်တော့်ဘဝမှာ နှင်း အကူအညီဟာ အင်မတန် အရေးပါ,ပါတယ်။ ကျွန်တော်တို့နှစ်ယောက် ကျွန်တော်တို့နိုင်ငံအတွက် တတ်နိုင်တဲ့ဝန်လေးကို စိတ်တူကိုယ်တူ ထမ်းဆောင်ရအောင်လား နှင်း'

နှင်း သူ့ကို ငေးကြည့်နေမိတယ်။ အတန်ကြာသည့်အထိ ငြိမ်သက်နေဆဲ။ ကျွန်တော် ပြန်တော့မယ် နှင်းဟု ဆိုကာ သူက အရင်ထ,ရပ်သည်။ ရီဝေဝေအကြည့်တို့ဖြင့် စူးစိုက်ကြည့်နေသော သူ့မျက်ဝန်းတို့မှ အကြည့်လွှဲလိုက်ဆဲ သူက ကျောင်းပေါက်ဝဆီ ဦးတည်လိုက်သည်။

'ဒီမှာ…'

မရည်ရွယ်ဘဲ လှုပ်ရှားသွားသည့် ကိုယ့်အပြုအမူကို နှင်းကိုယ်တိုင် အံ့အားသင့်မိသလို သူကလည်း ဆတ်ခနဲ နောက်ပြန်လှည့်၍ နှင်းကို ငေးကြည့်နေသည်။

'ဟိုလေ၊ အပြန် ကားမောင်းရင် သတိထားလို့ ပြောမလို့ပါ၊ မှောင်နေပြီ'

သူက နှစ်နှစ်ခြိုက်ခြိုက် ရယ်ပြုံးလျက် သူငယ်ချင်းပါတယ်။ သူမောင်းတာ၊ စိတ်မပူနဲ့ဟု ဆိုသည်။ နှင်း ဆတ်ခနဲ လှည့်၍ ကျောခိုင်းလိုက်သည်။ ဒါတောင် ရောက်ရောက်ချင်း မေးလ်ပို့လိုက်မယ်ဆိုသည့် အသံကို ကြားဖြစ်အောင် ကြားလိုက်သေးသည်။

နှင်းမျက်ဝန်းရှေ့တွင်တော့ ဖယောင်းတိုင်မီးတို့ဖြင့် သပ္ပာယ်နေသည့် စေတီလေးကို ဖူးတွေ့ရသည်။

ဆည်းလည်းသံလေးတွေကို ကြားနေရသည်။

သံသရာက ရုန်းထွက်ဖို့ဆိုတာ အဲလောက်လွယ်မှဖြင့် မိနှင်းရယ်ဟုသာ နှင်း ညည်းတွားချင်မိပါတော့သည်။ ■

**နန်းဧကရီရှင်**




www.burmeseclassic.com

www.burmeseclassic.com

# ...ား၀ါသရုပ်ဆောင်သင်တန်းရဲ့ ...ဆက်သစ်လေး 'ရွှေမှုန်ရတီ'

**8 Days Interview မှ**



**ရွှေမှုန်ရဲ့ အနုပညာပျိုးခင်းအကြောင်း ပြောပါဦး။**

အနုပညာပျိုးခင်းက ပြိုင်ရတာ မဟုတ်ပါဘူး။ ဆရာဥျှန်လွင့်သင်တန်းမှာ သင်တန်းတက်နေတုန်း လာပြီးရွေးချယ်သွားတာပါ။ ဒါရိုက်တာဝိုင်းက လာရွေးသွားတာပါ။ မော်ဒယ်လ်တွေအကုန်လုံးကို သင်တန်းမှာ လာကြည့်ပြီး ရွေးသွားတာပါ။

**ဘယ်လို talent တွေ ပြရသေးလဲ။**

ဘာမှ မလုပ်ပြရပါဘူး။ ဆရာဝိုင်းက စံကား၀ါသရုပ်ဆောင်သင်တန်းမှာ ရွှေမှုန်တက်တုန်းက ကိုယ့်ဆရာလည်းဖြစ်နေတယ်။ သရုပ်ဆောင်သင်တန်းလည်း တက်ထားတယ်ဆိုတော့ ရွေးလိုက်တာပါ။

**သင်တန်းကရော ဘယ်လိုတက်ဖြစ်တာလဲ။**

ပထမက ဆယ်တန်းလောက်မှ တက်မယ်လို့ ရည်ရွယ်ထားတာပါ။ ဒါပေမဲ့ ခုနစ်တန်းလောက်က စတက်ဖြစ်ခဲ့တာ။ သင်တန်းတက်တာက သုံးလ၊ ရုပ်ရှင်သရုပ်ဆောင်သင်တန်းထဲမှာက ငါးလ။ ရှိုးလျှောက်တာလည်း ရှိသေးတယ်။

**ဇာတ်ကားရိုက်မယ်ဆိုတော့ သရုပ်ဆောင်သင်တန်းတက်ခဲ့တာနဲ့ ကွက်တိပဲပေါ့ဟုတ်လား။**

ဟုတ်ကဲ့ ရိုက်ကွင်းက ရွှေမှုန့်အတွက် စိမ်းမနေဘူး။ အနုပညာအခြေခံရှိထားတော့ လုပ်ရတာအဆင်ပြေတယ်။ သင်စရာလည်း မလိုဘူး။ သင်တန်းမှာကတည်းက ခေါင်းစခြေအဆုံး ဆရာတွေက သင်ပေးတာဆိုတော့ သင်စရာမလိုတော့ဘူး။ အနုပညာပျိုးခင်းထဲဝင်ပြီး ရိုက်ကွင်းတွေ လိုက်ကြည့်ဖြစ်တယ်။ အဲဒီအတွက် ရိုက်ကွင်းတွေကို ရွှေမှုန်ကြုံဖူးတော့ မစိမ်းတော့ဘူး။ ကြောက်လန့်နေတာလည်း မရှိဘူး။


...နွေဦးအထူးပညာဒါန ...ရုပ်ဆောင်(အခြေခံ) သင်တန်းသို့ ...က်ရောက်လိုသူများ ...သွယ်တက်ရောက် ...

**ရွှေပုပ္ပါးဦးအုံးမိုင်(တာ၀န်ခံ)**

**စံကား၀ါသရုပ်ဆောင်သုတေသနသင်တန်း**

အမှတ် ၂၊ မိုးကောင်းလမ်း၊ စံကား၀ါအိမ်ရာ၊ စံကား၀ါခန်းမ၊ ရန်ကင်း
ဖုန်း – ၅၄၁၀၀၂ (ရွေးချယ်လက်ခံပါမည်)
လိုက်လှဲသော စေတနာဖြင့် နွေးထွေးစွာ ကြိုဆိုလျက်။
(မည်သည့်ငွေကြေး တစ်စုံတစ်ရာမျှ ကောက်ခံမည် မဟုတ်ပါ)


www.burmeseclassic.com

www.burmeseclassic.com

*(ယခင်လမှအဆက်…)*

***အပြင်းထန်ဆုံး ရသ အရေးတော်ပုံ***

ဒီအပိုင်းကို ဆွေးနွေးအဖြေရှာချင်လို့ ဒီစာတမ်းကို ပြုစုတာပါ။

အဲဒါကတော့ ပညာရေးရပ်ဝန်းထဲမှာ ရှိနေတဲ့ 'မြန်မာစာ သင်ကြားရေး'ပါ။ ရသစိုက်ပျိုးရေးအတွက် ပဓာနအကျဆုံး ဘူမိနက်သန်ပါ။ အရေးတော်ပုံကို ဒီနေရာက စတင်ဖောက်ခွဲရမှာပါ။




မိသားစုတွေဟာ ဆင်းရဲတွင်းထဲမှာ ဘယ်လိုပဲရုန်းနေရ ရုန်းနေရ မိသားစုရဲ့ ဆည်းလည်းလေးဖြစ်တဲ့ လူငယ်ကျောင်းသားတွေဆီက မြန်မာရသအပြည့်ပါတဲ့ ကဗျာရွတ်သံ၊ စာဖတ်သံတွေနဲ့ ခရီးစ,ရမှာပါ။

ဒီနေ့ ဆယ်တန်းမှာမေးနေတဲ့ မြန်မာစာ မေးခွန်းပုံစံက ဒီလိုပါ။

***ပုံ-(က) နှင့် ပုံ-(ခ) တွင် ကြည့်ပါ။***

ဆယ်တန်းမှာ ပြဋ္ဌာန်းထားတဲ့ စာအုပ်တွေက-

(၁) မြန်မာကဗျာလက်ရွေးစင်

(၂) မြန်မာစကားပြေ လက်ရွေးစင်

(၃) ရေသည်ပြဇာတ်

(၄) မြန်မာသဒ္ဒါ အတွဲ(၂) အခန်း(၆) တို့ ဖြစ်ပါတယ်။ မေးခွန်းဒီဇိုင်းကို ခြုံငုံသုံးသပ်ပြရရင်-

စာအုပ်တစ်အုပ်စီအတွက် ၁၅ မှတ်ဖိုးစီ ခွဲတမ်းချမေးပါတယ်။ စာအုပ် ၄ အုပ်အတွက် အမှတ် ၆၀ ပေါ့။ နောက် ကဗျာ၊ စကားပြေ၊ ပြဇာတ်ဆိုတဲ့ ၃ အုပ်ကို ခြုံငုံပြီး ဝေါဟာရ/ ဝါကျသုံး/ အလင်္ကာ ဆိုတာကို အမှတ် ၂၀ မေးတယ်။ ကျန်တာက စာစီစာကုံး အမှတ် ၂၀ ပါ။

မေးခွန်းဒီဇိုင်းမှာ အမှတ်ပြည့်ရနိုင်တဲ့ အပိုင်းက သိပ်များပါတယ်။ မေးခွန်း ၁ နဲ့ ၂ မှာ ၃၅ မှတ်ဖိုးရှိတယ်။ မေးခွန်း ၃(က)နဲ့ ၄(က)က ၁၀ မှတ်ဖိုး၊ အဲဒီမှာတင် အောင်မှတ်ကျော်နေပါပြီ။ ကျောင်းသားတစ်ယောက်က DATA တွေ မမေ့အောင် အလွတ်ကျက်ရုံမျှနဲ့ မြန်မာစာ အောင်မှတ်ကျော်နိုင်ပါတယ်။ နောက် အမှတ်ပြည့်နီးပါး ပေးထားတာက ပြဇာတ်စကားစပ် ရှိသေးတယ်။ သူကလည်း အဖြေအားလုံးမှန်ရင် ၆ မှတ်အထိ ရနိုင်တယ်။

မမ္မဓိဋ္ဌာန်ဆန်တဲ့ မေးခွန်းတွေမှာ ပေးမှတ်ပေါင်း ၅၂ မှတ် ရှိနေပြီး အဲဒီအထဲက ၅၀-၅၁ မှတ်အထိ ရနိုင်ပါတယ်။ မြန်မာစာဂုဏ်ထူးအတွက် သတ်မှတ်တဲ့ အမှတ်က ၇၅ မှတ်ပါ။ အဲဒီအထဲမှာ ဘာအတွေးအခေါ်၊ ဘာစဉ်းစားဉာဏ်မှ မသုံးရဘဲ အလွတ်ကျက်မှတ်တာ တစ်ခုတည်းနဲ့ အမှတ် ၅၀ ရနိုင်တယ်။ ၃ ပုံ ၂ ပုံ ပြီး သွားပြီ။ ကျန်တဲ့အပိုင်းက မေးခွန်းရှည်တွေပါ။

ကျောင်းသားတစ်ယောက်က 'အလယ်အလတ်' ဉာဏ်အဆင့်ရှိတယ်။ အလယ်အလတ်အားထုတ်မှုရှိရင် မြန်မာစာဂုဏ်ထူးမှတ်က မခက်တော့ပါဘူး။ Essay Type လို့ ခေါ်တဲ့ မေးခွန်းတွေအားလုံးရဲ့ ထက်ဝက်ပဲ ရအောင် လုပ်နိုင်ရုံမျှနဲ့ မြန်မာစာဂုဏ်ထူးမှတ် ရနေပါပြီ။

ဒီနည်းနဲ့ မြန်မာစာရဲ့ ရသ၊ မြန်မာစာရဲ့ အလှအပတို့ ဘာမှမသိ၊ ဘာမှခံစားတတ်စရာမလိုဘဲ ကျောင်းသားတစ်ယောက်ဟာ အလွတ်ကျက်နိုင်တာနဲ့ မြန်မာစာဂုဏ်ထူးရှင် ဖြစ်နိုင်ပါတယ်။

အဲဒီ မေးခွန်းပုံစံကို ပြန်သုံးသပ်ဖို့ လိုပါတယ်။

ကျောင်းသားဆီက ဘာလိုချင်တာလဲ။

ကျောင်းသားကို ဘယ်လိုဖြစ်စေချင်တာလဲ။

ကျောင်းသားကို ဘယ်လိုအဆင့်ရောက်စေချင်တာလဲ ဆိုတာ မေးခွန်းဒီဇိုင်းတွေက ထိန်းကျောင်းလေ့ကျင့်ပေးနိုင်တယ်ဆိုတာ ပညာရှင်တွေ သိကြမှာပါ။ သိလျက်နဲ့ ဘာလို့



www.burmeseclassic.com

www.burmeseclassic.com



**ရန်ကုန်တိုင်းတွင် စစ်ဆေးသည့် မေးခွန်းလွှာ**
**၂၀၁၁ ခုနှစ်**
**တက္ကသိုလ်ဝင်စာမေးပွဲ**
**မြန်မာနိုင်ငံစာစစ်အဖွဲ့**

မြန်မာစာ ခွင့်ပြုချိန်(၃)နာရီ

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ (က) အောက်ပါတို့အနက် တစ်ခု အကြောင်းကို ဖော်ပြပါ။ (၅မှတ်)
မူရင်းအရေးအသား၊ ဆလိမ်ပြောင်းလဲပုံ၊ စကားသံဖြစ်ပေါ်ပုံ၊ နာမ်၊ ခရာဝန်။

(ခ) အောက်ပါတို့မှလေးခုကိုရွေးချယ်၍အနက်အဓိပ္ပာယ်အရမည်သည့်နာမဝိသေသနဖြစ်ကြောင်းဖော်ပြပါ။ (၄မှတ်)
လိမ္မာသော၊ ဤ၊ သုံးခု၊ ဒုတိယအကြိမ်၊ မည်သည်၊ အားလုံး။

(ဂ) အောက်ပါ သုံးခုကို ကြိယာထောက်ပစ္စည်းအဖြစ်ဝါကျတွင် သုံးပြပါ။ (၆မှတ်)
နိုင်၊ ဝံ့၊ ခဲ့၊ မိ၊ သေး။

၂။ (က) အောက်ပါဝေါဟာရတို့အနက် ငါးခု၏ အဓိပ္ပာယ်ကို တိကျစွာ ဖော်ပြပါ။ (၅မှတ်)
ထဲသံရည်ကျော်၊ အလေ့ာတန်၊ သူရကန်စက်၊ ရွေးတော်ယူ၊ မုန်ကူ၊ မှည့်ဆောလွှယ်၊ သိုးဆောင်း၊ နစ်မာ။

(ခ) အောက်ပါဝေါဟာရတို့အနက်ငါးခုကိုဝါကျအသီးသီးတွင်သုံးပြပါ။ (၅မှတ်)
သဘင်၊ ရွှေပိန်းချ၊ စင်းလုံးချွတ်၊ လိပ်ပြာ၊ ချေင်၊ တစ်ရှူမနား၊ ဂါရဝ၊ သံသရာ။

(ဂ) အောက်ပါအလင်္ကာတို့အနက် ငါးခု ကို သက်ဆိုင်ရာသင်ခန်းစာများတွင် မည်သို့သုံးထားကြောင်းနှင့်အဘယ်ကြောင့်ထိုအလင်္ကာမြောက်ကြောင်းရှင်းပြပါ။ (၁၀မှတ်)
စောနတ်ရှင်(ဝက်ဝုတ္တိ)၊ရေမြေ့သခင်(ဝက်ဝုတ္တိ)၊ သရဖီရွှေနိုင်(ရူပက)၊မင်ငြိမ်း(ရူပက)၊ ဝုန်းခနဲ(မြည်သံစွဲ)၊ ဆင်ကန်းတိုးသို့(ဥပမာ)၊ ပုပ်သွားသကဲ့သို့(ဥပမာ) ရှန်မီးသတ္တရှငေါက်လျှင်ပြို(အတိသယဝုတ္တိ)။

၃။ (က) အောက်ပါတို့မှငါးခုကိုဖြေပါ။ (၅မှတ်)
(၁) ပုပ္ပားကစံကားဝါပန်းကိုခူး၍ပုဂံနန်းတော်သို့နေ့စဉ်ဆက်သရသူအမည်ကိုဖော်ပြပါ။
(၂) သီဟသူမင်းသည်မည်သည့်ခုနှစ်တွင်ပင်းယကိုတည်ခဲ့သနည်း။
(၃) ရှင်မဟာရဋ္ဌသာရ၏ငယ်မည်ကိုဖော်ပြပါ။
(၄) ပဒေသရာဇာ ဟူသောဘွဲ့ကိုမည်သည့်မင်းကချီးမြှင့်ခဲ့သနည်း။
(၅) ဆိုင်ချင်းကဗျာများကိုရေးခဲ့သောနန်းတွင်းစာဆိုတစ်ဦးကိုဖော်ပြပါ။
(၆) ဦးယာသည်နေမျိုးမင်းလှကျော်သူဘွဲ့ဖြင့်မည်သည့်တာဝန်ထမ်းဆောင်ခဲ့သနည်း။
(၇) တေးထပ်တွင် ပိုဒ်ရေမည်မျှပါသနည်း။
(၈) ဟန်ချင်းရေးဖွဲ့ပုံမှာမည်သည့်ကဗျာအဖွဲ့ပုံစံနှင့်ဆင်တူသနည်း။

(ခ) ဘုန်းနှင့်ကံနှင့်ရွှေသစင်ကဗျာမှသစင်ပန်း၏ဘုန်းကံကြီးမားပုံကိုစာဆိုကမည်သို့ဖွဲ့ဆိုတင်ပြထားသနည်း။ (၁၀မှတ်)

(သို့မဟုတ်)

အနုပညာသည်၏အားမာန်ကဗျာမှအနုပညာသည်တစ်ဦး၏အားမာန်ကိုဖော်ပြပါ။

[ တစ်ဖက်သို့



www.burmeseclassic.com

www.burmeseclassic.com



၄။ (က) အောက်ပါတို့မှ ငါးခု ကို ဖြေပါ။ (၅မှတ်)

(၁) မြန်မာနှစ် ၆၂၈ ခုတွင်ပုဂံထီးနန်းစိုးစံသောမင်း၏အမည်ကိုဖော်ပြပါ။

(၂) ဦးပေါင်းကျားနှင့်မြင်းကျားရှင်စကားပြေကိုမည်သည့်စာအုပ်မှထုတ်နုတ်သနည်း။

(၃) မိခင်သောကကိုဝေသန္တရာဇာတ်တော်ကြီး၏မည်သည့်အခန်းမှထုတ်နုတ်ထားသနည်း။

(၄) လယ်တီပဏ္ဍိတဦးမောင်ကြီးကိုရန်ကုန်တက္ကသိုလ်ကမည်သည့်ဘွဲ့ပေးအပ်ခဲ့သနည်း။

(၅) ပတ္တမြားကျောက်စီဓားကိုမည်သူရေးသနည်း။

(၆) အိမ်ရှေ့ကိုယ်တော်ကြီးဆောင်းပါးကိုမည်သည့်ခေတ်တွင်ရေးသနည်း။

(၇) မဟာဆွေ၏သမိုင်းနောက်ခံဝတ္ထုအမည်ကိုဖော်ပြပါ။

(၈) ရှေးကမြန်မာတို့၏စာအရေးအသားနှစ်မျိုးကိုဖော်ပြပါ။

(ခ) သိဃ်သူ့သမီးကျောက်စာအရအလှူရှင်၏အလှူပြုပုံနှင့်စိတ်ထားကိုဖော်ပြပါ။ (၁၀မှတ်)

(သို့မဟုတ်)

မှန်ကန်ခြင်းနှင့်ရဲရင့်ခြင်းစကားပြေ၏ရည်ရွယ်ချက်နှင့်ရည်ရွယ်ချက်ရောက်အောင်ပို့ဆောင်ပုံကိုတင်ပြပါ။

၅။ (က) စကားစပ်နှင့်တကွ ရှင်းပြပါ။ (၇မှတ်)

"ရွှေးလွန်းလျှင်မရ၊သေးလွန်းလျှင်မလှတဲ့၊ရှေးကပုံထား၊လူ့ထဲမှာနေ၊လူဖြစ်တွေကို၊အကျေသားနှင့်၊ဇာတ်သွားရှည်အောင်၊အရေးဆောင်လို့၊ကွေ့ချောင်ဝေ့ဝှစ်၊ဘောက်စရာလုပ်တုံး"

(ခ) ရေသည်မိန်းမ၏အိမ်ရှေ့မိဖုရားဖြစ်ပြီးစိတ်ထား (သို့မဟုတ်) ရေသည်ယောကျ်ားနှင့်ရေသည်မိန်းမတို့လက်ထပ်ရန်တိုင်ပင်ပြောဆိုကြပုံကိုရေးသားပါ။ (၈မှတ်)

၆။ အောက်ပါတို့အနက် တစ်ခုကို ပေးထားသော ပုံကြမ်းနှင့်အညီ စာစီကုံးပါ။ (အမှတ်၂၀)

(က) ရိုးရာပွဲတော်တို့နွဲပျော်

ရိုးရာပွဲတော်များရှိပုံ၊ပါဝင်ဆင်နွှဲကြပုံ၊ပါဝင်ဆင်နွှဲသူတို့၏လှုပ်ရှားမှုပုံရိပ်များ၊ပျော်ရွှင်ကြပုံ၊ပွဲတော်ကိုအရပ်ဆိုးအကျည်းမတန်အောင်ထိန်းသိမ်းသင့်ပုံ၊အနှစ်သာရရှိရှိကျင်းပဆင်နွှဲသင့်ပုံ။

(ခ) နှုတ်ချိုသျှိုတစ်ပါး

လူအချင်းချင်းပေါင်းသင်းဆက်ဆံရပုံ၊လုပ်ငန်းအောင်မြင်ရေး၊ဘဝအောင်မြင်ရေးအတွက်ပေါင်းသင်းဆက်ဆံရေးအရေးကြီးပုံ၊စိတ်ထားကောင်းမြတ်သူ၊ချိုချိုသာသာပြောတတ်သူကိုလူချစ်လူခင်များပုံ၊ကူညီစောင့်ရှောက်လိုပုံကောင်းကျိုး၊နှုတ်ကြမ်းခြင်း၏ဆိုးပြစ်။

(ဂ) လူငယ်နှင့်မူးယစ်ဆေးဝါး

လူငယ်ဟူသည်၊လူငယ်တို့၏အင်အားစွမ်းပကား၊လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊မူးယစ်ဆေး၏အပြစ်သာဓကများ၊လူသားမျိုးနွယ်မပျက်သုဉ်းအောင်ရှောင်ကြဉ်သင့်ပုံ၊ကာကွယ်ရန်ကြိုးပမ်းသင့်ပုံ။



www.burmeseclassic.com

www.burmeseclassic.com

ဒီပုံစံပဲ သွားနေရပါသလဲ။ အမြန်ဆုံး ပြင်ဆင်ဖို့ လိုအပ်နေပါပြီလို့ တင်ပြချင်ပါတယ်။

မြန်မာစာ မထူးချွန်ဘဲ မြန်မာစာဂုဏ်ထူးပေးထားတာဟာ ကိုယ့်စာပေရဲ့ တန်ဖိုးကို ကလေးတွေ အထင်သေးအောင် လုပ်ရာမရောက်ဘူးလား။ စာပေတန်ဖိုးကို နှိမ့်ချရာမရောက်ဘူးလားလို့ စဉ်းစားရပါတော့မယ်။

'ဂုဏ်ထူးရှင် အရေအတွက်များရေး'ဟာ ပညာရေးမြင့်တင်ပေးနေတာ မဟုတ်ဘဲ ပညာရေးစာရင်းပြပွဲကြီးမှာ စာရင်းတုတွေနဲ့ ကိန်းဂဏန်းတွေတိုးအောင် လုပ်ပွဲသက်သက် ဖန်တီးနေခြင်းပဲဆိုတာ အားလုံးသိပါတယ်။ အဲဒီခေတ် ကုန်ပါပြီခင်ဗျား။

ပညာရေးအကြောင်း အကျယ်ကြီး ဆွေးနွေးရမှာဖြစ်ပေမဲ့ ရသစိုက်ပျိုးရေးဘက် ရောက်အောင်သွားရမှာမို့ 'အချုပ်' သဘောပဲ တင်ပြသွားပါတယ်။

အခြေခံပညာမှာ အဆင့်အမြင့်ဆုံးလို့ ပြောရမယ့် ဆယ်တန်းစာမေးခွန်းဟာ ရသစာပေထွန်းကားရေးမှာ အများကြီး အထောက်အကူပြုဖို့ လိုပါတယ်။ ရသရာနှုန်းဟာ မေးခွန်းမှာ ဘယ်လောက်ပျောက်ကွယ်နေတယ်ဆိုတာ သတိထားဆင်ခြင်ကြည့်နိုင်ပါတယ်။

'စာစီစာကုံး'မှာ အမှတ် ၂၀ တောင် ပေးထားတာပဲဆိုတဲ့ အဖြေနဲ့ နှစ်သိမ့်မှုပေးနိုင်ပါတယ်။

အခြေခံပညာအထက်တန်းစာမေးပွဲမှာ စာစီစာကုံး မဖြေတဲ့ ကျောင်းသားအရေအတွက်ကို စိစစ်တမ်းကောက်ကြည့်ဖို့ မေတ္တာရပ်ခံပါတယ်။

အဖြေမှန် သိသွားစေချင်လို့ပါ။

မြန်မာပြည်မှာ စာစီစာကုံးတစ်ပုဒ်မှ မရေးဖူးဘဲ ဘွဲ့ရသွားတဲ့ လူငယ်တွေ အများကြီးရှိပါတယ်။

ကျောင်းတွေမှာ စာစီစာကုံး ဘယ်လိုသင်နေပါသလဲ။

စာစီစာကုံး ဘယ်နှပုဒ် ရေးခိုင်းပြီး စစ်ပေးထားပါသလဲ။

စာစီစာကုံး သင်ကြားရေးကို ကျွန်တော် အချိန်တော်တော်ပေးပြီး သုတေသနလုပ်ခဲ့ဖူးပါတယ်။ သိပ်တော်တဲ့ ကျောင်းသားတွေချည်း စုပြီး သင်ကြည့်ဖူးသလို ကျောင်းသားနဲ့ရောပြွမ်းနေတဲ့ ရပ်ကွက်ကျောင်းသားတွေကြားမှာလည်း သင်ကြားပို့ချခဲ့ဖူးပါတယ်။ အသေးစိတ်လေ့လာကြည့်လေလေ ရောဂါတွေဟာ ကိုယ့်ထင်တာထက် များနေတာ တွေ့ရလေလေပါပဲ။ ကျန်းမာတဲ့ စာစီစာကုံးအရေးအသားရဖို့အတွက် ကုစားရမယ့် ရောဂါဟာ ဟိုး… မူလတန်းကတည်းက စ,ရမှာ ဖြစ်ပါတယ်။

သဒ္ဒါဆိုတဲ့ Grammar…က ဝါကျဆိုတဲ့ Sentence အကြောင်း တာဝန်ယူတယ်။

နာမ်၊ နာမ်စား၊ နာမဝိသေသန၊ ကြိယာ၊ ကြိယာဝိသေသန၊ ဝိဘတ်၊ သမ္ဗန္ဓ၊ ပစ္စည်း၊ အာမေဋိတ် ဆိုတဲ့ စကားရဲ့ အစိတ်အပိုင်းတွေကို ဘယ်နေရာမှာ ထားရမယ်။ ဘယ်လိုထားရမယ် ကျကျနန သင်ပေးတယ်။

ပြောရရင်တော့ မှန်ကန်တိကျတဲ့၊ ရှင်းလင်းပြေပြစ်တဲ့ ဝါကျတွေ ရေးတတ်ဖို့ သဒ္ဒါက တာဝန်ယူတာပါ။

ကဲ… ကျွန်တော်တို့ သဒ္ဒါစာအုပ်တွေရဲ့ အကျိုးကျေးဇူးကို ဆန်းစစ်ကြည့်ရအောင်ပါ။ တရားဝင် သဒ္ဒါစာအုပ် ပြဋ္ဌာန်းထားတာက ၅ တန်းက စ,ပါတယ်။ မြန်မာသဒ္ဒါ အတွဲ(၁) အခန်း(၁)ပေါ့။

အဲဒီကနေ ၅၊ ၆၊ ၇၊ ၈၊ ၉၊ ၁၀ တန်းအထိ သဒ္ဒါစာအုပ် ၆ အုပ်ကို ၆ နှစ်ကြာ သင်ကြားရပါတယ်။ အဲသလောက် သင်ကြားထားတဲ့ ကလေးတစ်ယောက်ရဲ့ မြန်မာစာ အဆင့်အတန်းဟာ ဘယ်လိုရှိသင့်ပါသလဲ။

သဒ္ဒါ ၆ နှစ်သင်ထားတဲ့ ကျောင်းသားတစ်ယောက်ဟာ ဝါကျကို ရှင်းရှင်းလင်းလင်း မှန်မှန်ကန်ကန် ရေးနိုင်ပါပြီလား။ ပွင့်ပွင့်လင်းလင်းပြောရရင် အရေးအသားအဆင့်အတန်း တိုးတက်မှု မရှိရုံသာမက သူတို့ကို ဝါကျတစ်ကြောင်းပေးပြီး ဘယ်ဟာက ဝိဘတ်လဲ မေးကြည့်ပါ။ ဝိဘတ်ဆိုတာ ဘာလဲ မေးကြည့်ပါ။ မဖြေနိုင်တဲ့ ရာခိုင်နှုန်းက အများကြီးဖြစ်နေတာ တွေ့ရပါတယ်။

ဝိဘတ်ဆိုတာ ဘာလဲ မေးရင်တော့ အလွတ်ကျက်ထားတာ ပြန်ရွတ်ပြနိုင်တဲ့သူတွေ ရှိပါတယ်။ ဒါပေမဲ့ နားလည်လို့ ကျက်ထားတာ မဟုတ်ဘူး။ အမှတ်ရဖို့ ကျက်ထားတာ ဖြစ်နေတော့ ဝိဘတ်ဆိုတာ 'နောက်ဆက်'ဆိုတာလောက်ကို သဘောမပေါက်တာကို တွေ့ရပါမယ်။

၆ နှစ်သင်လို့မှ မြန်မာသဒ္ဒါကို ကောင်းကောင်းမတတ်သေးဘူးဆိုရင် ပြဋ္ဌာန်းထားတဲ့ စာအုပ်ကို ပြန်စစ်ဆေးရပါမယ်။ ပြုပြင်ရပါမယ်။ ဒါက ရှက်စရာမဟုတ်ပါဘူး။ ကြောက်စရာမဟုတ်ပါဘူး။ မှားရင်ပြင်ရတာ ဂုဏ်ရှိပါတယ်။ အဲဒါရှိသားတဲ့ ဂုဏ်ပါ။ အမှားကြီးကို မှန်သလိုလိုတွေးပြီး အတင်းဆုပ်ကိုင်ထားတာကမှ စာပေကို သိက္ခာချသလိုဖြစ်နေတာပါ။

မြန်မာသဒ္ဒါဟာ ခေတ်မီဖို့ လိုနေတာ အမှန်ပါ။

တကယ် တတ်မြောက်အောင်သင်ပေးဖို့ လိုနေတာအမှန်ပါ။

အဲဒီ သဒ္ဒါရဲ့ တာဝန်က ဝါကျ(Sentence)ကို ကျကျနန တည်ဆောက်တတ်တာနဲ့ ပြီးသွားပြီ။ ဝါကျတွေကို စုစည်းစီစဉ်တဲ့အလုပ်ကို Composition လို့ ခေါ်ကြပါတယ်။

ကျွန်တော့်အမြင်ကတော့ ၁၀ တန်းအဆင့် ဆိုရင် Composition ကို နားလည်အောင် သင်ပေးထားပြီး ဖြစ်စေချင်ပါတယ်။ အဲဒီအတွက် ဝါကျဆိုတဲ့ အကြောင်းကနေ စာပိုဒ်ဖြစ်အောင် ဖွဲ့တဲ့နည်းတွေကို ပညာရှင်တွေ စုစည်းပြီး ပြုစုလမ်းညွှန်ပေးစေချင်ပါတယ်။

မြန်မာ Composition အတွက် စနစ်ကျတဲ့ စာအုပ်တွေ လိုအပ်နေတယ်ဆိုတာ ရသစာပေရဲ့ တည်ဆောက်မှုအုတ်မြစ်ဖြစ်ကြောင်း တင်ပြလိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

စာပိုဒ်တစ်ပိုဒ်ဖြစ်ဖို့အတွက် ဝါကျတွေရဲ့စည်းလုံးမှု (Unity), ဝါကျတွေရဲ့ စီးဆင်းမှု(Flow), ဝါကျတွေရဲ့ ဆက်စပ်မှု(Conjunction), ဘယ်ဝါကျက ဦးဆောင်ပြီး ဘယ်ဝါကျက နောက်လိုက်မလဲဆိုတဲ့ ကိစ္စတွေကို ကလေးတွေ၊ လူငယ်တွေ လက်ထဲ များများရောက်အောင်၊ မှန်မှန်ကန်ကန်ရောက်အောင် စီစဉ်ပေးစေချင်ပါတယ်။

'သိပ္ပံမောင်ဝ၊ ပီမိုးနင်း၊ ဦးဖိုးကျား၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ ဇေယျ' စတဲ့ စတဲ့ ဂန္ထဝင်စာရေးဆရာကြီးတွေရဲ့ အမွေအနှစ်ကောင်းတွေထဲက အနှစ်တွေထုတ်ပြီး လူငယ်တွေကို လက်ဆင့်ကမ်းပေးစေချင်ပါတယ်။ (ဒီနေရာမှာ ဟန်တွေပန်တွေ ဆိုင်းဆင့် နိဒါန်းတွေဖယ်ပြီး လိုရင်းတိုရှင်း ထိထိမိမိဖြစ်တဲ့နည်းတွေ ဦးစားပေးဖို့တော့ သတိထားရမှာပေါ့။)

စာတစ်ပုဒ်ကောင်းတယ်ဆိုတာနဲ့ ရပ်မနေတော့ဘဲ ဘာကြောင့်ကောင်းတယ် ဆိုတဲ့ ပညာအမြင်တွေများအောင် အားထုတ်ပေးစေချင်ပါတယ်။

ဒါဟာ ရသစိုက်ပျိုးရေးအတွက် လိုအပ်ချက်တစ်ခုပါ။

ပညာရေးတစ်ခုရဲ့ ရည်ရွယ်ချက်ပြည့်မြောက်ဖို့-

(၁) ပြဋ္ဌာန်းချက်

(၂) ပြဋ္ဌာန်းချက်ကို စစ်ဆေးသောမေးခွန်း

(၃) ထိုမေးခွန်းကို အမှတ်ပေးပုံစနစ်

(၄) စစ်ဆေးပုံစနစ်- တွေဟာ တစ်ဆင့်မှ လစ်ဟာလို့ မရတာ သတိပြုရပါမယ်။

အထက်က တင်ပြတဲ့အပိုင်းဟာ အနီးစပ်ဆုံး အကောင်းဆုံး စနစ်ဖြစ်ပေမဲ့ စာမေးပွဲဆိုတဲ့ ပေတံတစ်ခုတည်းနဲ့ 'ပညာ' ကို မြင့်လို့မရဘူးဆိုတာ အားလုံးသဘောပေါက်ရမယ့်အချိန် ရောက်ပါပြီ။

'ဂုဏ်ထူးရှင် အရေအတွက်များရေး'ဟာ ပညာရေး မြှင့်တင်ပေးနေတာ မဟုတ်ဘဲ ပညာရေးစာရင်းပြပွဲကြီးမှာ စာရင်းတုတွေနဲ့ ကိန်းဂဏန်းတွေတိုးအောင် လုပ်ပွဲသက်သက် ဖန်တီးနေခြင်းပဲဆိုတာ အားလုံးသိပါတယ် အဲဒီခေတ် ကုန်ပါပြီ ခင်ဗျား

'ပညာရေး'ရဲ့ တကယ့်ဝိညာဉ်ဟာ 'သင်ကြားရေး'မှာပဲ ရှိပါတယ်။

သင်ကြားရေးဆရာဟာ ရသသူရဲကောင်းတွေ ဖြစ်နေရပါမယ်။

သူတို့ဟာ စေတနာကောင်းတွေ ရှိရမှာဖြစ်လို့ ကျွမ်းကျင်မှုတွေလည်း ရှိရမှာ ဖြစ်ပါတယ်။

သူတို့ဟာ နောက်လိုက်တွေ လေ့ကျင့်ပေးဖို့ မဟုတ်ဘဲ ခေါင်းဆောင်တွေ ပေါ်ထွက်ဖို့ မျှော်လင့်ထားရမယ်။

သူတို့ဟာ သူတို့ထက် တော်တဲ့သူတွေ၊ သူတို့သင်နေရတဲ့ ပညာထက် ပိုကောင်းတဲ့ပညာတွေ အမြဲအိပ်မက်မက်နေရပါမယ်။

အစစအရာရာ နောက်ကျနေတဲ့ ကျွန်တော်တို့နိုင်ငံမှာ ရှေ့ကိုရောက်ဖို့ တွန်းတဲ့အထဲမှာ 'ပညာသင်ကြားရေးဆရာ၊ ဆရာမ'တွေဟာ အားအကြီးဆုံး အရှိန်အဟုန်ကို ပေးနိုင်တယ်ဆိုတာ ငြင်းမရပါဘူး။

ဒါကြောင့် ဆရာ၊ ဆရာမတွေရဲ့ ခံစားခွင့် မြှင့်တင်ပေးရမှာဖြစ်သလို၊ သူတို့ရဲ့ Mind Set စိတ်နေသဘာဝတစ်ခုလုံးကို ပြောင်းလဲပြီး ပညာစက်ရုံကြီးကို ကောင်းကောင်းလည်ပတ်စေရမှာ ဖြစ်ပါတယ်။

ဟိုခေတ်တုန်းကလို…

စာသင်ကောင်းတဲ့ဆရာတစ်ယောက်တည်းရှိရင် အဲဒီဆရာရှိတဲ့နေရာ သွားပြီး အတင်းတိုးနေစရာမလိုတော့ပါဘူး။ အဲဒီဆရာရဲ့ သင်ကြားရေးကို ဗီဒီယိုရိုက် မှတ်တမ်းတင်ပြီး တစ်ပြည်လုံး ဖြန့်လိုက်လို့ ခက်မှမခက်တာ။ တစ်လောက ဆရာမတစ်ယောက် '*နေဝင်စ ချိုးမရယ်ကူ*' ဆိုတဲ့ ကဗျာ (ရုပ်သေးသီချင်း)လေးကို ဆိုပြသွားတာ ဘယ်လောက်ကောင်းသလဲ။ အဲဒါမျိုးကို စနစ်တကျ အသံသွင်းပြီး တစ်ပြည်လုံး ဖြန့်ပြရမှာပေါ့။ ဆွေးနွေးပြီး လိုတာဖြည့်ရမှာပေါ့။ မူကွဲတွေ ထုတ်ဖော်ရမှာပေါ့။

မှားတာမှန်တာတွေ ငြင်းခုံရမှာပေါ့။

စိတ်စေတနာကောင်းကောင်းနဲ့ အမှန်တွေကို အားပေးရမှာပေါ့။

ကဗျာပြဋ္ဌာန်းချက်နဲ့ ပတ်သက်ပြီး ဆွေးနွေးရမှာတွေ ရှိလာတယ်။

ပုဂံခေတ် ကဗျာပေါ်ဦးစ က စပြီး ရသစိုက်ပျိုးရေးကို နေရာပေးမယ်ဆိုရင်တော့ 'မြန်မာ စာပေသမိုင်း'ကို အကျဉ်း ချုပ် သင်ကြားပေးရမယ်။ (ဒါလည်း စိတ်ကြိုက်မြန်မာစာအတွက် စာအုပ်ပြုစုပြီးသားတောင် ရှိ တယ်။)

စာပေသမိုင်းကို အခြေခံပြီး မြန်မာဂန္ထဝင်စာဆိုတွေနဲ့ မိတ်ဆက်ပေးရမယ်။ ကဗျာပုံစံမျိုးစုံနဲ့ မိတ်ဆက်ပေးရမှာဖြစ် သလို မြန်မာတို့ရဲ့ ဂန္ထဝင်ရသကိုပေါ်လွင်အောင် သင်ကြားပေး ရမယ်။ ငါတို့မှာဒီလောက်ကြွယ်ဝခမ်းနားတဲ့ စာပေတွေ၊ ဒီ လောက်နူးညံ့လှပတဲ့ ကဗျာတွေ ရှိနေပါလားဆိုတာ ဂုဏ်ယူတဲ့ အထိ ကျောင်းသားတွေကို ရိုးရာအမွေအနှစ်နဲ့ထိတွေ့ပေးရမယ်။

မြန်မာကဗျာတွေမှာ ပါဝင်နေတဲ့ စာရိတ္တပညာ၊ ပြည် နီတိပညာတွေကို တွဲဖက်ပြီး ကျဲကူးရေပါသင်ပေးသွားလို့ရမယ်။

နန်းတော်ဝန်းကျင်မှာပဲ ထွန်းကားတဲ့ ပဒေသရာဇ်ယဉ် ထဲက ဘုန်းတော်ဘွဲ့ တော်ဝင်ပန်းတွေကို ကလေးတွေသိ



www.burmeseclassic.com

www.burmeseclassic.com

လိုသလို ပြည်သူတွေကြားက မောင်းထောင်းရင်း၊ ကောက်စိုက်ရင်း သီဆိုခဲ့ကြတဲ့ ပြည်သူ့တေးသံ ကဗျာတွေလည်း ခံစားတတ်ဖို့ လိုအပ်ပါတယ်။

ဂန္ထဝင်ချည်း တစ်ဖက်သတ်မသွားဘဲ ခေတ်ကို ကိုယ်စားပြုတဲ့၊ ခေတ်ကို နားလည်စေတဲ့ ကဗျာတွေလည်း ထည့်သွင်းပြဋ္ဌာန်းပေးရမှာပါ။ အခု ပြဋ္ဌာန်းချက်က ဂန္ထဝင်လည်း မလုံလောက်သလို ခေတ်ကဗျာဆိုတာလည်း တော်တော်ကို အားနည်းလွန်းပါတယ်။ နိုင်ငံရေးနဲ့ မဝေးဝေးအောင် ခွဲထားခဲ့တဲ့ ကျောင်းစာအုပ်တွေထဲကို အခြေခံ နိုင်ငံရေးပညာပါတဲ့ ခေတ်ပေါ်ကဗျာတွေ ဖြည့်လောင်းပေးသင့်ပါတယ်။

ဆရာ မင်းကိုနိုင်ရဲ့ ***'ဝေစု'*** ကဗျာမျိုးပေါ့။

*အဆန့်လှေ ဖြစ်သည်*
*ဝေစုတောင်းပါက*
*တက်တစ်ချောင်းစီ ရမည်* ဆိုတာ တိုသလောက် ထိမိပါတယ်။

ဆရာ ကိုလေး(အင်းဝဂုဏ်ရည်)ရဲ့ ***ရှင်ရေ*** လို ကဗျာမျိုးလည်း ဒီနေ့လူငယ်တွေ ထိတွေ့စေချင်တယ်။ ခံစားစေချင်တယ်။

***ရှင်..... ရေ***
*တောတွေသေပြီ တောင်တွေသေပြီ*
*မြစ်တွေသေပြီ အပျိုမတွေရော သေပြီ...*
*မြေကို*
*ချေးကျသူထက် ဘေးကလူက ပိုချစ်တယ်...*
*ဥယျာဉ်မြေမှာ စစ်ဖိနပ်ရာတွေ...*
*ဖိုက်စ္စကုပ်(ဂုတ်)အစ် စစ်မိတ်ဆွေတွေရဲ့မြေ...*
*ဒီတော့*
*ထန်းသမားက ပန်းရန်ဖြစ်...*
*လယ်သမားက လက်သမား...*
*တံငါကတော့ တံငါပါပဲ...*
*အမိမြေနဲ့ ဝေးတဲ့နေရာတွေမှာ ခိုင်းပါ*
*ကျွန်တော့်ကို ခိုင်းပါ*
*ကျွန်မကို ခိုင်းပါ*
*ဘာပဲလုပ်ရလုပ်ရ ခိုင်းသာခိုင်းပါ*
*ကချင် ကယား ကရင် ချင်း*
*မွန် မြန်မာ ရခိုင် ရှမ်း*
*အလွန်ခိုင်းကောင်းတယ်(ပြောင်းမယ်)*
*မြင်း အုန်းခွံ ကျွန် မြန်မာ...*
*လူထုသေပြီ တင်မိုးသေပြီ*
*ကြည်အောင်သေပြီ ဦးလေးတာရာသေပြီ*
*မြန်မာပြည်သေပြီ*
*လူငယ်တို့... မောင်တို့လက်ထဲမှာ*
*ရှင်ရေ ရှိပါတယ်*
*ဒီရေနဲ့ပက် မြန်မာပြည်အသစ်စက်စက်*
*ဘွားကနဲပေါ်ထွက် မောင်တို့လက်ထဲ*
*မယ်တို့လက်ထဲ ကဲ ထည့်ခဲ့ပြီ*

ဒီလိုကဗျာမျိုးတွေကို ပြဋ္ဌာန်းချက်မှာ အမြဲတမ်း ဖြည့်သွင်းပြီးသစ်လွင်လတ်ဆတ်နေစေချင်ပါတယ်။ ဒါမှ 'ရသ' ဟာ သစ်လွင်တောက်ပပြီး လူငယ်တွေ စိတ်ဝင်စားလာမှာပါ။

၁၀ တန်းဆိုတဲ့အဆင့်မှာ ကဗျာတိုလေးများများသင်ပေးရင် ပိုပြီး ရသခံစားတတ်ကူးလာနိုင်ပါတယ်။

ဆရာ မောင်ယဉ်မွန်ရဲ့ ***'အရင်းရှင်'*** ဆိုတဲ့ ကဗျာမျိုး-

*သူခိုး ဖမ်းပါ*
*လမ်းကြားမှာလား*
*ပန်ကာအောက်မှာ ထိုင်နေ၏။*

***'မကျေနိုင်သော စစ်လျော်ကြေး'***
*ယမ်းငွေ့အကြား၊ သွေးပျက်ငြားသော*
*သားသည် အမေ၊ နို့တိုက်နေသည်*
*အသေ ကလေးငယ်ကိုတည်း။ ။*

*မောင်ယဉ်မွန်*

***ချည်သည်ကြီး***
*ဆေးလိပ်လည်းတို*
*နေလည်းညိုပြီ*
*ငါ့ကို ပြန်ပို့ကြပါလေ။*

*တင်မိုး*

ကဗျာတို ကောင်းကောင်းလေးတွေကို အချိန်ယူစုဆောင်းပြီး ပြဋ္ဌာန်းလိုက်ရင်တော့ အတွေးတွေ အများကြီး ပြောင်းသွားမယ် ထင်ပါတယ်။

ဆရာ မင်းသုဝဏ်
ဆရာ တင်မိုး

ဆရာ ဒဂုန်တာရာ... စတဲ့ သိကိုသိရမယ့် ကဗျာစာဆိုတွေ မပါတဲ့ ပြဋ္ဌာန်းချက်တွေဟာ ပြည့်စုံလုံလောက်တယ် မဆိုနိုင်ဘူး။ 'အချိန်' မလုံလောက်ဘူး ဆိုတဲ့ အကြောင်းပြချက်ကတော့ အသံအလွန်ကျယ်ပါတယ်။

အဲဒါထက် 'ကလေးတွေ မှန်ကန်တဲ့ ရသကို ခံစားတတ်ဖို့ မလုံလောက်သေးဘူး' ဆိုတာက ပိုအရေးမကြီးဘူးလား။

ပြည်သူ့နီတိ၊ စာရိတ္တပညာတွေလည်း ကြွယ်ကြွယ်ဝဝပါတဲ့ ဂန္ထဝင်စာတွေ၊ ဇာတ်မာန်၊ မျိုးချစ်စိတ်ကို အညွန့်တက်လာစေမယ့် ရာဇဝင်သမိုင်းတွေ အဆင့်တစ်ခုထိ ပြဋ္ဌာန်းနိုင်ဖို့ အခြေခံပညာမှာ တစ်တန်းတိုးရမယ်ဆိုရင်လည်း ၁၁ တန်းမှာ မြန်မာစာမေးခွန်းလွှာကို နှစ်လွှာလောက် တိုးပစ်လိုက်ပေါ့။ ကိုယ့်နိုင်ငံမှာ ကိုယ့်စာပေ ထွန်းကားရေးလုပ်ရတာတန်ပါတယ်။

ကမ္ဘာက လေးစားလောက်တဲ့ မြန်မာလူမျိုးဆိုတာ ဒီလောက်တော့ တတ်ထားမှ ဖြစ်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ပြဋ္ဌာန်းချက် နယ်နိမိတ်၊

မေးခွန်းနယ်နိမိတ်တွေ ချဲ့ရတာ မခက်ပါဘူး။

ခက်တာက သင်ကြားရေးနယ်နိမိတ် ချဲ့ဖို့ပါ။

'ရသသင်ကြားရေး' အကြောင်း ဆွေးနွေးတော့မယ်ဆိုရင် မြန်မာစာသင်တဲ့ ဆရာတွေ စာဖတ်ဖို့ အရင် တိုက်တွန်းရမှာပေါ့။ ၁၀ တန်းစာတွေ သင်ဖို့ဆိုရင် ဆရာ ဇော်ဂျီရဲ့ **ရသစာပေအဖွင့်၊ ရသစာပေနိဒါန်း၊** ဆရာ မင်းသုဝဏ်ရဲ့ **မြန်မာစာ မြန်မာမှု၊ ပန်းနှင့် ပင်စည်၊** တိုက်စိုးနဲ့ မင်းယုဝေရဲ့ **မြန်မာစာမိတ်ဖွဲ့၊** ဒေါက်တာလှဖေရဲ့ **မြန်မာစာပေညွှန်ခံစာတမ်း၊** ဆရာ ဒဂုန်နတ်ရှင်ရဲ့ **စာပေဝတ်ဆံ** အဲဒါလေးလောက်တော့ ဖတ်ပြီးသားဖြစ်နေရမယ်။

မြန်မာစာ ဆရာ၊ ဆရာမတွေကို Workshop တွေလုပ်ပြီး အဲဒီစာအုပ်တွေ ဖတ်မယ်။ အမြင်တွေ ဆွေးနွေးမယ်။ Brainstorming တွေလုပ်မယ်ဆိုရင် သင်ကြားရေးက ပြောင်းကိုပြောင်းလာပါမယ်။ တကယ် သင်ကြားရေးစစ်မြေပြင်က ဆရာ၊ ဆရာမတွေရဲ့ အတွေ့အကြုံထဲက နည်းလမ်းကောင်းတွေလည်း သေချာပေါက် ထွက်ပေါ်လာပါလိမ့်မယ်။

ပြဋ္ဌာန်းချက် ဘယ်လောက်ကောင်းကောင်း၊ မေးခွန်းပုံစံဘယ်လောက်ပြောင်းပြောင်း **သင်ကြားရေးနဲ့ သတ်ရင် အားလုံးသေပါတယ်။** အခု ရသစိုက်ပျိုးရေးမှာ အရေးအကြီးဆုံးကွင်းတစ်ကွင်းဖြစ်တဲ့ ကဗျာသင်ကြားရေးကိစ္စကို ဆွေးနွေးချင်ပါတယ်။

တစ်ပြည်လုံးမှာရှိတဲ့ မြန်မာစာ ဆရာတွေရဲ့ ၉၀ ရာခိုင်နှုန်းလောက်ဟာ ကဗျာကို ဘယ်လိုသင်သလဲမေးရင် **'စကားပြေပြန်တတ်အောင်သင်တယ်'** ဆိုတဲ့ အဖြေကို အသံအကျယ်ဆုံးကြားရပါတယ်။

ကဲ… အဲဒီအလွဲကြီးကို အရင်ပြင်ရအောင်ပါ။

ကဗျာကို အသံထွက်ဖတ်တတ်အောင် အသံကောင်းတဲ့၊ အသံထွက်မှန်တဲ့ ပညာရှင်တွေကို အသံသွင်းပြီး တစ်ပြည်လုံးဖြန့်ပေးလိုက်စေချင်ပါတယ်။ ဒါက လိုအပ်ချက်တစ်ခု။

တစ်ပြည်လုံး ကဗျာကို စကားပြေပြန်တတ်အောင် သင်တယ်ဆိုတဲ့ လှိုင်းလုံးကြီးကြောင့် လူငယ်တွေဟာ ကဗျာကို မချစ်နိုင်တော့ပါဘူး။ 'စကားပြေပြန်လိုက်ရင် ဆုံးရှုံးသွားတဲ့အရာကို ကဗျာလို့ ခေါ်တယ်' လို့ ဖွင့်ဆိုပြတဲ့ ပညာရှင်တွေနဲ့ဆုံဖူးထားတော့ ကဗျာရဲ့ ကြွယ်ဝမှုကို အညွန့်တုံးပစ်တဲ့ စကားပြေပြန်နည်း သက်သက်ကြီးနဲ့တော့ ကဗျာသင်ကြားရေးကို လွဲချော်မသွားစေချင်ပါဘူး။

၁၀ တန်းကဗျာလက်ရွေးစင် ကဗျာစာအုပ်ရဲ့ အမှာစာမှာ *ကဗျာကို လေ့လာရာတွင် ကဗျာအဓိပ္ပာယ်၊ ရည်ရွယ်ချက်နှင့် အလင်္ကာတန်ဆာဆင်မှုကို သိရှိနားလည်စေရန်* လို့ ဖော်ပြထားပါတယ်။

ရသကိစ္စကို မြန်မာစာသင်ကြားခြင်းရဲ့ ရည်ရွယ်ချက်ထဲမှာ ထည့်မထားပါဘူး။ ဒါဟာ ရသရဲ့ လေးနက်ကျယ်ပြန့်တဲ့ အဓိပ္ပာယ်နဲ့ စိတ်ကျန်းမာရေးအတွက် အရေးကြီးတဲ့ လေ့ကျင့်ခန်းဆိုတာကို မသိတဲ့သဘော ဖြစ်နေပါတယ်။

ဒါပေမဲ့ အဲဒီအမှာစာရဲ့ အကျယ်မှာတော့ ကဗျာသင်ကြားရေးကို အတော်လေး အသေးစိတ်တင်ပြထားပြီး ကဗျာ့အရသာကိုခံစားတတ်အောင် သင်ပေးဖို့လိုကြောင်း ဖော်ပြထားပါတယ်။

ကဗျာကို စကားပြေပြန်တတ်အောင် သင်ရုံနဲ့မလုံလောက်ဘူးဆိုတာ ဘယ်လောက် ကျယ်ကျယ်ပြန့်ပြန့် ခိုင်ခိုင်မာမာပြောပြော၊ သင်ကြားရေးဆရာက စကားပြေပဲ ပြန်ပြနေရင်တော့ ရသစိုက်ပျိုးရေးဟာ ဘယ်လိုမှ မအောင်မြင်နိုင်ပါဘူး။ အဲဒါဟာ ရသကို အသေသတ်လိုက်ရတဲ့ နေရာပါ။

ဒါကြောင့် တစ်ပြည်လုံး မြန်မာစာသင်ကြားရေးက အများကြီး တော်လှန်ပစ်ဖို့ လိုအပ်တယ်ဆိုတာ အလေးအနက် တင်ပြချင်ပါတယ်။

ကျောင်းသားတစ်ယောက်ရဲ့ အရည်အချင်းကို စာကျက်တာနဲ့ တိုင်းတယ်။ ဆရာတစ်ယောက်ရဲ့ အရည်အချင်းကို သင်ခန်းစာပြီးတာနဲ့ တိုင်းတယ်။ အဲဒီပညာရေးမှာ 'ရသ' အတွက် နေရာမရှိပါ။

ဒါကြောင့် သင်ကြားရေး ဆရာ၊ ဆရာမတွေအားလုံး ပါဝင်လာနိုင်မယ့် 'သင်ခန်းစာ နှီးနှောဖလှယ်ပွဲ' တွေနဲ့ ရသကို လှုံ့ဆော်ပေးရပါမယ်။ မြန်မာစာဆရာ၊ ဆရာမတွေဟာ English ဘာသာသင်တဲ့ ဆရာ၊ ဆရာမတွေထက် ပိုတော်ရမယ်။ ပိုပြီး အရာရောက်ရမယ်။ ပိုပြီး အလေးစားခံရမယ်။ ပိုပြီးလည်း အလုပ်လုပ်ရပါမယ်။ တော်လှန်ရေးမှာ အိပ်နေလို့ မရပါဘူး။ နယ်ခြားစောင့်တပ်တွေလို သတိအပြည့်နဲ့ လူ… တော်လှန်ရေး တာဝန်ထမ်းဆောင်တာမျိုးပေါ့။

အဆိုးဆုံး သင်ကြားရေးကတော့ ပြဋ္ဌာန်းစာအုပ်ကို မကိုင်တော့တာပါ။ ကျောင်းသားကိုလည်း အကိုင်မခိုင်းတော့ပါ… Ready Made မှတ်စုတွေကို အတန်းထဲမှာ အော်ပေးပြီး လိုက်ရေးခိုင်းတာလောက် အောက်တန်းကျတာ မရှိပါဘူး။ အတန်းထဲမှာ လိုက်ရေးရမယ့် အချိန်ကို မှတ်စုပေးစေခြင်းနဲ့ အစားထိုးနိုင်အောင် ကြိုးစားရပါမယ်။ (မှတ်မိအောင် ရေးခိုင်းတာ… တော့ သီးခြားကိစ္စပါ။)

ဒီထက် ဆိုးတာရှိပါသေးတယ်။

Ready Made မှတ်စုဆိုရာမှာ အချို့သော ဆရာ၊ ဆရာ… တွေက ကိုယ်တိုင်ရေးဖြေထားတဲ့ ကိုယ်ပိုင်မှတ်စုတွေ ရှိ… တယ်။ အဲဒါကို လိုက်ရေးခိုင်းတာပါ။

တချို့ကျတော့ ရောင်းတမ်းမှတ်စုစာအုပ်ကို အပိုင်းလိုက် ဖြုတ်ပြီး ဘီလပ်မြေစက္ကူထူထူနဲ့ ပြန်အဖုံးချုပ်၊ ပြီး… ကိုယ်ပိုင်မှတ်စုလိုလိုနဲ့ အော်ပေးပြီး လိုက်ရေးခိုင်းတာ… မြန်မာနိုင်ငံမှာ သိပ်ရောင်းကောင်းပါတယ် ဆိုတဲ့ မြန်မာ… မှတ်စုအချို့ဟာ ခေါင်းစည်းတပ်ထားတဲ့ ဆရာကိုယ်တိုင်… ထားတာမဟုတ်ပါဘူး။ အကြောင်းကြောင်းကြောင့် ကိုယ်… တိုင် မရေးဘဲ စုပေါင်းစပ်ပေါင်းလုပ်ထားတဲ့ အဖြေ…



www.burmeseclassic.com

www.burmeseclassic.com

အများကြီးပါ။ ကိုယ်တိုင်ရေးဖြေထားတာ မဟုတ်တဲ့ မှတ်စုကို ညာတာပါတေးနဲ့ အချိန်ဖြုန်းလိုက်ရေးခိုင်းတဲ့ ပုံစံနဲ့တော့ ကမ္ဘာက လေးစားမယ့် မြန်မာဖြစ်ဖို့ အဝေးကြီးမှာပါ။

မြန်မာစာမေးခွန်းက စာပေတန်ဖိုးကို လျှော့ချ၊ မြန်မာစာသင်ကြားရေးက စာပေတန်ဖိုးကို အဝီစိပို့နဲ့ ရသပျိုးခင်းတွေဟာ ပိုးအပြုလိုက်ကျသလို အပင်ဖြစ်ဖို့ မလွယ်နိုင်တော့ပါဘူး။

ဒီနေရာမှာ ရသစာပေရဲ့ တန်ဖိုးကို ဖြတ်ပြောချင်ပါတယ်။

စာပေနဲ့ပတ်သက်ပြီး 'စိတ်ပညာစူးစမ်းလေ့လာမှု'မှာ ရည်မှန်းချက်ကြီး ၅ ရပ်[၁] ရှိပါသတဲ့။ အဲဒါတွေကတော့-

(၁) စာရေးဆရာရဲ့ ဇစ်ဆော်မှု
(၂) စာစီကုံးမှုဖြစ်စဉ်
(၃) အကြောင်းအရာရေးဟန်နှင့် စိတ်ပိုင်းဘာသာဗေဒ (Psycholinguistic) စိစစ်ချက်
(၄) စာပေရသခံစားမှုနှင့် ကိုယ်ရည်ကိုယ်သွေးဆက်နွှယ်ပုံ
(၅) စာပေကို ပညာရေးအတွက်(သို့မဟုတ်) ကုထုံးအတွက် သုံးစွဲခြင်း[၂]
ဆိုတာတွေ ဖြစ်ပါတယ်။

သိပ်ကျယ်ပြန့်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ တည့်တည့်ကြီး အသုံးကျနေတဲ့ (၄)နဲ့ (၅) အချက်အလက်ကိုတော့ သတိပြုမိတယ် ထင်ပါတယ်။

'ရသစာပေ(အနုစာပေ)ကောင်းတို့မည်သည် စိတ်နှိုးဆွအားများကို ဟန်ချက်ညီသည့် သာယာပျော်ရွှင်မှု အခြေအနေသို့သာ ပို့ဆောင်ပေးသင့်သည်'ဆိုသည့် အယူအဆကို သဘောတူတဲ့ ပါမောက္ခများနဲ့ မတူတဲ့ ပညာရှင်များ ဆွေးနွေးငြင်းခုံခဲ့ကြပါတယ်။

ကိုယ်တိုင် မက,တတ်ပေမဲ့ အကကို ကြည့်ချင်၊ ခံစားချင်တဲ့စိတ်ရှိသူများ၊ ကိုယ်တိုင်သီချင်းမဆိုတတ်ပေမဲ့ ဂီတပွဲသို့ သွားရောက်အားပေးသည့် ပရိသတ်များရဲ့ အနုပညာခံစားမှုစွမ်းရည် (Artistic Ability)တို့ကို ဖော်ထုတ်ပြသထားတာတည်း တွေ့နိုင်တယ်။

ဂန္ထဝင်စာကြီးပေကောင်းသာမက သာမန်ခေတ်ပေါ်စာပေအထိ လူ့အဖွဲ့အစည်းကို အကျိုးပြုပုံ၊ ပညာရေးလောကအတွက် အသုံးပြုသင့်ပုံတို့ကို သုတေသီတို့က တင်ပြထားကြတယ်။

ဆိုလိုတာကတော့ ကမ္ဘာကျော်ပညာရှင်ကြီးတွေက ရှာဖွေတွေ့ရှိထားတဲ့ ရသစာပေရဲ့ တန်ဖိုးကို ကျွန်တော်တို့က သေသေချာချာ အသုံးချတတ်ဖို့အရေးကြီးပါတယ်။ ဒါ တစ်ဦးကောင်း၊ တစ်ယောက်ကောင်းလုပ်ရမှာမဟုတ်ဘဲ အများပါဝင်တဲ့ ဆွေးနွေးပွဲတွေ၊ ငြင်းခုံပွဲတွေ၊ အဓိပ္ပာယ်များစွာ ကွဲလွဲမှုတွေ အများကြီးရှိလာပါမယ်။ အဲဒါတွေကို စုပေါင်းဖြေရှင်းရင် 'ဒီမိုကရေစီအလေ့အကျင့်'တွေတောင် အားကောင်းလာနိုင်ပါတယ်။

ပြဋ္ဌာန်းသူတွေက ဝတ္ထုတိုကောင်းလေးတွေ၊ ရသစာတမ်းကောင်းကောင်းလေးတွေ ဖတ်စေချင်လို့ ရွေးချယ်ပေးခဲ့ကြတယ်။ အကြောင်းကြောင်းကြောင့် စာသင်သားတွေဟာ မူရင်းစာတွေကို ဖတ်ကိုမဖတ်ကြတော့ဘဲ Ready Made မှတ်စုတွေကိုသာ ကျက်မှတ်ပြီး အမှတ်ပြိုင်ပွဲဝင်ကြတော့တာပဲ။ ဒီတော့ မဖတ်မဖြစ်အောင် စာဖတ်စွမ်းရည် ပြိုင်ပွဲတွေ လုပ်ပေးရမယ်။ အဖတ်စွမ်းရည်ကို ကျောင်းပြင်ပသင်ခန်းစာတွေနဲ့အတူ အမှတ်ပေးရမယ်။ အဲဒီအမှတ်က ကျောင်းသားရဲ့အဆင့်၊ အရည်အချင်း သတ်မှတ်ရာမှာ အကျုံးဝင်ရမယ်။

၁၀ တန်းမှာ **ရေသည်ပြဇာတ်** ပြဋ္ဌာန်းပါတယ်။

ရေးသူက စလေဦးပုညပါ။

စလေ ဦးပုညဆိုတာ အင်္ဂလန် စာရေးဆရာကြီး ဝီလျံ ရှိတ်စပီးယား(William Shakespeare)နဲ့တောင် အနှိုင်းခံရတဲ့ ပုဂ္ဂိုလ်ကြီးပါ။ ဆရာ ဇော်ဂျီလို စာပေပညာရှင်ကတောင် ဦးပုညရဲ့ အဆင့်အတန်းဟာ ရှိတ်စပီးယားနဲ့ ညီတယ်လို့ သတ်မှတ်ခဲ့ရပါတယ်။

အင်္ဂလန်နိုင်ငံက လူငယ်လေးတစ်ယောက်က သူတို့နိုင်ငံမှာ ရှိတ်စပီးယား ပေါ်ပေါက်ခဲ့တာကို အလွန်ဂုဏ်ယူဝင့်ကြွားနေပါတယ်။ ရှိတ်စပီးယားရဲ့ ကဗျာတွေ၊ စာတွေ၊ ပြဇာတ်တွေဟာ အင်္ဂလန်နိုင်ငံရဲ့ ဂုဏ်ယူဖွယ် ယဉ်ကျေးမှုအမွေအနှစ်တွေ ဖြစ်နေပါပြီ။ ခုခေတ် အင်္ဂလန်သူ အင်္ဂလန်သားတွေက ရှိတ်စပီးယား မွေးတဲ့မြို့မှာ သူမွေးတဲ့နေရာ၊ သူ့ပြဇာတ်တွေက,တဲ့ ဇာတ်ရုံကို ဂုဏ်ယူစွာ ထိန်းသိမ်းထားတယ်။ ကမ္ဘာလှည့်ခရီးသည်တွေကလည်း တလေးတစား လာရောက်ကြည့်ရှုကြတယ်။ ရှိတ်စပီးယားဆိုတာ သူတို့ တိုင်းပြည်ရဲ့ ဂုဏ်ကျက်သရေဆောင် ပုဂ္ဂိုလ်ပါ။ ရှိတ်စပီးယားကြောင့် နိုင်ငံက ဂုဏ်တက်ခဲ့ရပါတယ်။ ကဲ…ကျွန်ုပ်တို့ရဲ့ ဦးပုညကရော…။

တကယ်တော့ ဦးပုညရဲ့ အရည်အချင်းဟာ ရှိတ်စပီးယားနဲ့ ပခုံးချင်းယှဉ်နိုင်ပါတယ်။ အဲသလိုပြောလို့ ကိုယ့်ငါးချဉ်ကိုယ်ချဉ်တယ် မထင်လိုက်ပါနဲ့။ ဦးပုညဟာ ဘာကြောင့် ရှိတ်စပီးယားနဲ့ တူတယ်ဆိုတာ ကျကျနန သေသေချာချာ ပြည့်ပြည့်စုံစုံ ပြောမပြနိုင်ရင် ပထမဆုံး ကျဆုံးသွားမှာက 'မြန်မာစာပေ အဆင့်အတန်း'ပါ။ အဲဒီအဆင့်အတန်းနဲ့အတူ ဆုံးရှုံးသွားမယ့် အချက်တစ်ချက် ရှိပါတယ်။ အဲဒါကတော့ 'ကျောင်းသားလူငယ်တွေရဲ့ ယုံကြည်လေးစားမှု' ပျက်စီးသွားမယ့် အချက်ပါ။

*(ဆက်လက်ဖော်ပြပါမည်)*

■

**ငြိမ်းမင်း**

*၁။ ဒေါက်တာကျော်စိန်- စိတ်ပညာ အနုစာပေနှင့် ရသပညာ၊ စာမျက်နှာ(၁၄)။*
*၂။ ဒေါက်တာကျော်စိန်- စိတ်ပညာအနုစာပေနှင့် ရသပညာ၊ စာမျက်နှာ(၁၄)။*



www.burmeseclassic.com

www.burmeseclassic.com

# မယ်ဖြစ်ချင်မှန်း စုံထောက်ရောက်လာပြီး

myint maung kyaw 2017

သူပြန်လာတော့မည် ဆိုသောအခါ ကျွန်မတို့အားလုံး ရင်ခုန် စိတ်လှုပ်ရှားနေကြတာတော့ အမှန်ပင်။ ထိုနေ့က ရင်တထိတ်ထိတ်နှင့်ပင် ဆေးရုံ၏ ခွဲခန်းပြင်ပတွင် စုထိုင်ရင်း ကလေးအဖေဖြစ်သူထက် ကျွန်မတို့မိသားစုက ပို၍ သည်းသည်းလှုပ်ခဲ့၏။ အူဝဲဆိုသည့် ငိုသံကလေးကပင် ကျွန်မတို့မိသားစုကမ္ဘာကို ကိုင်လှုပ်လိုက်သလိုလို၊ ကျွန်မတို့ မိသားစုတစ်ယောက်ချင်းစီ၏ အမည်များကို ခေါ်နေသလိုလို ထင်ယောင်ထင်မှားဖြစ်မိသည်။

ဆရာဝန်မကြီးနှင့် သူနာပြုဆရာမများက နီနီရဲရဲ ကလေးကို အနှီးထုပ်ပြီး လာပြသည့်အချိန်တွင် ယောကျာ်းလေးမှန်း သေချာသွားခဲ့လေပြီ။ သူကလေး ယောကျာ်းလေးဖြစ်သည်မို့ ပျော်သည်။ သို့သော် သူသည် အသားဖြူနေသဖြင့် သံသယနှင့် ပျော်နေရသည့် အနေအထားမျိုးပင်။ ထိုနေ့မှစ၍ ကျွန်မတို့မိသားစုအားလုံးသည် ကြိုတင်ခန့်မှန်းထားသည့် အချက်လက်များနှင့် မည်မျှ ကိုက်ညီသနည်းဟု စုံထောက်သဖွယ် အသေးစိတ် စစ်ဆေးတော့သည်။

❑

အနှီးကလေးနှင့် ခပ်ကျပ်ကျပ်ထုပ်ထားသော လသားနီတာရဲကလေး ရှုံ့ရှုံ့ပေါက်မည့်အချိန်ကို အတော် မိုးချုပ်သည်အထိ ကျွန်မတို့မိသားစု စောင့်နေမိသည်။ ကလေးကလည်း ထင်တာထက်ပို အိပ်နေသောကြောင့် ကျွန်မတို့ အကြံအစည် တော်တော်နှင့် မအောင်မြင်ပေ။ ခဏကြာတော့ ဝါးခနဲအော်ငိုလိုက်သည့် သူ့အသံကြောင့် သူ့အဖေနှင့် အမေက တကျွတ်ကျွတ် ချော့မြူသည်။ ကျွန်မက…

'ကလေးသေးပေါက်တာထင်တယ် ကြည့်ပါဦး'

ဆိုကာ အတင်းရောကာရော အနှီးဖြေကြည့်ဖို့ အကြောင်းပြသည်။ သူ့အမေက နို့ဆာလို့ ငိုနေတာဟုဆိုကာ နို့တိုက်ပြန်သည်။ ကျွန်မအမေကစကားရောဖောရောနှင့် မပြန်ရအောင် စကားတွေလျှောက်ပြောပြီး ကျွန်မအစ်မက ကလေးကို မလွှတ်တမ်း စောင့်ကြည့်နေခဲ့၏။ သိပ်မကြာခင် ကျွန်မတို့ မျှော်လင့်နေသည့်ရှုံ့ရှုံ့က ပေါက်တော်မူလေသည်။

'အနှီးအမြန်လဲပေးလိုက်၊ တော်ကြာ ကလေးအေးနေမယ်'

ကျွန်မနှင့် ကျွန်မအစ်မက ပြိုင်တူပြောမိကြ၏။ သူ့အဖေက အင်မတန်မှ ချစ်တတ်သူမို့ ကလေးအနှီး လဲတာကအစ သူ့ဘာသာပင် အနှီးလဲပေးသည်။ ညင်ညင်သာသာလေး သားဖြစ်သူကို အနှီးဖြေပေးနေပုံက စလိုးမိုးရှင်းပြနေသည့် ရုပ်ရှင်ပြကွက်တစ်ခုလိုပင်။ ကျွန်မတို့မိသားစုကသာ ထိုပြကွက်ကို ခပ်မြန်မြန် အခွေရစ်သလို ရစ်ကြည့်ချင်နေမိ၏။ သိပ်မကြာခင် ကျွန်မတို့မြင်ချင်သော သူ့လက်မလေးကို ရိပ်ခနဲ မြင်လိုက်ရသည်။ လက်မကလေးက ပုံမှန်ပဲမို့ ကျွန်မတို့ မျှော်လင့်သလို မဟုတ်ပေ။ လက်မလေး နည်းနည်းနိမ့်နေတော့ ဘာဖြစ်မှာကျနေတာပဲဟု ကျွန်မအမေရင်ထဲ တွေးနေမှာအသေချာပင်။

ကျွန်မတို့သားအမိ စောစောကလိုမဟုတ်ဘဲ ပြောလက်စ စကားကိုပင် ဖြတ်ပြီး အိမ်ပြန်ခဲ့သည်။ အိမ်အပြန် လမ်းတွင် ကျွန်မတို့သားအမိ တွေ စကားမပြောနိုင်အောင် တိတ်ဆိတ်နေလေ၏။

'သိပ်ငယ်သေးလို့ ဝါ စောင့်ကြည့်ကြတာပေါ့'

အမေက တစ်ခွန်းတည်း သော စကားကို ဆိုသည်။

❑

အမေတို့ သူငယ်ချင်း တစ်ယောက် အိမ်ရောက်လာ သည့်နေ့က မျှော်လင့်ချက်တွေ အသစ်တစ်ဖန် ရှင်သန်ပြ သည်။

'သူတို့နှစ်ယော ဓာတာက တစ်ပုံစံတည်း

ဗေဒင် အနည်းအကျ တွက်တတ်သည့် အဒေါ် သူငယ်ချင်း ဦးမော်က အ တစ်စ ဆွဲထုတ်ပြန်လေ အမေ့မျက်နှာတွင် အ တစ်စ တွဲခိုပြီး ကျွန်မအေ သည်လည်း တခြားနည်း နှင့် စမ်းသပ်ဦးမှဟု အတွေးများ ဖုံးလွှမ်းနေ

'ဟိုနေ့က ငါသွ လက်ဖက်ရည်ဆေ ခေါ်တာ လိုင်သား

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အဖေအမေတောင် ပြန်ခေါ်လို့ မရတော့ဘူး'

ပြန်ခါနီး ကျွန်မတို့ သားအမိကို ထိုစကားများနှင့် ဆွဲဆောင်သွားသေးသည်။ အမေက ဒီတိုင်းနေလို့ မဖြစ်တော့ဘူး၊ အကွက်ကျကျ စမ်းသပ်မှဖြစ်တော့မယ်ဟု စကားစ,လာ၏။

'အကြီးမ သမီးမက်တဲ့ အိပ်မက်ကို အစအဆုံး သေချာ ပြန်ပြောပြစမ်း'

ကျွန်မအစ်မကလည်း အမေ့အမေးအတွက် လွန်ခဲ့သော လပေါင်းများစွာက အိပ်မက်ကို တစ်ခုချင်း ပုံဖော်ပြနေလေပြီ။

'ပြန်လာတော့မယ်တော့ နောက်ဆုံးပြောသွားတာပဲ အမေရဲ့'

ကျွန်မအစ်မ၏ အိပ်မက်ထဲက ထိုစကားသံများသည် မကြာခဏကြားရသည့် စကား ဖြစ်သော်လည်း အမေ့ရင်ထဲ အမြဲတမ်း ချိုမြိန်နေတာတော့ အသေအချာပင် ဖြစ်သည်။

❑

'ဒီကောင်ကဟယ် အမေကို သိပ်ကပ်တာပဲ။ ဂျစ်တာရစ်တာလည်းမပြောနဲ့၊ အရွယ်နဲ့ စိတ်နဲ့မလိုက်ပါဘူး'

သူ့အမေ၏ ညည်းညူသံက ကျွန်မတို့နားထဲတွင် အလွန်တရာ ကျေနပ်စရာကောင်းနေပြီး 'ဟုတ်လား'ဟု အလိုက်သင့် ပြန်ပြောနေသည့် ကျွန်မတို့အသံက ပျော်သံကြီး ပေါက်နေသည်။

'ဖြစ်ချင်တာမဖြစ်ရင်ရော ဘယ်လောက်ကြာကြာ ဂျစ်တတ်လဲ။ ဘယ်လိုပုံစံမျိုးတွေကို မကြိုက်လို့ ရစ်တာ

ကျွန်မအစ်မ၏
အိပ်မက်ထဲက
ထို
စကားသံများသည်
မကြာခဏ
ကြားရသည့်
စကား
ဖြစ်သော်လည်း
အမေ့ရင်ထဲ
အမြဲတမ်း
ချိုမြိန်
နေတာတော့
အသေအချာပင်
ဖြစ်သည်

လဲ။ ညဘက်တွေရော တော်တော်နဲ့ မအိပ်ဘူးမဟုတ်လား။ နောက်နေ့မှ အတိုးချအိပ်တာ မဟုတ်လား။ နောက်ပြီး မနက်စာကို ည၊ ညစာကို မနက် ပြန်မစားဘူးမဟုတ်လား'

ကျွန်မမေးသည့် မေးခွန်းများအတွက် သူ့အမေထံမှ ကျွန်မလိုချင်သည့် အဖြေတချို့ပါသဖြင့် ကျွန်မက ပြုံးပြုံးကြီးနားထောင်ပြီး သူ့အမေကတော့ စိတ်ပျက်လက်ပျက်နှင့် ဖြေနေခြင်းပင်။

❑

သူ့အမေဆီ ဖုန်းဆက်တာမျိုး၊ သူ့ကိုသွားကြည့်ပြီး အမူအရာ အကဲခတ်တာမျိုးလောက်နှင့် ကျွန်မတို့ မတင်းတိမ်နိုင်တော့ပေ။

'အမေ့ ငါးသလောက်ပေါင်း ကျွေးကြည့်ရင်ကောင်းမလား။ ဒန့်ဒလွန်သီးရော ကြိုက်တယ်နော်၊ ဟုတ်တယ်မဟုတ်လား။ ဟို…ငါးချဉ်လေးသုပ် ကျွေးကြည့်ရင်ရော'

ကျွန်မ၏ သံယောဇဉ်ဇောကိုကြည့်ပြီး အမေတစ်ယောက် ကျွန်မစကားတွေကို မရယ်ရက်ဘဲ…

'ဩော် သမီးရယ် ညည်းတူလေးက ငယ်ငယ်လေးပဲ ရှိသေးတယ်၊ နောက်မှ စမ်းသပ်ပါဟယ်'ဟု တားယူရသည်အထိပင်။

ကျွန်မတို့ သူ့အပေါ် ထားသည့် မျှော်လင့်ချက်တသိပ်ကြီးလွန်းသဖြင့် ကျွန်မတို့ထင်သလောက် လက်တွေ့မှာတော့ ထပ်တူမကျဘဲ ဖြစ်နေတတ်သည်။ မည်သို့ပင်ဖြစ်စေ သူ့ကို ဘဲဥမကျွေးမိစေရန် သူ့အမေဆီ ဖုန်းဆက်မှာဖို့ရန် ဘေးနားရှိ ဖုန်းကို ကောက်ကိုင်လိုက်သည်။ ထူးထူးဆန်းဆန်း ကျွန်မ၏ ဖုန်းစကရင်ပေါ်တွင် မစ်စကောတွေအများကြီး တွေ့ရ၏။ ထိုဖုန်းကို ပြန်ဆက်ကြည့်တော့ တစ်ဖက်က စကားသံတိုတိုလေးကို ကျွန်မဘက်က အကြီးအကျယ်ခံစားပြီး မျက်ရည်ဝဲမိသည်။

'ငါတို့ခေါ်တာ မဟုတ်ဘူး၊ နင့်တူခေါ်ထားတာဖြစ်မယ်'

ထိုစကားလေးများနှင့် ကျွန်မ အရည်ပျော်ခဲ့ရပြီး သူချည်နှောင်သော သံယောဇဉ်ကြိုးတွင် ကျွန်မတို့သားအမိ အထပ်ထပ် တုပ်နှောင်မိပြီး ဖြစ်သည်။

❑

သူ့အဖေအမေက ပန်းချီဆရာတွေမို့ သူကြီးလာလျှင် ပန်းချီပဲဆွဲလေမလား။ စာလေးဘာလေးရော ရေးပါဦးမလားဟု ကျွန်မတို့ အမြဲတမ်း တွေးပူမိခဲ့သည်။ တစ်ခါတစ်ရံ သူ ဘောပင်ကိုင်ပြီး ဆော့သည့်အခါ ကျွန်မတို့ ရင်ထဲ ကြည်နူးကျေနပ်နေပြီး စုတ်တံတွေ၊ ဆေးတွေ ကိုင်ဆော့လျှင်တော့ ကျွန်မကိုယ်တိုင် စုတ်တံအစား ဘောပင်ကို သူ့လက်ထဲ အတင်းထိုးထည့်ပေးသည်အထိ သူ့အပေါ် အတ္တကြီးခဲ့မိသည်။

'နင်တို့တူက နင်တို့ ခဲအိုကြီးဘက်နဲ့ တူတာဟဲ့'

ထိုစကားသံလေးကိုတောင် ကျွန်မတို့က ရန်စကားအလား ထင်မိပြီး မကြားချင်ယောင်ဆောင်ရင်း ဘယ်တော့မှ မထောက်ခံခဲ့ပေ။ သူ့လက်ကလေးတွေ၊ သူ့နားရွက်လေးတွေ၊ သူ့ခေါင်းပုံစံ၊ သူ့နေပုံထိုင်ပုံတွေက ကျွန်မတို့ အလွတ်မှတ်မိနေသည့် အ[illegible] များမို့ တခြား ဘယ်သူနှင့်[illegible] တူခွင့်မပြုနိုင်ပေ။

'ဟဲ့ နင့်တူက တူ[illegible] ပလာယာတွေ၊ လွှတွေ[illegible] ကြိုက်တာ။ သူ့အဖေဟာ[illegible] ယူယူကိုင်လို့ဟယ်'

ထိုစကားကို [illegible] တော့ ကျွန်မက ကောင်း[illegible] ပေါ့ဟု ဝမ်းသာအားရ [illegible] သည်။ သူ့အမေက ကျွန်[illegible] ကြောင်ကြည့်ပြီး သူ့[illegible] လေး ကလေးတန်မဲ့ ထို[illegible] တွေနှင့် ဆော့နေသည်[illegible] အန္တရာယ်များကြောင်း [illegible] ချည်းနှင့် ကောင်းတယ်[illegible] သဖြင့် အံ့သြနေ၏။ ကျွ[illegible] ကိုယ့်အတွေးနှင့်ကို[illegible] နေပြီး သိပ်မကြာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ကော်တူလေးတွေ၊ ကော်လွှ လေးတွေ၊ ကော်ပလာယာ လေးတွေ အစုံလိုက် ပို့ဖြစ်ခဲ့ သည်။ ထိုအချက်အလက် များကို ဆန်းစစ်ကြည့်ခြင်း အားဖြင့် သူသည် သူသာဖြစ် ပေလိမ့်မည်။

တစ်ရက်ကလည်း ကျွန်မဆီသို့ ဖုန်းတစ်ကော ဝင်လာသဖြင့် ကိုင်လိုက်သည့် အခါ ကျွန်မနာမည်ကို အလှပ ဆုံး၊ နားဝင်အချိုသာဆုံးခေါ် သည့် အသံတစ်သံကို ကြားရ ၏။ မပီကလာ ပီကလာနှင့် ဝူးဝါးဆိုသည့် သူ့ခေါ်သံလေး က ကျွန်မအတွက် ကြည်နူး ဝမ်းသာမဆုံးပေ။

ထိုမျှမကသေး' စာပေ နယ် အသိုင်းအဝိုင်းက မိတ် ဆွေများ၊ ပန်းချီအသိုင်းအဝိုင်း က မိတ်ဆွေများနှင့် တွေ့ သည့်အခါ ဦးမျိုးကိုသိလား၊ ဘယ်သူ့ကိုသိလားဟု သူ့ကို မေးလျှင် သိသည်ဟုဖြေတတ် ပြီး အနှစ်နှစ်အလလက သိခဲ့ သူတွေလိုပင် ပြုံးပြတတ်သေး သည်။ သံယောဇဉ်၊ ခင်မင် မှု၊ မေတ္တာတရားတို့သည် ဘဝဆက်တိုင်း ကူးလူးရှင်သန် ကြသည်များလား မသိပေ။

❑

တဖြည်းဖြည်း တစ်နှစ် တနေ နှစ်နှစ်သား ဖြစ်လာ သည့်အခါ သူ့အမူအရာအကျင့် တွေက အနည်းငယ် ပြောင်း လာသည်။ ကျွန်မတို့ မျှော် လင့်ထားသလို မဟုတ်တော့ ဘဲ တခြား အမူအရာအကျင့် တွေ တွေ့လာရ၏။ ထိုအခါ မဟုတ်လောက်ပါဘူးဆိုသည့် အတွေးက သူ့အလိုလိုဝင်လာ ပြီး စိတ်ဓာတ်ကျရပြန်သည်။ ထို့အပြင် သူ့အားနည်းချက်က

အခြား
ညီအစ်ကို
မောင်နှမတွေတောင်
မသိသည့်
ကျွန်မတို့
မိသားစု၏
အမှတ်တရ
ပစ္စည်းလေးကို
သူ့ဟာဟု
ရင်ဘတ်ကို
ပုတ်ပြနေသည့်
ထိုလက်သေးသေး
ကလေးတွေက
မည်သည့်
အကြောင်းအရာကိုမျှ
ထပ်မေးစရာ
မလိုတော့အောင်
သက်သေ
ခိုင်လုံခဲ့လေပြီ

ကျွန်မအမေကို သိပ်မချစ် သိပ် မကပ်ခြင်းပင်။ မည်သို့ပင်ဆို စေကာမူ ကျွန်မအမေက သူ့ ကို သိပ်ချစ်ရမည်ဟု တထစ် ချ တွက်ထားခဲ့ပြီးဖြစ်သည်။ သို့သော် ကျွန်မနှင့် ကျွန်မ အမျိုးသားကို ချစ်သလောက် ပင် အမေ့ကို သူ မချစ်ပေ။ အမေသည် တဖြည်းဖြည်း သူ့ စ,သောဓာတ်လမ်းတွင် အား လျော့လာလေပြီ။ သူလေး လာလျှင် အရင်လိုနည်းမျိုးစုံ နှင့် မစမ်းသပ်တော့ပေ။ သူ အိမ်လည်လာလျှင် အမေ တစ်ယောက် မသိလိုက် မသိ ဘာသာ ရှောင်နေတတ်သည်။ ကျွန်မကိုယ်တိုင်လည်း အမေ့ ကို သူသိပ်မချစ်သဖြင့် သံသယ ဝင်မိတာတော့ အမှန်ပင်။ ကျွန်မတို့အိမ်တွင် အမျှ အမျှ

အမျှဟူသောအသံများ ပြန် လည် လွင့်ပျံ့နေပြီ ဖြစ်သည်။ သို့သော် ကောက်ရိုးစလေး တစ်စသည်ကား ကျွန်မ မျှော် လင့်ချက်တွေကို ခပ်လျော့ လျော့ ချည်နှောင်ထားဆဲပင်။

❑

ထိုနေ့က ကျွန်မအိမ်သို့ သူလာလည်သည်။ ကျွန်မတို့ တိုက်ခန်းကလေးတွင် ဟိုပြေး ဒီပြေး သူဆော့နေပြီး ကျွန်မ အမျိုးသား ခွံ့ကျွေးသော ခေါက်ဆွဲကို စတိုင်ကျကျ စား သောက်နေလေ၏။ ကျွန်မနှင့် သူ့အမေက ညီအစ်မတွေ ထုံး စံအတိုင်း ဟိုအကြောင်းပြော၊ ဒီအကြောင်းပြောပြီး သူတို့တူ ဝရီးကို ဂရုစိုက်မအားပေ။ ကျွန်မကတော့ ထုံးစံအတိုင်း လစ်ရင်လစ်သလို သူ့အမေဆီ က သူ့အကြောင်းကို မေးမြန်း ပြီး ဟိုဟာတူလား၊ ဒီဟာတူ လား မေးတတ်တုန်းပင်။

'ဟော့ကောင် အဲဒါ ဘာလဲ သိလား'

ကျွန်မအမျိုးသားက သူ့ ကို ဆိုင်းမဆင့်ဗုံမဆင့် နံရံမှာ ချိတ်ထားသည့် အရာတစ်ခု ကို လှမ်းပြပြီး ကောက်ကာ ငင်ကာ ထ,မေးသည့်အချိန် တွင် သူ့အမေရော ကျွန်မပါ အံ့သြရသည့် အမူအရာတစ်ခု ကို သူလုပ်ပြသည်။ သူ့ ရင်ဘတ်ကလေးကို ပုတ်ပြ တာ အခါခါပင်။ ကျွန်မတို့ မိသားစုသာသိသည့် ထိုပစ္စည်း လေးကို ဒီကလေးလေး သိစရာအကြောင်း မရှိပေ။ သူ့အဖေအမေလည်း မသိ။ အခြား ညီအစ်ကို မောင်နှမ တွေတောင် မသိသည့် ကျွန်မ တို့ မိသားစု၏ အမှတ်တရ ပစ္စည်းလေးကို သူ့ဟာဟု ရင်ဘတ်ကို ပုတ်ပြနေသည့် ထိုလက်သေးသေးကလေးတွေ က မည်သည့်အကြောင်းအရာ ကိုမျှ ထပ်မေးစရာမလိုတော့ အောင် သက်သေခိုင်လုံခဲ့လေ ပြီ။ သူ့အမေက...

'အဲဒါ ဘာမို့ သူက ရင် ဘတ် ပုတ်ပြတာလဲ'ဟု မေး တော့ စကားကောင်းကောင်း မပြောတတ်သေးသော သူ့ကိုယ် စား ကျွန်မဖြေမိသည်။ ထို အဖြေသည် ကျွန်မတို့တောက် လျှောက် စုံစမ်းထောက်လှမ်း နေသည့် စုံထောက်ဇာတ်လမ်း တွင် အရေးကြီးဆုံး သက်သေ ဖြစ်၏။

အဖေထောင်ထဲတွင် ရှိစဉ်က ကျွန်မတို့ညီအစ်မနှစ် ယောက်ပုံကို ချည်နှင့်ထိုးပေး ထားသည့် ချည်ထိုးလက်ကိုင် ပဝါလေး တစ်ထည်ရှိသည်။ ထိုလက်ကိုင်ပဝါလေးကို အမေ့ ကိုယ်စား အဖေ့မေတ္တာတွေ လွှမ်းခြုံနေစေရန် ကျွန်မတို့ အိမ်၏ ဧည့်ခန်းတွင် ချိတ်ဆွဲ ထားခဲ့သည်။ လက်ကိုင်ပဝါ လေးသည် တစ်ချိန်က အဖေ ထောင်ထဲတွင်ရှိစဉ် သားအဖ များ၏ အလွမ်းကို အကောင်း ဆုံး ဖော်ကျူးပေးခဲ့သလို ယခု အခါတွင်တော့ ကျွန်မအဖေ ဆိုသည့် သက်သေတစ်ခုလည်း ဖြစ်ခဲ့လေပြီ။ မနက်ဖြန် အမေ့ ကိုတွေ့လျှင် လက်ကိုင်ပဝါ လေးအကြောင်း၊ ရင်ဘတ်က လေး ပုတ်ပုတ်ပြတဲ့ လက်က လေးတွေအကြောင်း ပြောပြ ရပေဦးမည်။ အဖေသည် ဒေဝတာမြို့တော်မှ သဘာဝ အုပ်စုလေးဆီသို့ ပြန်လာခဲ့ လေပြီ ဖြစ်သည်။


■

ယုမေ



www.burmeseclassic.com

www.burmeseclassic.com



# ရစ်နွယ်တက်ရိုး ရုက္ခမျိုးသည်

**ကိုကောင်းဆော်၊ကျောက်ဆည်၊**

မွန်းကျပ်လွန်းတဲ့
မိသားစုဘဝက
လွန်မြောက်ဖို့ထက်
လွတ်မြောက်ဖို့
အတွက်
ကျုပ်မှာ
သူမရဲ့ တီးတိုး
ရင်ဖွင့်တိုင်ပင်ဖော်
ဖြစ်ခဲ့တယ်
လျစ်လျူ
ရှုမှုတွေကြောင့်
ဂရုတစိုက်
နားထောင်
နားလည်ပေးခဲ့တဲ့
ကျုပ်ကို
ယုံကြည်မှု
ပိုခဲ့တယ်

ဟဲလို…

ဟဲလို… ကျားသားမိုးကြိုး၊ ဖုန်းတွေဘာတွေဆက်လို့၊ ဘာရယ် ခု လမ်းပေါ်မှာပေါ့ဗျ၊ ဘယ်သွားရမလဲ။ ကျုပ်နေတဲ့ဆီကိုပေါ့။ ဒါလား မရေးဖြစ်ခင်က လိုင်းပေါ်တင်ထားတာ၊ ဝတ္ထုထဲက အစလေးတွေပါ။ မစဉ်းစားရသေးဘူး။ 'ကောင်းကင်မှား၍ သာသည့်လ'ပဲ ဖြစ်မယ်ထင်ပါတယ်။ ဒီခေါင်းစဉ်လည်း မကြိုက်သေးဘူးဗျ။ သူများသုံးပြီးသား ထင်နေလို့။ ဒါများဗျာ၊ တည့်တည့်ပြောလည်း ရနေတဲ့ဥစ္စာ။ ဟုတ်တယ်လေ၊ သူမက ဘွဲ့သာရတာ၊ စာမတတ်ရှာဘူး။ ဆင်ခြင်တုံတရားနဲ့ အသိဉာဏ်နည်းပါးလို့ ပြောရတာ။

ဟင်း… ဟင်း ပညာရည်နိမ့်တော့ စိတ်အနေမမြင့်တာလားလို့ ပြောရအောင်ကလည်း သူတို့အိမ်တွင်းနံရံမှာ ချိတ်ဆွဲထားတဲ့ ဘွဲ့ရဓာတ်ပုံတွေက စီရရီရယ်ဗျ။ မလုပ်ပါနဲ့ဗျာ။ ကျုပ်တစ်ကိုယ်လုံး ချမ်းသာတာဆိုလို့ ဒီမာနလေး တစ်ခုပဲရှိတာ။ ဒါတောင် ပိုးမွေးသလို မွေးမြူထားရတာ။ ဘာဗျ၊ ဒါဆိုလည်း ဖုန်းချလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျုပ် ပြန်ခေါ်လိုက်ပါ့မယ်။ ခင်ဗျားပဲ သိချင်လှရဲ့ ဆိုလို့ပါ။ လိပ်ပြာသန့်ပါတယ်ဗျ။ ပြောတော့ မပြောချင်ဘူး။ ဒါပေမဲ့ ရင်ရှင်းအောင်တော့ နည်းနည်း ပြောပြလိုက်ပါ့မယ်။ အင်းပါ…ခင်ဗျား သိချင်တာတွေ အားလုံးပြောပြီးပြီဆိုရင် ခင်ဗျားကို ဖုန်းဘောလ် ငါးထောင်ဖိုး လှမ်းထည့်ပေးလိုက်ဦးမယ်။ စိတ်ချပါဗျ၊ ကဲ…ကဲ ချလိုက်၊ ချလိုက် ခင်ဗျား ဖုန်းချလိုက်။

❑

ဟဲလို

ဟဲလို… ပြောမယ်နော်။ အစကတော့ နားလည်မှုလွဲတယ်လို့ ထင်ခဲ့တာ။ နောက်တော့မှ တည့်တည့်ကြီးတိုက်ခိုက်နေမှန်း သိလာရတာဗျ။ နောက်ဆုံး၊ တစ်သက်လုံးထိန်းသိမ်းလာတဲ့ ကျုပ်ရဲ့ သိက္ခာကို ထိခိုက်လာတော့မှ ကျုပ် တုန့်လှုပ်သွားခဲ့ရတာ။ အင်းပေါ့ဗျာ။ ကျုပ်မှာလည်း နာစရာတွေ အများကြီးပေါ့။ လူကြီးစိတ်မွေး၊ သဘောထားကြီးမြတ်ဟန်ဆောင်ပြီး ခွင့်လွှတ်ခဲ့ရတာတွေက ဘဝနဲ့မမျှအောင်ပါပဲ။ အင်း… အစကနေ ပြန်ပြောရရင်တော့–

ကျုပ်က ဒီမြို့က သူဌေးကြီး ဦးကြင်မြဆီမှာ အလုပ်လုပ်ခဲ့တာဗျ။ အခု သူဌေးလေးဆိုတာ ကျုပ်လက်ပေါ် ကြီးပြင်းလာခဲ့တာ။ အဲ သူဌေးကြီး အရွယ်ရလို့ မျက်စိမှိတ်သွားတော့မှ ကျုပ်လည်း အလုပ်က နားလိုက်တာ နှစ်တွေကို တော်တော်ကြာခဲ့ပြီ။ အားလုံးနဲ့ အဆက်အသွယ်ပြတ်လို့ပေါ့။

> မိန်းမတစ်ယောက်ရဲ့
> အလှဟာ
> ခန္ဓာကိုယ်
> မဟုတ်ဘူး
> ဣန္ဒြေနဲ့
> ကိုယ်ကျင့်သိက္ခာပါ
> ကိုယ်ကိုအမြတ်
> မထိန်းတတ်တဲ့
> နွယ်ပင်မိန်းမ
> ဆိုတာ
> နီးရာရစ်ပတ်ကြရိုး
> မှန်ပေမဲ့
> ဆန္ဒကို
> ဂုဏ်သိက္ခာနဲ့
> ထိန်းသိမ်းနိုင်ရင်
> ပိုကောင်းတာပေါ့

ဖြစ်ချင်တော့ ဘယ်ကနေ ဘယ်လိုအဆက်အသွယ်ရတယ် မသိဘူး။ တစ်နေ့ သူဌေးကြီးရဲ့ အမွေခံသူဌေးလေးက ကျုပ်ဆီ တန်းတန်းမတ်မတ်ကြီး ပေါက်ချလာတယ်။ သူ့ဆီမှာ အလုပ်ပြန်လုပ်ဖို့ ကျုပ်ကို လာခေါ်တာ။ ကျုပ်ကလည်း ပြောပါတယ်။ မင်းမိဘတွေလက်ထက်ကလို ငါ့မှာ ခွန်အားဗလတွေမရှိတော့ဘူး။ အရွယ်လည်းရနေပြီ။ အလုပ်လုပ်လို့ဖြစ်ပါ့မလားပေါ့။ သူကတော့ အိမ်မှာပဲ အစောင့်အရှောက်သဘောလိုပဲ နေပေးပါ။ သူတို့ကိုပဲ ကြည့်ရှုပေးပါပေါ့။ ကြက်ခြောက်၊ ကျီးမောင်းသဘောမျိုးပါ။ ကျုပ်ကလည်း သူ့မိဘတွေလက်ထက်ကတည်းက လူယုံလိုနေခဲ့တော့ ကိုးစားတာလည်း ပါမှာပေါ့။

ကျုပ်အဖြစ်ကိုလည်း ကြည့်ဦး၊ အရွယ်က အိုမင်းရင့်ရော်၊ ဝင်ငွေကမရှိ၊ စာလေးပေလေး ချောက်ချီးချောက်ချက်ရေးပြီး အမယ်အိုနဲ့ ကျုပ်က ဖိုးသူတော်တစ်လှည့်၊ တောင်ဝှေးတစ်လှည့် လုပ်နေရတာ။ အရွယ်လွန်မှ အိမ်ထောင်ပြုခဲ့တော့ 'နွားအိုနောက်ပိတ်သား'ကျ ဆိုသလို သားသမီးတွေတော့ ထွန်းကားပါရဲ့။ 'အဖေခါးကုန်း သားစားတုန်း'အရွယ်တွေနဲ့ နေရတဲ့အပြင် အကြီးမက ပေါက်တဲ့ ကလေးတွေ တစ်မြို့တစ်မကိုလည်း ကျွေးမွေးသုတ်သင်၊ ထိန်းကျောင်းနေရသေးတာကလား။

အိမ်ကျန်၊ မီးလွတ်၊ ကျင်းတက်သားနှစ်ယောက်တော့ ကျန်ပါသေးရဲ့။ အားကိုးရမလားမှတ်တယ်။ ဆိုးကြတာမှ တာတေလန်လို့။ အဲဒီထဲက အငယ်ကောင်ပေါ့။ ဘာမှ မရှိပါဘူးလို့ ဆိုနေတဲ့ကြားက ဖြန်းစားကြီး မိန်းမကောက်ယူလိုက်တယ်လေ။ တစ်ဖက်က မိန်းကလေးကိုလည်း သားသမီးချင်းကိုယ်ချင်းစာပြီး လူလူသူသူ တူတူတန်တန် မင်္ဂလာဆောင်ပေးလိုက်ရတော့တာပေါ့။ ဘယ်ကလာရှိရမလဲဗျာ။ ဟိုကဆွဲ၊ ဒီကဆွဲ၊ အရပ်ကယ်ပါ၊ လူဝိုင်းပါပေါ့။ ပွဲလည်းပြီးရော သတို့သား၊ သတို့သမီးတို့သာ ဖုတ်ဖက်ခါ ထ,သွားကြတာ။ ကျုပ်တို့မှာတော့ တစ်သက်နဲ့တစ်ကိုယ် မသုံးဖူး၊ မကိုင်ဖူးတဲ့ ငွေပမာဏတွေနဲ့ ကြွေးမြီတွေ တင်သွားလိုက်တာ လည်ပင်းကို မြုပ်ကရောပဲ။ အမယ်အိုဆိုတာ နှပ်တရှုပ်ရှုပ်နဲ့။ 'ကျုပ်တို့ ဘယ်လိုပြန်ဆပ်ကြမတုံး၊ အသက်ကြီးမှ တော့်သားက ခွက်ဆွဲခိုင်းတာတော့'တဲ့။ နေ့တိုင်း ဖြေမဆည်ဖြစ်နေရှာတာ မီးခိုးမထွက်ဘဲ လောင်နေတဲ့မီးဆိုတော့ ဘယ်သူတွေ နားလည်မှာမှတ်လို့ဗျာ။

ဒီလို အခက်အခဲ၊ အကျပ်အတည်းဖြစ်နေတုန်း စောစောကပြောတဲ့ သူဌေးလေးက အလုပ်ခေါ်ပေးတော့ အမယ်အိုကပါ တိုက်တိုက်တွန်းတွန်းရှိတာနဲ့ ကျုပ်လည်း သူဌေးဆီမှာ အလုပ်ဝင်ဖြစ်တယ် ပြောပါတော့။ ကျုပ်အဖြစ်ကလည်း လူရယ်စရာဗျ။ သူများတွေ အသက်ခြောက်ဆယ်ပြည့်လို့ ပင်စင်အငြိမ်းစားတွေယူနေချိန်မှာ ကျုပ်မှာတော့ အိုကြီးအိုမနဲ့ ဘဝကို အခုမှ ပြန်စသလိုဖြစ်နေတော့တာကိုး။

❑

ရောက်စက အရောင်းကောင်တာမှာ သူမ(သူဌေးလေးမိန်းမ)ထိုင်နေတာ တွေ့တယ်။ အချိန်အတွယ်၊ ကျ… ပစ္စည်း၊ အဖြတ်အတောက် အလေးအပင် အမအရွေ့ အတွက် ဈေးရောင်းအ… ငယ်မွေးခြံပေါက်ဖြစ်ပုံရ… လူလတ်ပိုင်းအရွယ် ကျ… တစ်ယောက်ကိုလည်း … တာနဲ့ မနီးမဝေးမှာ ရှိ… တွေ့ရတယ်။

တစ်ခါ…ခါမှာ…



www.burmeseclassic.com

www.burmeseclassic.com

သူ မ တစ် ယော က် တည်း ကျိတ်ကျိတ်ငိုနေတာ တွေ့ရတော့ စိတ်မကောင်းဖြစ်မိပေမဲ့ မသိသလိုနေလာခဲ့ရတာ။ ရောက်ပြီး ရက်သားလေးရလာတော့မှ သူတို့မိသားစုဝင်တွေရဲ့ တစ်ယောက်ချင်းကို သိလာရတော့တယ်။

သူ့ဌေးလေးက အောင်မြင်တဲ့ လုပ်ငန်းရှင်ပီပီ ငွေရှာကောင်းပေမဲ့ အပြင်မှာ အရက်သေစာတွေ သောက်စားမူးယစ်လေ့ရှိတယ်။ နောက်ပြီး သူမက ငယ်ဂုဏ်နဲ့ ကျန်းမာသန်စွမ်းနေတဲ့အပြင် ရုပါရုပ်သွင်က ရှုမြင်သူ တင့်တယ်နေတာကိုပဲ အပြင်မှာ မိန်းမတွေနဲ့ ပွေပွေရှုပ်ရှုပ် နေတတ်တယ်။ မွေးထားတာက မိန်းကလေးချည်း သုံးယောက်။ ကျောင်းနေအရွယ်တွေဆိုတော့ သူတို့ရဲ့ ဝေယျာဝစ္စ၊ ချက်ရပြုတ်ရ၊ ဈေးထ, ရောင်းရနဲ့ တစ်ခါတလေ ပင်ပန်းလို့ ညည်းညူသံကြားရင် အိမ်ဖော်ခေါ်ဖို့ ယောကျ်ားကပြောတာကိုပဲ အင်တင်တင်ရယ်။ စိတ်မချတာလည်း ပါမှာပေါ့။

သူမက အလှူအတန်း၊ ဘာသာတရားကိုင်းရှိုင်းမှု၊ လူမှုရေးကိစ္စတွေများတော့ သွားဟယ် လာဟယ်နဲ့ ဆိုင်ကပ်တယ် မရှိဘူး။ ဒီတော့ သူ့ဌေးလေးက ကျုပ်ကို ဆိုင်ထိုင်ခိုင်းတယ်။ သွားလာနေရင် ကျေနပ်တဲ့ သူမကလည်း ကျုပ်ဆိုင်ထိုင်တာကို မကန့်ကွက်ဘူး။ အပြင်သွားရင်တောင် 'ကျွန်မ ဖုန်းပါသွားတယ်နော်'တဲ့။ ရောင်းကုန်ဈေးနှုန်းတွေမသိရင် လှမ်းမေးနိုင်အောင်လို့ ပြောတဲ့ အမှာစကားပါ။ အစဉ်သဖြင့်စားသုံးသူတွေ ကျနေတာမဟုတ်တော့ အားနေတဲ့အချိန်တွေမှာ ကျုပ်က ဆိုင်ရှေ့ ဆိုင်နောက် ခွဲမနေဘူး။ အမြင်မတော်တာတွေ ထ,လုပ်ပေးခဲ့တယ်။ သူမအတွက် ကူဖော်လောင်ဖက်ရတော့ ကျေးဇူးတွေတင်ပြီး ကျွေးဟယ် မွေးဟယ်နဲ့ စေတနာထားခဲ့တဲ့ သူမပါ။ တစ်ချက် တစ်ချက် ငွေကြေးကိစ္စနဲ့ ပတ်သက်လို့ လင်ရောမယားပါ ကျုပ်ကို အမျိုးမျိုး စမ်းသပ်ကြတယ်။ ကြာတော့ သူတို့ရဲ့ စမ်းသပ်ကာလတွေလွန်မြောက်ပြီး ကျိုးကျိုးနွံနွံ သစ္စာရှိရှိလုပ်တာတွေ့တော့ ယုံကြည်မှုတွေ ပိုလာတယ်။

နောက်ပိုင်း သူမက မကွယ်မဝှက်နိုင်ဘဲ ကျုပ်ရှေ့မှာတင် ပြောင်ပြောင်တင်းတင်း ငိုကြွေးတာတွေ တွေ့လာရတယ်။ တိုက်တာအိုးအိမ်စည်းစိမ်တွေနဲ့ ပူပင်စရာမရှိအောင် ပြည့်စုံနေတာမှန်ပေမဲ့ သူမဘဝမှာ သာယာမှုတွေ ရှိဟန်မတူဘူး။ တစ်ယောက်တည်း ကြိတ်မှိတ်ခံစားနေရတာတွေကို တဖြည်းဖြည်း ရင်ဖွင့်လာရှာတယ်။

'သူနဲ့သာ အကြောင်းဆက် ပေါင်းဖက်နေရပေမဲ့ အချစ်စစ်ရဲ့ ယုံကြည်မှုနဲ့ ပျော်ရွှင်မှုကို မရခဲ့ပါဘူး ဦးဘမြင့်ရယ်။ ကျွန်မအတွက်တော့ မှန်ဝါးဝါး ထိတွေ့မှုတွေပဲ ရခဲ့တာပါ။ ပြောရရင် အိမ်ထောင်သက် နှစ်နှစ်အကြာမှာ သူက နောက်မိန်းမတစ်ယောက်နဲ့ ပြောင်ပြောင်တင်းတင်း တရားဝင် လက်ထပ်ပေါင်းသင်းခဲ့တယ်လေ။ သိပ်တော့မကြာခဲ့ပါဘူး။ ကွာရှင်းခဲ့တယ်။ အဲဒီကတည်းက ကျွန်မမှာ စိတ်အနာတရတွေ ရခဲ့တာ။ သူက မသိကျိုးကျွန်ပြုခဲ့တယ်။ မိန်းမတစ်ယောက်ရဲ့ စိတ်ခံစားမှုကို ဘယ်လိုမှ နားလည်မပေးခဲ့တဲ့ သူဟာ တစ်ကိုယ်ကောင်းဆန်ပြီး အတ္တကြီးတာက ပိုသေးတယ်။ အရက်သောက်တယ်၊ မိန်းမတွေနဲ့ ပွေရှုပ်တယ်။ မူးလာရင် အရက်ဝိုင်းက မကျေနပ်ချက်တွေကို အိမ်အထိသယ်လာပြီး ကျွန်မကို နိုင်ထက်ကလူပြုမူတယ်။ တွေ့သမျှ ပစ္စည်းတွေကို ရိုက်ခွဲဖျက်ဆီးတယ်။ ကျွန်မမှာ အလိုလိုနေရင်း အရက်သမားမယားဘဝကို ရောက်ခဲ့ရတယ်။ သူ အရက်သောက်မယ့်နေ့တွေဆို ကျွန်မ အလိုလိုကြောက်နေတယ်။ သူ့အတွက် တစ်သက်မပြင်တော့တဲ့ ဉာဉ်ဆိုးတွေပေါ့။ ဒါတွေနဲ့တင် မပြီးသေးဘူး။ သူတစ်ယောက်သာ အိမ်ထောင်ရေးဖောက်ပြန်နေတော့ လူတကာကိုလည်း သူ့လို ဖောက်ပြန်လိမ့်မယ်လို့ ထင်နေတဲ့ သံသယက ကျွန်မဘဝကို ပိုပြီး မွန်းကျပ်ခဲ့တာ အမှန်ပါ'

အတ္တကို ဦးစားပေးပြီး ပြင်ပမှာ အနေများပြီး ထင်သလိုနေနေခဲ့တဲ့ သူ့ဌေးလေးဟာ မိသားစုဘဝနဲ့ ဝေးသထက်ဝေးခဲ့တာကို သတိရတဲ့အချိန်က တော်တော်လေးကို နောက်ကျသွားခဲ့ပါပြီ။ မွန်းကျပ်လွန်းတဲ့ မိသားစုဘဝက လွန်မြောက်ဖို့ထက် လွတ်မြောက်ဖို့အတွက် ကျုပ်မှာ သူမရဲ့ တီးတိုး ရင်ဖွင့်တိုင်ပင်ဖော် ဖြစ်ခဲ့တယ်။ လျစ်လျူရှုမှုတွေကြောင့် ဂရုတစိုက် နားထောင်၊ နားလည်ပေးခဲ့တဲ့ကျုပ်ကို ယုံကြည်မှု ပိုခဲ့တယ်။ ကြေကွဲဝမ်းနည်းရဆုံး(ဓာတ်ရှင်လိုပြောရရင်) ဇာတ်ဝင်ခန်းတွေရောက်ရင်တော့ မျက်ရည်တွေနဲ့ နစ်အိုင်နေတဲ့ မျက်ဝန်းညိုညိုကြီးတွေက ကျုပ်ရင်ကို ကတုန်ကယင်ဖြစ်စေခဲ့ပါတယ်။ ဒီတော့ သူမရဲ့ ရင်ဆိုင်တွေ့ကြုံနေရတဲ့ မိန်းမသားဘဝရဲ့ စိတ်ဒုက္ခ၊ သောကဝေဒနာတွေကို ကိုယ်ချင်းစာ၊ ကရုဏာသက်စွာနဲ့ပဲ ဖေးမ, အားပေးစကားပြောဖြစ်ခဲ့ပါတယ်။

'သည်းခံလိုက်ပါ မခင်မှုန်ရယ်၊ မခင်မှုန်မှာ ခန္တီပါရမီတွေ ဘယ်လောက်ထိရှိတယ်၊ ဘယ်လောက်ရင့်ကျက်တည်ငြိမ်တယ်ဆိုတာ စမ်းသပ်တဲ့သဘောလို့ထားပြီး နားလည်ခွင့်လွှတ်ပေးလိုက်ပါ။ တစ်နေ့နေ့ အောင်မြင်လာပါလိမ့်မယ်'

တစ်ခါကလည်း ရှိုက်ကြီးတငင်နဲ့ တစ်နေကုန် ပူဆွေးသောကဖြစ်နေချိန် ထမင်းစားတာ မတွေ့တော့၊ သူမက 'ဦးဘမြင့် ထမင်းစားလေ'တဲ့။ သတိပေးရှာတယ်။ ဒီတော့ ကျုပ်က-

'တော်ပါပြီကွယ်၊ မင်းကမှ ပူဆွေးသောကဖြစ်နေတာ ငါက မြိန်ရေရှက်ရေနဲ့ ထမင်းစားပြရမှာလား'ဆိုပြီး အဲဒီနေ့က တစ်နေကုန် ဘာမှမစားဖြစ်တော့ဘဲ သူမအတွက် ကိုယ်ချင်းစာ နားလည်ပေးခဲ့ဖူးပါတယ်။

❑

www.burmeseclassic.com

တစ်ခါမှာတော့ ခါတိုင်းနဲ့မတူဘဲ သူမမျက်နှာ တည်တည်တင်းတင်းနဲ့ ကျုပ်ကို ပြောတယ်။

'ကျွန်မအကြောင်းတွေ၊ ကျွန်မရဲ့အားနည်းချက်တွေကိုနင်ပြီး အခွင့်ကောင်းယူရင်တော့ ကျွန်မနဲ့တွေ့မယ်။ ရှင့်ကိုလည်း ဦးလေးအရွယ်၊ အဖေအရွယ်မို့ ပြောပြခဲ့တာ' တဲ့။

ဒီလိုနဲ့ ကျုပ်ဆိုင်ထိုင်လာတာ ကာလတွေတော်တော်ကြာခဲ့တယ်။ တချို့ ဈေးဝယ်သူတွေက ဒီဆိုင်လာရင် ဒီအဘိုးကြီးနဲ့ပဲ တွေ့တွေ့နေရတော့ တချို့က ကြိုက်ပုံမရဘူး။ အထူးသဖြင့် သူမ မိတ်ဆွေတွေက ပြောပုံရပါတယ်။ 'ဆိုင်ရှင်စစ်စစ်တွေ ရှိလျက်နဲ့ ဘာလို့ ဒီလူကြီးကို ထားသလဲ' ပေါ့။ အများအမြင်မှာ ဟုတ်နေတော့ သူမစိတ်လည်း လာပုံရတယ်။ တချို့က ဈေးဝယ်ရတာ ဒီအဘိုးကြီးနဲ့ သိပ်ကြာတာပဲလို့ ပြောသံတွေပါ ကြားလာရပြန်တယ်။ ကျုပ်မှာလည်း ဝယ်ယူသွားတဲ့ပစ္စည်းစာရင်းကို သေချာစိစစ် တွက်ချက်နေရတော့ ကြာတာလည်း ပါမှာပေါ့။ ဒီတော့ သူမက သတိပေးသလိုလိုနဲ့ ခြိမ်းခြောက်သလိုလို ပြောလာတယ်။

'ဦးဘမြင့် လူပြောများနေပြီနော်' တဲ့။

နောက်ပိုင်း သူမအချိုးတွေ ပြောင်းသွားတယ်။ သူမအတွက် တစ်ခုခု သုံးငွေလိုနေရင် သုံးစွဲဖို့အတွက် ကျုပ်လိုအလုပ်သမား(သူတို့အပြော) ကျေးကျွန်ဆီက လက်ဖြန့်တောင်းယူရမှာ ဂုဏ်သိက္ခာထိခိုက်ပုံရတယ်။ နောက်တော့ ဘယ်သူ့မှမပြောမဆိုတော့ဘဲ ကျုပ်ထိုင်နေတဲ့ကြားက ကောင်တာအံဆွဲ ဆွဲဖွင့်ပြီး ပြောင်ပြောင်တင်းတင်း ဆွဲယူသုံးတော့တယ်။ ဘယ်ရွေ့ ဘယ်မျှသုံးတာကို မပြောဘူး၊ ရေးမထားခဲ့ဘူး။ ဟော... ညနေ ရောင်းကုန်ငွေစာရင်းစစ်၊ ငွေအပ်မယ်လုပ်တော့မှ ငွေက ကွာနေရော။ ဒီအကြောင်းကို သူဌေးလေးကို ပြောပြတယ်။

'ဒီလို ငွေကွာတော့ သူဌေးလေးနဲ့ ကျုပ်ကြားမှာ ယုံကြည်မှုတွေ မပျက်ပြားပေဘူးလား' ဆိုတော့ သူဌေးလေးကလည်း ကောင်းရှာပါတယ်။

'မိန်းမပိုက်ဆံယူမယ်ဆိုရင် ကောင်တာသော့သာ ပေးလိုက်ပါ' တဲ့။

ကျုပ်မှာဖြင့် ယုံကြည်မှု သံသယကြီးနဲ့ ဆက်လုပ်ရမှာဆိုတော့ တစ်သက်ထိန်းသိမ်းလာတဲ့ ဂုဏ်သိက္ခာတွေပါ ထိပါးလာနိုင်တော့မှာကို တွေးပြီး တုန်လှုပ်ရမှန်း သိလာရတယ်။ နောက်တော့ တဖြည်းဖြည်းနဲ့ သူမ ဆက်ဆံရေးက ကျုပ်အပေါ် ပိုပြီး တင်းမာလာတယ်။ ဒီလို သူဌေးလေးနဲ့ ကျုပ်ကြားမှာ၊ ငွေကြေးကိစ္စမှာ ယုံကြည်မှု ပျက်ပြားအောင်လုပ်တော့ အသက်ကြီးမှ လက်ညှိုးထိုးခံရပြီး လောက ပြက်ရယ်ပြုခံရတော့မယ့်အဖြစ်တော့ အဖြစ်မခံနိုင်ဘူးလေ။ ကျုပ်မှာလည်း သူဌေးလေးက ပေးထားတဲ့ တာဝန်အရမို့သာ ဆိုင်ထိုင်နေရတာ။ နောက်ပိုင်းက တယ်မလုံချင်တော့ဘူး။ နောက်တော့ သူဌေးလေးနဲ့ သူမ ကျုပ်ရှေ့မှာ အချင်းများလာတဲ့အထိ ဖြစ်လာတယ်။

'မိန်းမတော့ မယုံဘူး၊ သူစိမ်းတော့ ယုံတယ်' ဆိုတာတွေထိ ပြောလာနေပြီ။ ဒီလိုပြောနေတာကိုပဲ သူဌေးလေးက ကျုပ်ကိုဖယ်ပြီး သူမကို နေရာမပေးသေးဘူး။ ကျုပ်မယ် အသက်အရွယ်ရပြီး ဒီလို နွမ်းနွမ်းပါးပါးနေလာတာကိုပဲ တစ်နေ့ သူမက ကျုပ်ကို မေးတယ်။

'ဒီအသက်၊ ဒီအရွယ်ထိ ဘဝကို ဘယ်လိုဖြတ်သန်းခဲ့တာလဲ' တဲ့။ ကျုပ် သူမမျက်နှာကို ဖတ်တတ်နေတော့ ဘာကိုဆိုလိုချင်တယ်ဆိုတာ နားလည်လိုက်တယ်။ ကျုပ် ဘာမှပြန်မပြောဖြစ်ခဲ့ပါဘူး။ အိုမင်းရင့်ရော်တဲ့အထိ ကျုပ်ဘာသာကျုပ် ဘယ်လိုပဲ ဖြတ်သန်း၊ ဖြတ်သန်းခဲ့ သူမနဲ့ မဆိုင်ဘူးလေ။ ပိုက်ဆံချမ်းသာမှ ဘဝဖြတ်သန်းမှု မှန်ကန်တယ်လို့ ထင်နေတာလား မသိဘူး။ သူမဖော်တဲ့ အဓိပ္ပာယ်က ငွေကြေးကြွယ်ဝမှုကိုပဲ ဆိုလိုပုံရပါတယ်။ ကျုပ်သိတဲ့ ဘဝအဓိပ္ပာယ်က လူလူချင်း၊ အနစ်နာခံ စာနာထောက်ထားပြီး ကိုယ်ချင်းစာမှု၊ ရိုးသားဖြူစင်မှုတွေပဲလို့ ယုံကြည်ထားတာပါ။

ရက်ဆက်ဆိုသလို သူဌေးလေးနဲ့ အချင်းများတိုင်း ကျုပ်ကိုပဲ အခြေခံနေတော့ ကျုပ် ချက်ချင်းကို အလုပ်ကထွက်ချင်နေတာ။ ဘာတဲ့ သူမက သူ့ယောကျ်ားကိုပြောတဲ့ စကားထဲမှာ 'ဦးဘမြင့်က ဘာတတ်လို့တုံး' တဲ့။ ကျုပ်မှာ ဆင်းဆင်းရဲရဲနဲ့ နေတာ မှန်တယ်။ အသက်မွေးဝမ်းကျောင်းအတွက် ထောက်တည်မှီရာ အတတ်ပညာမရှိတာလည်း မှန်တယ်။ ဒါတွေအားလုံး အစကတည်းက သူတို့သိပြီးသားကို အခုမှ အနှာပြန်လုပ်နေတာ။ ကျုပ်မတတ်တဲ့အထဲမှာ ရဲရဲကြီးဝန်ခံချင်တာက ကျုပ် မခိုးတတ်ဘူး၊ မဝှက်တတ်ဘူး၊ မလိမ်တတ်ဘူး၊ မညာတတ်ဘူးဆိုတာတွေပါ။ ကျုပ်မှာ ဥစ္စာဓန မရှိပေမဲ့ ဂုဏ်သိက္ခာရဲ့ အရောင်အဆင်းကတော့ ဘယ်တော့မှ မှေးမှိန်ဖျော့တော့ မသွားဘူးဆိုတာတော့ ကျုပ်ကိုယ်ကျုပ် အကြွင်းမဲ့ ယုံကြည်ထားတယ်။ ဘာဖြစ်လို့လဲသိလား။ အခွင့်အရေးတိုင်းကို ကိုယ်ကျင့်တရားနဲ့ မလဲဘဲ လိပ်ပြာသန့်နေလို့ပဲ။

အသက်က ရလာတော့ တစ်ခါတလေ ညတွေမှာ ငိုက်မျဉ်းရုံရှိပြီး အိပ်မပျော်ခဲ့တော့ မနက် ဆိုင်ထိုင်နောက်ကျခဲ့တဲ့ တစ်နေ့ကဆိုရင် 'သေခါနီးကအစ အချိန်မလေးစားဘူး' တဲ့။ ဒီစကားကို သူဌေးလေးနားရောက်တော့ အားကိုးရတဲ့ သူဌေးလေးကပါ 'အပြောမခံချင်ရင် ဝီရိယစိုက်ကြလေ' တဲ့။ နောက်ပြီး ပြောသေးတယ်။ 'ဒီစကားအတွက် စိတ်ဆိုးလား' တဲ့။ ကျုပ်ကတော့ ရိုးရိုးပဲပြောလိုက်ပါတယ်။ 'စိတ်မဆိုးပါဘူး၊ ဒါပေမဲ့ ကျုပ်တန်ဖိုးထား လေးစားတဲ့ မိန်းမတစ်ယောက်ပါးစပ်က ဒီလိုစကားမျိုးထွက်တာကို တုန်လှုပ်အံ့ဩမိတာလေးပဲ' လို့။



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်ကို အမျိုးမျိုး ထိုးနှက်တိုက်ခိုက်နေတော့ဗျော်… ဒီမိန်းကလေးနှယ် စိတ်အနေမမြင့်လိုက်တာ။ ပညာရည်နိမ့်လို့လားလို့ပြောရအောင်ကလည်း သူတို့အိမ်တွင်းနံရံမှာ ချိတ်ဆွဲထားတဲ့ (သူမအပါအဝင်) ဘွဲ့ရဓာတ်ပုံတွေက စီရရီရယ်ပါဗျာ။ အပြစ်မတင်ရက်ပါဘူး။ ကျွေးမွေးပေးကမ်းဖူးတဲ့ ကျေးဇူးတရားတွေပဲ အစဉ်အောက်မေ့ပြီး သူမအပေါ် နားလည်ခွင့်လွှတ်ပေးနေရတာပါ။

ခုနောက်ဆုံးပြောမယ့် အကြောင်းခြင်းရာကိုတော့ ကျုပ် မလိမ်ချင်သလို၊ အမှန်ကိုလည်း မပြောချင်ဘူးဗျာ။ လောကမှာ တချို့ဖြစ်ရပ်တွေက စိတ်ကူးယဉ်ဇာတ်လမ်းတွေထက် ဆန်းကြယ်နေတော့ မအံ့သြတော့ပါဘူး။ သူမအပြုအမူတွေအတွက် ဆင်ခြင်တုံတရားတွေနဲ့ သတိသံဝေဂရစရာတွေအဖြစ်နဲ့ပဲ မှတ်ယူခဲ့ပါတယ်။

ဖြစ်ချင်တော့ အဲဒီနေ့က ကျန်းမာရေးမကောင်းလို့ ကျုပ် အလုပ်မဆင်းတာ ခွင့်နှစ်ရက်ကျော်နေပြီ။ ဒီတော့ နောက်ထပ် တစ်ရက်လောက်ထပ်ယူဖို့ သူဌေးလေးဆီအလာ၊ တစ်ဆိုင်လုံး သူမနဲ့ ဆိုင်အကူ ငယ်မွေးခြံပေါက်ကျွန်ယုံပဲ ရှိနေတယ်။ သူဌေးလေးက သူ့ကားနဲ့ ကုန်စွည်းပို့သွားနေတာ။ ဆိုင်တွင်းဝင်ထွက်နေကျ အလုပ်သမားတွေလည်း သူဌေးနဲ့ပါသွားကြတယ်။ ကလေးတွေလည်း ကျူရှင်သွားနေချိန်၊ ကျုပ်ကလည်း ကျုပ်ရှေ့မျက်ကွယ်လေးမှာဝင်ပြီး ရုတ်တရက်ပျောက်သွားတဲ့ သူမကို အပြန်နှုတ်ဆက်ဖို့ ဆိုင်ထဲကအထွက်၊ အဲဒီအချိန်မှာပဲ ကျွန်ယုံတစ်ယောက်သာ မြင်သာတဲ့အကွယ်က သူမရဲ့ ကောက်ကြောင်းအလှတွေ လှုပ်ယမ်းပြီး အဲဒီကျွန်ယုံကို ချော့မြှူချဉ်းကပ်၊ ရစ်ပတ်တော့မယ့်အချိန် ကျောပေးအနေအထားနဲ့ လှုပ်ယမ်းနေတဲ့ သူမကို မြင်တွေ့သွားတဲ့ ကျုပ် အံ့သြမှင်တက်နေပြီးမှ သူမကို 'ကျုပ်ပြန်တော့မယ်' လို့ နှုတ်ဆက်စကားအဆုံး သူမပါးစပ်ထဲက တံတွေးအမြုပ်တွေ ထွေးထုတ်ပြီး 'ဟုတ်' လို့ပြန်ပြောပေမဲ့ ကျုပ်ကို ပြန်မကြည့်တော့ဘဲ ရီဝေနေတဲ့ မျက်လုံးရွဲကြီးတွေနဲ့ ကျွန်ယုံကို စိုက်ကြည့်နေချိန်မှာ ကျုပ်ဆိုင်ထဲက ထွက်ခဲ့လိုက်တယ်။

ဆိုင်ရှေ့လမ်းမပေါ် ရောက်မှ ငါ ဆေးဖိုးလေး ထုတ်ဦးမှ ဆိုတဲ့ အသိဝင်လာလို့ ဆိုင်တွင်း ပြန်အဝင်မှာတော့ သူတို့နှစ်ယောက်စလုံး မသိကြတော့ပါဘူး။ ဆိတ်ကွယ်ရာအရပ် ရောက်သွားခဲ့ကြတဲ့ သူတို့နှစ်ဦး သိဖို့ အိတ်ကပ်ထဲက ဘောပင်ဖြူနီလေး တစ်ချောင်းသာ ကောင်တာပေါ် တင်ပေးနိုင်ခဲ့တော့တယ်။

မိန်းမတစ်ယောက်ရဲ့ အလှဟာ ခန္ဓာကိုယ် မဟုတ်ဘူး။ ဣန္ဒြေနဲ့ ကိုယ်ကျင့်သိက္ခာပါ။ ကိုယ်ကို အမြတ်မထိန်းတတ်တဲ့ နွယ်ပင်မိန်းမဆိုတာ နီးရာရစ်ပတ်ကြရိုးမှန်ပေမဲ့ ဆန္ဒကို ဂုဏ်သိက္ခာနဲ့ ထိန်းသိမ်းနိုင်ရင် ပိုကောင်းတာပေါ့ဗျာ။

အဲဒီ မထင်မှတ်တဲ့ မြင်ကွင်းကြောင့် ကျုပ် အိမ်အပြန်လမ်းတစ်လျှောက် ဆွံ့အ,သွားခဲ့တယ်။ အိမ်ရောက်တော့ ကျုပ်အမူအရာပျက်ယွင်းနေတာကို အမယ်အိုက သတိထားမိပြီး နဂိုကမှ မကျန်းမာတဲ့လူက ပိုပြီး လူမမာရုပ်ပေါက်သွားတာပေါ့။ အမယ်အိုဆိုတာ ကျုပ်ကိုကြည့်ပြီး ခြေမကိုင်မိ၊ လက်မကိုင်မိကို ဖြစ်လို့။ ကျုပ် တန်ဖိုးထား၊ လေးစားခဲ့တဲ့ မိန်းမတစ်ယောက်က ဒီလိုပြုမူလိုက်တာကို အံ့သြတုန်လှုပ်ပြီး ယူကျုံးမရဖြစ်သွားရတာပါ။ နှစ်ရက်လောက်ထိ မစားနိုင်၊ မအိပ်နိုင်ဖြစ်ပြီး၊ နေသာထိုင်သာရှိလာတော့မှ အမယ်အိုကို ဒီလိုဒီအကြောင်း ဇာတ်စုံခင်းကျင်းပြလိုက်ရတယ်။ အမယ်အိုကတော့ 'မနေသင့်တဲ့အရပ်၊ မနေအပ်တဲ့အရပ်' တဲ့။ 'တော် အလုပ်ကထွက်ခဲ့တော့' ဆိုတာနဲ့ ကျုပ် သူတို့ဆီကို တရားဝင် စာတင်ပြီး ထွက်ခဲ့လိုက်တော့တယ်။

အလုပ်ကထွက်ပြီး လွှတ်လပ်ပေါ့ပါးသွားပြီပေါ့ဗျာ။ နှစ်လလောက်အကြာမှာတော့ ကျုပ်တို့မှာတင်နေတဲ့ ကြွေးမြီတွေအားလုံး ကျေခဲ့တယ်ဗျ။ အာ… ဘယ်ကလာ ကျုပ်ရတဲ့လစာက သူဌေးလေးရဲ့ ဘီယာဆိုင် တစ်ခါထိုင်လောက်တောင် ရတာ မဟုတ်ဘူး။ အဲဒီငွေနဲ့ စုဆောင်းပြီး ချေခဲ့တာ လုံးဝမဟုတ်ဘူးဗျ။ ဒါဆို ဘယ်လိုကျေခဲ့လဲဆိုတာ သိချင်တာပဲမဟုတ်လား။

ဟဲလို…

ဟဲလို… ကျုပ်ပြောတာ ကြားတယ်နော်။ အဲပါဗျ ပြောပါ့မယ်။ ဒီလိုဗျ၊ တစ်နေ့ညနေစောင်း မိုးလေးက ဖွဲဖွဲလေးရွာနေတယ်။ စောစောပြန်ရအောင်ဆိုပြီး ကားဂိတ်မှာ ဈေးရောင်းနေတဲ့ ကျုပ်မြေး အလတ်မလေးကို ကြိုဖို့ ကျုပ် အိမ်က ထွက်ခဲ့တယ်။ ဒေါ်သိုက်ကြီးကွေ့အရောက် ကားတစ်စီးကို နောက်ကားက ကျော်အတက်၊ လမ်းဘေးလျှောက်နေတဲ့ ကျုပ်ကို ဝင်တိုက်ပါလေရော။ ကားဆရာတွေဘက်ကလည်း တော်ရှာပါတယ်။ ကျုပ်ကို ဆေးရုံပို့၊ ကုသစရိတ်၊ နစ်နာကြေးဆိုပြီး စုံ့စုံ့ပို့ပို့ပေးခဲ့ကြတာကလား။ ဒီတော့ အဲဒီကရတဲ့ ငွေတွေနဲ့ပဲ အမယ်အိုရဲ့ အပူမီးတွေ ငြိမ်းအေးသွားခဲ့တယ် ပြောပါတော့။

ရော်… မေးပြန်ပြီ။ ရောက်နေပါပြီဗျ။ လှမ်းကိုမြင်နေရပါပြီ။ တိတ်ဆိတ်အေးချမ်းတဲ့နေရာဆိုတော့ စာရေးဆရာတွေအကြိုက်ပဲလေဗျာ။ အံမာ သိပ်လည်း ကြီးကျယ်မနေစမ်းပါနဲ့ဗျာ။ ကားအက်ဆီးဒင့်ချင်းအတူတူ ခင်ဗျားက ရှမ်းပြည်ဘက်မှာ ကားမှောက်ခဲ့လို့ ကျုပ်ထက် တစ်နှစ်ပိုစောတာပဲရှိတာပါ။ ဟောဒီ ညောင်မုတ်ဆိတ်ပင်ကြီးအောက်က ကျုပ်ဂေဟာကိုလည်း ကြည့်ဦးလေဗျာ။

ဦးဘမြင့် အသက် ၆၇ နှစ်ဆိုတာ။

ဟဲလို…

ဟဲလို…

ဟဲလို…

■

**ကိုကောင်းသော်**

(ကျောက်ဆည်)

www.burmeseclassic.com



# ကောက်သစ်ရှိုး

## ထစ်ချုန်းကြီး

မိနိုင်ကို 'ညီမလေး'ဟု ခေါ်၍
ကိုယ့်ဟာကိုယ် သက္ကရာဇ်ဖြိုချင်သော
အနက်ကယ်ကြီးတချို့က သူတို့ကိုယ်
သူတို့ 'အစ်ကိုကြီး'ဟု
ကင်ပွန်းတပ်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မနက်လင်းပြီဆိုက တည်းက လက်ပံပင် ဆက်ရက်ကျသလို ဆူညံပွက်လော ရိုက်နေသည့် အနီဆိုက်ကား ဂိတ်လေးကား ရန်ကုန်-မန္တလေး ကားလမ်းဘေးတွင် ဖြစ်၏။ ဆိုက်ကားကို ကိုယ်ပိုင် ထောင်ထားသော ဆိုက်ကားသမားများ ပါဝင်သလို အုံနာကြေး ပေး၍ အငှားနင်းသော ဆိုက်ကားသမားများ လည်း ပါဝင်သည်။ ကားနောက်လိုက် စပယ်ယာဘဝမှ ဆိုက်ကားသမားဘဝသို့ ကူးလာသူများ ပါဝင်သလို အရက်သမားဘဝမှ အုံနာကြေး နေ့စဉ် ပေး၍ ဆိုက်ကား နင်းနေသူများလည်း ပါသည်။ ပြောရလျှင် ဆိုက်ကားဂိတ်လေးသည် လူစုံ၊ စရိုက်စုံ၊ အကျင့်စုံနှင့် ပြွမ်းတီးနေသော အဝန်းအဝိုင်း ကလေးပင် ဖြစ်တော့၏။ မနက်ခင်းကတည်းက ကိုယ့်ဆိုက်ကားကို ဂိတ်ထိုးထားကြသည်။ ခရီးသည် ဈေးဦး ပေါက်ခြင်း၊ မပေါက်ခြင်း မစဉ်းစား။

မနေ့ကတည်းက တမင်ချန်ထားသော ငွေကြေးကလေးက မနက်ခင်းအတွက် ယမကာ မှီဝဲရန်ဖြစ်သည်။ ထိုသို့ အရက်ကြိုက် ဆိုက်



www.burmeseclassic.com

www.burmeseclassic.com

ကားသမားတချို့ ပါဝင်သလို မြေကြီးပေါ်တွင် ပိုက်ဆံစစ်ကြသူ ဆိုက်ကားသမားများလည်း ပါ၏။ သူတို့ဆိုက် ကားကို ခရီးသည် တစ်စုံတစ်ယောက် လာမငှားမချင်း ထိုအလုပ်များသည် သူတို့၏ နိစ္စဓူဝ အလုပ်များပင် ဖြစ်၏။ ငြင်းကြခုံကြ၊ စကားများကြနှင့် ပတ်ဝန်းကျင်တစ်ခုလုံး ပွက်လောရိုက်နေတတ်သည်။ ထိုထိုသော ဆိုက်ကားသမား အများစုထဲမှ တစ်မူကွဲပြားခြားနားနေသည့် ဆိုက်ကားသမားတစ်ယောက်ရှိပါသည်။ သူ၏အမည်မှာ နေသော်ဖြစ်၏။ အသက် ၃၀ ပတ်ဝန်းကျင်ရှိပြီး ညိုညိုမောင်းမောင်း တုတ်တုတ်ခိုင်ခိုင် ဖြစ်သည်။ နေသော်သည် ဤမြို့ခံလူတစ်ယောက် မဟုတ်ချေ။ သူ့ဇာတိအမှန်ကို မည်သည့်ဆိုက်ကားသမားမှ မသိသလို၊ နေသော်ကလည်း စကားနည်းသူဖြစ်သောကြောင့် သူ့အကြောင်းကို မည်သူ့မှ မပြောဖူးချေ။ အားလုံး သိထားသည့်တစ်ချက်မှာ မြို့သစ်တွင် ဦးလေးနှင့် အတူနေပြီး ဆိုက်ကားနင်းစားနေသည့် အချက်ပင် ဖြစ်၏။ နေသော်ကား အခြားဆိုက်ကားသမားများလို ဟေးလားဝါးလားထဲတွင် မပါဝင်ဘဲ သူ့ဆိုက်ကားပေါ်တွင် ထိုင်၍ ခရီးသည်စောင့်ရင်း ဝတ္ထုစာအုပ်တစ်အုပ်ကို အမြဲဖတ်နေလေ့ရှိသည်။ ပတ်ဝန်းကျင် မည်သို့ဖြစ်နေသည်ကို စိတ်မဝင်စား။ သူ၏ မျက်လုံးများကို စာအုပ်ထဲတွင်သာ နှစ်မြှုပ်ထားတတ်၏။ ဆိုက်ကားဂိတ်အနီးမှ ဖြတ်သွားဖြတ်လာ မိန်းကလေးများကို နှမချင်းမစာနာ စ,ကြ၊ နောက်ကြ၊ သွေးတိုးစမ်းကြသည့် အထဲတွင် နေသော်မပါ။ ကုန်ကုန်ပြောရလျှင် ကမ္ဘာကျော် မင်းသမီးတစ်လက် ဆိုက်ကားဂိတ်အနီးမှ ဖြတ်သွားလျှင်ပင် နေသော် ကြည့်မည်မဟုတ်ချေ။

'ဟေ့သူငယ်၊ ဆိုက်ကားသွားချင်လို့'

'ဟုတ်ကဲ့ခင်ဗျ'

ထိုကဲ့သို့ နေသော့်ဆီကို ခရီးသည် ဆိုက်ရောက်လာလျှင် ဖတ်လက်စဝတ္ထုစာအုပ်ကို သူဖတ်နေသည့် စာမျက်နှာထောင့်ကလေးအား ချိုး၍ အမှတ်အသားလုပ် စာအုပ်ကို ပိတ်၊ ဆိုက်ကား ထိုင်ခုံအောက် ထိုးထည့်ပြီး ခရီးသည်အား လိုရာခရီး ပို့ဆောင်ပေးသည်။ ဂိတ်သို့ပြန်ရောက်သည်နှင့် ဖတ်လက်စဝတ္ထုစာအုပ်ကို ထုတ်၍ ဆက်ဖတ်နေတတ်သည်မှာ နေသော်၏ စရိုက်ပင်ဖြစ်တော့သည်။ သူက ခပ်တည်တည်နေတတ်သူဖြစ်သောကြောင့် အခြားဆိုက်ကား သမားများ နေသော့်ကို ခပ်ရှိန်ရှိန်ဖြစ်ကြသည်။ ညိုမောင်းတုတ်ခိုင်သော နေသော်၏ ခန္ဓာကိုယ်တွင် ကျောက်သားကျောက်စိုင်လို ကြွက်သား အဖုအထစ်များက နေသော့်ကို ယောကျ်ားပီသစေသော ပုံသဏ္ဌာန်ကို ထုဆစ်ပေးထား၏။ လောကတွင် မည်သည့် အလုပ်မဆို ကိုယ့်အလုပ်ကို တည်တည်ကြည်ကြည်၊ ဖြောင့်ဖြောင့်မတ်မတ် လုပ်နေသူတိုင်း ပတ်ဝန်းကျင်မှ အပြောင်အပြက်စကား၊ အနှောင့်အယှက်လုပ်ရပ် စသည်များ လွယ်လွယ်ကူကူ ဝင်မလာနိုင်ချေ။ နေသော်သည် ထိုသို့ နေထိုင်သူဖြစ်သောကြောင့် အခြားဆိုက်ကားသမားများ ရှိန်ကြသည်မှာ မဆန်းပေ။ သို့သော် နေသော်သည် စက္ခုအာရုံကိုသာ ဝတ္ထုစာအုပ်ဆီ ပို့လွှတ်ထားသော်လည်း အကြားအာရုံကိုတော့ သတိမလွှတ်ချေ။ 'ဆိုက်ကားအားသလား' ဆိုတာမျိုးတော့ အကြားအာရုံ လွတ်သွား၍ မဖြစ်ချေ။

❑

အသက်ငယ်ငယ်ရွယ်ရွယ်နှင့် အိမ်ထောင်ကျခဲ့သော မိခိုင်ခမျာလည်း အိမ်ထောင်ရေးကံမကောင်း။ အဖေတစ်ခု သမီးတစ်ခုဘဝတွင် ဖအေက လေဖြတ်နေသော ရောဂါသည်။ အားကိုးစရာ ယောကျ်ားယူမိမှ ယောကျ်ားကလည်း ဆိုင်ကယ်အက်ဆီးဒင့်ဖြစ်ပြီး သေသွားသည်။ ငယ်ငယ်ရွယ်ရွယ်နှင့် မုဆိုးမဖြစ်ခဲ့သော မခိုင်အတွက် အဖတ်တင်တာဟူ၍ ၅ နှစ်သမီးကလေးတစ်ယောက် ကျန်ခဲ့သည်။ သမီးကလေး အခါလည်အရွယ်လောက်တွင် ဖခင်ဆုံးသဖြင့် ဖခင်ကို ဖြူသလား၊ မည်းသလား မသိလိုက်ချေ။ မုဆိုးမဘဝကို သာ ပိုင်ဆိုင်သွားသော မိခိုင်မှာ အသက်ငယ်ငယ် ရုပ်ချောချောဖြစ်သဖြင့် သူ့ဘဝကို လုံခြုံဖို့ ကိုယ့်ဟာကိုယ် သတိနှင့် ကာကွယ်စောင့်ရှောက်နေရသည်။ ယောကျ်ားရှိစဉ်က ထူထောင်ခဲ့သော ကုန်စုံဆိုင်လေးမှာ မုဆိုးမဘဝတွင် ပို၍ ရောင်းအားကောင်းနေ၏။ အတောင်နှစ်ဆယ်ဝတ် ကြီးရွယ်ရွယ် ငယ်ငယ်လတ်လတ် မိခိုင်ဆိုင်တွင် ဝယ်ကြ၏။ မိခိုင်၏ အချောအလှတွင် နစ်မျောပျော်ဝင်ကြသည်ဆိုလျှင် ပို၍မှန်ပါလိမ့်မည်။ မိခိုင်ကလည်း ဈေးသည်ဆိုသောအခါ အရွယ်သုံးပါး မရွေး အလိုက်အထိုက် ဆက်ဆံနေရသည်။ ဈေးဝယ်လာကြသူများထဲတွင် တချို့ ရိုးရိုး၊ တချို့ ဆန်းဆန်း၊ တချို့ ရိတိတိ ကလိတိတိ သွေးတိုးစမ်းကြသည်။ သို့သော် မိခိုင်ကတော့ ကိုယ့်ဖောက်သည်များကို ပြေပြေလျော့လျော့ဖဲ ဆက်ဆံပေးသည်။ ရောင်းသူနှင့် ဝယ်သူ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ မဟုတ်ပါလော။ တချို့ ကိုယ့်အဖေအရွယ်လောက် အန်ကယ်ကြီးတချို့က 'သမီးရေ'၊ 'တူမရေ' ဆိုသည့် နာမ်စားထက် 'ညီမလေး အစ်ကိုကြီးကို စီးကရက်တစ်ဘူးပေးပါ'။

မိခိုင်ကို 'ညီမလေး'ဟု ခေါ်၍ ကိုယ့်ဟာကိုယ် သက္ကရာဇ်ဖြိုချင်သော အန်ကယ်ကြီးတချို့က သူတို့ကိုယ်သူတို့ 'အစ်ကိုကြီး'ဟု ကင်ပွန်းတပ်ကြ၏။ ထို့ပြင် ငွေသည် စိတ္တဇနာမ်ကို အနိုင်ယူနိုင်သည်အထင်ဖြင့် ငါးထောင်တန်တစ်ရွက်ထုတ်ပေးပြီး စီးကရက်တစ်ဘူးကိုယူ၍ ချာခနဲလှည့်ထွက်သွားသည့်စတိုင်မှာ ပြန်အမ်းငွေကို ဂရုမစိုက်သည့်စတိုင်နှင့် သွေးတိုးစမ်း၏။ သို့သော် မိခိုင်သည် ခပ်လွယ်လွယ်၊ ခပ်ပေါ့ပေါ့ မိန်းကလေးမဟုတ်ပါ။ အစောက စီးကရက်ဖိုးထက် ပိုနေသော ပြန်အမ်းငွေကို ဆိုင်ပေါ်မှ ဆင်း၍



www.burmeseclassic.com

www.burmeseclassic.com

လိုက်အမ်းတတ်၏။ တချို့ကျတော့လည်း ဥပါယ်တံမျဉ်ဖြစ်၏။

'မိခိုင်ရေ… သမီးကလေးက နောက်နှစ်ဆိုရင် မူလတန်းတက်ရတော့မှာဆိုတော့ ဟောဒီမှာ ဗလာစာအုပ်နဲ့ ခဲတံ။ ပညာရေးဒါနအဖြစ် လာလှူတာပါကွာ'

ထိုသို့သော လူများကိုတော့ မိခိုင်က ပီယဝါစာလေးနှင့်-

'သြော်… ကျေးဇူးတင်ပါတယ်ရှင်။ ဒါပေမဲ့ လက်တော့မခံပါရစေနဲ့။ ကျွန်မဆိုင်မှာ စာရေးကိရိယာအစုံအလင်ရှိပါတယ်။ ကျွန်မက ကျွန်မသမီးလေးကို ကျွန်မ ချွေးနဲ့စာနဲ့ ထူထောင်ဖို့ ဆုံးဖြတ်ထားလို့ပါနော်'

အသက်ငယ်ငယ် မုဆိုးမတစ်ယောက်အနေနှင့် ကိုယ့်ဘဝကိုယ် လုံခြုံဖို့ နှလုံးသားထက် ဦးနှောက်နှင့် ကာရံနေရသည်။ ကိုယ့်ရုပ်၊ ကိုယ့်ရည်၊ ကိုယ့်အသက်အရွယ်က တစ်ပင်ထူဖို့ အခက်အခဲမရှိပေ။ သို့သော် သမီးလေး အနာဂတ်က ရှိသေးသည်။ အိမ်ထောင်မှု၊ ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး ဆိုသလို ချက်မပိုင်က တစ်ဘဝစာ မျောရမည်ဖြစ်၏။ ကလေးတစ်ယောက်နှင့် မုဆိုးမပင်ဖြစ်လင့်ကစား မိန်းမသဘာဝပီပီ ကိုယ်ချောတာ၊ ကိုယ်လှတာကိုလည်း သတိမပြုဘဲနေပါမည်လော။ မိခိုင် ကုန်စုံဆိုင်က ဆိုက်ကားဂိတ်နှင့်ဝေးလှ။ ကိုယ့်ဆိုင်အတွက် လိုအပ်သောပစ္စည်းများ သွားယေ်လျှင် ဆိုက်ကားဂိတ်မှ ဖြတ်လျှောက်ရ၏။ ထိုအခါ လူစုံ၊ စရိုက်စုံများဆီမှ-

'ညီမလေး ဈေးဝယ်လား'

'ညီမလေး သိပ်လှတယ်ကွာ'

စသဖြင့် တိုးတိုးတစ်ဖုံ၊ ကျယ်ကျယ်တစ်မျိုး အစအနောက်ခံရလေ့ရှိ၏။ သို့သော် မိခိုင်ကတော့ ခြေလှမ်းမပျက်၊ ကိုယ်သွားစရာရှိသည်ကို ဣန္ဒြေရရပင် သွားလေ့ရှိ၏။ အသံဆိုသည်မှာ အသားကပ်ပါနိုင်သောအရာ မဟုတ်ဟု မိခိုင် နှလုံးသွင်းထားသည်။ ဆိုက်ကားဂိတ် တစ်ခုလုံးတွင် နေသော်တစ်ယောက်သာ ကိုယ့်ဆိုက်ကားပေါ် ကိုယ်ထိုင်ရင်း ကျောက်ရုပ်တစ်ရုပ်လို ဝတ္ထုစာအုပ် ဖတ်နေတတ်သည်။ သူတို့ဘာသာသူတို့ ဘယ်သူ့ကိုစစ၊ ဘယ်သူ့ကိုနောက်နောက်၊ လှည့်ကြည့်ဖို့နေနေသာသာ ဖုတ်လေတဲ့ ငါးပိ ရှိသည်လို့ပင် မမှတ်ချေ။

❑

ယနေ့ ဆိုက်ကားဂိတ်တွင် ဖိုးလွင် စောစောစီးစီး ယမကာနံ့များ ထောင်းထောင်းထ,နေသည်။ အာလေးလျှာလေးနှင့်-

'မနေ့ညက ဆိုက်ကားအော်ဒါရတယ်လေကွာ။ အရှေ့ဘိလပ်မြေစက်ရုံကို ခရီးသည်နှစ်ယောက်၊ ရှစ်ထောင်ရတယ် ဟဲဟဲ၊ ဒါကြောင့် ဒါကြောင့်'

ဖိုးလွင် မနက်ခင်းကြီးတွင် လေရနေသည်။ ဆိုက်ကားဂိတ်တစ်ခုလုံးတွင် သူ့အသံက ကျယ်လောင်ကျယ်လောင် ဖြစ်နေသည်။ တချို့ဆိုက်ကားသမားများက ကျားထိုးသူထိုး၊ ဖိုက်ဆံပစ်သူပစ်နှင့် ခရီးသည် မငှားမချင်း ကိုယ့်အလုပ်နှင့်ကိုယ်။ ထိုစဉ် ယမကာအရှိန်တက်နေသော ဖိုးလွင်မှာ တစ်စုံတစ်ရာကို မြင်လိုက်သည်နှင့် ပုဆိုးကို ပြင်ဝတ်ကာ ရပ်နေသည်။ သူမြင်လိုက်သော တစ်စုံတစ်ရာမှာ မုဆိုးမငယ်ငယ်ချောချောလေး မိခိုင် ဈေးဝယ်ထွက်လာခြင်း ဖြစ်၏။ လက်ဆွဲခြင်းကို တစ်ဖက်က ကိုင်၍ လျှောက်လာသော မိခိုင်မှာ အပျိုကလေးနှင့်ပင် တူနေသေး၏။ ဆိုက်ကားဂိတ်ရှေ့ ရောက်လာသော မိခိုင်ဆီကို ဖိုးလွင် မူးမူးရူးရူးနှင့် တိုးကပ်သွားပြီး-

'ညီမလေး ဈေးဝယ်သွားမလို့လား'

မိခိုင်က ဖိုးလွင်၏ စကားကို တစ်စုံတစ်ရာတုံ့ပြန်မှုမပေးဘဲ ခပ်မှန်မှန်ပင် လျှောက်နေသည်။ အရက်နံ့ကို မခံနိုင်သောကြောင့် အားနေသောလက်တစ်ဖက်နှင့် နှာခေါင်းကိုပိတ်ကာ ပို၍ခပ်သွက်သွက်လျှောက်လိုက်သည်။ အရက်သမား ဖိုးလွင်က အတင့်ရဲစွာ ပူးကပ်လာပြီး မိခိုင်လက်ထဲမှ ခြင်းတောင်းကိုဆွဲကာ-

'အစ်ကိုကြီးက ညီမလေး ဈေးဝယ်တာကို ကူသယ်ပေးမလို့ပါ။ ဟဲဟဲဟဲ အစ်ကိုကြီးက စေတနာနဲ့ပါနော်'

'အို… မလိုပါဘူးရှင်၊ ကျွန်မဟာကျွန်မ သယ်နိုင်တယ်။ ကျွန်မခြင်းတောင်းကို လွှတ်လိုက်ပါ'

'အို… ဟိုဟိုဟို၊ ညီမလေးကလည်း အစ်ကိုကြီးက ဟောဒီ ညီမလေးကို ချစ်လို့ကူညီတာပါကွယ်၊ ကဲပေးပေး လက်ဆွဲခြင်း'

ဖိုးလွင်က တစ်ဆင့်ချင်း ဇာတ်ရှိန်တက်လာသည်။ မိခိုင်လက်ထဲမှ ခြင်းတောင်းကို ဆွဲယူလိုက်သည်။

'ကျွန်မ ခြင်းတောင်း ပြန်ပေးပါ။ မူးနေရင်လည်း အေးအေး အိပ်နေပါလား'

လက်ဆွဲခြင်းကို ဖိုးလွင်လက်ထဲမှ မိခိုင်က ပြန်လုသည်။ ဖိုးလွင်နှင့် မိခိုင် လက်ဆွဲခြင်းကို သူတစ်ပြန်ကိုယ်တစ်ပြန် လုနေရာမှ မိခိုင်မျက်နှာ ရဲခနဲဖြစ်ပြီး ထိုင်ငိုလိုက်ချိန်တွင်-

'ဖြောင်း…'

'အား…'

ရုတ်တရက် ဖိုးလွင် ဦးခေါင်းတွင် ပူခနဲ ဖြစ်သွားပြီး မြေကြီးပေါ်သို့ လဲကျသတိလစ်သွား၏။ ဦးခေါင်းတစ်ခုလုံးလည်း သွေးခြင်းခြင်းနီသွား၏။ မည်သည့်အရှိန်အဟုန်နှင့် မည်သို့ရောက်လာမှန်းမသိသော ဆိုက်ကားသမား နေသော်၊ သူ့လက်ထဲတွင် နှစ်တစ်လက်မ အသားချောင်းတစ်ချောင်းကိုကိုင်လျက်။ ရုတ်တရက်မြင်ကွင်းကြောင့် မိခိုင် ထိတ်လန့်သွားကာ ငိုလက်စမျက်ရည်များ ဆွံ့အ,သွား၏။ ကြောက်ရွံ့စိတ်ကြောင့် ခန္ဓာကိုယ် ဆတ်ဆတ်တုန်ခါနေ၏။ တစ်အောင့်လောက်ကြာမှ မိခိုင် သတိပြန်ဝင်လာကာ လက်ဆွဲခြင်းကို ကောက်အကိုင်တွင်-

'ဒီမယ် ကျုပ် ခင်ဗျားကို မသိဘူး။ မတရားဘူးထင်လို့ ဝင်ရိုက်တာ။ ဒီ



www.burmeseclassic.com

www.burmeseclassic.com

ကောင်တွေ ကောင်းတဲ့ ကောင်တွေ မဟုတ်ဘူး။ နောက်ကို အဖော်လေးဘာလေးနဲ့သွား'

နေသော့်စကားက ရိုးရိုးရှင်းရှင်းဖြစ်သည်။ သူပြောတတ်သလို ပြောလိုက်ခြင်းဖြစ်သည်။ ထိုသို့ ပြောပြီး ချာခနဲ လှည့်ထွက်ကာ သူ့ဆိုက်ကားပေါ် ပြန်ထိုင်ပြီး ဖတ်လက်စ ဝတ္ထုစာအုပ်ကို ဆက်ဖတ်နေ၏။ အစောကကိစ္စ ဘာမှမဖြစ်ခဲ့သလို မြေကြီးပေါ် ဒဏ်ရာနှင့် လဲကျနေသော ဖိုးလွင်ကိုတော့ အခြားဆိုက်ကားသမားနှစ်ဦးက ဆေးခန်းသို့ ခေါ်ဆောင်သွားသည်။ ယခုကိစ္စ နေသော့်ကို မည်သူမှ အတွန့်မတက်ရဲကြ။ မိခိုင် ဈေးမဝယ်ဖြစ်တော့။ အိမ်သို့ ခပ်သုတ်သုတ် ပြန်လာရင်း သောက်ရေတစ်ခွက် အမောတကောသောက်လိုက်သည်။ မိန်းမသားတစ်ယောက်အနေနှင့် စဉ်းစားမိတိုင်း အရှက်တကွဲကိစ္စ၊ ပြီးတော့ နေသော့်စကားတချို့ နားထဲ ပြန်ကြားယောင်မိသည်။ သူ့လို ငယ်ငယ်ချောချောလှလှ မုဆိုးမတစ်ယောက်ကို ကူညီချင်ကြသူ ပုရိသတွေ ရိုက်သတ်၍ မကုန်။ ခုနကကိစ္စမျိုးဆိုလျှင် 'ညီမလေး ဘာဖြစ်သွားသေးလဲ၊ အစ်ကိုကြီး လိုက်ပို့ပေးမယ်၊ ဒီကောင်တွေ နမခြင်းမစာနာဘူး'ဆိုသည့် မြောင်းမပေးဘဲ ရေတွေ ဒလဟော စီးလာမည်ဖြစ်သည်။ အခုတော့ သူ့ကို ကူညီလိုက်သူက သူ့မျက်နှာပင် စေ့စေ့ကြည့်မသွား။ ကဗျာမဖွဲ့၊ စာမချွဲသည့် စကားလုံးအနည်းငယ်သာ ပြောပြီး ထွက်သွားသည်။ မိခိုင် ဘာရယ်ညာရယ်မဟုတ် တွေးမိရင်း သူ့နှုတ်ခမ်းမှာ အပြုံးတစ်ချက် ပွင့်သွားသည်။ သူ့ကိုယ်သူလည်း ဘာကြောင့် ပြုံးမိလိုက်မှန်း အဖြေရှာမရပါချေ။

❑

မိခိုင် ဟင်းချိုမှုန့် လက်လီထုပ်ကလေးများ ထုပ်ရင်းနှင့် အချိန်ကုန်မှန်းမသိ ကုန်သွားသည်။ နောက်မှ သတိရ၍ နာရီကို လှမ်းကြည့်လိုက်သောအခါ ညနေ ၃ နာရီခွဲနေပြီဖြစ်၏။ သမီးကလေး ကျောင်းသွားကြိုရမည်ကို သတိလွတ်သွား၏။ သမီးကလေးတစ်ယောက်တည်း ကျောင်းတွင် မိခင်ကို မျှော်နေပြီဖြစ်ကြောင်း စဉ်းစားရင်း ကမန်းကတမ်း ထ,လိုက်သည်။ ထိုစဉ် အိမ်နီးချင်းဖြစ်သော မအေးမူတစ်ယောက် မိခိုင်ဆီသို့ ထိတ်လန့်တကြား ပြေးလာရင်း-

'မိခိုင်ရေ… ဒုက္ခပဲအေး၊ မိခိုင် နင့်သမီးလေး…'

မအေးမူစကားက ပျာယီးပျာယာနိုင်လှသည့်အပြင် အဆုံးမသတ်ဘဲ'နင့်သမီးလေး' တွင် ရပ်သွားသောကြောင့် မိခိုင်ရင်ထဲ ဒိန်းခနဲ မြည်ဟည်းသွားပြီး မျက်လုံးများ ပြာဝေသွားသည်။ သတိလစ်မသွားအောင် ထိန်းချုပ်ရင်း-

'ကျွန်မ ကျွန်မ သမီးကလေး ဘာဖြစ်လဲ မအေးမူ၊ ဘုရား… ဘုရား ဘာဖြစ်သလဲ ဆက်ပြောလေ မအေးမူရဲ့'

'သမီးကလေးက ကျောင်းဆင်းတော့ သူ့ဟာသူ လမ်းလျှောက်ပြန်အလာမှာ ကားတစ်စီးနဲ့ ပွတ်တိုက်မိတာတဲ့။ အဲဒါ ကားသမားတွေက ကလေးကိုမကြည့်ဘဲ မောင်းပြေးဖို့အလုပ်မှာ ကားရှေ့တည့်တည့်ကို ဆိုက်ကားတစ်စီး လာရပ်ပြီး အဲဒီဆိုက်ကားသမားက တာဝန်မဲ့ ထွက်မပြေးဖို့၊ ကလေးကို ဆေးရုံပို့ဖို့ ပြောရင်းနဲ့ ကားသမားတွေက မူးနေတော့ စကားများပြီး ရိုက်ကုန်ကြတယ်တဲ့။ ဆိုက်ကားသမားက ရိုက်ခဲ့တာ လူသုံးယောက်လုံး လဲကျနေတယ်တဲ့။ နောက်ပြီး သမီးကလေးကို သူ့ဆိုက်ကားပေါ် တင်ပြီး ဆေးရုံဘက် နင်းသွားတယ်တဲ့။ အဲဒီနားက မြင်လိုက်တဲ့ လူတွေက ငါ့ကို အကုန်ပြောပြလို့ အခု နင့်ဆီပြေးလာတာ'

'ဘုရား ဘုရား၊ သမီးကလေး ဘာမှမဖြစ်ပါစေနဲ့။ ကဲ မအေးမူ တစ်လက်စတည်း ကျွန်မနဲ့ ဆေးရုံလိုက်ခဲ့၊ သွားရအောင်'

မိခိုင်ရင်တွေ ဗလောင်ဆူနေသည်။ ဖတဆိုး သမီးကလေးမို့ ပိုချစ်ရ၏။ မအေးမူနှင့် မိခိုင်တို့ ဆေးရုံသို့ မပြေးရုံတမည် ခြေလှမ်းများဖြင့် သွားနေကြသည်။ မြို့ကလေးက ငယ်တော့ ဆေးရုံက တစ်ခုတည်းမို့ တော်သေးသည်။ ဆေးရုံထဲ ရောက်ရောက်ချင်း မေးမြန်းစုံစမ်းလိုက်သောအခါ သမီးကလေးအခန်းကို သိလိုက်ရ၏။ ထိုအခန်းသို့ မိခိုင် အပြေးသွားကာ ဝင်လိုက်တော့ သမီးကလေး အခြေအနေမှာ ဆိုးဆိုးရွားရွားမဟုတ်၊ မိခင်ကို မြင်လိုက်သည်နှင့်-

'မေမေ'

'သမီးကလေး'

မိခိုင်က ခုတင်ပေါ်မှ သမီးကလေးကို ပြေးဖက်လိုက်သည်။ အနီးရှိ သူနာပြုဆရာမက-

'သိပ်ဆိုးဆိုးရွားရွား မဟုတ်ပါဘူး။ ကားက ပွတ်ဆွဲသွားတာ၊ နည်းနည်းပါးပါး ပွန်းရုံပဲရှိလောက်ပါ'

'ကျေးဇူးတင်ပါတယ် ဆရာမရယ်၊ ဒါနဲ့ သမီးကလေးကို ဆေးရုံလိုက်ပို့တဲ့ သူကိုရော ဆရာမ သိသလားဟင်'

သူနာပြုဆရာမက မိခိုင်ကို ခေါင်းခါယမ်းပြပြီး-

'နာမည်တော့ မသိလိုက်ဘူး၊ ဆိုက်ကားသမားလို့ ပြောတယ်။ သူ့မှာလည်း ဒဏ်ရာဒဏ်ချက်တွေနဲ့ ကျွန်မတို့က ဆေးထည့်ဖို့ ပြောတာတောင် လက်မခံဘဲ သူနဲ့ ရန်ဖြစ်ခဲ့တဲ့သူတွေထဲက တစ်ယောက်ယောက် သေမလား၊ ရှင်မလား မပြောနိုင်ဘူးတဲ့၊ အခု ကျွန်တော် ရဲစခန်းသွားပြီး အဖမ်းခံတော့ ဆိုပြီး ထွက်သွားတာပဲ'

မိခိုင်လည်း စဉ်းစား မရ၊ သမီးကလေးကို ဆေးရုံ ပို့ပေးသူကို အနည်းဆုံး ကျေးဇူးတင်စကားလောက် တော့ ပြောချင်သေးသည်။ ဆိုက်ကားသမားဆိုတော့ မေးကြည့်ရင်လည်း သိနိုင် မည်ဟု တွေးကာ ရင်ခွင်ထဲ သမီးကလေးကို ပို၍တင်း ကျပ်စွာ ဖက်ထားလိုက်မိ တော့သည်။

❑

သည်နေ့ သမီးကလေး ကျောင်းပိတ်ရက်ဖြစ်သည် သမီးကလေးကို ...



www.burmeseclassic.com

www.burmeseclassic.com

သော ဆိုက်ကားသမားကို ရဲစခန်းသို့ သွားပြီး စုံစမ်းကာ ကျေးဇူးတင်ကြောင်းပြောရင်း ဖြင့် မုန့်ပဲသရေစာများပေးမည် ဖြစ်၏။ သမီးကလေးကို လက်ဆွဲ၍ မိခိုင် ထွက်လာခဲ့သည်။ ဈေးဝယ်လျှင် ဖြတ်သွားနေကျဖြစ်သော ဆိုက်ကားဂိတ်ရှေ့အရောက်တွင် မိခိုင်ကို စ,မည့်နောက်မည့် အသံဗလံများ မကြားရတော့ချေ။ သို့သော် မသိမသာဆိုသလို တစ်ခါက သူ့အား ကူညီခဲ့သူ နေသော်ကို တွေ့လိုတွေ့ငြား ရှာကြည့်မိသည်။ တကယ်ဆိုလျှင် နေသော့်မျက်နှာကိုလည်း မိခိုင် အလွတ်မရခဲ့။ ဆိုက်ကားဂိတ်ရှိ ဆိုက်ကားသမားများ ကျားထိုးသူ၊ ပိုက်ဆံပစ်သူနှင့် ဟေးလားဝါးလားသမားတွေသာ တွေ့ရသည်။ ထိုအထဲတွင်တော့ နေသော် မပါနိုင်ဟု မိခိုင် တွေးကြည့်သည်။ ရှိနေသည့် ဆိုက်ကားသမားများကိုလည်း မေးမကြည့်ရဲပါ။ ထို့ကြောင့် သမီးကလေးလက်ဆွဲ၍ ရှေ့ဆက်လျှောက်လာသည်။

'မေမေ သမီးတို့ ဘယ်ကိုသွားမှာလဲဟင်'

'ဟိုလေ သမီးရဲ့၊ ဟိုတစ်ခါတုန်းက သမီးလေးကျောင်းအဆင်း တစ်ယောက်တည်း ပြန်လာတုန်း ကားနဲ့တိုက်မိတော့ သမီးကလေးကို ဆေးရုံလိုက်ပို့တဲ့ ဦးဦးကို သွားပြီး မုန့်တွေပေးမလို့လေ။ အဲဒီ ဦးဦးကြောင့် သမီးဒဏ်ရာတွေ ပျောက်သွားတာလေ'

'ဟုတ်လား မေမေ၊ အဲဒီ ဦးဦးက ကျေးဇူးရှင်ပေါ့'

'ဒါပေါ့ သမီးရဲ့'

မိခင်နှင့် သမီး စကားတပြောပြောနှင့် လျှောက်လာခဲ့ရာ ရဲစခန်းသို့ ရောက်လာခဲ့သည်။ မိခိုင်က တာဝန်ကျ ရဲတစ်ဦးအား-

'ဒီမှာရှင့်၊ ပြီးခဲ့တဲ့ တစ်ပတ်လောက်က အမှတ် ၈ အ.မ.ကကျောင်းသေးမှာ ကလေးကို ကားနဲ့တိုက်မိပြီး မောင်းပြေးဖို့ လုပ်တဲ့ ကားသမားတွေနဲ့ ရိုက်ပွဲဖြစ်ခဲ့တဲ့ ဆိုက်ကားသမားနဲ့ တွေ့ချင်လို့ပါ'

'လာ... နောက်က လိုက်ခဲ့'

တာဝန်ကျ ရဲက မိခိုင်တို့ကို သူ့နောက်မှ လိုက်ခဲ့ရန် ခေါ်ဆောင်သွားသည်။ အချုပ်ခန်းတစ်ခန်းရှေ့အရောက်တွင် တာဝန်ကျ ရဲက-

'နေသော် ဧည့်သည် တွေ့မယ်'

တာဝန်ကျ ရဲ၏ အော်သံကြောင့် အချုပ်ခန်းတစ်နေရာတွင် ထိုင်နေသော နေသော် ထ,လာပြီး အချုပ်ခန်းသံတိုင်လက်ရန်းကို ကိုင်ရင်း မိခိုင်တို့သားအမိကို ကြည့်လိုက်သည်။ မိခိုင်ကလည်း နေသော့်မျက်နှာကို ကြည့်လိုက်သည်။ နေသော့်မျက်နှာပေါ်တွင် မည်သည့် ခံစားချက်မှ ရှာမတွေ့ချေ။ မိခိုင်က-

'ကျွန်မသမီးလေးကို ကားနဲ့တိုက်မိတုန်းက ဆေးရုံလိုက်ပို့သူ မဟုတ်လားဟင်'

မိခိုင်က ထိုသို့ မေးလိုက်သောအခါ နေသော် တစ်ချက်တွေဝေသွားသည်။ ခဏနေမှ သတိရလာပြီး-

'ဟုတ်တယ်၊ ဒါခင်ဗျားသမီးလား၊ တော်သေးတာပေါ့ ကျုပ်နဲ့တွေ့လို့။ ဟိုကောင်တွေ အတော်ရိုင်းစိုင်းတယ်ဗျာ'

'အခုလို ကူညီတာကို ကျွန်မ ကျေးဇူးတင်ပါတယ်ရှင်။ ဟိုတစ်ခါကလည်း ဆိုက်ကားဂိတ်မှာ အရက်သမားက အနှောင့်အယှက်ပေးတုန်းကလည်း ဝင်ရိုက်ပစ်တာ ရှင်ပဲ ထင်တယ်'

ဒီတစ်ခါလည်း နေသော် ပြန်စဉ်းစားရပြန်သည်။ သူလုပ်ခဲ့သမျှတွေကို တစ်စုံတစ်ရာမျှော်လင့်ချက်နှင့် လုပ်ခဲ့တာ မဟုတ်သဖြင့် သူ့ဦးနှောက်တွင် စွဲထင်မကျန်ရစ်ခဲ့။ သို့သော် စဉ်းစားရင်း ပြန်သတိရလာတော့-

'ဩ... အဲဒါ ခင်ဗျားလား၊ အဲဒီတုန်းက ခင်ဗျားကို သေချာတောင် မကြည့်မိဘူး။ ကျေးဇူးမတင်ပါနဲ့ဗျာ။ မတရားတာမြင်ရင် ကျုပ်မနေတတ်လို့ပါ'

နေသော့်စကားက ရိုးရှင်းသည်။ လုပ်ကြံမှုမပါသော ရင်ထဲမှ တိုက်ရိုက်နှုတ်ခမ်းပေါ်ရောက်လာသော စကားများဖြစ်၏။ မုသားကင်း၏။ နေသော်၏ ပြောတတ်သလိုပြောသောစကားများကပင် မိခိုင်ရင်ကို ကဗျာတစ်ပုဒ်ဝင်စိုက်သလို ထင်မိ၏။ စိတ်ခံစားမှုဆိုသည်မှာ တစ်ယောက်နှင့်တစ်ယောက် တစ်သွေးတည်း၊ တစ်ရောင်တည်း မဖြစ်ချေ။ မိခိုင်က-

'အိမ်ထောင်ရှိလားဟင်'

'ဆုံးသွားတာ ကြာပါပြီ'

အမေးနှင့် အဖြေ တိရိပြတ်သားသည်၊ ကျစ်လျစ်သည်၊ အပိုဆာလာမပါ။ ဒါကပင် ရိုးသားခြင်း အလှတရားတစ်ခု။ မိခိုင်က လက်ထဲမှ ဝယ်လာသော မုန့်ပဲသရေစာများကို နေသော့် လက်ထဲသို့ ထည့်ပေးလိုက်သည်။ တစ်ပြိုင်နက်တည်းပင် ဆုံးဖြတ်ချက်တစ်ခုက ရင်ထဲသို့ အလိုလို ရောက်လာသည်။ မိခိုင်နှုတ်ဖျားသို့ မည်သို့မည်ပုံ တွန်းထွက်လာမှန်း မသိလိုက်သော စကားက-

'ကျွန်မ ရှင့်ကို နာမည်တောင်မသိသေးပါဘူး။ ဒါပေမဲ့ ရှင်လွတ်လာတဲ့နေ့ ကျွန်မ ရှင့်ကို လက်ထပ်မယ်ရှင်'

ကိုယ့်စကားကိုယ် နှလုံးသားနှင့် ပြောလိုက်မိသလား၊ ဦးနှောက်နှင့် ပြောလိုက်မိသလားဆိုတာကိုပင် မိခိုင်မရေရာ။ ပြောပြောဆိုဆိုနှင့် သမီးကလေး လက်ဆွဲပြီး ထွက်ခွာခဲ့သည်။ အချုပ်ခန်းသံတိုင်ကို ကိုင်၍ တွေတွေကြီးရပ်နေသော နေသော်၏ ရင်ထဲက ရေအိုင်ထဲမှာတော့ ခဲတစ်လုံးကျသွားပြီး ဂယက်ထ,သွားသည်ကိုတော့ မိခိုင် တစ်ယောက် မသိနိုင်ပါချေ။ မိခိုင်ရင်ထဲမှာ တစ်ပင်ထူဖို့ အဆင်သင့်ဖြစ်နေပါပြီ။ မည်သို့ပင်ဖြစ်စေ အချစ်ဆိုသည်မှာ လိုအပ်လာလျှင် လျှပ်ပြက်လိုက်သလို၊ မိုးထစ်ချုန်းလိုက်သလို တစ်ထောင့်တစ်နေရာမှ အဖုအထစ်ကင်းကင်း ပေါ်ထွက်လာတတ်သည် မဟုတ်ပါလော...။

■

**မောင်သစ်လှိုင်း**



www.burmeseclassic.com

www.burmeseclassic.com

# ဥစာရေ...

ဦးစန္ဒိမာ၊ စလင်း၊

မန္တလေးသွားနေခိုက် ည ၈ နာရီ လောက် ဖုန်းသံမြည်လာလို့ ကိုင်လိုက်တော့ ဆင်ဖြူကျွန်းက ဦးဓမ္မိကအသံ ဖြစ်နေပါရောလား။

'ဆရာတော်၊ နန္ဒာစိုးကြီးတော့ ဒီနေ့ (၇.၃.၂၀၁၇) ညနေ ၃ နာရီ ၃၇ မိနစ်မှာ ဆုံးသွားရှာပြီ'

ဆိုတဲ့သတင်း အသိပေးပါတယ်။ 'သြော်...ဟုတ်လား'ဆိုပြီး အသံထွက်လိုက်မိရဲ့။ မိမိအနေနဲ့ ထူးပြီး မအံ့သြမိတာက နန္ဒာစိုးအခြေအနေကို သိပြီးနေလို့ပါပဲ။ သူ တရှောင်ရှောင်ဖြစ်နေတာ ကြာပြီဆိုတော့ မအံ့သြမိပါဘူး။ သူ့ရောဂါက ကုမရတဲ့ အသည်းကင်ဆာဆိုတာ သိနေလို့လေ။ အသားက ပြာနှမ်းနှမ်း၊ ဗိုက်ကလေးက ပူပူ၊ ညောင်ညိုညိုနဲ့ဟာကိုး။ အသောက်ကလည်း ပြတ်လိုက်ပြန်သောက်လိုက်နဲ့။ သင်းကလေးတော့ အသက်ရှည်မှာ မဟုတ်ဘူးလို့ ထင်လာခဲ့တာ ဟုတ်လား။

စာရေးသူက သူ့ဆီ မကြာခဏ ရောက်တယ်။ အားပေးစကားတွေလည်း ပြော ဖြစ်တယ်လေ။ အသည်းကင်ဆာ ဖြစ်နေတယ်ဆိုတာ သူ့ဇနီး ခင်မိုးနှင်းက ပြောပြတော့ 'ဟေ၊ ဟုတ်လား။ သူ မသိစေနဲ့နော်'လို့ ပြောရတယ်။ 'ဘယ်အသိခံလိမ့်မတုံးဘုရား၊ ဘုန်းဘုန်းသာ ကိုယ့်ဆရာသမားမို့လို့ တိုးတိုးတိတ်တိတ် သူ့ကွယ်ရာ လျှောက်ရတာ'တဲ့လေ။ အဲဒီအခေါက်က ပြန်ခါနီး အားပေးစကားဆိုခဲ့ပါသေးတယ်။ 'ဥစာ၊ နင်ဟာလေ ရိုက်သတ်လို့တောင် သေမယ့်အကောင် မဟုတ်ဘူး'လို့။ ဒီတော့ သူက ယဲ့ယဲ့လေး ပြုံးရယ်နေရှာရဲ့။

မှတ်မှတ်ရရ ၇.၂.၂၀၁၇ နေ့ နံနက် ၁၀ နာရီက စလင်းမြို့မှာထား ရှိမယ့် ဗိုလ်ချုပ်ကြေးရုပ် သယ်ဆောင်လာတာသွားကြိုတဲ့နေ့ကပေါ့။ မောင်ဆ ယျာလွင်ရဲ့ကားနဲ့ ဦးဣန္ဒကလည်းပါရဲ့၊ ကိုလတ်လည်းပါရဲ့၊ ကြည်လင်းလည်းပါရဲ့။ ပိုပြီး မှတ်မိတာက အဲဒီနေ့က နေ့ဆွမ်းလွတ်ခဲ့ရတယ် ဆိုတာပါပဲ။

ကဗျာဆရာ ငွေးကြည်တို့၊ နန္ဒာစိုးတို့ဆိုတာက မိမိနဲ့ဆရာတပည့်တွေ လို့နေတာ ဟုတ်လား။ ငွေးကြည်က မိမိထက် ၆ နှစ်လောက်၊ နန္ဒာစိုးက ၂ နှစ်လောက် အသက်ကြီးကြတယ်လေ။ နို့ပေမဲ့ သူတို့ကို နင်ဟယ်၊ ငါဟယ်ပဲ ပြောတာ ဆိုတာ နှုတ်ကျိုးနေတော့ နင် ဟယ် ငါဟယ်ပဲပြောရမှ အရသာရှိတာကလား၊ လေးလေးစားစား ပင် ခံတွင်းတွေ့တာကလား။ သူတို့နှစ်ယောက်မှာ တစ်ယောက်က အရှုး၊ တစ် ယောက်က အမူး။ အရေးထဲ မတော်မတည့်တာရှိရင် မာန်ရ ငေါက်ရသေးတာ...

နန္ဒာစိုး နာမည်ရင်းက မြင့်စိုးတဲ့။ သူတို့က ညီအစ်ကိုနှစ်ယောက်တည်း... နန္ဒာစိုးကို ၁၃၂၄ ခုနှစ် တော်သလင်းလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့ နံနက် ... ၁း၂၀ နာရီမှာ ဆင်ဖြူကျွန်းမှာ မွေးပါတယ်။ 'ဥစာ'လို့ တွင်တာက သောင်းမြောင်း... ထွေလာ ရယ်စရာမဂ္ဂဇင်းမှာ တစ်လစာ ဥစာမှတ်တမ်းဆိုပြီး ရယ်စရာ ... သောလုံးတွေနဲ့ ကလိပြီး သရော်တော်တော် ရေးခဲ့တာကို အကြောင်းပြုပြီး ခင်... ရင်းနှီးသူတွေက 'ဥစာ'လို့ ခေါ်တာကလား။ ပြီးတော့ ချစ်စနိုးနဲ့ နန္ဒာ... လည်း ရင်းနှီးသူတွေက ခေါ်ကြသေးတယ်။ နန္ဒာစိုးကလောင်အမည်နဲ့ ... တွေလည်း ရှိရဲ့။ ဥစာ ကလောင်နဲ့ကလည်း လက်သံပြောင်သလား ... တစ်လလုံးအတွက် ရယ်စရာရက်စွဲ အကြောင်းအရာတွေ စုစည်းရေး... ဒီ...



www.burmeseclassic.com

www.burmeseclassic.com

က မလွယ်လှဘူး။ လစဉ်သူမို့ ရေးနိုင်တာ။ မဂ္ဂဇင်းကြီးတွေမှာ ရသစာတမ်းတွေ၊ ဝတ္ထုတို၊ ဝတ္ထုရှည်တွေလည်း ရေးတယ်။ အရေးအသားကလည်း ကောင်းတယ်။ ရှင်းရှင်းသွက်သွက်၊ ကွင်းကွင်းကွက်ကွက် ရှိလှတယ်။ အထူးသဖြင့် ရွှေအမြုတေ ရသစုံမဂ္ဂဇင်းကြီးမှာ အရေးများတယ်လေ။ အဖွဲ့အနွဲ့ ပြေပြစ်ချောမောမှုလည်း ရှိရဲ့။ ဇာတ်ရုပ်ဇာတ်ကွက်၊ ခြေဆင်း ခြေသိမ်း၊ အလှည့်အပြောင်းလည်း ကျွမ်းကျင်ရဲ့။ သူပြောချင်တာတွေလည်း ရောက်အောင် ရေးဖွဲ့ ဆွဲခေါ်နိုင်ရဲ့။ စာရေးတဲ့နေရာမှာလည်း ဝတ္ထုတစ်ပုဒ်ကို အကြာကြီးရေးနေတာ မဟုတ်ဘူး။ စာကြောင်းပေကြောင်း ပြောဆိုဆွေးနွေးကြပြီဆိုရင်လည်း အကြောင်းအကျိုး၊ အကိုးအကား ခိုင်လုံသလား မမေးနဲ့။ စာဖတ်အားကလည်း လွတ်ကောင်းတာကလား။ ဆရာကြီး ရွှေဥဒေါင်းရဲ့ အဖွဲ့အနွဲ့ အစီအကုံး အရေးအသားတွေ အာဂုံရနေမင့်ဟာကိုး။ တစ်သက်တာ မှတ်တမ်းဆိုရင် ဘယ်နေရာကောက်မေးလိုက်မေးလိုက် တသီကြီးအာဂုံရွတ်ပြပါ လိမ့်မယ်။

အဲ ဘုဂလန့်ကတော့ အလွန်ပြောတဲ့လူ။ မူးရင် အလွန်သွေးဆိုးတဲ့လူ။ နတ်နေကိုင်း မချန်တဲ့လူ။ အမူးပြေရင်တော့ သူ မဟုတ်သလိုပါပဲ။ အဲသလိုလူပါဆို။ သူ့အသက်ရှည်ပါစေတော့၊ စာတွေရေးပါစေတော့ဆိုပြီး စာရေးသူက ကျောင်းခေါ်ပြီး ဒုလ္လဘရဟန်းခံပေးဖူးရဲ့။ ၆ လလောက်တော့ ဟုတ်လို့။ စာဖတ်စာရေး အလုပ်ဖြစ်သလားမမေးနဲ့။ ညနေတိုင်း လက်ဖက်ခြောက် အများကြီးခတ်ထားတဲ့ ရေနွေးကြမ်းတစ်အိုးနဲ့ ဆေးလိပ်နဲ့ ငြိမ့်လို့။ လူထွက်တဲ့နေ့ကစပြီး ဆင်ဖြူကျွန်းတောင် မရောက်ဘူး၊ လမ်းမှာတင် ဗွေဖောက်ရော။

စာပေဆုတွေဆိုလည်း မနည်းဘူးရယ်။ မိုးမိုးအင်းလျားစာပေဆု၊ ပခုက္ကူဦးအုန်းဖေစာပေဆု၊ မြတ်မိခင်စာပေဆု၊ စာပေဗိမာန်ဆု၊ အမျိုးသားစာပေဆုတွေ ရတိုင်း သူ့ကိုစာရေးသူက ထပ်ဆင့် ဆုချီးမြှင့်ခဲ့တယ်လေ။ အသိအမှတ်ပြု အားပေးတဲ့သဘောပေါ့နော့။ အဲ မေ့နေလိုက်တာ။ သူက ကဗျာလည်း ရေးသူ။ ဂစ်တာလည်း တီးတတ်သူ။ သူတို့ ဆင်ဖြူကျွန်းက မျက်ဝန်းလဲ့ပြာ တီးဝိုင်းမှာ ခေါင်းဆောင်။ ကိုယ်တိုင်ရေးဆို သီချင်းတွေ စီ ဖ၀ တိပ်ခွေနဲ့ သုံး,လေးခွေထက် မနည်းရေးစပ် သီဆိုထားသူ။ နောက်ပြီး ပန်းချီလည်း ဆွဲတတ်သူရယ်ပါ။

သူ့ခမျာ စာပေတစ်ခုတည်းနဲ့ပဲ အသက်မွေးဝမ်းကျောင်း ပြုရှာသူပါ။ ဘာမှ လောဘ ဒေါသ မရှိ။ လိမ်ညာလှည့်ပတ်ခြင်းမရှိ။ ရိုးသားပါတယ်။ အရေးအဖတ် စာပေအင်အား ကြီးမားသလောက် လူကတော့ ခွေးပစ်တဲ့တုတ်လောက်ပါပဲ။ ပိန်ပိန်ပါးပါး ဆိုပါတော့။ စာပေသမားအချင်းချင်း လိုလိုချင်ချင် လက်တွဲကူရှာတယ်။ တစ်ယောက်ယောက်က စာမူရေးပြီးပြလိုက်ရင် သတ်ပုံကအစ ရေးနည်းသားနည်း အဆုံး ဘယ်လိုရေးသင့်တယ်၊ ဘယ်လိုစ,သင့်တယ်၊ ဘယ်လိုဆုံးသင့်တယ်၊ ခေါင်းစီး ဘယ်လိုပေးရင်လှမယ် ဆိုတာကအစ ဝေဖန်အကြံပြုပေးရှာရဲ့။

တစ်ခါသား ကျောင်းရောက်လာလို့ 'ဟဲ့ ဥစာ၊ နင် ပိန်လွန်းနေပါလား။ ဗိုက်က ပူပူ၊ အသားက ပြာနှမ်းနှမ်းနဲ့ မသာပေါ်နေဦးမယ်။ ကျန်းမာရေးဂရုစိုက်ဦး၊ အရက်လည်း ဖြတ်တော့။ မြေးတွေတောင် ရနေမင့်ဟာ နင့်ကြည့်ရတာ စိတ်မချမ်းသာလိုက်တာ။ နင် သူများကိုသာ ဥတိုက်လို့ရမယ် သေမင်းကိုတော့ ဥတိုက်လို့ မရဘူးနော့'

ဒီတော့ သူက ရယ်တယ်။ ပြီးတော့ အိတ်ကပ်ထဲက ဂက်စ်မီးခြစ်အနီကလေး ထုတ်ပြီး 'လာချင်တဲ့သေမင်း လာခဲ့စမ်း၊ သင်းနှုတ်ခမ်းမွေးကို ဟောဒီမီးခြစ်နဲ့ ကို ရှို့ပစ်လိုက်မယ်'တဲ့။ ဩော်… အခုတော့ သူ့ကို သေမင်းက အနိုင်ယူသွားပါရော လား။

မှတ်မှတ်ရရ သူ ဒုလ္လဘဝတ်တုန်းက စာရေးသူရယ်၊ သူရယ်၊ ဦးအောင်ကြည်ဦး(ဓာတ်ပုံ)ရယ်၊ သာသာ(စလင်း)ရယ်၊ ကိုဟန်စိန်ရယ်၊ ဦးပဏ္ဏဝရယ်၊ ကန်ဆွယ်ငထွားရယ်၊ ဦးသိရိနန္ဒရယ်၊ ကဗျာဆရာ ငွေးကြည်ရယ် ၉ ယောက်သား စလင်းမြို့ အရှေ့ဘက်က ကန်ဆွယ်ရွာ သွားကြတာ။ နေ့ဆွမ်းစားပြီး ရွာထဲကနေ ရွာဦးကျောင်းကို လှေနဲ့ ဧရာဝတီမြစ်ရေကြီးထဲ ရေဆန်မှာ လှေမှောက်လိုက်တာ ကံကောင်းလို့ မသေ။ သံချောင်းတို့အဖေဆိုသလို ရေနစ်လိုက်ကြတာမြင်မကောင်းဘူး။ ဝါဆို ဝါခေါင် ရေတက်ချိန်ကြီး။ နန္ဒာစိုး(ဒုလ္လဘ)ဆိုရင် ရေမကူးတတ်ဘူး။ ပေါ်လာလိုက်၊ မြုပ်သွားလိုက်နဲ့ သေပေါက်သေဝကို ရောက်လို့။ နောက်မှ ရွာထဲက လူတွေ လာကယ်လို့သာပေါ့။ ဦးအောင်ကြည်ဦးနဲ့ နန္ဒာစိုး(ဒုလ္လဘ)က အဆိုးဆုံး။ တော်သေးတာပေါ့။ သေကံ မရောက် သက်မပျောက်လို့။ လူ့ အသက်ဆိုတာ အနေမတော်ရင် လွယ်လွယ်လေးနဲ့ သေနိုင်ပါလားရယ်လို့ တွေးလိုက်မိရဲ့။

အတော် သံဝေဂရစရာပေါ့။ ကိုယ်တွေ့ဟာကိုး။ ဒီအကြောင်းတွေ ဥစာခေါ် နန္ဒာစိုးလည်း ရေးတယ်။ ကန်ဆွယ် ငထွားခေါ် ဦးဣန္ဒကလည်း ရေးတယ်။ ဦးအောင်ကြည်ဦးလည်း ရေးတယ်။ ဥစာဆောင်းပါးက အစောကြီး မဂ္ဂဇင်းမှာ ပါလာပြီး ဦးအောင်ကြည်ဦးဆောင်းပါးက ဥစာ သေခါနီး ရက်ပိုင်း အလိုမှာ သူရဲ့မဂ္ဂဇင်းမှာ ပါလာတယ်။ ဥစာ ဖတ်မသွားရရှာဘူး။ ကန်ဆွယ် ငထွား ဆောင်းပါးကတော့ အကြမ်းရေး အဆင့်နဲ့တင် စာအုပ်ထဲ ပုန်းအောင်းနေတယ်ထင်ပ။

ဩော်…ခုတော့ နန္ဒာစိုးခေါ် ဥစာ မရှိရှာတော့ပါဘူး။ ရေးဖော်တွေဆိုတော့ ဘယ်မေ့လို့ရမှာတုံး။ သံယောဇဉ်မကင်းရှာဘဲကိုး။ တော်သေးရဲ့၊ သူ့စာတွေ ကျန်ရစ်ခဲ့လို့။ သူ မရှိရှာတော့ပေမဲ့ သူ့သားငယ် ဇဒင်နန္ဒာက သူ့အမွေ ဆက်ခံဖော်ရလို့၊ စာတွေရေးဖော်ရလို့။ ဥစာရေ…အမျှ…အမျှ…အမျှ…။ နင်က တို့ထက် စောပေသကိုး။

■

**ဦးစန္ဒိမာ၊စလင်း၊**



www.burmeseclassic.com

www.burmeseclassic.com



# နန္ဒာစိုး
## (ဆင်ဖြူကျွန်း)
# ထောင့်ကျဉ်းထဲက အနန္တစကြဝဠာ

၁။

ညရိပ်မြိုကလေးသို့ ဦးဘအောင် ရောက်ရှိလာချိန်ကတော့ ထုံးစံအတိုင်း ည ၈ နာရီ ထိုးနေပြီဖြစ်သည်။ ခြံဝန်းကျယ်ကြီး၏ ပင်မဝင်ပေါက် သံပန်းတံခါးမကြီး နံဘေးကပ်လျက်ရှိ လူတစ်ကိုယ်စာ သံတံခါးဝင်ပေါက်ငယ်မှ ဦးဘအောင် ဝင်လာခဲ့ခြင်းဖြစ်၏။ ခြံဝင်းထဲသို့ ရောက်တော့မှ အတွင်းမှ သော့ခလောက် ပြန်ခတ်သည်။ ပြီးမှ ခြံဝင်းထောင့်ဘက်ရှိ ညရိပ်မြိုကလေးဆီသို့ လှမ်းလျှောက်လာခဲ့သည်။ ညရိပ်မြိုကလေးက ကြီးမားလှသည်တော့ မဟုတ်။ လူတစ်ယောက် ချောင်ချောင်လည်လည်

ဦးဘအောင်မှာ တစ်ကိုယ်တော် စကားပြောဖော် မဲ့နေခဲ့သည်တော့ မဟုတ်ပါ ထိုကွက်လပ်ကို ဖြည့်ဆည်း ပေးကြသူများကိုတော့ သူတို့ ခြံဝင်းကျယ်ကြီးနှင့် ကပ်လျက်ရှိသော တစ်ဖက် ခြံဝင်းထဲသို့ ပြောင်းရွှေ့လာခဲ့ကြသည့် လူငယ်ကလေး တစ်သိုက်သာ ဖြစ်သည်

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နေသော ထိုင်သာရုံမျှပင်။ သည်အထဲမှာ တစ်ယောက်အိပ်ခုတင်ကလေး တစ်လုံးရှိသည်။ ခုတင်ပေါ်မှာ သူ့အိပ်ရာ။ ခေါင်းရင်းဘက်ကပ်လျက် နံရံမှာတော့ ၁၀၀ ဝပ်အား မီးသီးတစ်လုံးရှိသည်။ ထို မီးလုံးအားကိုးနှင့်ပဲ ညည မအိပ်ခင် ဦးဘအောင် စာဖတ်ရသည်။ အတော်ကလေး ညဉ့်နက်လာတော့မှ ခြံဝင်းကျယ်ကြီးထဲကို တစ်ပတ်ပတ်လျှောက်ကာ ကြည့်ရှုစစ်ဆေးရ၏။ ဒါကတော့ သူ့တာဝန်ပင် ဖြစ်သည်။ ခြံဝင်းထဲမှာ တစ်ပတ်ပတ်လိုက်ပြီးမှ သူ့ရိပ်မြုံကလေးထဲသို့ ပြန်ဝင်လာကာ အိပ်ရာဝင်လေ့ရှိသည်။ ဒါက ညစဉ်ပုံမှန်လည်ပတ်နေသော သူ့လုပ်ငန်းပုံသဏ္ဍာန် ဖြစ်လေသည်။

ညရိပ်မြုံကလေးကတော့ အုတ်ရိုးလွှာချင်းတက်၊ သွပ်မိုးအဆောက်အဦကလေး ဖြစ်၏။ အဝေးကကြည့်လျှင် မီးဖိုဆောင်ကလေးလိုလို ဘာလိုလို။ သို့ရာတွင် ခြံဝင်းကျယ်ကြီးထဲက ကြီးမားခံ့ထည်လှသည့် ခေတ်မီ ဒီဇိုင်းပုံစံဖြင့် နှစ်ထပ်အဆောက်အဦကြီးကို မြင်ရုံနှင့်ပင် ဤရိပ်မြုံကလေးကား 'ညစောင့် ဒရဝမ်တဲကလေးဖြစ်ရမယ်'ဟု လူတိုင်း ခန့်မှန်းမိနိုင်မှာ သေချာ၏။ ပြီးတော့ ပတ်ဝန်းကျင်အနေအထားကို ကြည့်ဦးလေ။ သည်နေရာက တိုက်ဆိုက်ငြိမ်သက်ခြင်းတွေ ကြီးစိုးသည့် သီးသန့်ဆန်သော နေရာ။ မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ လာရောက် အလုပ်လုပ်နေသော (သို့မဟုတ်) အစိုးရနှင့်ပတ်သက်၍ တာဝန်

> မသဲမကွဲ
> စကားပြောသံ
> တချို့ကို ကြားရ၏
> ဒါခိုဝ်
> ကလေးတွေ
> ပြန်ရောက်နေကြပြီပဲ
> ဟု
> သူသိလိုက်သည်
> စကားသံ
> ကျယ်ကျယ်
> လောင်လောင်နှင့်
> ဝါးခနဲ
> ရယ်မောသံတွေ
> ဂစ်တာသံ
> ဒေါင်ဒေါင်အင်အင်နှင့်
> သီချင်း
> ညည်းသံတွေကို
> မကြားရသေးတာ
> ကတော့
> အချိန်
> စောသေး၍
> ဖြစ်မည်

တစ်ရပ်ရပ် ထမ်းဆောင်နေသော နိုင်ငံခြားသားပညာရှင်တွေ ငှားရမ်းနေထိုင်ကြသော ဆိတ်ငြိမ်ရပ်ကွက်တစ်ခုထဲက နေရာ။ သူ့အလုပ်က ထိုသံတိုင်စည်းရိုး လေးဖက်ကာ ခြံဝင်းကျယ်ကြီးကို ညစဉ် စောင့်ရှောက်ရသော'ညစောင့်' အလုပ်ပင် ဖြစ်တော့သည်။

ဘာပဲဖြစ်ဖြစ် သူကတော့ ထိုညစောင့်အလုပ်ကို ရရှိလုပ်ကိုင်ရသည့်အတွက် ကျေနပ်လှသည်။ ထိုအလုပ်နေရာကို ရှာဖွေဆက်သွယ်ပေးသော သူ့မိတ်ဆွေကို တွေးမိတိုင်း ကျေးဇူးတင်မိ၏။

အဘယ်ကြောင့်ဆိုသော် သူ့လို ပင်စင်စားသက်ကြီးရွယ်အိုတစ်ယောက်နှင့် သင့်လျော်သော အလုပ်ဖြစ်နေ၍ပင်။ လုပ်ငန်းတာဝန်က ကြီးကျယ်လှသည် မဆိုသာ။ ပင်ပန်းစွာ ထမ်းဟယ်ပိုးဟယ်လုပ်နေရသည်မျိုးလည်းမဟုတ်။ ညစဉ်ပုံမှန် ၈ နာရီခန့်တွင် ရောက်အောင်လာပြီး ခြံဝင်းထောင့်က သူ့ရိပ်မြုံတဲကလေးထဲသို့ ဝင်ကာ စာဖတ်နေရုံပဲ။ ခြင်ကာကွယ်ဖို့တော့ တစ်ယောက်အိပ် ဇာခြင်ထောင်အဖြူကလေးချထားပြီးလျှင် ရပြီ။ အတော်ကလေး ညဉ့်နက်လာတော့ ခြံဝင်းထဲ တစ်ပတ်၊ နှစ်ပတ်လျှောက်ကြည့်၊ ပြီးတော့ အိပ်ရာဝင်၊ မိုးလင်းတော့ ထ, ပြန်။ အဲဒါပဲ ရှိသည်။

သီးသန့်ဆန်ရုံသာမက လုံခြုံသော သံတိုင်စည်းရိုးတွေ ခတ်ထားကာ စည်းရိုးအထက် တစ်လျှောက်မှာ ဘလိတ်ဓားသွား ဆူးကြိုးခွေအဝိုင်းတွေ သွယ်တန်းတပ်ဆင်ထားသည့် ဤဝင်းကျယ်ထဲသို့ မည်သည့် သူခိုးသူဝှက် ဖောက်ထွင်းရေးသမားမှ တော်တန်ရုံခွဲနပ်ဖြင့် ဝင်ရောက်လာဖို့ စိတ်ကူးလိမ့်မည်မဟုတ်ချေ။ ပင်မအဆောက်အဦကြီး၏ ပတ်ပတ်လည်တွင် ထိန်ထိန်ညီးအောင် ထွန်းညှိထားသည့် လေးပေမီးချောင်းတွေ၏ အလင်းရောင်ကို မြင်သည်နှင့်ပင် ဖောက်ထွင်းဖို့ စိတ်ကူးက ငါးဆယ်ရာခိုင်နှုန်းလျော့ကျသွားမည်။ ထို့နောက် ခြံဝင်းကျယ်လေးဖက်ကို ခေတ်မီစေ့စပ်စွာ ကာရံထား

သော သံတိုင်စည်းရိုးများ၏ ခိုင်ခံ့လုံခြုံစိတ်ချရမှုကို ထပ်မံအကဲဖြတ်မိသည်နှင့် ကျန်သော စိတ်ကူးငါးဆယ်ရာခိုင်နှုန်းသည်လည်း ကျေပျက်ပျောက်ကွယ်သွားမှာပဲ ဖြစ်၏။

ဒါက သူ့အထင်နှင့် မှန်းဆချလိုက်သော မှတ်ချက်တစ်ခုမဟုတ်ပါ။ သည်မှာ ဦးဘအောင် ညစောင့်လုပ်လာတာ တစ်နှစ်ကျော်ခဲ့ပြီ။ တစ်ခါမှ အမှုအခင်းရယ်လို့ မကြုံခဲ့ရ။ သူခိုးခိုးခံရ၊ ဖောက်ထွင်းခံရတယ်လို့လည်း မရှိဖူးခဲ့။ တစ်နှစ်ကျော်ခဲ့ပြီးဖြစ်သော ထိုအတွေ့အကြုံဖြင့် သူ ညစောင့်လုပ်ရသော ဝင်းခြံသည် လုံခြုံစိတ်ချရသည်ဟု မှတ်ချက်ချနိုင်ခဲ့ခြင်း ဖြစ်သည်။ သူ့အလုပ်ရှင်ဟု ဆိုနိုင်သော နိုင်ငံခြားသားအရေရှိကလည်း ထိုညစောင့်နေရာတွင် အေးချမ်းစွာလုပ်ကိုင်နေသော အလုပ်သမားတစ်ဦးအဖြစ် သူ့ကို ခန့်ထားရခြင်းအတွက် ကျေနပ်ပုံရ၏။

ညစဉ် အချိန်မှန်လာသည်။ မီးလုံးဖွင့်၍ စာအုပ်ဖတ်နေသည်။ ညဉ့်နက်တော့ ခြံဝင်းကို ပတ်ပတ်လည် ကြည့်ရှုစစ်ဆေးပြီးမှ အိပ်ရာဝင်သည်(မိုးရွာသော မိုးတွင်းကာလညများမှာလည်း သူ ထီးဆောင်းပြီးပတ်တာပဲ)။ မိုးလင်းတော့ ရိပ်မြုံကလေးကို တံခါးသော့ပိတ်ခဲ့ ... အိမ်သို့ ပြန်သည်။ မူးယ... သောက်စားခြင်းမရှိ။ ... သောင်းကျန်းခြင်းမရှိသော အဘိုးကြီးတစ်ယောက်ပဲ ... ရှုမြင်သုံးသပ်ကာ သူ့ကို ... ဘဝင်ကျစိတ်ချထား... ပေါ်၏။ လက်... တော့ ...



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း လစာငွေထုတ်ပေး၏။ တစ်ခါတစ်ရံ စိတ်လိုလက်ရရှိလျှင် ‘ဘာလိုသေးလဲ၊ ဘာလုပ်ပေးရဦးမလဲ’ ဆိုတာမျိုး တစ်ခွန်းစနှစ်ခွန်းစ မေးလာတတ်သည်မှအပ သူနှင့် အရောတဝင်နေလေ့မရှိ။ တိုက်ကြီးထဲမှာ တီဗွီထိုင်ကြည့်ရင်း ဝီစကီ(ထင်ပါရဲ့) နှစ်ပက်၊ သုံးပက်လောက်ကို ဇိမ်ဆွဲသောက်ပြီးနောက် ညစာစား၊ အိပ်ခန်းဝင်သွားလေ့ရှိ၏။ သည်မှာ အလုပ်ဝင်လုပ်တာ တစ်နှစ်ကျော်ခဲ့ပြီဆိုသော်လည်း သူနှင့် သူ့အလုပ်ရှင် ထိုနိုင်ငံခြားသားကြီးတို့ နှစ်ကြိမ်၊ သုံးကြိမ်လားပဲ စကားပြောဖူးကြသည်။ ဒါလည်း သိပ်ရှည်ရှည်ဝေးဝေးမဟုတ်။

‘အခုပေးမယ့်လစာကို ကျေနပ်ရဲ့လား၊ ညစဉ် လာစောင့်အိပ်ရမယ့် အလုပ်ကို လုပ်နိုင်ရဲ့လား။ အခု အင်္ဂလိပ်ဘာသာစကားနဲ့ ပြောတာကို ရော နားလည်ရဲ့လား’

‘ဟုတ်ကဲ့၊ ကျေနပ်ပါတယ်။ လုပ်နိုင်ပါတယ်၊ အင်္ဂလိပ်စာနဲ့ စကားကိုလည်း ရေးတတ်၊ ပြောတတ်ပါတယ်’

‘ဒါ့ထက် အရင်က ခင်ဗျား ဘာအလုပ်လုပ်ခဲ့ဖူးသလဲ’

‘ကျောင်းဆရာပါ၊ အခုတော့ သက်ပြည့်ပင်စင်ယူပြီးပါပြီ။ ကိုယ့်ကျန်းမာရေးကလည်း ကောင်းနေတုန်းပါ။ ဒီအလုပ်က ကိုယ်လည်းလုပ်နိုင်တဲ့အလုပ်မျိုးဖြစ်လို့ ဝင်ငွေတစ်ခုရအောင် ဝင်လုပ်တာပါပဲ’

သူအလုပ်စ,ဝင်စဉ်က ပထမဦးဆုံးပြောဖြစ်ကြသည်က ဤမျှသာပဲ ဖြစ်သည်။ နောက်တော့ ကိုယ့်ဟာကိုယ် ညစဉ် ပုံမှန်လာစောင့်အိပ်ရုံပါပဲ။ ခြံဝင်းတံခါးမကြီးဘေးရှိ တစ်ကိုယ်စာဝင်ပေါက် တံခါးငယ်နှင့် ညရိပ်မြုံ၏ တံခါးရွက်တွေကို ခတ်သော သော့ခလောက်ကြီးနှစ်လုံးအတွက် ဖွင့်နိုင်ပိတ်နိုင်ဖို့ သော့နှစ်ချောင်းကို နိုင်ငံခြားသားက ပေးထား၏။ နောက်ထပ်တစ်လ၊ နှစ်လလောက်ကြာတော့ သူ့အလုပ်ရှင်နှင့် ဒုတိယအကြိမ် တစ်ခါ စကားပြောဖြစ်ကြပြန်သည်။ ညဦးပိုင်းတွင် အိပ်ရာခေါင်းရင်းက မီးလုံးကိုဖွင့်ကာ သူ စာဖတ်ဖတ်နေတာကို သတိပြုမိပုံရ၏။ လကုန်ရက်တစ်ရက်မှာ လစာထုတ်ပေးရင်း နိုင်ငံခြားသားက မေး၏။

‘ခင်ဗျား စာအုပ်တွေဖတ်ဖတ်နေတာ ညတိုင်းပဲ၊ မပျင်းဘူးလား’

‘မပျင်းပါဘူး၊ ဝါသနာလည်းပါတယ်။ ပြီးတော့ စာအုပ်တွေက ကျုပ်ရဲ့ အဖော်တွေပဲလေ’

‘ဘယ်လိုစာအုပ်တွေ ဖတ်တာလဲဗျ’

သည်တော့ ဦးဘအောင်က သူ လတ်တလောဖတ်နေလက်စဖြစ်သော ဂျက်လန်ဒန်၏ **အရိုင်းခေါ်သံ** စာအုပ်ကို လွယ်အိတ်ထဲမှ ထုတ်ပြလိုက်ပြီး ‘မြန်မာဘာသာနဲ့ ပြန်ဆိုရေးထားတာလေ’ဟု ပြောလိုက်၏။ နိုင်ငံခြားသားက စာအုပ်ကို လှမ်းယူလိုက်ပြီး စာရွက်တွေ လှော်ကြည့်သည်။ မြန်မာစာတွေနှင့် ပုံနှိပ်ထားတာဆိုတော့ တစ်လုံးမှ သိပုံမရ။ သို့သော် စာအုပ်မျက်နှာဖုံးပန်းချီက Jack London ဆိုသော အင်္ဂလိပ်အက္ခရာစာလုံးတွေကိုတော့ ဖတ်လို့ ရဟန်တူ၏။

‘အဲဒီ မူရင်းစာရေးဆရာ ဂျက်လန်ဒန်ဆိုတာ တော်တော်နာမည်ကြီးတဲ့ စာရေးဆရာလား။ သူ့ဝတ္ထုကို ခင်ဗျားတို့ မြန်မာစာရေးဆရာတွေက မြန်မာဘာသာနဲ့ ပြန်ဆိုပြီး ခုလိုစာအုပ်အဖြစ် ထုတ်ဝေရတယ်ဆိုတော့…’

‘သိပ်နာမည်မကြီးလှပါဘူး။ တစ်ကမ္ဘာလုံးက စာမဖတ်တဲ့သူတွေနဲ့ စာမတတ်တဲ့သူတွေအကုန်လုံးက သူ့ကို မသိဘူး။ သူ့ထက် စာရင် ဂျိမ်းစ်ဘွန်းမင်းသားကမှ ပိုလူသိများဦးမယ်ထင်တယ်။ ဘောလုံးကန်တဲ့ ဒေးဗစ်ဘက်ခမ်းတို့၊ ဇီဒန်းတို့၊ စီရော်နယ်ဒိုတို့လောက်တောင် မကျော်ကြားဘူး။ အဲဒီ ဘောလုံးဆရာတွေကတော့ ကလေးသိ၊ ခွေးသိပဲ’

‘နိုးနိုး၊ ကလေးသိ ဆိုရင်ပဲ တော်ပါပြီဗျာ။ ခွေးသိအထိတော့ မလုပ်လိုက်ပါနဲ့။ ဘာလို့လဲဆိုတော့ ဘက်ခမ်းတို့၊ ဇီဒန်းတို့ကို ကျုပ်လည်း သိနေတာကိုး။ ကလေးသိမှာ မရပ်ဘဲ ခွေးသိအထိ ဆက်ရင် ကျုပ်ပါ ခွေးစာရင်းထဲပါသွားဦးမယ်’

နိုင်ငံခြားသားက ရယ်ရယ်မောမော ပြောသည်။ အဲဒါက ဒုတိယအကြိမ် စကားပြောဖြစ်ကြခြင်း ဖြစ်သည်။ အဲဒီနောက်တော့ ဗွတ်ဒ်အီးဗနင်းတို့၊ ဗွတ်နိုက်တို့ ရံဖန်ရံခါ နှုတ်ဆက်မိကြရုံလောက်မှလွဲပြီး နိုင်ငံခြားသားနှင့် ဦးဘအောင်တို့ ဟက်ဟက်ပက်ပက်စကား မပြောဖြစ်ခဲ့ကြတော့။ တစ်ရက်တလေ မောင်မင်းကြီးသားက စောစောစီးစီး အိပ်ရာကနိုးလာပြီး ခြံထဲဆင်းလာတာမျိုးနှင့် တိုးလျှင်တော့လည်း ‘ဂွတ်မောနင်း၊ အိုင်ရီတန်းတူဟုမ်း’ ပေါ့လေ။ သည်မျှသာ ပြောဖြစ်၏။

သို့သော် ဦးဘအောင်မှာ တစ်ကိုယ်တော် စကားပြောဖော်မဲ့နေခဲ့သည်တော့ မဟုတ်ပါ။ ထိုကွက်လပ်ကို ဖြည့်ဆည်းပေးကြသူများကိုတော့ သူတို့ခြံဝင်းကျယ်ကြီးနှင့် ကပ်လျက်ရှိသော တစ်ဖက်ခြံဝင်းထဲသို့ ပြောင်းရွှေ့လာခဲ့ကြသည့် လူငယ်ကလေးတစ်သိုက်သာ ဖြစ်သည်ဟု သူသတ်မှတ်လိုသည်။ မှန်သည်။ ထိုလူငယ်လေးတစ်သိုက်သည် သူ အလုပ်ဝင်ပြီး တစ်နှစ်ပြည့်လုနီးချိန်ကျမှ တစ်ဖက်က ကပ်လျက် ခြံဝင်းထဲသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း သူမှတ်မိနေပါသေးသည်။ အဲဒီလူငယ်လေးတွေကတော့ ခုနောက်ပိုင်းမှာ သူ၏ ညဘက်အဖော်မွန်တွေဖြစ်နေကြပြီဟု ဆိုနိုင်၏။ သူတို့က သူ့ကို ‘ဆရာကြီး’ဟု ခေါ်သည်။ သူက လူငယ်ကလေးတွေတစ်ဖွဲ့လုံးကို ‘ကလေးတွေ’ဟု သိမ်းကျုံးခေါ်သည်အထိ ရင်းနှီးနေကြပြီ ဖြစ်လေသည်။ ❑

၂။

သူ့ရိပ်မြုံကလေး၏ ဝင်ပေါက်တံခါးရှေ့ကိုရောက်တော့ သော့ခလောက်ထဲသို့



www.burmeseclassic.com

www.burmeseclassic.com

သော့တံထိုးထည့် ဖွင့်ရင်း တစ်ဖက်ခြံထဲသို့ လှမ်းကြည့် ဖြစ်သေးသည်။ မီးရောင်လဲ့လဲ့ကို ထိုခြံဝင်းထဲရှိ ဂိုဒေါင်ဆန်ဆန် အဆောက်အဦထဲမှာ မြင်ရ၏။ မသဲမကွဲစကားပြောသံတချို့ကို ကြားရ၏။ ဒါဆို ကလေးတွေ ပြန်ရောက်နေကြပြီပဲဟု သူသိလိုက်သည်။ စကားသံကျယ်ကျယ်လောင်လောင်နှင့် ဝါးခနဲရယ်မောသံတွေ၊ ဂစ်တာသံ ဒေါင်ဒေါင်ဒင်ဒင်နှင့် သီချင်းညည်းသံတွေကို မကြားရသေးတာကတော့ အချိန်စောသေး၍ ဖြစ်မည်။ စကားသံမသဲမကွဲကလေးတွေလောက်ကြားရတာက အခုမှ 'ဝိုင်း' စ,နေကြဆဲ။ အရှိန်ယူဖို့ အစပျိုးနေဆဲအခြေအနေမို့ ဖြစ်ရမည်ဟု အတပ်တွေးလိုက်မိတော့ သူ သက်ပြင်းရှည်ကြီးချမိပြန်လေသည်။ ထုံးစံအတိုင်း 'အတော်ခက်တဲ့ကလေးတွေပဲ၊ ပြောလို့လည်းရမှာ မဟုတ်ပါဘူး'ဟု သူတွေးမိရပြန်၏။

ရိပ်မြုံကလေးထဲရောက်တော့ အိပ်ရာခေါင်းရင်းက မီးလုံးကိုဖွင့်လိုက်သည်။ ပြီးမှ လက်ထဲမှာ ဆွဲလာခဲ့သော ကြွပ်ကြွပ်အိတ်အကြီးစားကြီးကို ခုတင်ဘေးမှာ ချထားလိုက်သည်။ အိတ်ထဲကို လက်နှိုက်ထုတ်ယူလိုက်တော့ တစ်လီတာဆိုဒ်အရွယ်အစားရှိ ရေသန့်ဘူးခွံတွေ ထွက်လာသည်။ စုစုပေါင်း ၆ လုံးတိတိ။ တံဆိပ်တွေဖတ်ကြည့်တော့ အယ်လ်ပိုင်း၊ ပုပ္ပါးအကွာ်နဲ့ နေပြည်တော် ဟု သုံးမျိုး ရောတီရောရာ တွေ့ရ၏။ အားလုံး

လူငယ်က
ခြံစည်းရိုး
သံတိုင်များကြားမှ
ရေသန့်ဘူးခွံ
အလွတ်တစ်လုံးကို
ထိုးပေးကာပြော၏
လေသံ
ကြားရတာကတော့
အနည်းငယ်
'လေး'စပြုနေပြီ
လေသင့်သဖြင့်
လူငယ်ဆီမှ
ယမကာနံ့ကိုလည်း
ရနေ၏
သောက်ထားမှန်း
တော့
သိသာနေပြီ

ပလတ်စတစ်ဘူးခွံတွေချည်းဖြစ်သော်လည်း အမျိုးအစားမတူကြ။ လေးလုံးက ပလတ်စတစ်အကြည် လေးထောင့်၊ နောက်နှစ်လုံးက ပလတ်စတစ်အဖြူအနောက် အဝိုင်းပုံလုံးတွေ ဖြစ်ကြ၏။

သည်ဘူးခွံတွေကို သူ့အလုပ်ခွင်သို့ လာရာလမ်းမှ တွေ့ရသမျှ ကောက်ယူလာခဲ့ခြင်း ဖြစ်သည်။ မြို့တော်စည်ပင်၏ သန့်ရှင်းရေးလုပ်သားများက လမ်းတွေပေါ်မှာ၊ ပလက်ဖောင်းတွေပေါ်မှာ တံမြက်စည်းကိုယ်စီ၊ အမှိုက်သိမ်း လက်တွန်းလှည်းကိုယ်စီဖြင့် တစ်နေ့လုံး လှည်းကျင်းသန့်ရှင်းနေကြတာ မှန်၏။ သို့သော် နေဝင်မိုးချုပ်၍ ထိုလုပ်သားများ ပြန်သွားကြပြီး ညဦးပိုင်းတွင် ကားတွေပေါ်မှ ပစ်ပစ်ချသွားခဲ့သော ရေသန့်ဘူးခွံအလွတ်တွေကို လမ်းဘေးမှာ၊ ပလက်ဖောင်းအခြေမှာ တွေ့ရတတ်မြဲပင်။ အစကတော့ သူလည်းကောက်ယူရမှန်းမသိခဲ့။ နောက်မှ တွေ့လျှင် ကောက်ထည့်လာရမှန်း သိလာသဖြင့် ကြွပ်ကြွပ်အိတ်အကြီးစားတစ်လုံးဆောင်ကာ တွေ့ရသမျှ ကောက်ထည့်ယူလာတတ်ခြင်း ဖြစ်၏။ အင်း… အဲဒီပညာကို သင်ပေးတာက ဟိုဘက်ခြံထဲက ကလေးတွေပဲဟု ဆိုရပေမည်။

မှတ်မိပါသေး၏။ တစ်ဖက်ခြံထဲသို့ ကလေးတွေအုပ်စု ပြောင်းလာကြပြီး လေး၊ ငါး၊ ဆယ်ရက်အကြာ တစ်ညမှာ ဖြစ်သည်။ အချိန်က ညဉ့်နက်လှပြီ။ ည ၁၂ နာရီကျော်ပြီမို့ သူက ထုံးစံအတိုင်း ခြံဝင်းထဲသို့ တစ်ပတ်လှည့်ပြီး ရိပ်မြုံကလေးသို့ ပြန်အလာတွင် 'ဒီမှာ…၊ ဒီမှာ…၊ ဗျို့…၊ ဆရာကြီးရှူး…၊ ဗျို့… ဆရာကြီး' ဆိုသော ခေါ်သံကျိတ်ကျိတ်ကို ကြားရ၏။ ကြည့်လိုက်တော့ ဝင်းခြံနှစ်ခြံ၏ အလယ်က ခြားထားသော ခြံစည်းရိုးသံတိုင်တန်းနောက်မှာ လူငယ်တစ်ယောက်။ ကလေးတွေထဲက တစ်ယောက် ဖြစ်သည်။

'ဘာလဲကွ၊ ဘယ်သူလဲ၊ မင်း ဘယ်ကရောက်လာတာလဲ'

'ကျွန်တော်တို့ ဒီဘက်ခြံကပါ ဆရာကြီးရဲ့၊ ဟိုတစ်လောက ဒီဘက်ကို ပြောင်းလာတဲ့ အဖွဲ့ထဲက လေ…'

'ကဲ ပြော၊ ညကြီးမင်းကြီး ဘာကိစ္စ'

'ညကြီးမင်းကြီးမို့ ခုလိုခေါ်ပြောမိရတာပေါ့ ဆရာကြီးရဲ့။ စိတ်မဆိုးပါနဲ့နော်၊ ဟို… ဟိုလေ၊ ကျွန်တော်တို့မှာ ရေပြတ်သွားလို့ သောက်ရေလေးတစ်ဘူးစာလောက် ရနိုင်မလားလို့။ အပြင်ထွက်ဝယ်ဖို့ကလည်း ဒီရပ်ကွက်ကဆိုင်တွေက ဒီအချိန်ဆို ပိတ်ကုန်ကြပြီ'

လူငယ်က ခြံစည်းရိုးသံတိုင်များကြားမှ ရေသန့်ဘူးခွံအလွတ်တစ်လုံးကို ထိုးပေးကာ ပြော၏။ လေသံကြားရတာကတော့ အနည်းငယ်'လေး'စပြုနေပြီ။ လေသင့်သဖြင့် လူငယ်ဆီမှ ယမကာနံ့ကိုလည်း ရနေ၏။ သောက်ထားမှန်းတော့ သိသာနေပြီ။

'လုပ်ပါ ဆရာကြီးရဲ့၊ ကျွန်တော်တို့မှာ ရေသန့်ဘူးတွေ အကုန်ကုန်သွားလို့ပါ။ ရေမပါဘဲနဲ့လည်း ဝိုင်းက ရှေ့ဆက်လို့ရမှာ မဟုတ်ဘူး။ ဝိုင်းကလည်း ပြီးခါနီးပါပြီ။ ရမ်ကလေး တစ်ပြားတောင် မပြည့်တော့ပါဘူး'

'ဩ… မင်းတို့ အရက်ဝိုင်းအတွက် ငါက သောက်တော်ရေ ဆက်ရမယ်ဆိုပါ တော့'

'ကူညီတယ် လို့ သဘောထားပေးပါ ဆရာကြီးရယ်၊ ကျွန်တော်တို့လည်း တစ်နေကုန် ပင်ပင်ပန်းပန်း



www.burmeseclassic.com

www.burmeseclassic.com

အလုပ်လုပ်လာကြရတော့ အညောင်းအကိုက် သက်သာအောင် ဆေးဖြစ်ဝါးဖြစ်သဘောနဲ့ ဒါလေးပဲ ညဘက်မှာ ဖြေစရာရှိတယ်။ ကြိုက်လွန်းလှလို့ သောက်နေကြတာ မဟုတ်ပါဘူး။ အဲ… အဲ စိတ်ထွက်ပေါက်ကလေးပေါ့ ဆရာကြီးရယ်၊ နော့လုပ်ပါ ဆရာကြီးရဲ့။ တစ်ဘူးတည်းပဲ’

‘နေပါဦး၊ မင်းတို့က တစ်နေကုန် ပင်ပင်ပန်းပန်း လုပ်ရတယ်ဆိုတော့ ဘာတွေလုပ်နေကြလို့တုံး’

‘ကျွန်တော်တို့က ကွန်သမားတွေခင်ဗျ၊ ကွန်သမားဆိုတာ ကွန်စထရိုက်ရှင်။ အဲ… ဆောက်လုပ်ရေးသမားဆိုပါတော့ဗျာ။ ကဲ…၊ အဲဒါတွေ နောက်မှရှင်းပြပါရစေ။ တော်ကြာ ဟိုကောင်တွေ တစ်ပြုံကြီးထ,လိုက်လာမှ ခြံစည်းရိုးနားမှာ လူတစ်အုပ်ကြီးနဲ့ ဆရာကြီး ညစောင့်တဲ့အလုပ်ကိစ္စမှာ ယုန်ထင်ကြောင်ထင် အထင်ခံရပြီး ဘော့စ်နဲ့ ပြဿနာတက်နေဦးမယ်။ လုပ်ပါဆရာကြီးရဲ့၊ မြန်မြန်လေး၊ ကျေးဇူးမမေ့ပါဘူး’

ထိုကလေးကတော့ အတော်ချောမွေ့ပြေပြစ်စွာ ပြောဆိုဆက်ဆံတတ်သောကလေးဖြစ်သည်။ ထို့ကြောင့် ရေသန့်ဘူးခွံကို လှမ်းယူကာ သောက်ရေအိုးထဲမှ ရေပင် ဖြည့်ပေးလိုက်ရ၏။ အဲဒီညက အကျိုးဆက်ပါပဲ။ နောက်သုံး၊ လေးညလောက်ရှိတော့ ထိုလူငယ်ကလေးကပဲ ညဘက်မှာ ခြံစည်းရိုးနားရောက်လာကာ ‘ဗျို့ ဆရာကြီး၊ ဒီမှာ လက်လှမ်းယူလိုက်ဦး၊ ရော့… ရော့’ဟု ကြွပ်ကြွပ်အိတ်အကြီးစားကြီး တစ်လုံးကို ခြံပေါ်က ကျော်ပေးလေသည်။ သူက ထိုအထုပ်ကြီးကိုကြည့်ပြီး လန့်သွားသည်။

‘ဘာတွေလဲကွ၊ အိတ်ကြီးနဲ့တစ်လုံး အများကြီးပါလား’

‘ရေသန့်ဘူးခွံတွေနဲ့ အရက်ပုလင်းခွံတွေခင်ဗျ။ ကျွန်တော်တို့အဖွဲ့ သောက်ထားတဲ့ ဥစ္စာတွေ၊ ဒါတွေက အမှိုက်ပုံပဲ ရှိတော့မှာ။ ကျွန်တော်တို့လည်း ရှင်းမနေနိုင်ဘူး။ အချိန်လည်းမရဘူး။ ဒါကြောင့် ဆရာကြီးကို စုထားပြီး ပေးတာ၊ နောက်လည်း စုမိရင်ပေးဦးမယ်’

‘နေပါဦး၊ အဲဒါတွေ ငါက ဘာလုပ်ရမှာတုံးကွ’

‘ခက်ပါ့ ဆရာကြီးရယ်၊ ပြန်ရောင်းစားဖို့ပေါ့ဗျ။ မနက် ဆရာကြီး အိမ်ပြန်တော့ အိတ်လိုက်ဆွဲသွားပြီး တစ်ဆိုင်ဆိုင်မှာ ဝင်ရောင်းလိုက်။ အပိုသုံးဖို့ရတာပေါ့။ လွှင့်မပစ်နဲ့နော်။ အမှိုက်ပုံးထဲကို လွှင့်ပစ်ခိုင်းတာမျိုး မဟုတ်ဘူး။ ဆရာကြီးဆီကို ညရေးညတာ သောက်ရေကလေးလိုအပ်ရင် တောင်းလို့ရတာမို့ ကျွန်တော်တို့က ပြန်ကျေးဇူးပြုတာ။ အဲဒီကနေ လှမ်းယူလိုက်’

ပုလင်းခွံ၊ ဘူးခွံဇာတ်လမ်းသည် အဲဒီညက စတင်လာခဲ့ခြင်း ဖြစ်၏။ နောက်တစ်နေ့ကျတော့ အိမ်အပြန်မှာ အဲဒီအိတ်ကြီးကို ဆွဲလာကာ သူတို့ရပ်ကွက်ထိပ်က ပုလင်းခွံ၊ ဘူးခွံအဟောင်းတွေဝယ်သည့်ဆိုင်သို့ ဝင်လိုက်၏။ အလိုလေးဗျာ၊ တယ်ဟုတ်ပါကလားဟု မျက်ခုံးပင့်မိရ၏။ ပလတ်စတစ်အကြည် လေးထောင့်ရေသန့်ဘူးခွံက ၁၅ ကျပ်တဲ့။ ရေသန့်ဘူးအဝိုင်း ပလတ်စတစ်အဖြူသားအနောက်က တစ်လုံး ၂၅ ကျပ်တဲ့။ လေးထောင့်ရမ်ပုလင်းခွံက တစ်လုံး ၅၀ ကျပ်တဲ့။ ဝီစကီပုလင်းပြားက ပိုတောင်ဈေးရနေသေးသည်မို့ ဧကန္တ ပုလင်းပြားက ထုတ်လုပ်မှုနည်းဟန်တူရဲ့ဟု တွေးမိလိုက်ရပြန်သေး၏။ သူကတော့ တစ်ပြားကို ၇၅ ကျပ် ဆိုပါကလား။ ဆိုင်က လူရွယ်ကလေးက ဦးဘအောင်၏ အိတ်ထဲ ပါလာသမျှ ပုလင်းခွံဘူးခွံတွေကို သူ့ဟာသူ ထုတ်၍ စုပုံရေတွက်ရင်း ကျသင့်ငွေကို ရှင်းလင်းပေးလိုက်ရာ မမျှော်လင့်ဘဲ လက်ထဲသို့ ငွေ ၁၅၀၀ ကျပ် ကျော်ကျော်ရောက်လာ၏။သူ့မှာတော့ဖြင့် အညာလေနှင့် ပြောရလျှင် ‘အံ့တွေသြလို့’။

‘ဘယ်လိုလဲ ဆရာကြီး၊ ဟိုတစ်နေ့ကပေးလိုက်တဲ့ ‘အခွံ’တွေ ‘အသား’ပြန်ဖြစ်သွားရဲ့လား။ အသားဖြစ်သွားမှ စားလို့ရမှာလေ။ အခွံတွေသက်သက်ဆို ဘယ်လိုမှ အလုပ်မဖြစ်ဘူးခင်ဗျ’

နောက်… နှစ်ရက်လောက်ခြားပြီး တစ်ညမှာ တစ်ဖက်ခြံက လူငယ်ကလေးက သောက်ရေလာတောင်းရင်း မေး၏။

‘အေး၊ ငွေထောင့်ငါးရာကျော်ကျော်ရတယ်ကွ။ မင်းတို့ကို ရှယ်ယာပြန်ခွဲပေးရဦးမလား’

‘မပေးနဲ့ ဆရာကြီး၊ ကိုယ့်ဟာကိုယ်ယူ၊ လက်ဖက်ရည်ဖိုး၊ အီကြာကွေးဖိုးလောက်တော့ သုံးရသေးတာပေါ့။ အမှိုက်ထဲက ရတဲ့ ပိုက်ဆံပဲ။ နောက်လည်း စုမိလာရင် ဒီလိုပဲ လှမ်းလှမ်းပေးမယ်။ တစ်ညတလေ ကျွန်တော်တို့ ရေသန့်ဘူးတွေပြတ်သွားရင်သာ ဆရာကြီးဆီ လာတောင်းရမှာပဲ။ ကျွန်တော်တို့ဘက်ကလည်း ပုလင်းခွံ၊ ဘူးခွံတွေတော့ ညတိုင်းတိုးနေမှာပဲ’

‘နေပါဦး၊ မင်းတို့အဖွဲ့က တစ်ညမပြတ် ပုံမှန်သောက်နေကြတာလား။ ဘယ်နှယောက်တောင်ရှိတာတုံး’

‘စုစုပေါင်း ဆယ်ယောက် ဆရာကြီးရေ၊ အားလုံး ကွန်သမားချည်းပဲ။ အညာကနေ အုပ်စုလိုက် တစ်ရပ်တစ်ရွာတည်းသား သူငယ်ချင်းတွေ စုဆင်းလာပြီး ဒီရန်ကုန်မှာ ကွန်လာပစ်ကြတာ။ ဟင်းစားငါးလေးဘာလေး ရမလားလို့လေ၊ ဟင်းဟင်း’

ကောင်လေးက သူ့ဟာသကို သူပြန်သဘောကျသွားပုံဖြင့် ရယ်လိုက်သေးသော်လည်း သူကတော့ လိုက်မရယ်နိုင်ဘဲ ရင်ထဲ တစ်ဆို့ဆို့ကြီး ဖြစ်လာ၏။ ကြည့်စမ်း၊ အရွယ်ကောင်းလေးတွေ။ တကယ်ဆို အထက်တန်းဆင့် ပညာ၊ တက္ကသိုလ်ကောလိပ်အဆင့် မြင့်ပညာတွေကို သင်ယူနေကြရဦးမယ့် အညွန့်တလူလူရှိမယ့် ပင်ပျိုကလေးတွေ။ အခုတော့ ဆောက်လုပ်ရေး အလုပ်ကြမ်းသမားကလေးတွေ



www.burmeseclassic.com

www.burmeseclassic.com

အဖြစ် တစ်နေကုန် ပင်ပင်ပန်းပန်း အလုပ်လုပ်နေကြပြီး ပင်ပန်းမှု၊ ဆင်းရဲမှုကို အကြောင်းပြုရင်း ညတိုင်း အုပ်စုလိုက် အရက်ချည်းဖိသောက်နေကြတာပဲ တွေ့နေရတာပဲ။ အရက်ထက်ပိုပြီး ပိုက်ဆံ ဖောဖောသီသီသုံးနိုင် စွဲနိုင်မှုဖြစ်သော မူးယစ်ဆေးဝါးဆိုတာတွေနှင့်တော့ တွေ့ကြသေးဟန်မတူ။ အဲဒါကိုပဲ ကျေနပ်ပေးကြရတော့မလိုလို။ အရပ်တကာမှာ ပေါချင်တိုင်းပေါ၊ လွယ်လွယ်ကူကူနှင့် အသက် ၁၀ နှစ်တောင် မပြည့်သေးသည့်ကလေးကို ပုလင်းခွံအလွတ်နှင့် ပိုက်ဆံကျသင့်ငွေပေးပြီး လွှတ်လိုက်လည်း အမေးအစမ်း အတားအဆီးမရှိ ရှောရှောရှူရှူ ရောင်းပေးနေကြသည့် အရက်ဆိုင်တွေ မိုးဦးကျ မှိုခင်းကြီးလို ရှောင်မလွတ်တမ်း များပြားပြည့်နှက်နေတာကိုပဲ 'တော်ပါသေးရဲ့၊ စိတ်ကြွရူးသွပ်ဆေးပြားဆိုင်တို့ ဘိန်းမည်းဘိန်းဖြူ လက်လီလက်ကားဖြန့်ချိရေးစင်တာတို့ ပေါ်မလာသေးတာပဲ ဟုတ်လှပြီ' ဟု အရပ်က ဝိုင်း သာဓုခေါ်ပေးကြရတော့မလိုလို။

ထူးတော့မထူးလှပါဘူး။ ကာလပေါက်ဈေးအရ သိန်းပေါင်းထောင်ချီသောင်းချီ သိန်းချီ တန်ဖိုးသင့်တွက်ပြထားတဲ့ စိတ်ကြွရူးသွပ်ဆေးတွေ၊ မူးယစ်ဆေးဝါးတွေတောင် ထရပ်ကားနဲ့ တစ်စီးတိုက်၊ နှစ်စီးတိုက် ဖမ်းလို့မိတယ်လို့တော့ သတင်းတွေကြားရတာ ခဏခဏပဲ။ သို့ပေမဲ့ လက်သည်မပေါ်လာဘဲ 'ပိုင်ရှင်မဲ့'ဆိုတာနှင့်ပဲ

ပုလင်းခွံ၊ ဘူးခွံ
ဇာတ်လမ်းသည်
အဲဒီညက
စတင်လာခဲ့ခြင်း
ဖြစ်၏
နောက်တစ်နေ့ကျ
တော့
အိမ်အပြန်မှာ
အဲဒီအိတ်ကြီးကို
ဆွဲလာကာ
သူတို့
ရပ်ကွက်ထိပ်က
ပုလင်းခွံ၊ ဘူးခွံ
အဟောင်းတွေ
ဝယ်သည့်ဆိုင်သို့
ဝင်လိုက်၏
အလိုလေးဗျာ
တယ်ဟုတ်ပါ
ကလားဟု
မျက်ခုံးပင့်မိရ၏

ဂိတ်ဆုံးသွားတာ ခက်လှသည်။ ကေ့စ်တော့ ရှိန်းဆာယာပိုမောက်၍ ကိုယ်ပျောက်အငွေ့ပြန်သွားစေနိုင်သော မြေလျှိုးမိုးပျံနိုင်သည့် မဟာ့မဟာတန်ခိုးထူးကို ပိုင်ဆိုင်ကြသူတွေကပဲ မူးယစ်ဆေးဝါး ရောင်းဝယ်ဖြန့်ဖြူးရေးလုပ်ငန်းကို လုပ်ကိုင်ဖို့ ကန်ထရိုက်ဆွဲထားဟန်တူ၏။ အဲဒီပုဂ္ဂိုလ်ထူးများကိုတော့ ကိုယ်ပျောက်ဝိဇ္ဇာများဖြစ်နေကြ၍ ကူညီပါရစေအဖွဲ့တော်သားများခမျာ ဘယ်ကနေဘယ်လိုအစရှာ ဖော်ထုတ်ရမှန်းမသိ ဖြစ်နေကြရရှာပုံ

ရ၏။ ပစ္စည်းရော၊ ပိုင်ရှင်ပါ မိလိုက်ပြီဆိုမှဖြင့် သိန်းဆယ်ဂဏန်းနှင့် ဆယ်ဂဏန်းအောက်က အပျံသင်စကလေးတွေချည်း ဖြစ်ဖြစ်နေသည်။ တစ်တိုင်းလုံး၊ တစ်ပြည်နယ်လုံး၏ ဂေါ်ဒ်ဖားသား၊ သိန်းပေါင်း ထောင်ချီ သောင်းချီ အလျော့အစားရှိသော ဒိုင်ချုပ်ကြီးတွေကို လူကောင်အရှင်လတ်လတ် နောက်ထား၊ အရိပ်တောင် ရှာမတွေ့ကြဘဲ စက်ဘီးကလေး ဖင်ကြားညှပ်ကာ ကျေးရွာနယ်ပယ်အနှံ့ တကုန်းကုန်း နင်း၍ 'ဟိုလူက ငါးဆယ်ဖိုး၊ ဒီလူကတော့ တစ်ရာဖိုးထိုးနေကျဖောက်သည်'ဆိုသလို လိုက်လံ ရောင်းချနိုင်မှ တစ်နေ့စာဆန်နှစ်ပြည်ဖိုးလောက် ကိုယ့်အတွက်ရသည့် ကော်မရှင်စား ခေတ်သစ်ကာကဝလ္လိယကလေးတွေချည်းပဲ ရောင်းကြေးငွေ နှစ်ထောင်ကျပ်အပါအဝင် အရောင်းဘောက်ချာ ဖြတ်ပိုင်းစာအုပ်နှင့်တကွကွိခနဲ ကွိခနဲ ဟောတစ်ယောက် ဟောတစ်ယောက် ဖယ်ဆက်သလို ဖမ်းမိနေကြပုံနှင့် တူလှချေ၏။

မီတာ ၂၀၀ အကွာအဝေးကို ၁၉ ဒသမ ၇၈ စက္ကန့်ဖြင့် တစ်မိနစ်၏ သုံးပုံတစ်ပုံပင် မပြည့်သောအချိန်တိုကလေးမှာ အရောက်ပြေးနိုင်သည့် ကမ္ဘာ့အမြန်ဆုံး လူသားစံချိန် တင်ထားသော ဒူစိန်ဘိုဲ့ အပြေးမြန်တယ်ဆိုတာလောက်တော့ဖြင့် လွမ်းလောက်စရာမဟုတ်။ ဒူစိန်ဘိုဲ့ကိုယ်တိုင်လည်း မြန်မာပြည်က မူးယစ်ရာဇာတို့၊ လောင်းကစားဂေါ်ဒ်ဖားသား ဒိုင်ချုပ်ကြီးတို့နှင့် ပက်ပင်းတွေ့ကြပါက 'ဆရာတို့က ကျွန်တော့်ထက် အပြေးမြန်ကြပါတယ်ခင်ဗျာ၊ ကျွန်တော်ရထားတဲ့ ကမ္ဘာ့အမြန်ဆုံးဆိုတဲ့ စံချိန်က မြောင်းထဲရောက်သွားပါပြီ'ဟု ဝန်ခံကာ ထိုင်ကန်တော့သွားဖွယ်ရှိသည့် အပြင် သူ ရရှိပိုင်ဆိုင်ထားသော ဘေဂျင်းအိုလံပစ်ပွဲတုန်းက ဆုသုံးခု၊ လန်ဒန်အိုလံပစ်ပွဲတုန်းက ဆုသုံးခု၊ ယခု ရီယိုအိုလံပစ်ပွဲက ဆုနှစ်ခု၊ စုစုပေါင်း အိုလံပစ် ရွှေတံဆိပ်ဆုပေါင်း ရှစ်ဆုကိုပါ လက်လွှဲထိုးအပ်သွားမည်လားမသိ။

ဦးဘအောင်သည် တွေးရင်းတွေးရင်းကနေ တဖြည်းဖြည်း အူပွလာမိ၏။ ဘယ်သူ့ကို တရားခံရှာရမှန်းမသိဘဲ စိတ်ပေါက်လာသဖြင့် ထိုအတွေးများကို အဆောတလျင်ဖြတ်ကာ သူသိလိုရာ အချက်ကိုသာ မေးခွန်းထုတ်လိုက်ရ၏။

'ရန်ကုန်ကို အုပ်စုလိုက် ဆင်းလာပြီး အလုပ်လုပ်ကြတာဆိုတော့ မင်းတို့က ကျောင်းမနေကြတော့ဘူးပေါ့လေ၊ အဲဒီလိုလား'

'မဟုတ်ဘူး ဆရာကြီးရဲ့၊ ကျောင်းပြီးပြီးသားတွေရော၊ ဒုတိယနှစ်၊ တတိယနှစ် အဝေးသင်သမားတွေရော၊ ဆယ်တန်းလောက်၊ ခြောက်တန်းလောက်နဲ့ ထွက်ခဲ့တဲ့ကောင်တွေရော၊ ဆိုဒ်စုံ အရွယ်စုံပါတယ်။ နယ်မှာက အလုပ်အကိုင်ရှားလွန်းလို့ ငွေတွင်းဆန်တွင်းနက်လွန်းလို့ အလုပ်မျိုးစုံပေါတဲ့ ရန်ကုန်ကို ဆင်းလာကြရတာ။ ဘာပဲပြောပြော ဒီမှာက ကိုယ်လုပ်



www.burmeseclassic.com

www.burmeseclassic.com

နိုင်ရင် ပိုက်ဆံရှာရလွယ်တယ်။ နယ်မှာက စိုက်ပျိုးရေးဘက်ကြည့်တော့လည်း လုပ်စရာ လယ်မြေတွေက အသိမ်းခံထားကြရတာက များခဲ့တော့ စိုက်ပျိုးရေးလယ်ယာလုပ်သားကူလီတို့၊ သူရင်းငှားတို့ဆိုတာ သိပ်မရှိကြတော့ဘူး။ ရောင်းစရာ၊ ပေါင်စရာ လယ်ကလေး၊ မြေကလေး၊ နွားကလေးတွေရှိတဲ့ သူတွေကျလည်း အဲဒါလေးတွေ ရောင်းချပေါင်နှံပြီး စရိတ်လုပ်ရင်း အိမ်နီးချင်းနိုင်ငံတွေကို ရတဲ့လမ်းက ထွက်ကြတာ။ ကျွန်တော်တို့ ရွာမှာဆို လယ်ယာလုပ်မယ့် လူငယ်လူရွယ်တွေမပြောနဲ့ ထန်းတက်သမားလူငယ်တွေ မရှိကြတော့လို့ ထန်းရည်သောက်ဖို့၊ ထန်းလျက်စားဖို့တောင် ခက်ကုန်ပြီ။ ထန်းတောပိုင်ရှင်တွေက အလုပ်လုပ်ပေးမယ့်သူတွေ မရှိကြတော့ အိမ်ဆောက်မယ့်သူတွေကို ရောင်းဖို့ ထန်းပင်တွေကို အရင်းကလှဲလှဲပြီး ထန်းပျဉ်ဆွဲကြတာနဲ့ ထန်းတောတွေလည်း ပြုန်းကုန်ပြီ။ ကျွန်တော်တို့ အုပ်စုကတော့ ရွာမှာလည်း ရောင်းစရာ၊ ပေါင်စရာ လယ်မြေတို့၊ နွားတို့ မရှိကြသူတွေဆိုတော့ ရန်ကုန်ကိုပဲ ဦးတိုက်ဆင်းလာလုပ်ကြရတာပေါ့'

'ဒီမှာကတော့ အဆင်ပြေကြတယ်ပြောပါတော့'

'ရွာမှာ အလုပ်အကိုင်မရှိ၊ ဘုတ်ထိုင်ထိုင်နေရတာနဲ့စာရင်တော့ ဒီမှာက ပိုအဆင်ပြေတာပေါ့ ဆရာကြီးရဲ့။ အခု ကျွန်တော်တို့ နေတဲ့ တန်းလျားကြီးက ကျွန်တော်တို့ ကွန်သမားတွေကို အလုပ်ပေးတဲ့ ကန်ထရိုက်ဘော့စ်က ဆောက်ပေးပြီး စုနေခိုင်းထားတာလေ။ သူ ညွှန်ကြားတဲ့ အလုပ် ဆိုဒ်အတိုင်း ရွှေပြည်သာတို့၊ လှိုင်သာယာတို့၊ တောင်ဒဂုံ၊ မြောက်ဒဂုံတို့၊ ဆိပ်ကမ်းတို့ စသဖြင့် ကျွန်တော်တို့က လိုက်ဆင်းပေးရုံပဲ။ စားတာကတော့ ဒီလိုပဲ စုပေါင်းပြီး ချက်စားကြရတာပေါ့။ ကျောင်းမပြီးသေးတဲ့ ကောင်တွေလည်း ဆက်မတက်ဖြစ်ကြတော့တာက များတယ်။ တချို့ကျလည်း စာမေးပွဲဖြေဖို့ တစ်လလောက် အလိုကျမှ အညာကိုပြန်ပြေး၊ အနီးကပ် တစ်လသင်တန်းတက်ပြီး ဆက်ဖြေကြတယ်။ သူတို့ကတော့ မိသားစုစားဝတ်နေရေးအတွက် အထောက်အကူပေးနိုင်သလို စာမေးပွဲဖြေဖို့ ကျောင်းစရိတ်အတွက်လည်း စုနိုင်ကြတာပေါ့။ စားဖို့မှအနိုင်နိုင် မိဘကို ကျောင်းစရိတ် ထပ်မတောင်းရက်ကြဘူး'

'အေး၊ အလုပ်လုပ်ပြီး ကိုယ့်စရိတ်နဲ့ကိုယ် ကျောင်းတက်ဖို့၊ ပညာသင်ဖို့ဆိုတာကတော့ ကောင်းပါတယ်ကွာ၊ ဒါပေမဲ့နော် ကလေးတွေ၊ မင်းတို့ဟာ တဖြည်းဖြည်း သောက်လွန်းအားကြီးလာရင် ခက်မယ်ကွ၊ လူစုမိတိုင်း၊ ညတိုင်း ပုံမှန်သောက်ဖြစ်နေကြတာကတော့ မဟုတ်သေးဘူးလကွာ၊ သောက်ကျင့်ပါသွားရင် လစ်မစ်တွေ တက်လာကြမှာကွ'

'ခက်ပါပေ့ဆရာကြီးရယ်၊ ကျွန်တော်တို့မှာလည်း ဒါလေးပဲ ထွက်ပေါက်ရှိတာပါဆိုနေမှ။ စိတ်ချပါဆရာကြီးရဲ့၊ ကျွန်တော်တို့ မများစေရပါဘူး။ မိဝေးဖဝေး ဆွေမျိုးဝေးနဲ့ တပင်တပန်း လာကွန်ပစ်နေကြရတာ ဆရာကြီးရယ်၊ ကျွန်တော်တို့ရဲ့ စထရက် (Stress) အဲအဲ…၊ ဟို ဘယ်လိုပြောရမလဲ၊ စိတ်ဖိစီးမွန်းကျပ်မှုကို ဒီကောင်နဲ့ တိုက်ချပစ်ကြရတာခင်ဗျ။ မူးလာတော့ ထမင်းဆက်စားလိုက်၊ ပြီးတာနဲ့ မှေးခနဲ အိပ်ပျော်သွားရော။ ဒီခေတ်ထဲမှာ မိန်းကလေးတွေတောင် ကိုရီးယားဇာတ်လမ်းထဲက မင်းသမီးတွေ ဆိုဂျူသောက်တာကို အတုခိုးပြီး ဘီယာဆိုင်ထိုင်လာကြတဲ့ နောက်မှတော့ ကျွန်တော်တို့လို ကွန်သမား ယောက်ျားလေးတွေ ဆေးဖြစ်ဝါးဖြစ် နည်းနည်းကစ်တာ ဘာဆန်းသလဲ။ ကျွန်တော်တို့က ဇိမ်ခံတာမဟုတ်ဘူး။ စိတ်ရော၊ ခန္ဓာကိုယ်ရော ပင်ပင်ပန်းပန်း ဖိစီးခံထားရမှုအတွက် ထွက်ပေါက်ရှာတာ။ ကျွန်တော်တို့ တတ်နိုင်တဲ့ဈေး အပေါဆုံး ထွက်ပေါက်ကလည်း အဲဒါပဲရှိတယ်။ တကယ့် ထောင့်ကျဉ်းကျဉ်းနဲ့ ထွက်ပေါက်ကလေးပါ ဆရာကြီးရာ'

'အင်း… မင်းပြောတော့လည်း ဟုတ်တုတ်တုတ်ပဲ။ ကိုရီးယားမတွေ ဆိုဂျူသောက်တာအားကျပြီး ကောင်မလေးတွေ ဘီယာဆိုင်ထိုင်လာကြတာလည်း မပြောနဲ့ကွ။ အဲသလို တလွဲ ဆံပင်ကောင်းတဲ့ မျိုးဆက်သစ် ဘုမသိဘမသိတွေ များများပေါ်ပေါ်လာအောင် စနစ်တကျ ယုတ်ယုတ်မာမာ ပျိုးထောင်ပြုစုပေးခြင်းကို နှစ်ပေါင်းများစွာ လေ့ကျင့်ခံယူလာခဲ့ကြရတာကိုး။ ကလေးတွေ ဘယ်လောက်ရေလိုက်လွဲကုန်ကြသလဲဆိုရင် ဥပမာကွာ၊ ဖေဖော်ဝါရီလ ရောက်ပြီပေါ့၊ အရေးကြီးတဲ့ နေ့ထူးနေ့မြတ် ဘာရှိသလဲ မေးလိုက်ရင် ဖေဖော်ဝါရီ ၁၂ ရက်နေ့ဟာ ပြည်ထောင်စုနေ့၊ ၁၃ ရက်နေ့ဟာ ကိုယ့်တိုင်းပြည်ရဲ့ အမျိုးသားခေါင်းဆောင်ကြီးကို မွေးခဲ့တဲ့နေ့ ဆိုတာတွေ မသိကြတော့ဘူး။ အဲဒီနေ့တွေကို ကျော်ချပြီး ၁၄ ရက်နေ့ဟာ ဗယ်လင်တိုင်းဒေး ချစ်သူများနေ့ပေါ့ဗျ ဆိုတာမျိုး သောက်တလွဲ ကစ,ဖြေတော့တာ။ မြို့ရောနယ်ပါမကျန် တည်းခိုခန်းတွေ လူပြည့်တဲ့နေ့ပေါ့ကွ။ လွှဲချက်ကတော့ ဘယ်လောက်အားတက်စရာ ကောင်းထားသလဲ။ အေး… ဘာပဲဖြစ်ဖြစ်ကွာ၊ မင်းတို့လည်း ကိုယ့်ကိုယ်ကို သတိနဲ့ထိန်းကြပေါ့'

'ဟုတ်ကဲ့၊ စိတ်ချပါ ဆရာကြီး'

ကောင်ကလေး ပြန်သွားတော့ သူ သက်ပြင်းကြီးချပြီး ကျန်ရစ်ခဲ့ရလေသည်။ ထိုကလေးတွေ ပေးလာသော ပုလင်းခွံ၊ ဘူးခွံ ကြွပ်ကြွပ်အိတ်ကြီးကို လက်ဆွဲ၍ ထွက်လာခဲ့သော တစ်မနက်မှာတော့ အဲဒီနေ့ကျမှ စောစောစီးစီး အိပ်ရာနိုးပြီး တိုက်အပြင် ထွက်လာသော သူ့အလုပ်ရှင် နိုင်ငံခြားသားနှင့် တတိယအကြိမ် စကားပြောဖြစ်ကြရ၏။

'ဒါတွေက ဘာတွေလဲ၊ ဘယ်ကရတာလဲ၊ ဘာလုပ်ဖို့



www.burmeseclassic.com

www.burmeseclassic.com

လဲ'

သူ့လက်ထဲက အိတ်ကြီးကို ငုံ့ကြည့်ကာ စပ်စပ်စုစု မေးလာတော့ သူ ကျွဲမြီးတို ချင်သွား၏။ ဖြစ်ချင်တော့ ကြွပ်ကြွပ်အိတ်က အနက်ရောင်ပိန်းပိန်းမို့ အထဲမှာ ဘာတွေ ထည့်ထားမှန်း မသိနိုင်၊ မမြင်နိုင်။ သူ့ကိုများ ခြံဝင်းထဲက တစ်စုံတစ်ရာကို ခိုးထုတ်ဖို့များလားဟု သံသယ အဝင်မခံနိုင်။ ထို့ကြောင့် သူက နိုင်ငံခြားသား ရှေ့မှာပင် ကြွပ်ကြွပ်အိတ်ကြီးကို သွန်ချပြလိုက်၏။ ပြီးနောက် မည်သို့ရရှိပုံနှင့် ပြန်လည်ရောင်းချရန် ဖြစ်ကြောင်း အပြည့်အစုံရှင်းပြလိုက်တော့ နိုင်ငံခြားသားက ခေါင်းတညိတ်ညိတ် နားထောင်နေရင်းက တဖြည်းဖြည်းပြုံးရွှင်လာသည်ကို တွေ့ရ၏။ သူ့ရှင်းလင်းချက်တွေ ပြီးသွားသောအခါ နိုင်ငံခြားသားက လွန်စွာကျေနပ်နေပုံရသော မျက်နှာထားဖြင့် ပြန်ပြောလေသည်။

'အိုး… ဒါက သိပ်ကောင်းတဲ့လုပ်ရပ်ပဲ။ ခင်ဗျား လုပ်တာကို ကျုပ် ထောက်ခံတယ်။ လက်စသတ်တော့ ခင်ဗျားတို့နိုင်ငံမှာလည်း ဒီလိုကောင်းတဲ့ အလေ့အကျင့်တွေ ရှင်သန်လာပြီပဲ။ ဒီပုလင်းခွံ၊ ဘူးခွံတွေကို ခင်ဗျားတို့ ရီဆိုင်ကယ် (Recycle) လုပ်ကြဖို့ မဟုတ်လား။ လွှင့်ပစ်ရတော့မယ့် အလေအလွင့်ပစ္စည်းတွေထဲကနေ ပြန်အသုံးပြုနိုင်တဲ့ အသုံးဝင်ပစ္စည်းတွေဖြစ်အောင် ပြန်လုပ်ယူတာလေ။ ဒါဟာ အလွန်မှန်ကန်တဲ့ အလေ့အကျင့်ပဲ။ ကျုပ်တို့နိုင်ငံတွေမှာဆိုရင် အမှိုက်တွေကို အကုန်စွန့်ပစ်တာမျိုး မလုပ်ဘူး။ မီးရှို့လို့ လောင်နိုင်တဲ့ အမှိုက်မျိုးတွေကို သီးခြား ခွဲထုတ်တယ်။ ပြီးမှ မီးရှို့နိုင်တဲ့ အမှိုက်ကနေ လျှပ်စစ်စွမ်းအင်ပြန်ထုတ်လုပ်တဲ့ စက်ရုံမှာ ပြန်အသုံးချကြတယ်။ တစ်ရက်ကို အမှိုက်တန် ၁၂၀ မီးရှို့နိုင်ရင် အဲဒီက တစ်ဆင့် တစ်နာရီကို လျှပ်စစ်စွမ်းအင် ၁၄၀၀ ကီလိုဝပ် ထွက်သဗျ။ အမှိုက်တွေကိုလည်း ရှင်းပြီးသားဖြစ်၊ ပြန်အသုံးချနိုင်တဲ့ လျှပ်စစ်စွမ်းအင်လည်းရ၊ တစ်ပြိုင်နက်တည်းမှာ ရလဒ်ကောင်းနှစ်ခု ရတာပဲ။ ဒီလို အလေ့အကျင့်ကောင်းတွေ တစ်ပြည်လုံး ကျယ်ကျယ်ပြန့်ပြန့်ရအောင် ပြုစုပျိုးထောင်ပေးကြဖို့ လိုတယ်ဗျ။ အိုကေ၊ ခင်ဗျား လုပ်ရပ်ကို ထောက်ခံတဲ့အနေနဲ့ ကျုပ်ဆီက ပုလင်းခွံတွေပါ ခင်ဗျားကို ပေးလိုက်ဦးမယ်။ အဲဒီက ခဏစောင့်၊ ကျုပ်တို့နိုင်ငံတွေမှာ ဒီလိုမျိုးတွေ လုပ်လာတာ ကြာပဲကြာခဲ့ပြီ'

နိုင်ငံခြားသားက ပြောစကားဆုံးသည်နှင့် တိုက်ကြီးထဲသို့ ပြန်ဝင်သွား၏။ ခဏကြာတော့ အရက်ပုလင်းခွံတွေ စုထည့်လာသော ကြွပ်ကြွပ်အိတ်ကြီးတစ်လုံး ဆွဲ၍ ပြန်ထွက်လာကာ သူ့ကို လက်လွှဲပေးလေသည်။ သူက လက်ခံယူလိုက်ရင်း 'သင့်ခ်ယူ'ဟု ပြောလိုက်တော့ နိုင်ငံခြားသားက ခေါင်းညိတ်ကာ ပြုံးပြုံးကြီး ပြော၏။

'ဒီတစ်ကြိမ်တည်း မဟုတ်ဘူး၊ နောက်လည်း ကျုပ်ဆီမှာ စုမိရင် ခင်ဗျားကို ထပ်ပေးဦးမယ်။ အဲဒီအလုပ်ကို ဆက်သာလုပ် မိတ်ဆွေကြီး'

'ခွေးမသားတွေ၊ နင်တို့ နိုင်ငံတွေ တိုးတက်ကြတာလည်း မပြောနဲ့၊ နင်တို့က ရှေ့ကနေ ကြိုတင်သိ၊ ကြိုတင်စမ်းသပ်၊ ကြိုတင်လုပ်၊ ကြိုတင်အောင်မြင်နေခဲ့ကြတာကိုးဟ'ဟု ချစ်စနိုးဆဲကာ မုဒိတာပွားပေးရဦးမည့်ကိန်း ပေတကားဟု ဩချလိုက်မိရလေသည်။

❑

၃။

ထုံးစံအတိုင်း ည ၁၂ နာရီထိုးတော့ သူ့ရိပ်မြုံကလေးထဲမှ ထွက်လာကာ ခြံဝင်းထဲသို့ တစ်ပတ်ပတ်သည်။ 'ဒီတစ်ပတ်ပတ်ပြီးရင် အိပ်တော့မယ်'ဟု တွေးရင်း ရိပ်မြုံကလေးဘက် ပြန်လျှောက်လာခဲ့တော့ တစ်ဖက်ခြံစည်းရိုးနားမှာ ရပ်နေသော ကလေးတစ်ယောက်ကို မြင်ရ၏။ သူနှင့် ရင်းနှီးပြီးဖြစ်သည့် ကလေးပါပဲ။

'ဆရာကြီး၊ ပြီးခဲ့တဲ့ သုံးညလုံး ဘယ်ရောက်နေသတုံး'

'ဟေ… အိမ်က ငါ့အမယ်ကြီး နေမကောင်းလို့ သူ့ကိုပြုစုဖို့ သုံးည ခွင့်ယူလိုက်ရတာကွ၊ ခုတော့ သက်သာပါပြီ'

'ဒါကြောင့် ပျောက်နေတာကိုး၊ ဟောဒီမှာ အမှိုက်အိတ်တွေတော့ စုမိနေပြီ ဆရာကြီးရေ၊ တစ်ပတ်စာလောက်ရှိနေပြီ။ မနက်ကျရင် သယ်သွားဖို့ လာပို့ပေးတာ'

ကလေးက သူ့ရှေ့ဘက် ခြေရင်းမှာ ခြံစည်းရိုးကို ကပ်ထောင်ထားသည့် ကြွပ်ကြွပ်အိတ်ကြီးကို လက်ညှိုးညွှန်ပြရင်း ပြော၏။ သူ သက်ပြင်းချလိုက်သည်။ အဲဒီကိစ္စနှင့် ပတ်သက်၍ ခွင့်ယူထားသော သုံးရက်သုံးညလုံးလုံး သူ့ကိုယ်သူ အကျေအလည် ပြန်မေးခွန်းထုတ်ကာ အဖြေရှာထားပြီးဖြစ်၏။ သူ တွန့်ဆုတ်အားနာနေ၍မဖြစ်။ တော်ကြာ ငွေမျက်နှာကို လှမ်းမြင်ကာ သူ စိတ်ပြောင်းသွားမှာ စိုးရသည်။ ထို့ကြောင့် အစောကြီးကတည်းက ချထားခဲ့သော ဆုံးဖြတ်ချက်အတိုင်း သူ ပြောချလိုက်၏။

'အမှိုက်ဆိုလည်း မင်းပြောသလိုပဲ သတ်မှတ်ထားတဲ့ အမှိုက်ပုံးကို သွားပစ်လိုက်တော့ လူကလေး။ ဒီနေ့ကစပြီး ငါ မင်းတို့ပေးတဲ့ အရက်ပုလင်းခွံတွေ၊ ရေသန့်ဘူးခွံတွေ မယူတော့ဘူး။ သောက်ရေကိုလည်း မင်းတို့ဘာသာမင်းတို့ လုံလောက်အောင်ရှာထားပေတော့။ ညဉ့်နက်မှ ငါ့ဆီလာမတောင်းကြနဲ့တော့'

'ဟာဗျာ… ဘာဖြစ်လို့လဲ ဆရာကြီးရဲ့၊ ဆရာကြီးရဲ့ ဘော့စ်က ဒါတွေယူတဲ့အတွက် ဆူလို့လား'

'မဆူပါဘူးကွာ၊ သူနဲ့ ငါ ဘာပဋိပက္ခမှ မဖြစ်ကြပါဘူး။ သူကတောင် ငါ့ကို ပုလင်းခွံတွေ ထုတ်ပေးနေလေသေးရဲ့'

'ဒါနဲ့များ ဆရာကြီးရယ်၊ ထုံးစံအတိုင်း ကျွန်တော်တို့ဘက်ကလည်း ယူပေါ့။ အပိုငွေသုံးရတာပေါ့'

'အေး… ငါ့ကိုအပိုငွေကလေးသုံးစေချင်တဲ့ မင်းရဲ့

www.burmeseclassic.com

စေတနာကို ငါယုံကြည်ပါတယ် လူကလေး။ ဒါပေမဲ့ ဘယ်လိုပဲဖြစ်ဖြစ် ငါ့ဟာငါ တခြားလမ်းမှာတွေ့လို့ ပုံသက္ကပစ္စည်းအမှတ်နဲ့ ကောက်ချင်ကောက်မယ်။ မင်းတို့ဆီကပေးတာကိုတော့ မယူတော့ဘူးလို့ ဆုံးဖြတ်ကန့်သတ်လိုက်တယ်။ မင်းတို့ပေးတာကို လက်ခံယူ၊ ငါ့ဘက်ကလည်း မင်းတို့အတွက် သောက်ရေပြန်ပေးနဲ့ မင်းတို့ကို သွယ်ဝိုက်အားပေးရာရောက်တဲ့ကိစ္စမျိုးတွေ ဆက်လုပ်ဖို့ ငါ့ကိုယ်ငါ ဆက်ခွင့်ပြုထားလို့ မဖြစ်ဘူးကွ။ ငါက လူကြီးတစ်ယောက်။ ပြီးတော့ မင်းတို့လိုအရွယ်ကလေးတွေ အများကြီးကို ပင်စင်ယူချိန်အထိ နှစ်ပေါင်းများစွာ စာသင်ပေးလာခဲ့ဖူးတဲ့ ကျောင်းဆရာဟောင်းကြီးတစ်ယောက်ကွ။ ကိုယ်က မှန်မှန်ကန်ကန် မပြောဆို၊ မဆုံးမတဲ့အပြင် မင်းတို့နဲ့ ပတ်သက်ပြီး အဆိပ်ပင်ရေလောင်းပေးနေသလိုလို၊ ရေနစ်သူ ဝါးကူထိုးပေးနေသလိုလို လုပ်နေမိတာ ငါ့လိပ်ပြာ ငါမလုံဘူး လူကလေး။ မဖြစ်ပါဘူးကွာ။ ငါပြောတာကို သဘောပေါက်စမ်းပါ'

'ခက်ရပြန်ပြီ ဆရာကြီးရယ်၊ ကျွန်တော်တို့က ဘယ်လိုမှ အောက်မေ့နေတာမှ မဟုတ်ဘဲ။ ပြီးတော့ ဆရာကြီးကို ဝန်ခံခဲ့ဖူးသားပဲ။ ဒါလေးက ကျွန်တော်တို့ ထွက်ပေါက်ကလေးပါ။ တကယ့်ကို ထောင့်ကျဉ်းကလေးတစ်ခုလောက်ရယ်ပါဆိုတာလေ'

ကလေးက စိတ်ကောင်းဖြစ်သွားသည့် လေသံဖြင့် သူ့ကို တောင်းပန်သလိုပြော၏။

'ဟ… ကောင်လေးရ၊ မင်းတို့အဖွဲ့က အရင်က အတိုင်း ၁၀ ယောက်ပဲ မဟုတ်လား၊ နောက်ထပ် လူဦးရေထပ်တိုးသေးလား'

'ဟင့်အင်း… အရင် ၁၀ ယောက်ပါပဲ ဆရာကြီးရဲ့'

'အေး… အရင်ရှိတဲ့ ၁၀ ယောက်ပဲ။ လူဦးရေ ထပ်မတိုးဘူးဆိုပေမဲ့ ငါ့ကိုပေးတဲ့ အရက်ပုလင်းခွံတွေက ရက်တိုတိုနဲ့ သိသိသာသာ ကြောက်ခမန်းလိလိ အရေအတွက်တိုးလာနေတယ်ကွ။ ဒါကို မင်းသိရဲ့လား၊ အဲဒါ အန္တရာယ်အချက်ပေးမီးနီပြလာတဲ့ သဘောပဲ။ ထွက်ပေါက်၊ ထွက်ပေါက်နဲ့ မင်းတို့ပြောတဲ့ ထောင့်ကျဉ်းကျဉ်းထွက်ပေါက်ကလေးဆိုတာက တဖြည်းဖြည်းကျယ်လာနေပြီ။ နောင်ကြာလာရင် စကြဝဠာနဲ့ နင်လားငါလားဖြစ်လာတော့မယ်။ ခုနေမှ သတိနဲ့ လျှော့တန်လျှော့၊ ရပ်တန်ရပ်၊ ဒီလိုမဟုတ်ရင်တော့ စိတ်ဖိစီးမှုသက်သာဖို့ ဆေးဖြစ်ဝါးဖြစ်ဆိုတာကနေ ယစ်ထုတ်ကလေးတွေ၊ အဲဒီနောက်မှာ တစ်ဆင့်တက်ပြီး ယစ်ထုတ်ကြီးတွေ ဖြစ်ကုန်ကြလိမ့်မယ်။ ငါ ဒီလို ပြောလို့ မင်းတို့ ငါ့ကို မုန်းချင်လည်း မုန်းကြကွာ။ ငါ ခံနိုင်တယ်။ ကဲ… ပြောချင်တာကတော့ အဲဒါပဲကွာ၊ ငါအိပ်တော့မယ် လူကလေး၊ မင်းတို့လည်း စဉ်းစားကြပေါ့ကွယ်'

ခြံစည်းရိုးအောက်မှ ချာခနဲလှည့်ကာ သူ့ရိပ်မြုံကလေးထဲသို့ အမြန်ပြန်ဝင်လာခဲ့၏။ ကောင်ကလေးကတော့ ဘယ်လိုဖြစ်ပြီး ကျန်ခဲ့သည် မသိ။ အိပ်ရာပေါ် ပစ်လှဲကာ အမြန်ဆုံးအိပ်ပျော်ဖို့ ကြိုးစားသော်လည်း တော်တော်နှင့် အိပ်မပျော်။ မိုးလင်းခါနီးမှ မှေးခနဲ တစ်ချက် အိပ်ပျော်သွားပြန်တော့လည်း အိပ်မက်က မက်ဖြစ်အောင် မက်လိုက်သေးသည်။ ထိုအိပ်မက်ကြောင့် သူ ရင်တုန်ပန်းတုန်ဖြင့် လန့်နိုးလာခြင်း ဖြစ်သည်။

အိပ်မက်က လတ်လတ်ဆတ်ဆတ်ကြီးဆိုတော့ သူ ကောင်းကောင်း မှတ်မိနေပါသေးသည်။ မှတ်မိတာနှင့် အမျှ ကျွဲမြီးလည်းတိုလာမိရလေ၏။ အိပ်ရာပေါ်မှ ငုတ်တုတ်ထိုင်တွေးရင်း သူ ဒေါပွလို့မဆုံး။ ဒါဟာ ကွန်သမားတွေအတွက် အိပ်မက်တဲ့လား။ ကဲလေ… ဘာဆိုဘာမှ မရှိတဲ့ ဟင်းလင်းပြင်ကောင်းကင်ကြီးဆီကို မြှောက်ပြီး ကွန်ပစ်လိုက်တာ ဟင်းစားဖို့ ငါးတွေ ဖွေးခနဲ ဖွေးခနဲမိပြီး ကွန်ထဲမှာ ပါလာပြန်ချေသတဲ့။ လူလိုသာဆိုလျှင် ဘယ်လောက် ဆွဲထိုးပစ်ချင်စရာကောင်းလိုက်သတုံး။ ဆွဲထိုးပြီးမှ ဖနောင့်နဲ့ပါ စိတ်ရှိလက်ရှိပေါက်ပေါက်ပစ်ချင်စရာကောင်းတဲ့ ရိုသလိုလို၊ ထေ့သလိုလို၊ ငေါ့သလိုလို၊ လှောင်သလိုလို၊ ပြောင်သလိုလို ငါးမည်ရ အိပ်မက်ကြီး မဟုတ်ပေဘူးလားလေ။

■

**နန္ဒာစိုး၊ဆင်ဖြူကျွန်း၊**

## ဝမ်းနည်းခြင်း

စာရေးဆရာ
နန္ဒာစိုး(ဆင်ဖြူကျွန်း)သည်
၂၀၁၇ ခုနှစ်
မတ်လ ၇ ရက်နေ့တွင်
ဆင်ဖြူကျွန်းနေအိမ်၌
ကွယ်လွန်သွားခဲ့ပါသည်။
ဆရာကွယ်လွန်ချိန်တွင်
ဇနီး ခင်မိုးနှင်းနှင့်
သားသမီး ၃ ဦး
ကျန်ရှိခဲ့ပါသည်။
ယခုဖော်ပြပါ
**ထောင့်ကျဉ်းထဲက**
**အနန္တစကြဝဠာ**
ဝတ္ထုသည်
ရွှေအမြုတေမဂ္ဂဇင်းသို့
ဆရာ
နန္ဒာစိုး(ဆင်ဖြူကျွန်း)
ရေးသားပေးပို့ခဲ့သော
နောက်ဆုံးစာမူ
ဖြစ်ပါသည်။
ဆရာ
နန္ဒာစိုး(ဆင်ဖြူကျွန်း)၏
စာဖတ်ပရိသတ်များ
ဖတ်ရှုနိုင်ရန်အတွက်
ရွှေအမြုတေမဂ္ဂဇင်းက
ဂုဏ်ပြု
ဖော်ပြခြင်းဖြစ်ပြီး
ဆရာ
နန္ဒာစိုး(ဆင်ဖြူကျွန်း)
ကွယ်လွန်ခြင်းအတွက်
မိသားစုနှင့်
ထပ်တူ
ဝမ်းနည်းရပါကြောင်း
မှတ်တမ်းတင်
ဖော်ပြအပ်ပါသည်။

■

**အယ်ဒီတာအဖွဲ့**
(ရွှေအမြုတေမဂ္ဂဇင်း)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



မြို့ကြီးပြကြီး မနီးတဲ့××× တောရပ်ဌာနေ××× တောရပ်ဌာနေမှ××× အဲဒီကအစ လူဖြစ်ရတဲ့ ကိုယ့်ဘဝအခြေအနေ××× ကိုယ့်အသက်အရွယ် ငါးနှစ်ကျော် ဆယ်နှစ်တွင်း ×××အဖော်တွေများနဲ့ ကစားခဲ့ကြပျော်ပျော်ရွှင်××× မမေ့နိုင်ဘူး အစဉ် ကိုယ့်ဇာတိမြေ တောရပ်ရွာကိုပင်×××× အံမယ် နောက်ခံတီးလုံး ကလေးတွေတောင် ပါးစပ်ကလိုက်တော့မိ သေးသဗျ။ ကျုပ်တို့တွေ အရွယ်ဆိုတာ စန္ဒရား ထွန်းညွန့်ရဲ့ တောရပ်ဌာနေ သီချင်းနဲ့ အသားကျပြီးသား လေ။ ကျုပ်လို တောသား စစ်စစ်တစ်ယောက်ဆို ပြောဖို့လိုသေးလား။ မြို့မှာ ဘယ်လောက်ပဲ အနေကြာပါစေ။ အခုလို တောမြင်ကွင်းကို တွေ့လိုက်ရတော့ တောသွေးတွေ နိုးထ, တက်ကြွလာတာကလား။ ပြောရရင် အူသံကြားတော့ မအူရမနေနိုင်တဲ့ ခွေးလိုပေါ့ ဗျာနော။ ကျုပ်က ပါးစပ်ဆိုင်းနဲ့ တေးချင်းဆိုနေတာကို အခြားသူတွေက သဲသဲကွဲကွဲ ဘယ်ကြားနိုင်မှာလဲ။ မြစ်ပြင်ကျယ်က လေတဟူးဟူးတိုးနေတာရယ်၊ စက်လှေဝင်းထဲက ကျယ်လောင်နေတဲ့ အင်ဂျင်သံရယ်က သူတို့နားကိုပိတ်ပြီးသား။ ကျုပ်တောင် ကိုယ့်အသံကိုယ် မကြားတစ်ချက် ကြားတစ်ချက်နဲ့ရယ်။

ကျုပ်က တောသားလို့ သာပြောရတယ်။ ကိုယ့်ကျွန်းကိုယ့်ဒေသကိုမရောက်တာဖြင့် အတော်ကြာပြီ။ မြို့ပေါ်တက် စာသင်၊ နောက်ပိုင်းမှာ မိဘတွေကပါ မြို့ပြောင်းလာကြတော့ ရပ်က မြို့ရပ်ကို ပေါက်လို့။ စိတ်ကတော့ ရွာကို မမေ့ပါဘူး။ မြို့ကို ခွေမျိုးတွေ အလည်လာ၊ သာရေးနာရေးနဲ့ ကျုပ်တို့တစ်တွေ ရွာဆင်းတဲ့အခါဆင်း နေလာခဲ့တာ။ အခုလို ဆယ်စုနှစ်ချီကြာပြီးမှ ရွာဘက်ခြေဦးလှည့်လာတာဆိုတော့ မြစ်ပြင်ကျယ်ထဲကနေ အဝေးမြင်ကွင်းကို တွေ့လိုက်တဲ့အခါ ရင်တောင်ခုန်တယ်။ မြို့က စက်လှေနဲ့ နှစ်နာရီတင်းတင်း ခုတ်မောင်းပြီးမှ ကမ်းနားယောင်မြစ်ဝကို ဘွားခနဲ ထွက်ကျတာလေ။ မြစ်ပြင် လေတဟူးဟူးလာရာဘက်ဆီ စက်လှေအမြန်နှုန်းက တိုးဝင်လိုက်လို့ နားခေါင်းဝမှာ လေတွေပြည့်ကျပ်ပြီး အသက်ရှူမရတော့တာကြောင့် နှာဝကို လက်နဲ့ အုပ်ထားရတယ်။

ဒီမြစ်ရဲ့ ဟိုဘက်ကမ်းမှာတော့ ကျုပ်ရဲ့ဇာတိ ပန်းသီကျွန်းက ရေပြင်မှာ ပေါလောပေါ်နေတဲ့ ပေါင်မုန့်လိုပဲ ပြားချပ်ချပ်။ ကျွန်းရဲ့ ထုံးစံအတိုင်း တစ်ဖက်က ပင်လယ်ပြင်နဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com

တော့ ပင်လယ်ဒီရေတက်လိုက် ကျလိုက်လုပ်တဲ့ ချောင်းကြီး၊ ချောင်းငယ် အသွယ်သွယ်တွေက ကျွန်းတစ်ပြင်လုံးမှာ ပိုးထိုး လမ်းကြောင်းလိုပဲ ထစ်ထစ်ကောက်ကောက် တိုးဝင်လို့။ ရေပတ်လည်ဝိုင်းနေသော ကုန်းမြေကို ကျွန်းဟု ခေါ်သည်ဆိုတာ ဟောဒီကျုပ်တို့ရွာပေါ့။

ကျွန်းက ကျယ်ဝန်းတာကြောင့် တစ်ရွာတည်းရှိတာတော့ မဟုတ်ဘူး။ နာမည်အမျိုးမျိုးနဲ့ ရွာကြီးရွာငယ် နှစ်ဆယ့်သုံးရွာကို ထမ်းပိုးထားတဲ့ကျွန်း။ မြစ်ပြင်ကျယ်ကနေ ကျွန်းပေါ်က လူနေအိမ်ခြေဆီ မမြင်ရပါဘူး။ ဒီရေတောသစ်ပင်တွေက ကျွန်းကမ်းနားပတ်လည်မှာ ဝိုင်းကာပေါက်ရောက်နေတာကိုး။ ဒီရေတောတွေကြားထဲ တိုးဝင်စီးဆင်းနေတဲ့ ချင်းယာ ချောင်းမကြီးအတိုင်း စက်လှေဝင်လာတော့ ချောင်းကမ်းနား ဓနိတောက ဓနိခက်တွေ လက်ယမ်းကြိုဆိုလို့။ ကနစိုး၊ လမု၊ လမဲ့၊ ပြားဆီး၊ ပြားပင်တွေလည်း ကျိုးတိုးကျဲတဲနဲ့ပေါ့။ ဒီချောင်းက ပန်းသီကျွန်းရဲ့ အဝင်အထွက် အဓိကရေကြောင်းလမ်းမကြီး။

ဒီရေစစ်ချိန်ဖြစ်သွားပြီမို့ ရေတိမ်မှာ သတိထားဝင်ရတယ်။ ရေတက်ချိန်တုန်းက ကုန်းမြေနဲ့အတိ ပြည့်နေခဲ့တဲ့ ချောင်းမကြီးကရေတွေ အခုတော့ ကမ်းနားယောင်မြစ်ကကတစ်ဆင့် ပင်လယ်ထဲ လျှောဆင်းကုန်ပြီ။ စက်လှေကပ်မယ့် ဆိပ်ကမ်းနေရာ ကြည့်လိုက်တော့ လား…လား တကယ့်ရွှံ့ညွန်ပုံကြီး။ ကျုပ်

> အခုလို
> တောမြင်ကွင်းကို
> တွေ့လိုက်ရတော့
> တောသွေးတွေ
> နိုးထ,တက်ကြွ
> လာတာကလား
> ပြောရရင်
> အူသံကြားတော့
> မအူရမနေနိုင်တဲ့
> ခွေးလိုပေါ့ဗျာနော
> ကျုပ်က
> ပါးစပ်ဆိုင်းနဲ့
> တေးချင်း
> ဆိုနေတာကို
> အခြားသူတွေက
> သဲသဲကွဲကွဲ
> ဘယ်ကြားနိုင်မှာလဲ

တို့ဒေသမှာတော့ တမန်းလို့ ခေါ်တယ်။ ရေပြည့်ချိန်ဆိုရင် ကုန်းမြေပေါ် လွယ်လင့်တကူ တက်လို့ရပေမဲ့ အခုရေခန်းချိန် ချောင်းထဲကနေ မြေပြင်ကို မော့ကြည့်နေရတဲ့အဖြစ်။ ချောင်းထဲ ဆယ်ပေလောက် အရှည်ထိုးထားတဲ့ သစ်လုံးဆိပ်ခံဖောင်တော်ကလည်း အခုလို ရေစစ်ချိန်မှာ မမီမကမ်း။

'အားတော့နာတယ် ဆရာရယ်၊ ဒီအတိုင်းပဲ တက်ကြရတာဆိုတော့လေ။ ဆရာ့အထုပ်တွေကို စက်လှေပေါ် ထားခဲ့ပါ။ လာပို့ပေးပါမယ်။ ဟော့ကောင်လေး ဒီဆရာ့ဖိနပ်ကို ကုန်းပေါ်ယူသွားလိုက်'

စက်လှေသမားက ကျုပ်ကိုရှင်းပြရင်း သူ့နောက်လိုက် လူငယ်ဆီ လှမ်းအော်တယ်။ ကျွန်းသားတွေကတော့ ရေစပ်ဆီ တဖျောင်းဖျောင်းနဲ့ ခုန်ဆင်းကြပြီး ရွှံ့ညွှန်ပြင်ကြီးမှာ ကျွံနစ်သွားတဲ့ ခြေထောက်တွေကို ဆွဲနုတ်ရုန်းကန်လို့ တက်နေကြရဲ့။ ကျုပ်ကလည်း လာမည့်ဘေး ပြေးတွေ့ရတော့မှာမို့ ကုန်းကုန်းကွကွနဲ့ ခါးတောင်းကျိုက်ရတာပ။

'ရပါတယ်ကွာ၊ ငါတို့ဘိုးဘေးဘီဘင်တွေလက်ထက်ကတည်းက ဒီလိုပဲ သွားလာခဲ့ကြတာ မဟုတ်လား။ ငါကကော ဘာသားနဲ့ထုထားတာမို့လဲ။ တစ်ခုတော့ရှိတယ်။ ရေထဲ ဗြုန်းခနဲ ဆင်းလိုက်ရင် ကဏန်းညှပ်တာတို့၊ ငါးစင်ရိုင်းစူးတာတို့'

'အာ ဆရာကလည်း ဆရာတို့ ငယ်ငယ်တုန်းကလို မှတ်နေတာကိုး။ ကဏန်းတွေ၊ ငါးတွေ၊ ပုစွန်တွေဆိုတာ ရွာမှာ တစ်ခါတည်း ရေခဲရိုက်ပြီး နိုင်ငံခြားပို့နေတာကြာပေါ့။ ဒီလောက်ရေထဲမှာ ဆရာ့ကို ညှပ်မယ့် ကဏန်းလည်း မရှိ၊ စူးမယ့် ငါးလည်း မတွေ့ရ'

စက်လှေဆရာက ဦးလျှောက်ပဲ့လျှောက်နဲ့ သူ့အလုပ်တွေ လက်စသတ်ရင်း ပြောပြနေတယ်။ ကမ္ဘာပေါ်မှာ ဆင်တွေ၊ ကျားတွေ၊ မိကျောင်းတွေလောက် မျိုးတုံးတာမဟုတ်။ ရေနေသတ္တဝါတွေလည်း ရေသာများ၍ ငါးမတွေ့ ဖြစ်ကုန်ပြီပဲလေ။ သူနဲ့ ဆက်ပြောနေရင်လည်း ချောင်းတွေတိမ်လာတာ၊ ကမ်းပါးပြိုတာ၊ တောပြုန်းလာတာ စတဲ့ တစ်ထောင့်တစ်ညပုံပြင်ဆီ ရောက်သွားမယ်ထင်တယ်။

'ပိုက်ဆံရတာမှန်သမျှ နိုင်ငံခြားတင်ပို့နေကြတာဆရာရဲ့'

အေးလေ၊ ကျုပ်တို့ရွာလည်း အင်တာနက်ခေတ်ကို အမီလိုက်နေကြမှာပေါ့။ ဒီလို နိုင်ငံခြားနဲ့ စီးပွားဆက်သွယ်နေတာတောင် ဆိပ်ခံတံတားလေးတစ်ခု အခိုင်အမာမဖြစ်သေးတာကိုတော့ နားမလည်နိုင်။ လောလောဆယ်မှာ ကျုပ်က ရွှံ့ပြင်ကြီးကြည့်ပြီး အလောင်းစည်သူမင်း လက်ရုံးဆန့်တန်းလို့ ငါမအိုသေးဆိုပြီး ကြုံးဝါးသလိုမျိုး မာန်ဖီပြီး ရွှံ့ပုံထဲ ခုန်ဆင်းရုံမှတစ်ပါး။

ကုန်းပေါ်ရောက်တော့ ဒူးဆစ်ထိ ပေကျံလာတဲ့ ရွှံ့မည်းမည်းတွေ။ အနံ့ကလည်း ညှီစို့စို့နဲ့။ ရေတက်တုန်းက တင်ကျန်ခဲ့တဲ့ဆားငန်ရေအိုင်တစ်ခုမှာ ဆေးကြောတယ်။ အရေပြားမှာတော့ စပ်ဖျဉ်းဖျဉ်း စေးကပ်ကပ်နဲ့ တစ်မျိုးကြီးရယ်။ ဖိနပ်ကို လက်ကကိုင်ပြီး ရွာထဲထိလျှောက်လာ။ နီးစပ်ရာ အိမ်တစ်အိမ်ရဲ့ ရေတွင်းမှာ ဆေးရကြောရ။ ငယ်ငယ်ကတည်းက ဒီလိုကျွန်းရဲ့ ရွှံ့နဲ့ ကင်းခဲ့တာမှမဟုတ်တာ။

လယ်ကွင်းကလေးကို ဖြတ်သန်းပြီး စာသင်ကျောင်း ရှေ့ကိုရောက်တော့ ကုက္ကိုပင် အောက်မှာ ခဏအရိပ်ခိုတယ်။ ကုက္ကိုပင်ကြီးကတော့ ဆိုင် ကလုန်းဒဏ်အလီလီကို [illegible] ကြုံ့ခံရင်း အကိုင်း[illegible] ကျိုးနေတဲ့ကြား[illegible]

www.burmeseclassic.com

တော့ ပင်လယ်ဒီရေတက်လိုက် ကျလိုက်လုပ်တဲ့ ချောင်းကြီး၊ ချောင်းငယ် အသွယ်သွယ်တွေက ကျွန်းတစ်ပြင်လုံးမှာ ပိုးထိုး လမ်းကြောင်းလိုပဲ ထစ်ထစ်ကောက်ကောက် တိုးဝင်လို့။ ရေပတ်လည်ဝိုင်းနေသော ကုန်းမြေကို ကျွန်းဟုခေါ်သည်ဆိုတာ ဟောဒီကျုပ်တို့ရွာပေါ့။

ကျွန်းက ကျယ်ဝန်းတာကြောင့် တစ်ရွာတည်းရှိတာတော့ မဟုတ်ဘူး။ နာမည်အမျိုးမျိုးနဲ့ ရွာကြီးရွာငယ် နှစ်ဆယ့်သုံးရွာကို ထမ်းပိုးထားတဲ့ကျွန်း။ မြစ်ပြင်ကျယ်ကနေ *ကျွန်းပေါ်က လူနေအိမ်ခြေဆီ မမြင်ရပါဘူး။* ဒီရေတော သစ်ပင်တွေက ကျွန်းကမ်းနားပတ်လည်မှာ ဝိုင်းကာပေါက်ရောက်နေတာကိုး။ ဒီရေတောတွေကြားထဲ တိုးဝင်စီးဆင်းနေတဲ့ ချင်းယာ ချောင်းမကြီးအတိုင်း စက်လှေဝင်လာတော့ ချောင်းကမ်းနား ဓနိတောက ဓနိခက်တွေ လက်ယမ်းကြိုဆိုလို့။ ကနစိုး၊ လမု၊ လမဲ့၊ ပြားဆီး၊ ပြားပင်တွေလည်း ကျိုးတိုးကျဲတဲနဲ့ပေါ့။ ဒီချောင်းက ပန်းသီကျွန်းရဲ့ အဝင်အထွက် အဓိကရေကြောင်းလမ်းမကြီး။

ဒီရေစစ်ချိန်ဖြစ်သွားပြီမို့ ရေတိမ်မှာ သတိထားဝင်ရတယ်။ ရေတက်ချိန်တုန်းက ကုန်းမြေနဲ့အတိ ပြည့်နေခဲ့တဲ့ ချောင်းမကြီးကရေတွေ အခုတော့ ကမ်းနားယောင်မြစ်ကကတစ်ဆင့် ပင်လယ်ထဲ လျှောဆင်းကုန်ပြီ။ စက်လှေကပ်မယ့် ဆိပ်ကမ်းနေရာ ကြည့်လိုက်တော့ လား…လား တကယ့်ရွှံ့ညွန်ပုံကြီး။ ကျုပ်

> အခုလို
> တောမြင်ကွင်းကို
> တွေ့လိုက်ရတော့
> တောသွေးတွေ
> နိုးထ,တက်ကြွ
> လာတာကလား
> ပြောရရင်
> အူသံကြားတော့
> မအူရမနေနိုင်တဲ့
> ခွေးလိုပေါ့ဗျာနော
> ကျုပ်က
> ပါးစပ်ဆိုင်းနဲ့
> တေးချင်း
> ဆိုနေတာကို
> အခြားသူတွေက
> သဲသဲကွဲကွဲ
> ဘယ်ကြားနိုင်မှာလဲ

တို့ဒေသမှာတော့ တမန်းလို့ခေါ်တယ်။ ရေပြည့်ချိန်ဆိုရင် ကုန်းမြေပေါ် လွယ်လင့်တကူတက်လို့ရပေမဲ့ အခုရေခန်းချိန် ချောင်းထဲကနေ မြေပြင်ကို မော့ကြည့်နေရတဲ့အဖြစ်။ ချောင်းထဲ ဆယ်ပေလောက် အရှည်ထိုးထားတဲ့ သစ်လုံးဆိပ်ခံဖောင်တော်ကလည်း အခုလို ရေစစ်ချိန်မှာ မမီမကမ်း။

'အားတော့နာတယ်ဆရာရယ်၊ ဒီအတိုင်းပဲ တက်ကြရတာဆိုတော့လေ။ ဆရာ့အထုပ်တွေကို စက်လှေပေါ်ထားခဲ့ပါ။ လာပို့ပေးပါမယ်။ ဟောကောင်လေး ဒီဆရာ့ဖိနပ်ကို ကုန်းပေါ်ယူသွားလိုက်'

စက်လှေသမားက ကျုပ်ကိုရှင်းပြရင်း သူ့နောက်လိုက် လူငယ်ဆီ လှမ်းအော်တယ်။ ကျွန်းသားတွေကတော့ ရေစပ်ဆီ တဗျောင်းဗျောင်းနဲ့ ခုန်ဆင်းကြပြီး ရွှံ့ညွန်ပြင်ကြီးမှာ ကျွံနစ်သွားတဲ့ ခြေထောက်တွေကို ဆွဲနုတ်ရုန်းကန်လို့ တက်နေကြရဲ့။ ကျုပ်ကလည်း လာမည့်ဘေးပြေးတွေ့ရတော့မှာမို့ ကုန်းကုန်းကွကွနဲ့ ခါးတောင်းကျိုက်ရတာပ။

'ရပါတယ်ကွာ၊ ငါတို့ဘိုးဘေးဘီဘင်တွေလက်ထက်*ကတည်းက ဒီလိုပဲ သွားလာခဲ့ကြတာ မဟုတ်လား။* ငါကကော ဘာသားနဲ့ထုထားတာမို့လဲ။ တစ်ခုတော့ရှိတယ်။ ရေထဲ ဗြုန်းခနဲ ဆင်းလိုက်ရင် ကဏန်းညှပ်တာတို့၊ ငါးစင်ရိုင်းစူးတာတို့'

'အာ ဆရာကလည်း ဆရာတို့ ငယ်ငယ်တုန်းကလိုမှတ်နေတာကိုး။ ကဏန်းတွေ၊ ငါးတွေ၊ ပုစွန်တွေဆိုတာ ရွာမှာ တစ်ခါတည်း ရေခဲရိုက်ပြီး နိုင်ငံခြားပို့နေတာကြာပေါ့။ ဒီလောက်ရေထဲမှာ ဆရာ့ကို ညှပ်မယ့် ကဏန်းလည်း မရှိ၊ စူးမယ့် ငါးလည်း မတွေ့ရ'

စက်လှေဆရာက ဦးလျှောက်ပဲ့လျှောက်နဲ့ သူ့အလုပ်တွေ လက်စသတ်ရင်း ပြောပြနေတယ်။ ကမ္ဘာပေါ်မှာ ဆင်တွေ၊ ကျားတွေ၊ မိကျောင်းတွေလောက် မျိုးတုံးတာမဟုတ်။ ရေနေသတ္တဝါတွေလည်း ရေသာများ၍ ငါးမတွေ့ ဖြစ်ကုန်ပြီပဲလေ။ သူနဲ့ ဆက်ပြောနေရင်လည်း ချောင်းတွေတိမ်လာတာ၊ ကမ်းပါးပြိုတာ၊ တောပြုန်းလာတာ စတဲ့ တစ်ထောင့်တစ်ညပုံပြင်ဆီ ရောက်သွားမယ်ထင်တယ်။

'ပိုက်ဆံရတာမှန်သမျှ နိုင်ငံခြားတင်ပို့နေကြတာဆရာရဲ့'

အေးလေ၊ ကျုပ်တို့ရွာလည်း အင်တာနက်ခေတ်ကို အမီလိုက်နေကြမှာပေါ့။ ဒီလို နိုင်ငံခြားနဲ့ စီးပွားဆက်သွယ်နေတာတောင် ဆိပ်ခံတံတားလေးတစ်ခု အခိုင်အမာမဖြစ်သေးတာကိုတော့ နားမလည်နိုင်။ လောလောဆယ်မှာ *ကျုပ်က ရွှံ့ပြင်ကြီးကြည့်ပြီး* အလောင်းစည်သူမင်း လက်ရုံးဆန့်တန်းလို့ ငါမအိုသေးဆိုပြီး ကြုံးဝါးသလိုမျိုး မာန်ဖီပြီး ရွှံ့ပုံထဲ ခုန်ဆင်းရုံမှတစ်ပါး

ကုန်းပေါ်ရောက်တော့ ဒူးဆစ်ထိ ပေကျံလာတဲ့ ရွှံ့မည်းမည်းတွေ။ အနံ့က လည်း ညှီစို့စို့နဲ့။ ရေတက်တုန်းက တင်ကျန်ခဲ့တဲ့ ရေအိုင်တစ်ခုမှာ ဆေးကြောတယ်။ အရေပြားမှာတော့ ဖွေးဖွေး ဆေးကပ်ကပ်နဲ့ ကြီးရယ်။ ဖိနပ်ကို လက် ကိုင်ပြီး ရွာထဲထိလျှောက် နီးစပ်ရာ အိမ်တစ်အိမ်ရဲ့ တွင်းမှာ ဆေးရကြောရ၊ ငယ်ကတည်းက ဒီလို ရန့်နဲ့ ကင်းခဲ့တာမှမဟုတ်

လယ်ကွင်းက ဖြတ်သန်းပြီး စာသင် ရှေ့ကိုရောက်တော့ ကု အောက်မှာ ခဏအရိပ်ခို ကုက္ကိုပင်ကြီးကတော့ ကလုန်းဒဏ်အလီလီ ကြုံခံရင်း အကိုင်း ကျိုးနေတဲ့ကြား



www.burmeseclassic.com

www.burmeseclassic.com

ပြီး ဖြန့်ကြက်ထားတာ အရွယ်တင်တုန်း။ နွေကျောင်းပိတ်ရက်မို့ ကျောင်းကခြောက်ကပ်နေရှာတယ်။ ပြတင်းတံခါးရွက်အချို့ ပတ္တာပြုတ်ထွက်ပြီး နွေလေနဲ့အတူ တကျွီကျွီ စည်းချက်လိုက်နေရဲ့။ အလံတိုင်က ယိုင်နဲ့နဲ့။ ခြံကာထားတာမရှိဘဲ ကျောင်းဆိုင်းဘုတ် တိုင်နှစ်လုံးကြားကနေ အဝင်အထွက်လုပ်ကြပုံရတယ်။ ခြေကြောင်းလမ်းထင်နေတာကိုး။

'ဟိုအရင်နှစ်တွေကဆိုရင် ခြံကို ကပိုင်သားနဲ့ ကာထားတာဆရာရဲ့၊ အခုတော့ တောထဲမှာ မီးသွေးဖုတ်တာများလို့ ကပိုင်သားမပြောနဲ့ ပြာသားတောင် မရနိုင်တော့တာ ဆရာ မြင်တဲ့အတိုင်း'

နောက်ကပါလာတဲ့ ရပ်ဆွေရပ်မျိုးတစ်ယောက်က ကျုပ်လျှောက်ကြည့်နေတာကို တွေ့လို့ ပြောပြတာလေ။

'ဒီအတိုင်းက ပွင့်လင်းမြင်သာတာပေါ့ဗျာ'

'ဟုတ်ကဲ့'

ကျုပ်ပြောတာ သိပ်နားလည်ပုံမရဘဲ ထောက်ခံတယ်။ ကောင်းပါ့။ ရွာထဲက လူငယ်လေးတွေ လယ်ကွင်းထဲ ဘောလုံးကန်နေကြတယ်။ ကန်သင်းရိုးတွေ အထစ်ထစ်ဖြစ်နေတဲ့ ကစားကွင်းက ကျုပ်တို့ ငယ်ငယ်တုန်းကလိုပါလား။ ဒါတောင် ဒီကျွန်းကနေ မြန်မာ့လက်ရွေးစင် ဘော်လီဘောသမားထွက်ခဲ့ဖူးတာပဲ။

'ကိုမောင်လှဆီ ဝင်ဦးမလားဆရာ'

ကိုမောင်လှက ကျုပ်အစ်ကိုဝမ်းကွဲ။ လူချင်းမတွေ့ရတာကြာပြီဆိုတော့ ရောက်တုန်းရောက်ခိုက် မဝင်ရင်

> အာ
> ဆရာကလည်း
> ဆရာတို့
> ငယ်ငယ်တုန်းကလို
> မှတ်နေတာကိုး
> ကဏန်းတွေ
> ငါးတွေ
> ပုစွန်တွေဆိုတာ
> ရွာမှာ
> တစ်ခါတည်း
> ရေခဲရိုက်ပြီး
> နိုင်ငံခြား
> ပို့နေတာကြာပေါ့

ရှိင်းရာကျမှာပေါ့။ ခေါင်းတစ်ချက်ညိတ်ပြလိုက်တယ်။

'အေးကွာ၊ မင်းလာမယ်ဆိုတာတော့ မမဖြူပြောလို့ သိထားတယ်။ မင်း အခုအဲဒီမှာ တည်းခိုမယ် မဟုတ်လား။ ဒီမှာနေလည်း ရသားပဲ။ မင်း အလိုရှိရင်လည်း သွားပေါ့။ ဒါပေမဲ့ ငါဖျားနေတာကြောင့် မင်းကို ဧည့်ဝတ်ကျေနိုင်မှာမဟုတ်တော့ဘူး။ အား တစ်ကိုယ်လုံးကိုက်နေတာပဲ အီးဟီးဟီး'

'ကျောင်းနားမှာ ဆေးခန်းအသစ်ကြီးဆောက်ထားတာမှ လုလိုက်တာ အစ်ကိုရာ၊ ဒီဖျားတာလောက်ကို အဲဒီဆေးခန်းသွားမပြဘူးလား။ နိုင်ငံတော်က ဆေးတွေအစုံပဲ အလကားထုတ်ပေးထားတာလေ။ ကျုပ်တို့ငယ်ငယ်တုန်းကလို မားရှုရင် ဖုန်မှုန့်သိပ်တဲ့ ခေတ် မဟုတ်တော့ဘူးနော်'

'ပြတယ် ဟကောင်ရ၊ ကျန်းမာရေးမှူးက ငှက်ဖျားဆိုရဲ့၊ ဒါပေမဲ့ ငါ့ငှက်ဖျားမျိုးကို ပေးရမယ့် ဆေးမပါဘဲ ကျန်းမာရေးမှူးအဆင့်နဲ့ သုံးခွင့်မရှိတဲ့ဆေးတွေ အများကြီးပါလာလို့တဲ့။ မြို့ပေါ်မှာ ပြန်လဲဖို့ သွားတယ်ဆိုပဲ။ အဲဒါ စောင့်နေတာ။ မင်းတို့ စက်လှေနဲ့လည်း ကျန်းမာရေးမှူး ပါမလာသေးဘူးထင်တယ်။ ပါလာရင် မင်း သူ့ကိုသိမှာပါ။

'မင်းမြင်ခဲ့တဲ့ ဆေးခန်းတင်လားကွာ၊ ဟိုး…တောင်ဘက်မယ် တိုက်နယ်ဆေးရုံတောင် ဖွင့်ပွဲလုပ်ပြီးပြီ။ ဒါပေမဲ့ ဆရာဝန်မှမရှိတာ။ ကျန်းမာရေးမှူးနဲ့ပဲ ပြီးနေရတာပေါ့။ ဒီဆေးရုံကို ပို့လိုက်တဲ့ ဆရာဝန်လည်း လာရမှာစိုးလို့ အလုပ်ထွက်သွားတယ် ကြားတာပဲ။ မထူးပါဘူး၊ အရေးအကြောင်းဆိုရင် မြို့ပြေးရတုန်းရယ်။ ရေစစ်ချိန်ကြီး အရေးပေါ် မွေးလူနာ မခင်တင်ဆိုရင် ကမ်းနားယောင်မြစ်အထိ စောင်ပုခက်နဲ့ ထမ်းပို့လိုက်ရတယ်။ တုတ်တုတ်သုံးလေးစီးရှိတာကလည်း လမ်းလို့ ဖြောင့်ဖြောင့်ဖြူးဖြူး မရှိတော့ အုန်းသီးတင်ဖို့ လောက် ရကြတာလေ'

အား ကိုမောင်လှရဲ့ ညည်းချက်နဲ့တွေ့မှပဲ ကျုပ်ပါလန့်လာတယ်။ မတော်တဆ ဖျားလာရင် မလွယ်ပါလား။ အခုတောင် ဖျားချင်သလိုလို ရယ်။ နှုတ်ဆက်ပြီး ခပ်သုတ်သုတ်ထွက်လာလိုက်တယ်။

'ဟိုနားမှာ လူစုစုတွေ များလုချည့်လား၊ ဘာဖြစ်လဲ မသိဘူးနော်။ သာရေးလား၊ နာရေးလား၊ အစည်းအဝေးလား'

'သြော် အဲဒါလား၊ အင်း… ဘယ်လိုပြောရမလဲ။ ဒီနေ့ သုံးလုံးထွက်တဲ့နေ့လေ ဆရာ။ အခု စလောင်းကနေပြီး တိုက်ရိုက်လာကြည့်ကြတာ။ ဒီနေ့ရယ်လို့ မဟုတ်ပါဘူး။ တစ်လုံး၊ နှစ်လုံး၊ သုံးလုံးဆိုတာပဲ နေ့တိုင်းရှိနေတော့ နေ့တိုင်းစည်တာပဲလေ။

'တစ်ဆက်တည်း ပြောရဦးမယ် ဆရာရေ့၊ စလောင်းကနေ တစ်လုံး၊ အင်း အင်း ဘောလုံးပွဲ လာတဲ့နေ့ဆိုရင် ပိုစည်သေး၊ ရုံမှာထိုင်စရာနေရာတောင် မရဘူး။ အကျောပေးတာတွေ၊ တစ်လုံးလျှော့တွေနဲ့ သူတို့ ဘာသာစကားကို ကျွန်တော်တော့ နားမလည်ပါဘူး'

ကျုပ်တို့ရွာလည်း အဲဒီလောက်တောင် အပြောင်းလဲ မြန်ပြီး ခေတ်မီတာပါပဲလား။ တစ်လမ်းလုံး စကားတမေးမေး၊ တပြောပြောနဲ့ လာလိုက်တာ အစ်မအိမ်ရောက်မှ မျက်စိအေး၊ နားအေး။

'*ငါက ဗိုလ်အောင် ဒင်××× နင်က ဒါကိုမမြင် ××× ငါ့အသည်းကို ခလုတ်တိုက်သွားတယ်××× သိပ်မိုက်တယ်မိန်းကလေးရယ်××× ဒိန်ဒိန်ဒိန်×××*'

'ဟဲ့ ဟဲ့ မောင်မင်းကြီးသား ဒီကိုလာခဲ့ဦး၊ ဒီမှာ မင်း အဘိုးလေးရောက်နေတယ်



www.burmeseclassic.com

www.burmeseclassic.com

နှုတ်ဆက်လိုက်ဦး၊ အဘိုးလေး နေကောင်းလားလို့။ မင်း မမြင်ဖူးသေးတဲ့ ငါ့မြေးလေ ဟယ်'

ကျောင်းလွယ်အိတ်တယမ်းယမ်း၊ သီချင်းတကြော်ကြော်နဲ့ ဝင်လာတဲ့ ဆယ်နှစ်သားကလေးကို တစ်လှည့်၊ ကျုပ်ဘက်တစ်လှည့် ပြောရင်း အစ်မက သူ့မြေးနဲ့ ကျုပ်ကို မိတ်ဆက်ပေးလာတယ်။

'ဒီနှစ် လေးတန်းတက်ပြီလေ။ အခု ညနေ ကျောင်းလွှတ်ပြီးတာနဲ့ ကျူရှင် ဆက်တက်နေရလို့ အခုမှ ပြန်ရောက်လာတာဟေ့၊ သွားတော့ ပေါက်ပေါက်၊ ရေချိုးနော်၊ ပြီးတော့ အဘိုးလေးနဲ့အတူ ထမင်းစားကြမယ်။ သူ့အဖေအမေက ပင်လယ်နားမှာ ငါးပိတွေ သွားသိမ်းနေလို့ နောက်ကျနေလိမ့်မယ်'

အစ်မက ပြောပြောဆိုဆို သူ့မြေးနောက် ထ,လိုက်သွားလေရဲ့။

❑

အား ဘယ်အချိန်ရှိသွားပြီမသိ။ အမှောင်ထုထဲမှာ နိုးလာတော့ ပထမဆုံးသတိထားမိတာက အပေါ့သွားချင်တာပဲ။ အဲဒါကြောင့်လည်း နိုးလာတာပေါ့လေ။ လက်ကိုင်ဖုန်းကို စမ်းယူပြီး ဖွင့်ကြည့်လိုက်တော့ မနက် နှစ်နာရီရှိပြီ။ ပြန်စဉ်းစားကြည့်လိုက်တဲ့အခါ ညနေက ထမင်းစားခါနီးမှာပဲ ငယ်သူငယ်ချင်းသုံးယောက် ရောက်လာတာရယ်၊ သူတို့အတင်းခေါ်လို့ နောက်က လိုက်သွားခဲ့တာ။ အင်း…ပြီးတော့ ဘာပြောကောင်းမလဲ။ ရှေးဟောင်းနှောင်းဖြစ်တွေပြောရင်း ယမကာမှီဝဲရတာပ။ အဲဒီကောင်တွေ လုပ်ချလိုက်တာ ဘီယာနဲ့ အပြင်းနဲ့ ရောလိုက်တော့ ကျုပ် မူးတော့တာ။ စိန်မောင်ဆိုတဲ့ကောင်က ဒီနေ့ တစ်ထောင်ဖိုးရလာလို့ ညှော်ခဲ့တာဆိုရဲ့။ သူတို့နဲ့ ထမင်းပါ တစ်ခါတည်းစားပြီးမှ အိမ်ပြန်ခဲ့တာ သတိရပြီ။ ရောက်ရောက်ချင်း အိပ်ရာထဲ တန်းဝင်ခဲ့ရာက အခုမှ နိုးလာတာကိုး။ ညဦးပိုင်းက မိသားစုနဲ့ စကားတောင်မပြောလိုက်ရလို့ အားနာလိုက်တာ။

အပေါ့ထ,သွားဖို့ ဘယ်သူ့ကို နှိုးရရင် ကောင်းမလဲလို့ စဉ်းစားသေးတယ်။ ကျုပ်အိပ်တဲ့နေရာက အိမ်ရဲ့ နောက်ဆုံးအခန်း။ နံရံမှာ နောက်ဘက် အလွယ်တကူထွက်လို့ရတဲ့ တံခါးပေါက်ရှိနေတာပဲ။ ရိုးရိုးအိမ်ဆိုတော့ ကြမ်းခင်းက မြေပြင်နဲ့ တစ်တောင်သာသာပဲ မြင့်တာပါ။ ကျုပ်လက်ကိုင်ဖုန်းထဲက ဓာတ်မီးကို ဖွင့်လိုက်တယ်။ တံခါးကို အလွယ်တကူဖွင့်ပြီး မြေပြင်ကို ဆင်းလိုက်တယ်။

ငါးပိနံ့သဲ့သဲ့ရလို့ နှာခေါင်းကို ရှုံ့မဲ့ရှုံ့မဲ့ လုပ်လိုက်တယ်။

'ဟော့ကောင် မင်း ငါးပိလေးဘာလေးဝယ်ချင်ရင် ကိုယ့်ရွာဆိုပြီး အရမ်းကာရောမဝယ်နဲ့ သိလား။ အရင်တုန်းကလို သဘာဝအတိုင်း မဟုတ်တော့တာ ငါတို့တွေ အသိဆုံး။ ဒီကထွက်တဲ့ ငါးစို၊ ငါးခြောက်တွေအတွက် ဒိုင်ကြီးတွေက ဒီအထိ ဆင်းပြီး သင်တန်းလာပေးထားလို့ အားလုံးက နည်းပညာတွေ သုံးတတ်နေကြပြီကွ။ မင်း တစ်နိုင်ငံလုံး ပတ်သွားနေတဲ့ကောင်ပဲ၊ ဒါလောက်ဆို သိပါတယ်ကွာ'

အင်း… ငါးပိနံ့ရမှ ဟိုကောင်တွေစကားက ခေါင်းထဲဝင်လာရသေးတယ်။ ပြောသာပြောရတာပါဗျာ။ ရွာထဲမှာ ဒီကောင်တွေ သောက်နေကျ အေးရှေကြီးဆိုင်က အရက်တွေကကော စစ်လို့လား၊ ကျုပ်နဲ့ ဒီကောင်တွေ ငှင်းကြရသေးတာ။ အကုသိုလ်တောင် အစစ်လုပ်လို့မရတဲ့ဟာ။ ပြောင်းချင်တာတွေ မပြောင်းခင်ကတည်းက မပြောင်းချင်တာတွေ ပြောင်းထားနှင့်တာကိုး။

တောသဘာဝပေါ့ဗျာ။ ခြံနောက်ဘက်ဆီ ထွက်တဲ့ ခြေကြောင်းလမ်းလေးအတိုင်း ဖုန်းထဲက မီးရောင်ကလေးအားကိုးနဲ့ လျှောက်လာပြီး မြေခင်းပြန့်ပြန့်တစ်ခုမှာ တောထိုင်လိုက်တယ်။ ဖုန်းထဲက မီးရောင်ကိုပိတ်။ ဟော… ကျုပ်က ဖုန်းမီးရောင်ကို အားကိုးနေလို့ သတိမထားမိတာ။ တကယ်ဆို မြေပြင်တစ်ခုလုံး လင်းနေပြီးသားရယ်။ ထူးထူးဆန်းဆန်းရယ်လို့ ဟိုဟိုသည်သည်လိုက်ကြည့်တော့မှ လရောင်ဖြာနေတာမှန်း သိတယ်။ မှန်း၊ အဲ ဟုတ်တာပေါ့။ ဒီနေ့ လပြည့်ကျော်ခုနစ်ရက်၊ လမင်းသန်းခေါင်ထွက်။

တကယ်ဆိုရင် ကောင်းကင်မှာ လသာနေတာကို မော့ကြည့်မှသိတာ မဟုတ်ဘဲ မြေပြင်မှာ ကြည့်ပြီးလည်း သိနိုင်တာပါပဲ။

■

**လှမြင့်အောင်၊တောင်ကုတ်၊**

**အယ်ဒီတာအဖွဲ့**

အခန်း (၄-၀၁)
တိုက်အမှတ် ၁၇/၁၉
၃ လွှာ၊ ၅၂လမ်း
(အောက်ဘလောက်)
ဗိုလ်တထောင်မြို့နယ်
ရန်ကုန်
ဖုန်း-၀၁-၉၀၁၀၅
E-mail:
nyeinfamily@gmail.com



www.burmeseclassic.com

www.burmeseclassic.com

၁။

'ဒီလတော့
ထီထိုးဦးမှပဲ'
အခန်းထဲကို ရောက်
ရောက်ချင်း ရတီချိုက
ပြောသည်။
ကျော်စွာအောင်က
ဆိုဖာခုံပေါ်တွင် နောက်မှီ၍
ထိုင်နေရင်းမှ လှမ်းမေး၏။
'ဘာဖြစ်လို့လဲ ရတီ'
'အစ်ကိုကြီးမပါဘဲ
အောင်တစ်ယောက်တည်း

# ဇော်ဇော့်ဇော်

# နှစ်ကိုယ်ခွဲသိပါပြ

ရောက်လာလို့လေ'
'ဘာလဲ။ အစ်ကိုကြီး
မပါရင် ဒီကိုလာလို့
မရဘူးလား'
ကျော်စွာအောင်က
အလိုမကျသံနှင့်
မေးလိုက်တော့ ရတီချိုက
ခပ်ဖွဖွပြုံး၏။
ကျော်စွာအောင့်ဘေးမှာ
ကပ်ထိုင်ကာ သူ့ရင်ခွင်ထဲမှာ
ခေါင်းတိုးဝင်သည်။
လက်နှစ်ဖက်ဖြင့် ပခုံးကို
သိုင်းဖက်ရင်း
ပြောလိုက်သော စကားက
တိုးသက်ညင်သာလွန်း၏။
ချိုချိုအေးအေးရှိလှသော
ရတီချို့ အသံက
ကျော်စွာအောင့်
နားစည်မှတစ်ဆင့်
နှလုံးသား၏ အတွင်းပိုင်း
အထိ စီးမျော
ရောက်ရှိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

'မဟုတ်ပါဘူး အောင်ရယ်။ အောင်က အစ်ကိုကြီးနဲ့မှ ဒီကိုလာနေကျမို့ ပြောတာပါ'

ရတီချို ပြောမည်ဆိုလျှင်လည်း ပြောချင်စရာပင်။ ကျော်စွာအောင့်အနေဖြင့် ဒီကိုတစ်ယောက်တည်းလာတာဒါ ပထမဆုံးအကြိမ်ဖြစ်၏။ အစ်ကိုကြီးခေါ်လို့ သာ ဒီကိုမကြာခဏ ရောက်ဖြစ်နေခြင်းဖြစ်သည်။ သူ့အတိုင်းအတာနှင့်ဆိုလျှင် တစ်လတစ်ခေါက်တောင် ရောက်ဖို့မလွယ်။ ဒီမှာ သုံးဆက်ရှင်လောက်ထိုင်လျှင် ကုန်ကျမည့် ငွေပမာဏက သူ့လစာ၏ တစ်ဝက်နီးပါးခန့် ရှိသည်လေ။

'ကဲ…လူကို ဒီအတိုင်းပဲ ဖက်ထားတော့မလား။ ဘာသီချင်း အရင်ဆိုမလဲပြောဦး'

'အောင် အခုလာတာ သီချင်းဆိုဖို့မဟုတ်ဘူး ရတီ။ ရတီနဲ့တွေ့ချင်လို့၊ ပြီးတော့ ရတီ့ကို ပြောစရာရှိလို့'

ကျော်စွာအောင်က ရတီချို့ မျက်နှာကို စေ့စေ့ကြည့်ရင်း ပြောသည်။ ရတီချိုက မျက်မှောင်လေးကြုတ်ကာ နားမလည်သလို ပြန်ငေးကြည့်၏။ မှိန်ဖျော့ဖျော့ အလင်းရောင်အောက်တွင် တောက်ပလင်းလက်နေသော ကျော်စွာအောင့်အကြည့်တွေကို မြင်တော့ ရင်ထဲမှာ လှိုက်ခနဲ ဖြစ်သွားရသည်။ အမှန်တော့ ရတီချို အခုလို ဖြစ်ဖြစ်သွားတတ်တာ အခုမှမဟုတ်။ အစ်ကိုကြီးနှင့်အတူ ကျော်စွာအောင် ဒီကိုပါလာပြီး စတင်တွေ့ဆုံရသည့်နေ့ကတည်းကပင်။ အဲဒါကြောင့်လည်း ကျော်စွာအောင့် အပေါ်မှာ

> ငြင်းဆန်၍
> မကောင်းတတ်
> သဖြင့်
> ရတီချိုက
> အစ်ကိုကြီး၏
> တောင်းဆိုမှုကို
> လိုက်လျော
> လိုက်သည်
> ဒီလို
> လုပ်ပေးရတာ
> သူ့အတွက်တော့
> ဘာမှမထူးဆန်း
> ဟိုတုန်းက
> နေ့တိုင်း
> လုပ်နေကျ
> အလုပ်တစ်ခု
> ဖြစ်၏

အလုပ်သဘောဆိုတာထက်ပို၍ ပြုစုနေမိခြင်းဖြစ်သည်။

အရင်တုန်းကတော့ ရတီချို၏ တွဲဖက်မှာ အစ်ကိုကြီးဖြစ်၏။ သို့ပေမဲ့ သူမအားသော တစ်နေ့တွင် အစ်ကိုကြီး ရောက်လာ၍ ယွန်းနဒီက သူ့ကိုယ်စား တွဲထိုင်ပေးပြီးနောက်ပိုင်း အစ်ကိုကြီး၏ တွဲဖက်မှာ ယွန်းနဒီဖြစ်သွားသည်။ ဒီအတွက်တော့ ရတီချိုက အစ်ကိုကြီးအပေါ် စိတ်မခုသလို အခင်အမင်လည်း မပျက်ခဲ့ပါ။ ဒါက အစ်ကိုကြီး၏ ရွေးချယ်ပိုင်ခွင့်ဖြစ်သည်။ ပြီးတော့ ယွန်းနဒီက သူ့ထက်လှသလို ဆက်ဆံရေးလည်း ကောင်းသည် မဟုတ်လား။

အစ်ကိုကြီးနှင့် မတွဲဖြစ်ပေမဲ့ ဆိုင်ကို ရောက်လာတိုင်း ရတီချို့ကို ခေါ်တွေ့တတ်သည်။ သူနှင့်အတူ ကျော်စွာအောင် ပါလာသောနေ့မှာတော့ ခေါ်တွေ့ရုံသာမကဘဲ ကျော်စွာအောင့်ကို အဖော်လုပ်ပေးဖို့ပါ ပြော၏။ အဲဒီနေ့ကစပြီး ကျော်စွာအောင် ပါလာသည့်အခါတိုင်း ရတီချို့ကိုပဲ တွဲဖက်အဖြစ် ရွေးချယ်တော့၏။

'ပြောလေ အောင်၊ ရတီ နားထောင်နေပါတယ်'

'ရတီ့ကို အောင် ချစ်တယ်။ ဒီစကားက ရတီ ညည့်သည်တွေဆီက ကြားဖူးနေကျ ပါးစပ်အရသာခံပြီး ပြောတဲ့ စကားမျိုး မဟုတ်ဘူးနော်။ ပြီးတော့ ရတီ့အတွေ့အထိမှာ သာယာမိလို့ ချစ်မိတယ်ထင်ပြီး ပြောတာလည်း မဟုတ်ဘူး။ အောင့်ရင်ထဲက တကယ်ချစ်မိလို့ ရတီ့ကို လက်ထပ်ဖို့အထိ စဉ်းစားပြီးမှ အခုလို ဖွင့်ပြောတာပါ'

'ဟင့်အင်း အောင်၊ မဖြစ်…၊ မဖြစ်နိုင်တာကို မပြောပါနဲ့ အောင်ရယ်'

'မဖြစ်နိုင်ဘူးဆိုတာ ဘာကိုပြောတာလဲ ရတီ။ အောင် နားမရှင်းဘူး။ အောင့်ကို ပြန်မချစ်နိုင်လို့၊လို့တော့ မပြောနဲ့နော်။ ရတီလည်း အောင့်ကို ချစ်တယ်ဆိုတာ အောင် ခံစားသိနဲ့သိနေတယ်'

ကျော်စွာအောင့် မျက်နှာကို စိုက်ကြည့်ရင်း မျက်ရည်တွေသာ စီးကျလာသည်။ ချစ်သူက လက်ထပ်ခွင့်တောင်းတာကို ဝမ်းမသာနိုင် ဖြစ်ရလောက်အောင် ဆိုးရွားနေသည့် လက်ရှိအခြေအနေကိုလည်း ရတီချို စက်ဆုပ်ရွံရှာမိ၏။ ကျော်စွာအောင်က အသိုင်းအဝိုင်းကြီးထဲက မဟုတ်ဘူးဆိုဦးတော့ သူလိုလူမျိုးနှင့် မထိုက်တန်ဟု ရတီချိုကမှတ်ယူထားခဲ့သည်။ အဲဒါကြောင့်လည်း ရတီချိုက ကျော်စွာအောင့် အချစ်ကို မျှော်လင့်မိပေမဲ့ မမျှော်ကိုးခဲ့။ ချစ်စိတ်ကို မထိန်းနိုင်၍ ချစ်မိခဲ့ပေမဲ့ ကျော်စွာအောင်က သူ့အား ချစ်စကား ပြောမလာပါစေနှင့်ဟု အမြဲ ဆုတောင်းနေခဲ့သည်။ တကယ်လို့သာ ပြောလာခဲ့လျှင် ငြင်းဆန်နိုင်မည်မဟုတ်မှန်း ဘာသာ သိထားၡပင်။ အခုတော့ ရတီချို့ ဆုတောင်းက အတိ အကျကြီးကို လွဲမှားသွားခဲ့ပြီ။

ဝမ်းပန်းတနည်း ရှိုက်ငို နေသော ရတီချို့ကိုကြည့်ရင်း ကျော်စွာအောင် ထိတ်လန့်သွားသည်။ သူပြောလိုက် တာ မှားများ မှားသွားပြီလား ဟု တွေးမိတော့ နောင်တရ ချင်သလိုလို။ ယောကျ်ားတစ် ယောက်က ချစ်တယ်ပြော၍ ငိုသော မိန်းကလေးမျိုးကို မတွေ့ဖူးသဖြင့် အံ့လည်း အံ့သြမိ၏။ သို့ပေမဲ့ အံ့သြ ရုံနှင့် မပြီးသေး။ စ,ခဲ့သည့် ကိစ္စတစ်ခုကို ဆုံးခန်းတိုင်အောင် ဆက်လျှောက်ရဦးမည်။

'မငိုပါနဲ့ ရတီရယ်၊ အောင့်စကားက ရတီ့ကို အထင်သေး စော်ကားသလို ဖြစ်သွားတယ်ဆိုရင် အောင် တောင်းပန်ပါတယ်။ ပြီးတော့ အောင့်စကားကိုလည်း [illegible] ရုပ်…'

စကား မဆုံးခင်မှာ ရတီချိုက ကျော်စွာအောင့် ပါးစပ်ကို လှမ်းပိတ်၏။



www.burmeseclassic.com

www.burmeseclassic.com

'မဟုတ်ဘူး အောင်၊ အောင် မမှားပါဘူး။ အောင်ပြောသလို ရတီလည်း အောင့်ကို ချစ်ပါတယ်။ ဒါပေမဲ့...'

'ဒါပေမဲ့ ဘာဖြစ်လဲ ရတီ။ သြော်...သိပြီ။ ရတီက KTV မှာ လုပ်နေတာမို့ လက်ထပ်ဖို့ မဖြစ်နိုင်ဘူးလို့ ပြောချင်တာလား။ အဲဒါဆို အောင် တစ်ခုမေးမယ်။ ရတီ ဒီအလုပ်ကို လုပ်ချင်လွန်းလို့ လုပ်နေတာလား'

'ဘွဲ့ရတွေတောင်မှ အလုပ်အကိုင်ရှာဖို့ မလွယ်တဲ့ ခေတ်ကြီးထဲမှာ ရတီလို ဆယ်တန်းမအောင်၊ အဆက်အသွယ်ကောင်းလည်း မရှိတဲ့ နယ်က မိန်းကလေးတစ်ယောက်အတွက် တစ်လကို နှစ်သိန်းလောက်ရမယ့် လူရှိသေ၊ ရှင်ရှိသေ အလုပ်မျိုးက မရှိသလောက်ရှားတယ်။ လူတကာ အထင်သေးတဲ့ KTV မှာကျတော့ ဘာပညာအရည်အချင်းမှမလိုဘဲ အဲသလောက်ရနိုင်တယ်လေ။ ရုပ်ရည်လေးရှိဖို့နဲ့ အပြောအဆိုတတ်ဖို့တော့ လိုတာပေါ့။ ဝင်ငွေကောင်းလို့ လုပ်နေတယ်ဆိုပေမဲ့ ရတီက စပွန်ဆာရှာ၊ အပြင်ကိုလိုက်တဲ့အထိတော့ ကိုယ့်ဘဝကိုယ် အနစ်မွန်းမခံပါဘူးအောင်။ ပြီးတော့ တစ်နေ့နေ့မှာ ဒီက ရုန်းထွက်ဖို့ကိုလည်း စိတ်ကူးထားပါတယ်'

'အောင်လိုချင်တာလည်း အဲဒါပဲ ရတီ။ အခု ရတီ့ဆီကို ရုန်းထွက်ဖို့ အခွင့်အရေးက ရောက်လာပြီလေ။ ရတီလုပ်ရမှာတစ်ခုပဲရှိတယ်။ အောင့်အချစ်ကို လက်ခံပြီး အောင့်ဘဝထဲကို ဝင်လာခဲ့ဖို့ ကျန်တာတွေကို အောင်ကြည့်စီစဉ်မယ်'

'ရတီ အောင့်ကို အရှုံးပေးလိုက်ပါပြီ အောင်ရယ်။ အောင် ကြိုက်သလိုသာလုပ်ပါတော့'

❑

၂။

ကျော်စွာအောင်၏ နှုတ်ထွက် စကားကို ကြား,ကြားချင်း အစ်ကိုကြီးက မယုံ။ နောက်ပြောင် ပြောဆိုနေသည်ဟု ထင်မိ၏။ သူ မယုံမှန်းသိ၍ ကျော်စွာအောင်က အလေးအနက်ထပ်ပြောတော့ အစ်ကိုကြီး မျက်လုံးပြူးသွားရသည်။ သောက်လက်စ ဘီယာပင် နင်ချင်သလိုလို ဖြစ်သွား၏။ ကျော်စွာအောင် ရတီချို့ကို နှယ်ချင်နေမှန်း ရိပ်မိပေမဲ့ ဒီလောက်ထိ ဖြစ်လာလိမ့်မည်ဟု အစ်ကိုကြီး ထင်မထားခဲ့။ သူ့လိုပဲ KTV ခန်းထဲက ဆက်ဆံရေးကို KTV ခန်းထဲမှာ ထားခဲ့နိုင်မည်ထင်ကာ အသာ လွှတ်ထားပေးခဲ့မိသည်။ အခုတော့ သူထင်မှတ်မထားသည့် ကိစ္စတစ်ခုက သူ့ရှေ့တည့်တည့်မှာ ဘွားခနဲ ပေါ်လာပြီ။

'စဉ်းစားဦးနော် ကျော်စွာ။ ရတီက ပျက်စီးနေတဲ့ မိန်းကလေးတစ်ယောက် မဟုတ်ဘူးပဲထားဦး၊ KTV မှာလုပ်တယ်ဆိုတဲ့ အချက်တစ်ခုတည်းနဲ့တင် မင်းအိမ်က လက်ခံမှာမဟုတ်ဘူး'

'ဟုတ်ကဲ့၊ ကျွန်တော် သိပါတယ်။ အဲဒါကြောင့် ရတီ့အတွက် တခြားအလုပ်တစ်ခု ရှာပေးဖို့ ကျွန်တော် တွေးထားပြီးသားပါ။ တစ်လက်စတည်း အစ်ကိုကြီးလည်း အပူကပ်ရဦးမယ်။ အစ်ကိုကြီးရဲ့ အသိအကျွမ်းတွေထဲမှာ အလုပ်တစ်နေရာစာ ပေးနိုင်မယ့်သူများ ရှိ၊ မရှိ မေးမြန်းကြည့်ပေးပါဦး'

အားကိုးတကြီး ပြောနေသော ကျော်စွာအောင်ကို ကြည့်ကာ အစ်ကိုကြီး သက်ပြင်းမောတစ်ချက် ချလိုက်သည်။ သက်ပြင်းနှင့်အတူ စီးကရက် မီးခိုးငွေ့များ လေထဲကို လွင့်၏။ ဒီဇာတ်လမ်းက သူ့ကြောင့် စတင်ဖြစ်ပေါ်ခဲ့တာဆိုပေမဲ့ ဒီအခြေအနေထိ ရောက်ဖို့ သူ မရည်ရွယ်ခဲ့ရိုးအမှန်။ အခုတော့ မရည်ရွယ်ဘဲ ရေးဖြစ်ခဲ့သော ဇာတ်လမ်းထဲမှ ဇာတ်ကောင်တစ်ဦးက သူ့ကို တာဝန်တစ်ခု ပေးအပ်လာပြီ။ မဖြစ်မနေ လုပ်ပေးရမည်ဟု တောင်းဆိုနေတာတော့မဟုတ်။ သို့ပေမဲ့ သူ့ ပယောဂမကင်းခဲ့သော ဇာတ်လမ်း၏ အဆုံးသတ်မှာ ပျော်ရွှင်ခြင်းတွေနှင့်သာ ပြည့်နှက်နေစေချင်သည်လေ။

အစ်ကိုကြီးက သူ စုံစမ်းပေးမည်ဟု ကတိပေးလိုက်၏။ ကိုယ်တိုင် ရှာဖွေရန်လည်း ကျော်စွာအောင်ကို ပြောသည်။ ကျော်စွာအောင်က ရတီချို့ အလုပ် ပြောင်းပြီး တစ်လ၊ နှစ်လခန့် အကြာတွင် လက်ထပ်ကြမည်ဖြစ်ကြောင်းနှင့် ဝါဝင်တော့မည်မို့ အချိန်မီ လက်ထပ်နိုင်ရန် အလုပ်မြန်မြန် ပြောင်းနိုင်ဖို့လိုကြောင်း...။ အစရှိသဖြင့် သူ့စိတ်ကူးအချို့ကို အစ်ကိုကြီးကို ဖြန့်ခင်းပြသည်။ နှစ်ယောက်တည်းသာရှိသော ဘီယာဝိုင်းသည် ကျော်စွာအောင့် စကားသံတို့ဖြင့် ဝေစည်လျက်။

'ငါ တစ်ခုလောက်တော့ ပြောချင်သေးတယ်။ အချိန်မလွန်ခင် မင်း စဉ်းစားသင့်တယ်ထင်လို့'

'ဘာများလဲ အစ်ကိုကြီး'

'ရတီချို့ KTV မှာလုပ်ခဲ့ဖူးတယ်ဆိုတဲ့ အတွေးမျိုး မင်းစိတ်ထဲကို ဝင်လာတဲ့အခါ မင်းတို့ အိမ်ထောင်ရေးက သာယာနိုင်ပါဦးမလား။ အဲဒါကိုလည်း ကြိုတွေးထားဦးကွ'

'ကျွန်တော်က လူတစ်ယောက်ရဲ့ ပြင်လို့မရတော့တဲ့ အတိတ်ကို စိတ်မဝင်စားဘူး အစ်ကိုကြီး။ အဲဒါကြောင့်ပဲ ရတီ့ကို လက်ထပ်ဖို့ထိ ဆုံးဖြတ်လိုက်တာပေါ့။ သူသာ မှန်မှန်ကန်ကန် နေသွားမယ်ဆိုရင် အစ်ကိုကြီးထင်သလို ဖြစ်လာနိုင်စရာ အကြောင်း မရှိဘူးလို့ ကျွန်တော် ယုံကြည်ထားတယ်'

အစ်ကိုကြီးက ပခုံးတွန့်ပြလိုက်သည်။ သူဘယ်လို ဖျက်ဖျက် မပျက်နိုင်တော့မှန်းလည်း သဘောပေါက်သွား၏။ အမှန်တော့ အစ်ကိုကြီးမှ မဟုတ် အခြား ဘယ်သူတွေ တားတား ကျော်စွာအောင်က နောက်ဆုတ်ဖို့ လုံးဝ တွေးမထား။ အခက်အခဲ မှန်သမျှကို မေတ္တာဓားနှင့် ခုတ်ထွင်ရှင်းလင်းကာ ဖြတ်ကျော်ဖို့သာ စိတ်ပိုင်းဖြတ်ထားပြီးဖြစ်၏။

❑

၃။

မဟုတ်ဘူး။ ဒါအိပ်မက်တစ်ခု မဟုတ်ဘူး။ အိပ်မက်သာဆိုရင် ဘယ်ဒီလောက်ထိ အစီအစဉ်ကျနေနိုင်မှာလဲ။ တကယ်ကြီးမို့သာ အားလုံး

www.burmeseclassic.com

က စီကာစဉ်ကာ ဖြစ်နေတာပေါ့။

မင်္ဂလာခန်းမထဲမှာ ဟိုဒီလျှောက်လှမ်းကာ ဧည့်ခံရင်း ရတီချို ကိုယ့်အဖြစ်ကိုယ် ယုံကြည်လက်ခံနိုင်ရန် ကြိုးစားနေရသည်။ ကြည်နူးပျော်ရွှင်မှုတွေ ရင်ထဲမှာ ပြည့်နှက်နေ၍ထင့်၊ လူတစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းကာ တိမ်တွေကြားတွင် ရောက်နေသလိုလို ခံစားနေရသည်။မျက်ဝန်းအိမ်မှ ဝမ်းသာမျက်ရည်များ စီးကျမလာစေရန် မနည်းထိန်းထားရ၏။ သူ့လို KTV က မိန်းကလေးတစ်ယောက်အတွက် ဒီလိုလက်ထပ်ပွဲမျိုး ဆင်နွှဲနိုင်ဖို့ဆိုတာ အိပ်မက်အဖြစ်နှင့်တောင် မလွယ်ကူသည့် အနေအထားမျိုးဖြစ်သည် မဟုတ်လား။ ကျော်စွာအောင်၏ သူ့ကို မြတ်နိုးတန်ဖိုးထားစိတ်နှင့် ကြိုးပမ်းမှုကြောင့်သာ မဟုတ်လျှင် ဒီလိုဖြစ်လာနိုင်စရာအကြောင်းလုံးဝမရှိ။

ရတီချိုက ကျော်စွာအောင့်လက်ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။ ကျော်စွာအောင်က အပြုံးနှင့် လှည့်ကြည့်၏။ သူ့အပြုံးက ရတီချို့အတွက် အနိုင်းမဲ့ခွန်အားဖြစ်စေသည်။ နှစ်ယောက်တစ်ဘဝအဖြစ်နှင့် စတင်လျှောက်လှမ်းရတော့မည့် ခရီးရှည်ကြီးတွင် မလွဲမသွေ ကြုံတွေ့လာနိုင်သော ခလုတ်ကန်သင်းများကို ကြံ့ကြံ့ခံဖြတ်ကျော်ရန် အားအင်များ တိုးပွားလာသလိုလို။ ဒါကပဲ အချစ်ကပေးသည့် စွမ်းအားတစ်ခု ဖြစ်မည်ဟု ရတီချို ထင်၏။

**အဲဒါ ဟိုတုန်းကလေ အခုချိန်မှာ ရတီက KTV မှာလုပ်နေတဲ့ မိန်းမတစ်ယောက် မဟုတ်တော့ဘူး ပြီးတော့ စိတ်တူကိုယ်တူ ဘဝလက်တွဲဖော် လင်ယောကျ်ားလည်း ရှိနေပြီ ဟိုတုန်းက ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ခုချိန်မှာ ရတီရဲ့ သွေးသားမှန်သမျှကို အောင် တစ်ယောက်ပဲ ရယူပိုင်ဆိုင်ခွင့် ရှိတယ်**

မင်္ဂလာပွဲကို ရတီချို့ဘက်က မိသားစုအရင်းအချာတွေလောက်သာ လာ၏။ ခရီးဝေးသဖြင့် ဘယ်သူ့ကိုမှ မဖိတ်တာကြောင့်လည်း ပါသည်။ တစ်ဖက်မိတ်ဆိုပေမဲ့ မင်္ဂလာပွဲက လူစည်သလို ဘာအဖုအထစ်မှ မရှိဘဲ အောင်မြင်စွာ ပြီးဆုံးသွား၏။ ပွဲပြီးတော့ ရရှိသော လက်ဖွဲ့ပစ္စည်းများကို ကားပေါ်တင်ကာ ပြန်လာခဲ့သည်။ ကျော်စွာအောင့် မိဘတွေ နေထိုင်ရာအိမ်ကို မဟုတ်။ သူ လက်ရှိ အလုပ်ဝင်နေသော ကုမ္ပဏီ၏ ရုံးဆီကိုသာ ဖြစ်၏။ ရုံးဆိုပေမဲ့ ရုံးချုပ်မှ လူကြီးများလာလျှင် တည်းခိုနိုင်ရန် အိမ်နှင့်တွဲလျက် ငှားရမ်းထားသော သီးသန့်ခြံဖြစ်သည်။ ရုံးချုပ်မှ လူကြီးများ လာချိန်မှလွဲ၍ ကျန်အချိန်များတွင် ဘယ်သူမှမနေ။

ညရေးညတာအတွက် ရုံးစောင့်တစ်ဦးတော့ ရှိခဲ့ဖူးသည်။ သို့ပေမဲ့ သူကလည်း လွန်ခဲ့သော လကပင် အလုပ်ထွက်သွား၏။ ရုံးနှင့်နီးသော ကျော်စွာအောင်က ည,ည လာစောင့်ပေးနေရသည်။ ထို့ကြောင့် သူက သူနှင့်ရတီချို လက်ထပ်ပြီးလျှင် နေစရာအိမ်ကို အပင်ပန်းခံကာ လိုက်ရှာမနေတော့ဘဲ ရုံးမှာပင် အစောင့်လုပ်ရင်း နေခွင့်ပေးရန် ရုံးချုပ်ကို လှမ်း၍ပြော၏။ ရုံးချုပ်ကလည်း နှစ်ဦးနှစ်ဖက် အဆင်ပြေမည့်ကိစ္စမို့ ခွင့်ပြုကြောင်း အကြောင်းပြန်သည်။

ရုံးမှာ နေခွင့်ရတာ ကျော်စွာအောင်တို့အတွက် တော်တော် ကံကောင်းသည်။ မဟုတ်လျှင် အိမ်လခထောင်းတာနှင့် သူတို့နှစ်ယောက်၏ ဝင်ငွေလေး ပွန်းပဲ့သွားနိုင်၏။ အခုတော့ အိမ်လခအတွက် လုံးဝ ပူစရာမလို။ ကျော်စွာအောင် ဒီကုမ္ပဏီမှာလုပ်နေသမျှ ကာလပတ်လုံး နေထိုင်ခွင့် ပေးထားပြီးသား။ မိဘတွေ၏ အိမ်နှင့်လည်း အလှမ်းမဝေးသဖြင့် တစ်ပတ်ကို နှစ်ရက်ခန့် ရောက်ဖြစ်ကြသည်။ ရောက်သည့်အခါတိုင်းလည်း ရတီချိုက ဘာသိဘာသာမနေ၊ ကိုယ့်မိဘအိမ်လိုသဘောထားကာ လုပ်စရာရှိတာတွေကို ဝင်ရောက်ကူညီလုပ်ကိုင်၏။ တစ်အိမ်လုံးကလည်း ရတီချို့အား ချစ်ကြသည်မှာ ကျော်စွာအောင် မနာလိုချင်စရာကောင်းလောက်အောင်ပင်ဖြစ်သည်။

သို့ပေမဲ့ ကျော်စွာအောင်က ဒီလိုဖြစ်နေတာနှင့် ပတ်သက်၍ ရတီချို့ကို တစ်ခါမှ စကားနာမထိုးပါ။ ကျေနပ်ပီတိဖြစ်မိသည်ဟု ပြောမည်ဆိုလျှင်တောင် ရနိုင်၏။ ဒီလိုဖြစ်မိလောက်အောင်လည်း ရတီချို့ အနေအထိုင်တွေက တည်ကြည်နေသည်လေ။ လက်ရှိ သူလုပ်နေသည့် အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်မှာပဲဖြစ်ဖြစ်၊ ရပ်ကွက်ထဲမှာပဲဖြစ်ဖြစ် ရတီချို့သတင်းက မွှေး၏။ ရန့်ဆိုးနှင့်မဟုတ်ဘဲ ကောင်းသောရနံ့နှင့် မွှေးပျံ့ခြင်းသာဖြစ်သည်။ ရတီချိုသည် တစ်ချိန်က KTV တွင် လုပ်ခဲ့ဖူးသူတစ်ယောက် ဖြစ်သည်ဟု သူ့အတိတ်ကို သိထားသူက တူးဆွကာ ကျိန်တွယ်ပြောဆိုလာလျှင် တောင်မှ ပတ်ဝန်းကျင်သ[illegible] တွင် သူနှင့် ဆက်ဆံနေရသူ[illegible] တွေက ယုံကြည်မည်မထင်[illegible]

ရတီချိုကိုယ်တိုင် လည်း နေရာသစ်၊ ဘဝသစ် မှာ ကျေနပ်ပျော်ရွှင်နေပြီ[illegible] အစ်ကိုကြီး၏ အကူအညီနှင့်[illegible] ရထားသော အရောင်းစာရေ[illegible] အလုပ်က ဝင်ငွေသိပ်မကောင်း[illegible] ဒါတောင် သူ့လုပ်ရည်ကိုင်[illegible] ရည်ကြောင့် လခတိုးထား[illegible] သေးသည်။ ဘာပဲဖြစ်ဖြ[illegible] KTV မှာ လုပ်တာလော[illegible] မရသလို ပိုလည်း ပင်[illegible] ၏။ သို့ပေမဲ့ ရတီချိုက ဘ[illegible] ယောင်းကို ယောင်လို့တော[illegible] မှ သတိမရ။ အစကတည်း[illegible] မလုပ်ချင်ဘဲ လုပ်ခဲ့ရ[illegible] အလုပ်က ရုန်းထွက်နိုင်ခဲ့[illegible] ကိုပင် ဝမ်းသာနေသည်။ ဒီ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဘဝမျိုးရောက်အောင် နွံထဲမှ ဆွဲထုတ်ခဲ့သော ကျော်စွာအောင်နှင့် အစ်ကိုကြီးကို ညတိုင်း ရှိခိုးကန်တော့၏။ သူတို့နှစ်ယောက်က ရတီချို့အတွက် ကယ်တင်ရှင်တွေဖြစ်သည် မဟုတ်လား။

'မင်းလည်း မိန်းမရပြီးမှ တော်တော် ပြောင်းလဲသွားတယ်နော်။ KTV ခေါ်တာတောင် မလိုက်တော့ဘူး။ ဘာလဲ၊ ရတီချိုက မသွားရဘူး ပြောထားလို့လား'

'မဟုတ်ပါဘူး အစ်ကိုကြီးရယ်။ ရတီက ဘာမှ မပြောပါဘူး။ ကျွန်တော်ကိုယ်တိုင်က မသွားဖို့ ဆုံးဖြတ်ထားလို့ပါ'

'ဘာလို့တုံးဟ'

'ရတီ့ကို ကျွန်တော်က KTVမှာတွေ့ပြီး လက်ထပ်ခဲ့တာလေ။ ဆိုတော့ အခု ကျွန်တော်သွားရင် သူ စိတ်မချဖြစ်နေမှာ အသေအချာပဲ။ ကျွန်တော့်ကြောင့် ရတီ စိတ်မဆင်းရဲစေချင်ဘူး။ ဘဝသစ်မှာ စိတ်သစ်နဲ့ ပျော်ရွှင်နေတာကိုပဲ မြင်ချင်တယ်။ အဲဒါကြောင့်ပါ'

❑

၄။

ကျော်စွာအောင် ရုံးကိစ္စနှင့် ခရီးထွက်သွားတော့ ရတီချို တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ရုံးမှာ မအိပ်ရဲလျှင် အိမ်တွင် သွားအိပ်ရန် မှာခဲ့ပေမဲ့ သူ သွားမအိပ်ဖြစ်။ ကျော်စွာအောင့် ညီမလေးကသာ ည,ည လာအိပ်ပေး၏။ အစောကြီး ရောက်လာတာမဟုတ်။ ညကိုးနာရီကျော်လောက်ကျမှ ရောက်လာခြင်းဖြစ်၍ သူ ရောက်မလာမချင်း ရတီချို တစ်ယောက်တည်းသာရှိ၏။ ရတီချို အလုပ်မှ ပြန်ရောက်ချိန်ဆိုလျှင် ရုံးက ဆင်းနှင့်ကြပြီဖြစ်လေသည်။

'တီး . . . တောင် ။ တီး . . . တောင်'

လူခေါ်ခေါင်းလောင်းသံကြောင့် ရတီချို အိမ်အပြင်ထွက်လာသည်။ ခြံရှေ့မှာ ရပ်နေသော အစ်ကိုကြီးကို တွေ့ရသဖြင့် ခြံတံခါးကို အပြေးအလွှား သွားဖွင့်ပေး၏။

'အစ်ကိုကြီးတို့များ နေနိုင်လိုက်တာ၊ ခုမှပဲ ပေါ်လာတော့တယ်နော်'

'အေးဟာ။ ဟိုတစ်ခေါက် နင်တို့ဆီ ရောက်ပြီးကတည်းက နယ်ဆိုဒ်တွေဘက် ခရီးထွက်ထွက်နေရလို့ဟ။ ကျော်စွာနဲ့တောင် ပြီးခဲ့တဲ့လက တစ်ခေါက်ပဲ ဆုံဖြစ်တယ်။ ဒါနဲ့ ကျော်စွာရော၊ အပြင်သွားတာလား'

'မဟုတ်ဘူး အစ်ကိုကြီးရဲ့၊ ခရီးထွက်သွားတယ်။ ရုံးက လွှတ်လို့လေ'

'ဒါဖြင့် နင်တစ်ယောက်တည်းပေါ့'

'ဟုတ်။ ဒါပေမဲ့ ညကျရင်တော့ အောင့်ညီမလေးလာပြီး အဖော်လုပ်ပေးပါတယ်။ အစ်ကိုကြီး ခဏထိုင်ဦးနော်'

ရတီချို မီးဖိုချောင်ဆီ ထွက်လာခဲ့ပြီး ရေခဲသေတ္တာထဲမှ ဘီယာတစ်ပုလင်းထုတ်သည်။ ဧည့်သည်လာလျှင် ဧည့်ခံရန် ရည်ရွယ်ကာ ဝယ်ထား၍ အဆင်သင့်ရှိနေတာမဟုတ်။ ကျော်စွာအောင့်အတွက် ရတီချိုကိုယ်တိုင် ဝယ်ထည့်ပေးထားသည့်ပုလင်းသာဖြစ်၏။ အခုတော့ အထူးဧည့်သည်တော် အစ်ကိုကြီးကို ဧည့်ခံရန်ဖြစ်သွားပြီ။

အဖုံးဖွင့်ထားသော ပုလင်းနှင့် ငါးကြင်းခွက်ကို သူ့ရှေ့ ချပေးလိုက်တော့ အစ်ကိုကြီးက မော့ကြည့်သည်။ အစ်ကိုကြီး၏ အကြည့်ထဲတွင် အမျိုးအမည် မကွဲပြားသော အရိပ်အငွေ့တို့ ယှက်သန်းနေသည်ဟု ရတီချို ထင်မိ၏။ ရတီချိုက အစ်ကိုကြီးကို ပြုံးပြုံးရွှင်ရွှင် မျက်နှာချင်းဆိုင် ဝင်ထိုင်လိုက်သည်။ အစ်ကိုကြီးက ပုလင်းကို ကောက်ကိုင်ကာ ငှဲ့မလိုလုပ်ပြီးမှ မငှဲ့ဘဲ ပြန်ချ၏။ 'ဘာများ ဖြစ်လို့ပါလိမ့်'ဟု တွေးကာ ရတီချို အစ်ကိုကြီးကို ငေးစိုက်ကြည့်မိ၏။

'နင်ကိုယ်တိုင် ငှဲ့ပေးပါလား ရတီချို'

ငြင်းဆန်၍ မကောင်းတတ်သဖြင့် ရတီချိုက အစ်ကိုကြီး၏ တောင်းဆိုမှုကို လိုက်လျောလိုက်သည်။ ဒီလို လုပ်ပေးရတာ သူ့အတွက်တော့ ဘာမှ မထူးဆန်း။ ဟိုတုန်းက နေ့တိုင်း လုပ်နေကျ အလုပ်တစ်ခုဖြစ်၏။ ကျော်စွာအောင် အိမ်မှာ သောက်သည့်အခါတိုင်း ဂရုတစိုက် လုပ်ပေးလေ့ရှိသော အလုပ်တစ်ခုလည်းဖြစ်၏။ သို့ပေမဲ့ ဒီတစ်ခါတော့ ခါတိုင်းနှင့်မတူဘဲ ထူးဆန်းသလို ခံစားနေရသည်။ ဘာလို့ ဒီလိုခံစားနေရတာလဲဆိုတာကိုတော့ ရတီချိုကိုယ်တိုင်လည်းမသိ။

'နင်ရော အလုပ်ထဲမှာ အဆင်ပြေရဲ့လား။ မပြေလည်တာရှိရင် နင့်အလုပ်ရှင်၊ ဒါမှမဟုတ် ငါ့ကို ပွင့်ပွင့်လင်းလင်းပြောလို့ရတယ်နော်။ ဘာမှ အားနာစရာ မလိုဘူး။ လူတန်းစား မတူဘူးဆိုပေမဲ့ အလုပ်ရှင်နဲ့ အလုပ်သမားဆိုတာ တကယ်တော့ လုပ်ဖော်ကိုင်ဖက်တွေပဲ။ တစ်ဖက်နဲ့တစ်ဖက် အဆင်ပြေမှ လုပ်ငန်းခွင်က ပျော်စရာကောင်းတာ'

'ပြေပါတယ် အစ်ကိုကြီးရယ်။ အလုပ်ရှင်ကလည်း ရတီတို့ အားလုံးအပေါ်မှာ ကောင်းပါတယ်။ ဒီလို အလုပ်မျိုး ရှာပေးတဲ့ အစ်ကိုကြီးရဲ့ ကျေးဇူးကိုလည်း ရတီ ဘယ်တော့မှ မမေ့ပါဘူး'

'ရပါတယ်ဟာ။ ဒါပေမဲ့ အဲဒီလိုစကားကတော့ လူတိုင်း ပြောတတ်ကြတာပဲ။ နောက်ကျမှသာ မသိချင်ယောင် ဆောင်ပြီး အရှုံးကွက်နင်းတာများတယ်'

'ရတီက အစ်ကိုကြီး ပြောတဲ့ အမျိုးအစားထဲမှာ မပါ,ပါဘူး'

ရတီချို့ လေသံက အနည်းငယ် မာသလိုဖြစ်သွားသည်။ အစ်ကိုကြီးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း သဘောကျစွာပြုံး၏။ ခွက်ထဲက လက်ကျန်ကို အပြတ်ဖြတ်ကာ ထ,ရပ်သည်။ ပြန်ဖို့ ထ,ရပ်တာဖြစ်မည်ဟု ရတီချို ထင်မိပေမဲ့ သူထင်သလို မဟုတ်။ အစ်ကိုကြီးက ခုံကို ပတ်၍ ရတီချို့ဆီကို လျှောက်လာသည်။ နှစ်ယောက်ထိုင်ခုံပေါ်တွင် ထိုင်နေသော ရတီချို့ဘေးမှာ ဝင်ထိုင်၏။ ရတီချိုက ခုံ၏ အစွန်းတစ်ဖက်ကို မသိမသာ ရွှေ့လိုက်သည်။

'နင် ငါ့ကို ကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com

ဆပ်ချင်တယ်ဆိုရင် အခုဆပ်လို့ရတယ် သိလား'

'ပြောလေ အစ်ကိုကြီး။ ရတီ ဘယ်လိုပြန်ကူညီပေးရမလဲ'

အစ်ကိုကြီးက ရတီချို့ အမေးကို နှုတ်ကမဖြေ။ ရတီချို့ကို မပြောမဆိုနှင့် လှမ်းဖက်ခြင်းဖြင့်သာ အဖြေပြန်ပေး၏။ သူ့အားကို အစ်ကိုကြီး ဝင်ထိုင်ကတည်းက သတိထားနေသော ရတီချို့က ဝုန်းခနဲ ထ,ရပ်သည်။ ဒေါသသွေးတွေကလည်း ခန္ဓာကိုယ်တွင်းမှာ ဆူဝေလျက်။

'ဘာဖြစ်တာလဲ ရတီချို့ရဲ့။ ငါက နင့်ပါးကို နမ်းရုံသက်သက်ပါ။ နင်ပဲ ငါ့ကို ကျေးဇူးဆပ်ချင်တယ်ဆို'

'အစ်ကိုကြီးကို ဒီလိုနည်းနဲ့ ကျေးဇူးဆပ်မယ်လို့ ရတီ ဘယ်တုန်းကများ ပြောခဲ့ဖူးလို့တုံး'

'လူတကာ ရင်ခွင်ထဲကို ဝင်ပြီး အနမ်းခံခဲ့တဲ့သူကများ အခုမှ ကြီးကျယ်နေလိုက်တာ'

'အဲဒါ ဟိုတုန်းကလေ။ အခုချိန်မှာ ရတီက KTV မှာ လုပ်နေတဲ့ မိန်းမတစ်ယောက် မဟုတ်တော့ဘူး။ ပြီးတော့ စိတ်တူကိုယ်တူ ဘဝလက်တွဲဖော် လင်ယောကျ်ားလည်း ရှိနေပြီ။ ဟိုတုန်းက ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့ ခုချိန်မှာ ရတီရဲ့ သွေးသားမှန်သမျှကို အောင်တစ်ယောက်ပဲ ရယူပိုင်ဆိုင်ခွင့်ရှိတယ်။ အောင်ကလွဲရင် ဘယ်သူစိမ်းယောကျ်ားတစ်ယောက်ကိုမှ အနားကပ်ခွင့် မပေးနိုင်ဘူး။ အစ်ကိုကြီးက ရှေ့ဆက်တိုးဖို့ ကြိုးစားလာရင်တော့ အသက်ချင်း လဲပစ်မယ်'

ပြောပြောဆိုဆိုနှင့်ပင် ရတီချို့က စားပွဲပေါ်တွင်ရှိသော ဘီယာပုလင်းကို ကောက်ကိုင်ကာ ရိုက်ခွဲလိုက်၏။ ကျားရဲတစ်ကောင်လို မာန်ချီနေသော ရတီချို့အား ကြည့်ကာ အစ်ကိုကြီး ဖြူသွားသည်။ အလုံးစုံ ပြောင်းလဲသွားပြီဖြစ်သော ရတီချို့ကိုလည်း အထင်ကြီး လေးစားမိ၏။ မမူးဘဲနှင့် တဒင်္ဂ စိတ်လွတ်သွားသော ကိုယ့်အဖြစ်ကိုယ်လည်း အံ့သြမိသည်။ ကိုယ့်အမှားကိုယ် ပြန်မြင်မိတော့ ရတီချို့ရှေ့မှာ ဆက်လက် ရပ်တည်နေဖို့ကို ရှက်ရွံ့လာသလိုလို။

'ဆောရီးပဲ ရတီချို့၊ ငါမှားသွားတယ်'

'ရပါတယ် အစ်ကိုကြီး။ ရတီရဲ့ မကောင်းခဲ့တဲ့ အတိတ်ကြောင့် အခုလို စော်ကားခံရတာလို့ပဲ သဘောထားလိုက်ပါ့မယ်။ ဒီကိစ္စအောင့်ကို ပြန်ပြောနေမှာ မဟုတ်လို့ အစ်ကိုကြီး စိတ်ပူစရာ မလိုပါဘူး။ ဒါပေမဲ့ နောက်ဆို အိမ်မှာ အောင်မရှိတဲ့အချိန် အိမ်ကို မလာပါနဲ့။ အခုလည်း ပြန်ပါတော့'

လေးလံသော ခြေလှမ်းများနှင့်အတူ အစ်ကိုကြီး ကျောခိုင်းထွက်ခွာသွားသည်။ မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည်အထိ ရတီချို့နေရာမှ မရွေ့ဘဲ ရပ်ကြည့်နေခဲ့၏။ ထို့နောက် တံမြက်စည်းကိုယူရန် မီးဖိုချောင်ထဲ ဝင်လာခဲ့သည်။ ယောက်မလေး ရောက်မလာခင် သူရိုက်ခွဲ၍ ကွဲကြေကာ သမံတလင်းပေါ်တွင် ပြန့်ကျဲနေသော ဘီယာပုလင်းစတွေကို ရှင်းလင်းပစ်ရဦးမည်လေ။

*(ရတီချို့နှင့် ရတီချို့များသို့…)*

■

**မော်မော့်မောင်**

ကိုယ်စိတ်ချမ်းသာ၊ လိမ္မာယဉ်ကျေး၊အတွေးထက်မြက်၊
တိုးတက်ကြီးပွားစေဖို့ မဖတ်မဖြစ်ဖတ်ရမည့်

# အနန္တဂုဏ်ရည်

ဘာသာရေးမဂ္ဂဇင်း

ဗုဒ္ဓ၏အဆုံးအမကို လိုက်နာကျင့်သုံးခြင်းဖြင့် လောကီချမ်းသာ၊လောကုတ္တရာချမ်းသာ၊
နှစ်ဖြာသောချမ်းသာ တို့ပြည့်ဝစေမှာအမှန်မလွဲပဲနော် ........................

လစဉ်ထွက်ပါပြီ

မြင်းခြံစာပေ

အမှတ် (၂၅၆)၊ ၃၉ လမ်းအထက်၊ ရန်ကုန်မြို့၊ ဖုန်း ၂၅၃၅၈၇



www.burmeseclassic.com

www.burmeseclassic.com

# ရှုထောင့်

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း
အမှတ် ၃၃၀၊ မေ၊ ၂၀၁၇

ဒီလမှာလည်း အကြောင်းအရာအရရော တင်ပြပုံအရပါ ထူးခြားဆန်းသစ်လှချည်ရဲ့ဆိုတဲ့ စာမူမျိုးတွေ မတွေ့ရပါဘူး။ စာပေစီစစ်ရေးအလွန်ခေတ်မှာ စာပေစီစစ်ရေးခေတ်တုန်းကလို အတွေးမျိုးနဲ့ အကြောင်းအရာတွေကို ရွေးချယ်နေတုန်းပဲလား လို့ မေးချင်လာပါတယ်။ တင်ပြပုံလည်း ဒီအတိုင်းပါပဲ။ အများစုဟာ လမ်းရိုးဟောင်းထဲမှာပဲ နစ်နေဆဲဖြစ်ပါတယ်။ ရွှေအသစ်အတွက် အသစ် အသစ်တွေကို မျှော်လင့်နေပါတယ်။

၁။ *အကြွေးကို အသက်နှင့်ဆက်လိုက်သည်*

၂။ *ခါးသက်တဲ့ လောကမှာ အဖေဟာ လမ်းပြသူဖြစ်တယ်*

**အလွမ်းသစ်(တောင်ကုတ်)**

စာအရေးအသားပြေပြစ်ပါတယ်။ စကားပြေလည်း ချောမောနေပါတယ်။ အကြောင်းအရာနဲ့ တင်ပြပုံကသာ ရိုးစင်းလွန်းနေပါသေးတယ်။ စာများများဖတ်ပြီး တီထွင်ဖန်တီးမှု အသစ်ကို အားထုတ်နိုင်ပါစေ။

၃။ *ရောင်ပြန်မာတာ ခန္ဓာပီတု*

**ပေကလေး**

အပြန်အလှန်စကားပြောကို အားပြုပြီး အဖွဲ့အနွဲ့လုံးဝမပါဘဲ ရေးထားတဲ့စာမူဖြစ်ပါတယ်။ တီထွင်ဖန်တီးမှုအဖြစ် မယူဆနိုင်ပါဘူး။ တီထွင်ဖန်တီးချင်တယ်ဆိုရင် အပြန်အလှန်စကားပြောတွေမှာ ကွဲပြားတဲ့ဇာတ်ကောင်စရိုက်ကို သိသာအောင် ရေးဖွဲ့နိုင်ရပါမယ်။

၄။ *ကောက်ကြောင်းထဲက ပုံရိပ်များ*

**သီတာကြည်**

အညာဒေသ ဝမ်းရေးအတွက် ရုန်းကန်နေရတဲ့အပေါ်မှာ အခြေခံထားတဲ့ စာမူတစ်ပုဒ်ဖြစ်ပါတယ်။ ဇာတ်ကြောင်းပြောတင်ပြပုံဖြစ်ပြီး ဆွဲဆောင်မှုအားနည်းပါတယ်။

၅။ *ကောင်းကင်အယောင်ဆောင်ထားတဲ့တိမ်*

၆။ *တရားခံ*

**မင်းည**

အရေးအသားပြေပြစ်ပြီး စကားပြေချောမွေ့ပါတယ်။ စာမူအဖွင့်တွေမှာ ဆွဲဆောင်မှုအတန်အသင့်ရှိပေမဲ့ အကြောင်းအရာရိုးစင်းသလို စာဖတ်သူကို တွေးခွင့်ပေးဖို့ထက် စာရေးသူရဲ့ ပြောခွင့်ကို အစွမ်းကုန်အသုံးချထားပါတယ်။ စာမူအဆုံးသတ်တွေကို စာရေးသူက ဝင်မပြောဘဲ ဆုံးနိုင်အောင် ကြိုးစားကြည့်စေချင်ပါတယ်။

၇။ *စာရေးပါ သူငယ်ချင်း*

**ညညု(ဝန်းသို)**

အပြန်အလှန်စကားပြောတွေနဲ့ ဘဝအတွေ့အကြုံ၊ အတွေးတွေကို ရေးထားတာဖြစ်ပြီး ဝတ္ထုတစ်ပုဒ်မဖြစ်ခဲ့ပါဘူး။ ဝတ္ထုနဲ့ဆောင်းပါး သဘောသဘာဝမတူတာကို သတိထားစေချင်ပါတယ်။

၈။ *စုန့်ရေထဲ နစ်မြုပ်သွားတဲ့ ဂရုဏာလေလှိုင်း*

**ဇော်သစ်(စကုကျွန်း)**

အရေးအသား သင့်ပါတယ်။ ဇာတ်လမ်းရော ဇာတ်သိမ်းရော ရေးဖူးပြီးသား၊ ရေးလေ့ရေးထရှိတဲ့ အကြောင်းအရာမျိုးဖြစ်နေတဲ့အတွက် စာမူကောင်းတစ်ပုဒ် ဖြစ်မလာပါဘူး။ ခေါင်းစဉ်စာလုံးပေါင်း မှားနေပါတယ်။

၉။ *ချောင်းထဲကလူ*

**ရဲရင့်ရန်**

ဆင်းရဲမွဲတေမှုအခြေခံ ဇာတ်နာတစ်ပုဒ် ဖြစ်ပါတယ်။ အရေးအသားသင့်ပါတယ်။ ကြိုးစားပါဦး။

၁၀။ *မြို့ပြန်နှင့် တောကျွန်*

**ကိုစက်ဖေ**

အရေးအသား ပြေပြစ်ပါတယ်။ အကြောင်းအရာထူးခြားမှု မရှိပါ။

၁၁။ *သမီးလေး ကျောင်းဆင်းချိန်*

**ယွန်းမြတ်မွန်းသျှန်**

မိဘမေတ္တာဘွဲ့စာမူတစ်ပုဒ်သာဖြစ်ပြီး ထူးခြားမှု မရှိပါဘူး။ အရေးအသား သင့်ပါတယ်။

၁၂။ *မြင့်မိုရ်ရဲ့ကောင်းကင်*

**နတ်စောင်း(ကျိုက်ထို)**

ရုပ်ရှင်ဇာတ်လမ်းဆန်ဆန် ရေးဖွဲ့ထားတာဖြစ်ပြီး ထူးခြားမှုမရှိသလို အဖွဲ့အနွဲ့အားနည်းပါတယ်။

၁၃။ *ရွာဆော်ပွေး*

**ချစ်ဦးသူ(လက်ပုကန်)**

အကြောင်းအရာရော အရေးအသားပါထူးခြားမှုမရှိပါဘူး။

၁၄။ *စန်းလပမာ ချမ်းမြပါစေ*

**ချမ်းမြစမ်း**

လူကုန်ကူးမှုနောက်ခံ စာမူဖြစ်ပေမဲ့ အရေးအသားနဲ့ တင်ပြပုံအားနည်းချက်များတဲ့ စာမူဖြစ်ပါတယ်။

၁၅။ *ငွေလား ရွှေလား ပတ္တမြားလား*

၁၆။ *အဖြေရှာမရတဲ့ ထိုပုစ္ဆာ*

**တက္ကသိုလ်ဖိုးနိုင်(မင်းလှ)**

စာပိုဒ်မခွဲဘဲ စာကြောင်းတစ်ဆက်တည်း ရေးထားတဲ့ စာမူတွေ ဖြစ်နေပါတယ်။ အရေးအသား အားနည်းသလို အကြောင်းအရာလည်း ထူးခြားမှုမရှိပါ။ ဆွဲဆောင်မှုမရှိလောက်အောင်လည်း လက်ရေးလက်သားကအစ မသေသပ်ပါ။

၁၇။ *သူစာစျေးနေ့*

**အောင်စိုးနိုင်(ရွှေပြည်သိဒ္ဓိ)**



www.burmeseclassic.com

www.burmeseclassic.com

အတိတ်ဖြစ်ရပ်အချို့ကို အခြေခံရေးသားထားပြီး အရေးအသား ဆွဲဆောင်မှုမရှိပါဘူး။

၁၈။ *လမ်းခွဲလိုခြင်းမှ လွဲ၍*

**ဇင်မာနွယ်(မန္တလေး)**

အရေးအသား အားနည်းလှပါတယ်။ ဒဏ္ဍာရီရေးသလို စိတ်ထဲပေါ်ထားတာတွေ ညည်းချင်းချထားသလို ဖြစ်နေပါတယ်။ စာများများ ဖတ်ပါဦး။

၁၉။ *အဆိပ်ပြေဆေးနှင့် စိတ်ဖြေဆေး*

**ထွန်းအောင်ရင်(မှော်ဘီ)**

အပြန်အလှန်စကားပြောတွေများပြီး အရေးအသား ဆွဲဆောင်မှုအားနည်းပါတယ်။ လှည့်ကွက်တစ်ခုကို အခြေခံပေမဲ့ ဝတ္ထုထက် ဆောင်းပါးဆန်နေပါတယ်။

၂၀။ *နောင်တမဲ့ရာလမ်း... စမ်းတဝါးဝါး အပြန်*

**နေဘုဏ်းဝေ**

စာတမ်းဆန်တဲ့ အရေးအသားမျိုးရှိပေမဲ့ ဇာတ်နာလွန်းတဲ့ ဇာတ်မျိုးကို ဖွတ်ဖန်တီးထားတာမျိုး ဖြစ်နေပါတယ်။

၂၁။ *ရွက်ပုန်းညို*

၂၂။ *ရောင်စုံခြယ်သော ခေါက်ထီးစိမ်းလေး*

**ဘိုဘိုသန့်ဇင်(မြိုင်)**

အရေးအသား သင့်ပါတယ်။ **ရွက်ပုန်းညို** က လိင်တူချစ်သူတွေအကြောင်း ရေးထားတာဖြစ်ပေမဲ့ အရေးအသား မနိုင်နင်းတဲ့အတွက် ဇာတ်ကောင်တွေကို သီးခြားခွဲပြီး မြင်အောင်၊ နားလည်သွားအောင် မဖွဲ့နိုင်ခဲ့ပါဘူး။ **ရောင်စုံခြယ်သော ခေါက်ထီးစိမ်းလေး** ကိုတော့ ဆရာ ဦးဝင်းငြိမ်းထံ တင်ပြလိုက်ပါတယ်။

ဆရာ ဦးဝင်းငြိမ်းထံ တင်ပြလိုက်တဲ့စာမူတွေကတော့-

**သုဒ္ဓ** ရဲ့ *စာစီစာကုံးနှင့် ပြန်လည်တွေ့ဆုံခြင်း* နဲ့ *ဖေဖေ့ပခုံးသားများ*၊ ကေအမ်တီ(အတွေးအိမ်)ရဲ့ *ဟီးရိုး*၊ မျိုးသည်မင်းရဲ့ *အလင်းဆူး*၊ မြကေခိုင်ရဲ့ *လက်ပွား*၊ မိုးမြင့်သုခ(အမှိုက်လေး) ရဲ့ *ကောင်းမှု*၊ ဘိုဘိုသန့်ဇင်(မြိုင်) ရဲ့ *ရောင်စုံခြယ်သော ခေါက်ထီးစိမ်းလေး* တို့ ဖြစ်ပါတယ်။

*မသီတာ၊စမ်းချောင်း၊*

❑

*ဆရာမ မသီတာ(စမ်းချောင်း) ရွေးချယ်တင်ပြပေးလိုက်တဲ့ ဝတ္ထုတို ၇ ပုဒ်မှာ ဆရာ သုဒ္ဓရဲ့ စာစီစာကုံးနှင့် ပြန်လည်တွေ့ဆုံခြင်း၊ ဖေဖေ့ပခုံးသားများ တို့မှာ ရသစာတမ်းအဖြစ် ပေးပို့ထားတဲ့ စာမူများဖြစ်တာကြောင့် ချန်လှပ်ထားခဲ့ပါတယ်။*

*ဆရာ ဘိုဘိုသန့်ဇင်(မြိုင်) ရေးသားပေးပို့ထားတဲ့ 'ရောင်စုံခြယ်သော ခေါက်ထီးစိမ်းလေး'က ကောင်းတော့မလိုလို့ အဖျား ရှူးသွားပါတယ်။ လမ်းဘေးမှာ ကွမ်းယာရောင်းတဲ့ အမျိုးသမီးက ဖောက်သည်အမျိုးသမီးတစ်ဦး မေ့ကျန်ရစ်ခဲ့တဲ့ ခေါက်ထီးစိမ်းကလေးကို သိမ်းထားပြီး အဲဒီအမျိုးသမီးနောက်တစ်ခေါက်လာတဲ့အချိန်မှာ ပြန်ပေးလိုက်ပါတယ်။ သားဖြစ်သူက လိုချင်ပေမဲ့ သူများပစ္စည်းကို မယူရဘူးလို့ဆုံးမပါတယ်။ နောက်တစ်ခန်းမှာတော့ အဲဒီခေါက်ထီးစိမ်းပိုင်ရှင် အမျိုးသမီးက မူးယစ်ဆေးဝါးရောင်းဝယ်မှု၊ လူကုန်ကူးမှုများကြောင့် အဖမ်းခံရပါတယ်။ ရှေ့က ခေါက်ထီးစိမ်းနဲ့ ဇာတ်သိမ်းက ဘယ်လိုမှ ဆက်စပ်လို့မရပါ။ ဒါကြောင့် ကျွန်တော် မသုံးဖြစ်ပါဘူး။*

*ဆရာ မျိုးသည်မင်းရဲ့ 'အလင်းဆူး'က စိတ်ပညာအခြေခံတဲ့ ဇာတ်လမ်း ဖြစ်ပါတယ်။ မကြာသေးခင်ကမှ ဖေ့စ်ဘွတ်ခ်မှာ သိကျွမ်းခဲ့သူက အပြင်မှာ တွေ့ချင်တယ်လို့ တပူဆာဆာလုပ်နေပေမဲ့ မိန်းကလေးက အတွေ့မခံခဲ့ပါဘူး။ မကြာခင်မှာပဲ အဲဒီမိန်းကလေးရဲ့ သူငယ်ချင်းမက ကိုယ်ဝန်ရှိနေတဲ့အတွက် အိမ်မပြန်နိုင်ကြောင်း ပြောပြလာပါတယ်။ ဘယ်သူနဲ့ရတဲ့ ကိုယ်ဝန်လဲလို့ မေးလိုက်တဲ့အခါ အပြင်မှာတွေ့ချင်တယ်လို့ ပူဆာနေတဲ့ ဖေ့စ်ဘွတ်ခ် မိတ်ဆွေ ဖြစ်နေပါတယ်။ အဲဒီနေ့ကစပြီး မိန်းကလေးက တယ်လီဖုန်းမြည်သံကြားရင် ကောက်ပေါက်တတ်တဲ့အကျင့် ရသွားပါတယ်။ စိတ်ရောဂါ ရသွားခြင်းပါပဲ။ အဲဒီကတစ်ဆင့် မီးချောင်းတွေကိုပါ ရိုက်ခွဲလာပါတယ်။ စာဖတ်သူအနေနဲ့ ဒီမိန်းကလေး ဘာကြောင့်စိတ်ရောဂါ ရသွားတယ်ဆိုတာကို ရှင်းရှင်းလင်းလင်း မသိနိုင်ပါ။ ဘာကြောင့်လဲဆိုတော့ သူက စော်ကားခံလိုက်ရတဲ့သူ မဟုတ်ခြင်းကြောင့်ပါပဲ။ ဒါကြောင့် ကျွန်တော် မသုံးဖြစ်ပါ။*

*နောက်တစ်ပုဒ်ကတော့ ဆရာ မိုးမြင့်သုခ(အမှိုက်လေး) ရဲ့ 'ကောင်းမှု'ဝတ္ထု ဖြစ်ပါတယ်။ ငယ်စဉ်ကတည်းက မိဘမဲ့ဖြစ်ခဲ့တာကြောင့် ဆရာတော်ရဲ့ စောင့်ရှောက်မှုနဲ့ ကြီးပြင်းလာခဲ့ရတဲ့ ငနိုင် ဆိုတဲ့ ကလေး စည်ပင်သာယာမှ သစ်ပင်များ ခိုးယူခဲ့မှုကြောင့် ဆရာတော်က အပြစ်ပေးပုံကို ရေးဖွဲ့ထားပါတယ်။ နိုင်လုံမှုမရှိပါဘူး။ ဒါကြောင့် ကျွန်တော် မသုံးဖြစ်ပါ။*


*ကျန် နှစ်ပုဒ်ဖြစ်တဲ့ ဆရာမ မြကေခိုင်ရဲ့ 'လက်ပွား'ဝတ္ထုနဲ့ ကေအမ်တီ(အတွေးအိမ်)ရဲ့ 'ဟီးရိုး' ဝတ္ထု နှစ်ပုဒ်တို့ကိုသာ ဒီလရဲ့ ရွှေအသစ်များအဖြစ် ဖော်ပြပေးလိုက်ပါတယ်။*

*ရွှေအသစ်ကဏ္ဍသို့ ပေးပို့တဲ့ ဆရာ၊ ဆရာမများကို မေတ္တာရပ်ခံချင်တာကတော့ ရွှေအသစ်ဆိုရင် ရွှေအသစ်ကဏ္ဍလို့ ထင်ရှားတဲ့ ခေါင်းစဉ်တပ်ပေးပါ။ ပြီးခဲ့တဲ့လက ဖော်ပြပေးခဲ့တဲ့ ဆွန်း(စက်မှုတက္ကသိုလ်)ဆိုရင် ဖတ်နေရင်းနဲ့ အသစ်မဟုတ်နိုင်ဘူးလို့ ကျွန်တော် ယူဆတာကြောင့် တယ်လီဖုန်းဆက်သွယ်ပြီး မေးမြန်းခဲ့ပါတယ်။ ဆရာက ရွှေအသစ်ကဏ္ဍကနေ စ,ဝင်ချင်လို့ ရွှေအသစ်ကဏ္ဍသို့ ပေးပို့ခဲ့တာပါလို့ ဖြေကြားခဲ့ပါတယ်။*

*မဂ္ဂဇင်းထွက်လာချိန်မှာ စာဖတ်ပရိသတ်တချို့က ဆွန်း(စက်မှုတက္ကသိုလ်)ဟာ အသစ်မဟုတ်ဘူး၊ ဝတ္ထုတိုစာအုပ်တွေထွက်ဖူးတယ်လို့ ကျွန်တော့်ကို သရုပ်ဖော်ပုံတချို့နဲ့အတူ ပြောလာကြပါတယ်။ တကယ်တော့ ကျွန်တော်မေးခဲ့ပါတယ်။ ဒါပေမဲ့ ဆရာကိုယ်တိုင်က အသစ်က စ,ဝင်ချင်ပါတယ်ဆိုလို့ ကျွန်တော် ဖော်ပြပေးခဲ့တာဖြစ်ကြောင်း သံသယရှိနေတဲ့ ရွှေအမြုတေစာဖတ်ပရိသတ်များ သိကြစေဖို့ ပြန်ကြားပေးလိုက်ပါတယ်။* ■

**ဝင်းငြိမ်း**

www.burmeseclassic.com



'ဟီးရိုး
အသက်
၅ မိုး'
မရောက်
ဖြစ်သည်မှာ
၁၀ နှစ်လောက်
ရှိပြီဖြစ်သော
မိဘအိမ်ကို
ပြန်ရောက်ရောက်ချင်း
ပထမဆုံး လုပ်မိသည်က
ငယ်စဉ်က နေခဲ့သည့်
မွေးရပ်အိမ်နေရာကို
သွားကြည့်မိခြင်းဖြစ်သည်။
မွေးရပ်မြေရွာက
မူးမြစ်ရေ တိုက်စား၍
တစ်ရွာလုံး ရွှေ့ပြောင်း
နေကြသည်မှာ ဆယ်စုနှစ်
နှစ်ခုနီးပါးရှိတော့မည်။
မရောက်ဖြစ်တာလည်း
ကြာပြီဆိုတော့ ငယ်စဉ်က
သွားခဲ့သည့်လမ်းများ၊
အိမ်နေရာများကို
မမှတ်မိချင်တော့ပေ။
အစ်ကိုကြီး၏သားငယ်က
လိုက်ပို့ပေးသောကြောင့်သာ
နေရာမှန် ရောက်တော့သည်။
အိမ်ကြီးအိမ်ကောင်းနှင့်
နေခဲ့သော အိမ်ဝင်းရယ်လို့
မရှိတော့။ ချုံနွယ်
ပိတ်ပေါင်းထ,လျက်။
စိုက်ခဲ့သော အုန်းပင်များ
မရှိကြတော့ပေ။
မာလကာပင်များလည်း
မတွေ့ရတော့ပါ။
အလွမ်းပြေစရာဆို၍
မန်ကျည်းပင်ထီးထီးသာ
တွေ့ရတော့သည်။
မန်ကျည်းပင်ကတော့
အကိုင်းအခက်များဝေ
ဆာပြီး မြေပြင်ကို ထိနေ
သည်။ ငယ်ငယ်ကလို
မန်ကျည်းပင်အောက်
ဝင်ဆော့၍ မရ။ ချုံနွယ်များ
ထူနေသည်။ ထိုချုံနွယ်များ
ကို ပါလာသည့် ဓားဖြင့် ရှင်း
ခိုင်းလိုက်သောအခါ -

'ဟီးရိုး အသက် ၅ မိုး'
ဆိုသည့် ကမ္ပည်းတိုင်တစ်
တိုင်ပေါ်လာသည်။ နှစ်
ပေါင်းများစွာကြာအောင်
တည်မြဲနေခြင်းက ချုံများကာ
ရံနေခြင်းနှင့် မန်ကျည်းပင်
က အုပ်မိုးထားခြင်းကြောင့်
ဖြစ်ပေလိမ့်မည်။

'ဦးလေး ဟီးရိုးဆိုတာ
ဘယ်သူလဲဟင်'

တူတော်မောင်၏ မေး
သံကို ကြားတော့ ရုတ်တ
ရက် မဖြေနိုင်။

'မင်းအဖေ ပြောမပြ
ဘူးလားကွ'

'ပြောမပြဘူးဗျ'

စိတ်က ဟိုးလွန်ခဲ့သော
နှစ် ၂၀ ခန့် ပြန်ရောက်သွား
ပါတော့သည်။

❑

'ကံ ဆိုး လို့ ကံ တာ
ဟီးရိုးရာ တောက် ဖြောင်း'

တက်ခေါက်သံနှင့်
အတူ အဖေ၏လက်သီးက
မီးဖိုအိမ်ကြမ်းပြင်စွန်းက
ဝါးလုံးကို ထိုးခွဲလိုက်သည်။

'ဖြောင်း ဖြောင်း
ဖြောင်း'

ဆက်တိုက်ထွက်ပေါ်
လာသည့် အဖေ၏ လက်သီး
ထိုးသံကြောင့် တစ်အိမ်သား
လုံး နိုးလာကြသည်။

'မလုပ်ပါနဲ့တော့ ကိုညီ
ရယ် အီး ဟီး ဟီး'

အမေက အဖေ့ကို ပြော
ပေမဲ့ သူလည်း မထနိုင်။ ဟီး
ရိုးဘေးမှာ မျက်ရည်စွဲလျက်
ငိုနေသည်။

'ဘာ ဘာဖြစ်တာလဲ
အဖေ'



www.burmeseclassic.com

အစ်ကိုကြီး ပြေးလာရင်း မေးသည်။ ထော့နဲ့နေသော ခြေထောက်ကြောင့် ကောင်းကောင်းမလှုပ်ရှားနိုင်ပေ။ ပူအိုက်သော တပေါင်းလ၏ ဆန်းစလက ပတ်ဝန်းကျင်ကို မလင်းနိုင်တော့။ နံနက် ၃ နာရီ အုန်းမောင်း ခေါက်သံကိုလည်း ဘယ်သူမှ သတိမထားမိလိုက်ကြပါ။

'ဟီးရိုး ကြိုးပြုံပြီး ခြေထောက်ထိသွားလို့'

'ဗျာ'

အစ်ကိုကြီးက ဟီးရိုး၏ ခြေထောက်ကို ငုံ့ကြည့်သည်။

'မဖြစ်နိုင်ဘူး၊ ဒါ တမင်သက်သက် ခုတ်သွားတာ ခခေါက်လျှော့သွားတာဗျ'

အစ်ကိုကြီး၏အသံက ဒေါသကြောင့် တုန်နေသည်။

'ဘယ်သူလုပ်တာလဲ အဖေ၊ ဘယ်သူ လုပ်တာလဲ ကျုပ် သတ်မယ်'

အစ်ကိုကြီးက ငှက်ကြီးတောင်ဓားကိုဆွဲကာ အော်လေသည်။ ဘယ်သူမှ အစ်ကိုကြီးကို ဝင်မဆွဲနိုင်ကြ။ ဖြစ်နိုင်လျှင် အားလုံးက မည်သူမှန်း မသိသော တရားခံကို သတ်ဖြတ်ချင်စိတ်တွေ ဝင်နေကြသည်။

'ဟေ့…

ဘယ်ကောင်လဲကွ၊ သတ္တိရှိရင် လူချင်း ယှဉ်ခုတ်မယ်။ ဘာမှ မသိတဲ့ တိရစ္ဆာန်ကိုတော့ မလုပ်နဲ့ဟေ့ ငဦးတဲ့ တစ်ဦးတည်းရှိတယ်'

ပူအိုက်သော ညအမှောင်မှာ အစ်ကိုကြီး ကိုဦး၏ ဒေါသသံက ဟိန်းထွက်နေသည်။ ဆူညံပွက်လောရိုက်နေ၍ တစ်ရွာလုံးလိုလို နိုးကုန်ကြသည်။ နွားကြိုးပြုံသည့်ကိစ္စ မည်သူ့ကို ဒေါသထွက်နေသနည်း။ ကျွန်တော် ဝေခွဲမရပါ။ သို့သော် အစ်ကိုကြီး၏ ဒေါသသည် ပြင်းထန်လွန်းလှပေသည်။

ဒေါသဖြစ်ပေမပေါ့။ ဟီးရိုးဆိုတာ ကိုဦး၏ အချစ်တော်ကိုး။ ❑


'ကိုဦး နပြာမကြီး ကျတော့မယ် ထင်တယ်နော်' ကျောင်းကအပြန် လွယ်အိတ်ကို အိမ်တိုင်မှာ ချိတ်ရင်း ကျွန်တော် မေးကြည့်တော့ ကိုဦးက နွားစာစဉ်းနေရာက နွားပြာမကြီးကို တစ်ချက် လှမ်းကြည့်သည်။ အိမ်မှာက တောင်သူကြီးဆိုတော့ ခိုင်းနွား၊ နွားသိုးပေါက်၊ နွားမ အမျိုးမျိုးမွေးထားရာ ၂၃ ကောင်တိတိ ရှိလေပြီ။ အခု နွားပြာမကြီး မွေးလာလျှင်တော့ ၂၄ ကောင်ဖြစ်တော့မည်။ နွားပြာမကြီးကို မွေးဖွားခါနီးမို့ တောမှာ လွှတ်မကျောင်းတော့ဘဲ အိမ်မှာပင် ကျွေးထားသည်။ ဖွဲနု၊ နှမ်းဖတ် ရေစိမ်ကို ကောက်ရိုး စဉ်းပြီးသားမှာ ရောမွှေရင်း မြက်နု တချို့တစ်ဝက်ပါ ထည့်ကျွေးတော့

အမှတ် ၃၃၈၊ မေ ၂၀၁၇

ရွှေအမြုတေ

# ကောင်းမ်ဝင်း (အတွေးအိမ်)

# ဟီးရိုး





www.burmeseclassic.com

www.burmeseclassic.com

နွားပြာမကြီးက တနင့်တပိုးစားသည်။

'ဟို ကောင်လေး ကျောင်းပြန်လာပြီး အဝတ်မလဲဘဲ ဘာလုပ်နေလဲ'

အမေက လှမ်းအော်ပြောတာကို ပြန်မဖြေနိုင်။

'ဟင် ကိုဦး၊ နပြာမကြီး မွေးတော့မလားလို့'

ကိုဦးက နွားစာစဉ်းလျက် သောက်လက်စ ဆေးလိပ်ကို ဖွာလိုက်သည်။

'အေးကွ ကျတော့မှာ နက်ဖြန်၊ သန်ဘက် တစ်ရက်ရက်ပဲ'

'ဘာလေးမွေးမယ်ထင်လဲ၊ အထီးလေးဆို ပိုကောင်းမယ်ဗျ'

'အထီးလေးမွေးမှာပါကွ'

ဆေးလိပ်မီးခိုးကို မှုတ်ထုတ်ရင်း ကောက်ရိုးပုံမှ ကောက်ရိုးများကို နွားစာစဉ်းခုံပေါ် ကောက်တင်သည်။ ကိုဦးမှန်းလျှင် လွဲခဲပါသည်။ အထီးမွေးမည်ဆိုလျှင် နွားမကြီးက ကိုယ်ဝန် ၈ လ ကျော်လျှင် သွားလာလှုပ်ရှားနှေးကွေးလာသည်။ ဗိုက်က အောက်ကို ပိုကျလာတတ်သည်ဟု ကိုဦးပြောဖူးတာ အမှတ်ရသည်။

'ကိုဦး အဖေက ကောက်ရိုးတွေ စဉ်းနေတုန်း ဆေးလိပ်မသောက်ရဘူး လို့မှာထားတယ် မဟုတ်လား ဟင်'

အဖေက ကိုဦးကို ဆေးလိပ်ဖြတ်ခိုင်းချင်သော်လည်း အမေက ဆေးလိပ်သောက်တော့ ရဲရဲတင်းတင်း မဖြတ်ခိုင်းရဲပေ။ ဖြတ်ခိုင်းလျှင် အမေတောင် သောက်သေးတာပဲ အဖေရယ်လို့ ပြောချင်ပြောတတ်သည်။ အမေကတော့ ဆေးလိပ်ကို အဖေ့ထက် ပိုချစ်ပါသည်။ အဖေကတော့ 'မင်းအမေရဲ့ ငယ်ချစ်က ငါမဟုတ်ဘူးကွ၊ ဆေးလိပ်၊ ဆေးလိပ်'ဟု ပြောတတ်လေသည်။ ကိုဦးလည်း ဆေးလိပ်သောက်ရာတွင် အမေ့ခြေရာနင်းလေသည်။ ရည်းစားက ဆေးလိပ်ဖြတ်မလား၊ ကျုပ်တို့ အချစ်ခန်းရပ်မလားဆိုတော့ သူ့ရည်းစားကို ဖြတ်ခဲ့လေသည်။ အဲသလောက် ဆေးလိပ်ကို မက်မက်စက်စက် သောက်လေသည်။ ကိုဦး ဆေးလိပ်မသောက်ချိန်ကား ထမင်းစားချိန်၊ ရေချိုးချိန်နှင့် အိပ်ချိန်ပဲ ဖြစ်မည်ထင်သည်။ တစ်နေ့ မင်း ဒီဆေးလိပ်ကြောင့် ဒုက္ခရောက်မယ်ဟု အဖေပြောသော်လည်း ထူးမလာ။ ပိုလို့တောင် သောက်သေးသည်။

'ခင်ဗျား တစ်နေ့နေ့ ဒုက္ခရောက်မယ်နော်'

'မင်း တော်တော်လျှာရှည်တဲ့ကောင်ကွာ သွားတော့၊ အမေ ထမင်းစားဖို့ ခေါ်နေပြီ'

ထမင်းသံကြားတော့ ကျောင်းမှာ အပြေးဆော့ခဲ့သမျှ ခုမှ ပင်ပန်းပြီး ဗိုက်ဆာမှန်း သိတော့သည်။ ဒီအချိန် ထမင်းတော့ မကျက်နိုင်သေး။ အိုးထဲထည့်ထားသော ထန်းလျက်ခဲကို စားပြီး ရေသောက်လိုက်တော့မှ အဆာပြေသွားသည်။

'နွားတွေ လာပြီဟေ့'

တောထဲကို လွှတ်ကျောင်းလေသော နွားတွေ အိမ်ထဲဝင်လာသည်။ တချို့က သူ့ချည်တိုင် သူသွားသော်လည်း တချို့နွားတွေက တွေ့ကရာ ဝင်စားတော့သည်။ သူ့ချည်တိုင် သူသွားသည့် နွားတွေကို ဖမ်းချည်ထားရသည်မှာ လွယ်ကူသော်ငြား မလိမ္မာသည့် နွားဆိုလျှင် ချောင်တစ်ခုခုမှ ပိတ်ပြီး ဖမ်းမှ ရတတ်သည်။ နဖားကြိုး မထိုးရသေးသော နွားပေါက်ကလေးများဆို ပိုလို့တောင် ဖမ်းရခက်သေးသည်။ မဖမ်းထားလို့လည်း မဖြစ်သေး။ မဖမ်းထားလျှင် အိမ်ဝင်းအတွင်း စိုက်ထားသည့် သီးပင်စားပင်တွေကို ဆွဲစားတော့သည်။ လူကြီးတွေကို အနှားအကပ်မခံသော နွားကလေးများကို ကျွန်တော်က ဖမ်းပေးရသည်။

ထို့ကြောင့် ညနေ နွားသွင်းချိန်တိုင်း ကျွန်တော်၏ အလုပ်တစ်ခုမှာ နွားပေါက်ကလေးများကို ဖမ်းပေးရခြင်း ဖြစ်သည်။ ပါးစပ်က စုတ်တသပ်သပ်လုပ်ရင်း လက်က မြက်တစ်ဆုပ်ကို နွားပေါက်ကလေး နှုတ်သီးရှေ့ ထိုးပေးလိုက်လျှင် နွားကလေးက မြက်ကို စားချိန် ကျွန်တော်က နွားကလေး၏ လည်ပတ်ကို ဆွဲဖမ်းကာ ကြိုးနှင့် ချည်ရသည်။ အိမ်မှာ မွေးသော နွားကလေးတော်တော်များများက ကျွန်တော်နှင့် ကစားဖော်ဆိုတော့ ကျွန်တော့်ဆိုလျှင် အကပ်ခံတာများပါသည်။ နွားပြာမကြီး မွေးသမျှ စံပယ်၊ ကတုံး၊ ဂျိုကုပ်၊ ဘို့ပြားထောင် အားလုံးကိုပဲ ကျွန်တော် ဖမ်းပေးခဲ့ဖူးသည်။ အခု နွားပြာမကြီး မွေးလာမည့် နွားကလေးကိုလည်း ကျွန်တော် ဖမ်းပေးရပါလိမ့်မည်။

❑

'ညီလေး ညီလေး ထထ'

အိပ်မက်လို့လို့၊ တကယ်လိုလို ဝိုးတဝါးဖြစ်နေသည်။ ကျောင်းပိတ်ရက် နေ့လယ်ခင်းမှာ တစ်ရေးတစ်မော အိပ်လိုက်သည်။

'ဟင့် ဟင့် မထ,ချင်ဘူးဗျာ'

'ဟေ့ကောင် ညီလေး ထဟ'

'မထချင်ဘူးဆိုဗျာ'

ပက်လက်လှန်အိပ်နေရာက ဝမ်းလျားထိုးမှောက်ကာ ခေါင်းအုံးကို ဖက်လိုက်သည်။

'နွားပြာမကြီး မွေးတော့မှာကွ'

'ဗျာ တကယ်လား'

'အေး'

ခုတင်ပေါ်ကနေ ဆင်းကာ အိမ်ဘေးက မန်ကျည်းပင်အောက် ပြေးထွက်လာတော့ နွားပြာမကြီး ရှေ့ခြေတောင် ထွက်နေပြီ။ ကြိုးချည်မထားသော်လည်း နွားပြာမကြီး လှည့်ပတ်မသွားဘဲ ဝပ်နေလေသည်။

တစ်ခဏတော့ ထ,[illegible] သည်။ နှစ်ပတ်သုံးပတ် လှည့်ပတ်သည်။ နော[illegible] ထပ်ဝပ်ပြန်သည်။ ကိုဦး[illegible] ခေါင်းကို ဝင်ပွတ်ပေးသည်[illegible] နွားပြာမကြီးခေါင်းက [illegible] ပြင်ကို မှီချရင်း [illegible] သည်။ နောက်[illegible] ရှေ့[illegible]



www.burmeseclassic.com

www.burmeseclassic.com

အိတ် ပိုထွက်လာပြီး ရေမြှော အိတ်အတွင်းမှာ ခြေထောက် ဖြူဖြူလေး ပြူထွက်လာသည်။

'ထွက်လာပြီ ထွက်လာပြီ'

ကျွန်တော့် ပါးစပ်က လွတ်ခနဲ ထွက်သွားတော့ နွားပြာမကြီးက ခေါင်းထောင်ကြည့်ကာ ထ,ရပ်သည်။ ခြေထောက်လေးနှစ်ချောင်း ပြန်ဝင်သွားသည်။ ကိုဦးက အသံမထွက်နဲ့ ဆိုသည့်အကြည့်ဖြင့် ကြည့်သည်။ ကျွန်တော် ငြိမ်နေလိုက်သည်။

နွားပြာမကြီး လှည့်ပတ်နေပြီး ဝပ်ချကာ ထပ်ညှစ်နေပြန်သည်။ ရှေ့ခြေနှစ်ချောင်းနှင့် နှုတ်သီးဖျားလေးထွက်လာသည်။ နွားပြာမကြီး ထ,ရပ်လိုက်ရာ ရေမြှောအိတ်က ဗွမ်းခနဲ ပေါက်ကျနေသည်။ ကိုဦးက နွားမကြီး၏ နောက်ပိုင်းကို ရပ်ကာ နွားကလေး ပြုတ်ကျလာလျှင် ဆီးဖမ်းဖို့ လက်ကို အသင့်အနေအထားမှာ ထားသည်။ နွားပြာမကြီးက ညှစ်လိုက်ရာ နွားကလေး လျှောခနဲ အထွက် ကိုဦးက လက်ဖြင့် ထိန်းပြီး မြေပြင်ပေါ် ချပေးသည်။

'အထီးလေးဗျို့'

ကိုဦးက တစ်အိမ်လုံးကြားအောင် အော်ပြောရင်း နွားလေး၏ နှာခေါင်းထိပ်က အညစ်အကြေးများကို ဖယ်ရှားပေးသည်။ ကျွန်တော်က ဆန်ခါတစ်ခုကို ကိုင်ကာ စောင့်ကြည့်နေသည်။ နွားပြာမကြီးက နွားကလေးကို လျှာနှင့်လျက်ပေးနေသည်။ နွားကလေးက သူ့ခေါင်းလေးကို မနိုင်တနိုင်ထောင်လိုက်ရာ ဘို့ကလေးက ကောက်ချိတ်နေလေသည်။

'ညီလေးရေ မကြာခင် အချင်းဆက်ကျမယ် ထင်တယ်။ နွားမကြီး မစားစေနဲ့၊ ခြော်မင်းက ဆန်ခါတောင် ယူထားပြီးပြီကိုး'

ကျွန်တော် ဘာမှ ပြန်မပြောဘဲ ခေါင်းညိတ်ပြလိုက်သည်။ ကျလာသော အချင်းကို မိခင်နွားမကြီး ပြန်စားတတ်သည်။ ထိုသို့ ပြန်စားလျှင် နွားမကြီး ပိန်တတ်သည်ဟု ကိုဦးက ပြောသည်။ နောက်တစ်နာရီခန့်အကြာတွင် နွားကလေး ထ,ရပ်ကာ နို့စို့သည်။ ကျွန်တော်က နွားချင်းကို ရေဖြင့် စင်အောင်ဆေးလိုက်သည်။ ညနေစာက နွားချင်းသုပ်၊ ပဲရေပွ၊ ချဉ်ရည်ဟင်းနှင့် ထမင်းမြိန်လှသည်။ နွားချင်းသုပ်ကြောင့်ကားမဟုတ်။ တောင်ယာအတွက် ခိုင်းစရာ နွားထီးလေးမွေးသောကြောင့်ပင်။

❑

'ဟီးနိုးလို့ ပေးရမယ် ဟုတ်လား၊ ဘာအဓိပ္ပာယ်လဲ ကိုလေးရ'

မြို့ကျောင်းမှာ ကျောင်းတက်ရာက ပြန်လာသော ကိုလေးက လသားအရွယ်ရှိသော နွားကလေးကို ကြည့်ကာ ဟီးနိုးလို့ အမည်ပေးရမည်ဟု ပြောသည်။

'ဟီးနိုး မဟုတ်ဘူး ညီလေးရ၊ ဟီးရိုး ဟီးရိုး အိတ်ချ် အီးအာ အို(Hero) ဆိုတာ သူရဲကောင်းလို့ အဓိပ္ပာယ်ရတယ်'

အိမ်ကလူတွေလည်း ကြိုက်ကြသည်။ ကျွန်တော်လည်း သဘောကျသည်။ ကျောင်းက အပြန်ဆိုလျှင် ဟီးရိုးက ကျွန်တော့်ကို အိမ်ပေါက်ဝမှာ လာကြိုသည်။ ကျွန်တော်က ဟီးရိုးကျောပေါ် လွယ်အိတ်တင်ပေးလျှင် ငြိမ်ငြိမ်သက်သက်နှင့် တဖြည်းဖြည်းလျှောက်ကာ အိမ်အထိ သယ်သွားသည်။ ပြီးတော့မှ မီးဖိုကြမ်းပြင်ကို ခေါင်းနှင့်တိုက်ကာ အမူအရာပြသည်။ ကျွန်တော်က ထန်းလျက်အိုးကို နှိုက်ကာ တစ်လုံးစားပြီး တစ်လုံးကို ဟီးရိုးအား ကျွေးလိုက်သည်။ အိမ်က မည်သည့်နွားမှ မစားသော ထန်းလျက်ကို စားလေသည်မှာ ဟီးရိုး၏ ထူးခြားချက်ပင် ဖြစ်ပေသည်။

အမေကတော့ နင်တို့ညီအစ်ကိုလုပ်တာနဲ့ ငါ့ ထန်းလျက်အိုးပြောင်တော့မယ်ဟု ဆိုလျှင် ဟီးရိုးက ခေါင်းတဆတ်ဆတ် ညိတ်လေတော့သည်။ သူ့ဘာသာ ညိတ်တာလည်း ဖြစ်ချင်ဖြစ်ပေမည်။ သို့သော် အမေကတော့ သဘောကျလေသည်။ ဟီးရိုး၏ ထူးခြားချက်နောက်တစ်ခုက အိမ်ဝင်းအတွင်း မည်သည့်သစ်ပင်မှ မစားခြင်းပါ။ ကျန်သော နွားများ မကြာခဏ ဆွဲစား၍ ပင်မြင့်စံဘဝ မရောက်ရလေသော အိမ်ဝင်ဝက ကုက္ကိုပင်ကိုပင် မစားပါ။ တခြား နွားများ စားလျှင်တောင် ဟီးရိုးက ပြေးပြေးဝှေ့ကာ မစားစေချင်ကြောင်း ပြလေသည်။

ထို့ကြောင့် ဟီးရိုးကို လည်ကွင်းစွပ်ထားသော်လည်း ကြိုးမချည်ထားပါ။ အရွယ်ရောက်၍ နဖားဖောက် နဖားကြိုးတပ်ထားသော်လည်း ကြိုးမချည်ထားပေ။ တောသို့ ယာထွန်လယ်ထွန်သွားချိန် ကြိုးချည်ကာ မောင်းနှင်သော်လည်း အိမ်ရောက်လျှင် ကြိုးချည်မထားတော့။ နွားစားကျင်းမှာ သူ့အစာ သူစားပြီး ဝ,လျှင် သူ မွေးဖွားရာ မန်ကျည်းပင်အောက် ဝင်ရောက်အနားယူကာ စားမြုံ့ပြန်နေတော့သည်။ နံနက်လေးနာရီ အုန်းမောင်းခေါက်လျှင် အိမ်ရှေ့ကြမ်းပြင်ကို ဦးချိုနှင့်ဝှေ့ကာ အိမ်သားများကို နှိုးတတ်သည်မှာလည်း ဟီးရိုး၏ ပြုနေကျအကျင့်တစ်ခုပင် ဖြစ်ပါသည်။

❑

ဟီးရိုးကား လည်ပင်းတောင့်တောင့်၊ ဘို့ကောင်းကာ ဗလတောင့်သော်လည်း အပြေးမသန် ဖြည်းဖြည်းမှန်မှန်သာ သွားလာလှုပ်ရှားသည်။ ထမ်းပိုးမကောင်းပါ။ သူနှင့် တွဲဖက် ဖိုးဂျက်ကတော့ ထမ်းပိုးကောင်းလှသည်။ ဖိုးဂျက်ကား အတိုင်အလှည့် မည်သည့်ဘက်က တပ်ပြီး မောင်းမောင်း အဆင်ပြေသော်လည်း ဟီးရိုးက အတိုင်ကပဲ ရသည်။ အလှည့်က တပ်မောင်းလျှင် အဆင်မပြေတော့ပေ။ ကလန်ကဆန်လုပ်ချင်သည်။ ထိုသည်ကပင် ဟီးရိုး၏ အားနည်းချက်ဟု ဆိုရမည် ထင်သည်။ ဖိုးဂျက်က တခြားနွားများနှင့် ယှဉ်တွဲကလျှင် မြန်မြန်ဆန်ဆန်သွားသော်လည်း ဟီးရိုးနှင့် တွဲမောင်းလျှင်တော့ ဟီးရိုးကို မလွန်ဆန်ပါ။ မှန်မှန်သာ သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ယာတောထဲဖြစ်စေ၊ လွှတ်ကျောင်းသည်ဖြစ်စေ ဟီးရိုးက ဖိုးဂျက်အနားကပ်နေသော်လည်း အိမ်ရောက်လျှင်တော့ သူ့မွေးဖွားရာမှာသာ နေသည်။ ဖိုးဂျက်နှင့် တခြားအိမ်က နွားများ နဖူးတိုက်ဖော့ကြလျှင် ဟီးရိုးက ဖိုးဂျက်ဘက်ကနေ ဝိုင်းကူကာ ဖော့လေတော့သည်။ အတူယှဉ်တွဲနေထိုင်ကြသော တိရစ္ဆာန်နှစ်ကောင်၏ ချစ်ခြင်းမေတ္တာပင် ဖြစ်မည် ထင်သည်။ ဤသို့ဖြင့် ဟီးရိုးသွားနှစ်ချောင်းထိုးရာမှ လေးနှစ်လေးမိုး လွန်မြောက်ပြီးသကာလ။

'ကိုဦးကို ဟီးရိုး ဖော့ချလို့တဲ့'

ညနေ နေဝင်ချိန်လေး မရောက်ခင် အမင်္ဂလာသတင်းက တစ်ရွာလုံး ပျံ့နှံ့သွားလိုက်တာ ခွေးသေပုပ်ကို လေဖော့တိုက်သလို အလွန်ဆိုးဝါးသွားသည်။ ဟီးရိုးဆိုသော လိမ္မာသည့်နွားက သူ့သခင်ကို ဖော့သည်ဆိုတော့ စဉ်းစားစရာမရဖြစ်တော့သည်။ နေ့စဉ်နေ့တိုင်း နွားများကို တောသို့ လွှတ်ကျောင်းသလို ယနေ့ နေ့ခင်းကတည်းက နွားများနှင့်အတူ ကိုဦး ထွက်သွားခဲ့သည်။

'မောင်ဦးကို ဘယ်သူမှ သွားမကြိုကြဘူးလား'

'ဘယ်လိုများ ဖော့လိုက်တာလဲ'

'အဖော့ခံရရင်တော့ အနည်းဆုံး အကျိုးအပဲ့တော့ ရှိမှာပဲလေ'

'ငါ့သားကြီး ဘာမှ မဖြစ်ပါစေနဲ့'

'ဒီနွား သတ်ပစ်ဖို့ကောင်းတယ်'

'သားသတ်ရုံ ရောင်းမလား၊ ငါးသောင်းပေးမယ်'

တစ်ယောက်တစ်ပေါက် ပြောနေကြသော စကားသံများနှင့်အတူ အိမ်မှာ လူတွေ တဖြည်းဖြည်းများလာသည်။ ဒုက္ခရောက်နေရသည့်အထဲ သားသတ်ရုံပိုင်ရှင်က တစ်သိန်းလောက်တန်သည့်အရာကို ဈေးနှိမ်ကာ ဝယ်ချင်နေသေးသည်။ ကျွန်တော် စိတ်ထဲကနေ သားသတ်ရုံပိုင်ရှင်ကို ကျိန်ဆဲပစ်လိုက်သည်။

'ဟော ဟိုမှာ ဟိုမှာ နွားတွေ လာနေပြီ'

အိမ်ထဲကို နွားများ အလျှိုလျှိုဝင်လာကြရာ ရောက်နေသူများက ဝိုင်းဝန်းဖမ်းပေးကြသည်။ နွားများ ကုန်သော်လည်း ဟီးရိုးနှင့် ကိုဦး၏ အရိပ်အယောင်ကား ပေါ်မလာ။ မကြာခင် နေဝင်တော့မည်။ မမှောင်ခင် ရောက်လာမှ ဖြစ်မည်။

ထွက်ရှာကြသူများလည်း ပြန်မလာသေးပေ။ ဘယ်တောသို့ သွား၍ ဘယ်ယာမှာ ကျောင်းမှန်းမသိ။

'မောင်ဦးက သူများ မရောက်တဲ့ စားကျက်ကိုပဲ သွားကျောင်းတာဆိုတော့ အင်း တွေ့ကောင်းပါရဲ့'

အဘကျော်၏ စကားသံအဆုံး အားလုံး ငြိမ်သက်နေကြသည်။

'သေများသေနေပြီလား၊ ဟီးရိုးရော ဘာလို့ ပြန်မလာသလဲ' ဟူသော အတွေးများက ကျွန်တော့်ခေါင်းထဲ ချာချာလည်နေသည်။ သွေးသံရဲရဲနှင့် ကိုဦး မြင်လိုက်၊ ကဆုန်ပေါက်ပြေးလာကာ ကျုံးဖော့လိုက်သော ဟီးရိုးကို မြင်ယောင်လိုက်နှင့် ချာချာလည်နေတော့သည်။

'လာပြီ လာပြီ'

အားလုံး၏ အကြည့်ကား အိမ်ဝသို့ပင်။ အိမ်ဝင်းတံခါးအဝင်ပေါက်မှာက တစ်လှမ်းချင်း ဖြည်းဖြည်းမှန်မှန် ဝင်လာသော ဟီးရိုး။ ဟီးရိုးနောက်မှာက လူတချို့။ ဟီးရိုးပေါ်မှာ မှောက်လျက်ပါလာသော ကိုဦး။ တစ်ခါဖူးမှ နွားကျောပေါ် မလိုက်ဖူးသော ကိုဦး။ အဘယ်ကြောင့် ဟီးရိုးကျောပေါ် ပါလာသနည်း။ စဉ်းစားမရပါ။ ကျွန်တော် ဟီးရိုးဆီ အပြေးသွားလိုက်သည်။ ဟီးရိုးက ခဏရပ်ကာ နှာမှုတ်ရင်း ခွာရှပ်လိုက်သည်။

'အနားမကပ်နဲ့ သား'

အဖေက လှမ်းအော်ကာ သတိပေးတော့ ဟီးရိုးက ပေရပ်နေသည်။

'ဟီးရိုး ငါပါကွ ကျွတ် ကျွတ်'

စုတ်သပ်ကာ အသံပေးလိုက်တော့ ဟီးရိုးက ရှေ့ဆက်လျှောက်ကာ တဖြည်းဖြည်းချင်း ဝပ်ချလိုက်သည်။ ကိုဦး အောက်ဆင်းကာ ထ,ရပ်ဖို့ ကြိုးစားရာ အဖေက ဝင်တွဲလိုက်သည်။ ကိုဦး ခြေထောက်တစ်ဖက် ကောင်းကောင်းမထောက်နိုင်တော့။ ထိုအခါမှ ဟီးရိုးက ထ,ရပ်ကာ သူ့နေရာ သူသွားသည်။ ကိုဦးက လိုက်သွားကာ ကြိုးချည်ထားလိုက်သည်။ ဟီးရိုး၏ဘဝတွင် ချည်တိုင်မှာ ပထမဆုံး ကြိုးချည်ခံရခြင်းပင်။

'မောင်ဦး နွားကို ငါ့ရောင်းပါကွ'

သားသတ်ရုံပိုင်ရှင်က အရင်ဦးဆုံး ဝင်ပြောသည်။

'ဘာဗျ'

ကိုဦး၏ အော်သံကြောင့် အားလုံး လန့်ဖျပ်ကုန်သည်။

'မင့်နွား ငါ့ကို ရောင်းကွာ'

'ဘာဗျ ဘာကိစ္စရောင်းမှာလဲ'

'မင်းကို ထိခိုက်တယ်လေကွာ၊ ခိုက်တဲ့နွား ဆက်မမွေးကောင်းဘူး'

'မရောင်းဘူးဗျ၊ မရောင်းဘူး၊ အား ကျွတ်ကျွတ်၊ ခင်ဗျား ကျုပ်အိမ်ထဲက ထွက်သွားဗျာ'

ခြေထောက်က နာဟန်တူသည်။ အဖေက ကိုဦး ခြေထောက်ကို ရေဆေးပေး နေသည်။

'သား မောင်ဦး စကား ပြော ဆင်ခြင်လေ'

အမေက ဝင်ဟန့်လေ သည်။

'မမသန်းပဲ စဉ်းစား ကြည့်လေ ခိုက်တဲ့ နွား---'

စကားတောင် မဆုံး လိုက်ပါ။

'ခင်ဗျားကြီး ထွက် သွားရင် ကောင်းမယ်နော်'

ကိုဦးက အနီးရှိ ခွေး နှင့် ချိန်ရွယ်ကာ ပြော သားသတ်ရုံပိုင်ရှင် ထ သွားလေသည်။

'ငါ့သားရယ် ... ဒေါသ ထိန်းမှပေါ့'



www.burmeseclassic.com

www.burmeseclassic.com

'အမေ မသိပါဘူးဗျာ'

ကိုဦးက ခံတွင်းချဉ်ဟန်တူသည်။ ဆေးလိပ်နှင့် မီးခြစ်ကို ယူကာ မီးညှိဟန်ပြင်ပြီး ဆေးလိပ်နှင့် မီးခြစ်ကို လွှင့်ပစ်လိုက်ကာ…

'အဖေ ကျုပ် မှားသွားတယ် အဖေ။ အဖေပြောသလို ဆေးလိပ်ဖြတ်လိုက်ရင် အခုလိုဖြစ်မှာ မဟုတ်ဘူး။ ကျုပ် ဆေးလိပ်ဖြတ်ပြီ၊ ဒီနေ့ကစပြီး ဆေးလိပ်ဖြတ်ပြီ အီး ဟီး ဟီး'

ယောကျ်ားရင့်မာကြီးက ဆေးလိပ်နှင့် မီးခြစ်ကို လွှင့်ပစ်ပြီး ထ,ငိုလေတော့ တောခလေ့အရ အပ,မှီတယ် ထင်ကြဟန်တူသည်။ မိန်းမများ အကုန် ထ,ပြေးကြလေသည်။ တချို့က ခေါင်းထိလာပြီး ထင်ကြဟန်တူသည်။

'အေးပါကွာ၊ မင်း ဘာဖြစ်တာလဲ ပြောပြ'

'ဟီးရိုး အပြစ်မဟုတ်ဘူး'

ကိုဦးက လက်ကို နှုတ်ခမ်းတော့မိမလိုဖြစ်ပြီး ဆေးလိပ်မပါမှန်းသိတော့ လက်ကို ပြန်ချကာ ရေခွက်ထဲက ရေကို သောက်လိုက်သည်။

'နေ့ခင်းက ကျုပ် နေပူလို့ ကိုသံချောင်းရဲ့ တဲက ကောက်ရိုးပုံနား ဆေးလိပ်သောက်ရင်း ခဏ နားနေတာ၊ ဘယ်လိုကဘယ်လို အိပ်ပျော်သွားမှန်းမသိဘူး။ ခြေထောက်က ပူခနဲဖြစ်ပြီး တဲဆောက မြောင်းထဲ ထိုးကျသွားမှ နိုးလာတာ။ အပေါ် မော့ကြည့်လိုက်တော့ ဟီးရိုးကို မြင်ရပြီး ကောက်ရိုးပုံ မီးလောင်နေပြီ။ ဟီးရိုးသာ ခွေ့မချရင် ကျုပ် မီးလောင်ပြီး သေပြီဗျ။

'ဟီးရိုး မမှားဘူး၊ ကျုပ် မှားတာ။ ကျုပ် ဆေးလိပ် မဖြတ်မိတာက မှားတာပဲ။ ကိုသံချောင်းကိုလည်း အကျိုးအကြောင်း ပြောပြရမယ်'

'ဟင် ဟာ ဟို'

နားထောင်နေသည့် လူတချို့က အံ့သြကုန်ကြသည်။ နွားက လူကိုကယ်ဖို့ ဖေ့ချလိုက်သည်ဆိုသည်မှာ မယုံဘူး ကြုံဖူးမှ သိရသည့်ကိစ္စမျိုးကိုး။

'မင်း အဲလောက် အဝေးကြီး သွားမကျောင်းနဲ့လေကွာ'

'ရွာနားက စားကျက်ရှားနေပြီဗျ'

ကိုဦးက အဖေ့စကားဆိုအတွန့်တက်နေကျ။

'ကိုဦးကို ဟီးရိုးကျောပေါ် ဘယ်သူတင်ပေးလိုက်တာလဲ'

အဖေ့ဘေး ဝင်ထိုင်ရင်း ကျွန်တော် မေးလိုက်သည်။

'အစကတော့ ငါ သွားလို့ ရသေးတယ်ကွ၊ နောက်မှ မလျှောက်နိုင်တော့ ဟီးရိုးက ဝပ်ပေးပြီး ငါ့ကို ကျောပေါ် တင်ခေါ်လာတာ။ အဲ့ဒါ မင်း ကျေးဇူးလေကွာ'

ကိုဦးက ကျွန်တော့် ခေါင်းကို ပွတ်ကာ ပြုံးပြသည်။ ငယ်ငယ်က ဟီးရိုးကို ဝပ်တတ်အောင် သင်ပေးခဲ့ပုံများ၊ လွယ်အိတ်ကို ကျောပေါ်တင်ကာ အိမ်ဝင်ခဲ့ပုံများ၊ ဟီးရိုးကျောပေါ်တက်ကာ ဝမ်းလျားမှောက်နေခဲ့ပုံများကို ပြန်လည် မြင်ယောင်မိသည်။

'လိမ္မာလိုက်တဲ့ နွားနော်'

'ဟုတ်ပ'

အဲဒီညမှာတော့ ရွာသူရွာသားများ၏ ပါးစပ်ဖျားက ဟီးရိုးဆိုသည့် နွားအကြောင်းပဲ ပြောကြတော့သည်။ ကိုဦးကို ဝိုင်းပြီး ပြုစုနေကြရာ ဟီးရိုးကို ကြိုးပြန်ဖြေပေးဖို့ သတိမရကြတော့ဘူး။ အခုလို သတိမေ့လျော့နေမှုသည်ပင် ဝမ်းနည်းစရာ၊ ကြေကွဲစရာ ဇာတ်လမ်းတစ်ပုဒ်ဖြစ်ခဲ့လေသလား ကျွန်တော် မပြောတတ်ပါ။ ဟီးရိုး၏ ကံကြမ္မာပဲလား။ ကျေးဇူးကြွေးရှိလို့ ကျေးဇူးဆပ်ကာ ပြန်သွားလေရော့သလား ဘယ်သူမှ မသိနိုင်။

လရောင်ဆန်းစ ညပေါ့။

ဟီးရိုး၏ နောက်ဆုံးည။ သူ့ရဲကောင်းဆန်ဆန် လုပ်သွားခဲ့လေသော နွားတစ်ကောင်၏ နောက်ဆုံးည။

❑

'ကံ ဆိုး လို က် တာ ဟီးရိုးရာ၊ တောက် ဖြောင်း'

တက်ခေါက်သံနှင့် အတူ အဖေ၏ လက်သီးက မီးဖိုးအိမ် ကြမ်းပြင်စွန်းရှိ ဝါးလုံးကို ဖြောင်းခနဲ ထိုးခွဲလိုက်သည်။

'ဖြောင်း ဖြောင်း ဖြောင်း'

ဆက်တိုက် ထွက်ပေါ်လာသည့် အဖေ၏ လက်သီးထိုးသံကြောင့် တစ်အိမ်သားလုံး နိုးလာကြသည်။

'မလုပ်ပါတော့နဲ့ ကိုညိုရယ်၊ အီး ဟီး ဟီး'

အမေက အဖေ့ကို ပြောပေမဲ့ သူလည်း မထ,နိုင်။ ဟီးရိုးဘေးမှာ မျက်ရည်ရွဲလျက် ငိုနေသည်။

'ဘာ ဘာဖြစ်တာလဲ အဖေ'

အစ်ကိုကြီး ပြေးလာရင်း မေးသည်။ ထော့နဲ့နေသော ခြေထောက်ကြောင့် သူလည်း ကောင်းကောင်း မလှုပ်နိုင်။ ပူအိုက်သော တပေါင်းလ၏ ဆန်းစလက ပတ်ဝန်းကျင်ကို မလင်းနိုင်တော့။ နံနက် ၃ နာရီ အုန်းမောင်းခေါက်သံကို ဘယ်သူမှ သတိမထားမိလိုက်ကြပါ။

'ဟီးရိုး ကြိုးငြိပြီး ခြေထောက်ထိသွားလို့'

'ဗျာ'

အစ်ကိုကြီးက ဟီးရိုးကို ငုံ့ကြည့်သည်။

'မဖြစ်နိုင်ဘူး အဖေ၊ မဖြစ်နိုင်ဘူး။ ဒါ တမင်သက်သက် ခုတ်သွားတာ။ ခခေါက်လျှော့သွားတာဗျ'

အစ်ကိုကြီး၏ အသံက ဒေါသကြောင့် တုန်နေသည်။

'ဘယ်သူလုပ်တာလဲ အဖေ၊ ဘယ်သူလုပ်တာလဲ။ ကျုပ် သတ်မယ်'

အစ်ကိုကြီး ငှက်ကြီးတောင်ဓားကို ဆွဲကာ အော်လေသည်။ ဘယ်သူမှ အစ်ကိုကြီးကို ဝင်မဆွဲနိုင်ကြ။ ဖြစ်နိုင်လျှင် အားလုံးက တရားခံကို သတ်ဖြတ်ချင်စိတ်တွေ ဝင်နေကြသည်။

'ဟေ့ ဘယ်ကောင်လဲကွ၊ သတ္တိရှိရင် လူချင်း ယှဉ်ခုတ်မယ်။ ဘာမှမသိတဲ့ တိရစ္ဆာန်ကိုတော့ မလုပ်နဲ့ဟေ့။ ငေးတဲ့ တစ်ဦးတည်းရှိတယ်'

ပူအိုက်သော ညအမှောင်မှာ အစ်ကိုကြီးကိုဦး၏ ဒေါသသံက ဟိန်းထွက်

www.burmeseclassic.com

နေသည်။ ဆူညံပွက်လော ရိုက်နေ၍ တစ်ရွာလုံးလိုလို နိုးကုန်ကြသည်။ နွားကြိုးငြိသည့်ကိစ္စ မည်သူ့ကို ဒေါသထွက်နေသနည်း။ ကျွန်တော် ဝေခွဲမရပါ။ သို့သော် အစ်ကိုကြီး၏ ဒေါသသည် ပြင်းထန်လွန်းလှပေသည်။ ဒေါသဖြစ်ပေမပေါ့။ ဟီးရိုးဆိုတာ ကိုဦး၏ အချစ်တော်ကိုး။

ဟီးရိုး၏ နောက်ခြေထောက်တစ်ချောင်းက တွဲလျောင်းကျလျက်။ ဟီးရိုး၏ ခေါင်းက မတ်မတ်မထူနိုင်ပေ။ မျက်ဝန်းမှာ မျက်ရည်များ တွင်တွင်စီးကျလို့။ ခွဲခွာခါနီး နှုတ်ဆက်မျက်ရည်များလား၊ ဝမ်းနည်းကြေကွဲစရာ မျက်ရည်များလား။ အိမ်သားအားလုံးလည်း ဟီးရိုးနှင့် အပြိုင် မျက်ရည်ဖြိုင်ဖြိုင်ကျသည်။ အဖေက တက်တခေါက်ခေါက်။ အမေက ဟီးရိုးကိုဖက်ကာ ငိုကြွေး။ ကိုဦးက နာနေသည့် ခြေထောက်ကို ဂရုမထားနိုင်လောက်အောင် ဒေါသထွက်နေလေသည်။

ကျွန်တော်လား၊ ကျွန်တော်ကား ငို၍မရ။ ဟီးရိုးကို ကြည့်ကာ ရင်မှာ ဆို့နစ်သည်။ တိုင်မှာ ချည်ထားသော ကြိုးသည် နောက်ခြေကို အဘယ်ကြောင့် လူချည်ထားသလို ငြိနေသနည်း။ နောက်ခြေမှာ ဘာကြောင့် ဓားနှင့် လှီးထားသလို တိတိရိရိ ပြတ်ရှနေသနည်း။ ကျွန်တော် စဉ်းစားမရနိုင်။

နံနက်လင်းသော် မန်းကျည်းပင်နှင့် အိမ်အကြားက သွေးကြောင်းကြီးကိုလည်းကောင်း၊ ဟီးရိုးကို ချည်ထားသော နေရာတွင် မွစာကျဲနေသော လူနှစ်ယောက်ခြေရာများကိုလည်းကောင်း တွေ့ရလေသည်။

အရှေ့ရပ်က နေဝန်းထွက်လာသော်လည်း ဟီးရိုး၏ အသက်ဝိညာဉ်ကား တဖြည်းဖြည်း နေဝင်ချိန်ရောက်လာလေပြီ။ တစ်ယောက်စကား တစ်ယောက်နားကြားပြီး တစ်ရွာလုံးလိုလို လာကြသည်။ လူတစ်ယောက် သေခါနီး တိတ်ဆိတ်နေသလို တိတ်တဆိတ်လာပြီး တိတ်တဆိတ် ပြန်သွားကြသည်။ ထူးထူးခြားခြား သားသတ်ရုံပိုင်ရှင်ကတော့ ရောက်မလာခဲ့ပေ။

သားသတ်သမား ရောက်မလာသော်လည်း ရောက်လာဘိသကဲ့သို့ ဆွမ်းခံ ကြွချိန်တွင် ဟီးရိုး ခေါင်းသုံးချက် ထိုးကာ ဝိညာဉ်ချုပ်လေသည်။

ထိုနေ့ မွန်းလွဲ ၁ နာရီတွင် ဟီးရိုးကို သားသတ်ရုံ မပို့ဘဲ မန်ကျည်းပင် ခြေရင်းမှာပင် မြေမြှုပ်လိုက်သည်။ 'ဟီးရိုး အသက် ၅ မိုး' ကောင်းရာသုဂတိလားစေသော်။ ကမ္ပည်းတိုင်လေး စိုက်ပေးလိုက်သည်။

❑

'အဖေက ဒီအကြောင်းတွေ ပြောမပြဘူးဗျ'

'အေးကွာ၊ မင်း အဖေ အဲ့နေ့က တစ်နေ့လုံး အစာတောင် မစားတော့ဘူး။ သတ္တဝါတစ်ခု ကံတစ်ခုဆိုပေမဲ့ သံယောဇဉ်ကြီးရှာတော့ စိတ်ထိခိုက်ပေမပေါ့။ မပြောဖြစ်တာက စကားမစပ်မိလို့နေမှာပါ'

'ခုတော့ နွားတွေ မရှိတော့ဘူးနော်'

'တောင်သူလည်း မလုပ်ကြတော့ဘူးလေကွာ။ အရင်ကဆို အခုလို ဆိုင်ကယ်နဲ့ ဘယ်ဟုတ်မလဲ၊ နွားလှည်းနဲ့ သွားကြလာကြရတာ။ နွားဆိုတာ တောင်သူတွေရဲ့ ကျေးဇူးရှင်တွေပေါ့ကွာ'

ကမ္ပည်းတိုင်နားက အမှိုက်များကို ရှင်းလိုက်ရင်း စကားပြောဖြစ်ကြသည်။

'ဟီးရိုးက ဘာလို့ ကြိုးငြိပြီး ခြေထောက်ပြတ်တာလဲ'

တူတော်မောင်က သိချင်စိတ်ကြောင့် မေးလေသည်။

'ကြိုးငြိပြီး ပြတ်တယ်လို့ ငါ့တူက ထင်တာလား'

ကျွန်တော် ငယ်ငယ်တုန်းကလိုမျိုး သူ စဉ်းစားလေမလား မပြောတတ်ပါ။

'မထင်ဘူး ဦးလေး'

'ဘာလို့ မထင်တာလဲကွ'

'ဦးလေးပဲ ပြောတယ်လေ၊ ခြေထောက်က ဓားနဲ့ ခုတ်သလိုပဲဆို၊ ကြိုးက လူချည်ထားသလိုပဲဆို'

'အေးလေ'

အမှိုက်ကြားက ကင်းလိပ်ချော်ထွက်လာ၍ ခြောက်ထုတ်လိုက်ရသေးသည်။ နေက မန်ကျည်းပင်ရိပ်ကို ထိုးဖောက်ကာ ပူစပ်ပြုလာသည်။ ရွာပျက်ထိပ်က ရွှေဘုံသာစေတီက ဆည်းလည်းသံလေး ကြားရသည်။ သတ္တဝါများ အေးချမ်းပါစေဟု စိတ်က ဆုတောင်းမိလိုက်သည်။

'အဲ့တော့ ဓားနဲ့ခုတ်ပြီး ကြိုးနဲ့ချည်ထားခဲ့တာပဲဖြစ်မယ်'

ခေတ်လူငယ်များ စဉ်းစားပုံ တော်ပါပေသည်။ ကျွန်တော်တို့ ငယ်ငယ်ကဆိုလျှင် ထူးဆန်းဖွယ်ကိစ္စတစ်ခု အဖြစ်သာ ထင်မှတ်ထားမိသည်။

'ဟုတ်တယ်ကွ၊ လူခုတ်ခံရတာ'

'ခခေါက်လျှော့တယ်ဆိုတာ ကြိုးငြိတယ်လို့ ငယ်ငယ် ထင်ခဲ့တာကိုးကွ။ တကယ်တော့ ခြေထောက်ကြောကို ဓားနဲ့ခုတ်လိုက်တာပဲ'

'ဗျာ၊ ဘယ်သူလုပ်တာလဲ'

'မသိချင်ပါတော့နဲ့ ငါ့တူရာ။ သူလည်း ခြေထောက်ဝါးကြောရှပြီး မေးခိုင်ပိုးဝင်လို့ သေသွားရှာပြီ'

'အဲဒါ ဝဋ်လည်တာ ထင်တယ်နော် ဦးလေး'

'မသိပါဘူးကွာ၊ နေလည်းမြင့်ပြီ ပြန်ကြရအောင်'

ဆိုင်ကယ်စီးနေ၍ လေတိုးသော်လည်း တပေါင်းလနေက ပူလွန်းလှသည်။ မှတ်မှတ်ရရ ဟီးရိုးကို မြေမြှုပ်ခဲ့သည်က အခုလို တပေါင်းလ နေ့ခင်းကြီးပါလား။

ရွာပျက်က အထွက် ရွှေဘုံသာဘုရားမှာ ခဏရပ်ပြီး ဟီးရိုးရော ခုတ်သူပါ ကောင်းရာသုဂတိလားဖို့ ဆုတောင်းမိသည်။ ဟီးရိုး သေခဲ့သည်မှာ နှစ်ပေါင်းကြာခဲ့သော်လည်း အဟောင်းအသစ်ဖြစ်ဆိုသလို ကျွန်တော် စိတ်ထဲတွင် မနေ့တစ်နေ့ကလိုပင် အောက်မေ့မိတော့သည်။ ■

**ကေအမ်တီ၊ အတွေးအိမ်**



www.burmeseclassic.com

www.burmeseclassic.com

# ညွှန်းသည်

## ၂၀၁၇ ခုနှစ် မတ် ၁၅ ရက်နေ့မှ ၂၀၁၇ ခုနှစ် ဧပြီ ၄ ရက်နေ့အထိ

(၁) ကျော်လွင်(ပြည်) *အုတ်တစ်ချပ်...ငှက်တစ်သိုက်* (ရန်ကုန်) (၂) PK(ကျောင်းစောင့်ကြီး) *ချစ်သူမသိအောင်ရေးတဲ့ ကဗျာဆရာ* (ရန်ကုန်)၊ (၃) ဧပရယ် ညိုညိုချော *စိတ်ခွန်အား* (လားရှိုး)။ (၄) ရွှေသူရှုနွှ(ထားဝယ်) *အနာဂတ အနာဂတ်* (ရန်ကုန်)၊ (၅) အရှင်သုမင်္ဂလ(စစ်ကိုင်း) *ဝက်သားဟင်းလေးချက်* (မန္တလေး)၊ (၆) စံထိုက်သူ *နှံထဲကကြာဖြူ* (ရန်ကုန်)၊ (၇) ရောင်နီသက်လွင်(ဘိုကလေး) *အရှုံးစားသူ* (ရန်ကုန်)၊ (၈) မောင်ဇိုဖေ *ကျွန်တော်ရယ်၊ နွေဦးရယ်၊ နေ့်းတစ်ကောင်* (Email), (၉) ဝန်းသိုလွမ်းရဝေ *တိမ်ဖြူယာတော* (စစ်ကိုင်း)၊ (၁၀) ကြည်ဖြူသန့်စင်အောင်(တောင်ကြီး) *ကိုသာထူး* (တောင်ကြီး)၊ (၁၁) ဘိုဘိုသန့်စင်(မြိုင်) *ရွှေထီးတို့၏ မြေကြီး* (ရန်ကုန်)၊ (၁၂) ဘိုဘိုသန့်စင်(မြိုင်) *သွေးဖြင့်စီးသော မျက်ရည်မြစ်* (ရန်ကုန်)၊ (၁၃) နတ်စောင်း(ကျိုက်ထို) *အဆိပ်သင့် ဇေဒင်* (ရန်ကုန်)၊ (၁၄) အမရာ ပြည့်ပြည့်သူ *ထာဝရအိမ်သူ* (ရန်ကုန်)၊ (၁၅) သီတာကြည် *လိုက်လျောညီထွေ* (မော်ကျွန်း)၊ (၁၆) လွှန်းဂျာတင်(ငါန်းမြာကြီး) *ပီတိအဟုန်* (မန္တလေး)၊ (၁၇) မိုးမြင့်သုခ(အမှိုက် လေး) *အဖတ်တင်တာပေါ့* (ပုသိမ်)၊ (၁၈) လွမ်းဝေ *တစ်ခါက YUFL* (Email), (၁၉) မိုးဦးနေ *မြစ်နှစ်စင်း* (ဖားကန့်)၊ (၂၀) ဆွေဇင်နေမင်း *ပန်းပင်တွေမှာ ပန်းတွေပွင့်ခဲ့လျှင်* (Email), (၂၁) ခင်ဇော်မိုး *ဇရာကျူညများ* (စစ်ကိုင်း)၊ (၂၂) စာကလေး(မော်ကျွန်း) *လောင်ကျွမ်းခြင်း ဒဿန* (ဇရာဝတီတိုင်း)၊ (၂၃) ကြည်ပြာအောင် *အမေကျေနပ်မှာပါလေ* (ရခိုင်)၊ (၂၄) – *မေတ္တာသိုက်မြုံ* (Email), (၂၅) ခေတ်ကျော်စွာဝင်း(ရန်ကုန်စီးပွားရေးတက္ကသိုလ်) *မှီ* (ရန်ကုန်)၊ (၂၆) ကိုဂျီးအဲ *ကာလလျှိုင်း* (မုံရွာ)၊ (၂၇) နေမင်းနွယ် *ဘဝအစ ပထမခြေလှမ်း* (စစ်ကိုင်း)၊ (၂၈) နေမင်းနွယ် *အသက်ကိုရင်း၍ ရသောငွေ* (စစ်ကိုင်း)၊ (၂၉) ကိုစက်ဖေ *ကလေးဘား* (Email), (၃၀) ဆွန်း(စက်မှုတက္ကသိုလ်) *ဆရာဝန်အဖေ* (ရန်ကုန်)၊ (၃၁) နေသူလွင် *သို့/မ* (ရန်ကုန်)၊ (၃၂) ထွန်းအုံ့သူ *နေဝင်ဆည်းဆာတို့၏ လင်းရောင်နီ* (Email), (၃၃) ဒဿနရွှေရီ *အဲဒီနေ့က ဖြစ်ပုံများ* (Email), (၃၄) မောင်ဝေးလွင့်(ကလေး)*အမွေခြေ အမွေလက်* (စစ်ကိုင်း)။

■

*အေးမြတ်မြတ်ချို ပြုစုသည်။*



www.burmeseclassic.com

*သူ့နာမည်က လက်ပွား။*
နာမည်အရင်းက မျိုးကိုကို။
ဒါပေမဲ့ သူ
လူလားမြောက်လာကတည်းက
အဲဒီနာမည်ကို ဘယ်သူမှမခေါ်ခဲ့။
အဲဒီတော့ သူ့နာမည်အရင်းကို
မေးတဲ့သူရှိလာမှ ခက်ခက်ခဲခဲ
ပြန်စဉ်းစားရတယ်။ အမေကတော့
သူ့ကို သားလို့ပဲ ခေါ်တယ်။
သူများတွေခေါ်သလို
လက်ပွားလို့တော့ အမေဘယ်တုန်းကမှ
မခေါ်ဘူး။ ဒီနာမည်ကို အမေက
ကြိုက်ပုံ မရဘူး။
သူငယ်ချင်းတွေတောင်
အမေ့ရှေ့ရောက်ရင်
လက်ပွားလို့ မခေါ်ရဲကြဘူး။
လက်ပွားရဲ့ လက်ရှိအသက်က ၇ နှစ်။
ဒုတိယတန်း တက်နေတယ်။
သူ့အသက် ၇ နှစ်အတွင်းမှာ
သူစိမ်းအဆန်ဆုံး စကားလုံးက အဖေပဲ။
သူ့မှာ သူများတွေလို အဖေလို့ခေါ်စရာ
အဖေမရှိ။ မရှိတာက အသာထားပါဦး။



# မြောက်ဦး
# လက်ပွား

အမှတ် ၃၃၀၊ မေ၊ ၂၀၁၇

အမေ့နာမည်တောင် ဒီ အသက်အရွယ်အထိ
သူ မသိ သေးဘူး။ ဘယ်သူမှလည်း
သူ့ကို ပြောမပြဘူး။ အမေက

*လက်ပွားကိုချစ်ပေမဲ့ အမေ့နာမည်*
ဘယ်သူလဲလို့ မေးမိရင် အမေ့မျက်နှာမှာ
လက်ပွား မသိတဲ့ အရောင်အမျိုးမျိုး
ဖြတ်သန်းသွားတယ်။ အဲဒါက
ဝမ်းနည်းတာလား၊ ဒေါသထွက်တာလား၊
ရှက်တာလား၊ မချင့်မရဲဖြစ်တာ
လားဆိုတာကို လက်ပွား ဘယ်သိပါ့မလဲ။
လက်ပွား သိတာတော့ အဲဒီလို
မေးမိတာနဲ့တစ်ပြိုင်နက် အမေ့ရဲ့လက်က
လက်ပွား ဗိုက်ခေါက်ကြောကို
ဆွဲလိမ်ပြီးသားပဲ။ မေးနေတုန်းများ
အသွားအနားမှာရှိရင် အသွားကပါ
ခေါင်းခေါက်ဦးမှာ။
စိတ်မကြည်တဲ့အချိန်ဆို
ခေါင်းခေါက်တာတင်မကဘဲ
ခြေသလုံးမှာ အရိုးရာ
အထပ်ထပ်ဖြစ်ဦးမှာ။
လက်ပွားရဲ့အသွားအကြောင်း
ပြောရရင် အသွားက
သူသိတတ်စကတည်းက သူ့ကို
တယုတယ ပွေ့ပွေ့ပိုက်ပိုက်
မလုပ်တာပါပဲ။
မြေးရှစ်ယောက်ရှိတဲ့အထဲမှာ
အသွားမချစ်တဲ့ မြေးဆိုလို့
လက်ပွားတစ်ယောက်သာ
ရှိမယ်ထင်ပါတယ်။ အသွားက
လက်ပွားကို ဘယ်တော့မှ
စေ့စေ့မကြည့်။ စိတ်မထင်ရင်
မထင်သလို ရိုက်ချင်ရိုက်သေးတာ။
လက်ပွားက လက်ပွားဆိုတဲ့အတိုင်း
ဘယ်ဘက် လက်မလေးက
လက်အပွားလေးတစ်ခု
အပိုပါတယ်လေ။ ဒီကျွန်းကလေး
တစ်ရွာလုံးမှာ လက်ပွားလိုက်
ကြည့်မိသလောက် ဘယ်သူမှ
လက်ပွားလို လက်အပွား
မပါကြဘူး။ ဒါကြောင့်လည်း
အသွားရှက်တာ နေမှာပေါ့လို့
တွေးကြည့်မိတယ်။ အသွားမှ
မဟုတ်ပါဘူး။ အမေတောင်မှပဲ
လက်ပွားကို အရမ်းချစ်ပေမဲ့
လက်အပွားလေးကိုတော့
မုန်းနေတာပါပဲ။ လက်ပွားဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အသံကိုတောင် မကြားချင်ဘဲ မုန်းနေတာမဟုတ်လား။

အဖေ့နာမည် မေးလိုက်တာနဲ့ အငိုနဲ့သာ အဆုံးသတ်ရတာမို့ လက်ပွားအဖေ့ကို မသိချင်တော့ပါဘူး။ အခုနောက်ပိုင်း လက်ပွား အဖေ့ကို မမေးဘဲနေမိတယ်။ ဒါပေမဲ့ ဒုတိယတန်းစတက်တော့ အမေ ကျောင်းလိုက်အပ်တယ်။ ကျောင်းလာအပ်ကြတဲ့ မိဘတွေကို ဆရာမတွေက အဖေနာမည်တွေ မေးကြတယ်။ လက်ပွားလည်း အမေ့အလှည့် ဘယ်တော့ ရောက်မလဲလို့ အမေ့နားက မခွာဘဲ စောင့်နေမိတယ်။ အရိုက်ခံရတဲ့အခါကြောက်တဲ့ စိုးရိမ်ပူပန်မှုမျိုး မဟုတ်ဘဲ ရင်ထဲမှာ တဒိန်းဒိန်းနဲ့ မနေတတ်အောင်ပါပဲ။ အမေ့အလှည့်ရောက်တော့ ဆရာမက အမေ့ကို သေချာကြည့်တယ်။ ပြီးတော့ လိုအပ်တာတွေ အားလုံးမေးတယ်။ သူ မမေးတာက အဖေ့နာမည် တစ်ခုပဲ။ ဒီလိုနဲ့ အဖေဆိုတာ လက်ပွားနဲ့ လုံးလုံး မသက်ဆိုင်ဘူးဆိုတာ သိလိုက်ရတယ်။

'ဟော့ရောင် လက်ပွား အဖေမရှိတဲ့ကောင်၊ မင်းငါတို့နဲ့ မကစားနဲ့'

အဲဒီအသံတွေက လက်ပွား ကျောင်းစတက်ကတည်းက ကြားခဲ့ရတဲ့ အသံတွေ။ လက်ပွားမှာ သူငယ်ချင်းနှစ်ယောက်ပဲ ရှိတယ်။ သူတို့က လက်ပွားအတွက် တန်ဖိုးဖြတ်မရတဲ့ ရတနာတွေလိုပါပဲ။ လက်ပွားကိုနားလည်ကြတယ်။ အဖေ မရှိတာအတွက် သူတို့ အပြစ်မတင်ကြဘူး။ တခြားသူတွေ ပြောရင်တောင် သူတို့

**အမေက**
**လက်ပွားကို**
**ချစ်ပေမဲ့**
**အဖေ့နာမည်**
**ဘယ်သူလဲလို့**
**မေးမိရင်**
**အမေ့မျက်နှာမှာ**
**လက်ပွား မသိတဲ့**
**အရောင်အမျိုးမျိုး**
**ဖြတ်သန်း**
**သွားတယ်**
**အဲဒါက**
**ဝမ်းနည်းတာလား**
**ဒေါသ**
**ထွက်တာလား**
**ရှက်တာလား**

က လက်ပွားဘက်က ကူပြောပေးကြတယ်။

ကျောင်းမှာ လက်ပွား အမေရဲ့ တူတွေ၊ တူမတွေတောင်မှ လက်ပွားကို အဖက်လုပ်ကြတာ မဟုတ်ဘူး။ သူတို့က လက်ပွားနဲ့ အမျိုးတော်ရတယ်ဆိုတာကိုတောင် ရှက်ရွံ့နေကြပုံပါပဲ။ အမေက သားသမီးငါးယောက်ထဲမှာ အငယ်ဆုံးသမီး။ အမျိုးတွေထဲမှာ လက်ပွားကို ချစ်တာဆိုလို့ အမေ့ရဲ့အစ်မ၊ လက်ပွားရဲ့ကြီးတော်ပါပဲ။ ကြီးတော်ကတော့ လက်ပွားကိုတွေ့တိုင်း ချစ်ချစ်ခင်ခင် ရှိပါတယ်။ တစ်ခါတစ်ရံ မုန့်ဖိုးကို အဘွားမသိအောင် ပေးတတ်ပါတယ်။ အဘွားက လက်ပွားတို့သားအမိကို သူ့အိမ်မှာ မလွှဲသာလို့သာထားရပေမဲ့ နည်းနည်းလေးမှ သဘောကျတဲ့ပုံ မရှိခဲ့ပါဘူး။ အမေကလည်း အဖေမှမရှိတာ လက်ပွားကို သူ တစ်ယောက်တည်း ဘယ်လိုစောင့်ရှောက်နိုင်မှာလဲ။ အမေက အတန်းပညာ ၃ တန်းပဲ တက်ခဲ့တယ်လို့ အမေပြောခဲ့ဖူးတယ်။ လက်ပွားကို ပညာတတ်ကြီးဖြစ်အောင် လုပ်ပါတဲ့။ တစ်ခါတလေ အမေငိုတယ်။ ဘာကြောင့်ငိုမှန်းတော့ လက်ပွားမသိဘူး။ အမေငိုတဲ့အခါ အမေ့ကျောပြင်လေးကို လက်အပွားလေးနဲ့ပွတ်ပွတ်ပေးမိတယ်။ အဖေသာရှိရင် အမေ အခုလို ငိုရမှာ မဟုတ်ဘူးလို့လည်း အဖေ့ကို သတိရမိသွားသေးတယ်။ တွေးရင်းနဲ့ သူ့အတွေးကို အဘွားကြားသွားမလား လို့ အဘွားကို တစ်ချက်လှမ်းကြည့်လိုက်မိသေးတယ်။ တော်သေးတယ် အဘွားက သူ့မြေးတွေနဲ့ စကားတွေပြောနေပေလို့။

တစ်ခါတလေတော့လည်း အမေက လက်ပွားကို ကောက်ရလို့ မွေးစားထားတာများလားလို့လည်း စဉ်းစားမိတယ်။ ဒါကြောင့် အဖေ မရှိတာပေါ့။ ဒါကြောင့်သာ အဖေနာမည် မသိတာပေါ့။ အမေက အဘွားပြောပြောနေတဲ့ ဗိုင်းကောင်းကျောက်ဖိ ပုံစံမျိုးနဲ့ အပျိုကြီးလုပ်နေခဲ့တာနေမှာပေါ့။ လက်ပွားကို မွေးစားမှ အမေက ကလေးတစ်ယောက် အမေဖြစ်သွားပုံပါပဲ။ လက်ပွား စိတ်ကူးထဲက အတွေးတွေကို အမေ့ကို မေးကြည့်ရင် ကောင်းမလားလို့ လက်ပွား တွေးကြည့်တယ်။ ဒါပေမဲ့ အမေ့မျက်နှာပေါ်မှာ လက်ပွား နားမလည်နိုင်တဲ့ အမျိုးအမည်မသိတဲ့ ခံစားမှုတွေကိုလည်း မမြင်ချင်တော့ပါဘူး။

အမေက လက်ပွားတို့ ကျွန်းကလေးရွာမှာ မိုးရာသီ ကောက်စိုက်ချိန်ဆို ကောက်လိုက်စိုက်တယ်။ လယ်ရှင်က ထမင်းကျွေးတယ်။ တစ်နေ့ကို ၂၀၀၀ ပေးတယ်။ ဒီအလုပ်က တကယ်တော့ ဘယ်သက်သာလိမ့်မလဲ။ အမေ့ခမျာ တစ်နေကုန် ရေထဲမှာ။ မျှော့တွေလည်း အကိုက်ခံရသေးတယ်။ ခြေသလုံးတွေမှာ ဖြုတ်လို့ခေါ်တဲ့ အကောင်သေးသေးလေးတွေ ဝိုင်းကိုက်လို့ အဖုအပိမ့်တွေကလည်း ဖြစ်နေသေးတယ်။ အမေ ကောက်စိုက်က ပြန်လာတိုင်း အမေ့ခြေထောက်တွေကိုကြည့်ပြီး လက်ပွား စိတ်ဆင်းရဲရတယ်။

နွေအခါဆို အမေက စပါးရိတ်၊ ပဲနုတ်၊ ပဲခူးစတာတွေကို လုပ်သေးတယ်။ နွေမိုးဆောင်း ဆယ့်နှစ်ရာသီလုံးသာ ကုန်သွားတယ်၊ အမေ့မှာ နားရတဲ့လကို မရှိဘူး။ ရာသီပေါ် အသီးအနှံမရှိတဲ့လဆို အမေက ရွာထဲမှာ အဝတ် လိုက် လျှော်သေးတယ်။ ပြီး တော့ ရေထမ်းရောင်းတယ်။ အမေက အမျိုးတွေအားလုံး အပစ်ပယ်ခံပြီး လက်ပွား မွေးစားခဲ့လို့သာ အမေ လောက် ပင်ပန်းဆင်းရဲခြင်း



www.burmeseclassic.com

www.burmeseclassic.com

တာလို့ အမေအဝတ်လျှော်တဲ့ ဘေးမှာ ထိုင်ရင်း လက်ပွား အမေ့ကို ပြောမိတယ်။ အဲဒီ တုန်းက အမေက လက်ပွား ကို အကြာကြီးပဲ စူးစူးရဲရဲ စိုက်ကြည့်နေတာများ လက်ပွား အမေ့ကို မကြောက်စဖူး ကြောက်တောင်ကြောက်မိ တယ်။ အကြာကြီးနေမှ အမေက နင့်ကို ဘယ်သူပြော လဲ မေးစားသားဆိုတာ။ နင် က ငါ့သားပဲလို့ အမေက အက်ကွဲသံနဲ့ အံကိုတင်းတင်း ကြိတ်ပြီး ဘယ်ဘက်လက်ပွား လေးကို ကြည့်ရင်းပြော တယ်။ အမေ့ကို ကြည့်လိုက် တော့ မိခင်စိတ်အပြည့်နဲ့ ရဲဝံ့ နေတာကို လက်ပွားတစ်သက် မှာ ဒီတစ်ခါပဲ မြင်ဖူးသေး တယ်။ အမေရဲ့ ယုံကြည်မှု အပြည့်နဲ့ အားမာန်တွေကို အမေ့မျက်ဝန်းအတွင်းမှာ တွေ့ရတယ်။ ဒီလို အခက်အခဲ တွေကြားမှာလက်ပွားအတွက် ရဲရဲဝံ့ဝံ့ တိုက်ခိုက်ရဲတဲ့ အမေ့ ကို ပိုတိုးလို့ ချစ်မိတယ်။

တကယ်လို့သာ လက်ပွားမှာ အဖေသာရှိရင် အမေ ဒီလောက် ပင်ပန်းမှာ မဟုတ် ဘူး။ အဖေမရှိတဲ့အတွက် အမေက အဖေ့တာဝန်ကော၊ အမေ့တာဝန်ကော ယူရတာ မဟုတ်လား။ အမေပြောသ လို လက်ပွား ပညာတတ် ကြီးဖြစ်အောင် လုပ်မယ်။ တစ်နေ့ကျရင် လက်ပွားတို့ သားအမိကို အဖက်မလုပ်ကြ တဲ့ အမျိုးတွေရှေ့မှာ ခေါင်း မော့ရင်ကော့ပြီး လမ်းလျှောက် ပြမယ်။ ဒါက ဒုတိယတန်း ကျောင်းသားကြီးတစ်ယောက် ရဲ့ စိတ်ကူးယဉ်အိပ်မက်။

တစ်ရက် အမေ အပြင်း

**အဖေ့နာမည်**
**မေးလိုက်တာနဲ့**
**အငိုနဲ့သာ**
**အဆုံးသတ်**
**ရတာမို့**
**လက်ပွား**
**အဖေ့ကို**
**မသိချင်တော့ပါဘူး**
**အခုနောက်ပိုင်း**
**လက်ပွား**
**အဖေ့ကို**
**မမေးဘဲ**
**နေမိတယ်**

ဖျားတယ်။ အလုပ်တွေ ပင် ပန်းတာကြောင့်ရယ်၊ အစား အသောက် ပုံမှန်မစားတာ ကြောင့်ရယ် အမေဖျားတာလို့ ရွာက သားဖွားဆရာမလေး က လက်ပွားကို ပြောတယ်။ အမေနေမကောင်းတော့ လက်ပွား အမေ့ လက်ကို ဆွဲပြီး ဆေးခန်းသွားခဲ့တယ်။ လက်ပွားတို့ ကျွန်းကလေးရွာ က ဆေးခန်းလေးက ဆယ့်နှစ် ပေ၊ ပေနှစ်ဆယ် အကျယ် လောက်ရှိတဲ့ သွပ်မိုးပျဉ်ထောင် ကာ အိမ်ကလေး။ ရွာရဲ့တစ်ခု တည်းသော အသက်ကယ် အိမ်ကလေး။ မြို့တက်

ဆေးကုဖို့ မတတ်နိုင်သူတွေ အတွက် ကယ်တင်ရှင်အိမ်က လေး။ ဒီအိမ်ကလေးရဲ့ အရှင်သခင် ဆရာမလေးက တော့ ကျွန်းကလေးကျေးရွာ မှာ သူ့ကျေးဇူးကင်းတဲ့သူ မရှိ သေး။

အမျိုးတွေကော အဘွား ကပါ အမေနေမကောင်းတာ သိလျက်နဲ့ အကျိုးအကြောင်း မေးမြန်းဖော်မရခဲ့ဘူး။ သူတို့ မမေးတော့ရော ဘာဖြစ်သလဲ။ အမေ့မှာ လက်ပွားတစ် ယောက်လုံး ရှိသေးတယ်။ အမေ့လက်ကို ကျစ်ကျစ်ပါ အောင် ဆုပ်လို့ သားအမိ နှစ်ယောက် ဆေးခန်းသွားပြ တယ်။ အမေက ယိုင်နဲ့နဲ့ ခန္ဓာ ကိုယ်ကို အားတင်းလို့ လျှောက် လာပုံပါပဲ။ အမေ့ကြည့်ရတာ ဖြူဖျော့လိုက်တာ။ ချက်ချင်း ပဲ ခွေလဲကျတော့မယ့်အတိုင်း။

တစ်ခါတစ်ရံမှာ လူ တစ်ယောက်က ဘဝပေးအသိ ကြောင့် လက်ရှိအသက်ထက် ပိုရင့် ကျက်နေတဲ့ အထဲမှာ လက်ပွားလည်း ပါခဲ့ပုံရ တယ်။ အခု အမေ နေ မကောင်းတော့ လက်ပွားပဲ လူကြီးလုပ်နေရတာလေ။ ဆရာမလေးက ပြောတယ်။ အမေ့အတွက်ဆေးသွင်းဖို့ ရွာမှာမရှိလို့ မြို့ကို လူကြုံနဲ့ မှာရမယ်တဲ့။ ဘယ်လောက် ကျမလဲ ဆရာမလို့ လက်ပွား မေးတော့ ငါးထောင်တဲ့။ သူတို့သားအမိမှာ ပါလာတာ က နှစ်ထောင်တည်းရယ်။ လူနာစမ်းသပ်တဲ့ ခုတင်ပေါ် မှာ လဲလျောင်းရင်း မောနေတဲ့ အမေ့ကို တစ်ချက်ကြည့် လိုက်တယ်။ ပြီးတော့ အမေ့ နဖူးက ချွေးစက်တွေကို

ဘယ်ဘက်လက်အပွားလေးနဲ့ သုတ်လိုက်တယ်။ အမေဟာ ဆရာမနဲ့ လက်ပွားပြောနေတဲ့ စကားတွေကိုကြားပုံ မပေါ်။ ဝေဒနာကို အပြင်းအထန် ခံစားနေရပုံပဲ။ ခုနစ်နှစ် အရွယ်ကလေးတစ်ယောက် က ပိုက်ဆံသုံးထောင်ကို ဘယ်ကနေ သွားရှာရမလဲလို့ သဲကြီးမဲကြီး စဉ်းစားနေတာ ကို ဆရာမက သိပုံမပေါ်ဘူး။ အမေ့ကို အားဆေးအရည် သွင်းပေးဖို့ အပ်တွေ၊ ပိုက်တွေ ပြင်ဆင်နေတယ်။

'ဆရာမ အမေ့ကို ခဏအပ်ခဲ့မယ်နော်။ သား ခဏနေရင် ပြန်လာခဲ့မယ်။ အမေ့ကို သေချာဂရုစိုက်ပေး ပါနော် ဆရာမ။ သားမှာ တွယ်တာရမယ့်သူဆိုလို့ အမေ တစ်ယောက်တည်းပဲ ရှိတာ ပါ ဆရာမရယ်'

ပြောလည်းပြော ဝဲလာ တဲ့ မျက်ရည်ကို အသာသုတ် လို့ လက်ပွား ဆေးခန်းလေး ထဲက ပြေးထွက်လာခဲ့တယ်။ လမ်းမပေါ်ရောက်တော့ လက်ပွား ဘယ်သွားရမလဲ မသိ။ အဘွားအိမ်ကိုသွားပြီး ပြောရမလား။ အမျိုးတွေဆီ ကို သွားရမလား။ ဟုတ်သား ပဲ အမျိုးတွေဆိုလို့ အမေ့ကို ချစ်ခင်ပုံရတဲ့ အမေ့ရဲ့အစ်မ ကြီး ရှိသားပဲ။ သူ့ဆီ သွားရ မယ်။ ရွာရဲ့ အနောက်ပိုင်းမှာ နေတဲ့ ကြီးတော်ဆီသွားဖို့ လက်ပွား သုတ်ခြေတင်မိ တယ်။ လက်ပွားဘဝမှာ ပြေးခဲ့သမျှ အခုအချိန်က အမြန်ဆုံးပဲ။ သူငယ်ချင်းတွေ နဲ့ လိုက်တမ်းပြေးတမ်း ကစား လို့ ပြေးတာနဲ့လည်းမတူဘူး။ အမေ...အမေ...လက်ပွား



www.burmeseclassic.com

www.burmeseclassic.com

**တစ်ခါတလေ တော့လည်း အမေက လက်ပွားကို ကောက်ရလို့ မွေးစားထား တာများလား လို့လည်း စဉ်းစားမိတယ် ဒါကြောင့် အဖေ မရှိတာပေါ့ ဒါကြောင့်သာ အဖေနာမည် မသိတာပေါ့**

ကို သံယောဇဉ်အရှိဆုံး လူသားတစ်ယောက်။ လက်ပွားအတွက် အရာရာကို ရင်ဆိုင်နေရတဲ့လူသားတစ်ယောက်။ အဲဒီတစ်ယောက်အတွက် လက်ပွားပြေးနေတယ်။ ဘဝမှာ အလျင်မြန်ဆုံးသောအမြန်နှုန်းတွေနဲ့ ပြေးနေတယ်။

ကြီးတော်။ ကြီးတော်အကြောင်းပြောရရင် သူက အမေ့ထက် ဆယ်နှစ်ကြီးတယ်လို့ အမေပြောဖူးတယ်။ ဟုတ်မှာပါ။ လက်ပွားရဲ့ အစ်ကိုဝမ်းကွဲဖြစ်တဲ့ အစ်ကိုလေးတောင် အမေနဲ့ ငါးနှစ်ပဲကွာတယ်တဲ့။ ကြီးတော်မှာ သားနှစ်ယောက် ရှိတယ်။ အစ်ကိုကြီးက ထိုင်းမှာ အလုပ်သွားလုပ်တယ်လို့ ကြီးတော်ပြောပြဖူးတယ်။ လက်ပွားသိတတ်စ အရွယ်ကတည်းက အစ်ကိုကြီး မရှိဘူး။ အစ်ကိုလေးနဲ့ အစ်ကိုကြီးက သုံးနှစ်ကွာတဲ့။ ကြီးတော်က သားတွေကို တော်တော်ချစ်ပုံရတယ်။ ငယ်ငယ်ကတည်းက အမေအလုပ်တွေမအားရင် ကြီးတော်က သူ့အိမ်ကိုခေါ်ပြီး လက်ပွားကို ထမင်းကျွေး၊ ရေမိုးချိုးပေး၊ သနပ်ခါး လူးပေးနဲ့ လက်ပွားကိုလည်း အတော် သံယောဇဉ်ရှိတယ်။ အားတဲ့အချိန်မှာ သူ့သားတွေ အကြောင်းပြောနေရော။

'ကြီးတော်ရေ… ကြီးတော်…'

အမောတကောနဲ့ ပြေးလာတဲ့ လက်ပွားကို အစ်ကိုလေးက အိမ်ထဲက ထွက်ကြည့်တယ်။

'အစ်ကိုလေး… ကြီးတော် ဘယ်သွားလဲ၊ အရေးကြီးလို့ပါ။ အမေလေ အမေ… ဆေးခန်းမှာ တော်တော် နေမကောင်းဘူး။ အီး ဟီးဟီး'

လက်ပွား ငိုရှိုက်သံနဲ့ ဗလုံးဗထွေးပြောလည်းပြော ငိုလည်းငိုနဲ့ လက်ပွား အိမ်ရှေ့က ကွပ်ပျစ်လေးပေါ်မှာ အရုပ်ကြိုးပြတ် ထိုင်ချလိုက်တယ်။ ကြီးတော်မရှိဘူးလို့ အစ်ကိုလေးကပြောတော့ လက်ပွားအတွက် အားကိုးရာ ကောက်ရိုးတစ်မျှင်တောင် မရှိတော့သလိုပါပဲ။ ပိုက်ဆံသုံးထောင် ဘယ်လိုရှာရမလဲ။ အမေ့ကိုလည်း ထားခဲ့ရသေးတယ်။ အမေ သက်သာမှ သက်သာရဲ့လား။

အစ်ကိုလေးက ကြီးတော် ပိုက်ဆံထားတတ်တဲ့ နေရာတွေ ရှာကြည့်လိုက်ဦးမယ်ပြောတော့ လက်ပွားချက်ချင်း ထ,ထိုင်လိုက်တယ်။ ပြီးတော့ အစ်ကိုလေးနောက်ကနေ အိမ်ထဲကို အလျင်အမြန် လိုက်ဝင်သွားတယ်။ အစ်ကိုလေးက ဘုရားစင်ပေါ်က ဘုရားစာအုပ်တွေကြားထဲ လှန်လှောရှာကြည့်နေတယ်။ အစ်ကိုလေးက အဝတ်အစားတွေထည့်တဲ့ ဗီရိုထဲမှာလည်း အမေထားတတ်တယ်ဆိုလို့ လက်ပွား ဗီရိုထဲကို မွှေနှောက် ရှာဖွေနေမိတယ်။

အပေါ်ဆုံးထပ်ကျတော့ လက်ပွားအရပ်နဲ့ မမီတော့ဘူး။ အနားက ဖင်ထိုင်ခုံအပုလေးကို ပြေးယူလိုက်တယ်။ အဲဒါလေးနဲ့ခုပြီး အပေါ်ထပ်ကို ရှာကြည့်မိတယ်။ အပေါ်ထပ်မှာ ကြီးတော်တို့ အဝတ်အစားအသစ်တွေ ထားတယ်။ အဲဒီမှာ ကြွပ်ကြွပ်အိတ်နဲ့ ထုပ်ထားတဲ့ အထုပ်တစ်ထုပ်ကို တွေ့တယ်။ ဒီအထဲမှာများ ကြီးတော် ပိုက်ဆံသိမ်းထားလေသလား။ ခပ်မြန်မြန်ပဲ ဖွင့်ကြည့်လိုက်မိတယ်။ အဝတ်အစားတချို့နဲ့ ထည့်ထုပ်ထားတဲ့ ပိုက်ဆံတစ်ထောင်တန် အသစ်ကလေးတစ်အုပ်နဲ့ ဓာတ်ပုံလေးတစ်ပုံ တွေ့တယ်။ အစ်ကိုလေးတို့ ရှင်ပြုတုန်းကပုံပဲ။ အစ်ကိုလေးဘေးက ဘယ်သူပါလိမ့်။ လက်ပွားတစ်ခါမှ မမြင်ဖူးတဲ့ အစ်ကိုကြီး ဆိုတာများလား။ လက်ပွား ဓာတ်ပုံကို အနီးကပ်ပြီး သေသေချာချာကြည့်မိတယ်။ လက်ပွား မျက်ဝန်းထဲမှာ အရောင်တချို့ လက်သွားတယ်။ ပြီးတော့ တစ်ထောင်တန်အုပ်ထဲက ပိုက်ဆံသုံးထောင်ကို ခပ်မြန်မြန် ဆွဲထုတ်လိုက်တယ်။ အစ်ကိုလေးကိုလည်း ပိုက်ဆံသုံးထောင် ယူသွားတဲ့အကြောင်း လှမ်းပြောလိုက်သေးတယ်။

အစ်ကိုလေးက မင်းအမေကို ငါလိုက်ကြည့်မယ်၊ ငါ့ကိုခဏစောင့်ဆိုတဲ့ စကားကို လက်ပွား မကြားတော့ပါ။ လမ်းမပေါ်မှာ လက်ပွားရဲ့ ခြေလှမ်းတွေက အလာတုန်းကထက် ပိုသွက်နေတယ်။ အခုခြေလှမ်းတွေက အားမာန်တွေပါတယ်။ ပြီးတော့ ပိုက်ဆံကို တင်းတင်းကျပ်ကျပ်ဆုပ်ထားတဲ့ ဘယ်ဘက် လက်ပွားကလေးကလည်း အရာရာကို ရင်ဆိုင်ဖို့ သတ္တိတွေအပြည့်။ လက်ပွား အမေဝမ်းသာအောင် ပြောပြဖို့ စကားတစ်ခွန်းရပြီ။ အမေက လက်ပွားရဲ့ ဘယ်ဘက်လက်ကလေးကြောင့် ရှက်ရွံ့ဝမ်းနည်းရတာတွေ မဖြစ်စေရတော့ဘူး။ လက်ပွားမှာ အဖေ်ရပြီဆိုတာ အမေ့ကို ပြောပြရမယ်။ လက်ပွားတစ်ယောက် အမေ့ကိုပြောပြမယ့် စကားသံတွေက ရင်ထဲမှာ ပုံတင်ထပ်နေတယ်။

'အမေရေ၊ အစ်ကိုကြီးက သားလိုပဲ ဘယ်ဘက်လက်ကလေးက လက်[illegible] လေးဗျ'

■

မြကေခိုင်



www.burmeseclassic.com

www.burmeseclassic.com

ရွှေအမြုတေ ရုပ်စုံမဂ္ဂဇင်း အမှတ် ၃၃၀ မေ ၂၀၁၇ ဘာသာပြန် အခန်းဆက်ဝတ္ထုရှည်

# ငြေ(ဆေး-၂)


# ပင်လယ်နှင့်အဆိပ်

*(ယခင်လမှအဆက်…)*

**အခန်း (၂)**

**အလုပ်သင်ဆရာဝန်တစ်ယောက်**

၁၉၃၅ ၌ ကိုဘေး၏ အရှေ့ဘက်ကျကျ အစွန်းပေါ်တွင် ရှတ်ကို မူလတန်းကျောင်းလေးတစ်ခုရှိပြီး ဆံပင်ရှည်ရှည်ဖြင့် ကျောင်းသား တစ်ယောက်ရှိရာ အဲဒီကောင်လေးက ကျွန်တော်ပဲ ဖြစ်သည်။ အခုတော့ ဒီခရိုင်သည် ကြီးမားသော လူနေရပ်ကွက်နေရာကြီးတစ်ခု ဖြစ်နေလေပြီ။ သို့သော်“ထိုအချိန်က ကျောင်းသည် လယ်သမားအိမ်များနှင့် ကြက်သွန်နီခင်းတွေဖြင့် ဝန်းရံထားလေသည်။ ပြီးတော့ အိုဆာကာသို့ အသွားအပြန် သွားသော ဟန်းကုမီးရထားလမ်း တစ်ဖက်တစ်ချက်တွင် ဒီလယ်ကွင်းများ ရှိနေကြသည်။ ကျောင်းသားအများစုသည် လယ်သမားတွေ၏ကလေးများ ဖြစ်ကြသည်။ ဆံပင်ရှည်ဖြင့် ကျွန်တော့်လို ကလေး မရှိချေ။ ခေါင်းရိတ်ပြီး ထိပ်ပြောင်နေသော ကလေးများစွာ



SHUSAKU ENDO ဂျပန်ဘာသာဖြင့် ရေးသားသည့် ဝတ္ထုကို THE SEA AND POISON အမည်ပေး၍ MICHAEL GALLAGHER က အင်္ဂလိပ်ဘာသာပြန်ဆိုပြီး ငြေ(ဆေး-၂)က မြန်မာဘာသာ ပြန်ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းလာလျှင် သူတို့ကျောပေါ်တွင် ကလေးငယ်လေးများကို သိုင်းကြိုးဖြင့် ထုပ်ပတ်ထားကြသည်။ စာသင်ခန်းထဲတွင် စာသင်နေစဉ် ကလေးတွေ သူတို့ ခါးတောင်းကျိုက်သေးစိုလျှင် စပြီး စိတ်ပျက်စရာအော်ငိုသံများ ထွက်လာသောအခါ ဆရာလေးတွေ စိတ်ပျက်လက်ပျက် ဖြစ်တာက မဆုံးတော့ချေ။

'သူ့ကို အပြင်ခေါ်ထုတ်သွားလိုက်'

ဆရာလေးတွေက ပြောပြီး စင်္ကြံဆီ လက်ညှိုးထိုးပြလိမ့်မည်။ ဒီလိုမျိုး ကလေးတွေက ကျောင်းတက်ကြရရာ တိုကျိုနှင့်တော့ ခြားနားလှလေသည်။ ဒီမှာ အမြဲတမ်း ပထမအမည်က မာဆဲရုဆုတိုမှ ဒါမှမဟုတ် ဘာမဆို အဲလိုဖြစ်သည်။ စာသင်ခန်းထဲတွင် ကျွန်တော့်အား အခေါ်ခံရသည့် အမည်ကသာ ထူးခြားနေသည်။ အမြဲတမ်း မာဆတောတိုဒါ ဖြစ်သည်။ ဆရာတွေခေါ်သလို ကျောင်းသားတွေကလည်း ထူးထူးခြားခြား အတူတူလိုက်ခေါ်ကြသည်။ ပြီးတော့ ဒါကလည်း နည်းနည်းလေး ထူးဆန်းနေသည့်အကြောင်း စဉ်းစားနေစရာမလိုချေ။ ဒါက ကျွန်တော်ဟာ လယ်သမားသားတစ်ယောက် မဟုတ်သော ကျောင်းသားတစ်ယောက်သာ ဖြစ်နေသောကြောင့် ဖြစ်သည်။ ကျွန်တော့်အဖေက ဆရာဝန်တစ်ယောက်ဖြစ်သည်။ ကျောင်းနှင့် သိပ်မဝေးသောနေရာတွင် အဖေက ခွဲစိတ်ခန်းဖွင့်ထားသည်။ ကော်လာကျပ်ကျပ် အပေါ်အင်္ကျီဝတ်ထားသော ဒီဆရာတွေက နာမည်ပြားပေါ်တွင် အမ်ဒီစာလုံး ရေးထိုးထားသည့် ဆရာဝန်တစ်ယောက်လို ကြီးကျယ်သော အကျော်အမော် ပုဂ္ဂိုလ်တစ်ယောက်၏ ခံ့ညားခြင်းလို ရှိနေကြတာ သံသယဖြစ်စရာမလိုချေ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်က သိပ်တော့တော်သည့်ကလေး မဟုတ်သော်လည်း အစကတည်းက ရီပို့ကတ်ပေါ်တွင် တောက်လျှောက် အေအဆင့်ရနေခဲ့သည်။ ကျောင်းတွင် ပညာရေးကို ဆက်သင်သွားနိုင်သော တစ်ယောက်တည်းသော ကျောင်းသားတစ်ယောက်ဖြစ်လေသည်။ ကျောင်းက နှစ်တိုင်း ကစားပွဲတွေ၊ ကပွဲတွေ စသဖြင့်တို့တွင် စီထားရသောသူအဖြစ် ဦးဆောင်နေရသည်။ နောက်လည်းပဲ ကျောင်းပြပွဲတွေအတွက် ကျွန်တော် ပန်းချီကားတွေဆွဲနိုင်သဖြင့် လုပ်ရိုးလုပ်စဉ်အတိုင်း ကျွန်တော် ဆုရခဲ့သေးသည်။

ခပ်မှန်မှန်နည်းဖြင့် ဒီအကြောင်းတွေ ပြောပြတာမျိုး ဆက်မသွားတော့ဘဲ လူကြီးတွေအပေါ် လက်တွေ့ နှစ်ပေါက်တစ်ပေါက် ရိုက်လိုက်သည့်အကြောင်း ပြောပါမည်။ ဒီထဲမှာ ကျွန်တော်၏ ကော်လာကျပ်ကျပ် ဆရာတွေအပြင် ကျွန်တော့်အဖေနှင့်အမေလည်း ပါပါသည်။ တစ်ခါတလေ ထက်မြက်သောကလေးလို၊ တစ်ခါတလေ မသိနားမလည်သည့်ပုံစံမျိုးဖြင့် ကပြတာလို သူတို့ဆီကနေ ချီးကျူးတာကို ဆွဲထုတ် ဒါမှမဟုတ် သူတို့ကိုပျော်အောင်လုပ်ဖို့အတွက် သူတို့၏ မပါးနပ်သော မျက်လုံးတွေ၊ မျက်နှာအမူအရာတွေကိုဖတ်ဖို့ ကျွန်တော့်အဖို့ ဘာမှ ပြဿနာမရှိသည့်အလျောက် သူတို့ကို ဘယ်လိုအကောင်းဆုံးနည်းဖြင့် လုပ်ရမလဲဆိုတာကို ကျွန်တော် တွက်ချက်နိုင်ခဲ့လေသည်။ လူကြီးတွေက ကျွန်တော့်ကိုကြည့်ပြီး ကျွန်တော့်ဆီက ဘာကိုလိုချင်လဲဆိုတာ တိတိကျကျကို မွေးရာပါ ဗီဇစိတ်မျိုးတစ်ခုကြောင့် ကျွန်တော် သဘောပေါက်မိလေသည်။ အဲဒါက ရိုးအ,ခြင်းနှင့် ပညာဉာဏ်ရှိခြင်းတို့ သဟဇာတဖြစ်စေခြင်းမျိုးတစ်ခုဖြစ်သည်။

ရိုးအ,လွန်းခြင်းလည်း မလုပ်နိုင်သလို တစ်နည်းအားဖြင့် သိပ်ပညာရှိသည့်ပုံမျိုးလည်း မလုပ်ခဲ့ချေ။ သို့သော်လည်း မှန်ကန်သည့် အတိုင်းအတာဖြင့် လူကြီးတွေကို ဒီလူသုံးကုန်ပစ္စည်းတွေ အနည်းငယ်စီ ဝေငှပေးတာမျိုး တစ်ခုလုပ်လိုက်လျှင် သူတို့က မလွဲမရှောင်သာဘဲ ချီးကျူးတာမျိုးဖြင့် တုံ့ပြန်ကြရသည်။ ဒီနေ့ အခု ကျွန်တော် ရေးနေခြင်းသည် အဲဒီအချိန်တုန်းက အထူးကို လိမ်နေသော၊ ထက်မြက်သော ကောင်လေး ကျွန်တော့်အပေါ်ကို ကြည့်မရေးပါဘူး။ မင်းရဲ့ ကလေးတွေအကြောင်းကို နည်းနည်းတွေးကြည့်သင့်တယ်လို့ ကျွန်တော်ထင်သည်။ ထက်မြက်သောကောင်လေးတွေအားလုံးမှာ အနည်းနှင့်အများ လှည့်ဖြားတတ်တာမျိုး သူတို့မှာ ရှိနေတတ်ကြသည်။ ပြီးတော့ နောက် သူတို့မွေးရာပါ စိတ်လှည့်စားခြင်းထဲမှာ သူတို့အားပေးနေသလို တစ်ခါတစ်ရံဖြစ်နေတတ်သည့်အတွက် ဒီအစွမ်းတွေကြောင့် သူတို့ဟာ လူတော်ကလေးတွေ ကွက်တိဖြစ်နေသည်။

ဒုတိယ စာသင်နှစ်၏ ပထမဆုံးနေ့တွင် ကျွန်တော်က ပဉ္စမတန်းထဲမှာ ရှိနေသည်။ ခေါင်းစည်းအဖြူလေးကို ကျောင်းသားသစ်ပုံစံဖြင့် ခေါင်းမှာပတ်စည်းထားသော မျက်မှန်နှင့် ကောင်သေးသေးလေးတစ်ယောက်နှင့် ဆရာက စာသင်ခန်းထဲ ဝင်လာသည်။ ဆရာ့ဘေးတွင် သူရပ်နေပြီး ကောင်မလေးတစ်ယောက်လို စာသင်စင်ပေါ်တွဲလဲကျနေသော သူ့ခေါင်းက တစ်ဖက်ကို လှည့်နေလျက် ကြမ်းပြင်ပေါ်က အကွက်လေးတစ်ခုကို ငေးစိုက်ကြည့်နေသည်။

'ကလေးတို့'

ခါးပတ်အဝါ၊ ဘောင်းဘီဝတ်ထားသည့် ဆရာက ကျွန်တော်တို့အား အသံကျယ်ကြီးဖြင့် ပြောရင်း သူ့လက်က ခါးပေါ်ထောက်ထားသည်။

'သူက တိုကျိုကျောင်းက ပြောင်းလာတဲ့ သူငယ်ချင်း အသစ်ပဲ။ သူ့ကို ကောင်းကောင်းဆက်ဆံကြပါ။ အဲလိုမလုပ်ရင် မင်းတို့ စိတ်မကောင်းဖြစ်ရလိမ့်မယ်'

နောက် သူက ဘလက်ဘုတ်ပေါ်တွင် အမည် မီနိုရုဝါ ဘာရရှိကို ရေးလိုက်သည်။

'မင်း အကီရာ ဒီကလေးနာမည်ကို မင်းဖတ်နိုင်လား'

စာသင်ခန်းထဲတွင် ပွက်လောနည်းနည်းရိုက်သွားသည်။ ပြီးတော့ တစ်ဝက်လောက်ရောက်တော့ ကောင်လေး အတော်များများက ကျွန်တော့်ကို ကြည့်နေကြသည်။ ဘာလို့ ဒီလိုလုပ်ကြလဲဆိုရင် ဒီကောင်လေး ဝါက



www.burmeseclassic.com

www.burmeseclassic.com

လည်း ကျွန်တော့်လို ဆံပင်ရှည်နှင့်ဖြစ်သောကြောင့် ဖြစ်သည်။ သူ့ခေါင်းကို အဖြူစည်းလေးဖြင့် ပတ်စည်းထားသော သူ့ကို ရန်လိုစိတ် ဒါမှမဟုတ် မနာလိုစိတ် အနည်းနှင့်အများပေါင်းစပ်ထားသော ခံစားမှုဖြင့် သူ့ကို ကျွန်တော် ကြည့်လိုက်မိသည်။ သူ့နှာခေါင်းပေါ် လျှောကျနေသော မျက်မှန်ကို အပေါ်တွန်းတင်လိုက်ကာ သူ ရုတ်တရက် ကျွန်တော့်ကို ခိုးပြီး ဖျတ်ခနဲ ကြည့်လိုက်သည်။ နောက် အောက်ကို ခပ်မြန်မြန်ပြန်ကြည့်နေသည်။

'ကလေးတို့ နွေတုန်းက မင်းတို့ ဘာလုပ်ခဲ့သလဲဆိုတာတွေ ရေးထားတဲ့ စာစီစာကုံးတွေ ဒီနေ့ ယူလာတင်ကြ။ မင်းတို့ မရေးခဲ့ကြဘူးလား' ဆရာ မေးလိုက်သည်။

'မာစတာဝါကာဘာရရှိ စားပွဲမှာ ထိုင်ပြီး နားထောင်ပါ။ ပထမဆုံး မာစတာ တိုဒါ၊ မင်း စာစီစာကုံး ဖတ်'

သူ့ကို မာစတာဝါကာဘာရရှိ ဟု ပြောလိုက်တာကို သူကြားစေလိုက်ခြင်းသည် ကျွန်တော့်လေးစားမှုကို ပြင်းပြင်းထန်ထန် ထိုးချလိုက်သလို ရှိသည်။ ဒီစာသင်ခန်းထဲတွင် အဲလိုနည်းနှင့် ခေါ်လိုက်ခြင်းသည် ကျွန်တော်၏ အထူးသီးသန့် အခွင့်ထူးကို ဒီနေ့ မြှင့်တင်ခံလိုက်ရခြင်းပင် ဖြစ်၏။ ခိုင်းသည့်အတိုင်း ကျွန်တော် ထ,ရပ်လိုက်ပြီး ကျွန်တော်၏ စာစီစာကုံးကို စ,ဖတ်လိုက်သည်။ ဒီလိုအချိန်မျိုးမှာ ကျွန်တော်ဟာ အမြဲတမ်း အတော်လေးကို စိတ်အားတက်ကြွကျေနပ်နေလေ့ရှိသည်။ အားလုံးအတွက် စံပြအဖြစ်နှင့် အာကျယ်ကျယ်ဖြင့် လူတကာထက် ဂုဏ်ဝင့်ဖွယ်ဖြစ်သော ခံစားမှုမျိုးဖြင့် ကျွန်တော့်စာစီစာကုံးကို ဖတ်ပြရသည်။ သို့သော် ဒီနေ့တော့ ကျွန်တော်ဖတ်သည့်အခါ မတည်မငြိမ်ဖြစ်သလို ကျွန်တော် ခံစားနေရသည်။ မျက်မှန်နှင့် ကျောင်းသားသစ်က ကျွန်တော့်ဘေးတစ်ဖက်တွင် ထိုင်နေရာ စိတ်ထဲ ကသိကအောက်ဖြစ်နေမိသည်။ သူက တိုကျိုကျောင်းမှ လာခဲ့သည်။ သူ့မှာ ဆံပင်ရှည်ရှိသည်။ သူ့ကော်လာက အဖြူ။ ပြီးတော့ သူ့အဝတ်အစားတွေက ဖက်ရှင်ကျနေသည်။

'ငါ ကျရှုံးလို့ မဖြစ်ဘူး' ကိုယ့်ကိုယ်ကို ရေရွတ်လိုက်မိသည်။

ကျွန်တော် စာစီစာကုံးရေးသောအခါ ကျွန်တော် အမြဲတမ်း စိတ်လှုပ်ရှားမှုဖြင့် ပြင်းထန်စွာ လွန်လွန်ကြူးကြူး ရေးသားထားသော အဓိကအချက် နှစ်ချက်၊ သုံးချက် ထည့်ထားတတ်သည်။ အချို့ အောက်တန်းကျသော တန်ဆာဆင်မှုအတွက်ကတော့ လူငယ်ဆရာများ၏ ကောလိပ်သင်တန်းကစာတွေထဲမှ တိတိကျကျပဲ ထုတ်ယူရတာကို အရသာအတွေ့ဆုံး ဖြစ်သည်။

ကျွန်တော်က တိတိကျကျကို သွေးအေးအေးဖြင့် မစီစဉ်ခဲ့သော်လည်း ဒီလူငယ်ဆရာ၏ ချီးကျူးတာကို တကယ်ရချင်တယ်။ မီအဲကိချိုဆူဇုကီး၏ ငှက်နီထဲက လက်ရွေးစင်ကို ဆရာက ကျွန်တော်တို့အား ဖတ်ခိုင်းခဲ့သည်။ အပြစ်ကင်းပြီး နုံအအနှင့် ကလေးဆန်သော စိတ်ကူးယဉ်မှုတို့ကို ပြန်လည်အမှတ်ရစေရန် ရည်ရွယ်ပြီး အဖြစ်အပျက်တစ်ခုကို ကျွန်တော် လုပ်ဇာတ်လုပ်လိုက်သည်။

'နွေကျောင်းပိတ်ရက် တစ်ရက်တွင် မာစတာကိမုရ ဖျားနေကြောင်း ကျွန်တော် ကြားလိုက်သည်။ ပြီးတော့ သူ့ဆီ ကျွန်တော် သွားဖို့ စဉ်းစားလိုက်မိသည်'

အားလုံးရှေ့တွင် ကျွန်တော် ခပ်ကျယ်ကျယ် စ,ဖတ်လိုက်သည်။ ထို့ကြောင့် သိပ်ကိုကျေနပ်သွားသည်။ သို့သော် အနောက်ပိုင်းဆက်လာတာတွေကတော့ ထူးထူးခြားခြားပဲ ကျွန်တော်ကိုယ်ပိုင် ဖန်တီးထားသော အပိုင်းအစလေးများပဲ ဖြစ်သည်။ 'ဖျားနေသော မာစတာကိမုရအား လက်ဆောင်ပေးဖို့အတွက် ကျွန်တော့်ကြီးမားသော အားထုတ်မှုများဖြင့် စုဆောင်းထားသော လိပ်ပြာနမူနာလေးတွေ ထည့်ထားသောဘူးကို ထုတ်လိုက်သည်။ ပြီးတော့ သူ့အိမ်သို့ ကျွန်တော် သွားလိုက်သည်။ ကြက်သွန်နီခင်းကို ကျွန်တော်ဖြတ်သွားလိုက်သောအခါ သို့လောသို့လောဖြစ်ခြင်းက ကျွန်တော့်ကို ရုတ်တရက်ထိုးနှက်လာသည်။ ဘာကိုဆုံးဖြတ်ပြီးလုပ်ရမလဲ။ အချိန်အတော်ကြာကြာ ခဏရပ်နေပြီး အိမ်ပြန်လာခဲ့သည်။ သို့သော် နောက်ဆုံးတွင် မာစတာကိမုရ အိမ်ကိုလာခဲ့သည်။ နောက် သူ့မျက်နှာပေါ်က သူပျော်ရွှင်သည့် အမူအရာကို ကျွန်တော် မြင်တွေ့လိုက်ရပြီးနောက် ကြီးမားသော နှလုံးအေးချမ်းမှုကို ကျွန်တော် ခံစားလိုက်ရပါသည်'။ ပြီးတော့ စသဖြင့်....။

'ကောင်းပြီ'

ကျွန်တော် ဖတ်ပြပြီးသွားသောအခါ သူ့မျက်နှာပေါ်တွင် လုံးလုံးအားရကျေနပ်သည့် အမူအရာဖြင့် ဆရာက စာသင်ခန်းထဲရှိ ကလေးတွေအားလုံး၏ မျက်နှာတွေကို လှည့်ပတ်ကြည့်လိုက်သည်။

'အခု မာစတာတိုဒါရဲ့ စာစီစာကုံးမှာ အထူးကောင်းနေတာက ဘာလဲ၊ ဘယ်အပိုင်းကလဲ။ တစ်ယောက်မှမသိကြဘူးလား။ သိတဲ့လူ လက်ထောင်'

ကလေး နှစ်ယောက်၊ သုံးယောက်က ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ဖြင့် သူတို့လက်တွေကို ထောင်ပြကြသည်။ သူတို့ ဘာဖြေကြမလဲ။ ဆရာက ချက်ချင်း လက်စသတ်တော့ ဒီလိုကိုး ဟု ပေါက်ကွဲပြောလာခဲ့လျှင် ကျွန်တော် ဘာကို ကြိုမျှော်မှန်းရမလဲ။ စုဆောင်းထားသော လိပ်ပြာတွေကို ကျွန်တော် သွားပေးခဲ့တာ ကောင်လေး မာဆဲရုကိမုရက အမှန်ဖြစ်သော်လည်း ဖျားနေလို့ နှစ်သိမ့်ဖို့ ရည်ရွယ်ချက်ဖြင့် သွားခဲ့သည်တော့ မဟုတ်ပါချေ။ တကျည်ကျည်မြည်နေကြသော နံကောင်တွေနှင့်အတူ ကြက်သွန်နီခင်းကို ဖြတ်သွားခဲ့တာကလည်း အမှန်ဖြစ်ပါသည်။ သို့သော် ကိမုရကို စုဆောင်းထားသော လိပ်ပြာတွေကို ပေးလိုက်ရမှာကို နှောင်တရသည့် အတွေးမျိုး ဘယ်တုန်းကမှ မရခဲ့ပါ။ ဘာကြောင့်လဲ၊ ဘာလို့



www.burmeseclassic.com

www.burmeseclassic.com

ဆို ဒါတွေအားလုံး ကျွန်တော်လုပ်တာက ကျွန်တော့်အဖေကို မေးပြီး အဲဒါမျိုး အဖေက ကျွန်တော့်အတွက် သုံးခုမက ဝယ်ပေးခဲ့သောကြောင့် ဖြစ်သည်။ ကိမုရကတော့ သိပ်ထူးထူး ခြားခြားမပျော်ရွှင်ခဲ့ပါ။ ပြီးတော့ အဲဒီအချိန်မှာ ကျွန်တော် ဘာတွေးခဲ့လဲဆိုလျှင် ညစ်ပတ်တဲ့ လယ်သမားတွေ သူတို့အိမ်တွေမှာ ဘယ်လိုများနေကြလဲဆိုတာနှင့် အဆင့်အတန်းမြင့်သော အသိကို ကျွန်တော် ခံစားလိုက်ရခြင်းသာ ဖြစ်သည်။

'အကီရ မင်း ဘာတွေးမိလဲဆိုတာ ဆရာတို့ကို ပြော'

'မာစတာတိုဒါက အဲဒီ စုထားတဲ့လိပ်ပြာလေးတွေကို ပေးလိုက်တဲ့အတွက် တကယ်တန်ဖိုးရှိတဲ့ဟာ မာဆဲရကိုပေးတာမို့ သိပ်ရက်ရောတာပဲလို့ ကျွန်တော် ထင်ပါတယ်'

'ဟုတ်တယ် ဟုတ်တယ်၊ အဲဒါမှန်ပါတယ်။ ဒါပေမဲ့ စာစီစာကုံးထဲမှာ ဘယ်လိုကောင်းတဲ့အကြောင်းရှိလဲ'

မြေဖြူခဲကို ကိုင်ပြီး ဆရာက ဘုတ်ပေါ်တွင် စ,ရေးနေသည်။ တရုတ်စာပုံ သုံးလုံးဖြစ်သည့် 'တာဝန်သိသော'ကို သူရေးပြ၏။

ဘုတ်ပေါ်က တာဝန်သိသော သဘောဆောင်သည့် သုံးပုံ ရေးထားတာကို ကျွန်တော် ငေးကြည့်နေမိသည်။ စာသင်ခန်း တစ်နေရာမှ အော်ဂင်သံတိုးတိုးလေးကို ကြားလိုက်ရသည်။ ကောင်မလေး၏ ခမ္ဘတေးသံက ပညာရှင်လိုဖြစ်နေသည်။

ကျွန်တော့်အတန်းသားတွေနှင့် ကျွန်တော့်ဆရာကို လှည့်ဖြားတာ ဒါမှမဟုတ် လိမ်ညာတာသည် သူတို့အားလုံးကို ဒုက္ခရောက်ဖို့ လုပ်တာမျိုး ကျွန်တော့်စိတ်တွင် မရှိပါချေ။ ဒီလို အမြဲတမ်း ကျောင်းမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် ကျွန်တော် လုပ်သည်။ ပြီးတော့ ဒီလိုလုပ်သည့်အတွက် ကျွန်တော်သည် လူတော်လေး၊ ပထမတန်းကျောင်းသားဟု ကျွန်တော့်ကို သိလာကြသည်။

ဆံပင်ရှည်ကျောင်းသားသစ်ကို ကျွန်တော် ဘေးစောင်း ကြည့်လိုက်သည်။ သူ့မျက်မှန်က သူ့နှာခေါင်းအောက်ကို နည်းနည်းလျှောကျနေပြီး ဘလက်ဘုတ်ကို မရွေ့တမ်းငေးစိုက်ကြည့်နေသည်။ ကျွန်တော်ကြည့်တာကို သူသိလား။ ဘယ်လိုပဲဖြစ်ဖြစ် အဖြူစည်းပတ်ထားသောခေါင်းကို လိမ်ပြီး ကျွန်တော့်ဘက်ကို သူကြည့်လိုက်သည်။ ထိုခဏလေးအတွင်း

သူက ဘယ်သူနှင့်မှ မကစား။ ကျောင်းအားလပ်ချိန်တွင် ကလေးတိုင်း ဘောလုံးကစားနေစဉ်တွင် ကျောင်းဝင်းထောင့် တစ်ခုမှာ သူ့ဘာသာရပ်နေသည်။ စီးခေတပေါ်ကုန်းပြီး ကျွန်တော့်ဘက်ကို ငေးကြည့်နေတတ်လေသည် ကိုယ်ကာယ အလေ့လေ့ကျင့်ခန်းလုပ်သည့် အခါတွင်လည်း အဝေးတွင် သူ ရပ်ကြည့်နေတာကို သူ့ခေါင်းတွင် စည်းထားသော အဖြူရောင် ခေါင်းစည်းလေးကြောင့် မြင်နေရသည်

တစ်ယောက်မျက်နှာကိုတစ်ယောက် ရှာဖွေသလို တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိကြသည်။ သူ့ပါးက နည်းနည်း ရဲတက်သွားပြီး သူ့နှုတ်ခမ်းပေါ်မှာ အပြုံးပါးပါးလေးတစ်ခု ပေါ်လာသည်။

'မင်း သူတို့ကို အရူးလုပ်နေတာပဲ ဟင်း.... ဒါပေမဲ့ ငါသိပါတယ်'

သူ့အပြုံးက အဲလို ကျွန်တော့်ကို ပြောနေသလိုရှိသည်။

'ကြက်သွန်နီခင်းကို ဖြတ်သွားတဲ့အခါ လိပ်ပြာလေးတွေကို ပေးလိုက်ရမှာ စိတ်မကောင်းသော ခံစားချက်ပေါ်လာတယ်တဲ့၊ အားလုံးအလိမ်အညာတွေချည်း။ မင်းတော်တော်လုပ်နိုင်တာပဲ။ ဒါပေမဲ့ မင်းလူကြီးတွေအပေါ်မှာတောင် လိမ်နိုင်ပေမဲ့ တိုကျိုကလာတဲ့ ကောင်လေးကိုတော့ မင်း အရူးလုပ်လို့ မရပါဘူးကွ။ ဟင်း ဟင်း'

အဝေးကို ကျွန်တော် ကြည့်လိုက်သည်။ ကျွန်တော့် နားရွက်ထိပ်ကို သွေးတွေအမြန် ထိုးတက်လာသလို ခံစားလိုက်ရသည်။ အော်ဂင်သံရပ်သွားသည်။ ကောင်မလေးအသံက နောက်ထပ်သီချင်းမဆိုတော့။ ကျွန်တော့်မျက်လုံးတွေထက် ဘလက်ဘုတ်ပေါ်က ပုံတွေ ယိမ်းထိုးလှုပ်ရှားနေလေသည်။

အဲဒီနောက် ကျွန်တော့်၏ ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေက နည်းနည်းချင်း၊ နည်းနည်းချင်း တစ်စစီပြိုပျက်ကျနေတော့သည်။ ထိုကောင် ဝါကာဘာရရှိ စာသင်ခန်းထဲ ကျွန်တော့် အနားမှာ ဒါမှမဟုတ် ကစားကွင်းထဲမှာ ကြာကြာရှိနေခဲ့လျှင် ကျွန်တော့်ပေါ် မဖော်ပြတတ်သော အရှက်ကွဲတာမျိုး နည်းနည်း ခံစားနေရသည်။ မှန်ပါသည်။ ဒီအတွက်ကြောင့် ကျွန်တော့် အမှတ်တွေက အောက်ကို ထိုးကျ မသွားခဲ့ပါ။ သို့သော် ဆရာက အားလုံးရှေ့တွင် ကျွန်တော့်အား ချီးမွမ်းခန်းဖွင့်နေသည့်အခါ၊ ကျွန်တော့်လက်ရေးတွေ ဒါမှမဟုတ် ပုံတွေကို နံရံပေါ် ကပ်နေသည့်အခါ၊ ကျွန်တော့် အတန်းသားတွေက ကျွန်တော့်ကို ကျောင်းကောင်စီအဖွဲ့ဝင် အဖြစ် ရွေးချယ်ကြသောအခါ သူ့မျက်လုံးကို တစ်ချက်ခိုးကြည့်ဖို့ မဖြစ်မနေ ကျွန်တော် လုပ်နေ မိလေသည်။ သူတို့က စွပ်စွဲပြစ်တင်သော တရား သူကြီး၏ မျက်လုံးမျိုးကို မရည်ရွယ်ဘဲ၊ ခြိမ်းခြောက်အပြစ် ပေးသည့်စိတ်ရှိသည့် မျက်လုံးများလည်း မဟုတ်ကြပါချေ။ အဲဒါကလည်း လျှို့ဝှက်ချက်တူဝေမျှထားသည့် ကလေး ယောက်၏ အကြောင်းထက် ဘာမှမပိုခဲ့ပါချေ။ သူ နှစ်ယောက်မှာ တူညီသော မကောင်းဆိုးဝါးမျိုးစေ့ သွတ် ခံရပြီး တစ်ယောက်စီမှာ သူတို့၏ အခြားပုံရိပ်တွေ ... နေကြခြင်း ဖြစ်သည်။ အဲဒီအချိန်မှာ ကျွန်တော် ဘာ...



www.burmeseclassic.com

www.burmeseclassic.com

ရလဲဆိုတော့ သိစိတ်မှာ စနိုးစနောင့်မဖြစ်သော်လည်း တော်တော်အရှက်ခွဲခံရသလို ဖြစ်သည့်အတွက် တစ်ယောက်၏ လျှို့ဝှက်ချက်ပေါ် နောက်တခြား တစ်ခုက ဝင်လာသလို ဖြစ်နေသည်။

သူက ဘယ်သူနှင့်မှ မကစား။ ကျောင်းအားလပ်ချိန်တွင် ကလေးတိုင်း ဘောလုံးကစားနေစဉ်တွင် ကျောင်းဝင်းထောင့်တစ်ခုမှာ သူ့ဘာသာရပ်နေသည်။ စီးဆောပေါ်ကုန်းပြီး ကျွန်တော့်ဘက်ကို ငေးကြည့်နေတတ်လေသည်။ ကိုယ်ကာယအလှလေ့ကျင့်ခန်းလုပ်သည့် အခါတွင်လည်း အဝေးတွင် သူရပ်ကြည့်နေတာကို သူ့ခေါင်းတွင် စည်းထားသော အဖြူရောင်ခေါင်းစည်းလေးကြောင့် မြင်နေရသည်။ ကလေးတွေက သူ့ကို စကားပြောသည့်အခါတွင်လည်း စိတ်လက်မပါသည့်အဖြေမျိုးလို သူပြောတတ်သည်။

'အဲဒါအတွက် ငါကိစ္စမရှိပါဘူး' ဒါမှမဟုတ် 'ငါမသိဘူး'။

ဒါပေမဲ့လည်း သူ ဆံပင်ရှည်နေတာက ကျွန်တော်နှင့်တူနေပြီး သူက မြို့အဝတ်အစားမျိုးဝတ်ထားသည်။ မကြာခင်မှာပဲ ကလေးတွေက "သူဟာ မသန်မာဘဲ၊ ကျောင်းစာတွေမှာလည်း အဆင့်မကောင်းကြောင်း သိလာကြသည်။ ကလေးတွေက စပြီး သူ၏ ဖျော့တော့တော့ မိန်းကလေးမျက်နှာကို ရယ်စရာလို့ သဘောထားလာကြတော့သည်။ နောက်ဆုံးမှာတော့ ကျွန်တော်လည်း သူ့အပေါ် ကျွန်တော်၏ စိုးရိမ်သောကတွေ ပျောက်သွားသည်။ ပထမဆုံးနေ့တုန်းက ကျွန်တော်အရှက်ကွဲခဲ့တာကို မေ့သွားသည်။

နောက်တော့ တစ်နေ့၌ သူ့အား လယ်သမားတွေ၏ ကလေးနှစ်ယောက်က နောက်ပြောင်နေကြသည်။ အတန်းခေါင်းဆောင်တစ်ယောက်အဖြစ် ကျွန်တော့်၏ ကျောင်းကတာဝန်တွေပြီးသွားတာနှင့် ကျောင်းအဆောက်အဦမှ အိမ်သို့ ကျွန်တော် ထွက်လာခဲ့သည်။ မာဆဲရုနှင့် ဆုဆုမု ကလေးနှစ်ယောက်က သူ့ခေါင်းက ဆံပင်ရှည်ကို ကလေးတွေဝင်ဆော့နိုင်အောင် သဲဖြည့်ထားသော သဲကျင်းထဲမှ ဆွဲချနေကြတာကို ကျွန်တော် တွေ့လိုက်ရသည်။

သူတို့ကို သူရုန်းသော်လည်း သူ့အထိုးခံလိုက်ရပြီး ပစ်လဲကျသွားသည်။ သူ့မျက်နှာက သဲပေါ်မှာ ပက်လက်ဖြစ်နေသည်။ သူထဖို့ ကြိုးစားလိုက်သောအခါ သူတို့က ထပ်ထိုးချလိုက်ပြန်သည်။ ဒီမြင်ကွင်းကို ကျွန်တော် စောင့်ကြည့်နေပြီး သူတို့ကို ဝင်တားဖို့စိတ် ကျွန်တော့်မှာ နည်းနည်းမျှဖြစ်မလာခဲ့ချေ။ သူ့ကို ကျွန်တော် သနားခြင်းမဖြစ်မိ။ မာဆဲရုနှင့် ဆုဆုမုတို့ကို သူ့အား ပိုခပ်ပြင်းပြင်းထိုးပြီး သူ့ဆံပင်ကိုလည်း ခပ်ကြမ်းကြမ်း ဆွဲဆောင့်စေချင်မိသည်။ ဆရာတစ်ယောက်က ပြတင်းပေါက်တစ်ခုမှ ရုတ်တရက် ပေါ်လာတာကို ကျွန်တော် သတိမထားမိလိုက်ဘဲ ဖြစ်သွားသည်။ ထို့ကြောင့် ကျွန်တော်က အဲဒီမှာ ရပ်ပြီး ရှန်းကန်နေခြင်း၊ ထိုးကြိတ်နေခြင်းကို စောင့်ကြည့်နေတာ နည်းနည်းကြာသွားခဲ့သည်။ သို့သော် မကြာခင်မှာပဲ ဆရာက စကြံပေါ်ဆင်းချလာပြီး ဝင်ပေါက်ဆီသို့ သွားနေတာ ကျွန်တော် သိလာခဲ့ရာ ဖျတ်ခနဲ ချက်ချင်း ကျွန်တော် လှုပ်ရှားလိုက်ပြီး သဲကျင်းဆီ ပြေးခုန်လိုက်သည်။

'ရပ်စမ်း ရပ်စမ်း'

ကျွန်တော့်နောက်မှာ ဆရာရှိတာ သိသည့်အတွက် အသံကို အမြင့်ဆုံးထားကာ ကျွန်တော် အော်နေလိုက်သည်။

'မာဆဲရု ကျောင်းသားသစ်ကို မင်း မနှောက်သင့်ဘူး။ စောင့်နေဦး၊ ဆရာလာနေတယ်'

မာဆဲရုနှင့် ဆုဆုမုတို့ လှည့်ကြည့်လိုက်သောအခါ ဆရာလာနေတာ သူတို့မြင်လိုက်ကြပြီးနောက် သူတို့မျက်နှာတွေ ရဲတက်သွားတော့သည်။ ကောင်လေးကတော့ သဲထဲမှာ လဲနေတုန်းပဲ ဖြစ်သည်။

'မာစတာ ဝါကာဘာရရှိ ဘာဖြစ်သွားသေးလဲ၊ မင်းရရဲ့လား'

ကောင်လေး သူ့မျက်နှာမ,လိုက်သောအခါ နှလယ်ခင်းနေရောင်ထိုးကျနေပြီး သဲမှုန်စတွေကပ်နေတာကို ဖမ်းတွေ့လိုက်ရသည်။ သူ့မျက်မှန်ကိုင်းက လိမ်သွားပြီး သဲထဲမှာ ကျနေသည်။ ကျွန်တော့်လက်ဖြင့် သူ့ပါးပေါ်က သဲတွေကို ပွတ်ချပေးလိုက်သောအခါ ကောင်လေးက ရုတ်ခြည်း သူ့မျက်နှာကို တစ်ဖက်သို့ လှည့်ပစ်လိုက်သည်။ မသန့်ရှင်းသောလက်ဟု သူယူဆပြီး လက်ကို တစ်ဖက်သို့ ပုတ်ထုတ်ပစ်လိုက်သည်။

'ဘာလဲ မင်းက ရန်ဖြစ်ချင်နေသေးလား။ ဒါတောင်ငါက မင်းအတွက် ဝင်တားပေးတာ'

မတွေးမိဘဲ ကျွန်တော် လက်သီးဆုပ်လိုက်မိသည်။ သို့သော် ထိုအချိန်လေးမှာတင် ဆရာက ခု ကျွန်တော့်ဘေးမှာ ရှိနေတာကို သိလိုက်သည်။

'မာဆဲရု ထပ်ချ' ကျွန်တော့်ဘာသာ ရေရွတ်လိုက်သည်။

'အခု ဒါတွေအားလုံး ဘယ်လိုဖြစ်ကြတာလဲ မာစတာတို့ဒါ'

'ဆရာ မာဆဲရု သူ... မာစတာ ဝါကာဘာရရှိ ဒီနေရာမှာ...'

ကျွန်တော် ထူးထူးခြားခြား ပျာယာခတ်ပြီး ထစ်ထစ်ငေါ့ငေါ့ပြောလိုက်မိသည်။ 'မကြာခင်မှာပဲ ကျွန်တော်မြင်လိုက်တော့ အမြန်ပြေးပြီး တားဖို့လုပ်တာပါ'။

နောက်တော့ ကျွန်တော် ပြန်ထိန်းလိုက်နိုင်ပြီး ကျွန်တော့်ခါတိုင်းပုံမျိုး ပြန်ဖြစ်လာသည်။ နေ့ခင်းနေစူးစူးက ကောင်လေးမျက်နှာပေါ် ထိုးကျနေသည်။ သူက ဆရာရော၊ ကျွန်တော့်မျက်နှာကိုရော မကြည့်ဘဲ ခံစားမှုမရှိမဲ့လျက် တခြားတစ်နေရာကို ငေးကြည့်နေသည်။ မျက်မှန်မပါဘဲ သူ့မျက်နှာကို ကျွန်တော် ပထမဆုံးမြင်ဖူးခြင်းဖြစ်သည်။ ကျွန်တော့်မှာ မသိုးမသန့်စိတ်တစ်ခု တစ်ဟုန်ထိုးထွက်လာတာကို ခံစားလိုက်

www.burmeseclassic.com

ရသည့်အတွက် ဒါဟာ လူတစ်ယောက်က ကျွန်တော့်နလုံးအောက်ဆုံးထိ မြင်လိုက်တာပဲဆိုတာ သံသယဖြစ်နေစရာ မလိုတော့ပါချေ။

'ကောင်းတဲ့အလုပ်ကို မင်းလုပ်လိုက်တာပဲ မာစတာတိုဒါ။ မင်းတို့နှစ်ယောက် မာဆုရု၊ ဆုဆုမု။ မင်းတို့ရဲ့ ဥက္ကဋ္ဌလို နည်းနည်းလေးလောက် တူမယ်ဆိုရင်။ မင်းတွေ့လားသူလုပ်တဲ့နည်း'

မင်းတို့ဥက္ကဋ္ဌ ဆိုတာ ကျွန်တော်ပါပဲ။ စိတ်ထားရှိသောဆရာက ပြဿနာကောင်တွေကို ဆူပူကြိမ်းမောင်းနေစဉ်ကောင်လေးက စကားတစ်လုံးမှ ဝင်မပြော။ သူ့မျက်နှာပေါ်ကသဲတွေကို ပွတ်ချပြီး မြေပြင်ပေါ်ကျနေသော၊ ချိုင့်နေသောသူ့အိတ်ကို ကောက်ယူလိုက်သည်။ ပြီးတော့ ပါဝင်ဖို့ ဘယ်လိုမျှ မဖြစ်နိုင်သော လူတစ်ယောက်လို အဝေးကို လျှောက်သွားခဲ့သည်။

နောက်နှေဦးရောက်လာသောအခါ ဝါကာဘာရရှိသည်ကျောင်းပြောင်းပြန်သည်။ ထိုနေ့၌ ပထမဆုံး သူကျောင်းရောက်လာခဲ့သောနေ့ကလိုပင် သူ့ကို ဆရာ ခေါ်လာသည်။ သူ့ခေါင်းမှာ အဖြူရောင်ခေါင်းစည်းလေး စည်းထားပြီး စာသင်ခန်းရှေ့ စင်လေးဘေးတွင် ရပ်နေသည်။

ပထမဆုံးနေ့က ဘလက်ဘုတ်ပေါ်တွင် သူရေးခဲ့သော်လည်း ဒီတစ်ကြိမ်မှာတော့ သူရေးခဲ့သော စာလုံးမှာ အရှိအိုဖြစ်နေသည်။

'ယိုရှီမာဆာ အရှိအိုက ဘယ်လိုနေရာမျိုးလဲ'

ယိုရှီမာဆာ ထံမှ တုံ့ပြန်မှုမရ။

'တိုမီအိုလား'

'ကြေးနီ။ သူတို့ အဲဒီနေရာမှာ ကြေးနီမိုင်းလုပ်တဲ့နေရာတစ်ခု'

'အဲဒါမှန်တယ်။ လွန်ခဲ့တဲ့ လနည်းနည်းက မာစတာဝါကာဘာရရှိဟာ ငါတို့ရဲ့ သူငယ်ချင်းကောင်းတစ်ယောက်ဖြစ်လာခဲ့တယ်။ ဒါပေမဲ့ အခု ဘာလို့လဲဆိုတော့ သူ့အဖေရဲ့အလုပ်၊ သူ့မိသားစုက အရှိအို ကို ပြောင်းရတော့မယ်။ ဒါကြောင့် ဒီနေ့ဟာ သူ စာသင်ခန်းထဲမှာ နောက်ဆုံးနေရတဲ့နေ့ပဲ'

အခိုက်အတန့်မှာ ဒီလိုဖြစ်သွားသည့်အတွက် ဆရာကချက်ချင်းပဲ နူးညံ့သော စာနာထောက်ထားသည့် စိတ်ထားမျိုးဖြစ်လာသည်။ ကျွန်တော်ကတော့ ဒီကောင်လေး အရှိအိုကကြေးနီမြို့လေးဆီ သွားတော့မည့်အကြောင်းကိုသာ တွေးနေမိလေသည်။ ဗလာကျင်းနေသော သစ်ပင်မရှိသည့် တောင်တွေပတ်ပတ်လည်ဝိုင်းနေပြီး အပေါ်ကကောင်းကင်မှာ မီးခိုးမည်းတွေ တောင်လိုပုံပြီး ညစ်ပတ်နေသည်။ အဲဒီမှာ သူ ကောင်မလေးတစ်ယောက်လို ခေါင်းကို တွဲလဲချပြီး မြေကြီးကို ငေးစိုက်ကြည့်နေမှာပဲ ဖြစ်သည်။ ဒီနေ့လိုပဲ သူ့ခေါင်းမှာ အဖြူရောင်ခေါင်းစည်းလေးကို စည်းထားဦးမှာပဲ ဖြစ်သည်။

'မာစတာတိုဒါ အတန်းကိုယ်စား မာစတာဝါကာဘာရရှိကို နှုတ်ဆက်ပါတယ်လို့ ပြောလိုက်ပါ' ဆရာ ပြောလိုက်သည်။

'နှုတ်ဆက်ပါတယ် မာစတာ ဝါကာဘာရရှိ'

သူ ဘာမှမပြော။ သို့သော် နောက်ဆုံးနေ့တွင် သူ အတန်းက ထွက်ခွာသွားသလို၊ ခေါင်းစည်းဖြူလေးကို လိမ်လိုက်သလို သူ ရုတ်ခြည်း လှည့်ပြီး ကျွန်တော့်ကို နောက်ပြန်ကြည့်လိုက်သည်။ နောက်ဆုံးတစ်ကြိမ်ဖြင့် သူ့နှုတ်ခမ်းပေါ်တွင် လှောင်ပြောင်သော၊ သရော်သော မှဲ့ပြုံးရေးရေးရှိနေလေသည်။ ပြီးနောက် သူ့ကို ကျွန်တော် မေ့သွားသည်။ အနည်းဆုံးတော့ သူ့အကြောင်းကို ကျွန်တော် မေ့ပစ်လိုက်ချင်သည်။ အဲဒီအချိန်လေးမှာ သူထိုင်ခဲ့သော စားပွဲနေရာမှာ ထီးထီးကျန်ပြီး လွတ်နေသည်။ သို့သော် နောက်တော့ အစောင့်က တစ်နေရာရာကို ယူသွားလိုက်တော့သည်။ ထို့ကြောင့် ဒီနေရာသည် သူ့ကို ကျွန်တော် သတိရနေစရာတွေ မရှိတော့ချေ။ အခုတော့ မျက်နှာကို ခိုးကြည့်နေစရာမလိုတော့ချေ။ နောက်တစ်ခါထပ်ပြီး ကျွန်တော်ဟာ လူတော်လေးဖြစ်လာပြန်သည်။ နောက်တစ်ခါထပ်ပြီး ကျွန်တော့် စာစီစာကုံးကို ခိုင်ခိုင်မာမာ အသံကျယ်ကြီးဖြင့် ဖတ်ပြသည်။ ပြီးတော့ ဆရာ့၏ ချီးကျူးတာကို ခံရပြန်လေသည်။

နွေကျောင်းပိတ်ရက် ရောက်လာသည်။ တစ်နေ့ နေ့လယ်ခင်း၌ အပူက အမြင့်ဆုံး ရောက်နေချိန် ကျောင်းနားက ကြက်သွန်နီခင်းကို ကျွန်တော် ဖြတ်သွားသည်။ မြက်တွေထဲတွင် နံကောင်တွေက အာခေါင်ခြစ်သံဖြင့် သီချင်းဆိုနေကြသည်။ ခပ်ဝေးဝေး လမ်းအောက်ဘက်တွင် တဏ္ဍိုက္ခိုမြည်နေသော သူ့လှည်းကိုဆွဲပြီး ရေခဲချောင်းရောင်းနေသော လူတစ်ယောက်ရှိနေသည်။

ချက်ချင်းပဲ နွေမတိုင်ခင်က ကျွန်တော်ရေးခဲ့သော စာစီစာကုံးအကြောင်း အတွေးက ကျွန်တော့်ဆီ ပြန်လာသည်။ ဖျားနေသော ကိမုရ ဆိုသော ကောင်လေးဆီ စုဆောင်းထားသော လိပ်ပြာလေးတွေ သွားပေးတာကို ကျွန်တော် ရေးခဲ့သည်။ ကျွန်တော်က အားလုံးရှေ့တွင် အကျယ်ကြီးဖတ်ပြီး ခံစားမှုတစ်ခုခုရဖို့ ရည်ရွယ်ကာ အဲဒါကိုရေးခဲ့ခြင်းဖြစ်သည်။

ပြီးတော့ ဆရာတွေ သဘောကျဖို့အတွက် ၄က်နီစာအုပ်မှ စိတ်လှုပ်ရှားပြင်းထန်စွာဖြင့် လွန်လွန်ကြူးကြူးရေးထားသော စာသားတွေ ကူးယူခဲ့တာကို ကျွန်တော် သတိရလိုက်သည်။ ဒီလျှို့ဝှက်ချက်ကို တစ်ယောက်တည်းသော သိသူမှာ ဝါကာဘာရရှိပင် ဖြစ်သည်။ ကျွန်တော် လှည့်ပြီး အိမ်ကို ပြေးပြန်ခဲ့သည်။ ကျွန်တော့်အတွက် ကျွန်တော့်အဖေက ဂျာမန်မှ ဝယ်လာခဲ့သော အကောင်းစား ဖောင်တိန်တစ်ချောင်းကို ကြည့်လိုက်သည်။ ကျွန်တော့်အိတ်ကပ်ထဲထည့်ပြီး ကိမုရဆီကို ပြေးသွားလိုက်သည်။

'ဒီမှာ ဒါယူလိုက်၊ မင်းဟာ'



www.burmeseclassic.com

www.burmeseclassic.com

'ဟင်'

ကိမုရ သူ့မိသားစု နွားတဲလေးရှေ့မှာ ရပ်လိုက်သည်။ ပြီးတော့ နောက်ဘက် နည်းနည်းဆုတ်လိုက်သည်။ ကျွန်တော့်၏ ချွေးတွေဖုံးနေသော မျက်နှာကနေ ဖောင်တိန်ကို သူ ပါးနပ်စွာကြည့်နေသည်။

'ဟင် ဆိုတာ မင်း ဘာကိုဆိုလိုတာလဲ။ ဒါကို မင်းလိုချင်လား၊ မလိုချင်ဘူးလား။ ဒါ သိပ်ကောင်းတဲ့ ဖောင်တိန်တစ်ချောင်း မဟုတ်ဘူးလား'

'ကောင်းပြီ၊ မင်းက ယူစေချင်တယ်ဆိုရင် ငါ ယူမယ်'

'ကောင်းတယ်၊ ဒါပေမဲ့ ပထမ နားထောင်၊ မင်းကိုပေးတာ မင်းဘယ်သူ့ကိုမှ မပြောပြရဘူး။ မင်းနားလည်တယ်နော်။ မင်းမိသားစုထဲက ဘယ်သူ့ကိုမှ မပြောရဘူး။ ဆရာ့ကိုလည်း မပြောရဘူး။ နားလည်တယ်နော်။ ဘယ်သူ့ကိုမှ၊ မင်းနားလည်လား ဘယ်သူ့ကိုမှ မပြောရဘူး'

ကျွန်တော် ကြက်သွန်နီခင်းထဲဖြတ်ပြီး အိမ်ပြန်လာသောအခါ ၆ လကျော်လောက် ထိုကောင်လေး၏ လှောင်ပြောင်သရော်ပြုံးက ကျွန်တော့်အား အရှက်ကွဲသောခံစားမှုကို ခံစားနေစေရာမှ နောက်ဆုံးတော့ လွတ်မြောက်သွားခဲ့ပြီ ဖြစ်သည်။

ပေါင်းပင်တွေထဲ ညည်းညူညူဖြင့် သွားနေကြသော နှံကောင်တွေပေါ် ဖြတ်သွားခဲ့သော်လည်း ဘာမှမဖြစ်။ ရေခဲချောင်းရောင်းသော လူကြီး လှည်းလည်း ရပ်သွားပြီး သူက လမ်းဘေးမှာရပ်လျက် သေးပေါက်နေသည်။ ကျွန်တော့်နှလုံးက ကွက်လပ်ဖြစ်ပြီး ဘာမှမရှိတော့။ အနည်းဆုံး မြူးထူးပျော်ရွှင်မှုလေးတစ်စလေးတောင်မှ မရှိတော့ချေ။ ပျော်ရွှင်မှုနှင့် အားရကျေနပ်ခြင်းတွေက ကောင်းတာတစ်ခု တကယ်လုပ်မှ ဖြစ်ပေါ်လာနိုင်ပြီး ကျွန်တော့်နှလုံးထဲမှာ ဒီလို ပြည့်လျှံလာဖို့ အရိပ်အငွေ့လေး ရေးရေးမျှမရှိပါချေ။

သူ့ကလေးဘဝအကြောင်းကို တွေးနေမိတာ ကျွန်တော် တစ်ယောက်တည်းတော့ မဟုတ်ပါ။ မင်းလည်းပဲ သိပ်ကိုတူနေမှာ ဖြစ်နိုင်ပါသည်။ သို့သော်လည်း တွေးတောသည့်နေရာမှာတော့ ကွာခြားပေလိမ့်မည်။ သို့သော် အဲလိုနည်းဖြင့် ဆက်တွေးတောနေလျှင် နောက်က ဒါဟာ တစ်ခုခုထူးခြားသလို ကျွန်တော့်မှာ ခံစားရသလို ဖြစ်လာနိုင်လေသည်။ ဒါမှမဟုတ် အဲဒါ မင်းဖြစ်နေလျှင် မင်းနှလုံးထဲမှာလည်း ဒီလို ပုန်းကွယ်တာမျိုး အတွေ့အကြုံရနေမှာလား။

နောက် ကျွန်တော်တက်သော အလယ်တန်းကျောင်းသည် ကိုဘေး၏ အရှေ့ဘက်စွန်းတွင် ရှိလေသည်။ ပထမအဆင့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲကိုဖြတ်ဖို့ အမှန်တကယ် လက်ဆုပ်လက်ကိုင်ပြနိုင်သော အောင်မြင်မှုများဖြင့် အဲဒီကျောင်းက ကျောင်းသား ရာခိုင်နှုန်းအတော်များများ ဝင်ခွင့်ရခဲ့သည်။ ဟိုးရှေးအရင်ကတည်းက ရှုပ်ထွေးနေသော ပညာရေးရည်ရွယ်ချက်များဖြင့်ရှိနေသော ကျောင်းတစ်ကျောင်းဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့၏ ထူးခြားသည့် ကာကီယူနီဖောင်းဝတ်စုံကို ဝတ်ကြရသည်။ ကျွန်တော်တို့ ၅ နှစ်လုံး နေခဲ့ရရုံမက လေ့ကျင့်ခန်းများနှင့်အတူ အဖိုးတန်သော နေ့တိုင်းမှာ နပန်းသတ်ပွဲများ ပြုလုပ်ကြရပြီး ဝင်ခွင့်စာမေးပွဲအတွက် အခြားကြိုတင်ပြင်ဆင်သည့် လေ့လာမှုများကို လုပ်ကြရသည်။ အတန်းတိုင်းကို အောဘီစီဆိုပြီး သုံးမျိုးခွဲထားသည်။ ပင်ကိုစွမ်းရည်အရနှင့် အတန်း ရွေးချယ်သတ်မှတ်ခြင်းကို ကော်လာပေါ် တံဆိပ်ထုထားသော အဆောင်အယောင်ဖြင့် ကျွန်တော်တို့ ဝတ်ကြရသည်။ ယတိပြတ်ဖြစ်နိုင်သမျှဖြစ်သော အပြစ်ဒဏ်ဖြင့် ကျွန်တော်တို့အား အမှတ်ပေးသည်။ ဒီကျောင်းတွင် ကျွန်တော်သည် ဘီအုပ်စုဖြစ်သည့် မကျော်ကြားသော ကျောင်းသားတစ်ယောက်အဖြစ် ပျမ်းမျှအဆင့်တွင်သာ ကျဆင်းနေသည်။ ကျွန်တော်က ကြီးမားသောအတိုင်းအတာတစ်ခုထိ ရောက်အောင် ကျွန်တော့်လေ့လာမှုကို လျစ်လျူရှုနေခဲ့ခြင်းကြောင့်တော့ မဟုတ်ချေ။

သို့သော် အဲဒါထက်ပိုတာက ကျွန်တော့်ပတ်ပတ်လည်က ကလေးတွေသည် ရို့ကိုက လယ်သမားတွေနှင့်မတူဘဲ ကျွန်တော့်လို ပတ်ဝန်းကျင်မှ လာသော အတူတူတွေအားလုံး ဖြစ်နေကြပြီး ကျွန်တော့်လိုပဲ သူတို့တွေကလည်း ဆရာတွေကို ဖြတ်မြင်တတ်ကြကာ သူတို့ပတ်ပတ်လည်က အရာတွေကို အကဲဖြတ်သုံးသပ်နိုင်ကြသူတွေ ဖြစ်နေကြသည်။

ကျွန်တော့်အဖေက ဆရာဝန်တစ်ယောက်ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်လည်း ဆရာဝန်တစ်ယောက်ဖြစ်ရမည်ဟု ဆုံးဖြတ်ထားခဲ့သည်။ စိတ်အားထက်သန်မှုနှင့် စိတ်ကူးယဉ်ဝါဒက ကျွန်တော့်အပေါ် အရင်းမခံချေ။ ကလေးဘဝကထက်ပိုပြီး အသေချာဆုံးနည်းလမ်းအထိ အမြဲတမ်း လုံလုံလောက်လောက် စားရဖို့ စိတ်ဝင်စားသည့် ခံယူချက် ကျွန်တော့်မှာ ရှိသည်။ အကောင်းဆုံးလမ်းကြောင်းကတော့ ဆရာဝန်တစ်ယောက်ဖြစ်ဖို့ပဲ ဖြစ်သည်။ နောက်တော့လည်း ဆေးကျောင်းသားကို အကျိုးပြုသောသူတစ်ယောက်လို ခွဲခြားထားခြင်းသည် ကျွန်တော် စစ်မှုထမ်းရန် စာမေးပွဲဖြေရမည့် အချိန်၌ ကျွန်တော့်အဖေ ကျွန်တော့်အား ပြောသလို ဖြစ်နေသည်။

ဆေးကျောင်းအကြိုလေ့လာသောအခါက သဘာဝသမိုင်းသည် စိတ်ဝင်စားစရာအကောင်းဆုံး ဘာသာရပ်ဖြစ်ကြောင်း ကျွန်တော် တွေ့ခဲ့သည်။ လိပ်ပြာစုဆောင်းခြင်းနှင့် ကိမုရအကြောင်း ကျွန်တော် အရင်ပြောခဲ့သည်။ ပြီးတော့ အလယ်တန်းကျောင်းကို ကျွန်တော်ရောက်ပြီးသောအခါတောင်မှ အင်းဆက်ပိုးကောင်လေးတွေ စုဆောင်းရတာက ကျွန်တော့်အဖို့ အကြီးမားဆုံးပျော်ရွှင်မှုဖြစ်ခဲ့သည်။ သူတို့ကို ထုံဆေးထိုးပေးသည်။ နပ်ဖ်သလင်းအနံ့ရှိသော ခွက်ထဲမှာ သူတို့ကို ထည့်ထားသည်။

သဘာဝသမိုင်း သင်သော ဆရာ၏နာမည်ပြောင်သည် အိုကိုဇဲ၊ ကျားငါး ဖြစ်သည်။ ဘာလို့မူ သူ့နဖူးရိုးနှင့် ပါးက



www.burmeseclassic.com

www.burmeseclassic.com

ငေါထွက်နေပြီး ကျားငါးတစ်ကောင်နှင့် တူနေသောကြောင့် ဖြစ်သည်။ စုတ်ပြဲနေသော ပွရောင်းရောင်းဝတ်စုံဖြင့် ဒူးနှင့် တိုက်ပြီး ကျွန်တော်တို့ မထ,ခင် သူ အရင်ထ,က သူ့မျက်လုံး မှေးမှေးလေးကို မျက်တောင်ခတ်လျက် ရှိ့ကိုတောင်အနီးနား တစ်ဝိုက်တွင်ရှိသော အင်းဆက်ကောင်တွေကို သူ့ဘဝတစ်ခု လုံး အချိန်စွမ်းအားတို့ လုံးလုံးမြှုပ်နှံပြီး လေ့လာခဲ့ရကြောင်းကို သူက ကျွန်တော်တို့အား ပြောပြခဲ့လေသည်။ ထိုအချိန်က ကျွန်တော်သည် စတုတ္ထနှစ်ကျောင်းသား ဖြစ်သည်။ လက်ချာ ပေးပြီးသောအခါ သယ်ယူဖို့ အဝတ်ဖြင့် ထုပ်ထားသော ဖန် သေတ္တာသေးသေးလေးတွေကို နမူနာခန်းမှ သူသယ်ယူလာပြီး အိုအာကာ-ကိုဘေး ဒေသက တွေ့ရှိရသော လိပ်ပြာပေါင်းစုံ ကို သူ ရှင်းပြသည်။

'အခု ဒါကို မင်းတွေ့လား။ ဒါကို လွန်ခဲ့တဲ့ တစ်နှစ် လောက်က အရှိရမြစ်အပေါ်ပိုင်း ရေစီးကြောင်းနားကနေ ငါ ဖမ်းခဲ့တာ'

ဂုဏ်ယူစွာဖြင့် မျက်တောင်ခတ်လိုက်ပြီး သူ့လက်ပိန်ပိန် လေးထဲ ဖန်သေတ္တာလေးကို မ,လိုက်ကာ ကျွန်တော်တို့ မျက်နှာနား ပတ်ပတ်လည်မှာ ကြည့်နေသည်။

ထူးဆန်းသော လိပ်ပြာမျိုးတစ်ကောင်ကို ကျွန်တော် တစ် ခါမှ မကြည့်ဖူးခဲ့ချေ။ ကြီးမားသော အတောင်ပံ တောင့် တောင့်က ကွေးနေသောလေးနှင့် တူနေသည်။ နူးညံ့ အဆန်း တကြယ် ဖြိုးမောက်နေသော ကိုယ်၊ နှစ်ခုလုံး ငွေရောင်လို တောက်ပြောင်ပြီး ဝင်းလက်နေသလို ထင်ရသည်။ ဦးမှင်နှစ်ခု ပါသည်။ ပိုးအကြမ်းထည်ချည်လို အဖြူဖြစ်သည်။ ဘယ်လို ပဲဖြစ်ဖြစ် လေထဲကို ခုန်ထွက်ပြီး ခြေတစ်ဖက်တည်းဖြင့် ပေါ့ပေါ့ပါးပါးလေး လေထဲမှာ တန့်နေကာ ငွေမှုန်လေးတွေက သူ့ကိုယ်ပေါ် ဖုံးနေလျက် ဆံစ,တွေထဲမှာ အမွေးဖြူလေးတွေရှိ နေသော လှပသည့် ကောင်မငယ်ငယ်လေးတစ်ယောက် က, နေသလို ကျွန်တော့်မှာ အတွေးတစ်ခုက မွှေနေမိလေသည်။

'သန္ဓေပြောင်းခြင်းတစ်ခုကို မင်းနားလည်လား ဟုတ်တယ်။ ဒါပေမဲ့ အဲလိုပြောင်းတာတောင် ထူးထူးခြားခြား ကို လှလာတယ်။ ကျိုတို အင်ပါရီရယ်တက္ကသိုလ်က ဒေါက် တာ မာဆုဇက်ကို ပြောဖူးတယ်။ အဲဒါ ငါ့ပေးပါတဲ့။ ဒါပေမဲ့ ဆရာက သူ့ကို လွှဲမပေးခဲ့ဘူး'

သူပြောနေရင်း အိုကိုဇဲသည် ဝမ်းနည်းနေတာကို ထိန်း ကာ ဖန်သေတ္တာလေးကို ကြင်ကြင်နာနာ ထပ်ကာထပ်ကာ ပွတ်သပ်နေသည်။ အဲဒီ နေ့လယ်တစ်လျှောက်လုံးတွင် ငွေ ရောင်လက်လက် လိပ်ပြာလေးက ကျွန်တော့်အတွေးတွေထဲ ဆက်ပြီး တစ်လျှောက်လုံး ပြိုးပြိုးပြက်ပြက် ဖြစ်နေသည်။ စာသင်ခန်းထဲက ပြောနေသံအားလုံးလိုလိုကို ကျွန်တော် မကြားမိတော့။ ကျွန်တော် ခံစားနေရသော ထိုတစ်ခုသည် သိပ်ကို အလွန် ငမ်းငမ်းတက်တပ်မက်မောနေသလို ဖြစ်နေ သည်။ ငွေရောင် ဝင်းပတောက်နေသော ကိုယ်နူးနူးညံ့ညံ့ လေးထဲ အပ်ထိုးသွင်းလိုက်သော ပျော်ရွှင်မှုလေးတစ်ခုကို ကျွန်တော် လုပ်လိုက်ချင်မိလေ၏။

ထုံးစံအတိုင်း စာသင်ချိန်ပြီးသွားသည်နှင့် ချက်ချင်း သူငယ်ချင်းတစ်ယောက်နှင့်အတူ ကျောင်းဝင်းဂိတ်ကို ဖြတ် ထွက်ခဲ့သည်။ သို့သော် ချက်ချင်း ထိုအချိန်လေးမှာ ကျွန်တော့် ထမင်းဘူး စာသင်ခန်းထဲတွင် မေ့ကျန်နေခဲ့ကြောင်း သတိရ လိုက်သည်။ ဒါကလည်း သိစိတ်က တမင်လိမ်လည်လှည့် စားခြင်းတစ်ခု မဟုတ်ပါ။ စာသင်ခန်းထဲသို့ ကျွန်တော်တစ် ယောက်တည်း ပြန်သွားခဲ့လိုက်သည်။ ဖုန်ပေနေသည့်အပေါ် တွေ၊ လူမရှိသော စားပွဲတွေ၊ ခုံရှည်တွေနှင့် ကြမ်းပြင်ပေါ်သို့ နေ့လယ်ခင်းနေရောင်က လောင်းကျနေလေသည်။ စကြံက လည်း တိတ်ငြိမ်နေသည်။ ကျွန်တော့်ခြေလှမ်းတွေက သဘာဝ သမိုင်းနမူနာခန်းဆီသို့ သွားနေသည်။ တံခါးကို ကျွန်တော် တွန်းကြည့်လိုက်သောအခါ သော့ခတ်မထားကြောင်း တွေ့ လိုက်ရသည်။ ထူးခြားသော အခွင့်အရေးဖြစ်ပြီး ကြောက်မိ သွားသော်လည်း အခြေအနေက အခု ကောင်းနေသည်။ နပ်ဖ် သလင်းနံ့နံ့သော အခန်းထဲ၌ ကျောက်တုံးတွေ၊ အပင်တွေနှင့် အင်းဆက်တွေအမျိုးမျိုးပါဝင် သော သေတ္တာလေးကို အသေ အချာ စီစဥ်ထည့်ထားပြီး ဖန်စင် ပေါ်တင်ထားရာ နေရောင်က ထိုးကျနေသည်။ ထောင့်တွင်ရှိနေသော အိုကိုဇ၏ အမည်း ရောင် အဝတ်ထည့်အိတ်လေးထဲ ထုပ်ထားသည့် ဘူးလေးကို ကျွန်တော် ငေးကြည့်နေမိသည်။

ကျွန်တော့်အဖေက ဆရာဝန်တစ်ယောက်ဖြစ်သည်
ထို့ကြောင့် ကျွန်တော်လည်း ဆရာဝန်တစ်ယောက်
ဖြစ်ရမည်ဟု ဆုံးဖြတ်ထားခဲ့သည်
စိတ်အားထက်သန်မှုနှင့် စိတ်ကူးယဥ်ဝါဒက
ကျွန်တော့်အပေါ် အရင်းမခံချေ

ခပ်မြန်မြန်ပဲ အဲဒါလေးကို ကောက်ယူပြီး အမည်းရောင် အဝတ်အိတ်လေးကို ကြမ်းပြင်ပေါ် ပစ်ချလိုက်သည်။ သေတ္တာ လေးကို ကျွန်တော့်ကင်းဘတ်စာအုပ်ထည့်သည့် အိတ်ထဲ ထိုး ထည့်လိုက်သည်။ ဘယ်သူမှ ကျွန်တော့်ကို မမြင်လိုက်[illegible] တံခါးကို ခိုးကြောင်ခိုးဝှက်ဖြင့် ကျွန်တော် ပြန်ဖွင့်လိုက်သည်[illegible] ယောခန်းထဲ ထွက်လိုက်သည်။ အလာတုန်းက[illegible] လုံး[illegible]

www.burmeseclassic.com

www.burmeseclassic.com

လူသူ မရှိချေ။

နောက်တစ်နေ့ ကျွန်တော် ကျောင်းထဲဝင်လိုက်သောအခါ ကျွန်တော့်အတန်းထဲက ကောင်လေးတွေ တစ်ခုခုကို တိုးတိုး တိုးတိုး ပြောနေကြလေသည်။

'အဘိုးကြီး အိုကိုဇဲ သနားပါတယ်။ တစ်ယောက်ယောက်က သူ့လိပ်ပြာတွေကို လစ်ပြေးသွားတယ်'

'နောက်မနေနဲ့၊ အဲဒါကို တစ်ယောက်ယောက် ယူသွားတာလား'

ကျွန်တော့်မျက်နှာတင်းသွားတာ ကျွန်တော် သိလိုက်ပေမဲ့ အဝေးကိုကြည့်နေလိုက်သည်။

'ဒါပေမဲ့ အဲဒါ ခိုးတဲ့ကောင်ကို သူတို့ မိထားပြီ'

'ဘယ်သူလဲ'

'စီတန်းက ယာမာဂုချိ။ အတန်းပြီးတဲ့ချိန်မှာ အစောင့်က သူ့ကို သဘာဝသမိုင်း အခန်းတံခါးထဲက ထွက်လာတာ မြင်လိုက်တယ် တဲ့'

ယာမာဂုချိ၏ နည်းနည်းမျောက်လိုမျက်နှာကို ကျွန်တော့်စိတ်ထဲ ဝင်းခနဲ ဖြတ်ဝင်လာသည်။ အတန်းလူပြက်အဖြစ် မငြင်းနိုင်သော ကျော်ကြားမှုဖြင့် အောင်မြင်မှုရနေသူတစ်ယောက်ဖြစ်သည်။ အထင်သေးခံနေရသော ကျော်ကြားမှုဖြင့် ရှိနေသူလည်း ဖြစ်သည်။ အဲဒါ သူတို့ပြောသော မယာမာဂုချိ ပင်တည်း။

'နောက် သူတို့ လိပ်ပြာတွေ ပြန်ရလား'

'မရဘူး၊ မရဘူး။ တစ်နေရာရာမှာ သူပျောက်သွားတယ် ထင်တယ်၊ သူက အရူးကောင်ပဲဟာ'

'တကယ် အရူးလား'

သနားစရာပုံဖြင့် ယာမာဂုချိ ရပ်နေသော ကစားကွင်းဆီကို ပြတင်းပေါက်မှ အပြင်သို့ တစ်နေ့လုံးဆက်ကြည့်နေလေသည်။ ခိုးကြည့်သည့်အချိန်တိုင်း ထိတ်လန့်၍ အသက်ရှူမှားနေသည်။ အဲဒီမှာ ကျွန်တော့်အတွက် သူက အပြစ်ဒဏ်ခံနေရသည်။ ဆရာတွေကို ဘာလို့ သူက အားလုံးမငြင်းရတာလဲ။ နေ့လယ်ခင်းရောက်လာသောအခါ သူ့ကြည့်ရတာ ဖတ်ဖတ်မောနေပုံရသည်။ သူ ပုံလျက်သားကျနေပြီး သူ့ပခုံးတွေက အိကျနေသည်။

'အဲဒီတော့ ဘာဖြစ်လဲ။ သူ့လို အရူးတစ်ယောက်။ သူ တစ်ခုခု မခိုးချင်ဘူးဆိုလို့ရှိရင် သူ ဘာလို့ အဲဒီကို သွားလဲ'

ကျွန်တော့်အသိက အလွယ်တကူ သီအိုရီတစ်ခု ထုတ်လိုက်နိုင်သည်။

'သူဟာ အရူးတစ်ကောင်ဖြစ်တယ်။ ဒါကြောင့် သူ အဖမ်းခံလိုက်ရတာဖြစ်တယ်။ သူသာ အဖမ်းမခံရရင် ကျွန်တော့်လိုပဲ လွတ်နေနိုင်ရမှာပေါ့'

ထိုနေ့က ကျွန်တော် ကျောင်းမှ အိမ်သို့ပြန်သောအခါ လိပ်ပြာသေတ္တာလေးကို ယူလာခဲ့လိုက်ပြီး ဥယျာဉ်ထဲတွင် မီးစ,ရှို့ပစ်လိုက်သည်။ အတောင်တွေကနေစပြီး မီးစွဲလောင်ပြီး စက္ကူလို လောင်ကျသွားသည်။ ငွေမှုန့်အစလေးတွေက ပွတ်တိုက်ပြီး ကျွတ်ကျသွားသည်။ ခဏလေးမှာပဲ လေပြည်ထဲ လွင့်ပြီး တစ်စစီပြန့်ကျဲသွားသည်။

ထိုညက အိပ်ရာထဲတွင် ကျွန်တော့်ညာမေးရိုးပေါ်က သွားတစ်ချောင်းသည် စူးရှရှနာကျင်လာတာကို ခံစားလိုက်ရသည်။ ဖတ်ဖတ်မောနွမ်းရိနေသော ယာမာဂုချိပုံက ကျွန်တော့်အိပ်မက်ထဲတွင် ထပ်ကာထပ်ကာ ပြန်ပေါ်လာနေလေသည်။

နောက်တစ်နေ့တွင် ရောင်နေသောပါးကို ဆေးထည့်ပြီး ကျွန်တော် ကျောင်းကို လာခဲ့သည်။ ဂိတ်ရှေ့တွင် တစ်ခုခု ပြောပြီး ရယ်နေကြသော သူငယ်ချင်းတွေက ရပ်နေသော သူ့ကို ဝိုင်းထားသည်ကို ကျွန်တော် မြင်လိုက်ရသည်။ ချက်ချင်းပဲ ကျွန်တော့်ခြေကို ပိုပြီး နှေးနှေးလေးလျှောက်လိုက်သည်။

'ငတိလေး ဘာဆွဲဖို့ စတန့်ထွင်ဦးမလို့လဲ'

ကျွန်တော် ဖြတ်သွားပြီးသောအခါ ကျွန်တော့်နောက်တွင် သူတို့၏အသံကို ကြားနေရတုန်းဖြစ်သည်။ အနည်းဆုံး တစ်ရက်လောက်တော့ ယာမာဂုချိသည် စီအတန်းကြောင့် နည်းနည်း ဟီးရိုးတစ်ယောက်လို အပြုမူခံလိုက်ရသည် ထင်၏။ ပြီးတော့ ဇာတ်ဆောင်တစ်ယောက်လို ပျော်ပျော်ရွှင်ရွှင်ပဲ ကပြနေပြီး ကိုယ်လှုပ်ရှားမှုနှင့် လက်ဟန်ခြေဟန်ဖြင့် ဂုဏ်ယူစွာ ရှင်းပြနေလေ၏။

'အဘိုးကြီး အိုကိုဇဲ သူ အိုနှာကျိုးကန်းပဲ။ ဟော့ရောင် အဲဒါ တကယ် ရယ်စရာကောင်းတယ်ကွ'

'ဟေး ယာမာဂုချိ မင်း လိပ်ပြာတွေ ဘာလုပ်ပစ်လိုက်လဲ'

'လိပ်ပြာလား အာ ငါ မြောင်းထဲလွှင့်ပစ်လိုက်တယ်'

တော်တော်အံ့သြစရာကောင်းပြီး ချက်ချင်းပဲ ကျွန်တော် ဒီစကားတွေကို နားစွန်နားဖျားကြားလိုက်ရသည်။

ဒီနေ့မတိုင်ခင်ကတည်းက ခံစားနေရသောစိတ်က စိတ်ထိခိုက်ခံစားမှုဝေဒနာဖြစ်သော ကျွန်တော့် စိုးရိမ်မှု၊ ကျွန်တော့် အသက်ရှူမဝမှုတို့ စူးရှရှလျှင်မြန်မြန်ဖြင့် အားလုံးပျောက်ကွယ်သွားသည်။ ပိုပြီးတော့တောင် ထူးဆန်းတာက ကျွန်တော့်သွားကိုက်တာပင် ပျောက်သွားခဲ့လေသည်။ ဒီလိုမှန်းသိခဲ့ရင် ငွေရောင်လိပ်ပြာလေးတွေကို မီးရှို့မပစ်လိုက်ပါဘူးလို့ နောက်ဆုံးမှာ တွေးလိုက်မိလေသည်။ ထို့ကြောင့် တမြန်နေ့က တစ်နေ့လုံး အရင်ပဲ အတန်းထဲမှာ သက်သောင့်သက်သာဖြင့် ကျွန်တော် ထိုင်ပြီး မှတ်စုယူနေတုန်း ကျောင်းကို ကျွန်တော်၏ အားကစားလုပ်သည့် ပစ္စည်းများ အိမ်မှာ မေ့ကျန်ရစ်ခြင်း တစ်ခုကိုသာ စိုးရိမ်သွားမိခဲ့သည်။

အတွေ့အကြုံတွေကို မှတ်တမ်းတင်ဖို့ မင်းဘယ်လိုပဲ ရွေးချယ်ရွေးချယ် အကြောင်းမဟုတ်။ မင်း ဘယ်တော့မှ ခမ္မခိဌာန်ကျကျ အောင်မြင်နိုင်မှာ မဟုတ်ဘူး။ ခြားနားတဲ့ အရိပ်တွေထဲမှာ မင်း အမြဲ ရောစပ်နေမှာပဲ။ ဒီ ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com

ကလေးဘဝနှင့် လူငယ်ဘဝ စောစောပိုင်းလို အတွေ့အကြုံတွေကို ရွေးချယ်ဖို့ နည်းလမ်းတွေထဲက တစ်ခုဖြင့်သာ သူတို့ကို တစ်ယောက်က တန်းစီပေးနိုင်ပေလိမ့်မည်။ ကျွန်တော် လုပ်ခဲ့တာတွေ အားလုံးသည် တကယ်တော့ ကျွန်တော့်စိတ်ထဲတွင် ကွက်ကွက်ကွင်းကွင်း အဖြစ်ဆုံးကို ထင်ရှားအောင် အဖြစ်အပျက် ၂ ခု၊ ၃ ခုကို ရွေးချယ်ပြလိုက်ခြင်းပဲ ဖြစ်သည်။

ကျွန်တော် ရေးခဲ့သော်လည်း အတော်နှစ်ရှည်လများ ကတည်းက အသိစိတ်သည် သွက်ချာပါဒလိုက်နေသော လူတစ်ယောက်လိုဖြစ်နေကြောင်း ကိုယ့်ကိုယ်ကို မတွေးမိခဲ့ချေ။ ကျွန်တော် အရင်ကပြောခဲ့သလို ကျွန်တော့်အတွက် အသိစိတ် ထိခိုက်ခံစားနေရသော ဝေဒနာတွေသည် ကလေးဘဝမှစပြီး အခြားသူတွေ မျက်လုံးထဲမှာ မနှစ်သက်ခံရမှာကို ကြောက်ရွံ့မှုနှင့် သွားတူညီနေသည်။ လူ့အဖွဲ့အစည်းက အပြစ်ဒဏ်ကို ဖော်ထုတ်ဖို့ ဖွင့်ချလာမှာကို ကြောက်ရွံ့ခြင်းဖြစ်သည်။ မှန်ပါသည်။ ကျွန်တော်က သူတော်စင်တစ်ယောက်လို့တော့ ကျွန်တော် မတွေးမိပါ။ သို့သော် ကျွန်တော့်မှာ ရှိသော သူငယ်ချင်းတိုင်းကလည်း ကျွန်တော့်လိုပဲ ကျွဲမြီးတိုမှာပဲဟု ခံစားရလေသည်။ ဖြစ်နိုင်ပါသည်။ ကံကောင်းချက်တစ်ခု ဒါမှမဟုတ် သူတို့၏ မယဉ်ကျေးသောဖြစ်ရပ် တစ်ခုထက်တော့ မပိုပါချေ။ သို့သော် အဲလိုဖြစ်ခဲ့သည့်အတွက် ထိုက်တန်သည့် ပြစ်ဒဏ်ပေးဖို့ ကျွန်တော် အမြဲ ဘာမှ မလုပ်ခဲ့ဘူးလို့ ထင်ရလေသည်။ ထိုက်တန်သည့်ပြစ်ဒဏ်ဆိုသည်မှာ လူ့အဖွဲ့အစည်း၏ ပြင်းထန်စွာဝေဖန်မှုက ကျွန်တော့်အပေါ် ကျရောက်ဖို့ ကျွန်တော့် လုပ်ရပ်က ဘယ်တော့မှ မဖြစ်ပေါ်လာခဲ့ချေ။

ဥပမာအားဖြင့် ကြာကူလီရိုက်မှုတွင် အမည်းစက်တစ်ခုရှိနေခဲ့သည်။ အိုဆာကာရှိ နာနီဝါအထက်တန်းကျောင်းတွင် ကျွန်တော်က သိပ္ပံဘာသာကို သင်ကြားနေခဲ့စဉ် ဒီမကောင်းမှုကို ကျူးလွန်ခဲ့သည်။ သို့သော် ဒါနဲ့တောင် အတွေ့အကြုံက အမာရွတ်များ မကျန်ရစ်ခဲ့ရုံမက အဲဒါအတွက် ကြိမ်းမောင်းမာန်မဲခံရခြင်းလည်း ဖြစ်ပေါ်မလာခဲ့ဘဲ ထိုအစား ကျွန်တော့်ဘဝသည် ဆက်ပြီး အရင်ကထက်တောင် အေးအေးဆေးဆေး ဖြစ်နေသေးလေသည်။ နောင်ဖြစ်လာမည့် ဆရာဝန်တစ်ယောက်လို နေ့တိုင်း စမ်းသပ်ခန်းသို့ သွားပြီး လူနာတွေကို စမ်းသပ်နေခဲ့သည်။

သူတို့အပေါ် သနားတာရော၊ ကြင်နာတာရော ကျွန်တော့်မှာ မခံစားရသော်လည်း မိမိကိုယ်ကို ကြီးမားသော အားရကျေနပ်မှုကိုတော့ ရနေခဲ့လေသည်။ သူတို့၏ ယုံကြည်မှုနှင့် သူတို့က ဒေါက်တာဟု ခေါ်တာကိုတော့ ကျွန်တော် လက်ခံနိုင်ပါသည်။

ပြီးတော့ နောက်လည်းပဲ ကြာခိုတာကို ကျွန်တော် ကျူးလွန်ခဲ့ချိန်က နှလုံးသားမရှိသော၊ သစ္စာမရှိသောလူလို မလုပ်ခဲ့ချေ။ နောင်တရတာနည်းနည်း၊ စိတ်ပူပန်တာနည်းနည်း၊ ကိုယ့်ကိုယ်ကို အထင်သေးတာနည်းနည်းရှိသော်လည်း မကြာခင်မှာပဲ ကျွန်တော့်၏ လျှို့ဝှက်ချက်ကို ဘယ်သူကမှ စေ့စေ့စပ်စပ် မေးမြန်းစုံစမ်းတာ မလုပ်တာ ကျွန်တော့်အဖို့ သေချာသွားခဲ့သည်။ ဒါတွေအားလုံးကလည်း မကြာခင်မှာ အဝေးသို့ လွင့်သွားခဲ့လေသည်။ ကျွန်တော့်သိစိတ် ခံစားထိခိုက်ရသည့် ဝေဒနာက ဘယ်လောက်ပဲ အဲဒါတွေကို စိတ်ထဲ ကောင်းကောင်း မွေးထားမွေးထား ကိစ္စမရှိ။ အလွန်ဆုံးအများဆုံး ဘယ်တော့မှ တစ်လထက်တော့ မပိုပါချေ။

ကျွန်တော် ကြာကူလီရိုက် ကျူးလွန်ခဲ့သော အမျိုးသမီးသည် ကျွန်တော့်ဝမ်းကွဲအစ်မ ဖြစ်သည်။

သူက ကျွန်တော့်ထက် ၅ နှစ်ပိုကြီးသည်။ ထိုစဉ်က သူသည် မိန်းကလေး အကယ်ဒမီကိုတက်နေပြီး ကျွန်တော်တို့ အိမ်တွင် သူ ခဏနေခဲ့သည်။ ကျွန်တော့်မိသားစုနှင့် အတူနေခဲ့ရသည်ကို သူ ကောင်းကောင်းသတိရနေနိုင်ပါသည်။

သို့သော် အသေးစိတ်ကိုမူ ကျွန်တော် အတော် ခက်ခက်ခဲခဲ ပြန်တွေးယူရသည်။ သူ့အကြောင်း ကျွန်တော့်စိတ်ထဲ ဝင်လာသည့်အကြောင်းက သူ့နောက်ကျောမှာ ဖွတ်မြီးကြိုး စည်းထားသော ကျစ်ဆံမြီးနှစ်ချောင်းက တွဲလဲကျနေတာ၊ သူရယ်လိုက်သည့်အခါ အလွန်ဖြူဖွေးဖွေးသွားလေးတွေ ပေါ်လာတာ၊ သူ့ညာဘက်ပါးပေါ်မှာ ပါးချိုင့်လေးရှိနေတာတွေပဲ ဖြစ်လေသည်။ သူ ဘွဲ့ပြီး မကြာခင်မှာပဲ လက်ထပ်သွားပြီး နှစ်အတော်ကြာအောင် ကျွန်တော်နှင့် မတွေ့ကြတော့ချေ။ သူ့ယောက်ျားက အိုဆာကာရှိ ကိုယ်ပိုင်တက္ကသိုလ်တစ်ခုမှ ဘွဲ့ရခဲ့ပြီး ဘိဝရေကန်ရှိ အိုဇုတွင် လက်ကားရောင်းသူ အလုပ်လုပ်နေသည်။

သို့သော် နာနိဝါအထက်တန်းကျောင်းတွင် ကျွန်တော် သိပ္ပံဘာသာရပ်ကို သင်ကြားနေစဉ် တစ်ခုသောနွေဦး အိုဇုရှိ သူ့ထံ သွားလည်ဖို့ ရုတ်တရက် ဖြစ်လာခဲ့သည်။ ထို့ကြောင့် ကျွန်တော်သွားခဲ့ပြီး သိသိသာသာကို မှန်းချက်နှင့် နှမ်းထွက် မကိုက်ခဲ့ချေ။ သူ့ပုံက ပိန်ချုံးပြီး ဘဝပျက်နေသူတစ်ယောက်လို ဖြစ်နေသည်။ သူလက်ထပ်ပြီးတာ နှစ်နှစ်လောက်ရှိပြီး သို့သော် သူ့၏ ပင်ပန်းနွမ်းရိနေသော ခံစားမှုက လုံးလုံးကို စိုးရိမ်သောကကြောင့် နွမ်းလျနေပြီး ဘဝက ဖိနှိပ်ချုပ်ချယ်ခံနေရသူလို ထင်ရသည်။ အခန်းလေး သုံးခန်းပါသော အိမ်ဖြစ်ပြီး ရေကန်နှင့် သိပ်နီးနေသောကြောင့် ထင်သည်။ စိုထိုင်းမှု ပြည့်နှက်နေပြီး အိမ်သာတွေမှ နံဟောင်နေတာတွေက ပိုတော ဆိုးဝါးနေသလို ဖြစ်နေသည်။ သူ့ယောက်ျားက မျက်လုံး ဟောက်ပက်၊ စိတ်လက်မပါ စိတ်ဓာတ်ကျနေသော ကော် ဖြူ အလုပ်သမားတစ်ယောက် ဖြစ်သည်။

အဲဒီမှာ ဘာမှလုပ်စရာမရှိသဖြင့် နေ့လယ်ခင်းကျ ကျွန်တော် ရေသွားကူးသည်။ ညနေပိုင်းကျတော့ အကောင်း ဆုံးလုပ်သည့်အနေဖြင့် အမွှေးတိုင်ထွန်းပြီး ခြင်တွေပြေး လုပ်ပေးရသည်။ မဂ္ဂဇင်းအဟောင်းဖြစ်ဖြစ်၊ တစ်လွှ သယ်လာခဲ့သည့် ပြဋ္ဌာန်းစာအုပ်တွေဖြစ်ဖြစ် လှန်



www.burmeseclassic.com

www.burmeseclassic.com

သည်။ နံရံဟိုဘက်ခြမ်းတွင် ကျွန်တော့်အစ်မဝမ်းကွဲနှင့် သူ့ယောကျ်ားတို့ တိုးတိုး တိုးတိုးဖြင့် ရန်ဖြစ်နေသံကိုကြားနေရသည်။ ကျွန်တော့်အစ်မဝမ်းကွဲက သူ့ ကြံရည်ဖန်ရည်မရှိသောယောကျ်ားကို ရက်ရက်စက်စက် ဒေါသဖြင့် ဝေဖန်ပြောဆိုနေခဲ့သည်။

'ဘာလို့ ရှင်က သတ္တိရှိတဲ့စိတ်လေး နည်းနည်းမှမပြနိုင်ရတာလဲ။ အဲဒီနေရာက ရှင်ထွက်လိုက်ပြီး တစ်နေရာရာမှာ အလုပ်တစ်ခု ရှာလို့မရနိုင်ဘူးလား'

အစ်မ၏အသံကို တတ်နိုင်သမျှ ထိန်းချုပ်ဖို့ သူ့ယောကျ်ားက တိတ်တိတ်လေးပြောနေသံကို ကျွန်တော်ကြားနေရသည်။

'ငါတို့ အသံတွေ သူကြားသွားလိမ့်မယ်'

ပြီးတော့ သူတို့၏ ချောင်းဆိုးသံတွေ လက်ဖက်ရည်သောက်သံတွေ ဖြိုးဖြိုးဖြောက်ဖြောက် ရောယှက်နေတာကိုလည်း ကျွန်တော် ကြားနေရသည်။

'ငါစိတ်ကုန်တယ်၊ ငါ တကယ်စိတ်ကုန်တယ်'

နောက်တစ်နေ့ မနက် သူ့ယောကျ်ား အလုပ်သွားပြီးသောအခါ ကျွန်တော့်အစ်မဝမ်းကွဲက ဖျာပေါ်တွင် ဗုန်းခနဲ တင်ပျဉ်ခွေထိုင်ချလိုက်သည်။ သက်ပြင်း ပြင်းပြင်းချလိုက်သည်။ ပြီးတော့ သူ့ဖွာလန်ကြဲနေသော ဆံပင်ကို ပြန်ပြီး ဖုတ်ဖက်ခါချနေသည်။

'ဘဝတစ်ခုဆိုတာ ဘာလဲ၊ ကျောင်းကထွက်တာနဲ့ မိန်းကလေးတစ်ယောက်ကို ပေးလက်ထပ်မခိုင်းသင့်ဘူး'

'ဒါပေမဲ့ သူ တကယ်တော့ သိပ်ဆိုးတဲ့ ဝေါတော့ မဟုတ်ပါဘူး။ သူ ဟုတ်လို့လား'

ကျွန်တော် လုပ်နိုင်တာထက် ရိုးသားပွင့်လင်းတာ ခပ်နည်းနည်းဖြင့် ပြန်ပြောလိုက်သည်။

တမြန်နေ့ကတည်းက အစောဆုံး အခွင့်ရေးရသည်နှင့် ထွက်ခဲ့ဖို့ ဆုံးဖြတ်ထားခဲ့သည်။ ထိုညက ကျွန်တော့်အစ်မဝမ်းကွဲ၏ ယောကျ်ားသည် သူ့ရုံးတွင် ညဆိုင်း ဆင်းနေရသဖြင့် အိမ်ပြန်မလာချေ။ ကျွန်တော်တို့၏ ညိုးမှိုင်မှိုင် ညစာစားပြီးသွားသောအခါ ကျွန်တော်တို့နှစ်ယောက် နောက်ထပ်လုပ်စရာအလုပ်မရှိတော့ချေ။ ထို့ကြောင့် ည ၁၀ နာရီထိုးသည်ထိ အစ်မဝမ်းကွဲ၏ မကျေနပ်ချက်အရှည်ကြီးတစ်ခု ပြန်ပြောနေတာကို ကျွန်တော် နားထောင်နေရသည်။ နောက်တော့ ညသန်းခေါင်ရောက်လာသောအခါ သူငိုနေသံကို ကျွန်တော်ကြားလိုက်ရသည်။ ရေကန်ဘက်မှ လှိုင်းပုတ်သံနှင့်အတူ ညက ပုံ့တင်သံတွေ ထပ်နေသည်။ ပြီးတော့ စိုစွတ်နေမှုက ထူးထူးကဲကဲကို ဖိစီးနှိပ်စက်နေတော့သည်။

'ဆုရှိ ဒီကို ကျေးဇူးပြုပြီး လာနိုင်မလား'

ကျွန်တော့်အစ်မဝမ်းကွဲ၏ တော်တော်လေးအက်နေသောအသံကို ကျွန်တော် ကြားလိုက်ရသည်။

'ငါ ခေါင်း အတော်ကိုက်နေတယ်'

ကျွန်တော် ဘယ်တုန်းကမှ ဒီလိုစိတ်ကူးမျိုး မရှိခဲ့ပါချေ။ ကျွန်တော့်၏ သိပ်ကိုကြာရှည်ခဲ့သော စပ်စုမှုနှင့် ဆန္ဒကလက်စသတ်တော့ ဒီလိုကိုးဟု ဘာအတွေ့အကြုံမှ မရှိဘဲ တည့်တည့်ကြီး မသာမယာဖြင့် တွေ့လိုက်ရလေသည်။

'ဘယ်သူ့ကိုမှ မပြောနဲ့နော်၊ နင်ကတိမတည်နိုင်ရင် ထွက်သွားတော့'

ထို့ကြောင့် ချစ်ဇာဟုန်ပြင်းပြမှုမရှိဘဲ၊ ပီတိအဟုန်မရှိဘဲ ကျွန်တော့်လူပျိုရည်လေး အဆုံးသတ်သွားခဲ့ရလေတော့သည်။ နောက်တစ်နေ့ မနက်တွင် သူ့ယောကျ်ားက မောပန်းနွမ်းနယ်သော မျက်နှာဖြင့် အိမ်ပြန်လာသည်။

'ဆုရှိ မင်းဘတ်စ်ကား ဒီကို မကြာခင် လာတော့မယ်'

ကျွန်တော့်အစ်မဝမ်းကွဲက ကျွန်တော့် လမ်းမှာ ကျွန်တော့်ကို သုတ်သုတ်ပြောလိုက်သည်။ သူ့မျက်ခုံးနှစ်ခုကြားတွင် နာကျင်သည့် အရေးအကြောင်းလေး နည်းနည်းကို ကျွန်တော်တွေ့လိုက်ရသည်။

'ဂိုရိ၊ ဆုရှိရှိ အခု သွားတော့မယ်'

ထို့ကြောင့် ကျွန်တော် အိတ်ကိုသယ်ပြီး အိမ်မှ ထွက်ခဲ့သည်။ ရေကန်ရေသည် မည်းညစ်ပြီး ရော်ဘာဖိနပ်စုတ်နှင့် သစ်အတိုအစများ ရေမျက်နှာပေါ် ပေါ်လောမျောနေသည်။ ကမ်းစပ်တစ်လျှောက် ကျွန်တော် လျှောက်လာသောအခါ စိတ်လှုပ်ရှားတာရော၊ စိတ်ဓာတ်ကျတာရော ထူးထူးထွေထွေ မခံစားရ။ ဒီညမတိုင်ခင်က ဘာဖြစ်ခဲ့လဲဆိုတာကို အစ်မဝမ်းကွဲက ဘယ်တော့မှ ပြောမှာမဟုတ်ဘူးဆိုတာ ကျွန်တော် သိသည်။ အချိန်ကြာလာသည်နှင့်အမျှ သူသည် သူ့ယောကျ်ားအပေါ် အထင်သေးလာပြီး သူ အမှားလုပ်ထားသည်များကို ဘယ်တော့မှလည်း ဝန်ခံခြင်းမပြုတော့ချေ။ ကျွန်တော်ကတော့ အေးအေးဆေးဆေးပါပဲ။ လျှို့ဝှက်ချက်က ဘယ်တော့မှ ပေါ်ထွက်လာမှာမဟုတ်တာကို ကျွန်တော်က သိနေသောကြောင့် ဖြစ်သည်။

'အဲလိုမျိုး နည်းနည်းညစ်ပတ်တဲ့ နေရာတစ်ခု နေဖို့ရှိသေးလား၊ ပြီးခဲ့တဲ့ ညက တစ်ဝက်တစ်ပျက်လောက်တော့ နစ်နာသွားခဲ့ရတယ်' ကျွန်တော် ရေရွတ်လိုက်မိလေသည်။

ကျွန်တော့်အတွက်ကတော့ ဘာအမြတ်တစ်ခုမှ မရလိုက်ဟု ခံစားလိုက်ရသည်။ တခြားလူတစ်ယောက်အပေါ် သစ္စာဖောက်အဖြစ် သူ့တစ်ဘဝလုံးတွင် အသက်ရှင်နေခဲ့သည့်အတွက် ရှိနေသော မကောင်းသော ဝေါ်အကြောင်း အတွေးတစ်ခုက ကျွန်တော့်ကို ဒုက္ခမပေးပါချေ။ တကယ်တော့ အစ်မယောကျ်ား၏ မျက်တွင်းချိုင့်ဝင်နေသောမျက်နှာ ကျွန်တော့်စိတ်မှာ ပေါ်လာသောအခါ ကျွန်တော် ဘာမှ မခံစားရသော်လည်း သူ့ကို အထင်သေးမိလေသည်။

ထို့ကြောင့် ဒါဟာ ကျွန်တော့်၏ ကြာကူလီခန်း ဖြစ်ပါသည်။ အခုတော့ အစ်မဝမ်းကွဲမှာ ကလေးနှစ်ယောက်၏ မိခင်ဖြစ်နေပါပြီ။ ထိုညက ဖြစ်ရပ်အပေါ် သူ့သိစိတ်မှာ ပမ်း



www.burmeseclassic.com

www.burmeseclassic.com

နည်းခံစားနေရသလား၊ မရလားဆိုတာ ကျွန်တော် မတွေးတတ်ပါ။ ဖြစ်နိုင်ခြေအားလုံးက သူ ဘာမှဖြစ်မည်မထင်ပါ။ ဘယ်လိုပဲဖြစ်ဖြစ် ဒီနေ့တွေမှာတော့ သူ့ယောက်ျားကို ဒီအကြောင်း တစ်လုံးမျှ မပြောခဲ့။ ထို့ကြောင့် ယောက်ျားကလည်း ခုထိ ဘာတစ်ခုမျှ သိမည်မဟုတ်။ ပြီးတော့ ယောက်ျားက မသိခြင်းကိုဘဲ ကျေးဇူးတင်နေရပေဦးမည်။ ဒီနေ့ လူ့အဖွဲ့အစည်းထဲတွင် သူ့နေရာလေးမှာ မယားနှင့် အမေတစ်ယောက်ဟု သူ ဆက်ပြောနေသလို ကျွန်တော်ကလည်း ရိုးသားသော အလုပ်သင်ဆရာဝန်လေးလို ကျွန်တော့်စိတ်ထဲ ဆက်ထားနေမိလေ၏။

သို့သော် အဲဒါ ကြာကူလီရိုက်သည့်အကြောင်းလည်း မဟုတ်သလို အပြစ်ကျူးလွန်သည့် ချို့တဲ့နေသော အာရုံတစ်ခု ရှိနေခြင်းအကြောင်းလည်း မဟုတ်ချေ။ ကျွန်တော့်၏ အကြင်နာကင်းမဲ့မှုက တခြားတစ်နေရာသို့ ဆန့်ထွက်ခြင်းသာ ဖြစ်သည်။ ဒီနေ့ ဒါတွေအားလုံးအကြောင်းလည်း ပြောပြဖို့ လိုအပ်လိမ့်မည်။ အဲဒါကို လုံးလုံးတဲ့တိုးပြောရလျှင် လူတစ်ယောက်ကြောက်မက်ဖွယ်ခံစားပြီး သေသွားသောမျက်နှာထဲတွင် လုံးလုံး အနှောင့်အယှက်ကင်းကင်းဖြင့် ကျွန်တော်က ဆက်လက်နေနိုင်ခဲ့သည်။ ကျွန်တော့်ဘဝက ဆေးကျောင်းသားတစ်ယောက်လို နှစ်အတော်များများ နေလာခဲ့ပြီး ကြီးမားသော အတိုင်းအတာတစ်ခု ခံစားရခြင်းအပေါ် တမ်းတမ်းစွဲကျနေခဲ့ခြင်း ဖြစ်သည်။ လူနာတွေ သူတို့ အိပ်ရာထဲတွင် သေတာကို ကျွန်တော် မြင်ဖူးခဲ့သည်။ ခွဲစိတ်ဆရာဝန် တစ်ယောက်၏ ဓားချက်အောက်တွင် သေဆုံးခဲ့သော လူနာတွေကိုလည်း ကျွန်တော် တွေ့ခဲ့ဖူးသည်။ အဲဒီလို သူတို့အပေါ် လုပ်တာ မကောင်းတဲ့အတွက် သူတို့မျက်နှာတွေက ကျွန်တော့် ဘက်ဆီ လှည့်လာနိုင်လေသည်။

'ဒေါက်တာ ကျေးဇူးပြုပြီး ကျွန်တော့်ကို ထုံဆေးတစ်လုံး ထိုးပေးပါ'

တီဘီရောဂါအတွက် ခွဲစိတ်ထားသော လူနာတွေက မရပ်မနား ညည်းညူနေသောအခါ သူ့မိသားစုက ကြာရှည်သည်းမခံနိုင်တော့ဘဲ မျက်ရည်လည်ရွဲဖြင့် ကျွန်တော့်အား အသနားခံကြသည်။ ကျွန်တော်က ခေါင်းကိုသာ ယမ်းပြနိုင်လေသည်။

'မဖြစ်ဘူး၊ နောက်ထပ် ထုံဆေးထိုးရင် ဆိုးဆိုးရွားရွား အန္တရာယ်ရှိတယ်'

ကျွန်တော် အဲလိုပြောနိုင်သော်လည်း ဘယ်လောက်တောင် အခံရခက်လိုက်မလဲ၊ ပြီးတော့ ဒီလူနာတွေနှင့် သူတို့မိသားစုတွေက ဘယ်တွေးတောစဉ်းစားနိုင်ပါ့မလဲ။

လူနာတစ်ယောက် သေသွားနိုင်သည်။ မိဘများနှင့် ညီအစ်မတွေက ဆွဲဆွဲငင်ငင် ငိုကြွေးကြသည်။ ပြီးတော့ ကျွန်တော်က ဝမ်းနည်းသနားကြင်နာသော ခံစားမှုဖြင့် ဖော်ပြရသည်။ သို့သော် တစ်ခါတော့ စကြံအပြင်ဘက် မြင်ကွင်းက ကျွန်တော့်စိတ်ကို သတိလစ်သွားစေခဲ့သည်။ ဆေးရုံထဲတွင် ရှိနေသည်ဆိုသော်လည်း အလုပ်သင်ဆရာဝန်တစ်ယောက်အနေဖြင့် သာမန် နေ့စဉ်ဘဝက တစ်စတစ်စ အားလျော့ဆုတ်ယုတ်လာသည်။ ကြင်နာသနားတာ တစ်ခုခုကို ဒီလူတွေအတွက် ကျွန်တော့်ခံစားမှုက အဓိကအချက်ရောက်ဖို့အတွက် အားပျော့သွားစေပြီး ပျောက်ဆုံးကုန်ရလေသည်။

မိဆုဆနိုအတွက် တာဝန်ယူသော အသိစိတ်တစ်ခု ချက်ချင်းဖြစ်ဖို့ ကျွန်တော့်မှာ လိုအပ်နေသည်။ အဲဒါအကြောင်း အရင်းလား။ မိဆုသည် ဖုကုအိုကအပိုင်း ရကုအင်းတွင် ကျွန်တော် နေထိုင်စဉ်က ကျွန်တော့်အခန်းကို ရှင်းလင်းပေးနေသော အလုပ်သမတစ်ဦး ဖြစ်သည်။ သူသည် နောက်ဘက်ကျူရှူးထဲက ဆဂါစီရင်စုနယ်မှ ကောင်မလေးတစ်ယောက် ဖြစ်သည်။ ကျွန်တော် တတိယနှစ် ဆေးကျောင်းတက်နေချိန်၌ ကျွန်တော်တို့နှစ်ယောက်အတွက် အခန်းသေးသေးလေးတစ်ခု ငှားခဲ့သည်။ သူ သိပ်ငယ်စဉ်တုန်းက သူ့မိဘတွေ သေဆုံးခဲ့ကြသည်။ သူ့မိသားစုတွင် ညီမတစ်ယောက်နှင့် အစ်ကိုတစ်ယောက်သာ ရှိခဲ့သည်။ တစ်နေ့ မိဆုသည် ရေချိုးခန်းထဲတွင် အန်နေကြောင်း ကျွန်တော် ကြားလိုက်ရ၍ တုန်လှုပ်ချောက်ချားသွားခဲ့ရသည်။ လက်ခနဲ ကျွန်တော့်စိတ်ထဲ ရောက်လာတာက စိုးရိမ်သည့်စိတ်မဟုတ်။ ဘဝအတွက် ဒီကောင်မလေးကို ကျွန်တော်က သတ်မှတ်ထားရာ သို့သော် အဲဒါထက်ပိုပြီး သူက ကလေးတစ်ယောက်မွေးပြီး ဒုက္ခပေးဖို့ လုပ်နေသည်။

ထိုညက ဘာလုပ်လိုက်သည်ကို ကျွန်တော် ထင်ထင်ရှားရှား သတိရနေမိသေးသည် အဲဒီမှာ အနည်းဆုံး ချွတ်ချော်သွားခဲ့လျှင် ကောင်မလေးတစ်ယောက်အား သတ်လိုက်တာမျိုး သိပ်ကို ဖြစ်ကောင်းဖြစ်နိုင်လေသည်။ သိပ်ကို အန္တရာယ်ရှိသောနည်း ဖြစ်သည်။ တခြား ဒါမှမဟုတ် တစ်ခုခုယိုးမယ်ဖွဲ့ပြီး သားဖွားဘာသာရပ်တက်နေသော သူငယ်ချင်းတစ်ယောက်ထံမှ လိုအပ်သော ကိရိယာတန်ဆာပလာများကို ခဏငှားပြီး ကျွန်တော့်လက်ဖြင့် သန္ဓေသားကို ဖျက်ထုတ်လိုက်သည်။ ကြည့်ပါဦး၊ ကျွန်တော် ဘာတွေလုပ်နေသလဲဆိုရင်လေ ခေါင်းထဲဖျတ်ခနဲ ပေါ်လာသော တစ်ချက်ကလွဲပြီး ဘာတစ်ခုပေါ်မှ မှုမတည်ဘဲ လုပ်ချလိုက်ခြင်း ဖြစ်သည်။ ပြီးတော့ ကျွန်တော့်ကိုယ်ပေါ်မှာ ချွေးတွေလောင်းလိုက်သလို ရွှဲရွှဲစိုသွားပြီး ခပ်သေးသေး သွေးနစ်နေသော အသားတုံးသေးသေးတစ်ခုကို ကျွန်တော် ဆွဲထုတ်လိုက်သည်။ ကျွန်တော့်စိတ်ထဲ အဓိကကြံရွယ်ထားသည်မှာ ဒီစိတ်ပျက်စရာကောင်းသော အတွက်မှားတာမျိုးအကြောင်းကို ဘယ်သူ့ကိုမှ ပေးမသိစေဖို့ဘဲ ဖြစ်သည်။ အဲလိုကောင်မလေးတစ်ယောက်အတွက်နှင့် ကျွန်တော့်ဘဝတစ်ခုလုံး အပျက်အစီးမခံနိုင်ချေ။ မိဆု ခံစားနေရသောမြင်ကွင်းက နံရံကို မှီထား၊ သူ့မျက်နှာပေါ်မှာ သွေးစီးကြောင်းတွေဖြင့် အံကြိတ်ပြီး နာတာကို သည်းခံရင်း ကျွန်တော့်အား ခက်ခက်ခဲခဲကို ထိနေရလေသည်။ ကိုးနိုးကား



www.burmeseclassic.com

www.burmeseclassic.com

ရားနှင့် မသန့်မရှင်းလုပ်ဆောင်နေမှုများသည် အလွယ်တကူပဲ ပဲရီတိုနိုက်တစ်(စ) ဝမ်းတွင်းအမြှေးရောင်ခြင်းကို ဖြစ်စေနိုင်ကြောင်း ကျွန်တော် တွေးမိလိုက်သည်။

တစ်လလောက်ကြာသောအခါ ကောင်မလေးကို သူ့အိမ်သို့ ပြန်ပို့ပေးလိုက်သည်။ ကျွန်တော့်အတွက် ငှားထားသော ရကုအင်းအိမ်မှ အစားအသောက်ပါရသော ဘော်ဒါဆောင်သို့ ကျွန်တော် ပြောင်းလိုက်သည်။ သိပ်ကြာကြာ မလိုအပ်သော ခိုင်းဖို့ မိန်းမတစ်ယောက်ကို ယိုးမယ်ဖွဲ့ပြီး ကျွန်တော် အသုံးချခဲ့လေသည်။ အကြောင်းအရင်းမှန်ကတော့ ကောင်မလေးကို နောက်တစ်ခါ ထပ်ကြည့်ဖို့ ကျွန်တော် ဆက်သည်းမခံနိုင်တော့သောကြောင့်သာ ဖြစ်လေသည်။ တတိယတန်းတွဲက ပလက်ဖောင်းမှ ထွက်သွားသောအခါ မိဆုသည် မှန်ကို သူ့မျက်နှာသေးသေးလေးဖြင့် ဆက်ဖိကပ်နေရှာလေ၏။ ထိုနေ့က စိုစွတ်ပြီး မြူတွေပိတ်ဆိုင်းနေသည်။ မြူထဲမှာ ရထား ပျောက်ကွယ်သွားတော့မှ ခုမှ ငါ သက်ပြင်းချနိုင်တော့တယ်ဟု ကျွန်တော် ပြောလိုက်မိလေသည်။ နောက် ပြတင်းပေါက်မှန်ပေါ် မျက်နှာဖိပြီး ထိုင်လိုက်သွားသော မိဆု ခံစားမှုပေါ်မှ ကျွန်တော့်အလေးအနက် စဉ်းစားမှုနည်းနည်း ရှိလေသည်။

'ငါ ဆိုးဆိုးဝါးဝါးတစ်ခု လုပ်ခဲ့တာပဲ'ဆိုသော အတွေးက ကျွန်တော့်မှာ ဝင်လာသည်။ သို့ဖြစ်ငြားသော်လည်း နောင်တက အထူးကြီးမားလှသည်။ ဒါတွေနောက်ပိုင်းမှာတော့ နောက်လာမည့်ရေးမည့်ဟာတွေက ကောင်းသွားနိုင်ပါလိမ့်မည်။ ဒီအမိကအချက်တွေအတွက် အရင်က ကျွန်တော် သောကရောက်နေခဲ့ရသည်မှာ သူ့အသိစိတ်ကြောင့် တစ်ယောက်က လုပ်ဖို့ အမောင်းခံရသလိုလုပ်ခဲ့သည့် ဒီအတွေ့အကြုံများအကြောင်း ကျွန်တော် မရေးခဲ့ခြင်းဖြစ်သည်။ ပါဝင်သည့်အကြောင်းတွေက လိပ်ပြာခိုးတာနှင့် ယာမာဂုချိ အကြိမ်းအမောင်းခံနေရတာကို ကြည့်နေတာ၊ ကျွန်တော့်အစ်မဝမ်းကွဲကို ကြာကူလီရိုက်တာ၊ မိဆုကိစ္စ…။ အမှတ်ရစရာတွေအားလုံးက ကျွန်တော့်အတွက် မနှစ်မြို့ဖွယ်တွေပါပဲ။ သို့သော် မနှစ်မြို့ဖွယ်နှင့် ခံစားနေရတာလို သူတို့အပေါ် ကြည့်လျှင် သူတို့နှစ်ခုသည် ခြားနားနေသော အကြောင်းများဖြစ်နေသည်။

နောက် ဘာလို့ရေးရတာကို စိတ်အနှောင့်အယှက်ဖြစ်ရတာလဲ။ ဘာလို့ဆို ကျွန်တော့်မှာ ထူးထူးဆန်းဆန်းကို နေမထိထိုင်မသာ အနေရခက်၊ မျက်နှာပူလို့ပဲ ဖြစ်သည်။ တခြားလူတွေ၏ မျက်လုံးတွေနှင့် လူ့အဖွဲ့အစည်းက အပြစ်ပေးမှာကိုသာ ကျွန်တော်က ကြောက်နေမိခြင်းဖြစ်သည်။ ဒါတွေကနေ လုံခြုံနေခဲ့လျှင် ကျွန်တော့်အကြောက်တွေ ပျောက်သွားသည်။ အခုတော့ ကျွန်တော် စိတ်ဝေဒနာရနေသည်။

စိတ်ဝေဒနာဟု ပြောခြင်းသည် ချဲ့ကားတာဖြစ်နိုင်ပါသည်။ ခံစားရတာ ထူးဆန်းနေတယ်ဆိုတာကမှ အမှန်နားပိုနီးစပ်လာနိုင်စရာရှိပါသည်။ မင်းကို ကျွန်တော် တစ်ခု မေးစရာရှိပါသည်။ တခြားလူတွေသေလို့ ခံစားရတာမျိုးကြောင့် မလှုပ်နိုင်အောင် မင်းစိတ်ထဲမှာလည်း မခံစားရဘူးလား။ ကျွန်တော်တို့ ညီအစ်ကိုတွေ ကျွဲမြီးတိုတာမျိုး မဖြစ်နိုင်ဘူးလား။ အခု လွန်ကဲတဲ့ ကိုယ့်ကိုယ်ကို တန်ပြန်စွပ်စွဲပြီး အရှက်ရတာမျိုး မရှိဘဲ မင်းလည်း မင်းဘဝ မြှင့်တင်အသက်ရှင်ဖို့ မင်းမှာ မရှိခဲ့ဘူးလား။ ပြီးတော့ တစ်နေ့ကျရင် မင်းကိုလည်း ဝင်မမွေနိုင်ဘူးလား။ ဒီအတွေးကြောင့် မင်းကို နည်းနည်းလေး ထူးခြားမသွားနိုင်ဘူးလား။

❑

ဒီနှစ် ဆောင်းဝင်ခါစ တစ်ရက်တွင် ဒါ ကျွန်တော့်မှာ ဖြစ်လာခဲ့ခြင်းပင်။ ဆေးရုံအမိုးပေါ်တွင် ဖုကုအိုက ကိုချမည့် ဘီ ၂၉ ဗုံးတွေကို ကျွန်တော် အကြောင်းမဲ့သက်သက် စောင့်ကြည့်နေမိလေသည်။ ဆုဂုရိုနှင့် ကျွန်တော်တို့က ကြီးကြပ်သူများဖြစ်ပြီး ကျွန်တော်တို့ တာဝန်က လေကြောင်းလာတိုက်ခိုက်သည့် အချိန်အတောအတွင်း အမိုးပေါ်သွားပြီး စောင့်ကြည့်ဖို့ ဖြစ်သည်။ ထိုနေ့က တိုက်ခိုက်မှုတစ်ခုသည် အတော်ပြင်းထန်သည်။ ဖုကုအိုကအပိုင်းတိုင်းတွင် မီးခိုးတွေက လောင်းချနေသလို တစ်မြို့လုံး ဖုံးအုပ်နေပြီး တစ်နေရာမှာတော့ မီးပွားတွေ ပန်းထွက်နေတာကို မှိန်မှိန်လေးမြင်နေရလေသည်။ ပင်လယ်ဘက်ကို ပြန်လှည့်မသွားခင် နာရီဝက်လောက်ကြာအောင် မြို့ကောင်းကင်ပေါ်မှာ ဘီ ၂၉ အုပ်စုတစ်စုသည် လှည့်ပတ်မောင်းနေကြလေသည်။ အနောက်ဘက်တွင် ဒုတိယအုပ်စု ပေါ်လာပြန်ရာ ဘိန်းစေ့များစွာ ပြန့်ကျဲနေသလို တူလှလေသည်။ ပြီးတော့ သူတို့သွားကြသောအခါ နောက်ထပ် တတိယအုပ်စု လာပြန်လေသည်။ မြို့တော်ခန်းမ၊ စီရင်စုအစိုးရရုံးချုပ်များ၊ သတင်းစာတိုက်များ၊ ကုန်ပဒေသာစတိုးတွေအားလုံး တစ်ခုပြီးတစ်ခု မီးခိုးများ၊ မီးလျှံများဖြင့် ထုပ်ထားသလိုဖြစ်နေသည်။ ထိုအဖြစ်တွေက ကျွန်တော်တို့ဆီ ရောက်မလာ၊ မထိတွေ့ရဘဲ သိပ်ကို နီးကပ်နေသလို ခံစားနေရသည်။

နေဝင်သွားသောအခါ ရန်သူလေယာဉ်များ ပျောက်ကွယ်သွားတော့သည်။ ကြောက်ရွံ့ပြီး တိတ်ဆိတ်ငြိမ်သက်နေတာတွေ လျော့ကျသွားသလို ထင်ရ၏။ ကောင်းကင်က ညစ်ပေပြီး အရောင်က မှောင်မည်းနေသည်။ မင်းနားတွေကို အားစိုက်နားထောင်လိုက်လျှင် မီးညွန့်တွေ တဖျစ်ဖျစ် တဖြောက်ဖြောက်မြည်သံတွေနှင့်အတူ တခြားအသံတွေဖြစ်သော ဒုတ်ခနဲလိုဏ်သံတွေ ပွဲတင်ထပ်နေတာကို ကြားနိုင်သည်။ ပထမ အဲဒီအသံတွေကို ကျွန်တော် မသိသော်လည်း တဖြည်းဖြည်း ကျွန်တော် စ,သတိထားမိလာသည်။ ထူးဆန်းသော အသံတွေက အဝေးမှ ညည်းညူနေသလို ထင်ရသည်။

'အဲဒါ ဘာတွေလဲ' ဆုဂုရိုအား ကျွန်တော် မေးလိုက်သည်။

'အဆောက်အဦတွေ ပြိုကျတဲ့အသံတွေ မဟုတ်ဘူးလား' နောက် ဆုဂုရိုက သေသေချာချာ နားထောင်နေသည်။

www.burmeseclassic.com

'မဟုတ်ဘူး၊ အဲဒီအသံ မဟုတ်ဘူး။ ဗုံးတွေကွဲတဲ့ နေရာကလာတဲ့ လေသံတွေ'

သို့သော် အဆောက်အဦတွေပြိုကျသောအသံဖြစ်ခဲ့လျှင် အသံတွေက တအားပိုပြီး ပြင်းထန်နေရမည်။ ဗုံးကြောင့် လေတွေ လည်ပတ်နေသောအသံဆိုရင်လည်း အဲလိုအသံမျိုး မဟုတ်ဘဲ လေကြောင်းရန်ပြီးသွားသည်အထိ အသံတွေဆက်ကာ အကြာကြီးကြားနေရခြင်းဖြစ်သည်။ ထိုအသံကြီးသည် ကြီးမားသောလူအုပ်ကြီးက ညည်းညူနေကြသော အသံတွေဖြစ်ကြောင်း သံသယရှိနေရန် မလိုချေ။ ဆရာဝန်တစ်ယောက်ကို ညည်းညူခေါ်နေသလိုလို တူနေသည်။

မကျေမချမ်း ဝမ်းပန်းတနည်း ခါးခါးသီးသီး ဆဲရေးနေတာတွေ အားလုံးပေါင်းစပ်ပြီး လူတစ်ယောက်က ညည်းညူနေသလို အသံမျိုး ဖြစ်သည်။ ပြီးတော့ ဘယ်လိုအကြောင်းရင်းကနေပဲ ဒီအသံတွေလာလာ အသံအတိမ်အနက်ကတော့ အတူတူပဲဖြစ်သည်။

ကျွန်တော် ဆုဂုရိအား တိုးတိုးလေးပြောလိုက်သည်။

'အဲဒါ လေကြောင်းတိုက်ခိုက်လို့ သေတော့မယ့်လူတွေဆီက အသံတွေ'

ဆုဂုရိက ဘာမှပြန်မပြောသော်လည်း ချက်ချင်းထရပ်လိုက်ပြီး သူ မျက်တောင်ခတ်လိုက်သည်။

နောက်ပြီးတော့ အဲဒါတွေကို ငြီးငွေ့သွားပြီး အသံတွေကို ကျွန်တော် မေ့သွားသည်။ သို့သော် ထိုည ကျွန်တော်အိပ်ရာထဲလှဲနေသောအခါ ရှည်လျားသော ညည်းညူလိုက်သံကြီးက ကျွန်တော့်နားထဲ ဝင်လာပြန်လေသည်။ ပထမတော့ ပင်လယ်က သိပ်မဝေးသဖြင့် ပင်လယ်လှိုင်းသံတွေဟု ထင်မိသော်လည်း ပင်လယ်၏ ပွက်ပွက်ညံသံတွေက အခြားဘက်မှ လာနေလေသည်။

ချက်ချင်းပဲ ရိုကိုကျောင်းမှာ နေခဲ့စဉ်တုန်းက အကြောင်းတွေ၊ သတိရစရာတွေက ကျွန်တော့်စိတ်ထဲ တစ်ဟုန်ထိုး ဝင်လာတော့သည်။ အလယ်တန်းကျောင်းက သဘာဝသမိုင်း အခန်းထဲသို့ ကျနေစူးစူးထိုးကျလက်နေပုံ၊ ကစားကွင်းထဲတွင် ဖတ်ဖတ်မောနွမ်းရှိနေသော ယာမာဂုချိ ရပ်နေပုံ၊ ဘိဝကမ်းခြေတစ်လျှောက်မှာ မနက်ခင်း လမ်းလျှောက်နေပုံ၊ ပူအိုက်စိုစွတ်နေသော ညတွင် ကျွန်တော့်အစ်မ ဝမ်းကွဲကို ကျွန်တော့်လက်မောင်းထဲ ဖက်ထားပုံ၊ တတိယတန်းတွဲ ပြတင်းပေါက်မှန်ပေါ်တွင် သူ့မျက်နှာကို ဖိကပ်ထားသော မိဆု၏ မျက်လုံးပုံတွေကို အမှတ်ရနေမိလေသည်။ ဘာကြောင့်လဲဆိုတာ ကျွန်တော် မသိ။ တစ်နေ့မှာ ကျွန်တော် အပြစ်ပေးခံ ရလိမ့်မယ်ဟု အဲဒီအချိန်လေးမှာ ကျွန်တော် တွေးလိုက်မိသည်။ လွန်ခဲ့သော အတိတ်တုန်းက ကျွန်တော့်ဘဝမှာ လုပ်ခဲ့တာတွေက ဝဋ်လည်ပြီး အပြစ်ဒဏ်ခံရလိမ့်မည်။ စူးစူးရှရှ မရမက တောင်းဆိုခြင်းခံရလိမ့်မည်ဟု ကျွန်တော် ခံစားလိုက်ရသည်။ နေ့တိုင်း လူတွေ မီးခိုးတွေနှင့် မီးလျှံတွေထဲမှာ သေကြဖို့ ဝါးမျိုခံနေရသောအချိန် ဖြစ်သည်။ သိပ်မများသည့် ခြစ်ရာတစ်ခုလိုသာ ကျွန်တော် ဘယ်တုန်းကမှ အမှားမလုပ်ခဲ့သောကြောင့် အပြစ်ပေးမခံရဘဲ ဆက်လက် အသက်ရှင်နေထိုင်ရခြင်းဖြစ်သည်။ ဒီလိုထင်တာကလည်း ကျွန်တော့်အဖို့ သိပ်တော့ မမှန်လှချေ။ သို့သော် ဒီအတွေးဖြစ်နေတာတောင် အခု ရှိမြဲရှိနေပြီး နိုးလာသည့်အခါ ဘယ်သူတစ်ယောက်ကမျှ ကြီးမားသော နာကျင်မှုတစ်ခုကို ယူဆောင်မည် မဟုတ်ချေ။ အဲဒါက မှန်ကန်ဖို့အတွက် တစ်ခုခုကို ယူလိုက်သလို ထင်ရှားသော အမှန်တရားလို ဆိုတာမျိုးထက် ပိုမည်ဟု ထင်ရသည်။ ပြီးတော့ ကျွန်တော့် စိတ်ထဲမှာ တစ်နှင့်တစ်ပေါင်းလျှင် နှစ်၊ နှစ်နှင့်နှစ်ပေါင်းလျှင် လေး ဖြစ်နေသည်။

ပြီးတော့ အဲဒီအကြောင်းတွေပါပဲ။ တခြားနေ့တွေတွင် ဒေါက်တာ ရှီဘာတာနှင့် ဒေါက်တာ အဆာအိတို့က ဆွေးနွေးမည့်ကိစ္စတစ်ခုကို ကျွန်တော်တို့အား အစဖော်ပေးကြသောအချိန်၌ ကျွန်တော် ထိုင်ရင်း မီးသွေးမီးဖို၏ မီးတောက်ပြာလဲ့လဲ့ထဲ ငေးကြည့်ပြီး တွေးနေခဲ့သည်။

'ဒါတွေကို လုပ်ပြီးသွားတဲ့အခါ တန်ပြန်စွပ်စွဲချက်နဲ့အတူ ကျွန်တော့်ကို ခံစားရအောင် ဒုက္ခတွေပေးမှာလား။ လူသတ်သမားတစ်ယောက်ဖြစ်လာမှာကို ကျွန်တော်က ကြောက်ရွံ့ရွံ့နဲ့ ဖိမ့်ဖိမ့်တုန်နေတာလား။ အသက်ရှင်လျက်ရှိနေတဲ့ လူတစ်ယောက်ကို သတ်ရမယ်။ ဒီကြောက်စရာအကောင်းဆုံးအလုပ်တွေကို လုပ်လိုက်ရင် ကျွန်တော့်ဘဝတစ်လျှောက်လုံး ခံစားနေရမှာလား'

ကျွန်တော် မော့ကြည့်လိုက်သည်။ ဒေါက်တာ ရှီဘာတာနှင့် ဒေါက်တာ အဆာအိတို့ နှစ်ယောက်လုံး၏ နှုတ်ခမ်းတွေပေါ်မှာ အပြုံးတွေရှိနေသည်။ ဒီလူနှစ်ယောက်ကလည်း နောက်ဆုံးမှာတော့ ကျွန်တော်နှင့် ဘာမှမကွာချေ။ ဆုံးဖြတ်ချက်ချသောနေ့ကို ရောက်လာတာတောင် ကမ္ဘာ့လူ့အဖွဲ့အစည်းက အပြစ်ပေးမှာ တစ်ခုကိုသာ သူတို့ ကြောက်ရွံ့နေကြသည်။

ဘယ်နေရာက လာမှန်းမသိအောင် ကျွန်တော့်မှာ နက်နက်နဲနဲ ဉာဏ်မမီနိုင်လောက်အောင် စိတ်ပင်ပန်းခံစားနေရသည်။ ဒေါက်တာ ရှီဘာတာက ကျွန်တော့်ကို ပေးထားသော စီးကရက်ကို ခြေထောက်အောက်မှာ ဖိပြီး မီးသတ်လိုက်သည်။

'မင်း ပါမှာလား'

သူ ကျွန်တော့်အား မေးလိုက်သည်။

'ဟုတ်ကဲ့' တိုးတိုးလေး တစ်ခွန်းပြောလိုက်တာထက် မပိုသော အသံဖြင့် ကျွန်တော် ဖြေလိုက်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

■

ပြီးဆေး-

www.burmeseclassic.com